# ရိုဟင်ဂျာသမိုင်းလိပ်မိကိုဝေဖန်ခြင်း

**<u>တခြားခေါင်းစဉ်များ</u>**

* လူ့အခွင့်အရေးအရေခြုံ ရိုဟင်ဂျာသမိုင်းလိမ်ဝေဖန်စာ

* "ရိုဟင်ဂျာ"အမည်ခံ စစ်တကောင်းနွယ် ဘင်္ဂါလီတို့၏ သမိုင်းလိမ်ဝေဖန်စာ

* "ရိုဟင်ဂျာ"အမည်ခံ စစ်တကောင်းနွယ် ဘင်္ဂါလီတို့၏ နယ်သစ်ချဲ့ထွင်ရေးသမိုင်းလိမ်ဝေဖန်စာ

# ရှိုဟင်ဂျာသမိုင်းလိမ်ကိုဝေဖန်ခြင်း

**အမှာစာ** ဂ
**နိဒါန်း** င
အမှာစာမှ ဇော်မင်းထွဋ်၏ကတိ
**အခန်း(၁)ဝေဖန်စာ** ၁
– ဇော်မင်းထွဋ်၏ရှေးဦးချဲ့ကားမှု ၂
– အရှေ့ဖျားရောက်ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာ ၄
– အာရပ်တို့ရောက်ရှိမှု ၆
– မြန်မာနိုင်ငံသို့ဗုဒ္ဓဘာသာရောက်ပုံ ၇
– အာရပ်သင်္ဘောပျက်ပုံပြင် ၁၀
– ရက္ခိုင်၊ရခိုင်မှ အာရကန်ဖြစ်လာပုံ ၁၄
– ရှိုသျှင်ဂ်၊ ရှိုဟင်ဂ်၊ရှိုဆင်၊ရွှင့်၊ရွှင့်ဂျာ အမိပ္ပါယ် ၁၇
– ဒေါက်တာအေးချမ်းစာကို နားမလည်ရှာသူ ၁၉
– ရာဇဝင်နှင့် ကျောက်စာ – သက္ကရာဇ်နှိုင်းယှဉ်ချက် ၂၄
**အခန်း(၂)ဝေဖန်စာ** ၂၈
– ရှိုဟင်ဂျာသမိုင်းအဆိုသစ် ၂၈
– ရှိုဟင်ဂျာစာပေလော၊ ဘင်္ဂါလီစာပေလော ၃၀
– အာနန္ဒစန္ဒြကျောက်စာကို တလွဲသုံးထားပုံ ၃၄
– ရိုးရာဗဒေါနတ်လော၊ မူဆလင်ဖော်ကီဂူလော ၃၅
– မဟာရာဇဝင်ကြီးအာဘော်ကို ထိန်ချန်ထားခဲ့ပုံ ၃၆
– ဆရာမြဝါ၏ ရွှေမျိုးဓမ္မသတ် ၃၈
– ကုလားကို ရှင်ပြုသည့်သူငယ်တို့၏တဘောင် ၄၁
– ဆရာကြီးလုစ်နှင့် ဒေါက်တာသန်းထွန်းတို့၏ အဆိုမှန်သလား ၄၂
**အခန်း(၃)ဝေဖန်စာ** ၄၉
– ဆရာကြီးဟောလ်နှင့် ဦးစံရွှေပုတို့ကို ခုတုံးလုပ်ထားပုံ ၄၉
– ကိုယ့်စာကိုယ် နားမလည်ရှာသူ ၅၀
– ဇော်မင်းထွဋ်၏ မူဆလင်ဘွဲ့လိမ် ၅၂
**အခန်း(၄) ဝေဖန်စာ** ၅၆
– ရခိုင်သားများကို မူဆလင်ဇာတ်သွင်းခြင်း၏ ရည်ရွယ်ချက် ၅၆
– ဘိုးတော်ဘုရားခေတ် မူဆလင်ဦးရေ ၅၈
– ဗြိတိသျှခေတ်၌ တိုးလာသော မူဆလင်ဦးရေ ၅၉
– မောင်တောမြို့နယ်ရှိ မူဆင်များ၏ သမိုင်းမှန် ၆၄
– ဘူးသီးတောင်မြို့နယ်ရှိ မူဆလင်များ၏ သမိုင်းမှန် ၆၆
– စုံစမ်းရေးကော်မရှင်၏ စစ်တကောင်းသားဝင်ရောက်မှု အစီရင်ခံစာ ၆၇
– ဦးသိန်းဖေမြင့်စာကို တလွဲသုံးစားလုပ်သူ ၇၀

# ရှိုဟင်ဂျာသမိုင်းလိမ်ကိုဝေဖန်ခြင်း


| | | |
|---|---|---|
| **အခန်း(၅)ဝေဖန်စာ** | | ၇၁ |
| – | သဘော်ပျက်ပုံပြင်မှ ချဲ့ကားယူသော မူဆလင်ပြန့်ပွါးမှု | ၇၁ |
| **အခန်း(၆) ဝေဖန်စာ** | | ၇၅ |
| – | ရခိုင်ပြည်ရှိ မူဆလင်အားလုံးကို ရိုဟင်ဂျာအသွင်ပြောင်းလိုက်ပုံ | ၇၅ |
| – | ၁၉၄၂–ခု လူမျိုးရေးအဓိကရုဏ်းဖြစ်ရခြင်းအကြောင်းရင်း | ၇၅ |
| – | ရှတ်တရက်ဖြစ်ရခြင်း အကြောင်းရင်း | ၇၈ |
| – | အဓိကရုဏ်းမီးကို ဆီလောင်းသူလား၊ ငြိမ်းသတ်သူလား | ၇၈ |
| – | အဓိကရုဏ်းမှ မူဆလင်ဦးရေ အမြတ်ထုတ်ပုံ | ၈၂ |
| – | မီးငြိမ်းရေးကြိုးပမ်းမှုများနှင့် ရရှိခဲ့သော ဒဏ်ရာဒဏ်ချက်များ | ၈၃ |
| – | အဓိကရုဏ်းအကျိုးဆက် မူဂျာဟစ်သူပုန် | ၈၅ |
| – | မူဂျာဟစ်အပေါ် ရခိုင်သုတေသီတို့အမြင် | ၈၈ |
| – | မူဂျာဟစ်ကို ရိုဟင်ဂျာမျိုးချစ်များတဲ့ | ၉၁ |
| – | မိုရှေယေဂါမတင်ပြခဲ့သော အလယ်သံကျော်ညီလာခံ | ၉၂ |
| **အခန်း(၇)ဝေဖန်စာ** | | ၉၅ |
| – | စစ်တကောင်းနွယ်မူဆလင်များကို တိုင်းရင်းသားဆိုပါလား | ၁၀၀ |
| – | မူဆလင်တို့၏ မေ(၁၃)ရက်နေ့ မောင်တောကို စီးနင်းမည့်အကြံ | ၁၀၀ |
| **အခန်း(၈)ဝေဖန်စာ** | | ၁၀၄ |
| – | ပြည်ထောင်စုကို သစ္စာရှိပါ | ၁၀၈ |
| **နိဂုံး** | | ၁၀၈ |
| **အကိုးအကားများ** | | ၁၁၁ |
| **နောက်ဆက်တွဲများ** | | ၁၁၃ |
| (၁) | ဦးဖော်ဇံ၏ မစ္စတာဂါဖါးရ်ကို ဝေဖန်စာ ၊ ဆူဒီတန်မူဆလင် | ၁၁၅ |
| (၂) | ဆရာကြီးလုစ်နှင့် ဒေါက်တာသန်းထွန်းတို့ အယူအဆကို ဝေဖန်စာများ | |
| | (က) မောင်ရခိုင်၏ဝေဖန်စာ ၊ ကိုလိုနီဝါဒဆိုးမွေ | ၁၂၁ |
| | (ခ) လေ့လာသူတစ်ဦး၏ဝေဖန်စာ၊ ဖြေရှင်းသင့်သော သမိုင်းအမြင်မတူညီများ | ၁၂၆ |
| | (ဂ) မောင်တောသား၏ဝေဖန်စာ၊အနောက်တံခါးမှရောက်လာသူများအပေါ်သမိုင်း | ၁၃၂ |
| (၃) | စုံးစမ်းရေးကော်မရှင်၏ အစီရင်ခံစာ | |
| | (က) ရခိုင်ပြည်နယ် စီးပွါးရေးဘဏ္ဍာတိုက် (ဦးလှထွန်းဖြူ) | ၁၄၄ |
| | (ခ) ဂျေးဘက်စတာ၏ရခိုင်တိုင်း လူဝင်မှုအစီရင်ခံစာ (ဦးလှထွန်းဖြူ) | ၁၄၈ |

# အမှာစာ

ရခိုင်ပြည်နယ်မှ “ ရိုဟင်ဂျာ”အမည်ခံမူဆလင်တို့၏ လှုပ်ရှားထကြွမှုသည် ၊၁၉၅၀ လွန်ဆယ်စုနှစ်အတွင်း၌ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်တို့မှ စတင်ပေါ်ထွက်ခဲ့သောလှုပ်ရှားထကြွမှုဖြစ်သည်။ မူဆလင်ပညာတတ်များက ထိုမြို့နယ်နှစ်ခုကို “ မူဆလင်ပြည်နယ် ” ထူထောင်လို၍ “ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုး ” တစ်ခုဖြစ်လေဟန် သမိုင်းလိမ်ရေးကာ စာနယ်ဇင်းများ၌တင်ပြခဲ့ကြခြင်းဖြစ်သည်။ ဘူးသီးတောင်ပါလီမန်အမတ် မစ္စတာဂါဖါးရ်က ၁၉၅၀ ခု ဂါဒီယန်သတင်းစာ၌ “ ရိုဟင်ဂျာ ” ခေါ်သော မူဆလင်လူမျိုးသစ်တစ်ခု ရခိုင်ပြည်၌ ရှေးခေတ်ကပင်ရှိခဲ့လေဟန်စတင်ဖန်တီးရေးသားခဲ့ခြင်းဖြစ်သည်။ အမ်အေ၊ တဟီးဘာသာ(ဘူးသီးတောင်)ဆိုသူကလည်း ဂါဒီယန်စင်မြင့်ထက်မှပင် ၁၉၆၀၊၁၉၆၁ခုနှစ်များအတွင်း ဆောင်းပါးများအဆက်မပြတ်ရေးပြီး “ ရိုဟင်ဂျာလူမျိုးသစ် ” ရုပ်လုံးပေါ်လာအောင်ဆေးခြယ်ပေးခဲ့သည်။ ထိုသမိုင်းလိမ်ကိုအခြေခံ၍ လက်ဦးဆရာ ဂါဖါးရ်နှင့်ဘာသာတို့၏သားမြေးများဖြစ်ကြသောမောင်တောနှင့်ဘူးသီးတောင်မြို့နယ်မှ စစ်တကောင်းနွယ်ဘင်္ဂါလီမူဆလင်တို့သည် အခွင့်ရလျှင်ရသလိုဆက်တိုက်လှုပ်ရှားလာခဲ့ကြသည်။

၄င်းတို့၏လှုပ်ရှားမှုများသည် တော်လှန်ရေးကောင်စီအစိုးရလက်ထက်၌ မြေအောက်လှုပ်ရှားမှုအဖြစ်ငုတ်လျှိုးသွားပြီး၊ ၁၉၈၈ ခု ဒီမိုကရေစီအရေးအခင်း၌၊မြေပေါ်လှုပ်ရှားမှုအဖြစ်ပြန်လည်ခေါင်းထောင်လာပြန်သည်။ ၄င်းတို့သည် လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရေးကိုအရေခြုံပြီးမိမိတို့၏ “ ရိုဟင်ဂျာလူမျိုးသစ် ” တရားဝင်ဖြစ်ရေးကိုကမ္ဘာ့မီဒီယာများမှတဆင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးစားတင်ပြခဲ့ကြသည်။ထို့ကြောင့် “ အမှားကြာလျှင်အမှန်ဖြစ် ” ဆိုသောစကားကဲ့သို့ “ ရိုဟင်ဂျာ ” အမည်ကို မြန်မာတိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်လေဟန် မီဒီယာများမှ မကြာခဏကြားနေခဲ့ရသည်။ ၄င်းတို့သည် မြန်မာနိုင်ငံ၌ တရားဝင်လှုပ်ရှားခွင့်မရသောအခါ ကမ္ဘာအနှံ့ခြေဆန့်လှုပ်ရှားခဲ့ကြသည်။ ၄င်းတို့လှုပ်ရှားမှုသည် အယ်ကိုင်ဒါအကြမ်းဖက်အဖွဲ့၏ အစွယ်အပွားဖြစ်ကြောင်းကိုလည်း စက်တင်ဘာ(၁၁)ရက်နောက်ပိုင်း၌ နောက်ဆက်တွဲသတင်းများအဖြစ် ကမ္ဘာ့မီဒီယာများမှပင်ကြားခဲ့ကြရသည်။

ယခု“ ရိုဟင်ဂျာ ”အမည်ခံသူ ဂျပန်ပြည်ရောက် မူဆလင်တစ်စုက သမိုင်းလိမ်စာအုပ်ထုတ်၍ ၄င်းတို့သာ ရခိုင်ဒေသ၌ အကယ့်တိုင်းရင်းသားအစစ်အမှန်ဖြစ်လေဟန်၊ရခိုင်ဗုဒ္ဓဘာသာတို့မှာ၄င်းတို့ထက်နှစ်(၂၀၀)နောက်ကျပြီးမှ ရခိုင်ကမ်းမြောင်သို့ရောက်လေဟန်လိမ်ညာတင်ပြလာကြပြန်သည်။

ဤကိစ္စကို ဂျပန်ပြည်ရောက် ကျွန်ုပ်တို့ရခိုင်အမျိုးသားတို့က လက်ပိုက်ကြည့်နေ၍မဖြစ်တော့ချေ။ ရိုဟင်ဂျာအမည်ခံသူတို့၏ အန္တရာယ်ကိုကာကွယ်ရန် ရခိုင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးဌာနမှူးဦးဖော်ဓံ၊ရခိုင်နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသော ဦးဘစံ၊ဦးလှထွန်းဖြူ၊ဦးစံထွန်းအောင်၊ ဘုံပေါက်သာကျော်တို့က ၁၉၅၀ ခုကပင် ဂါဒီယန်သတင်းစာ၊ ရခိုင့်တန်ဆောင်မဂ္ဂဇင်းတို့၌ သမိုင်းလိမ်ဖြစ်ကြောင်းဖော်ထုတ်တင်ပြခဲ့ဖူးကြသည်။ နိုင်ငံတော်အစိုးရထံသို့လည်း အစီရင်ခံတင်ပြခဲ့ကြသည်။ ထိုနည်းတူဂျပန်ပြည်ရောက် ကျွန်ုပ်တို့ရခိုင်အမျိုးသားများကလည်း အမျိုးသားရေးတာဝန်တစ်ခုအဖြစ် “ ဇော်မင်းထွဋ်” အမည်ခံသူရေးသော“ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားရိုဟင်ဂျာများ ” စာအုပ်ကို “ ရိုဟင်ဂျာသမိုင်းလိမ် ” သာဖြစ်ကြောင်းတုံ့ပြန်တင်ပြကြရမည်ဖြစ်ပါသည်။

နှစ်ဆယ်ရာစုကမ္ဘာ့သမိုင်း၌ နာဇီဟစ်တလာ၏အနိုင်ကျင့်မှုကြောင့် “ ဆူဒီတန်ဂျာမန် ” အရေးအခင်း ပေါ်ပေါက်ခဲ့ရကြောင်းကို ကျွန်ုပ်တို့အမှတ်ရနေကြသေးသည်။ အိန္ဒိယကတ်ရှ်မီးယားအရေးအခင်းသည် နှစ်ဆယ်ရာစုအလယ်၌စတင်၍၊ယခုနှစ်ဆယ့်တစ်ရာစုသို့တိုင်ကူးလာပြီး နျူကလီယားစစ်ပွဲထိ အရှိန်မြင့်သွားမလားဟုပင် ကျွန်ုပ်တို့ရင်တမမစောင့်ကြည့်ခဲ့ကြရသည်။ ယခုကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံ၏အနောက်ဖက်နယ်စပ်မှ “ ရိုဟင်ဂျာ ”

အမည်ခံ စစ်တကောင်းနွယ်ဘင်္ဂါလီ တို့၏ လူဦးရေအသာစီးရမှုလက်နက်ဖြင့်ခြိမ်းခြောက်နယ်ချဲ့လာမှုမှာလည်း နှစ်ငါးဆယ်ပင်ကျော်လာခဲ့ပါပြီ။ ၄င်းမူဆလင်တို့၏ လှုပ်ရှားထကြွမှုဒဏ်ကို ရခိုင်သားတို့နှစ်ငါးဆယ်ကျော် ဆက်တိုက်ခံလာခဲ့ ကြရသည်။ လွတ်လပ်ရေးရချိန်မှစ၍ မြန်မာအစိုးရအဆက်ဆက်လည်း ၄င်းတို့၏ သူပုန်ထမှု၊ မြေပေါ် မြေအောက် နည်းမျိုးစုံသုံး၍ လှုပ်ရှားထကြွမှုများကို ရင်ဆိုင်ခဲ့ကြရသည်။ ရင်ဆိုင်နေရဆဲလည်းဖြစ်သည်။

ယခုဇော်မင်းထွဋ်ဆိုသူရေးသော "ရိုဟင်ဂျာသမိုင်းလိမ်" စာအုပ်သည် နှစ်ငါးဆယ်ကျော် ရိုဟင်ဂျာထကြွမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။ ဤစာအုပ်သည် မစ္စတာဂါဖါးရ်၊ ဘသာ(ဘူးသီးတောင်)တို့ ရေးခဲ့ဖူးသော သမိုင်းလိမ်များကဲ့သို့ အလိမ်အညာသမိုင်းတစ်ခုသာဖြစ်ပေသည်။ သမိုင်းလိမ်ဖြစ်ကြောင်းကို ဝေဖန်သူက ခိုင်လုံသောအချက်အလက်အထောက်အထားများနှင့် စိစစ်ဖော်ထုတ်တင်ပြထားပါသည်။ စာရှုသူတို့ကယခုတင်ပြသော ဝေဖန်စာသည် အမှားနှင့်အမှန်ကို ခွဲခြားပြနိုင်မှု ရှိ မရှိကို အသင့်အတင့် နှလုံးသွင်းကြည့်ပြီးအမှားကို ဆန့်ကျင်၍ အမှန်ကို ထောက်ခံနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

**" အမှန်တရားအောင်ပွဲခံရမည် "**

**ဂျပန်နိုင်ငံရောက်ရခိုင်သားများ**

# နိဒါန်း

မြန်မာနိုင်ငံလွတ်လပ်ရေးရစကပင် အနောက်ဖက်နယ်စပ်မောင်တောနှင့်ဘူးသီးတောင်မြို့နယ်၌ မူဂျာဟစ် (မူဆလင်ဘာသာရေးသူရဲကောင်း)သူပုန်များထကြွသောင်းကျန်းခဲ့သည်။ မူဂျာဟစ်တို့၏ သေနတ်သံကို စည်းချက် ဝါးချက်သဘွယ်အသုံးချ၍ ၁၉၅၀ ခုတွင် ဘူးသီးတောင်ပါလီမန်အမတ် မစ္စတာဂါဖါးရ်က ဂါဒီယန်သတင်းစာ စင်မြင့်ထက်မှ “ ရိုဟင်ဂျာ ” အမည်ရှိသော မူဆလင်လူမျိုးသစ်ဇာတ်လမ်းတစ်ခုကိုခင်းကျင်းတင်ပြခဲ့ဖူးသည်။ “ရိုဟင်ဂျာ” ဟူသောအမည်ကို ယခင်ကမည်သူမျှမကြားဖူးခဲ့ကြချေ။ ခိုင်မာသော သမိုင်းကျမ်းတို့၌လည်းမတွေ့ဖူး ခဲ့ကြပေ။ ထို့ကြောင့် “ ရိုဟင်ဂျာ ”ဟူသောအမည်သည် လုပ်ကြံတင်ပြသောလိမ်ညာမှုတစ်ခုသာဖြစ်ကြောင်းကို ဦးဖော်ဇံက ဂါဒီယန်သတင်းစာ၌ပင်ချက်ချင်းတုံ့ပြန်တင်ပြခဲ့သည်။ မစ္စတာဂါဖါးရ်၏ “ ရိုဟင်ဂျာ ”ဇာတ်လမ်းနောက် ကွယ်၌ “ မူဆလင်ပြည်နယ်ထူထောင်ရေး ” ဟူသောနိုင်ငံရေးရည်ရွယ်ချက်ပါကြောင်းကိုလည်းဖော်ထုတ်သတိပေး ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနယ်နမိတ်အတွင်း၌ ပြည်နယ်ထူထောင်ခွင့်ရခြင်းသည် တိုင်းရင်းသားတို့သာ ခံစား ပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ခုဖြစ်သောကြောင့် ၊မောင်တောနှင့်ဘူးသီးတောင်မြို့နယ်မှ မူဆလင်များ တိုင်းရင်းသား အခွင့်အရေးရအောင် မစ္စတာဂါဖါးရ်က “ ရိုဟင်ဂျာ ” ဇာတ်လမ်းကို ဖန်တီးတင်ပြခဲ့ခြင်းဖြစ်သည်။ စစ်စစ် “ ရိုဟင်ဂျာ ” ဇာတ်လမ်းသည် မူဂျာဟစ်သူပုန်ထမှုနှင့် တိုက်ရိုက်ပတ်သက်သော နိုင်ငံရေးစစ်မျက်နှာသစ်ဖွင့်သည့် လှုပ်ရှားမှု တစ်ခုဖြစ်ပေသည်။ မြန်မာပြည်မတွင်ရောင်စုံသူပုန်များကြောင့် ရန်ကုန်အစိုးရအဆင့်သာရှိခဲ့သော ဖဆပလ အစိုးရ အား “ ရိုဟင်ဂျာ ” အမည်ခံမူဆလင်တို့က စစ်မျက်နှာနှစ်ခုဖွင့်၍တိုက်ခိုက်ခြင်းဖြစ်ပေသည်။

အရင်းစစ်လျှင် အမြစ်မြေကဆိုသကဲ့သို့ မူဂျာဟစ်သူပုန်ထရခြင်းနှင့် “ ရိုဟင်ဂျာ ” မူဆလင်လူမျိုးသစ် ပေါ်ပေါက်လာရခြင်းသည် ဗြိတိသျှနယ်ချဲ့တို့၏ တံခါးမရှိဒါးမရှိ လူဝင်မှုဝါဒမှစတင်ခဲ့ခြင်းဖြစ်ပေသည်။ ဗြိတိသျှ အစိုးရသည် မိမိတို့၏ကိုလိုနီအုပ်ချုပ်ရေးစနစ်ခိုင်မြဲရန်နှင့် စီးပွားရေးအကျိုးအမြတ်ရရန် အိန္ဒိယနိုင်ငံသား အလုပ် သမားမျိုးစုံကို အကန့်အသတ်မရှိ ဝင်ထွက်ခွင့်ပြုခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံသားလူမျိုးစုံ ဒလဟောဝင်ရောက်လာနိုင်ခဲ့သည်။ ဗြိတိသျှတို့သိမ်းပိုက်ခါစ ၁၈၂၅ ခုနှစ်တွင် ရခိုင်ပြည်၌မူဆလင်ဦးရေမှာ ၃၀၀၀၀ (သုံးသောင်း)သာရှိခဲ့ရာမှ ၊၁၉၃၀ ပြည့်၌ မူဆလင် ၂၁၇၈၀၀(နှစ်သိန်းတစ်သောင်းခုနှစ်ထောင်ရှစ်ရာ) ထိ တိတ် လန့်ဖွယ်တိုးလာခဲ့သည်။ အထူးသဖြင့် အနောက်ဖက်နယ်စပ်စစ်တကောင်းခရိုင်မှ ဘင်္ဂါလီလူမျိုးမူဆလင်များ ဒီရေ အလားတိုးလာခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှအစိုးရက မူဆလင်ဦးရေတိုးလာမှုကိစ္စကို စိုးရိမ်လာသောကြောင့် အခြေအနေကိုစုံစမ်းရန် ၁၉၃၉ ခုတွင် စုစမ်းရေးကော်မရှင်တစ်ခုဖွဲ့စည်းပေးခဲ့သည်။ ကော်မရှင်က မူဆလင်ဦးရေ အဆီးအတားမရှိတိုးလာမှုကို မဟန့်တားပါက နောင်အခါ၌ လူမျိုးရေးပဋိပက္ခများဖြစ်နိုင်ကြောင်း အစီရင်ခံခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ကြောင့် ဘာမျှ မလုပ်နိုင်ခဲ့ပေ။ အစီရင်ခံသည်အတိုင်းပင် ၁၉၄၂ ခုနှစ်တွင် ကုလား ရခိုင်အဓိကရုဏ်းဖြစ်ခဲ့လေ သည်။ ထို့နောက် မူဂျာဟစ်သူပုန်ထခဲ့သည်။ ထို့နောက်မူဆလင်ပညာတတ်တို့က “ ရိုဟင်ဂျာ ” ဇာတ်လမ်းဖန်တီး တင်ပြပြီး “ တိုင်းရင်းသားမူဆလင်လူမျိုး ” ဟု လိမ်ညာခဲ့ကြသည်။ ထို့နောက် တိုင်းရင်းသားအခွင့်အရေးအဖြစ် မောင်တော၊ ဘူးသီးတောင်နှင့်ရသေ့တောင်တစ်စိတ်တစ်ပိုင်းကို “ မူဆလင်သီးခြားပြည်နယ် ”(သို့မဟုတ်) “ မူဆလင် သီးခြားခရိုင် ” ဖွဲ့ပေးရန်တောင်းဆိုခဲ့ကြသည်။ ထို့နောက်၊ထိုနောက်––။ “ ရိုဟင်ဂျာ ”အမည်ခံမူဆလင်တို့၏ တင်ပြ တောင်းဆိုမှုဇာတ်လမ်းမှာ မဆုံးနိုင်တော့ပေ။

"ရိုဟင်ဂျာ" အမည်ခံသူတို့သည် မြန်မာနိုင်ငံ၌ တရားဝင်လှုပ်ရှားခွင့်မရကြသောအခါ မြေအောက်လှုပ်ရှားမှုအသွင်သို့ ပြောင်းသွားကြသည်။ အနုနည်းရောအကြမ်းဘက်နည်းပါးသုံးစွဲခဲ့ကြသည်။ ကမ္ဘာ့မီဒီယာစင်မြင့်အရောက်ထိုးဖောက်ဝင်ရောက်သရုပ်ဆောင်ပြကြသည်။ မီဒီယာလူထု၏စာနာမှုရရေး၊ အကူအညီရရေးကို ကြိုးပမ်းကြသည်။ ယခုဇော်မင်းထွဋ်၏ "ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်တိုင်းရင်းသားရိုဟင်ဂျာများ" စာအုပ်သည် ပြည်ပရောက် မြန်မာစာဖတ်ပရိသတ်အားလှည့်စားတင်ပြသော "ရိုဟင်ဂျာ" လှုပ်ရှားမှု၏ တစ်စိတ်တပိုင်းဖြစ်သည်။ "ရိုဟင်ဂျာ" တို့မှာ "မြန်မာတိုင်းရင်းသားလူမျိုး" ဖြစ်ပါသည်ဟု လိမ်ညာတင်ပြခြင်းဖြစ်သည်။ မစ္စတာဂါဖါးရ်၊ ဘသာ(ဘူးသီးတောင်)တို့၏ ဇာတ်လမ်းဟောင်းကို အနည်းငယ်မွမ်းမံဖြည့်စွက်ထားသောစာအုပ်ဖြစ်သည်။

ဇော်မင်းထွဋ်ကယခင်ဇာတ်လမ်းဟောင်းမှ "အာရပ်သင်္ဘောပျက်ပုံပြင်" ကို ကြောရိုးထားပြီး အာရပ်တို့အား ၎င်းတို့၏ ဘိုးဘွားအဆက်အနွယ်များအဖြစ်ဆက်နွယ်တင်ပြသည်။ အာရပ်တို့သည် ခရစ်နှစ်အစောပိုင်းကပင် အရှေ့ဖျားကုန်သွယ်မှု၌ ကြီးစိုးခဲ့သည်ဟု ဇော်မင်းထွဋ်ကဆိုသည်။ ထို့နောက် ရမ်းဗြဲကျွန်းအနီး၌ သင်္ဘောပျက်ပုံ၊ ထိုမှစ၍ ရခိုင်အပါအဝင်မြန်မာနိုင်ငံ၌ အစ္စလာမ်ဘာသာအမြစ်တွယ်လာပုံ၊ရခိုင်မှတဆင့် အစ္စလာမ်ဘာသာ မြန်မာပြည်အနှံ့ပြန့်နှံ့ခဲ့ပုံတို့ဖြင့် ဇာတ်လမ်းဟောင်းကို မွမ်းမံထားသည်။ သို့သော် သူ့တင်ပြချက်တို့မှာ အထောက်အထားမပါသော ချဲ့ကားလိမ်ညာရမ်းဆတင်ပြချက်များသာဖြစ်ကြောင်းစိစစ်တွေ့ရှိရသည်။

ဇော်မင်းထွဋ်သည် အာရပ်၊ ပါရှန် ပထဝီဆရာတို့၏ အမည်များ၊ ဟာဗေ၊ ဟောလ်၊ ဦးစံရွှေပု၊ ဗိုလ်မှူးဘရှင်၊ ကနန်ဂို၊ မိုရှေယေဂါ စသော သမိုင်းသုတေသီများ၏ မှတ်တမ်းများ၊ သမိုင်းကျမ်းများကိုအထင်ကြီးဖွယ်ကိုးကားပြထားသည်။ သို့သော် စာအုပ်အမည်၊ ပုံနှိပ်တိုက်၊ပုံနှိပ်ခုနှစ်၊စာမျက်နှာတို့ကို မဖော်ပြချေ။ ထိုသုတေသီအသီးသီးက ရခိုင်သို့အစ္စလာမ်ဘာသာရောက်ရှိအမြစ်တွယ်ကြောင်းရေးထားလေဟန်လိမ်ညာထားသည်။ ဤလှည့်စားနည်းဖြင့် ပရိသတ်အား အယုံသွင်းလိုက်သည်။ "ရိုဟင်ဂျာ" အမည်ခံသူတို့မှာ "မြန်မာတိုင်းရင်းသား" ဖြစ်သည်ဟု အထင်ရောက်စေသည်။

ယခုဝေဖန်စာသည် ဇော်မင်းထွဋ်၏တင်ပြချက်တို့ မှန်မမှန်ကို သူကိုးကားပြသောကျမ်းများနှင့်တိုက်ဆိုင်စစ်ဆေး၍လည်းကောင်း၊ သူမတင်ပြမသိရှိသော စာအုပ်စာတမ်း၊ ကိုယ်တွေ့မှတ်တမ်း၊အစီရင်ခံစာ၊တိုင်ကြားစာများကိုမှီငြမ်းကိုးကား၍လည်းကောင်း တင်ပြထားသောစာဖြစ်ပါသည်။ ဤဝေဖန်စာသည် ဦးဖော်ဇံ၊ ဦးဘစံ၊ ဦးလှထွန်းဖြူ၊ ဦးစံထွန်းအောင် ၊ဘုံပေါက်သာကျော် တို့၏ အမျိုးသားရေးကြိုးပမ်းမှုများကို အားဖြည့်တင်ပြသော ဝေဖန်စာတစ်ခုလည်းဖြစ်ပါသည်။ ဤဝေဖန်စာ၌ တစ်စုံတစ်ခု လွဲချော်မှားယွင်းမှုများရှိပါက ဝေဖန်တင်ပြသူနှင့်သာ သက်ဆိုင်ပါကြောင်း ဖော်ပြလိုပါသည်။

မြဝါ

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်

## အမှာစာမှဖော်မင်းထွဋ်၏ကတိ

ဖော်မင်းထွဋ်၏" ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်တိုင်းရင်းသားရိုဟင်ဂျာများ" စာအုပ်သည် သမိုင်းဖြစ်ရပ်မှန်များကိုမှီငြမ်းကိုးကား၍ တင်ပြထားသောစာအုပ်မျိုးမဟုတ်ချေ။ရခိုင်ပြည်နယ်ရှိ မူဆလင်ဘာသာဝင်များကို **" တိုင်းရင်းသားလူမျိုးတစ်မျိုး "** ဖြစ်လေဟန်လုပ်ကြံတင်ပြထားသောစာအုပ်မျိုးသာဖြစ်သည်။သို့ဖြစ်၍ ယခုဝေဖန်စာတွင်၄င်းလုပ်ကြံတင်ပြချက်များကိုသမိုင်းဖြစ်ရပ်မှန်များနှင့်တိုက်ဆိုင်စစ်ဆေးဖော်ထုတ်နိုင်အောင်အား ထုတ်သွားပါမည်။ ဦးစွာအမှာစာကို စိစစ်ကြည့်ကြပါမည်။

ဖော်မင်းထွဋ်၏အမှာစာ၌ သမိုင်းအမှန်တရားကိုလက်ကိုင်ပြုထားကြောင်းစာရှုသူတို့အား အောက်ပါအတိုင်း ကတိပေးထားသည်။

" ယနေ့ရိုဟင်ဂျာနှင့်ပတ်သက်သောရှေးဟောင်းသမိုင်းမှတ်တမ်းများကို ဥပက္ခောပြု၍ ရိုဟင်ဂျာကို တိုင်းတပါးမှဝင်လာသူအဖြစ်လည်းကောင်း၊အိန္ဒိယနှင့်ဘင်္ဂလားမှမကြာသေးခင်က စီးပွားရေးအခက်အခဲကြောင့် စိမ့်ဝင်လာသူအဖြစ်လည်းကောင်းဇာတ်လမ်းခင်းသရုပ်ပြသူများရှိသဖြင့် ဤစာအုပ်ပါအချက်အလက်များအပေါ် အငြင်းပွားမှုနည်းအောင် ရခိုင်အမျိုးသားသမိုင်းပညာရှင်များ၊နိုင်ငံရေးခေါင်းဆောင်များ၏အရေးအသားမှတ်တမ်းများကိုအဓိကအခြေပြုရည်ညွှန်းထားပါသည်။ များသောအားဖြင့် ထိုထိုသမိုင်းဆရာများ၏အရေးအသားမူရင်းအတိုင်းတင်ပြထားပါသည်။ ဒုတိယအနေဖြင့် မြန်မာ့သမိုင်းဆရာကြီးများ၊ကမ္ဘာ့သမိုင်းဆရာများ၏ရေးသားချက်များကို ကိုးကားထားပါသည်။ မိမိ၏ကိုယ်ပိုင်အာဘော်မှာမပါသလောက်ဖြစ်သည်။ စာဖတ်သူများမကြိုက်မနှစ်သက်လျှင်သော်လည်းကောင်း၊သက်ဆိုင်ရာရည်ညွှန်းစာအုပ်များမှ မူရင်းကိုကြည့်ရှုနိုင်ပါသည်။ (စာ–၆) –––ရိုဟင်ဂျာလူမျိုးများ၏ ***<u>သမိုင်းဖြစ်ရပ်မှန်ကိုမထိမ်မဝှက်ဘဲသမိုင်းလေ့လာတွေ့ရှိချက်အရ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း</u>*** ဤစာအုပ်တွင်ဖော်ပြထားပါသည်။ (စာ–၇)"

သမိုင်းအမှန်တရားကိုမြတ်နိုးတန်ဘိုးထားသူတို့အဖို့ ဖောမင်းထွဋ်၏အမှာစာမှာနှစ်သက်ဖွယ်ကောင်းပါသည်။ သူက **" *<u>အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်းဖော်ပြမည်</u>* "**ဟူ၍ကားပြောခဲ့ပါသည်။ သို့သော် ပြောသည့်အတိုင်းလုပ်ပါရဲ့ လား ဟု ကျွန်တော်တို့အသေးစိပ်စိစစ်ကြည့်ကြပါမည်။

# အခန်း(၁) ဝေဖန်စာ

ဖော်မင်းထွဋ်၏စာအုပ်တွင် ကဏ္ဍခွဲသောအခါ အမှာစာ၊ အခန်း(၉)ခန်း၊နိဂုံးနှင့်ကျမ်းကိုးစာရင်းဟူ၍ခွဲထားပါသည်။ အခန်း(၁)တွင် အပိုင်းသုံးပိုင်းပါဝင်သည်။ ပထမပိုင်းတွင် **"*<u>ရခိုင်ဒေသ၏ပထဝီဝင်</u>*"** ကို ဖော်ပြသည်။ ဒုတိယပိုင်းတွင် **" *ရခိုင်ဒေသနှင့်ရိုဟင်ဂျာအမည်ဖြစ်တည်ပေါ်ပေါက်လာပုံ* "**ကို အကိုးအကားများစွာနှင့်တင်ပြထားသည်။ တတိယပိုင်းတွင် **" *သမိုင်းသုတေသီဒေါက်တာအေးချမ်း၏ရခိုင်သမိုင်းဆိုင်ရာအမြင်* "** ဟူ၍ သီးသန့်တင်ပြထားသည်။

အခန်း(၁)ပထမပိုင်းတွင် **" *ရခိုင်ဒေသ၏ပထဝီဝင်* "**ကိုရေးသောအခါ အရှိကိုအရှိအတိုင်းတင်ပြထားခြင်းဖြစ်၍ အပြောနှင့်အလုပ်ညီပါပေသည်ဟုမှတ်တမ်းတင်ရပါမည်။ သို့သော် ဒုတိယပိုင်းဖြစ်သော **" *ရခိုင်ဒေသနှင့်ရိုဟင်ဂျာအမည်ဖြစ်တည်ပေါ်ပေါက်လာပုံ* "** တင်ပြချက်၌ကား အပြောနှင့်အလုပ်မညီညွတ်တော့ချေ။ အာရပ်များပင်လယ်ရေကြောင်းကုန်သွယ်မှုကိုလွှမ်းမိုးထားနိုင်ခဲ့၍၊ ရခိုင်ဝေသာလီခေတ် (၈)ရာစုတိုင်းစန္ဒြမင်းကြီးလက်ထက်တွင် ရမ်းဗြဲကျွန်း၌ သင်္ဘောများစွာပျက်လေဟန်၊ အာရပ်သင်္ဘောများဝေသာလီသို့ရောက်ပြီး အစ္စလာမ်သာသနာသန္ဓေ တည်လေဟန်၊ ထိုမှတဆင့်မြန်မာပြည်ထိပြန့်ပွားလေဟန်လှည့်ပတ်ရေးထားသည်။

သူ့တင်ပြချက်များသည် အာရပ်ပထဝီဆရာ၊ အာရပ်ခရီးသည်များမှတ်တမ်း၊ မြန်မာ့သမိုင်း၊ကမ္ဘာ့သမိုင်းကျမ်းများ၌ပါရှိသော အချက်များဖြစ် လေဟန် ရေးထားသည်။ ***သို့သော်ကျမ်းအမည်များကိုဖော်ပြသောအခါ ထုတ်ဝေမှုအကြိမ်၊ခုနှစ်၊ စာမျက်နှာတို့ကို မဖော်ပြချေ။*** ဤနည်းဖြင့်လေ့လာစိစစ်ကြည့်လိုသူကို မျက်စိလည်စေပြီး၊ သာမန်စာရှုသူ ပရိသတ်ကိုသမိုင်းကျမ်း ကြီးများ၌အမှန်တကယ်ရေးခဲ့လေဟန် အထင်ကြီး ယုံကြည်စေခဲ့သည်။

## ဇော်မင်းထွဋ်၏ ရှေးဦးချဲ့ကားမှု

ဇော်မင်းထွဋ်စာအုပ်အခန်း(၁) ဒုတိယပိုင်း ***“ရခိုင်ဒေသနှင့်ရိုဟင်ဂျာအမည်ဖြစ်တည်ပေါ်ပေါက်လာပုံ”*** မှ ဝက်ပါပမာကွေ့ကွေ့ကောက်ကောက်လှည့်စားတင်ပြထားပုံများကိုတစ်ချက်ချင်းစီ စိစစ်ဖော်ထုတ်ကြည့်ကြပါမည်။ ဦးစွာသူက–

“ ––– အရှေ့ဖျားဂျားဗား၊ စုမတြာ၊မလေး၊မြန်မာကမ်းခြေနှင့်အိန္ဒိယသမုဒ္ဒရာများတွင်(၁၇)ရာစုထိ ပြည်ပ ကုန်သွယ်ရေးသည် အာရဗ်တို့လက်အောက်မှာရှိခဲ့သည်။ ရခိုင်ကမ်းခြေအပါအဝင်ကမ်းရိုးတန်းဒေသတွင် သူတို့၏ ကုန်သွယ်ကိုလိုနီများရှိခဲ့သည်။ –––အရှေ့ဖျားတွင် အစ္စလာမ်သာသနာအမြစ်တွယ်လာသည်။ ––သို့ဖြစ်၍ရခိုင်ဒေသသို့ရှေးဦးရောက်ရှိခဲ့သူပါရှား၊အာရပ်၊ပေါ်တူဂီ၊ဒတ်ချ်နှင့် အင်္ဂလိပ်လူမျိုးတို့ က ( Arakan )ရခိုင်ဒေသကို လူမျိုးလိုက်ခေါ်ဝေါ်သောအမည်နာမများရှိခဲ့သည်” ဟု ရေးခဲ့သည်။ (စာ–၁၃)

ဇော်မင်းထွဋ်၏တင်ပြချက်မှာလက်တန်းရမ်းဆကောက်ချက်ဆွဲခြင်းမျိုးဖြစ်သည်။ ဤကောက်ချက်အတွက် ခိုင်လုံတိကျသောကိုးကားချက်ကိုမတွေ့ရချေ။ သူ့ကောက်ချက်ကို ခွဲခြမ်းကြည့်လျှင် ရည်ရွယ်ချက်နှစ်ချက်ပါသည်။ ပထမအချက်မှာ အာရပ်များအရှေ့ဖျားရေကြောင်းကုန်သွယ်ရေး၌ (၁၇)ရာစုထိ ကြီးစိုးခဲ့သည်ဆိုမှု၊ ဒုတိယအချက်မှာ ရခိုင်အပါအဝင်အရှေ့ဖျား၌ အစ္စလာမ်သာသနာအမြစ်တွယ်လာသည်ဆိုမှုဖြစ်သည်။

သူက ***“အာရပ်တို့ကြီးစိုးမှု၊ အစ္စလာမ်ဘာသာအမြစ်တွယ်မှု”*** ရှိခဲ့သည်ဟုပြောခဲ့သော်လည်း အထောက်အထားမတင်ပြခဲ့ချေ။ သူ့တင်ပြချက်ဟုတ်ပါရဲ့လားဟု ကျွန်တော်တို့ကစိစစ်ကြည့်ရပါမည်။ ***“အရှေ့ဖျားဒေသ၌ အာရပ်တို့ကြီးစိုးခဲ့သည်”*** ဆိုသောစကားမှန် မမှန်ကို အရှေ့တောင်အာရှသမိုင်းဆရာကြီး ဟောလ် ( **D.G.E Hall** )၏ ***“အရှေ့တောင်အာရှသမိုင်း”*** ( **History of South-East Asia** ) ကျမ်းနှင့်တိုက်ဆိုင်စစ်ဆေးကြည့်ကြပါမည်။

ဆရာကြီးဟောလ်က “ အာရပ်တို့သည် တမန်တော်မူဟာမတ် (အေဒီ ၅၇၀–၆၃၂) မပေါ်မီကပင် ပင်လယ်နီနှင့်တရုပ်ပြည်အကြား၌ ကုန်သွယ်လမ်းကြောင်းများအခြေကျအောင်လုပ်ခဲ့ကြသည်။ အစ္စလာမ်ဘာသာက သူတို့၏ ရေကြောင်းသွားလာမှုကို အရှိန်မြင့်စေခဲ့၏၊ အေဒီ ၇၅၈ တွင်တရုပ်ပြည်တောင်ပိုင်းကန်တုံမြို့ကို [ ကုန်သွယ်မှု၌ ] လွှမ်းမိုးနိုင်ရန်သူတို့၏ခရီးသွားလာမှုများကလုံလောက်စေခဲ့၏။ ကိုးရာစုတွင် မဟာဗေဒင်ကုန်သည်အစုအဖွဲ့ငယ်များသည်တရုပ်ပြည်သွားလမ်းကြောင်း၌ ရှိနေခဲ့ပြီးဖြစ်သည်။ ဆယ့်တစ်ရာစုတွင်ကားသူတို့သည် ချမ်ပါ [ ယခု ဗီယက်နမ်နိုင်ငံ ] ၌ကာလအတန်ကြာရှိနေခဲ့ပြီဖြစ်သည်။ သူတို့သည်တိုင်းရင်းသူများကို အိမ်ထောင်ပြုသော် လည်း မိမိတို့ကိုယ်ကိုမဟာမေဒင်မဟုတ်သူများနှင့်လူမှုရေး၌ခွဲခြားစွာနေကြလေသည်။ ***အာရပ်များသည် ဂျာဗား နှင့်တခြားဟင်းခတ်အမွှေးအကြိုင်ထွက်ရာကျွန်းကဲ့သို့သောအင်ဒိုနီးရှားကျွန်းစုများ၌ အခြေချနေထိုင်ခဲ့သည့်အထောက်အထားများကို ဘာမျှမတွေ့ရချေ။ ထိုကျွန်းများသည် တရုပ်ပြည်သွားရေလမ်းခရီးနှင့် အတော်ကွာလှမ်း၏။***

―――***အရှေ့တောင်အာရှနှင့်ပတ်သက်၍ ရှေးဦးအာရပ်ပထဝီဆရာများ၏သတင်းပေးချက်များသည် မှုန်ဝါး ပြီးစိတ်ကူးယဉ်ဆန်လှသည်။ ၄င်းတို့သတင်းပေးချက်များသည် အများအားဖြင့်တဆင့်ခံ သတင်းများ သာဖြစ်သည်။***

――― အာရပ်ဘာသာဖြင့်ရေးထိုးထားသော သင်္ချိုင်းကျောက်စာတစ်ချပ်ကို [ ဂျာဗားကျွန်း ] ဂရေဆိခ် ( **Gresik** )အနီး လေရန် ( **Leran** ) ၌ တွေ့ရသည်။ ကွယ်လွန်သူ မိန်းမပျိုတစ်ဦးအကြောင်းရေးထိုးထားခြင်း ဖြစ်သည်။ ***ဤအထောက်အထားမှာဂျာဗားကျွန်းသို့ မူဆလင်များရောက်ရှိသည့်အစောဆုံးအထောက်အထား ဖြစ်သည်။*** အေဒီ ၁၀၈၂ (သို့) ၁၁၂၀ ခန့်ကရေးထိုးခဲ့လိမ့်မည်ဟု ယူဆရသည်။ ၄င်းခုနှစ်ထက်နောက်ကျပြီးမှ ယူလာသည့်ကျောက်စာဟူ၍လည်းသံသယဝင်နိုင်သည်။ ခုနှစ်မှန်သည် ဆိုစေဦး၊ ***ကျောက်စာသည် အာရပ်(သို့) ပါရှန်တစ်ဦးတစ်ယောက်မျှ အေဒီ ၁၁၀၀ ခန့်၌ ၄င်းဒေသတွင်ရောက်ရှိနေခဲ့ကြောင်းမဖော်ညွှန်းနိုင်ချေ။ ယင်းကာလနောက်ပိုင်းတွင်လည်း အစ္စလာမ်သာသနာ၄င်းဒေသ၌ပြန့်ပွားခဲ့ကြောင်းအထောက်အထားမရှိချေ*** ” (စာ–၂၂၁)

သမိုင်းဆရာကြီးဟောလ်၏အဆိုနှင့်ဇော်မင်းထွဋ်၏ရေးသားချက်များကို စာရှုသူတို့ယှဉ်ပြိုင်ဖတ်ရှုကြည့်လျှင် ဇော်မင်းထွဋ်၏ “ ***ဂျားဗား၊စူမာတြား၊မလေး၊မြန်မာ၊ရခိုင် ကမ်းခြေများတွင် (၁၇)ရာစုထိ ပြည်ပကုန်သွယ်ရေးသည် အာရပ်တို့လက်အောက်မှာရှိခဲ့သည်***” ဆိုသောရေးသားချက်မှာ အာရပ်တို့ လွှမ်းမိုးမှုကို ဆန္ဒစွဲနှင့်ချဲ့ကား၍လုံးထွေးရေးထားကြောင်းပေါ်လွင်နေသည်။ ဤသဘောမျိုးကို အခန်း(၂)၏ ခေါင်းစဉ်ခွဲ “ ရိုဟင်ဂျာနှင့်အစ္စလာမ်ဘာသာ ” အကြောင်းရေးသောအခါထပ်မံတင်ပြသေးသည်။ သို့သော် “ ၁၇ ရာစုထိ အာရပ်တို့လက်အောက်မှာရှိခဲ့သည် ” မရေးတော့ဘဲ “ အာရပ်တို့သည် ခရစ်ရာစုအစောပိုင်းကာလက (၁၆)ရာစုထိ အရှေ့ဖျားကုန်သွယ်ရေးကို ဦးဆောင်လွှမ်းမိုးခဲ့သည် ” ဟု ရှေ့နောက်မညီရေးပြန်သည်။

ဆရာကြီးဟောလ်ကမူ တရုပ်ပြည်နှင့်အင်ဒိုနီးရှားကျွန်းစုများကြားရေကြောင်းလမ်း၌ အာရပ်များအခြေစိုက်နေထိုင်မှု “ **ဇော်မင်းထွဋ်စကားအရ ကုန်သွယ်ကိုလိုနီ*များရှိခဲ့မှု** ” ကို ဘာအထောက်အထားမျှ မတွေ့ရဟုရေးခဲ့ကြောင်း စာရှုသူတို့တွေ့ခဲ့ရပါပြီ။ ဆရာကြီးက ဆက်လက်၍အာရပ်ပထဝီဆရာများ၏သတင်းပေးချက်များမှာ စိတ်ကူးယဉ်ဆန်ကြောင်း၊မူဆလင်များရောက်ရှိမှုအစောဆုံးအထောက်အထားမှာ “ လေရန် ” ၌တွေ့ရသော အေဒီ ၁၁ ရာစု(သို့) ၁၂ ရာစုခန့်ကရေးထိုးသည့် သင်္ချိုင်းစာဖြစ်ကောင်းဖြစ်မည်ထင်ရကြောင်း၊ သို့သော် အာရပ်(သို့) ပါရှန် တစ်ဦးဦးရောက်ရှိခဲ့သည်ဆိုမှုကို သက်သေမခံနိုင်ကြောင်း တို့ကိုလည်း စာရှုသူတို့ဖတ်ရှုခဲ့ရပါပြီ။

ဆရာကြီးက ဆက်လက်၍ မူဆလင်ကုန်သည်အများအပြားစူမတြာကျွန်းသို့ရောက်ရှိခဲ့ကြောင်းဖော်ပြနိုင်သော အစောဆုံးမှတ်တမ်းမှာ အေဒီ ၁၂၉၂ ခုတွင်ရေးသော အီတလီနိုင်ငံသားမာကိုပိုလို၏ မှတ်တမ်းဖြစ်ကြောင်း အောက်ပါအတိုင်းရေးခဲ့ပါသေးသည်။

> “ မာကိုပိုလိုသည် ၁၂၉၂ ခုတွင် တရုပ်ပြည်မှ အိမ်(အီတလီသို့)ပြန်သောအခါ စူမတြာကျွန်းသို့လည်းပတ်ခဲ့လေသည်။ သူတို့ဦးစွာဝင်ရောက်ခဲ့သောဆိပ်ကမ်းမှာ “ ဖာလက် ” ( **Ferlec / Perlack** ) ဖြစ်သည်။

---

“ ***ကိုလိုနီ** ” ဟူသောစကားလုံးသုံးစွဲမှုကို နောက်ပိုင်းခေတ်အသုံးအနှုန်းနှင့် [ ကိုလိုနီနယ်ပယ်ချဲ့ထွင်သိမ်းယူမှုမျိုးနှင့် ] မရောထွေးဖို့လိုသည်။ ဤနေရာတွင် “ ကိုလိုနီ ” အဓိပ္ပါယ်မှာရောင်းဝယ်ရာအရပ်များတွင် ကုန်သွယ်သူများ၏ အမြဲတေတစ်စုံတစ်ခုသည် မှတ်သုန်ရာသီ [ မိုးရာသီ ] ၌ နောက်ချန်နေရစ်ခဲ့ခြင်းကိုဆိုလိုသည်။ ထိုအမြဲတေသည် ကုန်သွယ်သူများ၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန်၊ အထူးသဖြင့် ဒေသထွက်ကုန်များကို ပြန်လာမည့်သင်္ဘောအုပ်စုများအတွက်စုဆောင်းရန်နောက်ချန်နေရစ်ခဲ့ခြင်းမျိုးဖြစ်သည်။ (စာ–၁၃)

မာကိုပိုလို၏အတွေ့အကြုံအရ မူဆလင်ကုန်သည်မြောက်များစွာတို့သည် " ဖာလက် " သို့ လာရောက်လည်ပတ်ကြလေသည်။ သူတို့သည် တမန်တော်မူဟာမတ်၏ အဆုံးအမနှင့်အညီဒေသခံများကို မူဆလင်ဘာသာသို့ကူးပြောင်းစေခဲ့၏။ ထိုဘာသာပြောင်းမှုကိစ္စသည် စူမတြာ၌စတင်ခါစဖြစ်သည်ဟု မာကိုပိုလိုကဆို၏။ ***သူ၏သတင်းပေးချက်သည်အရှေ့တောင်အာရှ တွင်အစ္စလာမ်ဘာသာကူးပြောင်းစေသည့်ကိစ္စ၌အစောဆုံးသတင်းပင်ဖြစ်လေသည်။(စာ–၂၂၁)***

ဤရေးသားချက်များကို လေ့လာကြည့်လျှင် ဇော်မင်းထွဋ်ပြောလိုရိပ်ရှိသော ရခိုင်အပါအဝင်ဂျာဗား၊ စူမတြာစသော အရှေ့ဖျားဒေသများ၌ အာရပ်တို့ကြီးစိုးမှု၊ ကုန်သွယ်ကိုလိုနီများထူထောင်မှု၊ အစ္စလာမ်သာသနာအမြစ်တွယ်မှုများကို မတွေ့ရချေ။ မာကိုပိုလိုရောက်ခဲ့သောကာလ (အေဒီ ၁၂၉၂) တွင်သာ စူမတြာကျွန်း" ပါလက် "၌ အစ္စလာမ်ဘာသာကူးပြောင်းမှုစတင်ခဲ့ကြောင်းတွေ့ရသည်။

ထို့ကြောင့်အထက်ပါဆရာကြီးဟောလ်၏ ရေးသားချက်များကိုကိုးကား၍ပြောရလျှင် ဇော်မင်းထွဋ်တင်ပြချက်များသည် သူအာမခံခဲ့သကဲ့သို့ " အရှိကိုအရှိအတိုင်း၊ အမှန်ကိအမှန်အတိုင်း "တင်ပြချက်များမဟုတ်ဘဲ၊ ရခိုင်အပါအဝင် အရှေ့ဖျားဒေသများ၌ အာရပ်များ၏အရေးပါမှု၊ အစ္စလာမ်ဘာသာပြန့်ပွားမှုကိုများစွာချဲ့ကားတင်ပြချက်များသာဖြစ်သည်မှာထင်ရှားနေပါသည်။

## အရှေ့ဖျားရောက်ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာ

ဇော်မင်းထွဋ်က အခန်း(၁)တွင် (၁၇)ရာစုထိ [အခန်း(၂)တွင်(၁၆)ရာစုထိ] အရှေ့ဖျားကုန်သွယ်ရေး၌ အာရပ်တို့ကြီးစိုး၍ အစ္စလာမ်သာသနာအမြစ်တွယ်လာသည်ဟုပြောခဲ့သည်။ ထိုကာလမတိုင်မီရာစုများ၌ မည်သည့်အခြေအနေရှိခဲ့ကြောင်းမပြောနိုင်ခဲ့ချေ။ ထိုရာစုများ၌ ယေဘုယျအားဖြင့် အိန္ဒိယယဉ်ကျေးမှုလွှမ်းမိုးခြင်းသာရှိခဲ့လေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာလွှမ်းမိုးခဲ့သည်။

ဤကိစ္စကို ဆရာကြီးဟောလ်က " ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာ၊ရခိုင်၊ထိုင်းပြည်နယ်များ၊ ကမ္ဘောဒီယား တို့၌ အမြင့်ဆုံးယုံကြည်ကိုးကွယ်မှုဘာသာဖြစ်ခဲ့၏။ ဟိန္ဒူဘာသာယုံကြည်မှုသည် မလေးကျွန်းဆွယ်နှင့် အင်ဒိုနီးရှားတွင် ဥရောပ၏ ***အလယ်ခေတ်**** နှောင်းဆုံးကာလ[အေဒီ ၁၄၇၆] အစ္စလာမ်ဘာသာမရောက်မီကပင် ပျောက်ကွယ်ခဲ့ပြီးဖြစ်သော်လည်း ဗုဒ္ဓဘာသာမှာမူ မြန်မာ၊ရခိုင်၊ထိုင်းပြည်နယ်များ၊ကမ္ဘောဒီယားတို့၌ လိုက်လှဲစွာသက်ဝင်ယုံကြည်သော ဘာသာဖြစ်နေခဲ့လေသည်။" ဟု ရေးခဲ့၏။ (စာ–၁၂)

အင်ဒိုနီးရှားကျွန်းများ၌ အစ္စလာမ်ဘာသာမရောက်မီက အိန္ဒိယယဉ်ကျေးမှု(ဗုဒ္ဓဘာသာနှင့်ဟိန္ဒူယဉ်ကျေးမှု) ရောက်ရှိခဲ့ပုံတို့ကို တရုပ်ဗုဒ္ဓဘာသာဘုန်းတော်ဘကြီး ယိကျင့် ( **I-tsing** )၏ မှတ်တမ်းများနှင့် စူမတြာကျွန်းမှတွေ့ရသော ရေးဟောင်းမလေးကျောက်စာ(၄)ချပ်က သက်သေခံနေလေသည်။ အိန္ဒိယယဉ်ကျေးမှုရောက်ရှိလာရခြင်းမှာ မလေး၊အင်ဒိုနီးရှားကျွန်းများနှင့် အိန္ဒိယပြည်၊ သီဟိုဠ်ပြည်တို့ရေကြောင်းသွားလာကုန်သွယ်မှုမပြတ်မလပ်ရှိခဲ့ခြင်းကြောင့်ဖြစ်၏။

ဆရာကြီးဟောလ်က " မလေး၊အင်ဒိုနီးရှားကျွန်းများမှရေကြောင်းကုန်သွယ်သွားလာသူတို့သည် ပြိုင်ဘက်ကင်းသောပင်လယ်ခရီးသွားလာသူများဖြစ်ကြ၏။ သူတို့သည် အိန္ဒိယနှင့်သီဟိုဠ်နိုင်ငံမှ သင်္ဘောသားများအရှေ့တောင်အာရှသို့လာရောက်ကြသကဲ့သို့ ၄င်းတို့နိုင်ငံများသို့အမြဲသွားရောက်ကျက်စားကြ၏ " ဟု ဖော်ပြခဲ့သည်။(စာ–၁၃)

---

" ***အလယ်ခေတ် "** သမိုင်းဆရာများက အလယ်ခေတ်ဆိုသည်မှာ ရိုမန်အင်ပါရာကျဆုံးသောခုနှစ် (အေဒီ ၄၇၆) မှ နောက်ပိုင်းနှစ်တစ်ထောင်အတွင်းကာလ( ၄၇၆–၁၄၇၆) ကို သတ်မှတ်ကြသည်။

ထို့ပြင်ဆရာကြီးက ဒေါက်တာဝိုလ်တာ ( **Dr Wolters** ) ကို ကိုးကားပြီး " စုမတြာကျွန်းအရှေ့တောင်ပိုင်းသည် တရုပ်ပြည်နှင့်အေဒီငါးရာစုကပင်ကုန်သွယ်ရေကြောင်းသွားလာမှုတိုက်ရိုက်ရှိခဲ့ကြောင်း၊ အိန္ဒိယ၊သီဟိုဠ်တို့နှင့်လည်း ကာလကြာမြင့်စွာကပင်ရှိခဲ့ကြောင်း၊ ၄င်းဒေသမှတောင်တရုပ်ပင်လယ်ကိုဖြတ်၍ ရေကြောင်းခရီးသွားခြင်းသည် အင်ဒိုနီးရှား၏ အဦးအဖျားစီးပွားကုန်သွယ်မှုပင်ဖြစ်ကြောင်း" ဆိုခဲ့ပါသေးသည်။ (စာ–၄၇)

တရုပ်မှတ်တမ်းများကို ကိုးကား၍ ဆရာကြီးက " ထင်ရှားသောတရုပ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ယိကျင့် သည် အေဒီ (၆၇၁) တွင် အိန္ဒိယသို့သွားစဉ် စုမတြာကျွန်းမှနိုင်ငံနှစ်ခု [ ၁။မာလာယု/ ယခုဂျမ်ဘီ၊ ၂။ သီရိဝိဇယ/ ယခု ပလမ်ဆန် ] သို့ရောက်ခဲ့ကြောင်း၊ သီရိဝိဇယ၌ သင်္ဃာတစ်ထောင်ကျော်ရှိခဲ့ကြောင်း၊ပြီးလျှင် အိန္ဒိယပြည် နာလန္ဒ ဗုဒ္ဓတက္ကသိုလ်သို့ကြွခဲ့ပြီး၊ ဗုဒ္ဓကျမ်းဂန်များကိုအချိန်ကြာမြင့်စွာလေ့လာခဲ့ကြောင်း၊ ထို့နောက်အေဒီ(၆၈၅)ခုတွင် သီရိဝိဇယသို့ပြန်လာပြီး သက္ကဋဘာသာ ဗုဒ္ဓကျမ်းဂန်များကို တရုပ်ဘာသာသို့ပြန်ဆိုရင်း လေးနှစ်တိုင်တိုင်ကြာခဲ့ ကြောင်း" ရေးခဲ့ပါသည်။ (စာ–၄၈)

တရုပ်မှတ်တမ်းများမှန်ကန်ကြောင်းကို အေဒီ(၆၈၃ မှ ၆၈၆) အတွင်းရေးထိုးခဲ့သော ရှေးဟောင်းမလေး ကျောက်စာလေးချပ်က ထောက်ခံနေသည်ဟုလည်း ဆရာကြီးဟောလ်ကဆိုပါသည်။(စာ–၄၈) ထို့ပြင် ဆရာကြီးက " တရုပ်ဘုန်းတော်ကြီး ယိကျင့်သည် သိရိဝိဇယမှ အိန္ဒိယသို့သွားသောအခါ ပါရှန်ကုန်သည်တစ်ဦးပိုင်သင်္ဘောနှင့် သွားခဲ့ကြောင်း၊ အိန္ဒိယဆိပ်သို့ရောက်ပြီးနောက် ရှေ့ခရီးအတွက် သီရိဝိဇယဘုရင်ပိုင်သင်္ဘောနှင့်သွားခဲ့ကြောင်း" ဆက်လက်ရေးပါသေးသည်။ ထို့ပြင်ဆရာကြီးက " မျက်နှာနှစ်ဖက်ပါအေဒီ (၇၇၅)ခု ထိုးသက္ကဋဂါထာကျောက်စာ တစ်ချပ်ကလည်း သိရိဝိဇယဘုရင်သည် မိမိအင်ပါရာကို မလေးကျွန်းဆွယ်သို့ချဲ့ပြီး မဟာယာန ဗုဒ္ဓဘာသာကိုလည်း ပြန့်ပွားစေခဲ့ကြောင်း၊ ၄င်းကျောက်စာ၌ပင် သီရိဝိဇယကို အေဒီ (၇၇၅)တွင် " ဆိုင်လန်ဒြာ" ( **Sailendra** )မင်းဆက် ဘုရင်တစ်ပါးက အုပ်စိုးနေခဲ့ကြောင်း၊ ၄င်းဘုရင်များသည် ဂျာဗားကျွန်းအစိတ်အပိုင်းများစွာကို ပိုင်စိုးခဲ့ကြောင်း" ရေးခဲ့ပါသည်။ (စာ–၅၂–၅၃) ထို့ပြင်ဆရာကြီးက အနုလက်ရာစံမြောက်မှုကို အမြင့်ဆုံးဖော်ပြနိုင်သော [ ဂျာဗား ကျွန်းအနောက်ဘက်ကမ်း ] ဘိုရိုဘူဒေါ ( **Borobudar**)ပုထိုးတော်ကြီး (အမြင့် ၁၅၀ ပေ) သည် ဆိုင်လန်ဒြာ ဘုရင်များခေတ်၌ တည်ဆောက်ခဲ့သောလက်ရာဖြစ်သည်" ဟုလည်းရေးခဲ့ပါသည်။ (စာ–၅၃)

အိန္ဒိယယဉ်ကျေးမှုတစ်ခုဖြစ်သော " သီဝကိုးကွယ်မှု "( **Saivism** )သည်လည်း အင်ဒိုနီရှား၌ ဗုဒ္ဓဝါဒနှင့် အပြိုင်ထွန်းကားခဲ့၏။ ဂျာဗားကျွန်းအနောက်ဘက်နှင့် အလယ်ပိုင်း၌ (၈)ရာစုတွင် ဗုဒ္ဓဘာသာလွှမ်းမိုးလာသော အခါ သီဝကိုးကွယ်မှုသည် ဂျာဗားကျွန်းအရှေ့ဘက် ဒေသများ၌ ခိုလှုံခဲ့ရသည်။ ရှေးဦးစွာ မာလန် (**Malang** ) ဘုရင့်နိုင်ငံ၊ နောက်ပိုင်းခေတ်တွင် ဆိန်ဂိုဆာရီ (**Singosari** )၌ ထွန်းကားခဲ့၏။ အေဒီ(၇၆၀) ၌ရေးထိုးခဲ့သော သက္ကဋဘာသာကျောက်စာတစ်ချပ်က ဂါဂျာယန (**Gjayana**) အမည်ရှိဘုရင်တစ်ပါးက ဒိုင်နာယာ(**Dinaya** ) ဒေသ၌ [ ဟိန္ဒူပညာရှိ ] အဂါကျ (**Agastya**) ဝတ်ပြုကျောင်းတစ်ခုတည်ဆောက်ခဲ့ကြောင်းမှတ်တမ်းတင်ခဲ့၏။ ဒခ်စ (**Daksa** )ဘုရင် (အေဒီ ၉၁၀–? ၉၁၉)က တည်ဆောက်ခဲ့သည်ဟု ယူဆရသော ပရာမ်ဘာနန် (**Prambanan**) ဒေသမှ ခမ်းနားသော ဗိမာန် ၁၅၆ ခု အနက်အဓိကရ ရှစ်ခုကိုကျွန်ဗိမာန်များဝန်းရံထားဟန် တည်ဆောက်ထား၏။ ၄င်းကျောင်းများအနက် သီဝနတ်ဘုရားကျောင်းသည်အခြားကျောင်းတော်များကိုစိုးမိုးထား ဟန်တည်ရှိ၏။ ဤသီဝကျောင်းတော်၏စင်္ကြံများပေါ်၌ထုဆစ်ထားသော ရုပ်လုံးများသည် ဂျာဗားကျွန်း အနောက် ဖက်ရှိဘိုရိုဗူဒေါပုထိုးတော်ကြီး၌မဟာယနဗုဒ္ဓဝင်ကိုပုံဖော်ထားသကဲ့သို့ပင် ဟိန္ဒူရာမာယနဇာတ်တော်များကိုပုံဖော် ထားနိုင်၏။ဘိုရိုဗူဒေါပုထိုးတော်အငယ်စားပုံသဏ္ဍာန်မျိုးပင်ဖြစ်သည်။ ၄င်းဗိမာန်များကားဖော်ပြခြင်းငှါမစွမ်းနိုင် လောက်အောင်ခမ်းနားသိုက်မြိုက်လှပေသည်။ (စာ ၇၄–၇၅)

" ဆိန်ဒုခ် (**Sindok**)မင်းဆက်သည် အရှေ့ဂျာဗားၺ် အေဒီ ၉၂၇ တွင်စတင်ပြီး ၁၂၂၂ ခုထိရှည်ကြာခဲ့၏။ ဂျာဗားယဉ်ကျေးမှုမြင့်တက်လာပြီး ဟိန္ဒူယဉ်ကျေးမှုအားနည်းလာခဲ့၏။ ဆိန်ဒုခ်အုပ်စိုးစဉ်ကရေးထိုးခဲ့သော ဂျာဗားကျောက်စာများသည် ဂျာဗားယဉ်ကျေးမှုထွန်းကားခဲ့မှုအခြေအနေကိုထင်ရှားစွာညွှန်ပြနိုင်ကြလေသည်။ ဆိန်ဒုခ်မင်းဆက်ဘုရင် ဓမ္မဝံသ (**Darmavamsa, A.D 985-1006**) လက်ထက်၌ သက္ကဋ္ဌဘာသာကျမ်းဂန်များကို ဂျာဗားဘာသာသို့ပြန်ဆိုရန်အားပေးခဲ့၏။ မဟာဘာရတဇာတ်တော်အခန်းအချို့ကို သက္ကဋ္ဌမှ ဂျာဗားဘာသာ စကားပြေပြန်ဆိုနိုင်ခဲ့၏ "(စာ ၇၅–၇၆)

" သီရိဝိဇယနိုင်ငံနှင့် ဆိန်ဒုခ်မင်းဆက်တို့သည် ကာလရှည်လျားစွာပဋိပက္ခဖြစ်ခဲ့ကြသော်လည်း ဆိန်ဒုခ်ဘုရင်အေလန်ဂါ (**Airlanga**)လက်ထက်၊ ၁၀၃၀ ခုခန့်တွင် ပြန်လည်သင့်မြတ်လာကြ၏။ သူ့လက်ထက်၌ ဂျဗားစာပေဖွံ့ဖြိုးခဲ့၏။ ၎င်းလက်ထက်ရေးထိုးသောကျောက်စာများ၌ ဘာသာသုံးမျိုး (မဟာယာနဗုဒ္ဓ၊သီဝဟိန္ဒူဘာသာ၊ ရသေ့မုနိကိုးကွယ်မှု)ရှိကြောင်းဖော်ပြနေ၏။ သို့သော်ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာတို့ထိပ်တိုက်ပဋိပက္ခမျိုးမရှိပေ၊တစ်ခုနှင့်တစ်ခုအပြန်အလှန်ဆက်ဆံမှုမှာနေရာတိုင်း၌ပင်အထူးကောင်းမွန်လှ၏။ "(စာ ၇၈–၇၉)

" အေလန်ဂါဘုရင်နောက်ပိုင်းကာလ၌ ကေဒီရီ (**Kediri**)ခေါ် အင်အားကြီးပြည်နယ်တစ်ခုပေါ်ပေါက်ခဲ့ကြောင်းတရုပ်မှတ်တမ်းများကဆို၏။ ဘုရင် ၁၀ ပါးက ၁၂၂၂ ခုထိအုပ်စိုးခဲ့၏။ဤကေဒီရီခေတ်၌ ဂျာဗားစာပေပန်းမြိုင်သည် ပြိုင်ဘက်ကင်းအောင်ဖူးပွင့်ခဲ့၏။ ဤခေတ်တွင်ကုန်သွယ်မှုမှာ အင်ဒိုနီးရှားတခွင်၌များစွာဖွံ့ဖြိုးခဲ့၏။ အာရပ်တို့နှင့်ကုန်သွယ်မှုမှာကျယ်ပြန့်စွာရှိခဲ့၏။ သူတို့သည် ငရုပ်ကောင်း၊ဇာဒိပ္ဖို၊ လေးညှင်း၊ဟင်းခတ်အမွှေးအကြိုင်ကုန်ပစ္စည်းများဝယ်ယူရန်လာရောက်ကြ၏။ အစပိုင်း၌သူတို့သည် မဟာဗေဒင်ဘာသာသွင်းခြင်းကိစ္စကိုမလုပ်ကြသေးချေ။ ***အာရပ်များလာရောက်သကဲ့သို့ အိန္ဒိယနိုင်ငံ ဂူဂျရတ်ပြည်နယ်မှမဟာဗေဒင်ဘာသာဝင်ကုန်သည်များလည်း အထည်အလိပ်ရောင်းချရန်လာရောက်ကြ၏။ သူတို့သည် မလေးကျွန်းဆွယ်ကိုမဟာဗေဒင်ဘာသာသို့သွတ်သွင်းရန် ၁၃ ရာစုမကုန်ဆုံးမီကာလ၌ စတင်ခဲ့ကြပေသည်။*** "(စာ–၈၀)

ဆရာကြီးဟော်လ်၏စာအုပ်မှ ကောက်နုတ်ခဲ့သောအထက်ပါတင်ပြချက်များကိုချုပ်ကြည့်လျှင် အရှေ့ဖျားဒေသအင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့သည် ခရစ်နှစ်စောစွာကပင် ရေကြောင်းကုန်သွယ်မှုရှိခဲ့ကြောင်းကိုဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာရောက်ရှိထွန်းကားခဲ့မှုက အထင်အရှားသက်သေခံနေသည်။ အပြန်အလှန်အားဖြင့် အင်ဒိုနီးရှားမှ ကုန်သည်များကလည်း ၎င်းနိုင်ငံများသို့ မပြတ်မလပ်ခရီးသွားလာခဲ့ကြကြောင်းပေါ်လွင်နေသည်။ ဖော်မင်းထွဋ်ကြွားလုံးထုတ်ခဲ့သကဲ့သို့ ခရစ်နှစ်အစောပိုင်းကာလမှ (၁၆)ရာစုထိ ပြည်ပကုန်သွယ်ရေးသည် အာရပ်တို့လက်အောက်မှာရှိခဲ့သည်ဆိုခြင်း၊ ရခိုင်ကမ်းခြေအပါအဝင်ကမ်းရိုးတန်းဒေသတွင်ကုန်သွယ်ကိုလိုနီများရှိခဲ့သည်ဆိုခြင်းမှာ မမှန်ချေ။ သာမန်ကုန်သွယ်မှုမျိုးသာရှိခဲ့သည်။

## အာရပ်တို့ရောက်ရှိမှု

အာရပ်တို့သည် ဟင်းခတ်အမွှေးအကြိုင်ကုန်သွယ်ရေးအတွက် အင်ဒိုနီးရှားကျွန်းများသို့ အိန္ဒိယကုန်သည်တို့ကဲ့သို့ပင်ရောက်ခဲ့သည်။ တရုပ်ဗုဒ္ဓဘာသာဘုန်းတော်ကြီးယိကျင့်သည် အေဒီ (၆၇၁)တွင် စူမာတြာကျွန်းမှတဆင့် အိန္ဒိယသို့သွားစဉ် ပါရှန်ကုန်သည်တစ်ဦးပိုင်သင်္ဘောနှင့်သွားခဲ့သည်ဟုဆိုသည်။(စာ–၅၃)

အေဒီကိုးရာစုအလယ်၌ ရေးသောအာရပ်–ပါရှန်ပထဝီဆရာများက ဇာဘဂ် ( **Zabag**)ဒေသမဟာရာဇာ၏ ဘုန်းကြီးမှု၊ ချမ်းသာကြွယ်ဝမှုကို အားပါးတရချီးမွမ်းခဲ့ကြ၏။ ၎င်းသည် **[** စူမတြာ **]** အရှေ့ဘက်ကျွန်းများ၏ ဘုရင်ဖြစ်ပြီး၊ ကာလဟ် (**Kalah**) နိုင်ငံနှင့် သီရိဘူဇ ( **Sribuza**) ကျွန်းတို့ကိုလည်းပိုင်စိုးသည်ဟုရေးခဲ့ကြ၏။ ပထဝီဆရာ မာဆူဒီ ( **Mas'u di**) က အေဒီ ၉၅၅ ခုတွင်ရေးသားခဲ့သောမှတ်တမ်း၌ စူမတြာအရှေ့ပိုင်း သိရိဝိဇယနိုင်ငံတွင်လူဦးရေများစွာရှိ၍ စစ်သည်အင်အားမရေတွက်နိုင်ကြောင်းချဲ့ကား၍ဖော်ပြခဲ့၏။ ၎င်းနိုင်ငံပိုင်နက်၌ ငရုပ်ကောင်း၊လေးညှင်း၊ဇာဒိပ္ဖို၊ ဟင်းခတ်အမွှေးအကြိုင်များထွက်ကြောင်းမှတ်တမ်းတင်ခဲ့သည်။(စာ–၆၅)

အီတလီနိုင်ငံသားမာကိုပိုလိုသည် အေဒီ ၁၂၉၂ ခုတွင် တရုပ်ပြည်မှအိမ်အပြန်ခရီး၌ စုမတြာကျွန်းသို့ ရောက်ခဲ့စဉ် မူဆလင်ကုန်သည်အများအပြားတွေ့ခဲ့ကြောင်းဆိုသည်။ (စာ–၂၂၁)

အာရပ်ပထဝီဆရာတစ်ဦးဖြစ်သူ အိုက်ဗင်ဗတူတာ( **Ibn Batuta** )သည်အေဒီ ၁၃၄၅–၄၆ ၌ စုမတြာမြောက်ဘက်ခြမ်းဒေသများသို့သွားရောက်လည်ပတ်သောအခါ အစ္စလာမ်ဘာသာပြန့်ပွားမှုမှာနှစ်တစ်ရာခန့်ပင်ရှိခဲ့ပြီဖြစ်ကြောင်းမှတ်တမ်းတင်ခဲ့သည်။ (စာ–၉၉)

ပေါ်တူဂီများသည် မာလက္ကာ (**Malacca**)ကို အေဒီ ၁၅၁၁ တွင်သိမ်းယူနိုင်ခဲ့သည်။ သို့သော်အင်ဒိုနီရှား၏ ဟင်းခတ်အမွှေးအကြိုင်ထွက်ရာကျွန်းများ၌ပေါ်တူဂီတို့မရောက်မီအနည်းငယ်စောစွာကပင် အစ္စလာမ်ဘာသာကူးပြောင်းမှုရှိခဲ့ပြီဖြစ်သည်။ (စာ ၂၆၄–၂၆၅)

ဆရာကြီးဟောလ်၏အထက်ရေးသားချက်များကိုချုပ်ကြည့်လျှင် အာရပ်တို့သည် တမန်တော်မူဟာမတ်(အေဒီ ၅၇၀–၆၃၂)မတိုင်မီကပင် အရှေ့ဖျားသို့ (အထူးသဖြင့်တရုပ်ပြည်တောင်ပိုင်းသို့) ရေကြောင်းသွားလာကုန်သွယ်ခဲ့ကြသည်။ တမန်တော်ကွယ်လွန်ပြီးနောက်ပိုမိုအရှိန်မြင့်လာသည်။ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့သည် အင်ဒိုနီးရှားကျွန်းများ၌ ခရစ်နှစ်စောစွာကပင်ထွန်းကားနေပြီဖြစ်သည်။ အေဒီ(၆၇၁)တွင် တရုပ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ယိကျင့်၏ စုမတြာမှတဆင့် အိန္ဒိယသို့သွားသောခရီးကအင်ဒိုနီးရှားသို့ အာရပ်ကုန်သင်္ဘောများရောက်ကြောင်းသက်သေခံနေသည်။ အေဒီ(၁၀)ရာစုတွင် အာရပ်ပထဝီဆရာများရောက်ခဲ့သော်လည်း၎င်းကျွန်းသားများအစ္စလာမ်ဘာသာသို့ကူးပြောင်းခဲ့ကြကြောင်းအထောက်အထားမတွေ့ရချေ။ မာကိုပိုလို၏ အေဒီ(၁၂၉၂)ခု မှတ်တမ်း၌သာ ဘာသာကူးပြောင်းမှုစတင်ခဲ့ကြောင်းတွေ့ရသည်။ အိန္ဒိယနိုင်ငံ ဂူဂျရတ်မှ ကုန်သွယ်ရန်ရောက်လာကြသော မဟာဇေဒင်ကုန်သည်များကသာ ဘာသာကူးပြောင်းမှုကိုစတင်ခဲ့ကြသည်။ ဘာသာကူးပြောင်းမှုသည် ၁၄၊၁၅ ရာစုနှစ်များတွင် ဆက်လက်ရှိနေခဲ့ပြီး(၁၆)ရာစုပေါ်ဂူဂီတို့ရောက်လာချိန်ထိရှင်သန်နေခဲ့သည်။

အထက်၌တင်ပြခဲ့သကဲ့သို့ အေဒီ(၁၃)ရာစုမှစ၍ အင်ဒိုနီးရှား၌ အစ္စလာမ်ဘာသာပြန့်ပွားနေချိန်တွင် ရှေးခေတ်မြန်မာပြည်၊ရခိုင်ပြည်တို့၌ မည်သည့်အခြေအနေရှိနေခဲ့သနည်း။ ဇော်မင်းထွဋ်က “ အရှေ့ဖျား၌အစ္စလာမ်ဘာသာအဖြစ်တွယ်လာသည်။ –––သို့ဖြစ်၍ ရခိုင်ဒေသသို့ ရှေးဦးရောက်ရှိခဲ့သူပါရှား၊အာရပ်––– တို့က ရခိုင်ဒေသကိုလူမျိုးအလိုက်ခေါ်ဝေါ်သောအမည်များရှိခဲ့သည်။” ဟူ၍ လိမ်ညာခဲ့သကဲ့သို့ အမြစ်တွယ်မှု၊အမည်ပေးမှုများရှိခဲ့ပါသလား။ ကျွန်တော်တို့ စိစစ်ကြည့်ရပါမည်။

## မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ပုံ

ရခိုင်အပါအဝင် မြန်မာနိုင်ငံသမိုင်းကို ရေးသားခဲ့ကြသော အနောက်နိုင်ငံသားသမိုင်းဆရာဆာအာသာဖေယာ၊ ဂျီဘီအာဗေ၊ ဒီဂျီအီဟောလ်တို့သည် မြန်မာ၊ရခိုင်ရာဇဝင်ကျမ်းများကိုအခြေခံ၍ ရှေးဟောင်းသုတေသနဌာန၏ တွေ့ရှိချက်များနှင့်ပေါင်းစပ်ကာ သမိုင်းစာအုပ်များ ရေးခဲ့ကြသည်။ မြန်မာနိုင်ငံကျော်စာဝန် ဒေါက်တာဖော်ခင်မာလည်းရခိုင်မှ ရှေးဟောင်းရုပ်ဝတ္ထုအထောက်အထားများကိုသုံးသပ်ပြီး၊ ရခိုင်အကြောင်းမှတ်တမ်းရေးခဲ့သည်။ ၎င်းသမိုင်းသုတေသီတို့မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြ၍ တခြားဘာသာများကိုသုံးသပ်သောအခါ လေ့လာတွေ့ရှိသည့်အတိုင်းဖော်ပြတတ်ကြသည်။ သူတို့က ရှေးခေတ်မြန်မာနိုင်ငံသား ပျူ၊ရခိုင်၊မွန်မြန်မာတို့၏ ကိုးကွယ်မှုနှင့်ပတ်သက်၍ ဘယ်လိုရေးခဲ့ကြပါသလဲ ။

"မြန်မာနိုင်ငံသမိုင်း" ( **History of Burma**)ကို အဦးဆုံးရေးခဲ့သူ ဆာအာသာဖေယာက၊ ရခိုင်ရာဇဝင် (ဆရာငမည်းရာဇဝင်)ကိုအခြေခံ၍၊ အေဒီ(၁၄၆)ခုတွင် ဓညဝတီမြို့တော်၌ စန္ဒသူရိယဘုရင်စိုးစံကြောင်း၊ မဟာမုနိ ရုပ်တုတော်ကိုသွန်းလုပ်ကြောင်း၊ မဟာမုနိဘုရားမှာအလွန်ကျော်စောသောကြောင့် နှစ်ပေါင်းများစွာတန်ခိုးတေဇော် ထွန်းတောက်ခဲ့ကြောင်း၊ စန္ဒသူရိယလက်ထက်၌ ဗုဒ္ဓဘာသာမှာ ရေးကထက်ပိုမိုထွန်းကားလာကြောင်း၊ ဤရုပ်ထု တော်မှစ၍ ရုပ်တုသွန်းလုပ်ပူဇော်မှုအလေ့အထအစပြုခဲ့ခြင်းဖြစ်နိုင်ကြောင်းဆိုပါသည်။ (ဖေယာ ၄၄-၄၅)

ထို့ပြင် ဖေယာက ရခိုင်မှတွေ့ရသော ဝေသာလီခေတ်ဒင်္ဂါးများ၌ပါသော အမှတ်အသား [ နွားလား၊ ခက်ရင်းခွ ] များကိုအခြေခံ၍ ရခိုင်ရာဇဝင်လာ စန္ဒြမင်းဆက်သည် [ နန်းစလေ့၌ ] ဗြဟ္မဏဝါဒထုံးစလေ့အတိုင်း လိုက်နာကြဟန်တူကြောင်း၊ အိန္ဒိယပြည်အရှေ့ဘင်္ဂလားမှ (ဟိန္ဒူ)သေနမင်းဆက်(အေဒီ ၉၈၆-၁၁၄၂)နှင့်ဆက်နွယ် မှု ရှိဟန်တူကြောင်းရေးခဲ့ပါသည်။ (ဖေယာ-၄၅)

ဒေါက်တာဖော်ခင်မာက "မွန်နှင့်ရခိုင်တို့၏ဗုဒ္ဓဘာသာကိုးကွယ်မှုရေးဟောင်းအစဉ်အလာသည် အိန္ဒိယ တောင်ပိုင်း ဗုဒ္ဓဘာသာမဖြစ်နိုင်ချေ။ အိန္ဒိယမြောက်ပိုင်းရေးဟောင်းဗုဒ္ဓဘာသာအကျန်အကြွင်းသာဖြစ်လေသည်။ ၎င်းဘာသာသည် ဂင်္ဂါမြစ်မှ တဆင့် ရခိုင်သို့ရောက်ခဲ့၏။ ထိုကာလ၌ အိန္ဒိယသည် များသောအားဖြင့် ဗုဒ္ဓဘာသာ ယုံကြည်မှုရှိခဲ့သောနိုင်ငံဖြစ်၏။ မွန်နှင့်ရခိုင်တို့သည် အခြေခံဗုဒ္ဓဘာသာပျိုးထောင်မှုကို တစ်ဦးနှင့်တစ်ဦးအဆက် အစပ်မရှိဘဲဆောင်ရွက်ခဲ့ကြ၏။ မဟာမုနိဘုရားမှာရေးဟောင်းမြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်တို့အတွက် အရေးအကြီး ဆုံးသော အမွေအနှစ်အကြွင်းအကျန်များအနက်တစ်ခုဖြစ်လေသည်။" ဟူ၍ ရခိုင်သို့ဗုဒ္ဓဘာသာရောက်ရှိခဲ့ပုံနှင့် မဟာမုနိဘုရား၏အရေးပါပုံကိုမှတ်တမ်းတင်ခဲ့သည်။ (ဖော်ခင်မာ -ရခိုင် ၊စာ-၁)

"မြန်မာနိုင်ငံသမိုင်း"( **History of Burma** )ကိုရေးခဲ့သူဆရာကြီး ဟာဗေကလည်း "ပင်လယ်ရေကြောင်း ဆက်သွယ်ရန်လွယ်ကူခြင်းသည် မြန်မာပြည်အတွင်းပိုင်းထက် ရခိုင်ပြည်သို့ ဗုဒ္ဓဘာသာရောက်ရှိမှုလွယ်ကူစေ၏ မဟာမုနိရုပ်တုတော်ကြီးသည် ခရစ်ရာစုနှစ်အစောပိုင်းကပင်အစပြုတည်ရှိခဲ့ဟန်တူသည်။" ဟုသုံးသပ်ထားပါသည်။ (ဟာဗေ -၁၃၇)

ဆရာကြီးဟောလ်ကလည်း "ဗုဒ္ဓဘာသာသည် မြန်မာပြည်အတွင်းပိုင်းသို့မရောက်မီကပင်ရခိုင်ပြည်သို့ ရောက်ခဲ့ဟန်တူသည်။ မဟာမုနိရုပ်ထုတော်ကြီးမှာ ခရစ်နှစ်အစောပိုင်းကပင်အစပြုတည်ရှိခဲ့ဟန်တူသည်" ဟူ၍ ဟာဗေနှင့်တထပ်တည်းရေးထားပါသည်။(စာ ၄၁၁-၁၂)

ထို့ပြင်ဆရာကြီးဟောလ်က ရေးဟောင်းသုတေသနဌာနအစီရင်ခံစာများ၊ သက္ကတဋ္ဌပါမောက္ခအီအိပ်ချ်ဂျွန်စတန် ( **E.H. Johnston**)၏ စာတန်း ၊ ရေးဟောင်းသုတေသနဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်သော်၏စာတန်းတို့ကို ကိုးကားလျက် မြန်မာ နိုင်ငံမြို့တော်ဟောင်းများတည်ပုံ၊ ဗုဒ္ဓဘာသာရောက်ရှိပုံတို့ကို အောက်ပါအတိုင်း ခြုံငုံတင်ပြထားသေးသည်။

"ပျူမြို့ပြနိုင်ငံများ(**City States**) ဖြစ်သော ဗိဿနိုး၊ဟန်လင်း၊သရေခေတ္တရာတို့ကို အေဒီ ပထမရာစု ဆန်းစကပင်တည်ခဲ့ကြသည်။ ပျူတို့သည် မဟာယာန ဗုဒ္ဓဘာသာ၊ ဟိနယာနဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ရခိုင်ပြည်မှ သက္ကဋ္ဌကျောက်စာများက ရခိုင်၌ စန္ဒြမင်းဆက်တစ်ခုကို မြို့တော်ဝေသာလီ၌ အေဒီ(၃၃၀)နှင့်(၃၆၀) ကြားတွင်တည်ထောင်၍ နှစ်(၂၃၀)ရှည်သည်။ အေဒီ(၈)ရာစုတွင်လည်း ဓမ္မဝိဇယခေါ်မင်းကမင်းဆက်သစ်တစ်ခု ကိုတည်ထောင်ခဲ့သည်။ ဓမ္မဝိဇယ၏မြေးတော်နှင့်သရေခေတ္တရာပျူဘုရင်သမီးတော်တို့ထိမ်းမြားခဲ့ကြသည်။ (စာ- ၁၅၁) ပျူနှင့်ရခိုင်တို့၏ဆက်ဆံရေးအထောက်အထားကပျူနိုင်ငံရောက်မဟာယာနဗုဒ္ဓဘာသာကိုးကွယ်မှုသည်၊ အိန္ဒိယနိုင်ငံ ဘင်္ဂလားဒေသ၊ ပါလမင်းဆက်(အေဒီ ၈၅၀-၁၀၄၀) ဗုဒ္ဓဘာသာမျိုးဖြစ်ကြောင်းအထောက်အထားပင် ဖြစ်သည်။(စာ ၁၅၄-၅) ဆက်လက်၍ ဆရာကြီးက "မွန်တို့၏ ဟံသာဝတီ(ပဲခူး)ကို အေဒီ (၈၂၅) တွင် တည် ထောင်၍ မြန်မာမြို့တော်ပုဂံကို အေဒီ(၈၄၉)ခန့်တွင်တည်မည်" ဟု မှန်းဆပြောပါသည်။ (စာ-၁၅၆)

၁၉၇၆ ခုနှစ်က “ ရှေးဟောင်းရခိုင်ပြည် ( **Anciant Arakan** )ကျမ်းဖြင့် ပါရဂူဘွဲ့ယူခဲ့သော သြစတြေလျသူ ပန်မီမာဂတ်မန် ( **Pamela Gutman** )ကလည်း မဟာမုနိဘုရား၏ ရှေးကျပုံ၊ တန်ခိုးကြီးပုံကို “ မဟာမုနိသိမ်တော်သည် ရခိုင်ပြည်နယ်၌ ရှေးအကျဆုံးနှင့် ကြည်ညိုခြင်းအခံရဆုံးသောနေရာဖြစ်၏ --- ပတ်ဝန်းကျင်တိုင်းပြည်များမှ ဘုရင်များကဆုအဖြစ်ရလိုသောတန်ခိုးကြီးဘုရားဖြစ်၏။ ဤဘုရားသည် ဗုဒ္ဓဘာသာလောကမှ ဘုရားဖူးများ၏ ရည်မှန်းချက်တစ်ခုဖြစ်လေသည်။” ဟူ၍ မှတ်တမ်းတင်ခဲ့လေသည်။ (၄င်းကျမ်း–စာ ၁၈၈)

မြန်မာနိုင်ငံသမိုင်းပညာရှင် ဒေါက်တာသန်းထွန်းသည် “ခေတ်ဟောင်းမြန်မာရာဇဝင်(၁၉၆၄)” ကျမ်း၌ပျူ၊ ရခိုင်၊မွန်၊မြန်မာတို့၏ ရှေးဟောင်းသမိုင်းကိုသုတေသနပြုရေးခဲ့ပါသည်။ ရခိုင်ဝေသာလီခေတ်၌ ဗုဒ္ဓဘာသာထွန်းကားခဲ့ပုံကို ဤသို့သုံးသပ်ထားသည်။

“--- အများအားဖြင့် ခြောက်ရာစုရှစ်ရာစုထိ ရခိုင်ကျောက်စာတို့ကို သက္ကတဖြင့်ရေးထိုးပါလျက် ယခုကျောက်စာ [ ဝေသာလီမြို့တော်ဟောင်းဘုရားကြီးကုန်းကျောက်စာ ] ကိုပါဠိနှင့်ရေးထိုးထားခြင်းကဆန်းသည်။ ထူးခြားသည်ဟုဖော်ပြလျက်ရှိသည်။ မဟာယာနလွှမ်းမိုးနေသော်လည်း ဟီနယာနလည်းရှိသည်ဟုဖော်ပြခြင်းဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ”(စာ –၆၇)

ပုဂံခေတ်အစောပိုင်း (အနော်ရထာမတိုင်မီ)ကာလမြန်မာတို့၏ ဗုဒ္ဓဘာသာကိုးကွယ်မှုအခြေအနေကိုလည်း ဆရာကြီးကအောက်ပါအတိုင်းကောက်ချက်ချခဲ့ပါသည်။

“ --- (မြန်မာတို့သည်) မြန်မာနိုင်ငံ၏ မြေပြန့်အရပ်သို့ အေဒီ(၉)ရာစုလယ်တွင်ဝင်ရောက်ချိန်မှစ၍ ဗုဒ္ဓဝါဒီများဖြစ်ကြသော ပျူနှင့်မွန်တို့ကို တွေ့လျက် ကူးလူးဆက်ဆံမိပြီဖြစ်သောကြောင့် ထိုအချိန်နှင့်မရှေးမနှောင်းပင် မြန်မာတို့ ဗုဒ္ဓဝါဒီများဖြစ်လာနိုင်ပါသည်။” --- ပုဂံမှ ဖက်လိပ်ဘုရားနှစ်ဆူမှာရှေးဟောင်းသုတေသနဆရာတို့အယူအားဖြင့် အနိရုဒ္ဓခေတ်ထက်စောသည်ဟုဆိုသဖြင့်လည်း၊ အနိရုဒ္ဓသထုံကိုမသိမ်းမီကပင် မြန်မာတို့ ဗုဒ္ဓဘာသာဝင်များဖြစ်နေပြီဟု ယူဆရပါသည်။” (စာ–၁၉၈)

သမိုင်းသုတေသီတို့၏အထက်အဆိုများကို ချုပ်ကြည့်လျှင် မြန်မာနိုင်ငံသို့ဗုဒ္ဓဘာသာရောက်ရှိမှုသည် ခရစ်နှစ်အစောပိုင်းကပင်စတင်ခဲ့ကြောင်းတွေ့ရသည်။ ပျူ၊ရခိုင်၊မွန်၊မြန်မာအားလုံးပင် ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ခဲ့ကြသည်။ ရခိုင်သည် အိန္ဒိယနှင့်ပိုမိုနီးစပ်သောကြောင့်၊ မြန်မာနိုင်ငံအတွင်းပိုင်းထက် ဗုဒ္ဓဘာသာရောက်ရှိမှုစောနိုင်သည်။ အိန္ဒိယမြောက်ပိုင်း ဗုဒ္ဓဘာသာမျိုးဖြစ်သည်။ မဟာယာနနှင့်ဟီနယာနဗုဒ္ဓဘာသာနှစ်မျိုးလုံးကိုတွေ့ရသည်။ ရခိုင်ရာဇဝင်၌ စန္ဒသူရိယမင်းသွန်းလုပ်သည်ဆိုသော မဟာမုနိရုပ်တုတော်ကြီးသည် မြန်မာဗုဒ္ဓဘာသာဝင်တို့အဖို့အရေးကြီးသောရှေးဟောင်းအမွေအနှစ်ဖြစ်သည်။

သမိုင်းပညာရှင်တို့၏ “ အရှိကိုအရှိအတိုင်း ” တင်ပြချက်များကိုကြည့်လျှင်ရှေးခေတ်မြန်မာနိုင်ငံ၌ “ ***ဗုဒ္ဓဘာသာထွန်းကားအမြစ်စွဲမှု*** ”ကိုသာတွေ့ရသည်။ ဇော်မင်းထွဋ်ရှုလုံးထွေးလှည့်ပတ်ပြောသော “***အစ္စလာမ်ဘာသာအမြစ်တွယ်မှု*** ” မျိုးကိုမတွေ့ရချေ။

သို့သော်အစ္စလာမ်ဘာသာအတွက်ရှေ့နေ ဝင်လိုသေးလျှင်သက်သေခံစရာသဲလွန်စတစ်ခုတော့ရှိသေးသည်ဟု ဇော်မင်းထွဋ်အားသတင်းပေးလိုက်ပါမည်။ ထိုသဲလွန်စမှာ “ ဗျတ္တပုံပြင် ”ဖြစ်ပါသည်။ သမိုင်းဆရာကြီး ဟာဗေက ပုဂံရာဇဝင်၌ စိတ်ဝင်စားဖွယ်ဇာတ်လမ်းတစ်ခုဖြစ်သော ဗျတ္တအကြောင်းကိုသာရှားရှားပါးပါးတွေ့ရသော မဟာမေဒင်ဘာသာဝင်တစ်ဦးအဖြစ်ဖော်ပြခဲ့သည်။ “ ဗျတ္တသည်မနူဟာမင်းလက်ထက်၌ သင်္ဘောပျက်၍သထုံသို့ရောက်ကြောင်း၊ယင်းမှတဆင့် ပုဂံသို့ရောက်ကြောင်း၊ ပုဂံနန်းတွင်းသူများအတွက် ပုပ္ပါးတောင်သို့နေ့စဉ်သွား၍ စံကားပန်းများခူးပေးရကြောင်း ” ဖော်ပြထားပါသည်။ (ဟာဗေ–၂၄)

ဤ "ဗုဒ္ဓပုံပြင်" အထောက်အထားဖြင့်ရှေးခေတ်မြန်မာနိုင်ငံသို့ အစ္စလာမ်ဘာသာရောက်ရှိကြောင်းသက်သေပြပါကလည်း၊မြန်မာနိုင်ငံသမိုင်းပညာရှင်လည်းဖြစ်၊ မူဆလင်တစ်ဦးလည်းဖြစ်သူ ဆရာကြီး ဗိုလ်မှူးဘရှင်၏ အောက်ပါမှတ်ချက်စကားကိုသုံးပြီးကန့်ကွက်ပယ်ချခံရမည်သေချာသည်။ ဆရာကြီးက "အစ္စလာမ်ဘာသာနှင့် ဗုဒ္ဓဘာသာမြန်မာနိုင်ငံတို့ ပင်လယ်ရေကြောင်းဖြင့်ဆက်နွယ်နေမှုမှာမပြောပလောက်ချေ။ အေဒီ ၁၀ ရာစု၌ အာရပ်နှင့်ပါရှန်တို့သည် အန်ဒမန်ကျွန်းမှလွဲ၍ စူမတြာကျွန်းဆိပ်ကမ်းများ၏ မြောက်ဘက်ဒေသများကိုအနည်းငယ်မျှသာ သိခဲ့ကြသည် "ဟု ဆိုခဲ့သည်။ ( **Moshe Yegar, The Muslims of Burma , 1972, P-3** )

သို့ဖြစ်၍ ဇော်မင်းထွဋ်က "အရှေ့ဖျား၌ အစ္စလာမ်ဘာသာအမြစ်တွယ်လာသည်။--- သို့ဖြစ်၍ ရခိုင်ဒေသသို့ ရှေးဦးရောက်ရှိခဲ့သူပါရှား၊အာရပ်---" စသည်ဖြင့် အစ္စလာမ်ဘာသာအမြစ်တွယ်သည်ဆိုသောအရှေ့ဖျား၌ ရခိုင်ပြည်ပါသယောင်ယောင်လုံးထွေးပြောခဲ့သော်လည်း၊ရှေးခေတ်ရခိုင်ပြည်သို့အစ္စလာမ်ဘာသာရောက်ခဲ့သည်၊ အာရပ်၊ပါရှန်များရောက်ခဲ့သည်ဟုမည်သည့်သမိုင်းသုတေသီမျှမပြောကြချေ။ ဇော်မင်းထွဋ်ကသာ ဆန္ဒစွဲဖြင့် မိမိလိုရာဆွဲ၍ ချဲ့ကားကြွားဝါပြောဆိုခြင်းသာဖြစ်ပေသည်။

အထက်တင်ပြချက်တို့ကား အခန်း(၁)၊ ဒုတိယပိုင်း "ရိုဟင်ဂျာအမည်ပေါ်ပေါက်လာပုံ" မှ ဇော်မင်းထွဋ်၏ ကြွားဝါထားမှုကိုဖော်ထုတ်တင်ပြခြင်းများဖြစ်ပါသည်။ ဆက်လက်၍ ၎င်းခေါင်းစဉ်အောက်၌ပင် ***ဒုတိယအချက်*** ဖြစ်သော ရမ်းဗြဲကျွန်း၌ သင်္ဘောပျက်၍အာရပ်များရောက်ရှိပုံတင်ပြချက်ကိုစိစစ်ကြည့်ကြပါမည်။

## အာရပ်သင်္ဘောပျက်ပုံပြင်

"အာရပ်သင်္ဘောပျက်ပုံပြင်" ကို "ရိုဟင်ဂျာအမည်ခံသမိုင်းဆရာ အဗ္ဗဒူဂါဖာရ်၊ အမ်၊အေ၊တဟီးရ်ဘာသာတို့က ယခင်ရေးခဲ့ဖူးပါသည်။ ၎င်းပုံပြင်ကိုပင်ဇော်မင်းထွဋ်ကအောက်ပါအတိုင်းတင်ပြထားသည်-

"---အာရပ်မှတ်တမ်းတွင် **Mulk-Rahmi** ဟူ၍ရေးသားပါရှိသည်။--- ကမ္ဘာကအသိအမှတ်ပြုထားသည့်အာရပ်လူမျိုး ပထဝီဆရာ သမိုင်းဆရာများဖြစ်ကြသော **Ibn Khurdabih , Masudi, Yacut, Sulai Maan** စသည့် တို့၏ မှတ်တမ်းများတွင်တွေ့ရခြင်းဖြစ်သည်။-- ပါရှားတို့အခေါ်အဝေါ် **Recon** မှ **Arakan** ဖြစ်နိုင်သည်။ --- အာရပ်လူမျိုးပထဝီဆရာ **Potolomy** ရေးသားသည့်မှတ်တမ်းတွင် **Argyre** ဟုတွေ့ရပြီး **Sir Authir Phyre** က၎င်းသည် ရခိုင်ဒေသတွင် ယခင်ခေတ်က **Orgyre** ဘီလူးများတွေ့ရှိခဲ့ရ၍ ၎င်းနှင့် ဆက်နွယ်ကြောင်းဖြစ်နိုင်သည်ဟုရေးထားကြောင်း **Dr Kamiungo** ကရှင်းလင်းရေးသားထားသည်။ **Mulk Rahmi** ဆိုသောအဆိုနှင့်ပတ်သက်၍ သမိုင်းဆရာများကစိတ်ဝင်စားစွာလေ့လာပြီးအောက်ပါအတိုင်းမှတ်ချက်ချထားကြောင်းတွေ့ရသည်။

အေဒီ(၈) ရာစုတွင် ဝေသာဠီ မဟာထိုင်စန္ဒြမင်းလက်ထက်ရခိုင်ကမ်းရိုးတန်း၌ မုန်တိုင်းဒဏ်ကြောင့် အာရပ်ကုန်သည်သင်္ဘောများပျက်စီးခဲ့ရာသင်္ဘောသားများရခိုင်ကမ်းခြေကျွန်းတစ်ကျွန်းပေါ်သို့ရောက်ရှိခဲ့ရသည်။ ကျွန်းသားများက ကူညီစောင်မ၍ရခိုင်ဒေသတွင် အခြေစိုက်နေရာချပေးခဲ့သည်ကိုအာရပ်တို့က အားရကျေနပ်ပြီးထိုကျွန်းကို ရဟာမ်းဗြဲ (ကူညီစောင်မမှုရှိသောကျွန်း) ဟုအမည်ပေးခဲ့သည်။ ထိုအာရပ်တို့သည် ရခိုင်ဒေသတွင် အခြေချနေထိုင်လာရာ အစ္စလာမ်သာသနာသည် ၎င်းတို့မှတဆင့်မြန်မာပြည်မသို့ပြန့်ပွားခဲ့သည်။" (စာ-၁၄)

ဇော်မင်းထွဋ်၏အထက်တင်ပြချက်၌ **Mulk Rahmi** ဟူသောဒေသအခေါ်တစ်ခုကို အာရပ်ပထဝီဆရာ သမိုင်းဆရာများကဖော်ပြခဲ့သည်ဟုရေးပြီး၊ ရခိုင်ပြည် ရမ်းဗြဲကျွန်း၌ အာရပ်သင်္ဘောပျက်ဇာတ်လမ်းနှင့်မဆီမဆိုင် အမြီးအမောက်မတည့်ဆက်စပ်ပြခဲ့သည်။ သူ့အာဘော်မှာ "ဝေသာဠီ မဟာထိုင်းစန္ဒြမင်းကြီးလက်ထက် ရခိုင်ကမ်းရိုးတန်း၌ မုန်တိုင်းဒဏ်ကြောင့် အာရပ်သင်္ဘောပျက်၍ အာရပ်များရမ်းဗြဲကျွန်းသို့ရောက်ရှိအခြေစိုက်ခဲ့သည်။ အစ္စလာမ်သာသနာရခိုင်နှင့်မြန်မာပြည်မထိပြန့်ပွားခဲ့သည်။" ဟုပြောလိုခြင်းဖြစ်သည်။

သူ့တင်ပြချက်မှာ **Mulk Rahmi** ဟူသောဒေသအခေါ်ကို မစီစစ်ပဲ " အာရပ်သင်္ဘောပျက်ပုံပြင်ကိုသာ စိစစ်ကြပါမည်။ **Mulk Rahmi** အခေါ်အဝေါ်ကို ဇော်မင်းထွဋ်က အခန်း(၁)၊ ဒုတိယပိုင်း၊တတိယတင်ပြချက် အဖြစ် ထပ်မံတင်ပြထားသောကြောင့် ၄င်းအခန်းရောက်မှသာ စီစစ်သွားကြပါမည်။

ဤပုံပြင်ကိုအထက်၌ရေးခဲ့သကဲ့သို့ အဦးအဖျားတင်ပြသူများမှာ မစ္စတာ ဂါဖာရ်နှင့် အမ်၊အေ၊ဘဟီးရ်ဘာသာ တို့ဖြစ်သည်။ မစ္စတာဂါဖါရ်က ဩဂုတ်လ(၂၀)၊ ၁၉၅၁ ခုထုတ်ဂါဒီယန်သတင်းစာတွင် ရိုဟင်ဂျာသမိုင်းလိမ်တစ် ခုကို ရေးသားတင်ပြခဲ့သည်။ ဘာသာ (ဘူးသီးတောင်) ကလည်း ၁၉၆၀ မေလထုတ် ဂါဒီယန်မဂ္ဂဇင်းတွင် ၄င်းသမိုင်း လိမ်ကိုပင်တိုးချဲ့တင်ပြခဲ့သည်။ ယခုဇော်မင်းထွဋ်က ရိုဟင်ဂျာရှေးဦးသမိုင်းဆရာနှစ်ဦး၏ဓာတ်ပြားဟောင်းကိုပြန် လည်ဖွင့်ပြခြင်းဖြစ်သည်။

ရိုဟင်ဂျာသမိုင်းကို အဦးဆုံးရေးသူ မစ္စတာဂါဖာရ်သည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ပါလီမန် အမတ် တစ်ဦးဖြစ်သည်။ ဘူးသီးတောင်၊မောင်တောမြို့နယ်များမှ မူဆလင်များကို လူနည်းစု တိုင်းရင်း သားလူမျိုးများ ၏နိုင်ငံရေး ရပိုင်ခွင့်ဖြစ်သော " ပြည်နယ်ထူထောင်ခွင့် ' ရလို၍ "မိမိတို့မှာတိုင်းရင်းသားမူဆလင်များ ဖြစ်ပါသည်" ဟူသော သမိုင်းသစ်တစ်ခုကိုကြံဖန်တင်ပြခဲ့သူဖြစ်သည်။

သူက " မောင်တောခရိုင်၌နေထိုင်ကြသူများမှာ အေဒီ (၇)ရာစုနှင့်(၈)ရာစုနှစ်များက အခြေစိုက်နေထိုင်ခဲ့ ကြသော အာရပ်ကုန်သည်တို့မှ တိုက်ရိုက်အဆက်အနွယ်များဖြစ်ကြပြီး၊ အိန္ဒိယ၊ပါကစ္စတန် နိုင်ငံသားများနှင့်လုံးဝ ဆက်သွယ်မှုများမရှိကြောင်း၊---- အာရပ်ကုန်သည်များနှင့်စစ်သည်တော်များသည် ရခိုင်ပြည်အား သင့်တင့် လျှောက်ပတ်သောနယ်ပယ်သစ်တစ်ခုအနေဖြင့်ရှာဖွေတွေ့ရှိလာကြကြောင်း၊ အရေအတွက်အားဖြင့်မများလှသော ဒေသခံအကြီးအကဲများကလည်းထိုအာရပ်ခရီးသည်များကို ၄င်းတို့အားရာထူးဌာနန္တရပေး၍လည်းကောင်း၊ အဆင့် မြင့်ဘုရင့်ဆွေမျိုးတော်များ၊သာမန်အရပ်သားများနှင့်လက်ထပ်ထိမ်းမြားခြင်းဖြင့်လည်းကောင်းခွင့်ပြုခဲ့ကြကြောင်း၊ ထိုအာရပ်တို့၏အဆက်အနွယ်များသည် ရခိုင်ပြည်သူလူထုထဲသို့ ရိုဟိန်းဂျာခေါ် ရှေးရိုးစွဲမူဆလင်များအဖြစ် ပြန့်နှံ့ သွားကြကြောင်း၊ ၄င်း၏အစ္စလာမ်ဘာသာသည်လည်း ရခိုင်ပြည်၌(၇)ရာစုမှစတင်အမြစ်တွယ်ခဲ့ပြီး(၇၈၈)အေဒီ မှစတင်၍ ရှင်သန်နေခဲ့ကြောင်း" တင်ပြခဲ့သည်။ ( **Phaw Zan, Sudetan Muslims, The Guardian, 6th September, 1950** )

မစ္စတာဂါဖားရ်သည် အထက်ပါတင်ပြချက်ကို အရေးပိုင် မစ္စတာစမတ် ( **R,B Smart** )၏ စစ်တွေခရိုင် ဂျေဇက်တီးယားအတွဲ(က) **(Burma Grazetteer, Akyab Distrect , Vol.(A)** မှရခဲ့သည်။ ၄င်းစာအုပ်စာ(၁၉) တွင် စမတ်က " အေဒီ ၇၈၈ ခုတွင် မဟာတိုင်းစန္ဒြဘုရင်ထီးနန်းဆက်ခံ၍ ယခင် ရမ္မာဝတီမြို့တော်ဟောင်းနေရာ တွင် မြို့တော်သစ်ကိုထူထောင်ပြီး ၂၂ နှစ်တိုင်စိုးစံပြီးမှ လွန်တော်မူသည်။ ၄င်းဘုရင်လက်ထက်၌ ရမ်းဗြဲကျွန်းတွင် သင်္ဘောများစွာပျက်ခဲ့ရာ၊ မဟာဇေဒင်ဟုဆိုသော သင်္ဘောသားများကိုရခိုင်ပြည်မသို့ပို့ပေးခဲ့၍ ရွာများ၌အခြေချနေ ထိုင်ခဲ့ကြ၏။" ဟုဖော်ပြခဲ့သည်။ဤဖော်ပြချက်ကို ရိုဟင်ဂျာသမိုင်းသစ်အတွက် ဇာတ်လမ်းအစအဖြစ်အသုံးချပြီး အနည်းငယ် ချဲ့ထွင်တင်ပြခဲ့ခြင်းဖြစ်သည်။

ဤဇာတ်လမ်းကိုပိုမိုပီပြင်ပြင်ဖြစ်အောင် အမ်အေဘဟီးရ်ဘာသာက ဂါဒီယန်မဂ္ဂဇင်း(၁၉၆၀၊မေလထုတ်) ၌ တင်ပြခဲ့ပြန်သည်။သူ့တင်ပြချက်ကိုပင်ဘာသာပြန်ပြီး " ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်(ရမည)မှ ၁၉၆၀၊ ဒီဇင်ဘာလရက်စွဲဖြင့် စာအုပ်ငယ်အဖြစ်ထုတ်ဝေခဲ့သည်။

ဘာသာသည် မိမိတင်ပြချက်၌ ရိုဟင်ဂျာလူမျိုးသစ်ကို အာရပ်အဆက်အနွယ်ဟုပြလို၍ " တမန်တော် မူဟာမတ် "၏သမက်တော် " ဟာဇရက်အလီ ( **Hazrat Ali** ) နှင့်ဆက်စပ်ပြသည်။ အလီ၏သား " မိုဟာမတ် ဟနိဖ့် "( **Mohammad Hanif** ) သည် ခေါင်းဆောင်မှုလုကြရာမှ စစ်ရှုံး၍ ရခိုင်ပြည်နယ် ဝေသာလီမြို့တော်၌

ခိုလှုံနေထိုင်ခဲ့သည်ဟုဆိုသည်။ ထိုမှတဆင့် မောင်တောနှင့်ဘူးသီးတောင်နယ်ခြားမယူတောင်တန်းဒေသနေ လူသားစားလူမျိုးများ၏ဘုရင်မ " ကိုယာပူရီ" (**Koyapuri** ) ကိုစစ်နိုင်၍ အစ္စလာမ်ဘာသာသို့သွတ်သွင်းပြီး ၄င်းဒေသတွင်သက်ဆုံးတိုင်နေထိုင်သွားကြသည်။– ဟု ဇာတ်လမ်းတွင်ရေးပြီး သဘော်ပျက်ဇာတ်လမ်းနှင့်အချိတ်အဆက်မိအောင်အောက်ပါအတိုင်းဆက်လက်ရေးသည်။

" ဗြိတိသျှဘားမားဂေဇက်တီးယားအတွဲ ၂ နှင့်ဘားမားဂေဇက်တီးယား ရခိုင်တိုင်း အတွဲ(က)" များတွင် ခစ်သက္ကရာဇ် ၇၈၈ ခုနှစ်တွင် ***ဝေသာလီပြည်*** ၌ မဟာတိုင်းချန္ဒရား ဘုရင်နန်းတက်၍ ယခင်ရာမဝတီမြို့ဟောင်းနေရာ၌ မြို့တော်သစ်ကို တည်ထောင်ပြီးနောက် ၂၂ နှစ်တိုင်တိုင်စိုးစံပြီးမှကွယ်လွန်သည်။ ၄င်းစိုးစံချိန်အတွင်း၌ "ရမ်းဗြဲကျွန်း" တွင်ကုန်သဘော်များစွာပျက်စီးဖူးလျက် ***အာရပ်သို့မဟုတ်မူးလူမျိုး*** ဆိုသောသဘော်သားများအား ***ဝေသာလီပြည်ဖြစ်သည့်ရခိုင်ပြည်မသို့*** ပို့ဆောင်ပေးခဲ့သည်။"

ဘသာတင်ပြချက်၌ စာလုံးမည်းပြထားသောပုဒ်များမှာမူရင်းစာအတိုင်းမဟုတ်ပဲ မိမိလိုရာ(အာရပ်သို့မဟုတ်မူး၊ဝေသာလီပြည်ဖြစ်သည့် ရခိုင်ပြည်မ)စကားလုံးများဖြင့်ချဲ့ကားရေးသားထားချက်များဖြစ်သည်။ မိမိ၏ထွင်လုံး " ဟာဇရပ်အလီ၊မိုဟာမတ်ဟနိဖ်" –စသော တော်ဝင်အာရပ်များနှင့်သဘော်ပျက်မှအသက်ရှင်သူများကို ချိတ်ဆက်ပြလို၍ချဲ့ကားရေးထားခြင်းဖြစ်သည်။

ထို့ပြင်ဘသာကဆက်လက်၍" ရခိုင်ပြည်ဘုရင်သည်၄င်းတို့ (သဘော်သားတို့)အား အဘက်ဘက်တွင်ပင် ကြည့်ရှုစောင့်ရှောက်ထားခဲ့၏။–––၄င်းတို့သည် နေရင်းဒေသ အာရေဗျပြည်သို့မပြန်ကြတော့ဘဲ ကျေးရွာများ၌ပင် အိုးအိမ်တည်ထောင်ကြလေသည်။––– ၄င်းတို့သည် ဗလီဝတ်ကျောင်းများတည်ဆောက်ကြလျက် သာသနာပြုလုပ်ငန်းများကိုစတင်လုပ်ခဲ့ကြ၏။ ထိုအချိန်မှစ၍ အစ္စလာမ်ဘာသာမှာ ရခိုင်ပြည်၌အခြေစိုက်ကာထွန်းကားခဲ့လေသည်။ မြန်မာပြည်တွင်အထက်ဖော်ပြခဲ့သောအာရပ်လူမျိုးများမှဆင်းသက်လာသည့်၄င်းမွတ်ဆလင်များအား "ရိုးဝှန်ညှာ" ဟုခေါ်ဆိုရာ၊ ၄င်းမှာအခွင့်အရေးပေးခြင်းဟူ၍ အဓိပ္ပါယ်ရလေသည်" ဟု ဇာတ်လမ်းထွင်ကာရေးသားခဲ့သည်။

ဘသာ၏ရည်ရွယ်ချက်မှာအဘယ်နည်း။မစ္စတာဂါဖာရ်ကဲ့သို့မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များကို "ရိုဟင်ဂျာပြည်နယ်" ထူထောင်လိုခြင်းဖြစ်သည်။ ၄င်းဒေသနေလူများစု (မောင်တော၌ ၉၆%၊ ဘူးသီးတောင်၌ ၈၅%) ဘင်္ဂါလီမူဆလင်များကို ၊ရှေးဝေသာလီခေတ် မဟာတိုင်းစန္ဒရားမင်းလက်ထက်ကပင်ရှိခဲ့သောအာရပ်အနွယ်မူဆလင်များဖြစ်လေဟန် ၊ရခိုင်တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်လေဟန်သက်သေထူတင်ပြလိုခြင်းဖြစ်လေသည်။ ဤတင်ပြချက်မျိုးကို ၁၉၅၁ ခုနှစ်မှစ၍ယခုဇော်မင်းထွဋ်စာအုပ်ရေးသည့် ၂၀၀၁ ခုထိ ရိုဟင်ဂျာအမည်ခံစာရေးဆရာများက နှစ်ပေါင်းငါးဆယ်ကျော်ကြိုးစားပမ်းစားတင်ပြခဲ့ကြသည်။ သို့သော် သမိုင်းဟူသည် မိမိလိုရာဆွဲ၍ရေးချင်တိုင်းရေး၍မရပါ။ အထောက်အထားအခိုင်အမာတင်ပြနိုင်မှသာ အများနှစ်သက်လက်ခံကြမည်ဖြစ်ပါသည်။

***ယခုဇော်မင်းထွဋ်တင်ပြသော " သဘော်ပျက်ပုံပြင် " သည် ရိုဟင်ဂျာလူမျိုးဖြစ်ပေါ်လာမှုအတွက် သက်သေအထောက်အထားအခိုင်အမာမပြနိုင်သောဝတ္ထုစာအုပ်မျိုးသာဖြစ်သည်။ ဇော်မင်းထွဋ်ကိုယ်တိုင်မိမိစာအုပ်အမှာစာ၌ " သမိုင်းဟူသည်ခေတ်အကြိုက်ဝတ္ထုမျိုးမဟုတ် သဖြင့် ၊အကြောင်းအချက်ကို အခြေခံ၍ရေးသားရသည် "ဟုရေးခဲ့သည်မဟုတ်ပါလား။ ယခု " သဘော်ပျက်ပုံပြင် " လည်းဇော်မင်းထွဋ် ဖြစ်စေချင်သော " အစ္စလာမ်ဘာသာအမြစ်တွယ်မှု၊ ရိုဟင်ဂျာ လူမျိုးသစ် သန္ဓေတည်မှု၊ရိုဟင်ဂျာပြည်နယ် ထူထောင်လိုမှု၊ ရိုဟင်ဂျာလူမျိုးမှတဆင့် အစ္စလာမ်ဘာသာ မြန်မာပြည်သို့ပြန့်နှံ့မှု " များအတွက် ခိုင်လုံ ယုတ္တိရှိသောအကြောင်းအချက်များကိုမပေးနိုင်ပါ။ သို့ဖြစ်၍သာ မြန်မာနိုင်ငံသမိုင်းကျမ်းများကိုရေးခဲ့ ကြသူပညာရှင်တို့က၊မစ္စတာစမတ်၏ စစ်တွေခရိုင် ဂေဇက်တီးယားစာအုပ်ပါ " သဘော်ပျက်ပုံပြင် " ကို မိမိတို့ကျမ်းအသီးသီး၌ထည့်သွင်းခြင်းမပြုခဲ့ကြခြင်းဖြစ်လေသည်။***

ဇော်မင်းထွဋ်၏ " အာရပ်သင်္ဘောပျက်ပုံပြင် " ကို စိစစ်ပြီးနောက် ဆက်လက်၍ အခန်း(၁) ဒုတိယပိုင်း "ရိုဟင်ဂျာအမည်ပေါ်ပေါက်လာပုံ" ခေါင်းစဉ်အောက်မှ ***တတိယအချက်*** ဖြစ်သော " ရမ်းဗြဲသင်္ဘောပျက်မှ အာရပ်များက ရခိုင်ဒေသကို **Rahmi** နိုင်ငံခေါ်ပုံ၊ ထိုမှတဆင့် ရိုဟင်ဂျာအမည်ဖြစ်ပေါ်လာပုံ " အချက်ကို စိစစ်ကြည့်ကြပါမည်။

သူက " ––– ထိုရမ်းဗြဲကိုအခြေပြု၍ ရခိုင်ဒေသတစ်ခုလုံးကို ရဟ်မီနိုင်ငံ (**Mulk Rahmi**)ဟုဆိုရာ၊ ၎င်းနှင့်ပတ်သက်၍ အာရပ်လူမျိုး **iIbn Khurdabin** ဆိုသည် ပထဝီဆရာက ရဟ်မီနိုင်ငံသည် သီဟိုဠ်ကျွန်းလွန်ပြီးမှ တွေ့ရပြီးယင်းတွင်ဦးချိုတစ်ချောင်းပါ ကြံ့တိရစ္ဆာန်များနှင့်အဝတ်အစားမဝတ်သောလူမျိုးတစ်မျိုးကိုတွေ့ခဲ့ရသည်ဟု ဆိုထားသည်။ ––– " အေဒီ(၉)ရာစုအာရပ်ကုန်သည် **Sulaimaan** က " ၎င်း၏မှတ်တမ်းတွင် **Mulk Rachmi** သည် အင်အားရှိသောနိုင်ငံတစ်ခုဖြစ်ပြီး စစ်တပ်အင်အား ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း)ရှိခဲ့ကြောင်းနှင့်ဆင်ကောင်ရေ ၅၀၀၀၀(ငါးသောင်း)ရှိခဲ့သောနိုင်ငံဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်ဟူ၍ **Sulaimaan** ကရှင်းလင်းရေးသားထားသည်။ သူ့အဆိုအရ ရခိုင်ပြည်သာဖြစ်သည်။ **Eliot and Dowson** က ဤနိုင်ငံကို ဒက္ကာမှ ရခိုင်ဒေသအတွင်း တစ်နေရာဖြစ်မည်ဟု သုံးသပ်ထားသည်။ ––ဤ **Mulk Rahmi** နှင့် **Arakan** ဟူ၍ အာရပ်တို့ခေါ်ဆိုထားသည့် နိုင်ငံကို ဥရောပတိုက်သားများက **Recon, Rakan, Arakan** –– စသည်ဖြင့် အဆင့်ဆင့်ခေါ်ဆိုခဲ့ကြသည်။ ၁၅၁၆ တွင် ပေါ်တူဂီလူမျိုး **Baborsa** က ပထမဦးဆုံး ယခုအခေါ် **Arakan** ဟုရေးသားခဲ့ကြောင်း **Dr. Kanungo** က ဆက်လက်ရေးသားရှင်းလင်းထားသည်။ " (စာ ၁၄–၁၅)

"–– အထက်ပါအတိုင်းပါရှား၊တူရကီ၊အာရပ်တို့က **Recon, Rakhanj, Rahmi , Raham** ဟုခေါ်သောနေရာကို ဘင်္ဂလားဒေသမှာ **Roshong , Rowang, Rohang** ဟူ၍ (ရှ၊ဝ၊ဟ)အသံကွဲများဖြင့်ခေါ်ဆိုသည်။ ၎င်းကို အလယ်ခေတ်ဘင်္ဂလားစာပေများတွင်တွေ့ရသည်––– **Dr.Kanungo** က **Rennel** ၏မြေပုံ၌လည်း **Roshong** ဒေသဟုဖော်ပြထားကြောင်းနှင့် ထရိပူရ **Rajamala** သမိုင်းမှတ်တမ်းများတွင် ရခိုင်ဒေသကို **Roshong** ဟုခေါ်ဝေါ်သမှတ်ထားကြောင်း ဆက်လက်ကိုးကားထားသည်။ (စာ–၁၅)

"––– ထို့အပြင် တချို့သောသမိုင်းဆရာများက သင်္ဘောပျက်မှ အာရပ်ကုန်သည်များက " ရာဟမ်း၊ ရာဟမ်း " (ကူညီပါ၊ကူညီပါ) ဟုအော်ပြီးအကူအညီတောင်းဆိုခဲ့ခြင်းကို အကြောင်းပြု၍ ထိုသူများအား ဒေသခံများက ရာဟမ်းလူမျိုးဟုခေါ်ထွင်လာခဲ့ရာမှ ကာလရွေ့လျားလာသောအခါ ရာဟမ်းမှရာဟန်ဂျာ၊နောင်တွင်ရိုဟင်ဂျာဟူ၍ခေါ်ဆိုလာခဲ့ကြောင်းဖြင့်ရှင်းလင်းထားသည်ကိုလည်းတွေ့ရှိရသည်။ မည်သို့ပင်ဆိုစေကာမူ ရိုဟင်ဂျာဟူသောအခေါ်ဝေါ်သည် အေဒီ(၈)ရာစုလောက်က အာရပ်လူမျိုးနှင့်ရခိုင်ဒေသဆက်သွယ်မှုရှိလာရာမှ ***သန္ဓေတည်ဖြစ်ပေါ်လာသည်***မှာ ထင်ရှားပေသည်။ –––ဤသို့ဖြင့် ရခိုင်ဒေသကို **Rohang** ဟုခေါ်ဆိုလာခဲ့ရာမှ ရခိုင်ဒေသရှိ မူဆလင်များက ရိုဟန်းဒေသတွင်နေထိုင်သူ ( **Rohingya** )ဟုခံယူကြောင်းသိရသည်။ " (စာ–၁၆)

ဇော်မင်းထွဋ်၏ " ရိုဟင်ဂျာ " အမည်ဖြစ်ပေါ်လာပုံကို အကိုးအကားများစွာကိုရောမွှေပြီးကိုယ်လိုရာဆွဲ၍ ရှုပ်ထွေးစွာတင်ပြချက်များဖြစ်ပါသည်။ အချုပ်မှာ ***အာရပ်သင်္ဘောများရမ်းဗြဲကျွန်းတွင်ပျက်ရာမှ အာရပ်များက ရခိုင်ဒေသကို* Rahmi *နိုင်ငံဟုခေါ်ဆိုခဲ့ကြသည်။ ၎င်းအခေါ်မှတဆင့် ဥရောပသားတို့က* Arakan *ဟုခေါ်ဆိုသည်။ အလယ်ခေတ်ဘင်္ဂလားစာပေများတွင်* Roshong, Rowang, Rohang *ဟူ၍ (ရှ၊ဝ၊ဟ) အသံကွဲများဖြင့် အဆင့်ဆင့်ခေါ်ဝေါ်ခဲ့ကြသည်။ ရိုဟင်ဂျာဟူသောအခေါ်အဝေါ်သည်အာရပ်များ ရမ်းဗြဲကျွန်းသို့ရောက်လာရာမှ သန္ဓေတည်ခဲ့ပြီး ရခိုင်ဒေသရှိ မူဆလင်များက၎င်းအမည်ကိုခံယူကြသည်။––***

ဟုပြောလိုခြင်းဖြစ်သည်။

သူ့တင်ပြချက်မှ " ရခိုင်ကို **Rami** ဟုခေါ်ကြောင်း၊ ၄င်းအခေါ်မှတဆင့် ဥရောပသားတို့ကအာရကန် **Arakan** ခေါ်ကြောင်း " အချက်ကို စိစစ်ကြည့်သောအခါ အဆင့်(၂)ဆင့်ပါသည်ကိုတွေ့ရသည်။ ပထမအဆင့်၌ " ရခိုင်ကို **Rami** ခေါ်သည် " ဟူသောအဓိပ္ပါယ်ပါ၍၊ ဒုတိယအဆင့်၌ " **Rami** မှတဆင့် **Arakan** " ဖြစ်လာသည် " ဟူသောအဓိပ္ပါယ်ပါဝင်သည်။ ဦးစွာ " ဒုတိယအဆင့် " ကို စိစစ်ကြပါမည်။

## ရက္ခိုင်၊ ရခိုင် မှ အာရကန်ဖြစ်လာပုံ

ဇော်မင်းထွဋ်က " အာရပ်တို့က **Mulk Rami** နှင့် **Arakan** ဟူ၍ခေါ်ထားသည့် နိုင်ငံကို ဥရောပသားတို့က **Recon , Rakan, Arakan** စသည်ဖြင့် အဆင့်ဆင့်ခေါ်ဆိုခဲ့ကြသည် " ဟူ၍ အထက်ကောက်နုတ်ချက်၌ ဆိုခဲ့သည်။ သူ့အာဘော်မှာ **Arakan** ဟူသောအမည်ဖြစ်လာပုံသည် အာရပ်ဆရာကြီးများမှတဆင့် ဥရောပသားများကရရှိသွားခြင်းဖြစ်သည်–– ဟုပြောလိုခြင်းဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ရခိုင်အမျိုးသားသုတေသီများကမည်သို့ဖွင့်ဆိုထားကြပါသနည်း၊ နိုင်ငံခြားသားသမိုင်းပညာရှင်တို့က အာရကန်ဟူသောအမည်ဖြစ်ပေါ်လာပုံကိုတင်ပြဖူးကြပါသလား။ အနည်းငယ်လေ့လာကြည့်ကြပါမည်။

" ရခိုင် " ဟူသောအမည်ဖြစ်ပေါ်လာပုံကိုအလွယ်ကူဆုံးသောအထောက်အထားမှာအများသိပြီးဖြစ်သော အသျှင်နာဂိန္ဒမထေရ်၏ " အမျိုးသီလ၊နှစ်ဌာနကို၊ပြည့်ဝမဏ္ဍိုင်၊စောင့်စွမ်းနိုင်ရန်၊ရခိုင်နာမ၊ဘွဲ့မည်လှဖြင့်၊ အနွတ္တသညာ၊ခေါ်အပ်စွာတည့်။ " * ဟူသော မော်ကွန်းလင်္ကာဖြစ်ပါသည်။

ဆက်လက်၍ အများပရိသတ်လက်လှမ်းမီသော " မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ " မှထုတ်ဝေခဲ့သည့် " ရခိုင် " စာအုပ်မှ ကောက်နုတ်၍ အောက်တွင်ဖော်ပြအပ်ပါသည်။ [ ဤစာအုပ်ပြုစုစဉ်အဖွဲ့ငယ်ဖွဲ့၍ကွင်းဆင်းသုတေသနပြုပြီးမှ ပြုစုခဲ့ကြခြင်းဖြစ်သည်။အဖွဲ့ငယ်ခေါင်းဆောင်မှာ ဦးအောင်ရွှေဦးဖြစ်ပြီး အတွင်းရေးမှူးမှာ ဒေါက်တာ ဇကျော်ဖြစ်ပါသည်။ အဖွဲ့ဝင်များအဖြစ် ဆရာကြီး ဦးအောင်သာဦး၊ဦးဘစံ၊ဦးသာညွှန့်၊ဆရာဦးစံဘော်(မောင်စံဖော်)တို့ပါဝင်ကြသည်။ ဇော်မင်းထွဋ်က သူ၏စာအုပ်စာ(၁၅)၌ "–သမိုင်းသုတေသနဌာနမှ ဗိုလ်မှူးဘရှင်၊ နိုင်ပန်းလှ–" တို့ပါဝင်ပြီးပြုစုကြောင်းလွဲမှားစွာဖော်ပြထားသည်။ ။ စကားချပ် ]

" ရခိုင် " စာအုပ်စာမျက်နှာ(၃၃)တွင် " ရခိုင်ရှေးဦးလူတို့သည် အိန္ဒိယပြည်အရှေ့မြောက်ပိုင်းဒေသမှဝင်ရောက်လာသူများဖြစ်ကြောင်း ၊ အိန္ဒိယပြည်သို့အာရိယန်နှင့်မွန်ဂိုလိုက်များဘီစီနှစ်ထောင်မတိုင်မီကပင်ဝင်ရောက်ခဲ့ကြကြောင်း၊၄င်းလူမျိုးသည် ရခိုင်ပြည်သို့သွေးချင်းနှောပြီးမှရောက်သလော၊ရောက်ပြီးမှသွေးချင်းရောသလောဟူသောအချက်ကို တိကျစွာမပြောနိုင်ကြောင်း " ဖော်ပြထားသည်။ ရခိုင်ဟူသောအမည်နာမဖြစ်ပေါ်လာပုံကိုလည်းအောက်ပါအတိုင်းတင်ပြထားပါသည်။

" ရှေးဦးဝင်ရောက်လာသောအခါ ရခိုင်ပြည်၌ လူမျိုးတစ်မျိုးရှိသည်။အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် မူလရှိနေသူများကို ရက္ခသျှ (**Rakshas**)ဟုခေါ်သည်။ ရခိုင်ရာဇဝင်၌ ထိုမူလရှိနေသူများကို ရက္ခိုသ်ဟူ၍လည်းကောင်း ရက္ခိုက်ဟူ၍လည်းကောင်းတွေ့ရသည်။ ရက္ခိသျှ၊ရက္ခိုသ်၊ရက္ခိုက် ဟူသောဝေါဟာရများမှာ များစွာနီးစပ်သည်။မူလရှိနေသူများကို အကြောင်းပြု၍ ရှေးဦးဝင်ရောက်လာကြသူတို့သည် ထိုဒေသကို ရက္ခိုသ်ပြည်၊ရက္ခိုက်ပြည်၊ ရက္ခိုင်

---

* ဤလင်္ကာကို ဆဋ္ဌသင်္ဂါယနာဝန်ဆောင်ဆရာတော်ကြီးအရှင်ကေသရ စီစဉ်ရေးသားသော " မာရယုနှင့်ဗေဒါရင်းတမ်း " စာအုပ်ငယ် (ဒီမိုကရေစီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၇) မှ ရယူပါသည်။

ပြည်ဟုခေါ်ကြသည်။ သို့ဖြစ်၍ ရက္ခိုင်ပြည်နှင့်ရက္ခိုင်ဟူသောစကားမှာသမိုင်းကိုမှတ်တမ်းတင်သောအချိန်ကပင် ပေါ်ပေါက်လာခဲ့ဟန်တူသည်။" (စာ–၃၅) " မြောက်ဦးမြို့သျှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာတိုင်မြောက်ဘက်မျက်နှာအလယ်စာကြောင်းတွင် အာရက္ခာဒေသျှဟူ၍ရေးရှိသည်)" (စာ–၃၆)

ဤကား ရှေးဦးရခိုင်လူမျိုးနှင့်အမည်နာမသမိုင်းအစကို ရခိုင်ပညာရှင်တို့ကတင်ပြခြင်းဖြစ်ပါသည်။

ရှေးဦးရခိုင်လူမျိုးနှင့်ရခိုင်ဟူသောအမည်တို့ကို သုတေသီဖေယာနှင့်ဩစတြေးလျနိုင်ငံသူ အမျိုးသမီးသုတေသီပန်မီလာဂတ်တမန်တို့က လေ့လာတင်ပြဖူးကြပါသည်။ ဤနေရာတွင်ပန်မီလာ၏တင်ပြချက်ကိုသာ (ပိုမိုပြည့်စုံ၍)အကျဉ်းမျှကောက်နုတ်တင်ပြသွားပါမည်။

ပန်မီလာက ရခိုင်ဟူသောအမည်သည် အစဉ်အလာအားဖြင့် " ဘီလူး " ဟူသောမြန်မာစကားနှင့်အဓိပ္ပါယ်တူသည့် သက္ကဋ္ဌဘာသာ" ရက္ခသျှ "ပါဠိဘာသာ " ရက္ခ " ဟူသောစကားမှဆင်းသက်လာကြောင်း၊၎င်းဒေသတွင်နေထိုင်သူများ၏ ကြမ်းတမ်းသောစရိုက်ကြောင့် အိန္ဒိယဗုဒ္ဓသာသနာပြုများက " ယက္ခပူရ " ဟုခေါ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်း–––တမီလ်ဘာသာအာရကန်ဟူသောစကားသည် သက္ကဋ္ဌဘာသာ" ရက္ခသျှ "မှပြောင်းလဲလာပြီး "ချိတ်" ဟုအဓိပ္ပါယ်ရကြောင်း၊ ခရစ်နှစ်ပထမရာစုတွင်ရခိုင်တောင်တန်းများ၌နေထိုင်ခဲ့ကြသောလူမျိုးနွယ်စုများသည် ချိတ်ကို စီးပွားဖြစ်ထုတ်ခဲ့ကြကြောင်း–– ရှေးခေတ်ပထဝီဆရာကြီးတော်လမီကငွေမြေ(**Argyre**) ဟုခေါ်ဆိုခြင်းသည် တမီလ်စကား " အာရကန် " မှပြောင်းလဲလာခြင်းဖြစ်၍" အာဂျရီ " ဟုခေါ်ဆိုခဲ့ခြင်းဖြစ်မည်ဟုဆိုခဲ့ကြောင်း –– မြောက်ဦးမြို့သျှစ်သောင်းဘုရားကျောက်စာတိုင်မြောက်ဘက်မျက်နှာမှ ခရစ်နှစ် ၁၁ ရာစုအလယ်ပိုင်းတွင်ရေးထိုးခဲ့သော ကျောက်စာ၌ " အာရက္ခဒေသျှ " ဟုရေးထိုးထား၍ ရခိုင်ပြည်၏အမည်ဖြစ်နိုင်ကြောင်း–– ဘာဘိုဆာ (**Barbosa**) သည်ခရစ်နှစ် ၁၅၁၆ ခုတွင် အာရကန် (**Aracan** )ဟူသော အသုံးအနှုန်းကို ပထမဆုံးစတင်သုံးစွဲခဲ့ကြောင်း၊ နောက်ပိုင်းတွင် ပေါ်တူဂီနှင့်အင်္ဂလိပ်တို့က အာရကန် (**Arakan** )ဟူ၍ပင်ဆက်လက်ရေးသားသုံးနှုန်းခဲ့ကြကြောင်း ဖော်ထုတ်တင်ပြခဲ့ပါသည်။ (စာ ၂–၃)

အထက်ပါတင်ပြချက်တို့ကို လေ့လာကြည့်လျှင် " အာရကန် " ဟူသောစကားမှာ ဇော်မင်းထွဋ်တင်ပြခဲ့သော " အာရပ်တို့က **Arakan** စသည်ဖြင့် အဆင့်ဆင့်ခေါ်ဆိုခဲ့ကြသည် " ဆိုသည့်အချက်နှင့်ဘာမျှမဆိုင်ကြောင်း ဇော်မင်းထွဋ် က အာရပ်တို့ကို ဂုဏ်တင်ပြီး ရခိုင်စကား၊ရခိုင်အခေါ်ကို အာရပ်တို့ကစတင်ခဲ့လေဟန်လိမ်ညာတင်ပြခြင်းသာဖြစ်ကြောင်းထင်ရှားပါသည်။

ဆက်လက်၍ ဇော်မင်းထွဋ်တင်ပြခဲ့သော " ရခိုင်ကို **Rami** ခေါ်သည် " ဆိုသည့်ကိစ္စကို မှန်မမှန်စိစစ်ကြည့်ကြပါမည်။

သူက " **Mulk Rachmi , Mulk Rahmi, Rahmi** အမည်များကို ဒေါက်တာ ကနင်ဂို (**Dr. Kanungo**) ၏ စာအုပ်(စစ်တကောင်းသမိုင်း၊အတွဲ–၁၊ **A History of Chittagong, Vol 1, 1988** )၌ အဓိပ္ပါယ်ဖွင့်ဆိုထားလေဟန်တင်ပြခဲ့သည်။ သို့ဖြစ်၍၎င်းစာအုပ်၌လည်းကောင်း၊ဇော်မင်းထွဋ်ရည်ညွှန်းမထားသော ဟာဗေ၏ မြန်မာနိုင်ငံသမိုင်း၌လည်းကောင်းရှာဖွေလေ့လာကြည့်ရာ၎င်းအမည်များကိုတွေ့ရှိပါသည်။သို့သော် ဇော်မင်းထွဋ်တင်ပြထားသကဲ့သို့မဟုတ်ချေ။များစွာကွဲလွဲနေသည်။

ဒေါက်တာကနင်ဂိုက အာရပ်ပထဝီဆရာများကိုကိုးကား၍ " အာရပ်ပထဝီဆရာများသည် ဘင်္ဂလားပင်လယ်အော်အရှေ့ဖက်ကမ်း၌ **Rahmi** ခေါ်သောနေရာကိုသိကြသည်။ ဤ **Rahmi** ဒေသကို ဒေါက်တာ မဂျုံးဒါး (**Dr. R.C Majumdar** )က "ရမ်ယက" (**Ramyaka** )ဘုရင့်နိုင်ငံဟုသတ်မှတ်ကြောင်း၊၎င်းသည် စစ်တကောင်း (**Chittagong** )ကို ဗုဒ္ဓဘာသာတို့က ခေါ်ကြသောအမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည် " ဟုဆိုထားသည်။ (ကနင်ဂို– စာ ၁၆)

ထို့နောက်ဒေါက်တာဟိုဒီဗာလာ(**Dr. Hodivala**)ကို ရည်ညွှန်း၍" ဆင်၊ကြံ့စသောသားရဲတိရစ္ဆာန်များရှိခြင်း၊ အလွန်လှပသောဝါဂွမ်းထည်များထွက်ခြင်း၊ကြွေစေ့ကိုငွေကြေးအဖြစ်သုံးခြင်း၊ရွှေ့ရှားစောင်းလက်ပတ်ပေါက်ရောက်ခြင်း စသောအချက်များက အာရပ်ပထဝီဆရာများသည် ၎င်း **Rahmi** နယ်ပယ်သို့သွားရောက် လည်ပတ်ခဲ့ကြကြောင်းဖော်ညွှန်းနေသည်။ ထိုအရာများကို ၎င်း **Rahmi** ဒေသ၌မြင်တွေ့နိုင်သည်ဟု ရေးခဲ့ကြောင်း" ဆက်လက်တင်ပြသည်။

ထို့ပြင် အီလီယော့ (**Elliot**)နှင့်ဒေါ်ဆင် (**Dowson**)တို့ကိုညွှန်း၍ " **Rahmi** ဒေသသည် ရခိုင်ပြည်နှင့်ဒါကာ **Dhaka** အနီးအနားဘင်္ဂလားပင်လယ်အော်ကမ်း၌ရှိမည် ဟုဆိုကြကြောင်း" ကနင်ဂိုကဆက်လက်တင်ပြသည်။

ဆက်လက်၍ ပထဝီဆရာ အလ်မာဆူဒီ (**Al-Masudi** )၏ အဆိုကို ဖော်ပြသေးသည်။ မာဆူဒီက "**Rahma** ဘုရင့်နိုင်ငံသည် ပင်လယ်ကမ်းတလျှောက်နှင့်ကုန်းတွင်းပိုင်းနှစ်မျိုးလုံး၌နယ်ချဲ့၏ " ဟုဆိုကြောင်းတင်ပြသည်။

ဆက်လက်၍ အိုဗင်ခုဒါဘဟ် (**Ibn Khurdadbeh** )က " **Rahma** ဘုရင်နှင့်တခြားဘုရင်များဆက်သွယ်မှုကို သင်္ဘောများဖြင့်ဆောင်ရွက်ကြသည်။" ဟုဆိုကြောင်းတင်ပြသေးသည်။

နောက်ဆုံးတွင် ဒေါက်တာကနင်ဂိုက " အထက်ပါအထောက်အထားများနှင့်သဘောထားများကို ထည့်သွင်းဆင်ခြင်၍ နိဂုံးချုပ်ရမည်ဆိုလျှင် **Rahma** ဒေသသည် ပင်လယ်ကမ်းနယ်ပယ်ရှိပြီး ဘင်္ဂလားတောင်ပိုင်းကမ်းခြေ၌တည်ရှိ၏။တိတိကျကျပြောရလျှင် ဓမ္မပါလ (**Darmapala**)အင်ပါယာ၌ရှိသည်။" ဟုကောက်ချက်ချသည်။ သူကဖြည့်စွက်၍ " စစ်တကောင်းသည်၊အနည်းဆုံးပါလ (**Pala**) ခေတ်ဦးမှ ဓမ္မပါလ ဘုရင်ခေတ်ထိ (အေဒီ ၇၅၆ မှ ၈၆၁ ထိ)ပါလအင်ပါယာ၌ပါဝင်သည် ဟုထင်မြင်နိုင်သည်။ ပါလခေတ်၌ကြီးကျယ်သောပင်လယ်ရေကြောင်းကုန်သွယ်မှုကို အရှေ့အိန္ဒိယကျွန်းစုများနှင့်ဆောင်ရွက်ခဲ့ရာ၊စစ်တကောင်းဆိပ်ကမ်းကို၎င်းဘုရင်တို့က ဂရုမစိုက်ပဲထားခဲ့မည်မဟုတ်ချေ။" ဟုတင်ပြထားသည်။ (စာ ၅၇-၅၉)

ဒေါက်တာကနင်ဒို၏အာဘော်ကိုသုံးသပ်ကြည့်လျှင် **Rami, Rahma-** ဆိုသောဒေသသည် ပါလအင်ပါယာ၌ပါဝင်သော ပင်လယ်ကမ်းဒေသဖြစ်နိုင်ကြောင်း၊စစ်တကောင်းဆိပ်ကမ်းဒေသဖြစ်နိုင်ကြောင်းတွေ့နိုင်သည်။ အာရပ်ပထဝီဆရာတို့၏ မှတ်တမ်းများ၌ **Rahmi** ဟုဖော်ပြသော်လည်းဒေသတည်ရှိရာကို တိကျစွာဖော်ပြထားခြင်းမရှိကြောင်းတွေ့နိုင်သည်။

သို့ဖြစ်၍ ဇော်မင်းထွဋ်က အာရပ်ပထဝီဆရာများနှင့်ဒေါက်တာကနင်ဂိုတို့ကို ကိုးကား၍" ရမ်းဗြဲကျွန်းသင်္ဘောပျက်မှ အာရပ်များက ရခိုင်ဒေသကို **Rahmi** နိုင်ငံခေါ်ပုံ၊ ထိုမှတဆင့် ရိုဟင်ဂျာအမည်ဖြစ်ပေါ်လာပုံတို့ကိုဝင်္ကပါပမာကွေ့ကွေ့ကောက်ကောက်ရှုပ်ရှုပ်ထွေးထွေးလှည့်ပတ်ရေးခဲ့သော်လည်း၊ဒေါက်တာကနင်ဂိုကလည်းကောင်းအာရပ်ပထဝီဆရာများကလည်းကောင်း မရေးသားခဲ့ကြကြောင်းပေါ်လွင်နေသည်။

ထို့ပြင်ဇော်မင်းထွဋ်က အေဒီ(၉)ရာစုတွင် အာရပ်ကုန်သည် ဆူလေမန် (**Sulaimaan**)က **Mulk Rahmi** သည် စစ်တပ်အင်အား ၁၅၀၀၀၀ (တစ်သိန်းငါးသောင်း)၊ဆင် ၅၀၀၀၀ (ငါးသောင်း)ရှိသော အင်အားကြီးနိုင်ငံဖြစ်သည်ဟု ဒေါက်တာ ကနင်ဂိုကလေးခဲ့လေဟန် **Mulk Rahmi** သည် ရခိုင်ပြည်ဖြစ်သည်ဟုဆိုခဲ့လေဟန်တင်ပြ

ခဲ့သည်။ ဒေါက်တာကနင်ဂိုစာအုပ်၌ ဇော်မင်းထွဋ်ဒေါ်တင်ပြသကဲ့သို့မတွေ့ရချေ။ မြန်မာနိုင်ငံသမိုင်းရေးခဲ့သူ ဆရာကြီး ဟာဗေစာအုပ်၌သာ ပါရှန်ခရီးသည် အိုင်ဗင်ခိုဒါဒ်ဘား (**Ibn Khordadzbeh, AD,844-8** ) ကိုကိုးကား၍ အောက်ပါ အတိုင်းရေးထားကြောင်းတွေ့ရသည်။

“ အာရပ်များက ရာမ (**Rama,** အောက်မြန်မာနိုင်ငံ) ၌ ဆင်ငါးသောင်းရှိသည်။ ဝါဂွမ်းအကောင်းစားနှင့် ရက်လုပ်သောအထည်၊ဟင်းဒီ(**hindi**)ခေါ်သောရှားစောင်းလက်ပတ်ထွက်သည် ” ဟုရေးထားသည်။ ထို့နောက် ဆက်လက်၍ ဆူလေမန်(**Sulayman , AD 851**)ကို ကိုးကားပြီး ရာမ (**Rahma**)ဘုရင် စစ်ချီတက်သောအခါ ဆင်ငါးသောင်းပါသည်။ ဆောင်းရာသီ၌သာ စစ်ဆင်သည် ။ ဆင်များရေငတ်မခံနိုင်၍ဆောင်းရာသီ၌ချီတက်ခြင်း ဖြစ်သည်။ သူ့စစ်တပ်၌ ခဝါသည် (**Washermen**)တစ်သောင်းမှတစ်သောင်းငါးထောင်ထိရှိကြောင်း၊သူ၏ပြည်နယ် များမှ တခြားနေရာများတွင်မတွေ့ရသောအထည်များထွက်ကြောင်း၊ ဦးချိုတစ်ချောင်းပါသောကြံ့သတ္တဝါထွက် ကြောင်း၊ ကြံ့အသားကိုစားခဲ့ရကြောင်း ” ဟာဗေကရေးထားသည်။ (စာ–၁၀)

ဇော်မင်းထွဋ်က ဆူလေမန်ကို ကိုးကားပြီး **Rahmi** နိုင်ငံ၌ စစ်တပ်အင်အားတစ်သိန်းငါးသောင်း၊ဆင်ငါး သောင်းရှိခဲ့လေဟန်၊၎င်းဒေသသည် ရခိုင်ပြည်ဖြစ်လေဟန်ရေးခဲ့သည်။ ဆရာကြီးဟာဗေကလည်း ဆူလေမန်ကို ကိုးကား၍ပင်ဆင်ငါးသောင်း၊ခဝါသည်တစ်သောင်း(သို့)တစ်သောင်းငါးထောင်ရှိသည်ဟုဆိုခဲ့သည်။ ၎င်း **Rahma** ဒေသသည် အောက်မြန်မာနိုင်ငံ (**Lower Burma**)ဟုရေးခဲ့သည်။ တင်ပြချက်များကွဲလွဲနေကြသည်။ ဇော်မင်းထွဋ် က ဒေါက်တာကနင်ဂို စာအုပ်ကို ကိုးကားခဲ့သော်လည်း ထိုစာအုပ်၌ ဇော်မင်းထွဋ်တင်ပြချက်မျိုးမပါသောကြောင့် တာဝန်ရှိသူမှာ ဇော်မင်းထွဋ်သာဖြစ်သည်။

သို့ဖြစ်၍ **Rama, Rahma, Rahmi** ဆိုသောဒေသသည် ရခိုင်ပြည်ဖြစ်လေဟန် ရေးသားခြင်းသည် ဇော်မင်းထွဋ်ကတိစကားအတိုင်း “ အရှိကိုအရှိအတိုင်း၊အမှန်ကိုအမှန်အတိုင်း ” ရေးသားခြင်းမျိုးမဟုတ်ပဲ ဆန္ဒစွဲနှင့် မိမိလိုရာဆွဲ၍ လှည့်ပတ်လိမ်ညာရေးသားခြင်းမျိုးသာဖြစ်လေသည်။

## ရိုသျှင်ဂ် ၊ ရိုဟင်ဂ် ၊ ရိုဆင်း၊ ရှင့် ၊ ရှင့်ဂျာ ဝေါဟာရ အဓိပ္ပါယ်

ဇော်မင်းထွဋ်က ပါရှား၊အာရပ်၊ တူရကီတို့က **Recon, Rakhanj, Rachami, Rahmi, Rahan** ဟုခေါ် သော နေရာကို ဘင်္ဂလားဒေသမှာ **Roshong, Rohang** ဟူ၍(ရှ၊ဝ၊ဟ)အသံကွဲဖြင့်ခေါ်ဆိုသည်ဟု ဒေါက်တာ ကနင်ဂိုကို ကိုးကား၍ရေးခဲ့သည်။ ထို့နောက်မိမိလိုရာဆွဲပြီး “ တချို့သောသမိုင်းဆရာများ( ရိုဟင်ဂျာအမည်ခံ သမိုင်းဆရာများ**?** )က “ ရာဟမ်း၊ ရာဟမ်း (ကူညီပါ၊ ကူညီပါ)ဟုအော်ပြီး အကူအညီတောင်းခဲ့ရာမှ ရာဟမ်းလူမျိုး၊ ရာဟမ်းမှ ရာဟန်ဂျာနောင်တွင် ရိုဟင်ဟုခေါ်ဝေါ်ခဲ့ကြောင်း၊အေဒီ (၈)ရာစုကပင် အာရပ်လူမျိုးနှင့် ရခိုင်ဒေသဆက် သွယ်မှုရှိရာမှ သန္ဓေတည်ဖြစ်ပေါ်လာကြောင်း ” ဆိုခဲ့ပြန်သည်။

ဇော်မင်းထွဋ်တင်ပြချက်၌ ပါရှား၊အာရပ်၊ တူရကီတို့က ရခိုင်ကိုအမည်အမျိုးမျိုးခေါ်ခဲ့လေဟန်ရေးပြီး ဒေါက်တာကနင်ဂိုရေးသောရိုသျှင်ဂ် ” (**Roshang**)ဝေါဟာရနှင့်ရောထွေးပစ်ခဲ့သည်။ အမှန်မှာ တခြားစီသာဖြစ် သည်။ ဤနေရာတွင်ဒေါက်တာကနင်ဂိုတင်ပြခဲ့သော “ ရိုသျှင်ဂ် ” ဝေါဟာရကု စိစစ်ကြည့်ကြပါမည်။

ဒေါက်တာကနင်ဂိုကသူ၏ “စစ်တကောင်းသမိုင်း ” ၌ဤသို့ရေးခဲ့သည်။

“ ရက္ခိုင် (**Rakhaing** ) ဟူသောအမည်သည် အလွန်ရေးကျဟန်ရှိသည်။ ––– အလယ်ခေတ် ဘင်္ဂါလီ စာပေတို့၌လည်းကောင်း၊ရန်နယ်(**Rennell** )၏မြေပုံ၌လည်းကောင်း “ ရခိုင် ” ကို မူလစကား“ ရက္ခသျှတင်္ဂ ” (**Rakshatunga**)မှပြောင်းလာသည်ဟု ရည်ညွှန်းကာ “ ရိုသျှင်ဂ် ”(**Roshang**)ဟူ၍ရေးကြောင်း၊ –––စစ်တကောင်း ဒေသိယစကား၌ “ ရက္ခိုင်ပြည် ” ကို “ ရိုဟင်သျှ် ”( **Rohang'sh**)ဟူ၍ “ဟ ” သံဖြင့် အစားထိုး သုံး ကြောင်း ” သုတေသနပြုတင်ပြခဲ့သည်။ (စာ ၂၃၁–၂)

၄င်းဝေါဟာရများအပြင် “ ရိုဆင် ” ဟူသောဝေါဟာရကို ဘင်္ဂလားသမိုင်းပညာရှင်ဂျမ်မီနီမိုဟန်ဂို့ရှ်( **Jamini Mohan Ghosh**) ကလည်း သူ၏ “ ဘင်္ဂလား၌စီးနင်းတိုက်ခိုက်သူမောက်များ ”( **Magh Raders in Bengal, 1960**)စာအုပ်၌လည်း “ ရာဇမာလာ ” (**Rajamala**)“ တြိပူရရာဇဝင်ကျမ်း ” ကို ကိုးကား၍အောက်ပါအတိုင်းရေး ခဲ့သည်။

“ တြိပူရရာဇာမနိကျသည် စစ်တကောင်း၌ရပ်တန့်မနေပဲ **[** မင်းဖလောင်းလက်ထက် **]** ရခိုင်ပြည်ကိုအောင် နိုင်ရန် ရှေ့သို့ချီတက်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် “ ရိုဆင် ” (**Rosung** )ဟူသောအမည်ကိုတွေ့ရသည်။ ” (စာ–၁၄) “ အာရကန် ” (**Arakan**) ဟူသောအမည်အတွက် “ ရိုဆင် ” (**Rosung**) ဟူသောစကားလုံးကိုကျွန်ုပ် တို့တွေ့ရသည်။ ” (စာ–၂၂)

အထက်တင်ပြချက်တို့ကိုသုံးသပ်ကြည့်လျှင် ရခိုင်လူမျိုး၏ “ ရက္ခိုင် ” ဟူသောအခေါ်သည် အလွန်ရှေးကျ ကြောင်း၊၄င်းဝေါဟာရကို ဘင်္ဂါလီစာပေ၌ “ ရိုသျှင်ဂ် ” ဟူ၍ရေးကြောင်း၊စစ်တကောင်းဒေသိယစကား၌ ရက္ခိုင် ပြည်ကို “ ရိုဟင်ဂ် ” ဟူ၍ “ ဟ် ” သံနှင့်ပြောကြောင်းတွေ့ရသည်။ သမိုင်းဆရာဂို့သျှ်က တြိပူရရာဇဝင်“ရာဇမာလာ” ကိုကိုးကား၍ “ အာရကန် ” ဟူသောအမည်အတွက် ရာဇမာလာ၌ “ ရိုဆင် ” ဟူ၍ရေးကြောင်းဆိုသည်။

အားလုံးချုပ်လိုက်လျှင် ရှေးဟောင်းရခိုင်စကား “ ရက္ခိုင်၊ရက္ခိုင်ပြည် ” ကို ဘင်္ဂါလီတို့က မိမိတို့အသံနှင့် “ ရိုသျှင်ဂ် ” ဟုခေါ်သည်။ ထိုမှ “ ရိုဟင်ဂ် ” ဖြစ်လာသည်။ တြိပူရရာဇဝင် ရာဇမာလာ၌ “ ရိုဆင် ” ဟုဖော်ပြသည်။ ––– စသည်ဖြင့်ရရှိလာပါသည်။

ကောင်းပြီ၊ထိုသို့ဆိုလျှင် “ ရွှင့်ဂျာ ” ဟူသောဝေါဟာရ၏အဓိပ္ပါယ်က အဘယ်နည်း၊ ဤအမေးကိုဖြေရန် အတွက် “ သက်ကြီးစကားသက်ငယ်ကြား ” သဘောနှင့်ရခိုင်သက်ကြီးတို့ကိုမေးကြည့်ရာဤသို့ဖြေကြပါသည်။

ကုလား(ဘင်္ဂါလီ)တို့သည်ရခိုင်စကားကို ပီသစွာမပြောတတ်ကြချေ။ ထို့ကြောင့် “ ရခိုင် ” ဆိုသောစကား ကိုလုံးထွေး၍ “ရွှင့် ” ဟူ၍ပြောခြင်းဖြစ်သည်ဟုဆိုပါသည်။ “ ဂျာ ”ဆိုသောစကားမှာ ရခိုင်၊မြန်မာအသုံးအနှုန်း၌ “ ရွာသား၊မြို့သား၊နိုင်ငံသား ” ဆိုသောဝေါဟာရများတွင်“ သား ” ဆိုသောစကားလုံး၏အဓိပ္ပါယ်ကဲ့သို့ပင်ဖြစ်သည်။ ထို့ကြောင့် ရှေးခေတ်က “ ရွှင့်ဂျာ ” ၏ အဓိပ္ပါယ်မှာ“ ဗုဒ္ဓဘာသာဝင်ရခိုင်သား၊ရခိုင်ပြည်သား ” ဖြစ်သည်။

ရခိုင်သက်ကြီးတို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုဆင်ခြင်ကြည့်လျှင် “ ရွှင့်ဂျာ ” ဆိုသောစကားသည် အနည်းဆုံး ဗြိတိသျှခေတ်ကပင်ရှိခဲ့၊သုံးခဲ့သောစကားဖြစ်၍၊ ရခိုင်ပြည်တွင်မြောက်ဦးခေတ် ရခိုင်ဘုရင်များက စစ်သုံ့ပန်း အဖြစ် ဘမ်းယူလာကြသော ဘင်္ဂါလီမူဆလင်များကို “ ရွှင့်ဂျာကုလား ” ဟုခေါ်ခဲ့ကြခြင်းဖြစ်ဟန်တူသည်။ “ ရခိုင်ပြည်၌ နေသောမူဆလင် ” ဟု အဓိပ္ပါယ်ရသည်။ ဤ “ ရွှင့်ဂျာကုလား ” များ၌ ဗြိတိသျှခေတ် တံခါးမရှိဒါးမရှိဝင်ရောက် လာသော “ စစ်တကောင်းသားဘင်္ဂါလီမူဆလင် ” များမပါဝင်ချေ။

***ဤနေရာတွင် “ ရွှင့်ဂျာကုလား ” အဓိပ္ပါယ်သည် “ ရခိုင်ပြည်၌နေသောမူဆလင် ” အဓိပ္ပါယ် ရ သည်ဆိုသောကြောင့် ထိုသူတို့သည် “ ရခိုင်တိုင်းရင်းသားမူဆလင်ဖြစ်သည်။ ” ဟုဆိုလိုခြင်းလုံးဝ(လုံးဝ) မဟုတ်ချေ။*** ထိုသူတို့၏ ဇာတိဒေသသည် အန္ဒိယပြည် ဘင်္ဂလားဒေသသာဖြစ်၍ လူမျိုးနွယ်မှာ ဘင်္ဂါလီ၊ဘာသာ စကားမှာလည်းဘင်္ဂါလီဘာသာစကားဖြစ်သည်။ ကိုးကွယ်သည့်ဘာသာမှာ မူဆလင်(အစ္စလာမ်)ဖြစ်သောကြောင့် ၄င်းတို့အား ဘင်္ဂါလီမူဆလင်ဟုခေါ်ကြသည်။

သို့ဖြစ်၍ ဖော်မင်းထွဋ်တင်ပြခဲ့သော “ ရိုဟင်ဂျာအမည်သည်အေဒီ (၈)ရာစုအာရပ်သင်္ဘောပျက်ပုံပြင်မှ ဆက်နွယ်သန္ဓေတည်ခြင်းမဟုတ်ဘဲ၊ ဒေါက်တာကနင်ဂိုဟင်ပြခဲ့သကဲ့သို့ ရခိုင်တို့၏ ရှေးဟောင်းစကား“ ရက္ခိုင်၊ ရက္ခိုင်ပြည် ” ကို ဘင်္ဂါလီသံဖြင့် မပီမသခေါ်ရာမှ ဆင့်ကဲပြောင်းရွှေ့လာသောစကားသာဖြစ်လေသည်။“ ရိုဟင်ဂျာ”

ဆိုသောဝေါဟာရမှာ " ရွှင့်ဂျာ" ဆိုသော ဝေါဟာရကိုမှီ၍ ဘင်္ဂါလီပညာတတ်များက ယခုလွတ်လပ်ရေးခေတ်၌ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များကို " မူဆလင်ပြည်နယ်" ထူထောင်လိုသောကြောင့်လုပ်ကြံဖန်တီးယူသော ဝေါဟာရသစ်ဖြစ်လေသည်။

အထက်တင်ပြချက်တို့မှာ ဖော်မင်းထွဋ်စာအုပ်အခန်း(၁) ဒုတိယပိုင်းဖြစ်သော " ရခိုင်ဒေသနှင့်ရိုဟင်ဂျာ အမည် ဖြစ်တည်ပေါ်ပေါက်လာပုံ" ကို အပိုင်း(၃)ပိုင်းခွဲ၍ စိစစ်တင်ပြချက်များဖြစ်ပါသည်။ ဆက်လက်၍အခန်း(၁) တတိယပိုင်းဖြစ်သော " ရခိုင်သုတေသီဒေါက်တာအေးချမ်း၏ ရခိုင်သမိုင်းဆိုင်ရာအမြင်" ကို ဆက်လက်စိစစ်ကြည့် ကြပါမည်။

## *ဒေါက်တာအေးချမ်းစာကို နားမလည်ရှာသူ*

ဖော်မင်းထွဋ်သည် "ရခိုင့်တန်ဆောင်မဂ္ဂဇင်း"(၁၉၇၅–၇၆) ၌ မောင်အေးချမ်း (သမိုင်း၄ာန) အမည်ခံ၍ ရေးသားခဲ့သော "ရခိုင်သမိုင်းကို သုတေသနပြုလုပ်ရေး" ဆောင်းပါးကို ရေးခဲ့ပါသည်။ ဆောင်းပါး၏ ရည်ရွယ်ချက်မှာ ခေတ်ဟောင်းရခိုင်သမိုင်းကို ခေတ်သစ်သုတေသနနည်းဖြင့် အသစ်ပြုစုရန် လိုနေသေးကြောင်း တင်ပြခြင်းဖြစ်ပါသည်။ သူ့အာဘော်ကို အောက်တွင် ဖတ်ကြည့်ကြပါ။

"(၂၀)ရာစုတွင် သမိုင်းပညာသည် သိပ္ပံဆန်လာ၏။ သမိုင်းဖြစ်ရပ်တစ်ခု (သို့မဟုတ်) အဆိုတစ်ခုကို အထောက်အထားခိုင်လုံစွာ တင်ပြနိုင်မှသာလျှင် သမိုင်းအဖြစ် လက်ခံလာကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လည်း သမိုင်းပညာရှင်တို့သည် ရှေးဟောင်းပစ္စည်းတို့ကို သုတေသနပြုလုပ်ကြရ၏။ သိပ္ပံနည်းများအရ စနစ်တကျစမ်းသပ်ပြီးမှသာလျှင် မိမိတို့၏အယူအဆကို တင်ပြကြပေသည်။ စင်စစ်သမိုင်းပညာ၏ နယ်ပယ်ကားကျယ်ဝန်းခဲ့ပေပြီ။

သာဓကအားဖြင့်ဆိုသော် မြန်မာပြည် ပုဂံခေတ်မတိုင်မီက သမိုင်းကို ဖော်ထုတ်လိုသောကြောင့် ပြုမြို့တော်ဟောင်းများကို တူးဖော်ကြရ၏။ ယခုအခါ ပိဿနိုး၊ သရေခေတ္တရာမြို့များကို တူးဖော်ပြီး ဖြစ်ပေ သည်။ ရေဒီယို ကာဗွန်နည်းအပါအဝင် သိပ္ပံနည်းကျသော စမ်းသပ်မှုများစွာ ပြုလုပ်ပြီးမှ သုတေသီတို့က မိမိတို့ အယူအဆများကို တင်ပြကြသည်။ သို့တိုင်အောင် ပိဿနိုးသည် ပြုတို့၏ မြို့တော်ဟောင်း ဟုတ်မဟုတ်ကို အတိအကျမပြောနိုင်ကြသေးပေ။

သို့ဖြစ်လျှင် ရှေးဟောင်းရခိုင်ပြည်သမိုင်း (မြောက်ဦးခေတ်မတိုင်မီ) ကို ရေးသားဖော်ထုတ်လိုလျှင်လည်း ဤသို့ပင် တိကျခိုင်မာသော သမိုင်းအထောက်အထားများကို ရှာဖွေကြရမည်ဖြစ်သည်။ အထောက်အထား မရှိလျှင် သမိုင်းမဖြစ်သောကြောင့်ပင် ဖြစ်သည်။

မောင်အေးချမ်းတင်ပြချက်၌ "ရှေးဟောင်းရခိုင်သမိုင်း(မြောက်ဦးခေတ်မတိုင်မီ)ကို ရေးသားဖော်ထုတ် လိုလျှင်လည်း ဤသို့ပင် တိကျခိုင်မာသော သမိုင်းအထောက်အထားများကို ရှာဖွေကြရမည်ဖြစ်ပါသည်။ အထောက်အထားမရှိလျှင် သမိုင်းမဖြစ်သောကြောင့်ပင်ဖြစ်သည်။" ဟူသော ဝါကျနှစ်ကြောင်းမှာ အလွန်အရေးကြီး သည်။ ပထမဝါကျ၌ ဝိုက်ကွင်းတွင်ဖော်ပြထားသော "(မြောက်ဦးခေတ်မတိုင်မီ)" ပုဒ်မှာ "ရှေးဟောင်းရခိုင်သမိုင်း" ဆိုသော ပုဒ်၏ အဓိပ္ပါယ်ကို တိကျစွာ နယ်ခြားလိုက်ခြင်းပင်ဖြစ်သည်။ မြောက်ဦး ခေတ်မတိုင်မီဟု ပြောသောကြောင့် "လေးမြို့ခေတ်၊ ဝေသာလီကျောက်လှေကားခေတ်၊ ဓညဝတီခေတ်" တို့ကို ဆိုလိုကြောင်း ပေါ်လွင်သည်။ ၄င်းခေတ်သမိုင်းများကို ရေးရန် တိကျခိုင်မာသော အထောက်အထားများကို ရှာကြရဦးမည်ဟုဆိုလိုသည်။ မြောက်ဦးခေတ်တစ်ခု၌သာ တိကျခိုင်မာသော သမိုင်းအထောက်အထားရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤအချက်ကို နားမလည်ရှာသော ဖော်မင်းထွင့်သည်ဒေါက်တာမောင်းအေးချမ်းက "ရခိုင်ပြည်တွင် လေးမြို့ခေတ်နှင့် မြန်မာပြည်တွင် ပုဂံခေတ်သည် ခေတ်ပြိုင်ဖြစ်ပါသည်။ မြန်မာတို့မှာ (၉)ရာစု၌ ဧရာဝတီ မြစ်ဝှမ်းသို့ ရောက်ရှိသည်။ မြန်မာပြည်အလယ်ပိုင်းတွင် ပျူတို့အားနည်းနေချိန် (နန်းစောတို့တိုက်ခိုက်နေချိန်) တိဘက်မြန်မာများဝင်လာသကဲ့သို့ ရခိုင်ပြည်သို့လည်း ဝင်ရောက်ခဲ့ခြင်းဖြင့် ဝေသာလီခေတ် ဇာတ်သိမ်း သွားရခြင်းလေ့လာစဉ်းစားရန် ရှိပါသည်။" (ဖော်မင်းထွင့် ၊ စာ–၁၉)ဟူ၍ ***မူလစာပိုဒ်ကို ပုံဖျက်ရေးထားသော စာပိုဒ်သစ်ကို တင်ပြပြီးအောက်ပါအတိုင်း ရှိုဟင်ဂျာသမိုင်းသစ်အတွက်*** အသုံးချထားကြောင်း တွေ့ရသည်။

"ဒေါက်တာအေးချမ်း၏အထက်တင်ပြချက်နှင့် ရှိုဟင်ဂျာသမိုင်းနောက်ကြောင်းသည် ဝေသာလီခေတ် နှင့်ဆက်စပ်နေပါသည်။ ဝေသာလီခေတ် (၈)ရာစုမှ မဟာထိုင် စန္ဒြားမင်းလက်ထက်တွင် အာရပ်ကုန်သည်များ ရခိုင်ပြည်နှင့် အရောင်းအဝယ်ထွန်းကားနေကြောင်း၊ ကုန်သည်သင်္ဘောပျက်၍ ထိုအာရပ်များ ရခိုင်ပြည်တွင် အခြေချနေထိုင်ခဲ့ကြောင်း၊ ယင်းတို့မှတဆင့် ဒေသတွင် အာစ္စလာမ်သာသနာပြန့်ပွါးသွားကြောင်း၊ ခိုင်လုံသော သမိုင်းများတွင် တွေ့ရှိရပါသည်။ ဝေသာလီခေတ် အိန္ဒိယလူမျိုးများ အစ္စလာမ်ဘာသာဝင်ဖြစ်လာရာ ယင်းတို့သည် ယနေ့ရှိုဟင်ဂျာများဖြစ်ကြသည်။ ထို့ကြောင့် ရှိုဟင်ဂျာများအနေဖြင့် အထက်ပါ ဒေါက်တာ အေးချမ်းတင်ပြသော တိဗက်မြန်မာအုပ်စုထက် ရာစုနှစ် (၂၀၀)ကျော်ရှေးကျနေပြီဖြစ်ကြောင်း တွေ့ရမည်ဖြစ် ပါသည်"။

ဖော်မင်းထွင့်၏ အာဘော်ကို သုံးသပ်ကြည့်လျှင် ယနေ့ရခိုင်တို့သည် မြန်မာတို့ (၉)ရာစု၌ ဧရာဝတီ မြစ်ဝှမ်းသို့ဝင်လာသကဲ့သို့ (၉)ရာစု (၁၀)ရာစုခန့်၌သာ ရခိုင်ဒေသသို့ ဝင်လာခြင်းဖြစ်၍ (၈)ရာစု၌ သင်္ဘော ပျက်၍ ရောက်လာကြသော ကုန်သည်များထက် ရာစုနှစ်ပေါင်း (၂၀၀)ကျော် နောက်ကျရောက်ရှိလာခြင်း ဖြစ်သည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။ ရှိုဟင်ဂျာအမည်ခံသူ ဘင်္ဂါလီမူဆလင်တို့က ရခိုင်လူမျိုးတို့ထက် နှစ် (၂၀၀)ကျော်စော၍ ရောက်ရှိလာသောကြောင့် ၎င်းတို့သာ တိုင်းရင်းသားအစစ်အမှန်ဖြစ်သည်။ တိုင်းရှင် ပြည်ရှင်ဖြစ်သည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။ "ယာရှင်ကိုမျောက်နှင်" ဆိုသော ရခိုင်စကားပုံကဲ့သို့ ရှိုဟင်ဂျာ အမည်ခံသူစစ်တကောင်းနွယ် ဘင်္ဂါလီမူဆလင်တို့ကလူဦးရေအသာစီးရနေမှုကို အခွင့်ကောင်းယူကာ ရခိုင်တို့အား မောင်းထုတ်ပစ်ပြီး ရခိုင်မြေကို အပိုင်စီးလိုသည့် အာဘော်ပင်ဖြစ်လေသည်။

ကောင်းပါပြီ။ ရခိုင်မြေကို အပိုင်စီးလိုသူ ဖော်မင်းထွင့်က မိမိလိုချင်သော ဝေသာလီခေတ် (၈)ရာစု မဟာတိုင်းစန္ဒြားမင်းကြီးနှင့် အာရပ်သင်္ဘောပျက်ပုံပြင်မှ တဆင့် အစ္စလာမ်ဘာသာ ရခိုင်၌ ပြန့်ပွါးကြောင်း ခိုင်လုံသော သမိုင်းများ၌ ဆိုလေဟန်တင်ပြပြီး မောင်အေးချမ်းဆောင်းပါးမှ ဝေသာလီခေတ်ပျက်သုန်းချိန် အခြေအနေ တင်ပြချက်ကို ခုတုံးလုပ်အသုံးချကာ ရေးခဲ့သည်။ သူရေးသည့်အတိုင်း ဟုတ်ပါရဲ့လားဟု စီစစ် ကြည့်ကြပါမည်။

ဦးစွာမောင်အေးချမ်း(သမိုင်း)ဆောင်းပါးမှ စာပိုဒ်အချို့ကို ဖော်မင်းထွင့်ကိုးကားပြသောအခါ မိမိလိုရာ ဆွဲ၍ ကောက်နုတ်တင်ပြပုံကို စီစစ်ကြပါမည်။ အောက်ပါကောက်နုတ်ချက်သည် ဖော်မင်းထွင့် ကိုးကားပြသော စာပိုဒ်များဖြစ်ပါသည်။ စာလုံးမဲပြထားသော ဝါကျများမှာ ဖော်မင်းထွင့်ဖြုတ်ပစ်ခဲ့သော ဝါကျများဖြစ်ပါသည်။

"ရာခိုင်ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည့် မာရယုမင်း ဥဿဝတီကို တည်ထောင်သော သက္ကရာဇ် ကို တွက်ယူလျှင် ဘီစီ (၂၆၆၆) ရပါသည်။ ဤသို့ ရခိုင်ရာဇဝင်များက ဖော်ပြသော အစောဆုံးမင်းဆက်များ တကယ်ပင်ရှိခဲ့သည်ဟု အခိုင်အမာပြောဆို၍ မဖြစ်နိုင်ချေ။ သို့ရာတွင် ရခိုင်တွင် တွေ့ရသော သက္ကဋ္ဌ ဘာသာဖြင့်ရေးထိုးထားသည့် ကျောက်စာများကို ထောက်ရှုခြင်းအားဖြင့် အေဒီ(၃)ရာစုထက် နောက်မကျသော ကာလမှစ၍ စန္ဒြမင်းများအုပ်စိုးသောရခိုင်ပြည်နယ် ဝေသာလီခေတ်တွင် လူ့အဖွဲ့အစည်းတစ်ရပ်သည် အဆင့်အတန်းမြင့်သော ယဉ်ကျေးမှုတစ်ရပ်ကို ရရှိပြီးဖြစ်လျက် စာရေးစာဖတ်တတ်၍ ဗုဒ္ဓဘာသာထွန်းကား

နေပြီဖြစ်ကြောင်းကိုမူ အခိုင်အမာ ပြောဆိုနိုင်ပေပြီ။ ***ဝေသာလီမြို့ဟောင်းကို တူးဖော်ခြင်းမပြုရသေးသည့်တိုင်အောင် ဝေသာလီခေတ်နှင့် သက်ဆိုင်သော သမိုင်းအထောက်အထားများကိုကား အတော်အသင့်ရရှိထားပါသည်။*** မြို့ဟောင်း မြို့ရှစ်သောင်းဘုရားရှိ သက္ကတ ဘာသာထိုးကျောက်စာတိုင်မှ မြောက်ဘက်မျက်နှာစာမှ အောက်ပိုင်းရှိစာကြောင်း (၆၉)ကြောင်းမှာ အေဒီ(၁၀)ရာစုခန့်က ရေထိုးခြင်းဖြစ်ဟု ခန့်မှန်းထား သဖြင့် ဝေသာလီခေတ်သည် အေဒီ(၁၀)ရာစုထိ တည်ရှိနေသေးသည်ဟူ၍ကား ကောက်ချက်ချနိုင်မည် ထင်ပါသည်။"

"လေးမြို့ခေတ်မတိုင်မီက (ဇော်မင်းထွဋ်က မြောက်ဦးခေတ်ဟုရေးသည်) ဖြစ်သော ဝေသာလီခေတ် တစ်ခေတ်လုံးသည် စာပေရေးသားရာတွင် သက္ကတဘာသာ နာဂရီအက္ခရာဖြင့် ရေးသားကြောင်းတွေ့ရသည်။ ဤကာလအတွင်းတွင် ကျွန်ုပ်တို့ ယခုပြောဆိုနေသော ရခိုင်ဘာသာစကားဖြင့် ရေးထိုးထားသည့် ကျောက်စာ၊ ခေါင်းလောင်းစာ စသည်တို့ကို တစ်စုံတစ်ရာမျှ မတွေ့ရသေးပါ။ ***ရခိုင်ဒေသသည် သဘာဝအားဖြင့် အိန္ဒိယနှင့်ပိုမိုနီးစပ်သဖြင့် မြောက်ပိုင်း အိန္ဒိယအက္ခရာဖြစ်သော နာဂရီ၊ ဂုပ္ပတ အက္ခရာများကို မြန်မာပြည်အခြားဒေသများထက် စော၍ ရနိုင်ပါသည်။*** ထို့ပြင်မြောက်ပိုင်း အိန္ဒိယယဉ်ကျေးမှုသည် အလွန်ကြီးမား သည့်အတိုင်းအတာဖြင့် လွှမ်းမိုးခဲ့ကြောင်းကို ဝေသာလီခေတ်သမိုင်းအထောက်အထားများက သက်သေခံပါ သည်။ ဝေသာလီခေတ်သုံး ရခိုင်သုံးဒင်္ဂါးများသည်လည်း အိန္ဒိယပြည် ဂုပ္ပတခေတ် နောက်ပိုင်းသုံး ဟိန္ဒူ ဒင်္ဂါးများနှင့် တူညီကြောင်း မောရစ်ကာလစ်က ကောက်ချက်ချထားပါသည်။

အများအားဖြင့် ဝေသာလီခေတ်ထိုးသက္ကတ ကျောက်စာများမှာ မင်းမိဖုရားတို့ ကုသိုလ်ဒါနပြုလုပ်ကြောင်းကမ္ပည်းတင်ထားခြင်းပင်ဖြစ်သည်။ သို့ရာတွင် သံတွဲ၊ ငလုံးမော်ရွာအနားရှိ သက္ကတ ကျောက်စာမှာ အေဒီ (၈)ရာစုခန့်က ရေးထိုးခဲ့သော ကျောက်စာဖြစ်၍ "မဲဂါ" နှင့် "သာကောမဝမ္မ" အမည်ရှိ ဒါယကာ(၂)ဦး က မိဘတို့၏ ကုသိုလ်အတွက် အလှူအတန်းပြုကြောင်း ဖော်ပြထားသဖြင့် မင်းမိဖုရားတို့သာ မဟုတ်ဘဲ တစ်ပြည်လုံးကပင် သက္ကတဘာသာစကားကို အသုံးပြုကြကြောင်း ထင်ရှားသိသာစေပါသည်။ သို့ဖြစ်လျှင် ဤမျှမြောက်ကိုင်းအိန္ဒိယ ယဉ်ကျေးမှုကို ရက်ရက်ရောရောလက်ခံခဲ့သော ပြည်သူများသည် မြောက်ပိုင်းအိန္ဒိယ နှင့် မည်မျှနီးစပ်မည်ကို အထူးစောဒကတက်ရန်လိုမည်မဟုတ်ပါ။ ***ဤကဲ့သို့ အိန္ဒိယမြောက်ပိုင်း ယဉ်ကျေးမှု အကြီးအကျယ်ထွန်းကားခဲ့သော ဝေသာလီခေတ်သည် မည်ကဲ့သို့ ဇာတ်သိမ်းသွားသည်ကို ကျွန်ုပ်တို့ အတိအကျမသိကြရခြင်းမှာ အလွန်ဝမ်းနည်းဖွယ်ကောင်းပါသည်။***

ဝေသာလီခေတ်တွင် သက္ကတဘာသာကို အသုံးပြုခဲ့ရာမှ လေးမြို့ခေတ် (အေဒီ ၁၁ရာစုမှ ၁၅ ရာစုအစ ပိုင်းထိ) တွင် ကျွန်ုပ်တို့ ယခုပြောဆိုနေကြသော ရခိုင်ဘာသာစကားကို အသုံးပြု၍ ကျောက်စာများရေးထိုး လာကြသည်။ ဥပမာပြရလျှင် ဒသရာဇာကျောက်စာဖြစ်ပါသည်။ ***နာဂရီအက္ခရာအစား ရက္ခဝဏ္ဏ အက္ခရာ အသုံးပြုလာပါသည်။ ဤကာလတွင် ဝေသာလီခေတ်က ထုနှင့်ထယ်နှင့် လွှမ်းမိုးခဲ့သော အိန္ဒိယမြောက်ပိုင်း ယဉ်ကျေးမှုသည် အငွေ့အသက်မျှသာ ကျန်တော့သည်ဟု ဆိုချင်ပါသည်။ တိုးတောင်းသောကာလတွင် အပြောင်းအလဲကား မြန်ဆန်လွန်းလှပေသည်။*** ဝေသာလီခေတ်နှင့် လေးမြို့ခေတ်အကူးအပြောင်း၏ တိုတောင်း လှသော ကာလတွင် ရခိုင်ပြည်၌ အလွန်ကြီးမားသော နိုင်ငံရေး၊ လူမှုရေး ပြောင်းလဲမှုကြီးတစ်ရပ်ပေါ်ပေါက် ခဲ့၍ ပင်ဖြစ်မည်လောဟု တွေးတောစရာဖြစ်လာပါတော့သည်။

ရခိုင်ပြည်လေးမြို့ခေတ်သည် မြန်မာပြည် ပုဂံခေတ်နှင့် ခေတ်ပြိုင်ဖြစ်သည်။ မြန်မာတို့သည် အေဒီ (၉)ရာစုတွင် ဧရာဝတီမြစ်ဝှမ်းသို့ ရောက်ရှိလာကြသူများဖြစ်ပါသည်။ ***အေဒီ (၉)ရာစုတွင် နန်ချောင်တို့က ပြူနိုင်ငံ၊ သရေခေတ္တရာနှင့် မိချန်ဟုခေါ်သော မွန်နိုင်ငံတစ်ခုကို တိုက်ခိုက်ဖျက်ဆီးလိုက်၍ ဖရိုဖရဲ***

***ဖြစ်နေစဉ် အခွင့်ကောင်းယူ၍ မြန်မာတို့ ဝင်ရောက်လာကြသည်ဟု ဆိုပါသည်။ ကျောက်ဆည်နယ်သို့ မြန်မာတို့ ဝင်ရောက်လာသော အချိန်နှင့် ရခိုင်ပြည်မှ ဝေသာလီခေတ်ပျက်သုန်းသော အချိန်သည် မရှေးမနှောင်းပင် ဖြစ်ပါမည်။ ထို့ကြောင့်လည်း မြန်မာတို့၏ ပုဂံခေတ်သည် ရခိုင်တို့၏ လေးမြို့ခေတ်နှင့် ခေတ်ပြိုင် ဖြစ်လာပါတော့သည်။***

***ဤနေရာတွင် စဉ်းစားဆင်ခြင်ရန် အချက်အလက်တစ်ခုပေါ်လာပါသည်။*** မြန်မာပြည်အလယ်ပိုင်း အားနည်းသော ပြူတို့၏ဒေသသို့ တိဘက်မြန်မာအနွယ်ဝင် ရောက်လာသကဲ့သို့ ရခိုင်ပြည်တွင်းသို့လည်း ဝင်ရောက်လာကြခြင်းဖြင့် ဝေသာလီခေတ်ဇာတ်သိမ်းသွားရခြင်းပေလောဟူသည့်အချက်ပင်ဖြစ်ပါသည်။" ဟူ၍မောင်အေးချမ်းဆောင်းပါးမှ ကောက်နှုတ်တင်ပြခဲ့ပါသည်။

ဤသို့မတင်ပြမီဇော်မင်းထွဋ်က " ဒေါက်တာအေးချမ်း၏ဆောင်းပါးကို မူရင်းအတိုင်းဖော်ပြလိုပါသည်" ဟု ကတိပြုခဲ့သော်လည်း ရိုးသားမှုမရှိပဲ မူရင်းဝါကျများကို ဖျက်တန်ဖျက်၊ ဖြတ်တန်ဖြတ်ပြီး မိမိလိုရာဝါကျသစ်များဖွဲ့စည်းတင်ပြထားကြောင်းတွေ့ရသည်။ နိဂုံးတွင်သူက " ဒေါက်တာအေးချမ်း၏အထက်တင်ပြချက်နှင့် ရိုဟင်ဂျာသမိုင်းနောက်ကြောင်းသည် ဝေသာလီခေတ်နှင့်ဆက်စပ်နေပါသည်။" ဟုဆိုကာ"(၈)ရာစုမဟာတိုင်းစန္ဒြားမင်းလက်ထက်အာရပ်ကုန်သည်သင်္ဘောသားများမှတဆင့်ဝေသာလီပြည်တွင် အစ္စလာမ်ဘာသာပြန့်ပွားခဲ့ကြောင်းခိုင်လုံသော သမိုင်းများတွင်တွေ့ရသည်" ဟုရေးပြီး ဗုဒ္ဓဘာသာဝင်ဝေသာလီပြည်သူတို့ကို အစ္စလာမ်ဇာတ်သွင်းပစ်ခဲ့၏။ ထို့နောက်ဆက်လက်၍ သူက " ဝေသာလီခေတ် အိန္ဒိယလူမျိုးများအစ္စလာမ်ဘာသာဝင်ဖြစ်လာရာ၊ ယင်းတို့သည် ယနေ့ရိုဟင်ဂျာများဖြစ်လာသည်" ဟူ၍လည်း ဝေသာလီခေတ်နှင့်ယနေ့ရိုဟင်ဂျာအမည်ခံသူတို့သမိုင်းစဉ်အပြတ်အထောက်မရှိ၊ တိုင်းရင်းသားအစစ်အမှန်ဖြစ်ပါသည်– ဟူသော အဓိပ္ပါယ်မျိုးသက်ရောက်အောင်ရေးလိုက်၏။

ဇော်မင်းထွဋ်က ဤသို့အလွဲသုံးစားလုပ်ခဲ့သော်လည်း မောင်အေးချမ်းသည် သူ့ဆောင်းပါးရည်ရွယ်ချက်အတိုင်း ခေတ်ဟောင်း၊ရခိုင်သမိုင်းကိုခေတ်သစ်သုတေသနနည်းဖြင့် ယေဘုယျသဘောသုံးသပ်တင်ပြခြင်းဖြစ် သည်။ တွေ့ရှိသောအချက်များကို ဆန္ဒစွဲနှင့်ချဲ့ကားခြင်း၊ ထိန်ချန်ခြင်းပြစ်မှုများမကျူးလွန်ပဲ၊ အရှိကိုအရှိအတိုင်းတင် ပြခဲ့သည်။ ခေတ်သစ်သမိုင်းပညာရပ်ရှုထောင့်မှကြည့်လျှင် မောင်အေးချမ်းသည်သမိုင်းသုတေသနကျင့်ဝတ်များကို လိုက်နာသူ တစ်ဦးဖြစ်၍ သူ့ဆောင်းပါးမှာ သမိုင်းသုတေသနအတွက်အဘိုးတန်သောစာတစ်ခုဖြစ်ပါသည်။

မောင်အေးချမ်းကသူ့ဆောင်းပါး၌ " ***ရခိုင်တွင်တွေ့ရသော သက္ကဋ္ဌဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများကိုထောက်ရှုခြင်းအားဖြင့် အေဒီ(၃)ရာစုထက်နောက်မကျသောကာလမှစ၍ စန္ဒြမင်းများ အုပ်စိုးသောဝေသာလီခေတ်တွင် လူအဖွဲ့အစည်းတစ်ရပ်သည် အဆင့်အတန်းမြင့်သောယဉ်ကျေးမှုတစ်ရပ်ကို ရရှိပြီးဖြစ်လျက် စာရေးစာဖတ်တတ်၍ ဗုဒ္ဓဘာသာထွန်းကားနေပြီဖြစ်ကြောင်းကိုမူ အခိုင်အမာ ပြောနိုင်ပေပြီ။"*** ဟူ၍သာတင်ပြခဲ့သည်။ အေဒီ(၃)ရာစုကပင် စန္ဒြမင်းများ၏ဝေသာလီခေတ်ရှိခဲ့ပြီဟုဆိုလိုခြင်း ဖြစ်သည်။ ဤအဓိပ္ပါယ်ကိုနားမလည်ရှာသောဇော်မင်းထွဋ်သည်၊ဒေါက်တာအေးချမ်းစာကို ကိုးကားပြီးမိမိတို့ ရိုဟင်ဂျာသမိုင်းအတွက်အချက်ကောင်းတစ်ခု၊အကွက်ကောင်းတစ်ခုရပြီဟုလွဲမှားစွာမှတ်ယူပြီးအသုံးချခဲ့သည်မှာ အလွန်ရယ်စရာကောင်းလှပေသည်။ ထားပါတော့။ မောင်အေးချမ်းဆောင်းပါး၌တင်ပြခဲ့သော ယူဆချက်မျိုးကို သမိုင်းပညာရှင်များလက်ခံထားကြကြောင်းကိုသာဖြည့်စွက်တင်ပြလိုပါသည်။

မောင်အေးချမ်း၏အယူအဆမျိုးကိုအထက်ဖော်ပြခဲ့ပြီးသော " မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ပုံ" ခေါင်းစဉ်ငယ်အောက်၌ ဆရာကြီးဟောလ်ကရေးဖူးကြောင်းတင်ပြခဲ့ပါပြီ။ ထပ်မံဖော်ပြရလျှင် ဆရာကြီးက " မြို့တော်ဝေသာလီ၌ စန္ဒြမင်းဆက်တစ်ခုကိုအေဒီ(၃၃၀)နှင့် (၃၆၀)ကြားတွင်တည်ထောင်၍နှစ်(၂၃၀)ရှည်ကြာခဲ့သည်။ အေဒီ(၈)ရာစု

တွင်လည်း ဓမ္မဝိဇယခေါ်မင်းကမင်းဆက်သစ်တစ်ခုကို တည်ထောင်ခဲ့သည်။" ဟုရေးခဲ့ပါသည်။ ဆရာကြီးသည် ဒေါက်တာဂျွန်စတန်၏ "ရခိုင်ပြည်မှသက္ကဋ္ဌကျောက်စာများ" စာတန်း( **Some Sanskrit Inscriptions of Arakan**) ကိုကိုးကား၍ရေးခဲ့ခြင်းဖြစ်သည်။ ထိုစာတန်းကို ဆရာကြီး ဂျွန်စတန်ကွယ်လွန်ပြီးမှ ဒေါက်တာလုစ်( **G.H Luce**) က ၁၉၄၂ ခုတွင် စီစဉ်ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဤစာတမ်းကို အိန္ဒိယနိုင်ငံသားကျောက်စာဝန် ဒေါက်တာဆားကား (**Dr.D.C.Sircar** )က ဖတ်ရှုစီစစ်ပြီးအနည်းငယ်မျှပြင်ဆင်တင်ပြခဲ့သည်။

မြန်မာသမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကလည်း ၄င်းစာတမ်းကို ကိုးကား၍ ဝေသာလီခေတ်နှင့် ပတ်သက်သော အယူအဆကို "ခေတ်ဟောင်းမြန်မာရာဇဝင်" စာအုပ်၌ အောက်ပါအတိုင်း ရေးခဲ့ပါသည်။

"အစဉ်အလာပြောဆိုကြသော မင်းဆက်များနှင့် အနန္ဒစန္ဒြကျောက်စာပါ မင်းဆက်တို့ မကိုက်ညီချေ။ သို့သော်ကျောက်စာပါ မင်းတို့အနက် ဒုတိယနှင့်တတိယ မင်းဆက်တွင် အစုစုမင်းရှစ်ဦးမျှ အမည်ဖြင့် ဒင်္ဂါးများကျန်ရစ်သဖြင့် ကျောက်စာဖက်က အလေးသာသည်ဟု ဆိုနိုင်ပါသည်။ (စာ–၇၅)

ဒေါက်တာသန်းထွန်းက ကျောက်စာနှင့် ဒင်္ဂါးကိုကိုးကားပြီး အစဉ်အလာစကား (ရခိုင်ရာဇဝင် ကျမ်းထွက်စကား) ကို မခိုင်လုံ၊ ကျောက်စာပါ မင်းဆက်သာ အမှန်တကယ်ရှိခဲ့သော မင်းများဖြစ်နိုင်သည်ဟု ပြောခဲ့ခြင်းဖြစ်ပါသည်။ ဤသဘောမျိုးကိုပင် ဆရာကြီး ဦးစံသာအောင်လည်း "ရခိုင်ဒင်္ဂါးများ" စာအုပ်တွင် အောက်ပါအတိုင်း ရေးခဲ့ပါသည်။

"ရာဇဝင်ပေစာ၊ စာအုပ်များနှင့်ညှိမရသော်လည်း ဒင်္ဂါးများက ဖော်ပြသော မင်းအမည်ကို ရှစ်သောင်း ဘုရားရှိ ကျောက်စာတိုင်၏ အနောက်ဖက်မျက်နှာ၌ ရေးထိုးထားသော အာနန္ဒစန္ဒြကျောက်စာပါ ဒုတိယခေတ် နှင့် တတိယခေတ်မင်းအမည်များတွင် တွေ့ရှိရသည်။ ထို့ကြောင့် ယင်းကျောက်စာပါ သက္ကရာဇ် အေဒီ (၇၀၀)အောက်ရှေးရခိုင်မင်းဆက်၏ အမည်များသည် ရခိုင်ရာဇဝင်ပေစာနှင့် စာအုပ်များပါ အမည်ထက် မှန်ကန်ကြောင်း ထင်ရှားပါသည်" (စာ–၈)

ကျောက်စာနှင့်ဒင်္ဂါးများကို ကိုးကားလျက် တင်ပြခဲ့ကြသော အထက်သုတေသီပညာရှင်များ၏ အဆိုမျိုး ကိုပင် မောင်အေးချမ်းကလည်း သူ့ဆောင်းပါး၌ "ရခိုင်တွင်တွေ့ရသည့် သက္ကဋ္ဌဘာသာဖြင့် ရေးထိုး ထားသည့် ကျောက်စာများကို ထောက်ရှုခြင်းအားဖြင့်အေဒီ (၃)ရာစုထက် နောက်မကျသောကာလမှ စ၍ စန္ဒြမင်းများ အုပ်စိုးသော ဝေသာလီခေတ်တွင် လူ့အဖွဲ့အစည်းတစ်ရပ်သည် အဆင့်အတန်းမြင့်သော ယဉ်ကျေးမှု တစ်ရပ်ကိုရရှိပြီးဖြစ်လျက် စာရေးစာဖတ်တတ်၍ ဗုဒ္ဓဘာသာထွန်းကားနေပြီဖြစ်ကြောင်းကိုမူ အခိုင်အမာပြော နိုင်ပေပြီ။" ဟူ၍ ခြုံငုံတင်ပြခဲ့ခြင်းဖြစ်ပေသည်။

မောင်အေးချမ်းသည် သူ့ဆောင်းပါးအစပိုင်း၌ ***"မြောက်ဦးခေတ်မတိုင်မီ သမိုင်းကိုရေးလိုလျှင် တိကျခိုင်မာသော အထောက်အထားများကို ရှာကြရဦးမည်။"*** ဟုပြောခဲ့သည့်အတိုင်း "ဝေသာလီခေတ်" အကြောင်းကို ယေဘုယျသဘောခြုံငုံတင်ပြသောအခါ ကျောက်စာအကိုးအကားနှင့် တင်ပြခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွဋ်မှာ ခေတ်သစ်သုတေသနသဘောကို နားမလည်ချေ။ ထို့ကြောင့် ရခိုင်ရာဇဝင်လာ ဝေသာလီခေတ် စန္ဒြ (၉)ဆက်မှ အဦးဆုံးမင်းတိုင်း စန္ဒြားမင်းကြီးကို ခိုင်လုံသော သက်သေအဖြစ် "သဘော်ပျက်ပုံပြင်"၌ ကိုးကားကာ ထပ်တလဲလဲတင်ပြနေခြင်းဖြစ်လေသည်။

မောင်အေးချမ်းတင်ပြခဲ့သော သဘောမျိုးကို ဒေါက်တာသန်းထွန်းနှင့် ဦးစံသာအောင်ကဲ့သို့ သုတေသီ ပညာရှင်များက အဘယ်ကြောင့် တင်ပြခဲ့ကြသနည်း။ ရခိုင်ရာဇဝင်ကို ကျောက်စာ၊ ဒင်္ဂါးများလောက် အဘယ်ကြောင်းအလေးမထားကြသနည်း၊ ရခိုင်မဟာရဇဝင်ကြီးသည် မြောက်ဦးခေတ် မင်းဘာကြီးလက်ထက် ဝိမလအမတ်ကြီးစတင်ရေးသားသော ကျမ်းသာဖြစ်လေသည်။ ထို့ကြောင့် ရှေးဓညဝတီ၊ ဝေသာလီ၊ အကြောင်းကို ရေးသောအခါ မှတ်တမ်းမှတ်ရာမတွေ့ရ၍ နိပတ်တော်လာဝတ္ထု (ဝါသုဒေဝဇာတ်မျိုး) နှင့် အစဉ်အလာ စကားကို အားကိုးကာ မှန်းဆရေးခဲ့ခြင်းဖြစ်ဟန်တူသည်။ မှန်းဆရေးရသောကြောင့် လေးမြို့ခေတ် မင်းများ၌ပင် အဘနှင့်သား အသက်ညှိမရသော အချက်များပါဝင်နေခြင်းဖြစ်သည်။ ကျောက်စာနှင့်ဒင်္ဂါးမှာ ရေးထိုး ခပ်နှိပ်သူမင်းများ၏ မျက်မှောက်၌ မှတ်တမ်းတင်ခဲ့ခြင်းဖြစ်၍ ရာဇဝင်ထက်မှန်ကန်သည်ဟု သုတေသီတို့က လက်ခံကြခြင်းဖြစ်သည်။

ဤနေရာတွင် စာဖတ်သူတို့ အမြင်ရှင်းရန် ရခိုင်ရာဇဝင်လာ စန္ဒြားမင်း (၉)ပါး၊ သက္ကရာဇ်နှင့် ကျောက်စာလာ စန္ဒြမင်း (၁၃)ပါး၏ မှန်းဆသက္ကရာဇ်များကို ဇယားဆွဲ၍ အောက်တွင်ဖော်ပြအပ်ပါသည်။

## <u>ရာဇဝင်နှင့် ကျောက်စာသက္ကရာဇ်နှိုင်းယှဉ်ချက်</u>

**ရခိုင်ရာဇဝင်လာ စန္ဒြားမင်းများသက္ကရာဇ် (ဇယား–၁)**

| စဉ် | မင်းအမည် | နန်းသက် | အေဒီ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁။ | မဟာတိုင်းစန္ဒြား | ၂၂ | ၇၈၈ | ၈၁၀ | (၁)အေဒီသက္ကရာဇ်များမှာ ဖေယာစာအုပ်ပါသက္ကရာဇ် ဖြစ်သည်။ |
| ၂။ | သူရိယတိုင်းစန္ဒြား | ၂၀ | ၈၁၀ | ၈၃၀ | ၄င်းသက္ကရာဇ်ကို ဆရာငမည်၏ရခိုင်ရာဇဝင်(ပျာသတ်ရာဇဝင်) |
| ၃။ | မောလတိုင်းစန္ဒြား | ၁၉ | ၈၃၀ | ၈၄၉ | မှရယူပြီး အေဒီသက္ကရာဇ်အဖြစ် တွက်ယူထားခြင်းဖြစ်သည်။ |
| ၄။ | ပေါလတိုင်းစန္ဒြား | ၂၆ | ၈၄၉ | ၈၇၅ | ဆရာငမည်သက္ကရာဇ်နှင့်တောင်ကျောင်းဆရာတော်သက္ကရာဇ်တို့ |
| ၅။ | ကာလတိုင်းစန္ဒြား | ၉ | ၈၇၅ | ၈၈၄ | မှာမြောက်ဦးခတ်၌တူသော်လည်းကျန်ခေတ်များ၌မတူကြပါ။ |
| ၆။ | ထူလတိုင်းစန္ဒြား | ၁၉ | ၈၈၄ | ၉၀၃ | (၂)ရာဇဝင်လာမင်း (၉)ပါးအမည်နှင့်ဒင်္ဂါးမတွေ့သေးပါ။ |
| ၇။ | သီရိတိုင်းစန္ဒြား | ၃၂ | ၉၀၃ | ၉၃၅ | (၃)ရာဇဝင်လာ“ကာလတိုင်းစန္ဒြား”အမည်နှင့်ကျောက်စာ |
| ၈။ | သိင်္ဂတိုင်းစန္ဒြား | ၁၆ | ၉၃၅ | ၉၅၁ | မှကာလစန္ဒြအမည်တူကြသော်လည်း ကျင့်ကြံပုံ၌ ခြားနား |
| ၉။ | စူလတိုင်းစန္ဒြား | ၆ | ၉၅၁ | ၉၅၇ | ၏။ |
| | ပေါင်း | ၁၆၉ | | | |

## အာနန္ဒစန္ဒြကျောက်စာလာစန္ဒြမင်းများမှန်းဆသက္ကရာဇ် (ဇယား–၂)

### ဒုတိယမင်းဆက်

| စဉ် | မင်းအမည် | နန်းသက် | ခန့်မှန်းနန်းတက်အေဒီ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဂျွန်စတန် | ဆာကာရ် | |
| ၁ | ဒွေင်စန္ဒြ | ၂၅ | ၃၅၀ | ၃၇၀ | (၁)အာနန္ဒစန္ဒြကျောက်စာ၌သက္ကရာဇ်မပါ။ နန်း သက်နှစ်သာပါသည်။ ဂျွန်စတန်နှင့်ဆာကာရ်တို့ ကအိန္ဒိယမှသက္ကဋ္ဌကျောက်စာများနှင့်လက်ရေး လက်သားကိုနှိုင်းယှဉ်ပြီးသက္ကရာဇ်သတ်မှတ် ကြခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦးနှစ်(၂၀)ခြားနားကြသည်။<br>(၂)ကျောက်စာ၌မင်းဆက်(၃)ခုဖော်ပြသည်။ ဒွေင်စန္ဒြမှစရတိစန္ဒြထိမင်းတို့ကိုဒုတိယမင်းဆက်ဟုသတ်မှတ်သည်။ ကျောက်စာရေးထိုးခဲ့သောအာနန္ဒစန္ဒြမင်းသည် တတိယမင်းဆက်မှနောက်ဆုံးမင်းဖြစ်သည်။ ဇယားအမှတ်(၃)ကိုရှုပါ။<br>(၃) ဂျွန်စတန်ကဖေယာစာအုပ်၌ဖော်ပြသော“မဟာတိုင်းစန္ဒြား”မင်းသည် ကျောက်စာမှ“ ဒွေင်စန္ဒြ”မင်းနှင့် (ဒွေင်နှင့်တိုင်း)အမည်နီးစပ်သည်ဟုဆိုသည်။<br>(၄)ခရေပွင့်အမှတ်အသားပြသောမင်း(၆)ပါးအမည်နှင့်ဒင်္ဂါးများတွေ့ထားသည်။ ကျောက်စာနှင့်ဒင်္ဂါးကိုက်ညီသည်။ကျောက်စာမှန်ကြောင်းဒင်္ဂါးကထောက်ခံနေသည်။ |
| ၂ | ရာဇစန္ဒြ | ၂၀ | ၄၀၅ | ၄၂၅ | |
| ၃ | ကာလစန္ဒြ | ၉ | ၄၂၅ | ၄၄၅ | |
| *၄ | ဒေဝစန္ဒြ | ၂၂ | ၄၃၄ | ၄၅၄ | |
| ၅ | ယစ်ညစန္ဒြ | ၇ | ၄၅၆ | ၄၇၆ | |
| ၆ | စန္ဒြဗန္ဓု | ၆ | ၄၆၃ | ၄၈၃ | |
| ၇ | ဘူမိစန္ဒြ | ၇ | ၄၆၉ | ၄၈၉ | |
| ၈ | ဘူတိစန္ဒြ | ၂၄ | ၄၇၆ | ၄၉၆ | |
| *၉ | နီတိစန္ဒြ | ၅၅ | ၅၀၀ | ၅၂၀ | |
| *၁၀ | ဝီရစန္ဒြ | ၃ | ၅၅၅ | ၅၇၅ | |
| *၁၁ | ပြီတိစန္ဒြ | ၁၂ | ၅၅၈ | ၅၇၈ | |
| *၁၂ | ပြထိဝီစန္ဒြ | ၇ | ၅၇၀ | ၅၉၀ | |
| *၁၃ | ဓရတိစန္ဒြ | ၃ | ၅၇၇ | ၅၉၇ | |
| | ပေါင်း | ၂၃၀ | | | |

## အာနန္ဒစန္ဒြကျောက်စာလာမှန်းဆသက္ကရာဇ် (ဇယား–၃)

### တတိယမင်းဆက်

| စဉ် | မင်းအမည် | နန်းသက် | ခန့်မှန်းနန်းတက်အေဒီ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | ဂျွန်စတန် | ဆာကာရ် | |
| ၁ | မဟာဝီရ | ၁၂ | ၅၈၀ | ၆၀၀ | (၁) တတိယမင်းဆက်၌ စန္ဒြအမည်ခံမင်း(၂)ပါးသာပါသည်။ ကျောက်စာရေးထိုးသူ အာနန္ဒစန္ဒြနှင့်၎င်း၏ခမည်းတော်ဓမ္မစန္ဒြတို့ဖြစ်သည်။ ကျန်မင်းများ စန္ဒြဘွဲ့မခံခဲ့ကြချေ။ ၎င်းမင်းတို့မှာ မင်းရိုးမဟုတ်ပဲဒေသခံမှူးမတ်အကြီးအကဲများဖြစ်ဟန်သူသည်ဟု သုတေသီတို့က ဆိုကြသည်။<br>(၂) ခရေပွင့်ပြ မင်း(၂)ပါးအမည်နှင့်ဒင်္ဂါးများတွေ့ထားသည်။ ကျောက်စာကိုဒင်္ဂါးကထောက်ခံနေသည်။ |
| ၂ | ဝရယဇပ် | ၁၂ | ၅၉၂ | ၆၁၂ | |
| ၃ | သေဝိရင်္ဂ | ၁၂ | ၆၀၄ | ၆၂၄ | |
| ၄ | ဓမ္မသူ၇ | ၁၃ | ၆၁၆ | ၆၃၆ | |
| ၅ | ဝဇရဲသတ္တိ | ၁၆ | ၆၂၉ | ၆၄၉ | |
| *၆ | ဓမ္မဝိဇယ | ၃၆ | ၆၄၅ | ၆၆၅ | |
| ၇ | နရေန္ဒြဝိဇယ | ၃ | ၆၈၁ | ၇၀၁ | |
| *၈ | ဓမ္မစန္ဒြ | ၁၆ | ၆၈၄ | ၇၀၄ | |
| ၉ | အာနန္ဒစန္ဒြ | ၉ | ၇၀၀ | ၇၂၀ | |

စန္ဒြဘွဲ့ခံမင်းများနှင့်ပတ်သက်သောသက္ကရာဇ်နှိုင်းယှဉ်ချက်ဇယားများကို ခြုံငုံသုံးသပ်ကြည့်လျှင် ရခိုင်ရာဇဝင်လာ သက္ကရာဇ်ဇယားသည် မြောက်ဦးခေတ်ရေးရာဇဝင်ကျမ်းများကိုမှီ၍ခရစ်သက္ကရာဇ်နှင့်တွက်ချက်ယူထားခြင်းဖြစ်သည်။ ဓညဝတီ၊ဝေသာလီခေတ် အသီးသီးအတွက် ရခိုင်ရာဇဝင်ပါအချက်အလက်များသည် မဟာဝင်ကျမ်း၊နိပါတ်တော်ကျမ်းများကိုမှီငြမ်းပြီး အစဉ်အလာစကားကိုအားကိုးကာမှန်းဆရေးသားချက်များဖြစ်သည်။ ထို့ကြောင့် တိုင်းစန္ဒြားမင်းကြီးတည်ထောင်ခဲ့သည်ဆိုသော စန္ဒြား(၉)ဆက်၏သက္ကရာဇ်သည်မခိုင်လုံချေ။

အာနန္ဒစန္ဒြမင်းကျောက်စာသည် ၄င်းမင်းမျက်မှောက်၌ ရေးထိုးစေခဲ့သောကျောက်စာဖြစ်၍ စန္ဒြမင်းဆက်အကြောင်းအရာများခိုင်လုံသေချာသည်။ သက္ကရာဇ်မပါသော်လည်းနန်းသက်နှစ်များပါသည်။ ဤကျောက်စာသုံးလက်ရေး၊သက္ကဋဘာသာစကားနှင့်ဂါထာဖွဲ့ပုံတို့သည် အိန္ဒိယပြည်မှခေတ်ပြိုင် ယသောဝါမ်မင်း(အေဒီ ၇၂၅–၇၅၄) လက်ထက်သုံးကျောက်စာများနှင့်တူနေသည်ဟုသုံးသပ်ပြီး စန္ဒြမင်းဆက်ဇယားများကိုရေးဆွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ကျောက်စာပါမင်းများအနက် ဒုတိယမင်းဆက်မှ မင်း(၆)ပါး၊တတိယမင်းဆက်မှမင်း(၂)ပါးအမည်နှင့် ဒင်္ဂါးများတွေ့ရ၍ကျောက်စာကို ဒင်္ဂါးကထောက်ခံနေသယောင်ရှိသည်။ ထို့ကြောင့်ကျောက်စာသည် ရာဇဝင်ထက်ပို၍ အလေးသာသည်ဟု ပညာရှင်တို့က ဆိုခဲ့ခြင်းဖြစ်သည်။

မောင်အေးချမ်းသည် ကျောက်စာကို ကိုးကားပြီး ပညာရှင်များလက်ခံထားကြသော အဆိုမျိုးကိုပင်မိမိဆောင်းပါး၌ တင်ပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်စန္ဒြမင်းများအုပ်စိုးသောဝေသာလီခေတ်ကို “ ***အေဒီ(၃)ရာစုထက်နောက်မကျ*** ” ဟုဆိုခဲ့ခြင်းဖြစ်သည်။ အိန္ဒိယမြောက်ပိုင်းယဉ်ကျေးမှုလွှမ်းမိုးပြီး ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်း အတည်ပြုသည်။ ဝေသာလီသည် မည်သို့ဇာတ်သိမ်းသွားသည်ကို အတိအကျမသိရ၍ဝမ်းနည်းဘွယ်ကောင်းသည်ဟုရေးသည်။ လေးမြို့ခေတ်(၁၁ ရာစုမှ ၁၅ ရာစု)၌ သက္ကဋကျောက်စာများမတွေ့ရပဲ ရက္ခဝဏ္ဏအက္ခရာနှင့် ရခိုင်ဘာသာစကားသုံးကျောက်စာများကိုသာတွေ့ရ၍ ဝေသာလီခေတ်၌ထွန်းကားခဲ့သော အိန္ဒိယယဉ်ကျေးမှုအငွေ့အသက်မျှသာကျန်ကြောင်း၊ ဝေသာလီခေတ်နှင့်လေးမြို့ခေတ်အကူးအပြောင်းတိုတောင်းလှသောကာလ(၁၀ ရာစု)တွင် ရခိုင်ပြည်၌ ကြီးမားသောနိုင်ငံရေး၊လူမှုရေးပြောင်းလဲမှုကြီးတစ်ရပ်ပေါ်ပေါက်ခဲ့မည်ထင်ကြောင်းမှန်းဆသည်။ ထိုပြောင်းလဲမှုသည် မြန်မာတို့ကျောက်ဆည်နယ်သို့ဝင်ရောက်ချိန်နှင့်မရှေးမနှောင်းဖြစ်သည်။ ထို့ကြောင့်ပုဂံခေတ်သည် လေးမြို့ခေတ်နှင့်ခေတ်ပြိုင်ဖြစ်သည်––– ဟု မောင်အေးချမ်းကောက်ချက်ချခဲ့ခြင်းဖြစ်သည်။

ဇော်မင်းထွဋ်သည် မောင်အေးချမ်း၏ခေတ်သစ်သုတေသနအမြင်နှင့်တင်ပြချက်များကိုနားမလည်သောကြောင့် မောင်အေးချမ်းက “ အေဒီ (၃)ရာစုခန့်၌ စန္ဒြမင်းများ၏ ဝေသာလီရှိခဲ့ပြီ၊(၁၀)ရာစုခန့်၌ပျက်စီးခဲ့သည် ” ဟူသောတင်ပြချက်ကို သဘော်ပျက်ပုံပြင်အတွက်အသုံးမတည့်၍ထိန်ချန်ပစ်ထားခဲ့သည်။ထိုနောက် မိမိလိုချင် သော “ ဝေသာလီပျက်ချိန်နှင့်လေးမြို့ခေတ်ဆန်းချိန်၌ ယနေ့ရခိုင်လူမျိုးပေါ်ပေါက်လာဟန်တူသည် ” ဟူသောယူဆချက်ကို “ ဒေါက်တာအေးချမ်း၏အဆို ” အဖြစ်ထောက်ပြဆုပ်ကိုင်ကာ၊ “ ရိုဟင်ဂျာအမည်ခံသူတို့ ရခိုင်ထက်နှစ်(၂၀၀) စော၍ ရခိုင်ပြည်သို့ရောက်ခဲ့သည် ” ဟုအပိုင်ဆိုလိုက်လေသည်။ ***ဇော်မင်းထွဋ်က မိမိပိုင်လှပြီအထင်နှင့်ရေးခဲ့သော်လည်း၊သူကိုးကားခဲ့သော ဝေသာလီ မဟာတိုင်းစန္ဒြားမင်း၏သက္ကရာဇ်အေဒီ(၈)ရာစုသည် ရခိုင်ရာဇဝင်လာ သက္ကရာဇ်သာဖြစ်သည်ကိုလည်းကောင်း၊မောင်အေးချမ်းပြောသော သက္ကရာဇ်သည်အာနန္ဒစန္ဒြမင်းကျောက်စာ၌ဖော်ပြသောအေဒီ(၄)ရာစု ဒွေင်စန္ဒြ(တိုင်းစန္ဒြား)မင်း၏ ဝေသာလီခေတ် သက္ကရာဇ်ဖြစ်သည်ကိုလည်းကောင်းခွဲခြား၍မသိချေ။ မောင်အေးချမ်းပြောသော ဝေသာလီခေတ်သည် အေဒီ(၄)ရာစု ဒွေင်စန္ဒြခေတ်ဖြစ်သောကြောင့် ထိုကာလတွင် အစ္စလာမ်ဘာသာကို မဆိုထားဘိ၊တမန်တော်မူဟာမတ်ပင် မဖွားမြင်သေးချေ။*** တမန်တော်မှာအေဒီ ၅၇၀ ၌ဖွားမြင်၍ ၆၃၂ တွင်ကွယ်လွန်သည်။ တမန်တော်ကွယ်လွန်ပြီးမှတပည့်များက အစ္စလာမ်ဘာသာပြန့်ပွားအောင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

***ရခိုင်သို့ အစ္စလာမ်ဘာသာရောက်ချိန်သည် ဇော်မင်းထွဋ်နှင့်တကွ ရိုဟင်ဂျာအမည်ခံ သမိုင်းဆရာများပြောသကဲ့သို့ ဝေသာလီခေတ် အေဒီ(၈)ရာစုမဟုတ်ချေ။ လေးမြို့ခေတ်၌လည်း မရောက်သေးချေ။ မြောက်ဦးခေတ်အစ၊ မင်းစောမွန် (၁၄၃၀–၁၄၃၃) လက်ထက်၌ လာရောက်လာခြင်းဖြစ်သည်။***

သို့ဖြစ်၍ မောင်အေးချမ်းဆောင်းပါးကို အလွဲသုံးစားလုပ်ပြီး “ရိုဟင်ဂျာအမည်ခံမူဆလင်တို့က ရခိုင်ထက်နှစ်(၂၀၀)စော၍ ရခိုင်ပြည်သို့ရောက်ခဲ့သည်”ဟု ကြွေးကြော်ခဲ့သူ ဇော်မင်းထွဋ်အား မောင်အေးချမ်း၏ ဆောင်းပါးကို နားလည်အောင်ကြိုးစားပါဦးဟု တိုက်တွန်းလိုပါသည်။ မောင်အေးချမ်းဆောင်းပါးသည် ခေတ်သစ်သုတေသနအမြင်ဆောင်းပါးမျိုးဖြစ်၍၊ ဇော်မင်းထွဋ်ကလည်း “ သမိုင်းသုတေသန ”ပညာရပ်ကို ခြေခြေမြစ်မြစ်နားလည်အောင် လေ့လာပြီးမှ မိမိ၏အမှားများကို မြင်နိုင်စွမ်းလိမ့်မည်ဟုဆိုချင်ပါသည်။ “အရှိကိုအရှိအတိုင်း၊အမှန်ကိုအမှန်အတိုင်း”ရေးသည်ဟု မိမိအမှာစာ၌ ဆိုခဲ့သော ဇော်မင်းထွဋ်သည် မိမိအမှားများကို မြင်လာပါက၊ မိမိသမိုင်းကို ပြင်ဆင်ရေးသားရန် ဝန်လေးမည်မဟုတ်ဟု ထင်မြင်မိပါသည်။

# အခန်း( ၂ ) ဝေဖန်စာ

ဖော်မင်းထွင့်သည်သူ၏စာအုပ်အခန်း(၁)၌ “ သဘော်ပျက်ပုံပြင် ” ဖြင့် ဝက်ပါပမာ ကွေ့ကွေ့ကောက်ကောက် ရှုပ်ရှုပ်ထွေးထွေးလှည့်ပတ်တင်ပြပြီးနောက် ယခုအခန်း(၂)တွင်လည်း “ ရိုဟင်ဂျာများ၏နောက်ခံသမိုင်း ” ခေါင်းစဉ်ငယ်အောက်၌ ***သမိုင်းအဆိုအသစ်တစ်ခု*** ကိုတင်ပြပြန်သည်။ ထို့ပြင် “ ရိုဟင်ဂျာဘာသာစကားနှင့်စာပေ“ ဟူသော ခေါင်းစဉ်ငယ်ဖြင့် ရိုဟင်ဂျာအမည်ခံသူတို့၌ ဘင်္ဂါလီတို့နှင့်မတူသော သီးခြားစကားနှင့်စာပေရှိလေဟန်လိမ်ညာထားသေးသည်။ ထို့ပြင် ကမန်လူမျိုးစုအကြောင်းကိုလည်း အကျဉ်းချုပ်ရေးပြီးကြွားလုံးထုတ်လိုက်သေး၏။ ဤတင်ပြချက်များ၌ အမှန်နှင့်အမှား၊အတုနှင့်အစစ်၊သစ္စာစကားနှင့်မုသားစကားတို့ကို သမိုင်းသုတေသနမှတ်ကျောက်၌ စစ်ဆေးသွားကြပါမည်။

ဦးစွာ “ ရခိုင်အမျိုးသားဗိုလ်မှူးထွန်းကျော်ဦး(ငြိမ်း) ”ရေးသည်ဟု ဖော်မင်းထွင့်တင်ပြသောသမိုင်းအဆိုသစ်ကိုစိစစ်ကြည့်ကြပါစို့။

## ရှိုဟင်ဂျာသမိုင်းအဆိုသစ်

ရှိုဟင်ဂျာသမိုင်းကိုစတင်ခဲ့သူ မစ္စတာဂါဖားရ်မှစ၍၊ ဘသာ၊ရမည၊အဖွဲ့ချုပ်ထိ “ သဘော်ပျက်ပုံပြင် ” ကိုပင် ရှိုဟင်ဂျာသမိုင်း၏ ကြောရိုးအဖြစ် ကိုးကားတင်ပြခဲ့ကြသည်။ ယခုဖော်မင်းထွင့်စာအုပ်၌ယခင်“ သဘော်ပျက်ပုံပြင် ” သမိုင်းကိုသာမက၊ သမိုင်းအဆိုသစ်တစ်ခုကိုလည်းတင်ပြထားပြန်သည်။ ဤသို့ဖြင့် ရှိုဟင်ဂျာသမိုင်းနှစ်မျိုးဖြစ်လာသည်။ ပထမသမိုင်းက ပုံပြင်ဆန်သောကြောင့် ဒုတိယသမိုင်းကိုတင်ပြခြင်းဖြစ်ဟန်တူသည်။

ဒုတိယသမိုင်းအဆိုသစ်လည်းသက်တမ်းအားဖြင့်(၁၄)နှစ်ခန့်သာရှိသေးသည်။ နဝတ အစိုးရက ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ပါတီများထူထောင်ခွင့်ပေးသောအခါ၊ရခိုင်ပြည်နယ်မှ မူဆလင်ပါတီအများအပြားဖွဲ့စည်းခဲ့ကြသည်။ ၄င်းပါတီများ၌ “ အမျိုးသားပါတီ ” လည်းတစ်ခုပါဝင်သည်။ ဤပါတီသည် “ ရက္ခိုင်နှင့်ရွှင်ဂျာ(ရှိုဟင်ဂျာ)လူမျိုးများ၏သမိုင်းအကျဉ်းချုပ် ” ဟူသောစာစောင်တစ်ခုကို ၁၉၈၉ ခုအောက်တိုဘာ(၂၇)ရက်နေ့စွဲဖြင့်ထုတ်ဝေခဲ့သည်။ ဖော်မင်းထွင့်က ထိုစာစောင်မှကောက်နုတ်၍ သူ့စာအုပ်၌ တင်ပြထားခြင်းဖြစ်သည်။ အောက်တွင်ဖတ်ကြည့်ကြပါ။

“ ရခိုင်အမျိုးသားဗိုလ်မှူးထွန်းကျော်ဦး(ငြိမ်း)၏ သုတေသနပြုချက်အရ အိန္ဒိယတိုက်သို့လွှန်ခဲ့သော နှစ်ပေါင်း (၃၀၀၀၊၄၀၀၀)ခန့်က အင်ဒိုအရိယံများအာရှတိုက်အလယ်ပိုင်းမှပြောင်းရွှေ့နေထိုင်လာကြောင်း အိန္ဒိယသမိုင်းစာအုပ်များ၌တွေ့ရှိရပြီး အချို့သည် အိန္ဒိယမှတဆင့် ရခိုင်ဒေသသို့ရောက်ရှိလာကြသည်။ ယင်းတို့တွင် သူရိယဝံသခေါ် အုပ်စုနှင့် စန္ဒဝံသခေါ်အုပ်စုတို့ပါဝင်ကြသည်။ သူရိယဝံသအုပ်စုက ၄င်းတို့သည် နေမှဆင်းသက်ပေါက်ဖွားသူများဟု ယုံကြည်၍ အရှေ့မျက်နှာနှင့်နေနတ်ကိုကိုးကွယ်ပူဇော်ကြသည်။ စန္ဒဝံသလူမျိုးက ၄င်းတို့သည်လမင်းစန္ဒာမှ ဆင်းသက်ပေါက်ဖွားလာသူများဟုယုံကြည်၍ လကိုကိုးကွယ်ပူဇော်ကြသည်။ ထိုလူမျိုးအုပ်စုနှစ်ခုကိုပေါင်း၍ စိုးမိုးအုပ်ချုပ်သူဘုရင်ကို စန္ဒသူရိယမင်းဟုခေါ်တွင်ခဲ့သည်။ ရခိုင်ဒေသတွင်ရှေးဦးစွာစန္ဒသူရိယမင်း၏အနွယ်တို့သည် သူရိယဝံသအနွယ်များဖြစ်ကြပြီး ဝေသာလီခေတ်(အေဒီ ၃ ရာစုမှ ၁၀ ရာစုထိ) ဒွေးစန္ဒြမင်း၏အနွယ်တော်တို့သည် စန္ဒဝံသလူမျိုးအနွယ်ဖြစ်သည်။ စန္ဒဝံသလူမျိုးအနွယ်ထဲမှ ရခိုင်သားအုပ်စုအချို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်လာကြသည်။ ”

ဇော်မင်းထွဋ်သည် ဗိုလ်မှူးထွန်းကျော်ဦး၏ ရေးသားချက်မှ မိမိလိုရာကိုကောက်နှုတ်တင်ပြခြင်းဖြစ်သည်။ မူလတင်ပြချက်၌ ရိုဟင်ဂျာသမိုင်းသစ်အတွက်အရေးကြီးသောအဆိုသစ်တစ်ခုပါသေးသည်။ ၄င်းအဆိုမှာ "ရခိုင်ပြည်သားရိုဟင်ဂျာ (**Rohingya**)တို့၏ ဘာသာသည်ဗုဒ္ဓဘာသာကဲ့သို့ပင် အိန္ဒိယမှတဆင့် (အိန္ဒိယယဉ် ကျေးမှုကိုနောက်ခံထား၍) ပြန့်ပွားလာသော အစ္စလာမ်ဘာသာအမျိုးအစားဖြစ်သည်။ အာရပ်မှ ရခိုင်ပြည်သို့ ခုန်ပျံ လာသော အစ္စလာမ်အမျိုးအစားမဟုတ်ချေ" ဟူ၍ဖြစ်သည်။ (စာ–၃၁) ဤအဆိုသစ်ကို ဇော်မင်းထွဋ်ကမဖော်ပြခဲ့ချေ။ ဘာကြောင့်ပါလိမ့် –

ကောင်းပြီ။ ဇော်မင်းထွဋ်ကောက်နုတ်တင်ပြသော "သူရိယဝံသ (နေအုပ်စု)နှင့် စန္ဒဝံသ(လအုပ်စု)"သမိုင်းသစ်ကို စိစစ်ကြည့်ကြပါမည်။

ဗိုလ်မှူးထွန်းကျော်ဦးကို ရည်ညွှန်း၍ ဇော်မင်းထွဋ်ကောက်နုတ်တင်ပြခဲ့ချက်များကိုခွဲခြမ်းကြည့်လျှင် အောက်ပါအချက်များထွက်လာပါသည်။

(၁) အာရီယံများသည် အာရှတိုက်အလယ်ပိုင်းမှလွန်ခဲ့သောနှစ်(၃၀၀၀၊၄၀၀၀)ခန့်ကအိန္ဒိယသို့ဝင်လာကြသည်။

(၂) အိန္ဒိယမှတဆင့် ရခိုင်ဒေသသို့ရောက်လာကြသော အင်ဒို–အာရီယံများ၌ သူရိယဝံသခေါ်နေကိုးကွယ်သူအုပ်စုနှင့် စန္ဒဝံသခေါ် လကိုးကွယ်သူအုပ်စုတို့ပါဝင်ကြသည်။

(၃) ၄င်းအုပ်စုနှစ်ခုကိုပေါင်း၍ စိုးမိုးအုပ်ချုပ်သူဘုရင်ကိုစန္ဒသူရိယမင်းဟုခေါ်သည်။

(၄) ရခိုင်ဒေသတွင်ရှေးဦးစွာ စန္ဒသူရိယမင်း၏အနွယ်တို့သည်သူရိယဝံသအနွယ်များဖြစ်သည်။

(၅) ဝေသာလီခေတ်အေဒီ ၃ ရာစုမှ ၁၀ ရာစုထိ ဒွေးစန္ဒြမင်း၏ အနွယ်သည် စန္ဒဝံသအနွယ်ဖြစ်သည်။ ၄င်းအနွယ်တို့သည် အစ္စလာမ်ဘာသာဝင်များဖြစ်လာကြသည်။

ပထမအချက်ကို ဝေဖန်ရလျှင် (၃၀၀၀၊၄၀၀၀) ခန့်ဆိုသည်မှာ ခရစ်မပေါ်မီနှစ်ကိုဆိုလိုဟန်ရှိသည်။ **B.C** ပါမှပြည့်စုံမည်။ အိန္ဒိယသို့ဝင်လာသူ အာရီယံများကိုသမိုင်းဆရာတို့က အင်ဒိုအာရီယံ (**Indo-Aryan**) ဟုခေါ်ကြသည်။ ၄င်းတို့သည် အိန္ဒိယသို့ ၂၄၀၀ **B.C** နှင့် ၁၅၀၀ **B.C** ကြား၌ဝင်လာကြလိမ့်မည်ဟုမှန်းဆကြသည်။ (**V.A. Smith, The Oxford History of India ,p.7**)

ဒုတိယအချက်မှာ ဗိုလ်မှူးထွန်းကျော်ဦး၏ ထွင်လုံးတစ်ခုသာဖြစ်သည်။ ရခိုင်သမိုင်းကို သုတေသနပြုရေးသားကြသည့် မည်သည့် စာအုပ်မှျမတွေ့ဖူးချေ။

တတိယအချက်မှာ ဗိုလ်မှူးထွန်းကျော်ဦး၏ထွင်လုံးတစ်လုံးသာဖြစ်သည်။ ရခိုင်သမိုင်းကိုသုတေသနပြုရေးသားကြသည့် မည်သည့်စာအုပ်မှာမှျမတွေ့ဖူးချေ။

တတိယအချက်တွင် "သူရိယဝံသခေါ်နေကိုးကွယ်သူအုပ်စု" နှင့် "စန္ဒဝံသခေါ်လကိုးကွယ်သူအုပ်စု" နှစ်ခုကိုပေါင်း၍စိုးမိုးအုပ်ချုပ်သူဘုရင်ကို စန္ဒသူရိယမင်းဟုခေါ်တွင်သည်ဟူသောအချက်မှာလည်း အသစ်အဆန်းဖန်တီးချက်တစ်ခုသာဖြစ်သည်။ ရခိုင် ရာဇဝင်တို့၌ စန္ဒသူရိယ၏ခမည်းတော် သီရိရာဇာမင်းကြီးသည် နေနှင့်လကို ဆွတ်ယူ၍ ဝိမလဒေဝီမိဘုရားကြီးအားပေးသည်ဟု အိမ်မက်မြင်တော်မူ၍သားတော်ဖွားမြင်သောအခါ "စန္ဒသူရိယ" ဟူသောအမည်ပေးတော်မူကြောင်းသာဆိုသည်။ ဗိုလ်မှူးထွန်းကျော်ဦးရေးသားသကဲ့သို့ အုပ်စုနှစ်ခုကိုပေါင်း၍ စိုးမိုးသောကြောင့်မဟုတ်ချေ။

စတုတ္ထအချက်၌ ဇော်မင်းထွဋ်က "စန္ဒသူရိယအနွယ်တို့သည် သူရိယဝံသအနွယ်များဖြစ်သည်" ဟုပြောခဲ့သော်လည်း "ဘယ်ဘာသာကို ကိုးကွယ်သည်" ဟုဖော်ပြမထားချေ။ "ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်" ဟု

ဖော်ပြရမည်။ သို့မှသာပြည့်စုံမည်။ အကြောင်းမှာ စန္ဒသူရိယမင်းလက်ထက် ဗုဒ္ဓမြတ်စွာကောင်းကင်ခရီးဖြင့် ကြွ၍ သေလာဂီရိခေါ် ကျောက်တော်တောင်၌ဆင်းတော်မူကြောင်း၊ ကိုယ်စားတော်မဟာမုနိကိုခွင့်ပြုသွန်းလုပ်ကြောင်း မင်းနှင့်တကွမောင်းမမိသံအခြွေအရံအပေါင်းသရဏဂုံ၊ ပဉ္စသီ၌တည်ကြကြောင်း ရခိုင်ရာဇဝင်ကျမ်းတို့၌ဆိုထား၍ဖြစ်သည်။

ပဉ္စမအချက်၌ “ဝေသာလီခေတ်အေဒီ၃ ရာစုမှ ၁၀ ရာစုထိ ဒွေးစန္ဒြမင်း၏အနွယ်သည် စန္ဒဝံသအနွယ်ဖြစ်သည်။ ၎င်းအနွယ်သည် အစ္စလာမ်ဘာသာဝင်များဖြစ်လာကြသည်” ဟုဆိုထားရာမေးစရာမေးခွန်းတစ်ခုပေါ်လာသည်။ မေးခွန်းမှာ “၎င်းစန္ဒဝံသအုပ်စုဝင်များသည် စန္ဒသူရိယမင်းလက်ထက်ကပင်ရှိခဲ့သည်ဟုဆိုသောကြောင့် စန္ဒသူရိယအနွယ်သူရိယဝံသအုပ်စု ဗုဒ္ဓဘာသာဝင်များဖြစ်ကြသောအခါ စန္ဒဝံသအုပ်စုက ဘာလုပ်နေကြသလဲ။ ဗုဒ္ဓဘာသာမဝင်ဘဲနေကြပါသလား” ဟူ၍ဖြစ်သည်။ ဗုဒ္ဓဘာသာမဝင်ဘဲနေကြလျှင် စန္ဒသူရိယမင်းလက်ထက် (၆) ရာစု ဘီစီမှ၊ မဟာတိုင်းစန္ဒြားမင်းလက်ထက် အေဒီ(၈)ရာစုထိ (အာရပ်သင်္ဘောပျက်သည့်ထိ) နှစ်ပေါင်း(၁၃၀၀) ခန့်စောင့်၍နေရလိမ့်မည်။ ထိုသို့စောင့်ဆိုင်းနေခြင်းမဟုတ်။ ဗုဒ္ဓဘာသာဝင်လိုက်ကြသည်ဆိုပြန်လျှင်လည်း၊ မဟာတိုင်းစန္ဒြားမင်းကြီးလက်ထက်အာရပ်သင်္ဘောသားများသင်္ဘောပျက်၍ရောက်လာသောအခါ မိမိယုံကြည်ရာ ဗုဒ္ဓဘာသာကိုစွန့်ပြီး အစ္စလာမ်ဘာသာသစ်သို့ကူးပြောင်းရပေမည်။ သို့မှသာစန္ဒဝံသအုပ်စုဝင်များအစ္စလာမ်ဘာသာဖြစ်လာမည်။ သင်္ဘောပျက်ပုံပြင်ကိုအတည်ပြုလို၍ ဉာဏ်မြူထိစိတ်ကူးယဉ်ပေါက်တတ်ကရရေးသားလျှင် ယုတ္တိရှိသောသမိုင်းမဖြစ်ပဲ လူအများရယ်ဖွယ်ပြက်လုံးကြီးသာဖြစ်ပေမည်။ ဗိုလ်မှူးထွန်းကျော်ဦးနှင့်ဇော်မင်းထွန်းတို့အား “ရှိုဟင်ဂျာသမိုင်းအဆိုသစ်” ကိုသဘာဝကျသောသမိုင်းမျိုးဖြစ်အောင်အချင်းချင်းညှိနှိုင်းကြပါအုံးဟုတိုက်တွန်းလိုပါသည်။

ထို့ပြင် ဇော်မင်းထွဋ်ထိန်ချန်ထားခဲ့သော ဗိုလ်မှူးထွန်းကျော်ဦး၏အဆိုသစ်ဖြစ်သည့် “***ရခိုင်ပြည်သား ရှိုဟင်ဂျာတို့၏ဘာသာသည် ဗုဒ္ဓဘာသာကဲ့သို့ပင်အိန္ဒိယမှတဆင့် ပြန့်ပွားလာသောအစ္စလာမ် ဘာသာ အမျိုးအစားဖြစ်သည်။ အာရပ်မှရခိုင်ပြည် သို့ခုန်ပျံလာသောအစ္စလာမ်အမျိုးအစားမဟုတ်ချေ။***” ဟူသော တင်ပြချက်နှင့် “သင်္ဘောပျက်ပုံပြင်” ကို နှိုင်းယှဉ်ဆင်ခြင် ကြည့်လျှင်၊ သင်္ဘောပျက်၍ဝေသာလီသို့ရောက်လာသော အစ္စလာမ်သာသနာသည် အာရပ်မှ ရခိုင်သို့ခုန်ပျံလာသော သာသနာဖြစ်သွားပေသည်။ “အာရပ်မှ ရခိုင်သို့ခုန်ပျံလာခြင်းမဟုတ်၊ အိန္ဒိယမှတဆင့်ပြန့်ပွားလာခြင်းသာဖြစ်သည်” ဆိုသောဗိုလ်မှူးထွန်းကျော်ဦး၏ အဆိုသစ်ကိုသဘာဝကျသည်ဟုလက်ခံလိုက်ပြန်လျှင်လည်း စစ်တွေဂေဇက်တီး ယားကိုကိုးကား၍ မစ္စတာဂါဖါးရ်၊ ဘသာစသူတိုကြိုးစားပမ်းစားတင်ပြခဲ့ကြသည့် “သင်္ဘောပျက်ပုံပြင်ရှိုဟင်ဂျာ သမိုင်း” မှာ သဘာဝ မကျသောသမိုင်းဖြစ်သွားပေမည်။ ဤကိစ္စနှင့်ပတ်သက်၍လည်းဘသာ၊ဗိုလ်မှူးထွန်းကျော်ဦး ဇော်မင်းထွဋ် တို့သုံးပွင့်ဆိုင်ညှိ၍ကြောင်းကျိုးညီညွတ်သောသမိုင်းမျိုးဖြစ်အောင်ပြင်ဆင်ရေးကြပါအုံးဟုထပ်ဆင့် တိုက်တွန်း လိုပါသည်။

## ရှိုင်ဟင်ဂျာစာပေလော၊ ဘင်္ဂါလီစာပေလော

ဇော်မင်းထွဋ်သည်အခန်း(၂)တွင် ခေါင်းစဉ်ငယ်အမျိုးမျိုးခွဲ၍တင်ပြသောအခါ “ဘာသာစကားနှင့်စာပေ” ဟူသောခေါင်းစဉ်ငယ်တစ်ခုကိုလည်းတင်ပြခဲ့ပြီး၊၎င်းစာပေကိစ္စကိုပင်အခန်း(၆)၌ ထပ်မံတင်ပြထားကြောင်းတွေ့ရသည်။ သူ့ရည်ရွယ်ချက်မှာ “ရှိုဟင်ဂျာစကားနှင့်စာပေဟူ၍တသီးတခြားရှိကြောင်း၊၎င်းသည်၊ဘင်္ဂါလီစကားစာပေတို့နှင့်လုံးဝမတူကြောင်း” တင်ပြလိုခြင်းဖြစ်၏။ သူပြောသလိုဟုတ်မဟုတ်စိစစ်ကြည့်ကြပါမည်။

သူက " လူမျိုးများရောနှော၍ လူမျိုးတစ်မျိုးဖြစ်လာသကဲ့သို့ကွဲပြားသောဘာသာစကားများ၊စာပေများ ရောနှော၍ ဘာသာစကားစာပေသစ်များဖြစ်ပေါ်လာသည့်သဘောတရားရှိပေသည်" ဟူ၍ အစချီလိုက်၏။ ဤစကား မှာလူ့သမိုင်း၌တွေ့ရတတ်သောယေဘုယျသဘောဖြစ်၍ အသင့်အတင့်နှလုံးသွင်းကြည့်သင့်ပေသည်။ သို့သော် ဆက်လက်၍ သူက သဘာစကားဆိုင်ရာ ဇရာမမှားယွင်းမှုကြီးတစ်ခုကိုအောက်ပါအတိုင်းတင်ပြခဲ့လေသည်။

" ရိုဟင်ဂျာလူမျိုးများ၏ဘာသာစကားမှာလည်း ရိုဟင်ဂျာလူမျိုးများဆင်းသက်လာသည့်ရှေးဦးရခိုင်ပြည် သို့အခြေစိုက်နေထိုင်လာကြသောအင်ဒိုအာရီယံများသုံးစွဲခဲ့သည့် သက္ကဋ္ဌ၊ ပါဠိစကားနှင့်နောက်ပိုင်းတွင် အာရေဗီ၊ ပါရေစီ၊အူရ်ဒူ၊ဘင်္ဂါလီ၊ရခိုင်စသည့် ဘာသာစကားများရောနှော၍ သမိုင်းကြောင်းအရဖြစ်ပေါ်လာသော ***သီးခြား ဘာသာစကားဖြစ်ပေသည်။*** ယနေ့ ရိုဟင်ဂျာအမျိုးသားများပြောဆိုနေကြသော ဘာသာစကားမှာ ပါဠိဘာသာ စကားနှင့်နီးစပ်ပြီး မြန်မာကြီး(ဘရူဝါ)၊ဒိုင်းနက်တို့ပြောဆိုနေကြသည့်ဘာသာစကားနှင့်လည်းနီးစပ်ပေသည်။ ***ရိုဟင်ဂျာဘာသာစကားသည်ဘင်္ဂါလီစကားနှင့်လုံးလုံးမတူကြောင်းဖော်ပြလိုပါသည် "***(စာ–၂၄)

ဖော်မင်းထွဋ်တင်ပြချက်ကိုစိစစ်ကြည့်လျှင် ရိုဟင်ဂျာစကား၌ ရှေးဦးကာလတွင်" သက္ကဋ္ဌ၊ပါဠိ"တို့ကို သုံးခဲ့ ကြောင်းဆိုသည်။ သက္ကဋ္ဌနှင့်ပါဠိမှာညီအစ်ကိုဖြစ်၍သူ့အဆိုကို" မဆိုး " ဟုဆိုရမည်။ ဆက်လက်၍ သူက" နောက် ပိုင်းတွင် အာရေဗီ၊ ပါရေစီ၊ အူရ်ဒူ၊ ဘင်္ဂါလီ၊ရခိုင်– စသည့် ဘာသာစကားများရောနှော၍ သမိုင်းကြောင်းအရ ဖြစ်ပေါ်လာသောသီးခြားဘာသာစကားဖြစ်ပေသည်။" ဟုဆိုလိုက်ရာ ဖော်မင်းထွဋ်သည်" ထိုင်နေအကောင်းသား၊ ထသွားမှကျိုးမှန်းသိ " စကားပုံကဲ့သို့ဖြစ်သွားလေသည်။ အကြောင်းမှာ ဘာသာစကားပညာရှင်တို့သင်ကြားချက် အရ " သက္ကဋ္ဌ၊ပါဠိ " တို့မှာ " အင်ဒိုဥပရောပဘာသာစကား " မျိုးရိုးဝင်ရှေးဟောင်းဘာသာများဖြစ်၍ " ဘင်္ဂါလီ " မှာ ၎င်းမှပွားလာသောဘာသာစကားဖြစ်သည်။ အာရေဗီ (အာရဗစ်) ဘာသာစကားမှာ " ဆီမိတစ်ဘာသာစကား " မျိုးရိုးဖြစ်၍"သက္ကဋ္ဌ၊ပါဠိ " တို့နှင့်လုံးဝကွဲပြားခြားနားသည်။ "ပါရေစီ " (ပါရ်စီ)မှာလည်းအလယ်ခေတ်ပါရှန်ဘာသာ စကား၌ပါဝင်သော "ဣရေနီယန် " ဘာသာစကားမျိုးရိုးသာဖြစ်သည်။ သက္ကဋ္ဌ နှင့်နီးစပ်နေသော်လည်းအာရဗစ် နှင့်မပတ်သက်ချေ။" အူရ်ဒူ " မှာအစ္စလာမ်ဘာသာဝင်များဖြစ်သော အီရန်နှင့်အာဖဂန်အနွယ်" မဂိုမင်းဆက် " က အိန္ဒိယကိုသိမ်းပိုက်အုပ်ချုပ်စဉ်၌ ပါရှန်ဘာသာကို နန်းသုံးရုံးသုံးလုပ်ခဲ့ရာ ထိုပါရှန်စကားသည်အုပ်ချုပ်ခံ ဟိန္ဒူတို့၏ " ဟိန္ဒူစတန်နီ " စကားနှင့်ရောနှောပြီး" အူရ်ဒူဘာသာ " ဟူ၍အသစ်ပေါ်လာခြင်းဖြစ်သည်။ အာရဗစ်စကားနှင့် မနီးစပ်ချေ။ ၎င်းဘာသာစကားကို ယခုပါကစ္စတန်၌သုံးနေသည်။

ဖော်မင်းထွဋ်က " ရခိုင် " ဘာသာစကားကိုလည်းရိုဟင်ဂျာစကား၌ဆွဲထည့်သေး၏။ ဘာမျှမဆိုင်ချေ။ ရခိုင်စကားသည် မြန်မာစကားကဲ့သို့ " တိဗက်တရုပ် "မျိုးရိုးဝင် ဘာသာစကားဖြစ်၍ " ရိုဟင်ဂျာ " အမည်ခံမူဆလင် တို့ပြောဆိုသော " စစ်တကောင်းဒေသိယဘင်္ဂါလီစကား " မှာအင်ဒိုဥရောပမျိုးရိုးဝင်ဖြစ်လေသည်။ ဘာသာမျိုးရိုး မတူကြချေ။ ထို့ကြောင့် ဖော်မင်းထွဋ်ကပေါင်းစပ်ပြသော်လည်းသဘာဝချင်းမတူ၍မဖြစ်နိုင်ချေ။ ဝေါဟာရအချို့ကို အပြန်အလှန်ချေးငှါးသုံးစွဲခြင်းမျိုးရှိကောင်းရှိမည်။ ဒါအဆန်းမဟုတ်၊နီးစပ်လျှင် ဝေါဟာရချင်းချေးငှါးယူငင်သုံးစွဲ တတ်ကြသည်။

ဖော်မင်းထွဋ်က ဆက်လက်၍ " ရိုဟင်ဂျာဘာသာစကားမှာပါဠိစကားနှင့်နီးစပ်ပြီး၊ မြန်မာကြီး(ဘရူဝါ) ၊ ဒိုင်းနက်တို့ပြောဆိုနေကြသည့်ဘာသာစကားနှင့်လည်းနီးစပ်ပေသည်။ ရိုဟင်ဂျာစကားသည် ***ဘင်္ဂါလီစကားနှင့် လုံးလုံးမတူကြောင်း*** ဖော်ပြလိုပါသည် " ဟု အခိုင်အမာဆိုလိုက်၏။ ထိုသို့ဆိုလိုက်သော်လည်း မိမိစကား၌ မိမိ မလိုချင်ဆုံးသောအဓိပ္ပါယ်ပါနေကြောင်းဖော်မင်းထွဋ်သိပုံမရချေ။ သိအောင်ရှင်းပြပါမည်။

"ရိုဟင်ဂျာစကားမှာပါဠိစကားနှင့်နီးစပ်သည်"ဟုဇော်မင်းထွဋ်ပြောခဲ့သည်မဟုတ်လား။ ဤစကားသိပ်မှန်သည်။ ပါဠိနှင့်ဘင်္ဂါလီတို့မှာ အင်ဒိုအာရီယံဘာသာစကားအုပ်စုဝင်စကားများဖြစ်ကြောင်းအထက်၌တင်ပြခဲ့သည်။ "ရိုဟင်ဂျာ"အမည်ခံ သူတို့ပြောဆိုနေကြသောစကားမှာလည်း "ဘင်္ဂါလီ"စကားတစ်မျိုးသာဖြစ်၍ပါဠိနှင့်နီးစပ်သည်ဟု ဇော်မင်းထွဋ်ဆိုလိုက်ခြင်းမှာ"အရှိကိုအရှိအတိုင်း"ပြောသော "သစ္စာစကား"ဖြစ်သွားပါသည်။ ဤစကားမှာ ဇော်မင်းထွဋ်မလိုချင်ဆုံးသောစကားမဟုတ်ပါလား။ သူက မိမိမလိုချင်သောထိုစကားကိုပင်ထပ်ဆင့်ပြောလိုက်သေး၏။ အောက်မှာကြည့်ကြပါ။

သူက "(ရိုဟင်ဂျာစကားသည်) မြန်မာကြီး(ဘရူဝါ)၊ဒိုင်းနက်တို့ပြောဆိုနေကြသည့်စကားနှင့်လည်းနီးစပ်ပေသည် "တဲ့၊ ဒါလဲသိပ်မှန်တာပေါ့။ ဘာကြောင့်လဲ။ မြန်မာကြီး(ဘရူဝါ)စကားသည် "ဘင်္ဂလီစကား"ဖြစ်သောကြောင့်ပင်။ ဤအကြောင်းကို ဇော်မင်းထွဋ်ကိုယ်တိုင်အခန်း(၂)စာ(၂၀)၌ "မြန်မာကြီး၊သက်နှင့်ဒိုင်းနက်တို့သည် စစ်တကောင်းနွယ်သောစကားပြောကြသည်ဟု ရခိုင်အမျိုးသားခေါင်းဆောင်(နိုင်ငံတော်ကော်စီဝင်ဟောင်း) ဦးလှထွန်းဖြူကသူ၏ "ရခိုင်ပြည်နယ်တိုင်းရင်းသားလူမျိုးစုများ"(၁၉၈၁) တွင်ရှင်းလင်းရေးသားသည်ကိုတွေ့ရသည်"ဟူ၍တင်ပြခဲ့သည်မဟုတ်ပါလား။

"မြန်မာကြီး(ဘရူဝါ)"လူမျိုးစုတို့ ဘင်္ဂါလီဘာသာစကားပြောပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည် ဓလေ့ထုံးစံမှာ ရခိုင်တို့နှင့်အတူတူပင်ဖြစ်သည်။ ရှေးအခါကမရမာကြီးလူမျိုးတို့ကို ဗရူဝါလူမျိုးဟုခေါ်သည်။"(စာ-၃၂)

၄င်းစာအုပ်၌ သက်၊ဒိုင်းနက်လူမျိုးအကြောင်းကိုလည်းဤသို့ဖော်ပြထား၏။

"သက်လူမျိုးတို့သည်ဘင်္ဂါလီစကားနှင့်ဆင်တူသောစကားကိုပြောပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြ သည်" --- ဒိုင်းနက်လူမျိုးတို့သည် ဘင်္ဂါလီစကားနှင့်နီးစပ်သောစကားတမျိုးကိုပြောပြီးဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်" (စာ-၃၇)

ဤအထောက်အထားများကိုကြည့်လျှင်မြန်မာကြီး(ဘရူဝါ)လူမျိုး၏စကားသည် ဘင်္ဂါလီစကားဖြစ်ကြောင်းကိုလည်းကောင်း၊ သက်၊ဒိုင်းနက်လူမျိုးတို့စကားများမှာ ဘင်္ဂါလီစကားနှင့်နီးစပ်သည်ကိုလည်းကောင်းရှင်းရှင်းလင်းလင်းသိနိုင်ပါသည်။ ဇော်မင်းထွဋ်ကသာ မိမိတို့ကိုယ်ကို "စစ်တကောင်းနွယ် ဘင်္ဂါလီစကားပြောမူဆလင်များ"ဟုဝန်မခံလို၍လှည့်ပတ်လိမ်ညာရေးယင်း "လူမပေါ်ခင်ချီးပေါ်"ဆိုသော ရခိုင်စကားပုံကဲ့သို့အလိမ်ပေါ်သွားခြင်းဖြစ်ပေသည်။

ဇော်မင်းထွဋ်သည်အထက်တင်ပြချက်နှင့်မရပ်သေးပဲ၊ မြောက်ဦးခေတ်၌ကျော်ကြားခဲ့သော ဘင်္ဂါလီစာဆိုတော်များကိုလည်း "ရိုဟင်ဂျာလူမျိုးသစ်"၏ စာဆိုတော်ကြီးများအဖြစ်အသုံးချလိုက်သေး၏။ စင်စစ်ဇော်မင်းထွဋ်သည်ဤစာဆိုတော်များကို ရိုဟင်ဂျာစာဆိုဖြစ်ကြောင်းအဦးဆုံးတင်ပြသူမဟုတ်ချေ။ အဦးဆုံးတင်ပြသူမှာ အမ်၊အေတဟီးဘာသာဖြစ်သည်။ ဘသာကဂါဒီယန်မဂ္ဂဇင်း၌ ၁၉၆၀၊မေ ထုတ်တွင်တင်ပြခဲ့သည်။ ဇော်မင်းထွဋ်မှာဆရာဘာသာနောက်သို့လိုက်ခြင်းဖြစ်သည်။သူ့တင်ပြချက်ကိုကြည့်ကြပါအုံး။

"ရိုဟင်ဂျာလူမျိုးတွင်သီးခြားကိုယ်ပိုင်စာပေလည်းရှိပါသည်။ ကိုလိုနီခေတ်မှစ၍ အားပေးပျိုးထောင်မှုမရှိသောကြောင့် ယခုအခါမေးမှိန်နေခြင်းဖြစ်ပါသည်။ ယခင်ရခိုင်ဘုရင်များလက်ထက်မြောက်ဦးခေတ်တွင်ထင်ပေါ်ကျော်ကြားသော ရိုဟင်ဂျာအမျိုးသားစာရေးဆရာကြီးများ၊ကဗျာဆရာများပေါ်ထွန်းခဲ့ပါသည်။ ရိုဟင်ဂျာကဗျာဆရာကြီးဒွေးလာဒ်ကာဇီနှင့် ဆယဒ်ရှားအဝါလီတို့မှာ ရခိုင်နန်းတွင်း၌ထင်ရှားကျော်ကြားခဲ့သောကဗျာဆရာကြီးများဖြစ်ပါသည်။ --- ကဗျာဆရာကြီးရှာအာလ်ဓါလ်ရေးသားပြုစုခဲ့သော ပေါ်ရ်ဒူပါတီ(**Pordapoti**)ဆိုက်ဖုတ်လမုလ်ဗဒီအိုဇာမာလ် (**Saifulmull Bdahi-UL Zamal**) ပုံပြင်ဝတ္ထုစာအုပ်များ၊ချန်ဒရာပတီ(**Chandza Vate**)ခေါ်ကဗျာစာအုပ်များမှာအထူးကျော်ကြားပါသည်။ ယနေ့တိုင်ရှေးဟောင်းလက်ရာစာမူဟောင်းများရှိပါသည်။"(စာ-၂၄)

ဖော်မင်းထွင့်သည်အထက်၌ “ ရိုဟင်ဂျာဘာသာစကားသီးခြားရှိပါသည်။ ဘင်္ဂါလီစကားနှင့်လုံးလုံးမတူ” ဟူသောတင်ပြခဲ့ချက်ကိုအားဖြည့်လိုသောကြောင့်ယခု “ ရိုဟင်ဂျာစာပေ ”ရှိကြောင်းတင်ပြခြင်းဖြစ်ပါသည်။ ဘာသာစကားကိစ္စ၌ သူ့တင်ပြချက်များမမှန်ကြောင်းသိခဲ့ကြပြီ။ ယခုစာပေကိစ္စတင်ပြချက်များက ဘယ်လိုပါလိမ့်။ ကျွန်တော်တို့စိစစ်ကြည့်ရပါမည်။

“ စစ်တကောင်းသမိုင်း ” ကိုရေးခဲ့သူဒေါက်တာကနင်ဂိုသည်၊ရှေးဟောင်းစစ်တကောင်းအကြောင်းဖော်ပြစဉ် ခေတ်ပြိုင်ရခိုင်သမိုင်းကိုလည်း သုတေသနပြုရေးသားခဲ့ပါသည်။ ရခိုင်ဘုရင်က ဘင်္ဂါလီစာပေကိုအားပေး ခဲ့ကြောင်းအောက်ပါအတိုင်းဖော်ပြခဲ့၏။

“ စာဆို အာလ်ဝါလ်( **Alaol** )၏ စာပေများက ဘုရင်စန္ဒသုဓမ္မဘိသိက်ပွဲအခမ်းအနား၌ မူဆလင်အရာရှိတို့ပါဝင်ခဲ့ပုံကိုဖော်ညွှန်းနေ၏။ --- ရခိုင်ဘုရင်၏မူဆလင်လူထုနှင့်ဘင်္ဂါလီစာပေအပေါ်စောင့်ရှောက်အားပေးမှုသည်(၁၇)ရာစု၌ ဘင်္ဂါလီစာပေပညာရှင်များပေါ်ထွက်အောင်အကျိုးပြုခဲ့လေသည်။ ဘင်္ဂါလီစာပေသည် နိုင်ငံရပ်ခြားတိုင်းပြည်၏ ဘုရင့်စောင့်ရှောက်မှုအောက်၌ ကောင်းစွာဖွံ့ဖြိုးမှုရှိခဲ့ခြင်းမှာတကယ်ပင်ပျော်မြူးဘွယ်ကောင်းပေသည်။ အထူးစိတ်ဝင်စားဘွယ်ကောင်းသည်မှာ ထိုကာလသည် စန္ဒသုဓမ္မဘုရင့်နှင့်မဂိုဘုရင်တို့အသေအလဲတိုက်ခိုက်နေရသောအချိန်ဖြစ်၏။ ယင်းကာလတွင် မူဆလင်စာဆိုများကို သူတို့၏ ဘင်္ဂါလီစာပေရေးဖွဲ့အောင်အထူးအခွင့်အရေးပေး၍ အားပေးခဲ့ခြင်းဖြစ်သည်။ ”(စာ ၂၉၂-၂၉၃)

မြောက်ဦးခေတ်တတိယပိုင်း စန္ဒသုဓမ္မ(၁၆၅၂-၁၆၇၄)လက်ထက်တွင် ရခိုင်နှင့်မဂိုတို့စစ်ဖြစ်ပွား၍ ရခိုင်တို့ စစ်ရှုံးပြီးစစ်တကောင်းလက်လွတ်ခဲ့ရ၏။ ဤကဲ့သို့တင်းမာမှုအထွဋ်အထိပ်သို့ရောက်နေချိန်တွင်ရခိုင်ဘုရင်က ဘင်္ဂါလီစာပေဖွံ့ဖြိုးအောင် အားပေးခြင်း၊စာဆိုတို့ကိုချီးမြှောက်ခဲ့ခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းကြောင်းဒေါက်တာကနင်ဂိုက မှတ်ချက်ချထားခြင်းဖြစ်သည်။

ဒေါက်တာဂျက်လိုက်ဒါ ( **Dr.Jacques Leider** )ကလည်း ဤကိစ္စကိုစိတ်ဝင်စား၍ သူ၏ “ မူဆလင်ဘွဲ့ခံ ဗုဒ္ဓဘာသာမင်းများ ”( **Some Buddihist Kings with Muslim names** )စာတမ်း၌ အောက်ပါအတိုင်းသုံးသပ်တင်ပြဖူးပါသည်။

“ ဘင်္ဂါလီစာဆိုတော်များမှာ ဒေါလက်ကာဇီ( **Dawlat Kazi** )နှင့် အလ်အဝါလ်( **Al Awwal** )တို့ဖြစ်၏။ နှစ်ဦးလုံးအထူးကျော်ကြားကြ၏။ ဘင်္ဂါလီစာပေသမိုင်းနှင့် ဘင်္ဂါလီအထွေထွေသမိုင်း၌၎င်းစာဆိုနှစ်ဦး၏စာပေအကြောင်းအခန်းတစ်ခန်းပါဝင်သည်ကိုတွေ့ရပေမည်။--- ဤနိုင်ငံခြားသားစာဆိုများရှိနေမှု၊၎င်းတို့အားဘုရင်များ [ သတိုးမင်းတရား၊ စန္ဒသုဓမ္မ ] ကစောင့်ရှောက်ထားမှု ဒတ်ချ်စာရေးဆရာများ၏နန်းတွင်းအခမ်းအနားများကိုသရုပ်ဖော်ထားမှု စသည်တို့သည် ရခိုင်နန်းတော်၏ကြီးကျယ်မှုကိုသက်သေထင်ရှားပြခြင်းဖြစ်သည်။အံ့ချီးဖွယ်မြောက်ဦးမြို့တော်၏ ဤကြီးမြတ်သော၊ရည်မွန်ဖော်ရွှေသောနန်းတော်သည် (၁၇)ရာစုအလယ်ပိုင်းတွင်ကြီးကျယ်ခမ်းနားမှုအထွတ်အထိပ်သို့ရောက်ခဲ့၏။ နန်းတော်သည် အင်အားကြီးမား၏။မိမိကိုယ်ကိုသတိထား၏။သည်းညည်းခံ၏။ နိုင်ငံခြားသားများဝင်ထွက်မှုကိုလည်းတံခါးဖွင့်ထား၏။ မူဆလင်စာဆိုနှင့်အနုပညာသည်များ၊အရာရှိများနန်းတော်၌ရှိနေခြင်းမှာ ယဉ်ကျေးမှုရေးရာ၌ ယဉ်ကျေးဖွယ်ရာမြောက်ပင့်ပြောဆိုလွန်းသော၊လင်းလက်သဘာဝကျသောသာမန်အကြောင်းအချက်မျှဖြစ်၏ ”(စာ-၁၈)

သမိုင်းပညာရှင်နှစ်ဦး၏တင်ပြသုံးသပ်ချက်များကိုကြည့်လျှင် မြောက်ဦးခေတ် စန္ဒသုဓမ္မဘုရင်ခေတ်၌ ဘင်္ဂါလီစာဆိုနှစ်ဦးရှိခဲ့ဖူးကြောင်း၊၎င်းတို့ကို ဘုရင်ကချီးမြှောက်ထားကြောင်း၊၎င်းတို့၏စာပေများသည် ဘင်္ဂါလီစာပေသမိုင်း၌လည်းထင်ရှားကြောင်း၊သိလာရပါသည်။ ဒေါက်တာကနင်ဂိုက ဘင်္ဂါလီစာပေရခိုင်နန်းတွင်း၌ ပွင့်လန်း

ခွင့်ရခဲ့၍ဝမ်းသာခဲ့၏။ ဒေါက်တာဂျက်လိုက်ဒါကမူ ရခိုင်ဘုရင်၏သဘောထားပြည့်ဝခြင်း၊နန်းတွင်းဖျော်ဖြေရေး၌ ရာဇပရိယာယ်ကြွယ်ဝစွာသာမန်အဆင့်အားဖြင့်အသုံးချခဲ့ခြင်းဖြစ်ကြောင်းဖော်ပြခဲ့သည်။

အချုပ်သုံးသပ်ကြည့်လျှင်၊မြောက်ဦးနန်းတွင်း၌ ဘုရင်၏မြောက်စားခံရသော စာဆိုတော်နှစ်ဦးသည် ဘင်္ဂါလီလူမျိုးဖြစ်၍ ဘင်္ဂါလီစာပေကိုရေးဖွဲ့ခဲ့ခြင်းဖြစ်ပြီး ဇော်မင်းထွဋ်လိမ်ညာတင်ပြသော ရိုဟင်ဂျာလူမျိုး၊ရိုဟင်ဂျာစာပေမဟုတ်ကြောင်းထင်ရှားနေပါသည်။

ဆက်လက်၍“ ရိုဟင်ဂျာစကား၊ရိုဟင်ဂျာစာပေ ” ဟုအထက်၌ဇော်မင်းထွဋ်လိမ်ညာတင်ပြခဲ့သကဲ့သို့ ထပ်ဆင့်လိမ်ညာထားသောအချက်တစ်ခုကို အခန်း(၆) စာ–၅၇ ၌ “ (ခ)ဝေသာလီခေတ် အာနန္ဒစန္ဒကျောက်စာ ” ဟူသော ခေါင်းစဉ်ငယ်ဖြင့်တင်ပြထားသေး၏။၎င်းတင်ပြချက်ကိုလည်းဤနေရာတွင်စုစည်း၍စိစစ်သွားကြပါမည်။

## <u>အာနန္ဒစန္ဒြကျောက်စာကိုတလွဲသုံးထားပုံ</u>

ဇော်မင်းထွဋ်သည်“ ဘာသာစကားနှင့်စာပေ ” ကိစ္စတင်ပြစဉ်၌ မိမိတို့ရိုဟင်ဂျာစကားမှာ ပါဠိဘာသာ နှင့်နီးစပ်ပြီး၊ မြန်မာကြီး (ဘရွဝါ) ၊ဒိုင်းနက်တို့ပြောဆိုနေကြသည့်စကားနှင့်လည်းနီးစပ်သည်ဟု မိမိမလိုချင်ပဲ ပြောမှားမိခဲ့သကဲ့သို့ ယခုလည်းအာနန္ဒစန္ဒြကျောက်စာကိစ္စ၌ထပ်မံမှားလိုက်ပြန်သည်။ မှားပုံမှာဤသို့ဖြစ်ပါသည်။

သူကဆရာကြီးဦးစံသာအောင်၏ “ အာနန္ဒစန္ဒြ၊၈–ရာစုရခိုင်ဝေသာလီမင်း ” စာအုပ်ကိုကျမ်းကိုးပြုလျက်၊ အာနန္ဒစန္ဒြကျောက်စာမှ “ နာမ၊ရာဇာ၊ကမ် ” ကဲ့သို့သောစကားလုံး(၁၆)လုံးကိုရွေးယူပြီး၊၎င်းစကားလုံးတို့သည် ရိုဟင်ဂျာစကားနှင့်တူကြောင်း၊ရခိုင်စကားနှင့်မတူကြောင်းသက်သေပြလိုက်ခြင်းဖြစ်သည်။ သူ့ရည်ရွယ်ချက်မှာ ဝေသာလီခေတ်သက္ကဋစကားနှင့်ယနေ့ရိုဟင်ဂျာစကားတူနေပါက သူတို့သည် ဝေသာလီခေတ်ကပင်ရခိုင်ပြည်၌ ရှိနေခဲ့သောလူမျိုးဖြစ်ကြောင်းသက်သေထူလို၍ဖြစ်ပေသည်။ ဇောမင်းထွဋ်သည် သက္ကဋစကားမှာ၊ ပါဠိစကား၊ ပြကရစ်စကားနှင့်အမွှာညီအစ်ကိုပမာတူကြ၍ အင်ဒိုဥရောပဘာသာစကားမျိုးရိုးဝင်စကားများဖြစ်ကြောင်းကိုလည်း ကောင်း၊ ပြကရစ်မှဘင်္ဂါလီဘာသာစကားဆင်းလာသည်ကိုလည်းကောင်းသိပုံမပေါ်ချေ။

အထက်၌ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထုတ် “ ရခိုင် ” စာအုပ်ကို ကိုးကားလျက် မြန်မာကြီး(ဘရွဝါ) စကားသည် ဘင်္ဂါလီစကားသာဖြစ်ကြောင်းစာဖတ်သူတို့သိအောင်တင်ပြခဲ့သည်။ ဇော်မင်းထွဋ်က မိမိတို့ရိုဟင်ဂျာစကားမှာ မြန်မာကြီး(ဘရွဝါ)စကားနှင့်နီးသည်ဟုဆိုခဲ့ရာ၊ ရိုဟင်ဂျာစကားသည် ဘင်္ဂါလီစကားနှင့်နီးစပ်သည်ဟုလည်းအဓိပ္ပါယ်ထွက်ပါသည်။ ဘင်္ဂါလီစကားသည် ပြကရစ်ဘာသာစကားမှဆင်းလာသည်ဟု ဘာသာဗေဒပညာရှင် ဒေါက်တာ ချတ္တာဂျီ(**Dr.Chatterjee** )ကို ကိုးကား၍ ဒေါက်တာကနင်ဂိုက စစ်တကောင်းသမိုင်း၌ အောက်ပါအတိုင်းဆိုထားပါသည်။

“ စစ်တကောင်းစကားသည် “ မဂဒီပြကရစ် ” ဘာသာစကားမှဆင်းသက်လာခြင်းဖြစ်သည်။ ဤစကားထဲ၌ တခြားတိုင်းရင်းသားလူမျိုးများ၏ စကားလုံးများစွာနှင့် နိုင်ငံခြားစကားလုံးများစွာရောနှောပါဝင်ခဲ့၏။ စစ်တကောင်းသားတို့သည် စကားကိုအလွန်လျင်မြန်စွာပြောကြ၍ဘင်္ဂလားဒေသမှလူများရုတ်ရက်နားမလည်ကြချေ။––– သူတို့က စစ်တကောင်းစကားကိုအလွယ်တကူနားမလည်နိုင်သောယဉ်ကျေးဖွယ်ရာမဟုတ်သည့်ဘင်္ဂါလီ စကားဟုသတ်မှတ်ကြ၏ ”(စာ–၁၀၉)

ဒေါက်တာကနင်ဂို၏တင်ပြချက်ကိုသုံးသပ်ကြည့်လျှင် စစ်တကောင်းဘင်္ဂါလီစကားသည် ပြကရစ်မှဆင်းလာသော အင်ဒိုဥရောပဘာသာစကားမျိုးရိုးဝင်ဖြစ်ကြောင်းသိသာပါသည်။ ဇော်မင်းထွဋ်ကအာနန္ဒကျောက်စာမှ စကားလုံး(၁၆)လုံးမှာ ရခိုင်စကားနှင့်မတူ၊မိမိတို့ရိုဟင်ဂျာစကားနှင့်သာတူသည်ဟုဆိုခဲ့သည်။မှန်ပါသည်။

ရခိုင်မှာ တိဗက်တရုပ်အနွယ်ဝင်ဘာသာစကားသာဖြစ်သောကြောင့် သက္ကဋ္ဌနှင့်တူရန်အကြောင်းမရှိ။ ဇော်မင်းထွဋ်တို့ပြောသောစကားမှာအင်ဒိုဥရောပမျိုးရိုးဝင် ဘင်္ဂါလီစကားဖြစ်၍ သက္ကဋ္ဌ စကားလုံး အချို့နှင့် တူခြင်းဖြစ်သည်။

သို့ဖြစ်၍ဇော်မင်းထွဋ်ကမိမိကိုယ်ကို " ဘင်္ဂါလီမဟုတ်ပါ၊ အာရပ်နွယ်ပါ " ဟုတွင်တွင်ပြောနေစေကာမူ၊ မိမိပြောနေသော စကားက အာနန္ဒစန္ဒြသက္ကဋ္ဌကျောက်စာစကားနှင့်နီးစပ်သော " ဘင်္ဂါလီ " စကားဖြစ်ကြောင်း သက်သေခံနေပါသည်။ သက္ကဋ္ဌစကားသည် အင်ဒိုဥရောပဘာသာစကားမျိုးဖြစ်ပြီး ဆီမိတစ်ဘာသာစကားတစ်ခု ဖြစ်သော အာရဗစ်စကားနှင့်မတူချေ။ ထို့ကြောင့် ဇော်မင်းထွဋ်ပြောနေသောစကားလည်းဘာရဗစ်နှင့်မဆိုင်သော ဘင်္ဂါလီစကားသာဖြစ်သည်။ ဇော်မင်းထွဋ်က မိမိကိုယ်ကို ***" အာရပ်သဘော်သပျက်သဘော်သသားအနွယ်ပါ "*** ဟု အပ်ကြောင်းထပ်ပြောနေသော်လည်း၊မိမိပြောနေသောစကားက " အာရပ်နွယ်စကားမဟုတ်ပါ။ ဘင်္ဂါလီနွယ်စကားပါ " ဟူ၍ ထပ်ကာတလဲလဲသက်သေခံနေပါသည်။ ဇော်မင်းထွဋ်တင်ပြသော သက္ကဋ္ဌစကားလုံး(၁၆)လုံးသည်လည်း ဇော်မင်းထွဋ်ကို " ဘင်္ဂါလီ " ဖြစ်ကြောင်းဝန်ခံအောင်ချောင်ပိတ်တုတ်နှောင်သောစကားလုံးများဖြစ်သွားသည် ဟုဆိုလိုက်ချင်ပါသည်။

ဇော်မင်းထွဋ်သည်အခန်း(၁)၌ အာရပ်တို့ခရစ်အစောပိုင်းကာလမှ(၁၇)ရာစုထိ အရှေ့ဖျားကုန်သွယ်ရေးကို လွှမ်းမိုးခဲ့ကြောင်း၊ဂျာဗား၊စူမတြာ၊မလေး၊မြန်မာ၊ရခိုင်စသည်တို့တွင် ကုန်သွယ်ကိုလိုနီများထူထောင်ခဲ့ကြောင်းပြောခဲ့၏။ အေဒီ(၈)ရာစု၌ မဟာတိုင်းစန္ဒြားမင်းကြီးလက်ထက်သဘော်ပျက်၍ ဝေသာလီမြို့တော်နှင့်ကျေးရွာများတွင် အခြေချပေးခဲ့ကြောင်းကိုလည်းရှေးဦးရိုဟင်ဂျာသမိုင်းဆရာဘာသာနောက်သို့လိုက်၍ပြောခဲ့၏။ယင်းအကြောင်းအရာတို့ကိုယခုအခန်း(၂) " ရိုဟင်ဂျာနှင့်အစ္စလာမ်ဘာသာ " ခေါင်းစဉ်ငယ်အောက်၌တဖန်တင်ပြပြန်သည်။ ယခင်တင်ပြစဉ်က ***" ကုန်သွယ်ကိုလိုနီများ "***ထူထောင်ခဲ့သည်ဟု ယေဘုယျခြုံငုံသုံးသပ်ကြွားဝါခဲ့သော်လည်း၊ယခုသက်သေခံကိုလိုနီဒေသအဖြစ် ***" စစ်တွေမြို့တောင်ဘက်အဆုံး(ယခုရေတပ်စခန်းဝင်းအတွင်း) "*** ဟုတိကျစွာဖော်ပြထားသည်။ ကောင်းပြီ။ သူ့သက်သေပြချက်ကို ကျွန်တော်တို့စစ်ကြည့်ကြပါမည်။

**ရိုးရာဗဒေါနတ်လော ၊မူဆလင်ဖော်ကီဂူလော**

ဇော်မင်းထွဋ်က " အာရပ်မူဆလင်များရခိုင်ဒေသသို့ရောက်ရှိရုံမက၊ မူဆလင်ဇော်ဂျီများ၊ဖော်ကီများလည်း သာသနာပြုရန်ရောက်ရှိခဲ့သည်။--- စစ်တွေမြို့တောင်ဘက်အဆုံး(ယခုရခိုင်ရေတပ်စခန်းဝင်းအတွင်း)ကုန်းမြင့်ပေါ်နှင့် ရမ်းဗြဲ၊သံတွဲမြို့နယ်များတွင်တွေ့ရသည်။ " ဟုဖော်ပြထားသည်။ ရမ်းဗြဲ၊သံတွဲမြို့နယ်များ၌ရှိသည်ဟုဆိုခြင်းမှာ ဘာအထောက်အထားမှ မရှိသောလိမ်ညာမှုသာဖြစ်သည်။ ***" စစ်တွေမြို့ရေတပ်ဝင်းအတွင်း "*** ဆိုသောတင်ပြချက်တစ်ခုသာမှန်ပေသည်။ သို့သော်-

သို့သော် ၎င်းနေရာသည် " ကုန်သွယ်ကိုလိုနီ " စခန်းမဟုတ်ချေ။ ရေကြောင်းခရီးသွားများမိုးလေအခြေအနေကြောင့်ဖြစ်စေ၊ သောက်ရေအလို့ငှါဖြစ်စေ ခေတ္တဝင်ခိုသောနေရာဖြစ်ဟန်တူသည်။ ဤနေရာ၌မူဆလင်ဘာသာဝင်များအတွက် ဖောက်ကီသတင်းသုံးသောနေရာရှိသကဲ့သို့ရခိုင်ရိုးရာဗဒေါရှင်မနတ်ကွမ်းလည်းတည်ရှိပေသည်။ ဤနေရာကို ဗြိတိသျှခေတ်ကျောက်စာဝန်ဒေါက်တာဖော်ခင်မာက အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့သည်။

" စစ်တွေမြို့၌ ခေတ်သစ်ဘုရားရှိခိုးကျောင်းများရှိ၏။၎င်းတို့မှာမြန်မာပြဿဒ်ပုံနှင့်လေးဘက်ပါပြီးလုံးခြမ်းပုံတင်ထားသောအဆောက်အအုံများဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်း၏--- ကိုးကွယ်မှုမှာလည်းရောယှက်နေ၏။ ၎င်းဘုရားရှိခိုးကျောင်းများသို့ မဟာဗေဒင်ရော၊ဗုဒ္ဓဘာသာများပါလာရောက်ကြ၏။ဗဒေါမော်ကန်(**Buddermoken**) ၌ ဟိန္ဒူကိုးကွယ်မှုဆိုင်ရာများလည်းရှိ၏။ ဗဒေါမော်ကန်ကိုအေဒီ(၁၇၅၆)ခုတွင်ဆောက်ခဲ့သည်ဆို၏။ မူဆလမန်များက သူတော်စင်ဟုသတ်မှတ်ခံရသော ဘုဒါအော်လီယာ (**Budder Auliah**)ကိုအမှတ်ရစေရန်တည်ဆောက်ခဲ့

ခြင်းဖြစ်၏။ စစ်တွေမြို့အရေးပိုင်နယ်လ်ဆင်ဒေဗီ (**Nelson Davies**)က(၁၈၇၆)ခုတွင် ကျွန်ုပ် (ဒေါက်တာဖော်ခင်မာ) အား မှတ်တမ်းတစ်ခုပေးခဲ့ပါသည်။ ၄င်းမှတ်တမ်းအရ --- ၄င်းဗဒေါမော်ကန်နေရာသည်လွန်ခဲ့သောနှစ်ပေါင်း (၁၄၀)ခန့်က နေဂရေအငူ(**Cape Negrais**)ဖက်မှ နံနွှင်းကုန်များဖြင့်ပြန်လာကြသောစစ်တကောင်းမှကုန်သည် ညီနောင် မန်နိခ်(**Manick**)နှင့် ချန်(**Chan**)တို့သည် စစ်တွေသို့ရေရရန်ဝင်ပြီး ဗဒေါမော်ကန်အနီး၌ ကျောက်ချ ဆိုက်ကပ်ကြ၏။မန်နိခ်သည် သူရေခပ်သည့်နေရာအနီး၌သူတော်စင် ဘူဒါအော်လီယာက မိမိအတွက် ကူတစ်ခု ဆောက်ပေးရန်လိုလားကြောင်းအိမ်မက်မြင်၏။ မန်နိခ်ကသူ့တွင်ငွေမရှိကြောင်းပြန်ပြော၏။ သူတော်စင်က မန်နိခ် ၏ နနွင်းများရွှေဖြစ်လိမ့်မည်။ ၄င်းရွှေဖြင့်ဆောက်လုပ်ရန်ကြိုးစားသင့်သည်ဟု အိမ်မက်မြင်၏။ မနက်လင်းသော အခါသူ၏နံနွှင်းများရွှေဖြစ်နေသည်ကိုတွေ့ရ၏။ မန်နိခ်သည်သူ့ညီနှင့်တိုင်ပင်ပြီး ကူတစ်ခုဆောက်လုပ်ကြ၏။ ထိုအနီး၌ ရေတွင်းတစ်ခုတူး၏။ ၄င်းကို ယခုဗဒေါမော်ကန်ဟုခေါ်ကြသည်။--- ရခိုင်တိုင်မင်းကြီး ဒိတ်ကင်ဆန် (**Dickenson**) က ဟူစိန်အာလီ (**Hussain Ally**)ဆိုသူအား ၄င်း၏ ဗြိတိသျှစစ်တပ်တွင် (၁၈၂၅)ခု၌ စစ်မှုထမ်း ကောင်းမှုဆုအဖြစ်၄င်းဗဒေါမော်ကန်ဝန်းကျင်ကိုအခွန်ကောက်ခံခွင့်ပေးခဲ့၏--- (၁၈၄၉) ခုတွင် စစ်တွေမြို့ ရာဇဝတ်တရားသူကြီး မစ္စတာရိတ် (**R.C Raikes**)က ဟူစိန်အာလီအား ဗဒေါမော်ကန်ကိုထိန်းသိမ်းရန်တာဝန်ပေး ခဲ့၏။ ၄င်းနှစ်တွင် အမျိုးသမီးဖကိရ်(**Fakir**) မမင်းအောင် (**Mah Ming Oung**)ဆိုသူအား ယခုလက်ရှိအဆောက် အအုံကို ဆောက်လုပ်ခွင့်ပြုခဲ့၏။ မမင်းအောင်သည် ရေတွင်းကိုလည်းပြန်တူးဖော်ခဲ့၏ "(စာ-၆၀)

ဒေါက်တာဖော်ခင်မာ၏မှတ်တမ်းကိုလေ့လာကြည့်လျှင်၊ ဤနေရာသည်များမကြာမီကာလ(၁၇၅၆)က တည်ဆောက်ခဲ့သော မူဆလင်သူတော်စင်"ဘူဒါအော်လီ"အထိမ်းအမှတ်နေရာတစ်ခုသာဖြစ်သည်ကိုလည်း ကောင်း ဗုဒ္ဓဘာသာဝင်များ၊ဟိန္ဒူဘာသာဝင်များနှင့်လည်းသက်ဆိုင်ပတ်သက်နေသောနေရာတစ်ခုဖြစ်သည်ကိုလည်းကောင်း သိရှိနိုင်ပါသည်။ ထို့ပြင် ဇော်မင်းထွဋ်ပြောသော " ကုန်သွယ်ကိုလိုနီ "မဟုတ်ပဲ၊ ရေကြောင်းခရီးသွားများသောက် ရေခပ်ခိုနားသောနေရာတစ်ခုသာဖြစ်သည်ကိုလည်းသိလာရပါသည်။

ဤနေရာကို ရခိုင်တို့က ရိုးရာဗဒေါနတ်ပျော်စံရာအဖြစ်သတ်မှတ်ပြီး စစ်တွေမြို့သူမြို့သားများက မိုးဦးကျ ၌ နှစ်စဉ်လာရောက်ပူဇော်ခြင်း၊ နတ်ကန္နားပွဲကျင်းပခြင်းကိုမပျက်မကွက်ပြုလုပ်ခဲ့ကြလေသည်။

ဇော်မင်းထွဋ်သည်စစ်တွေမြို့ " ဗဒေါမော် " ကို မိမိတို့ မူဆလင်ဘာသာနှင့်သာသက်ဆိုင်သော "ဓမ္မစခန်း" (**Badar Wali**)သူတော်စင်တရားအားထုတ်ရာ အဖြစ်သက်သေထူပြီး " ရမ်းဗြဲ၊သံတွဲမြို့နယ်များတွင်တွေ့ရသည်" ဟူ၍ချဲ့ကားလိမ်ညာလိုက်သည်။ ဆက်လက်၍ သူက ရခိုင်ဒေသ၌မူဆလင်များပြန့်ပွားခဲ့ပုံကို ရခိုင်မဟာရာဇဝင် ကြီးကို ကိုးကား၍ ကြွားဝါလိုက်သေးသည်။

## မဟာရာဇဝင်ကြီးအာဘော်ကိုထိန်ချန်ခဲ့ပုံ

ဇော်မင်းထွဋ်သည် စစ်တွေမြို့ " ဗဒေါမော် " မှ မူဆလင်ဓမ္မစခန်းအကြောင်းရေးပြီးနောက် မူဆလင်ဘာသာ ရခိုင်၌ ပြန့်ပွားပုံကို ဦးသာထွန်အောင်ရေးသော " ရခိုင်မဟာရာဇဝင်တော်ကြီး " ကျမ်းကိုကိုးကား၍အောက်ပါအ တိုင်းတင်ပြထားသည်-

" --- အာရဗ်နှင့်ပါရှားမှ သာသနာပြုများရောက်ရှိသကဲ့သို့ အိန္ဒိယတိုက်ငယ်မှလည်းသာသနာပြုများ ရောက်ရှိလာပြီး သာသနာပြုခဲ့ခြင်းကြောင့် ရခိုင်ဒေသမှာ မူဆလင်များပြန့်ပွားခဲ့ကြောင်း ရခိုင်မဟာရာဇဝင်တော် ကြီးမှတ်တမ်းများတွင်တွေ့ရှိရသည်။ ထိုမှတ်တမ်းမူရင်းအရ "မြန်မာသက္ကရာဇ် ၈၈၇ ခုနှစ် မြောက်ဦး(၉) ဆက်မင်းဖြစ် သော ဇလတ္တာမင်းစောမွန်လက်ထက်တော်၌ ရှမ်ပါသျှာမင်း၏ သံအမတ်ကြီး ကာဒီ၊မူသျှာ၊ဟောင်နူမျှာ တို့သည်

နိုင်ငံတော်၌ မဟာမတ်ဒန်သာသနာစည်ပင်ပြန့်ပွားစေခြင်းငှါ ပူလီကျောင်းတို့သည် မြို့တော်၌ အပြန့်အနှံ့တည်ထောင်လုပ်ကိုင်ကြ၍ မြို့တော်တွင်လူအပေါင်းတို့အားဟောပြောပြသလျက် ၄င်းဘာသာဝင်၍ ၄င်းတရားကိုဆောက်တည်လျက်ရှိနေကြလေသည်။ သို့နှင့်မဟာမတ်ဒန်လူမျိုးတို့သည် နိုင်ငံတော်၌ ဖုံးလွှမ်းစိုးမိုးလျက်ပျံ့နှံ့စွာဖြစ်တည်လေသည်။ ဘုရင်မင်းမြတ်ကိုလည်းလက်ဆောင်ပဏ္ဏာပို့ဆက်လျက် ဘုရင်မင်းမြတ်အား၄င်းသံအမတ်ကြီးတို့ကိုများသောအားဖြင့် မိတ္တာသက်ဝင်လျက်ဖြစ်ရှိလေသည်။ ရှမ်ပါသျှာမင်း၏သံအမတ်ကြီးသုံးယောက်တို့သည် မြောက်ဦးမြို့တော်၌ မိမိတို့၏ မဟာမြတ်ဒန်တရားတို့ကို စည်ပင်ပြန့်ပေါလျက် ထွန်းတောက်စေခြင်းငှါ အမတ်ကြီးကာဒီ၌လည်းသင်္ဘောဆိပ်ကမ်းဘောင်ဒွင့်အရပ်၌သူတို့၏သာသနာကိုပြုလုပ်ဆောင်ရွက်ရန် မဟာမတ်ပူလီကျောင်းကြီးဆောက်လုပ်လေသည်။ ၄င်းအပြင် အမတ်ကြီးမူသျှာ၊ ဟောင်နမှုာတို့၌လည်း ထိုနည်းတူစွာ အသီးသီးဆောက်လုပ်လျက် မဟာမတ်တရားဟောနိုင်သောဆရာတို့ကို ဒီလီမြို့တော်ကခေါ်ဆောင်လျက် နိုင်ငံတော်သားများအားဟောပြောပြသတော်မူစေရာသည်" ဤသို့ဟောပြောပွဲ၌ အစ္စလာမ်ဘာသာဝင်လာသူများကို တချို့ကယနေ့ကမန်များဟုဆိုချင်သည်။ အထက်စာပိုဒ်ပါသာသနာပြုခြင်းသည် ရခိုင်ဘုရင်လေးသည်တစ်ဖွဲ့တည်းကိုသာမဟုတ်ဘဲ အရပ်ရပ်ပြည်သူများကိုပါ သာသနာပြုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က အစ္စလာမ်သာသနာသို့ပြောင်းလာသူများ သည်လေးသည်တပ်ဖွဲ့(ယနေ့ကမန်)များသာဖြစ်ပြီး တခြားအပြင်လူမပါ၊ အရပ်သားများမပါဟုဆိုရန်ခဲယဉ်းသည်။ အရပ်ထဲတွင်လည်း ဗလီကျောင်းများဆောက်လုပ်၍သာသနာပြုခဲ့သည်ဟုပါရှိသောကြောင့်ဖြစ်သည်။"(စာ၂၇–၂၈)

အထက်ကောက်နုတ်ချက်သည်မြောက်ဦးမြို့မှ ရာဇဝင်ဆရာကြီးဦးသာထွန်းအောင်ရေးပြီး၊စစ်တွေမြို့ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်မှ (၁၂၈၈ ခု၊ခရစ်–၁၉၂၇)ခုတွင် ထုတ်ဝေခဲ့သော " ရခိုင်မဟာရာဇဝင်ကြီး " စာအုပ်ငယ်မှ ကောက်နုတ်ချက်ဖြစ်သည်။ "မဟာရာဇဝင်တော်ကြီး" ဆိုသော်လည်း စာမျက်နှာ(၁၄၇)မျက်နှာသာရှိသည်။ ဧဉဝတီ၊ဝေသာလီလေးမြို့စသောခေတ်များနှင့်တခြားအကြောင်းအရာများကိုစာမျက်နှာ(၈၀)ခန့်ဖြင့်အနှစ်ချုပ်သာတင်ပြခဲ့သည်။

ဖော်မင်းထွင့်ကောက်နုတ်တင်ပြချက်များမှာ စာမျက်နှာ ၄၁၊၄၂ တို့မှမိမိလိုရာဆွဲ၍တင်ပြခြင်းသာဖြစ် သည်။ ကုလားသံအမတ်သုံးဦးက မဟာဗေဒင်သာသနာပြန့်ပွားအောင်ဆောင်ရွက်ပုံ၊ဗလီဆောက်ပုံ၊တရားဆရာတို့ ကိုဒေလီမြို့တော်မှခေါ်၍ဟောပြောပြသစေပုံ–တို့ကိုသာဖော်ပြခဲ့သည်။ ဆရာမြဝါအကြောင်းကိုထိန်ချန်ခဲ့သည်။ ***အမှန်မှာ ဦးသာထွန်းအောင်သည်ဆရာမြဝါအကြောင်းကိုပေါ်လွင်စေလို၍ ကုလားသံအမတ်သုံးဦး၏လုပ်ရပ်ကိုဖော်ပြခဲ့ခြင်းဖြစ်သည်*** ၄င်းသံအမတ်သုံးဦး၏လုပ်ရပ်ကြောင့်အနာဂတ်၌ ဗုဒ္ဓသာသနာတော်ညှိုးနွမ်းရန်အကြောင်းရှိသည်ကိုဆရာမြဝါကကြိုတင်တွက်ဆမိပြီး ဘုရင်အားသတိပေးဟောပြောသည်ကိုဖော်ထုတ်လို၍ဖြစ်သည်။

"––– မြောက်ဦးမြို့တော်၌ မိမိတို့၏ မဟာမတ်ဒန်တရားတို့ကိုစည်ပင်ဖြန့်ပြောလျက်ထွန်းတောက်စေခြင်းငှါ၊ အမတ်ကြီးကာဒီလည်းသင်္ဘောဆိပ်ကန်းဘောင်းဒွင့်အရပ်၌ သူတို့၏သာသနာကိုပြုလုပ်ဆောင်ရွက်ရမ် မဟာမတ်ပူလီကျောင်းကြီးဆောက်လုပ်လေသည်။––– မဟာမတ်တရားဟောပြောနိုင်သောဆရာတို့ကို ဒီလီမြို့တော်ကခေါ်ယူလျက် နိုင်ငန်တော်သားများအား ဟောပြောနိုင်သောဆရာတို့ကို ဒီလီမြို့တော်ကခေါ်ယူလျက်နိုင်ငန်တော်သားများအားဟောပြောမူစေရာသည်။ ***ထိုအရာတို့ကိုရှင်ငယ်ဆရာမြဝါသည် နိုင်ငံတော်၌မြင်တော်မူ၍ ငါတို့ရခိုင်အမျိုးလေးပါးတို့၌ပူဇော်ရဟဖြစ်တော်မူသောသာသနာတော်မြတ်နှင့်တကွအမျိုးလေးပါးတို့သည် ညှိုးနွမ်းပြုန်းတီးပျက်စီးခြင်းသို့နေပြည်တော်တွင်ရောက်ရမ်ဖြစ်ရှိခြင်းကိုမြင်လေသောကြောင်း ၄င်းရှင်ငယ်ဆရာသည် နန်းတော်သို့ဝင်တော်မူ၍ ညီလာခန်ဗိုလ်ဒုတွင်မင်းနှင့်တကွအမတ်ပညာရှိတို့အား ဟောပြောပြတော်မူစေရာသည်၊––– ဒါယကာမင်းမြတ်အား သတိထားတော်မူသင့်ပေပြီ။*** ––– သံအမတ်ကြီး

သုံးယောက်တို့သည်မိမိတို့၏ဘာသာမဟာမတ်ဒန်တရားကို မြှို့ဦပြန့်ပေါစေခြင်းငှါလည်းကောင်း၊ ထိုပြင် အမျိုးလေးပါးတို့ဦလည်းမိမိတို့၏ ဗုဒ္ဓဘာသာတရားတို့သည်ပျက်စီးကွယ်ပျောက်ခြင်းသို့ရောက်စိမ့်ခြင်းငှါလည်းကောင်း နိုင်ငန်တော်ဦငါတို့အမျိုးလေးပါးတို့အားနေ့စဉ်မပြတ်ဟောပြောပြသလျက်ရှိလေ၍ ယခုနိုင်ငန်တော်တွင် အချို့သောသူတို့သည် ယုံကြည်သက်ဝင်လျက် မဟာမတ်တရားကိုနာယူသောသူများတို့လည်းဖြစ်ရှိလေကြောင်းကိုတွေ့မြင်ရလေသည်။––– ***အိန္ဒြိယတိုင်းဦသူတို့၏အမျိုးအရိုးလွှမ်းမိုးအုပ်စိုးလျက်ပိုင်တော်မူသည့်နေ့ကစ၍ သူတို့သာသနာကိုချေတွင်ပြန့်နှမ်းစေ၍ ဗုဒ္ဓသာသနာတော်မြတ်သည်ဘုရားကိုတော်မြတ်သက်တော်ထင်ရှားရှိစဉ်ကပင် ယုံကြည်သက်ဝင်ပြီးလျှင်ကိုးကွယ်လျက်ရှိကြကုန်သော ဗြဟ္မဏ၊ခတ္တယ၊မဟာလတည်းဟူသော ဟိန္ဒူလူမျိုးတို့သည် မိမိတို့ဘိုးဘိုးစဉ်ဆက်သက်ဆင်းလျက်ပြုပြင်ဆောက်လုပ်ထားသော သာသနာတော်မြတ်၏ အဆောက်အဦးပရိဘောဂစေတီတော်မြတ်တို့နှင့် ဦးဒ္ဒိဿစေတီတော်မြတ်တို့ပါပြုန်းတီး ပျက်စီး –––သာသနာတော်ကွယ်ပျောက်ပြီးလျှင် ဟိန္ဒူလူမျိုးတို့မဟာမတ်လူမျိုးဖြစ်ရှိကြောင်းကိုယခုတင်ရှားစွာ တွေ့မြင်လျက်ရှိလေပြီ။ သို့နှင့်ယခုလည်းထိုနည်းတူစွာ အမျိုးလေးပါးနှင့်သာသနာတော်မြတ်လည်း ပျက်စီးခြင်းသို့ မကြာမြင့်မီရောက်ပေလိမ့်မည်။***–––(စာ ၄၂–၄၄)

ဤတင်ပြချက်ကိုသုံးသပ်ကြည့်လျှင် ဦးသာထွန်းအောင် သည်ဆရာမြဝါက ကုလားသံအမတ်သုံးဦး၏ အစ္စလာမ်သာသနာပြုမှု အန္တရာယ်ကိုကြိုတင်တွက်ဆ၍ ဘုရင်အားဟောပြောသတိပေးသည်ကိုထင်ရှားစေလိုကြောင်းပေါ်လွင်နေသည်။ ထိုအန္တရာယ်ကို ဘုရင်သဘောပေါက်လာအောင် အိန္ဒိယနိုင်ငံဦ ဟိန္ဒူဗြဟ္မဏဝါဒနှင့်ဗုဒ္ဓဝါဒတို့မှာ မူဆလင်မင်းများနယ်ချဲ့စိုးမိုးပြီးနောက်ပျောက်ကွယ်ခဲ့ရပုံကို ဆရာမြဝါကသာဓကပြ သတိပေးဟန်ကိုလည်း ဦးသာထွန်းအောင်သရုပ်ဖော်ခဲ့ကြောင်းတွေ့နိုင်ပါသည်။။

## ဆရာမြဝါ၏ ရွှေမျိုင်းဓမ္မသတ်

ဆရာမြဝါမှာ အိန္ဒိယနိုင်ငံ နာလန္ဒတက္ကသိုလ်ဦ မဟာပညာကျော်မင်းပါဘုရင်တို့နှင့်အတူပညာသင်ခဲ့သည်ဟုအဆိုရှိသည်။ အိန္ဒိယနိုင်ငံ၏အဖြစ်အပျက်မှာမျက်မြင်ကိုယ်တွေ့ဖြစ်၍ ဆရာမြဝါက ရခိုင်ပြည်ဦ ဗုဒ္ဓသာသနာညှိုးနွမ်းမည်ကိုကြိုတင်ကာကွယ်ရန်တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူနှင့်မှုးမတ်တို့အား သတိပေးခြင်းဖြစ်သည်။ ဤဉာဏ်အမြော်အမြင်ကြီးမှုကြောင့် ဆရာမြဝါအားမျိုးချစ်သူရဲကောင်းအဖြစ်ရခိုင်သားတို့ကြည်ညိုကြခြင်းဖြစ်သည်။

ဆရာမြဝါ၏သတိပေးချက်ကို ဘုရင်ဇလတ္တာစောမွန်လက်ခံတော်မူသည်။ ထို့ကြောင့် ဆရာမြဝါအား ***"ကောင်းမွန်စွာ ပြုလုပ်စီမန်တော်မူရမ်လျှောက်ထားတောင်းပန်တော်မူသည်"*** (စာ–၄၄)

ဘုရင့်ခွင့်ပြုချက်ရသည်ချက်ချင်းဆရာမြဝါသည် မနုဓမ္မသတ်ကိုအခြေခံ၍ မြောက်ဦးမြို့တောင်ညိုတိုက်ဦ သီတင်းသုံးတော်မူသော မိမိ၏ဆရာရှင်အဂ္ဂမုနိကိုယ်တော်မြတ်ကိုအမှူးထားလျက် "ရွှေမျိုင်းဓမ္မသတ်ကျမ်း" ကိုရေးသား၍ဘုရင်ထံအပ်နှင်းတော်မူသည်။

"ရွှေမျိုင်းဓမ္မသတ်ကျမ်း" သည်ယင်းခေတ်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပင်ဖြစ်သည်။ လူတိုင်းလိုက်နာရသည့် စည်းမျဉ်းဖြစ်သည်။အချက်ပေါင်း(၄၈)ချက်ပါသည်။ ၎င်းအချက်တို့သည် လေးမြို့ခေတ်မင်းထီးလက်ထက်"ရခိုင်သူမြတ်"ရေးဖွဲ့ခဲ့သော "လောကသာရပျို့"ဦပါသော အချက်များနှင့်တူသည်။ လောကသာရပျို့(အမျိုးလေးပါးဆုံးမခန်း)သည် "မင်္ဂလသုတ်"ပါဠိတော်ကိုအခြေခံထား၍ သီကုံးထားခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ သို့ဖြစ်၍ "ရွှေမျိုင်းဓမ္မသတ်ကျမ်း"လည်း "မင်္ဂလာသုတ်' ကိုပင်အခြေခံ၍ရေးခဲ့သည်ဟုဆိုသင့်ပါသည်။ "ရေမျိုင်းဓမ္မသတ်"မှအချက်အချို့ကိုကောက်နုတ်၍ "လောကသာရပျို့"နှင့် "မင်္ဂလသုတ်"တို့မှတူညီချက်များကို

အောက်တွင်ယှဉ်ပြိုင်တင်ပြလိုက်ပါသည်။ " လောကသာရပျို့" ကောက်နုတ်ချက်မှာဆရာကြီးမင်းသုဝဏ်၏ "လောကသာရပျို့အဖြေအဘိဓာန်(၁၉၅၅)မှဖြစ်ပါသည်။

***ရွှေမျိုင်း၊အမှတ်(၁)။*** ရေးဦးစွာရတနာသုံးပါးတို့အား မမေ့မလျော့စေလျက်ကျင့်သုံးဆောက်တည်ဆည်းကပ်ကိုးကွယ်ကြရန်လည်းတစ်ပါး။ (စာ–၄၅)

***လောကသာရပိုဒ်(၁)။*** " ကြားဖိမ့်သူမြတ်၊အများမှတ်စိမ့်၊ဟိတတ္တိက၊သြဝါဒဖြင့်၊ဆုံးမပေးထွေ၊နားဝင်စေလော့၊နေသို့ထင်ရှား၊ဘုရားတရားသံဃာ၊ရတနာထွတ်ထား၊မြတ်သုံးပါးကို ဦးဖျားထိပ်ထက်အမြဲရွက်၍၊စုံမက်သဒ္ဓါ၊ကြည်စေမင်း။" (စာ–၂)

ရေမျိုင်းဓမ္မသတ်၏အမှတ်(၁)အချက်သည် ဗုဒ္ဓသာသနာမည့်သိုးနွမ်းရအောင်ကာကွယ်သောအချက်ဖြစ်သည်။ ဤအချက်ကမြောက်ဦးခေတ်၌ ရခိုင်လူမျိုးတိုင်းဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်းဖော်ပြနေသည်။ လေးမြို့ခေတ်၌လည်း ထိုသဘောမျိုးရှိခဲ့ကြောင်းလောကသာရပျို့အပိုဒ်(၁)ကသက်သေခံနေသည်။ ထို့ကြောင့် ***ရခိုင်မှန်လျှင် ဗုဒ္ဓဘာသာဖြစ်ရမည်ဆိုသောစကားကို ရခိုင်သားတို့ဂုဏ်ယူဝင့်ကြွားစွာပြောဆိုလေ့ရှိကြခြင်းဖြစ်သည်။*** ဓညဝတီ၊ ဝေသာလီ ခေတ်တို့မှ စတင်ယုံကြည်လာခဲ့သော ဗုဒ္ဓသာသနာသည် လေးမြို့ခေတ်နှင့်မြောက်ဦးခေတ်တို့၌ မိရိုးဖလာအစဉ်အလာကိုးကွယ်သောနိုင်ငံတော်သာသနာဖြစ်လာလေသည်။

***ရွှေမျိုင်း၊အမှတ်(၂)။*** မိဘဆရာတို့၏ဆိုဆုံးမှုလျက်သြဝါဒဖြင့်ပေးခြင်းကိုလည်းမြေဝေမျကမှတ်သားနာယူလျက်ကျင့်သုံးစောင့်ရှောက်ကြရန်လည်းတပါး။ (စာ–၄၆)

***လောကသာရပိုဒ်(၂)။*** အသက်ရှည်စွာ၊အနာမဲ့ကြောင်း၊ကောင်းလှစေချင်၊ပဲ့ပြင်နိစ္စ၊ကွပ်ဆုံးမသား၊မိဘဆရာ၊စကားနာ၍၊––– (စာ–၄)

ရွှေမျိုင်းဓမ္မသတ်အမှတ်(၂)စည်းမျဉ်းနှင့်လောကသာရပျို့အပိုဒ်(၂)ဆုံးမစကားတို့မှာတထပ်တည်းတူညီကြပါသည်။

***ရွှေမျိုင်း၊အမှတ်(၉)။*** လောကဓမ္မနှစ်ထာနတည်းဟူသောကျင့်ဝတ္တရားနှစ်ပါးတို့ကို ပစ္စုပ္ပန်သသံသရာတို့၌ချမ်းသာခြင်းဖြင့်သိစွမ်းဆောင်ရွက်နိုင်သော ပညာရှိပုဂ္ဂိုလ်တို့အား အလေးအမြတ်ပြုပြီးလျှင်မိတ်ကျွမ်းဝင်ရခြင်းလည်းတပါး (စာ–၄၆)

***လောကသာရပိုဒ်(၅)။*** ––– ပစ္စုပ္ပန်သံသရာ၊ချမ်းသာစီးပွား၊နှစ်ပါးမြင်တတ်၊သူတော်မြတ်ကို၊မပြတ်ချစ်ခင်၊မိတ်ကျွမ်းဝင်၍၊မြဲပင်စင်းလျှင်း၊ပေါင်းယှဉ်မင်း။ (စာ–၁၀)

**မင်္ဂလသုတ်**။ –––ပဏ္ဍိတာနဉ္စသေဝနာ (ပညာရှိသောသူတို့ကိုမှီဝဲဆည်းကပ်ခြင်းသည်မြတ်သောမင်္ဂလာမည်၏) ရေမျိုင်းအမှတ်(၉)စည်းမျဉ်းသည် လောကသာရပျို့အပိုဒ်(၅)နှင့်လည်းကောင်း၊မင်္ဂလာသုတ်ပါမင်္ဂလာတရား(၃၈)ပါးမှ " ပညာရှိကိုမှီဝဲဆည်းကပ်ခြင်း" မင်္ဂလာတရားတော်နှင့်လည်းကောင်းတူညီပါသည်။

***ရွှေမျိုင်း၊အမှတ်(၁၀)။*** –––တရားလက်လွတ်လျက် ကျင့်ဝတ်တရားမှောက်မှားသူတို့သည် လောကတွင်လူသတ္တဝါတို့၌အကျိုးစီးပွားလည်းမရှိ၊ သံသရာ၌လည်းအကျိုးမရှိသောသူတို့ကိုဝဲးစွာရန်သူကဲ့သို့မိမိစိတ်၌ထားပြီးလျှင် ရှောင်ကြဉ်ရခြင်းလည်းတပါး။ (စာ ၄၆–၄၇)

***လောကသာရပိုဒ်(၆)။*** ပညာမျက်စိ၊မြင်မရှိ၍ မသိတရား၊အယူမှားလျက်၊ စီးပွားမမြော်၊ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊မကြိုက်မချစ်၊ ရန်သူစစ်သို့၊မနှစ်သက်ပဲ၊ဝေးစွာရှဲ၍၊အမြဲခွာရှင်း၊ဖဲကြဉ်မင်း။ (စာ–၁၂)

**မင်္ဂလသုတ်**။ အသေဝနာစဗာလနံ––– (သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ခြင်း သည်မြတ်သောမင်္ဂလာမည်၏)

ရေမျိုင်းဓမ္မသတ်အမှတ်(၁၀)စည်းမျဉ်းသည် လောကသာရပျို့အပိုဒ်(၆)နှင့်လည်းကောင်း၊မင်္ဂလာတရား (၃၈)ပါးမှ "သူမိုက်ကိုမမှီဝဲမဆည်းကပ်ခြင်း" မင်္ဂလာတရားတော်နှင့်လည်းကောင်းတူညီပါသည်။

***ရွှေမျိုင်း၊အမှတ်(၁၅)။*** မိခင်ဖခင်တို့အား ချစ်ခင်မြတ်နိုးပြီးလျှင် ဘုရားတဆူ၊ဂူတစ်လုံးကဲ့သို့နေ့ညမပြတ်၊အရိုအသေအလေးအမြတ်ရှိခိုးဦးတင်လျက်ပြုစုလုပ် ကျွေးမွေးမြူရခြင်းလည်းတစ်ပါး(စာ–၄၇)

***လောကသာရပိုဒ်(၈)။*** "မိခင်၊ဖခင်၊ကျေးဇူးရှင်ကို ချစ်ခင်မြတ်နိုး၊ဂူပုထိုးသို့၊ရှိခိုးဦးတင်၊ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍ လုပ်ကျွေးခယ၊ရိုတုပ်ကွလျက်––– (စာ–၁၆)

***မင်္ဂလသုတ်***။ မာတာပိတု သုပဋ္ဌာနံ–––(အမိအဘကို လုပ်ကျွေးမွေးမြူခြင်း–သည်မြတ်သောမင်္ဂလာမည်၏)

ရေမျိုင်းဓမ္မသတ်အမှတ်(၁၅)စည်းမျဉ်းသည်၊လောကသာရပျို့အပိုဒ်(၈)နှင့်လည်းကောင်း၊မင်္ဂလာတရား (၃၈)ပါးမှ "အမိအဘကိုလုပ်ကျွေးမွေးမြူခြင်းမင်္ဂလာ" မင်္ဂလာတရားတော်နှင့်လည်းကောင်းတူညီပါသည်။

အထက်ပါနိုင်းယှဉ်တင်ပြချက်တို့သည် ရွှေမျိုင်းဓမ္မသတ်၏အနုစ်သာရပျို့အပိုဒ်(၈)နှင့်လည်းကောင်း၊ မင်္ဂလာတရား(၃၈)ပါးမှ "အမိအဘကိုလုပ်ကျွေးမွေးမြူခြင်းမင်္ဂလာ" မင်္ဂလာတရားတော်နှင့်လည်းကောင်းတူညီပါသည်။

အထက်ပါနိုင်းယှဉ်တင်ပြချက်တို့သည် ရေမျိုင်းဓမ္မသတ်အနုစ်သာရကိုစာဖတ်သူတို့အကဲခတ်မိအောင် နမူနာအဖြစ်တင်ပြခြင်းဖြစ်ပါသည်။ ဤနိုင်းယှဉ်ချက်တို့ကို သုံးသပ်ကြည့်လျှင်၊ ရွှေမျိုင်းဓမ္မသတ်သည် ဗုဒ္ဓဘာသာမညှိုးနွမ်းရအောင်နှင့် ရခိုင်သားတိုင်းဗုဒ္ဓဘာသာဝင်ဖြစ်ရန်လည်းကောင်း၊ ဗုဒ္ဓဝါဒကိုအခြေခံသော နိုင်ငံရေးစီးပွားရေး လူမှုရေးမူဝါဒများတည်မြဲနေရန်လည်းကောင်း ရည်မှန်းထားကြောင်းသိနိုင်ပါသည်။ ဤဥပဒေအာဏာတည်အောင် ဘုရင်ဇလတ္တာစောမွန်က ဆက်လက်ဆောင်ရွက်ပုံကိုလည်း ဦးသာထွန်းအောင်က အောက်ပါအတိုင်းတင်ပြထားပါသေးသည်။

"––– ဇလတ္တာမင်းစောမွန်သည် သက္ကရာဇ်(၈၈၇)ခုနှစ်ကစ၍ ရွှေမျိုင်းဓမ္မသတ်တော်ကို တိုင်းပြည်ခရိုင်နိုင်ငံတော်အတွင်းတွင် အတည်ပြုတော်မူပြီးလျှင် ရခိုင်မျိုးလေးပါးတို့နှင့်မဆက်ဆံမူ၍ ဆုံမ်းဖြတ်တော်မူလာသည့်အတိုင်း အထူးအားဖြင့် စောင့်ရှောက်တော်မူကြသည်မှာ မိမိတို့အမျိုးလေးပါးနှင့်သူတစ်ပါးတို့၏အနွယ်ဝံသတို့နှင့် ဆက်ဆံခြင်း၌ရှောင်ကြဉ်ရာ၏။အကျေ၍မိမိတို့၏စောင့်ရှောက်ခြင်းဖြင့်ရှိသော ဇာတ်ဇာတိကိုချိုးဖဲ့ဖျက်ဆီးလျက်၊ သူတပါးတို့၏ အနွယ်ဝံသတို့နှင့်ဆက်ဆံလျက်ပေါင်းရှည်သောသူတို့အား မိမိတို့၏ဇာတ်ဇာတိပျက်စီးလေသောသူ၏အဖြစ်ဖြင့် အမျိုးကောင်းသားတို့သည်အတူတကွစားသောက်ခြင်းမှစ၍ သူတို့နှင့်ဆက်လက်လျက်ပေါင်းရှည်ခြင်းကိုရှောင်ကြဉ်ရာသည်" (စာ–၆၆)

အထက်ကောက်နုတ်ချက်၌ ရွှေမျိုင်းဓမ္မသတ်ကိုမလိုက်နာပဲ ***တခြားဘာသာမျိုးခြားတို့နှင့်ဆက်ဆံပေါင်းဖော်လျှင် အတူတကွစားသောက်နေထိုင်ဆက်ဆံခြင်းမပြုရန်*** ညွှန်ကြားထားကြောင်းထင်ရှားသည်။

ထို့ကြောင့်ကုလားသံအမတ်သုံးဦး၏ မြောက်ဦးမြို့တော်၌ အစ္စလာမ်သာသနာပြန့်ပွားအောင်ဒေလီမြို့တော်မှ တရားဟောဆရာများကို ခေါ်ယူ၍ ဟောပြောပြစေခဲ့သော်လည်း ရွှေမျိုင်းဓမ္မသတ်ကြောင့်ဘာမျှအရာထင်မည်မဟုတ်ချေ။ ကုလားတရားဟောဆရာများ၏အစွမ်းကြောင့် အကယ်၍ ရခိုင်ဗုဒ္ဓဘာသာတစ်ဦးသည် အစ္စလာမ်ဝါဒကိုလက်ခံကူးပြောင်းမိခဲ့လျှင်လည်း၄င်းအားရခိုင်အသိုင်းအဝိုင်းမှ ဝိုင်းပယ်ကြမည်သာဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ မူဆလင်မင်းများနယ်ချဲ့သိမ်းပိုက်စိုးမိုးခဲ့စဉ် ဟိန္ဒူများအစ္စလာမ်ဘာသာသို့ကူးပြောင်းကြခြင်းမှာ အသက်ဘေးကြောင့်သာဖြစ်သည်။ ယခုဗုဒ္ဓဘာသာရခိုင်မင်းအုပ်စိုးသော ရခိုင်ပြည်၌နှစ်ပေါင်းထောင်ချီ၍ မိရိုးဖလာကိုးကွယ်လာသော ဗုဒ္ဓဘာသာကိုစွန့်ပစ်ပြီး အစ္စလာမ်ဘာသာသို့အလွယ်တကူကူးပြောင်းခဲ့လိမ့်မည်ဟုယူဆလျှင် "ဦးနှောက်ပင်ကောင်းသေးရဲ့လား" ဟုမေးရမည်ဖြစ်သည်။

ဇော်မင်းထွဋ်က "အစ္စလာမ်ဘာသာသို့ကူးပြောင်းလာသူများသည် လေးသည်တပ်ဖွဲ့(ယနေ့ကမန်) များသာဖြစ်ပြီး၊တခြားအပြင်လူမပါ၊အရပ်သားများမပါဟုဆိုရန်ခဲယဉ်းသည်။" ဟုဆိုခဲ့ခြင်းမှာ ရခိုင်တို့၏နှစ်ပေါင်းထောင်ချီအရိုးစွဲကိုကိုးကွယ်လာသော ဗုဒ္ဓဘာသာ ရခိုင်ပြည်၌ခိုင်မြဲမှုကိုအထင်သေးခြင်း၊ရွှေမျဉ်းဓမ္မသတ်၏အရေးပါမှုကိုနားမလည်ခြင်း၊ရိုဟင်ဂျာအမည်ခံဘင်္ဂါလီများရခိုင်ပြည်၌ရှေးခေတ်အဆက်ဆက်ရောက်ရှိခဲ့ကြောင်းလိမ်ညာချဲ့ကားတင်ပြလိုခြင်းတို့ကြောင့်ဖြစ်ပေသည်။

ရွှေဗိုင်းဓမ္မသတ်၏ပထမဆုံးအချက်ဖြစ်သော ဘုရား၊တရား၊သံဃာရတနာသုံးပါးကိုဆည်းကပ်ကိုးကွယ်ခြင်းသည်မြောက်ဦးခေတ်ရောက်မှပေါ်ပေါက်ခဲ့ခြင်းမဟုတ်ချေ။ လေးမြို့ခေတ်ကပင်တည်ရှိခဲ့သောရခိုင်လူမျိုး၏ကိုးကွယ်မှုဓလေ့တစ်ခုသာဖြစ်သည်။ ယင်းအချက်ကိုလောကာသာရပျို့ပထမအပိုဒ်ကသက်သေခံနေသည်။ လောကသာရပျို့သည်ယင်းခေတ်ရခိုင်ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်၌သူငယ်တို့နှုတ်တက်အာဂုံသင်ယူလာကြသောသင်ခန်းစာဖြစ်၍ ငယ်စဉ်ကပင် ရတနာသုံးပါးကို "ဦးဖျားထိပ်ထက်၊အမြဲရွက်" လာခဲ့သောအစဉ်အလာရှိခဲ့လေသည်။ ယင်းအစဉ်အလာယုံကြည်မှုကို ဥပဒေအဖြစ်ရွှေမျိုင်းဓမ္မသတ်၌ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ဇလတ္တာစောမွန်ဘုရင်သည် ဆရာမြဝါအကူအညီနှင့်ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာလုပ်ခဲ့သကဲ့သို့ ၊မင်းဘာဘုရင်ကလည်း အစ္စလာမ်ဘာသာဝင်များကို ရခိုင်ပြည်၌ မကြီးထွားမပြန့်ပွားနိုင်အောင်ဖိနှိပ်ရှင်းလင်းပစ်ခဲ့လေသည်။

## ကုလားကိုရှင်ပြုသည့်သူငယ်တို့၏တဘောင်

မင်းပါဘုရင်၏ဆောင်ရွက်မှုတို့ကို ရခိုင်ရာဇဝင်အစောင်စောင်၌ အကျယ်တဝင့်ဖော်ပြခဲ့ကြသည်။ လိုရင်းတင်ပြရလျှင် မင်းပါကြီးနန်းတက်လာသောအခါ ကုလားဒေလီပဆာမင်းက ဖောက်ပေါက်သျှာဟူသောတံဆိပ်ကိုပေးအပ်လာသော်၊မင်းဘာကြီးက ဘီးတော်မင်းစောမွန်ကို အင်းဝမြန်မာဘုရင်လာရောက်တိုက်ဖျက်၍ဒေလီပဆာမင်းထံ ဘင်္ဂါဆယ်နှစ်မြို့ကို ပေးအပ်စစ်ကူတောင်းလေသည်။ ယခုနှစ်တစ်ရာကျော်ခန့်ကြာလေပြီ။ ရှေ့မင်းတို့စိုးပိုင်သောထုံးစံအတိုင်းပြန်သိမ်းယူမည်။ စစ်မထိုးလိုသော် ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကုလားဒေးဝန်းထာနာတို့ကို လွှတ်လိုက်စေဟု အမိန့်တော်ရှိလျက် ရောက်လာသော ကုလားအမတ်ကာတီကိုပြန်စေသည်။

ယင်းသို့ပြန်စေပြီးကုလားပြည်သို့စစ်ချီမည်ကြံရာ၊စနည်းနာစေသော်" ***ကုလားကိုနိုင်လို၊စားဖို့မှာမီးထဲ့၊ ဝသဲ့တောင်ကိုထီးတင်၊ ကုလားကိုရှင်ပြု*** "ဟူ၍ သူငယ်တို့ဆိုကြသောတဘောင်ကို ကြားခဲ့၍ အမတ်ပညာရှိကောင်းကျော်ထင်စားကမင်းပါဘုရင်အားဤသို့လျှောက်သည်။

" ကုလားကိုနိုင်လို၊စားဖို့မှာမီးထဲ့ "အလိုသော်ကား သဘော်ဆိပ်ပေါင်းထွတ်(ဘောင်းဒွတ်)သည်စားဖို ဖြစ်ပါသည်။ကုလားမီးဆင်ပလီမုတ်ဆိတ်ကိုအခြားမှာမရှိစေရ၊ ပေါင်းထွတ်တွင်သာထားရမည်။ " ဝသဲ့တောင်ကိုထီးတင် " အလိုသော်ကား၊ဝသဲ့တောင်ထိပ်၌နံတော်ဘုရားတည်ရပါမည်။"ရှင်ပြု" အလိုမှာ၊ ကုလားရှိသမျှကိုဆံပင်မထားစေရ။ ခေါင်းတုံးရိပ်စေရပါမည်။ ရှေးသိုက်ဟောင်းတွင်လည်း " ***ကုလားပုဇွန်၊ဆဲ့နှစ်တန်ကိုမလွန်ရာ*** "ဟူ၍လာရှိပါသည်။ မင်းဆဲ့နှစ်ဆက်လည်းအရှင်မင်းမြတ်တွင်စေ့ပါသည်။ နိုင်ငံတော်ဘင်္ဂါနှစ်မြို့ကိုအရှင်မင်းမြတ်လက်ထက်တွင်ရမြဲရပါမည်။ "ဟု လျှောက်ထားသည်။ ကောင်းကျော်ထင်စားအား ဘီ၊ဘေး၊ဘိုး၊ဘ တို့အားပေးမြဲ " ဝိမလ " ဟူသောအမည်ကိုပေးတော်မူလေသည်။ (စန္ဒမာလ(ဒု)၅၈၊၅၉)

ရခိုင်ရာဇဝင်အစောင်စောင်တို့၌ ရေးကြသော အထက်ကောက်နုတ်ချက်ကိုသုံးသပ်ကြည့်လျှင်၊ ရေမျိုင်းဓမ္မသတ်လာ " ***တခြားဘာသာမျိုးခြားတို့နှင့်ဆက်ဆံပေါင်းဖော်လျှင်ဝိုင်းပယ်ရန်*** "ဟူသောဥပဒေကို အကောင်အထည်ဖော်ရာ၌ မင်းပါဘုရင်က " ***ကုလားရှိသမျှကိုခေါင်းတုံးရိပ်စေခြင်း*** "ဖြင့် ရခိုင်နှင့်ကုလားထွေးရောရှက်တင်မရှိအောင်ပြတ်သားစွာစည်းခြားပစ်ခဲ့သည်။ ထို့ပြင်မြောက်ဦးမြို့တော်သို့ကုန်သွယ်ရန်ရောက်လာကြသော

မူဆလင်ကုန်သည်များအား သင်္ဘောဆိပ်ရပ်ဖြစ်သော “ ဘောင်းဒွတ် ” တွင်သာတဲခိုလုပ်ကိုင်စေခဲ့သည်။ ဤနှစ်ချက်မျှဖြင့် ဦးသာထွန်းအောင်စာအုပ်၌ဖော်ပြထားသော ကုလားသံအမတ်သုံးဦး၏ အစ္စလာမ်သာသနာပြန့်ပွားရေးဆောင်ရွက်မှုများမှာ နိဂုံးချုပ်သွားပြီဖြစ်ကြောင်းနားလည်နိုင်ပါသည်။ မင်းဘာဘုရင်သည်ဝိမလအမတ်ကြီး၏ လျှောက်ထားချက်အတိုင်း ဘင်္ဂါတစ်ဆယ့်နှစ်မြို့ကိုတိုက်ခိုက်သိမ်းပိုက်သည့်အလုပ်ကိုလည်းပြီးမြောက်အောင်ဆောင်ရွက်ခဲ့လေသည်။

သို့ဖြစ်၍ ဖော်မင်းထွဋ်က **“ *အစ္စလာမ်သာသနာသို့ကူးပြောင်းမှုများ၌ တခြားအပြင်လူမပါ။အရပ်သားများမပါဟုဆိုရန်ခဲယဉ်းသည်* ”** ဟုဆိုခဲ့ခြင်းမှာ၊ရခိုင်တို့၏မိရိုးဖလာဗုဒ္ဓဘာသာကိုးကွယ်မှုဓလေ့ကိုအထင်သေးခြင်း၊ရွှေမျိုးဓမ္မသတ်၏အရေးပါမှုနှင့်မင်းပါဘုရင်၏လုပ်ဆောင်ချက်တို့ကိုဆက်စပ်မမြင်တတ်ခြင်းတို့ကြောင့် ဖြစ်ပါလိမ့်မည်။

အကယ်၍ထိုကာလ၌ ကုလားသံအမတ်သုံးဦး၏ အစ္စလာမ်သာသနာပြုမှုကိုသာခွင့်ပြုထားခဲ့မည်ဆိုလျှင် ၄င်းတို့သည်မြောက်ဦးမြို့တော်၌ဗလီအဆောက်အအုံအများအပြားတည်ဆောက်ခဲ့မည်ဖြစ်သည်။ သို့သော်မင်းစောမွန်လက်ထက်ကုလားစစ်သည်များဝတ်ပြုရန်တည်ဆောက်ခဲ့သည်ဆိုသော “ ဆန်ဒီခန် ” ဗလီတစ်လုံးကိုသာ မြောက်ဦးမြို့အနီး၌တွေ့ရလေသည်။ ဟာဗေး၊ဟောလ်စသောသမိုင်းဆရာကြီးများကလည်း၄င်း “ ဆန်ဒီခန် ” ဗလီကိုသာမှတ်တမ်းတင်ခဲ့ကြလေသည်။

ဖော်မင်းထွဋ်က သူ၏စာအုပ်အခန်း(၆)(ဂ)“ရိုဟင်ဂျာတို့၏သမိုင်းနှင့်ရှေးဟောင်းအဆောက်အဦးများ ” ခေါင်းစဉ်အောက်၌ ဗလီ(၁၂)လုံးကို ဖော်ပြထားရာ သမိုင်းသုတေသီတို့လက်ခံထားသောဗလီမှာ“ စန်ဒီခန် ” ဗလီတစ်လုံးသာပါဝင်လေသည်။ ကျန်ဗလီများကို ရှေးခေတ်ဗလီများဖြစ်ကြောင်းအတည်ပြုရန်ရှေးဟောင်းသုတေသနဌာန၏အတည်ပြုချက်လိုပါလိမ့်မည်။

## ဆရာကြီးလုစ်နှင့်ဒေါက်တာသန်းထွန်း၏အဆိုမှန်သလား

ဖော်မင်းထွဋ်သည် “ ရိုဟင်ဂျာလူမျိုးသစ် ” သမိုင်းကိုရခိုင်ရာဇဝင်လာဝေသာလီခေတ်မဟာတိုင်းစန္ဒြားမင်းကြီးလက်ထက်သင်္ဘောပျက်ပုံပြင်ဖြင့်စတင်ခဲ့သည်။ အေဒီ(၇၈၈)ကိုအတည်ပြုထားသည်။သို့သော်ဝေသာလီခေတ်မှ မြောက်ဦးခေတ်သို့ရောက်ရန် လေးမြို့ခေတ်တစ်ခုကန့်လန့်ကြီးခံနေသည်။ ဖော်မင်းထွဋ်တို့၏ လက်ဦးဆရာဘသာက၊ရိုဟင်ဂျာလူမျိုးသစ်ကိုအာရပ်အဆက်အနွယ်ဟုပြလို၍ “ တမန်တော်မူဟာမတ် ” ၏သမက်တော် “ဟာဇရက်အလီ ” ကို သရုပ်ဆောင်ခိုင်းခဲ့သည်။ ထိုနောက်အလီ၏သား “ မိုဟာမတ်ဟနိဖ် ”စစ်ရှုံး၍ ရခိုင်ပြည်သို့ရောက်လေဟန်၊မောင်တောနှင့်ဘူးသီးတောင်နယ်ခြားတောင်တန်းနေ ဘုရင်မ “ ကိုယာဖူရီ ”ကိုစစ်နိုင်၍ အစ္စလာမ်ဘာသာသို့သွတ်သွင်းနိုင်ခဲ့လေဟန်၊ ဇာတ်လမ်းဖန်တီးပြီး အေဒီ(၈)ရာစုမဟာတိုင်းစန္ဒြားမင်းကြီးလက်ထက်သင်္ဘောပျက်၍ ဝေသာလီသို့ရောက်လာနေထိုင်ခဲ့ကြသည့် ဇာတ်လမ်းနှင့်ဆက်စပ်ပြခဲ့သည်။ နိဂုံးတွင် ၄င်းအာရပ်လူမျိုးများမှစ၍ အစ္စလာမ်သာသနာ ရခိုင်၊ထိုမှတဆင့်မြန်မာနိုင်ငံသို့ပြန့်နှံ့ခဲ့ကြောင်းဇာတ်လမ်းဖန်တီးတင်ပြခဲ့သည်။ သို့သော် ထိုလုပ်ကြံတင်ပြချက်တို့၌ လေးမြို့ခေတ်အတွင်းအစ္စလာမ်သာသနာအခြေအနေမပါဝင်ချေ။ လေးမြို့ခေတ်ကွင်းဆက်တစ်ခုပြတ်နေသည်။ ဤကွင်းဆက်ကိုဖြည့်ရန်အခက်ကြုံနေခဲ့ကြစဉ် ၁၉၉၄ ခုမေလထုတ်ကလျာမဂ္ဂဇင်း၌ဒေါက်တာသန်းထွန်း၏ဆောင်းပါးတစ်ပုဒ်ပါလာသည်။ ဖော်မင်းထွဋ်သည်ထိုဆောင်းပါးကိုဖတ်မိပြီး ဉာဏ်အလင်းတစ်ခုရသွားဟန်တူသည်။ ပြတ်နေခဲ့သောကွင်းဆက်ကို ချိတ်ဆက်မိရန်ဒေါက်တာသန်းထွန်း၏ဆောင်းပါးနှင့် ဆရာကြီးလုစ်( **G.H.Luce**)၏စာတမ်း( **Phases of Pre.Pagan, Burma, Languages and History, VIII, MRU and K'UMI (N: Arakan)**မှ မိမိလိုရာဆွဲထုတ်ပြီးအောက်ပါအတိုင်းတင်ပြထားသည်။

"ရန်ကုန်တက္ကသိုလ်သမိုင်းဌာနပါမောက္ခဖြစ်ခဲ့သူ( **G.H Luce**)က (၁၄)ရာစုချင်းတွင်းမြစ်ဝှမ်းကျောက်စာများပါ ရခိုင်မင်းများသည် အိန္ဒိယဘွဲ့အမည်ရှိကြပြီး မူဆလင်များဖြစ်သည်ဟုဆိုသည်။ သူကဆက်လက်၍ ခရစ်သက္ကရာဇ် ၁၂၀၂ ခုတွင် မူဆလင်များက ဘင်္ဂလားကိုသိမ်းပိုက်ခဲ့ပြီး မကြာမီ ရခိုင်နယ်စပ်သို့ရောက်ရှိသည်။ ရှေးပုဂံမင်းတို့ကောင်းစွာသိကြသည့် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော ပဋိက္ကရား(**Comilla**)ကိုဖျက်ဆီးခဲ့သည်မှာယုံမှားဖွယ်မရှိပါ။ နယ်စပ်တွင်ဒေသခံမျိုးနွယ်စုများနှင့်စက်မက်ဖြစ်ပွားခဲ့ကြဟန်ရှိပြီး မူဆလင်စစ်ခေါင်းဆောင်များ(သို့မဟုတ်) အစ္စလာမ်သို့ကူးပြောင်းလာသော ဒေသခံအကြီးအကဲများသည် နယ်စပ်၏မြန်မာပြည်ဘက်တွင်အခြေချနေထိုင်ခဲ့ကြဟန်တူကြောင်းသုံးသပ်ထားသည်။

မြန်မာသမိုင်းပညာရှင်ဒေါက်တာသန်းထွန်းက "အထက်မူဆလင်မင်းဆိုတာကတော့ နတ်မြစ်(**Naaf**) အရှေ့ မေယု(**May Yu**)မြစ်ဒေသက ရိုဟင်ဂျာများဖြစ်မလားလို့ဆင်ခြင်မိသည်။ သူတို့ကလည်း အဲဒီအရပ်မှာနေတာနှစ်ပေါင်းတစ်ထောင်ထက်မနည်းဘူးလို့ပြောလေ့ရှိသည်။ အဲဒီလောက်မရှိပေမယ့် ခရစ်သက္ကရာဇ် ၁၂၀၂ ခုလောက်က ဘင်္ဂလားကိုမူဆလင်အယူရှိသူစတင်ဝင်ရောက်ခဲ့သည်ဆိုတဲ့အခါကဖြစ်နိုင်သည်။" ဟုသုံးသပ်ထားပါသည်။

(၁၂)ရာစုအလယ်တွင် ရခိုင်ပြည်တွင်တည်ငြိမ်သောအစိုးရမရှိဘဲ မင်းမဲ့စရိုက်လွှမ်းမိုးခဲ့သည်။ ရခိုင်ဒေသတစ်ခုလုံးတောတောင်ဖုံးလွှမ်းလာပြီး မဟာမုနိဘုရားပင်လျှင်မမြင်ရသောအဆင့်သို့ရောက်ရှိခဲ့သည်ဟုသမိုင်းဆရာဟာဗေးကအတည်ပြုပြောကြားခဲ့သည်။ **Harvey**၏အဆိုပြုချက်နှင့်အထက်ပါဒေါက်တာသန်းထွန်း၏သုံးသပ်ချက်ကိုပေါင်းစပ်ဆင်ခြင်ပါက (၁၃)ရာစုခန့်က ဘင်္ဂလားမှ အစ္စလာမ်သာသနာသည် ရခိုင်ပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်ဟုဆိုခြင်းမှာမှန်ကန်သည်ဟု ယူဆနိုင်ပါသည်။ ဒေါက်တာသန်းထွန်း၏အဆိုနှင့်ရိုဟင်ဂျာသုတေသီတို့၏တွေ့ရှိချက်များတိုက်ဆိုင်နေပါသည်။" (စာ–၂၈)

ဇော်မင်းထွဋ်၏အထက်တင်ပြချက်များ၌ ဆရာကြီးလုစ်၊ဒေါက်တာသန်းထွန်းနှင့်ဆရာကြီးဟာဗေတို့ကိုကိုးကားထားသော်လည်း မိမိလိုရာဆွဲထုတ်ဖြတ်တောက်အသုံးချထားခြင်းဖြစ်သည်။ လေးမြို့ခေတ်ကွင်းဆက်ကိုဖြည့်လိုဇောနှင့်ကိုးကားထားခြင်းဖြစ်သည်။ ဆရာကြီးတို့၏မူလရေးသားချက်အချို့ကိုထိန်ချန်ထားခဲ့သည်။

ထို့ပြင်ဇော်မင်းထွဋ်သည်ဆရာကြီးလုစ်နှင့်ဒေါက်တာသန်းထွန်းတို့၏တင်ပြချက်ကိုသာတွေ့ရှိပြီး၊ ၄င်းတင်ပြချက်များမှားယွင်းကြောင်းဝေဖန်ထောက်ပြခဲ့ကြသောဆောင်းပါးများကိုလည်းသိပုံမရချေ။ ဆရာကြီးလုစ်မှာကွယ်လွန် ခဲ့ပြီဖြစ်၍ ဝေဖန်စာကိုပြန်လည်ရှင်းလင်းနိုင်ခြင်းမရှိတော့ပါ။ဒေါက်တာသန်းထွန်းကသာဝေဖန်စာကိုသုံးသပ်ပြီးမိမိအမှားကိုပြင်ဆင်ကာ ၁၉၉၅ ခုဖေဖော်ဝါရီလထုတ် ကလျာမဂ္ဂဇင်း၌ထည့်သွင်းဖော်ပြခဲ့သည်။ ဤအမှားပြင်ဆင်ချက်ကိုလည်း ဇော်မင်းထွဋ်သိဟန်မတူချေ။

သို့ဖြစ်၍ ဇော်မင်းထွဋ်က ဆရာကြီးတို့၏အမှ းကို မိမိလိုရာအသုံးချထားပုံကိုလည်းပေါ်လွင်အောင် ဝေဖန်ချက်ဆောင်းပါးများ၌တင်ပြထားကြသောသမိုင်းအမှန်တရားလည်းထင်ရှားအောင်၊ဒေါက်တာသန်းထွန်း၏အမှားပြင်ဆင်ချက်ကိုလည်းသိရှိအောင် အောက်တွင်ဖော်ထုတ်တင်ပြသွားပါမည်။

ဦးစွာဆရာကြီးလုစ်၏စာကိုတင်ပြပါမည်။ ဆရာကြီးက "**MRU and K'UMI (N.Arakan)**" (မြူနှင့် ခုမီ၊မြောက်ရခိုင်) အခန်း၌ "--- နတ်မြစ်အရှေ့မယုမြစ်ဒေသ၌ အများစုနေထိုင်ကြသူများမှာ ရိုဟင်ဂျာဟုယနေ့သိနေကြသော မူဆလင်များဖြစ်ကြသည်။ ***၄င်းတို့ကဤဒေသတွင်နှစ်ပေါင်းတစ်ထောင်ကျော်ကပင်နေထိုင်ခဲ့ကြသည်ဟုဆိုကြသည်။ ဤသို့ဆိုခြင်းသည်ချဲ့ကားခြင်းဖြစ်သည်။*** သို့သော် မူဆလင်တို့သည် ဘင်္ဂလားကိုအေဒီ ၁၂၀၂ ခုကပင်သိမ်းပိုက်ခဲ့သည်ဟု ကျွန်ုပ်တို့သိကြသည်။ ထို့နောက်ရှေ့ပုဂံမင်းများနှင့်ဆက်စပ် လူသိများခဲ့သော နောက်ဆုံးဗုဒ္ဓဘာသာနိုင်ငံ ပဋိက္ကရား(ကူမိလာ)ကိုဖြိုဖျက်၍ ရခိုင်နယ်စပ်သို့မကြာမီဝင်ရောက်လာခဲ့သည်။

နယ်စပ်၌ တိုက်ပွဲဖြစ်ပွားသောအခါ ဒေသခံလူမျိုးနွယ်စုများလည်းပါဝင်ခဲ့ဟန်တူသည်။ အချို့မူဆလင်ခေါင်းဆောင်များသို့မဟုတ် မူဆလင်ဘာသာပြောင်းခဲ့သူတချို့ဒေသခံအကြီးအကဲများသည် မြန်မာနိုင်ငံဘက်၌ အခြေစိုက်နေထိုင်ခဲ့ကြဟန်တူသည်။" ဟုတင်ပြခဲ့သည်။

ဤတင်ပြချက်၌ " ရိုဟင်ဂျာ"အမည်ခံသူတို့ပြောသော " ***နှစ်တစ်ထောင်ကျော်က***" ဆိုသောစကားကို ဆရာကြီးလက်မခံလို၍ " ***ဤသို့ဆိုခြင်းမှာချဲ့ကားခြင်းဖြစ်သည်***" ဆိုသောမှတ်ချက်ချဝါကျကိုထည့်သွင်းခဲ့သည်။ ဇော်မင်းထွဋ်ကငှင်းဝါကျကိုထိန်ချန်ပြီး မိမိလိုရာအချက်များကိုသာဆွဲထုတ်ကိုးကားခဲ့ခြင်းဖြစ်ကြောင်းကို စာရှုသူတို့နှိုင်းယှဉ်လေ့လာကြည့်ကတွေ့နိုင်ပါသည်။

ဆက်လက်၍ ဒေါက်တာသန်းထွန်း၏စာကိုဆက်လက်လေ့လာကြည်ကြပါမည်။ ဒေါက်တာသန်းထွန်းက ၁၉၉၄ ခု ဩဂုတ်လထုတ် ကလျာမဂ္ဂဇင်းပါဆောင်းပါး " ချင်း၊မြုနှင့်ခုမိ (မြောက်ရခိုင်)" " --- ရခိုင်မင်းကလည်းမူဆလင်ဘွဲ့ရှိတယ်။ အဝမင်းဆီဝင်ရောက်လာတယ်။-- မူဆလင်မင်းကတော့နတ်မြစ်(**Naaf**)အရှေ့မယူ (**Mayu**) မြစ်ဒေသက ရိုင်ဟင်ဂျာ (**ROHINGA**)ဖြစ်မလားလို့ဆင်ခြင်မိတယ်။ သူတို့ကလည်း အဲဒီအရပ်မှာနှစ်ပေါင်းတစ်ထောင်ထက်မနည်းတော့ဘူးလို့ပြောလေ့ရှိတယ်။ အဲဒီလောက်မရှိပေမဲ့ ခရစ် ၁၂၀၂ ခုလောက် ဘင်္ဂလားကို မူဆလင်အယူရှိသူတွေစတင်ဝင်ရောက်ခဲ့တယ်ဆိုတဲ့အခါကဖြစ်နိုင်တယ်။ အနှစ် ၈၀၀ ကပေါ့၊ သူတို့ရောက်လာတာ အဲဒီဝန်းကျင်က ဗုဒ္ဓနိုင်ငံတစ်ခုဖြစ်တဲ့ပတက္ကရား(**COMILLA**)လည်းပျက်စီးခဲ့ရတာဖြစ်မယ်။ တချို့မူဆလင်ခေါင်းဆောင်ဟာ အဝမင်းနဲ့မိတ်သဟာဖြစ်တဲ့သဘောကို ဒီကျောက်စာမှာရေးမှတ်ခဲ့တယ်လို့ထင်ရပါတယ်။"

အထက်တင်ပြချက်ကိုဆရာကြီးလုစ်၏စာနှင့်နှိုင်းယှဉ်လေ့လာကြည့်လျှင် ဒေါက်တာသန်းထွန်းသည် "***နှစ်တစ်ထောင်ထက်မနည်းတော့ဘူး***" ဆိုသောစကားကိုဆရာကြီးလုစ်ပယ်ချသကဲ့သို့ပြတ်သားစွာပယ်မချခဲ့ချေ။ "***နှစ်၈၀၀ကပေါ့***" ဟူ၍ ရာစုနှစ်အနည်းငယ်လျှော့ပြီးလက်ခံခဲ့သည်။ နတ်မြစ်အရှေ့မယူမြစ်ဒေသ (မောင်တောနှင့်ဘူးသီးတောင်)က မူဆလင်များကိုလည်း " ***ရိုဟင်ဂျာဖြစ်မလားလို့ဆင်ခြင်မိတယ်***" ဟူ၍လက်ခံလိုသည့်သဘောရေးခဲ့သည်။

ဆရာကြီးလုစ်နှင့်ဒေါက်တာသန်းထွန်းတို့ " ရိုဟင်ဂျာ" အမည်ခံသူတို့နှင့်ပတ်သက်၍ ရေးသားရာတွင် အဓိကကိုးကားသော ကျောက်စာမှာ " စစ်ကိုင်းထူပါရုံဘုရားကျောက်စာ" ဖြစ်ပါသည်။ ကျောက်စာရေးထိုးခဲ့သောမင်းမှာ အင်းဝဘုရင်နရပတိဖြစ်ပြီး၊ကျောက်စာရေးထိုးနှစ်မှာ မြန်မာသက္ကရာဇ် ၈၀၄ ၊ခရစ်နှစ် ၁၄၄၂ ဖြစ်ပါသည်။ ကျောက်စာတွင်နရပတိမင်းနန်းတက်သောအခါ မြန်မာနိုင်ငံအရပ်ရှစ်မျက်နှာမှလူများလာရောက်၍ ဂါရဝပြုကြပုံပါရှိသည်။ ကျောက်စာမူရင်း၌ အောက်ပါအတိုင်းရေးထိုးထားပါသည်။

| ကြောင်းရေ | စာကိုယ် |
|---|---|
| ၂၀။ | မဇ္ဈိမဒေသအရပ် |
| ၂၁။ | နိုက်ရှေ့ကပုကံမင်းကြီတိုဝ်စစ်ထိုင်လေစေသည် သက်မြုန်ချင်ကိုဝ်အစိုဝ်ရသော ကစ္စပတိ အသ္ခပတိမည်သော <u>ပန်သေမင်တိုဝ်၏အမျိုဝ်အနွဲ့ ဖွစ်သောရခိုင်မင်သည်ဖိုဝ်</u> |
| ၂၂။ | ခေါင်ဆဲထပ်ကိုဝ်ကျူ၍အဖိုဝ်အတိုင်မသိသောမြုင်လက်ကောက်ကိုဝ်ဉထက်တင်၍ဆက်ပြီ သောကိုဝ်ကစသည်များသာရွာပြည်ထိုဖွူမြောက်စည်အလုမ်စုံမ်ကိုဝ်ငေ |
| ၂၃။ | ဆာက်နှင်လာသောကြောင်ရွှေဖုန်တော်စက်၏အရိပ်၌ခိုဝ်စေ၍နိုင်ငံအတိုင်အုပ်ကွပ်စေ၏--- |

(ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဥ္စမတွဲ၊ရှေးဟောင်းသုတေသနဦးစီးဌာန၊ စာ ၃၅-၃၆)

ကျောက်စာကောက်နှုတ်ချက်ကိုလေ့လာကြည့်လျှင် “ ***ပန်သေမင်တိုဝ်၏အမျိုး၏အနွယ်ဖြစ်သောရခိုင်မင်*** ” ဟူ၍တွေ့ကြပါမည်။ “ ရခိုင်မင်း ” ဆိုသည်မှာ ကျောက်စာရေးထိုးခဲ့သူအင်းဝနရပတိမင်းနှင့်တခေတ်တည်းနန်းတက်သော နရနုမင်း (၁၄၃၃–၁၄၅၉) ကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ နရနုမင်းသည် “အလီခင် ” ဟူသောကုလားဘွဲ့ကိုလည်းခံယူခဲ့ပါသည်။ ဤမင်းသည်အစ်ကိုမင်းစောမွန်၏စကားကိုမပယ်လို၍ ကုလားဘွဲ့ကိုခံယူခဲ့သော်လည်း ဗုဒ္ဓဘာသာဝင်သာသနာပြုမင်းဖြစ်ကြောင်းကို အင်းဝဘုရင်နရပတိနှင့်အပြန်အလှန်ပါးသောသဝဏ်စာ၌ “ ***ဣတိပိ သောဘဂဝါ၊ သွက္ခာတောဘသုပ္ပတိပန္နော*** ”ဟူသောဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊သင်္ဃာဂုဏ်တော်တို့ကို ဦးထက်ပန်ဆင်သည့်အရေးအသားကလည်းကောင်း၊ သံတွဲမိဖုရားစောယင်မိထံ ကမ်းခဲ့သော မေတ္တာစာရတု၌ “ ***သရဏာဝပွင့်၊ပန်းသုံးဆင့်ကို၊မယ်နှင့်ခ်ဋ္ဌာန်ပန်ရစေ*** ” ဟူသောအရေးအသားကလည်းကောင်း သက်သေခံနေပါသည်။ နရနုမင်းသည် အစ်ကိုမင်းစောမွန်တည်ခဲ့သောလေးမျက်နှာ(သို့)မုခ်လေးတန်စေတီတော်အနီး၌ “ ညီတော်စေတီ ” ကိုတည်ထားခဲ့သည်။ ရခိုင်ရာဇဝင်ဆရာတို့က ဤမင်းလက်ထက်၌ ***ဗုဒ္ဓသာသနာသည် နေလုလင်ကဲ့သို့ထွန်းတောက်ခဲ့သည်*** “ ဟုအလေးအနက်ပြုမှတ်တမ်းတင်ထားခဲ့ကြသည်။ (စန္ဒာမာလာ၊၂၂–၂၇)

နရနုမင်းနှင့်ပတ်သက်သောအထက်အကြောင်းအရာတို့ကို စစ်ကိုင်းထူပါရုံဘုရားကျောက်စာ ရေးထိုးသူက သိမည်မဟုတ်ချေ။ ထို့ကြောင့်နရနုမင်း“ အလီခင် ” ဟူသောကုလားဘွဲ့ခံယူထားသည်ကိုကြောင်းပြု၍ ကျောက်စာရေးထိုးသူက ကုလားဟုထင်ကာ “ ပန်သေမင်တိုဝ်အမျိုင်အနွှဲ ” ဟုရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ “ ပန်သေ ” ဟူသော စကား၏အဓိပ္ပါယ်မှာ “ တရုပ်ပြည်ယူနန်နယ်မှ မွတ်ဆလင်ဖြစ်သည် ” ဟု ဆရာကြီးဦးဖေမောင်တင်၏ “ ဘာသာလောကကျမ်း ” ၌ဆိုထားပါသည်။ ဆရာကြီးလုစ်နှင့်ဒေါက်တာသန်းထွန်းတို့က ရခိုင်ရာဇဝင်ကိုမလေ့လာပဲ၊ ကျောက်စာပါစကားလုံး ***ပန်သေမင်တိုဝ်၏အမျိုဝ်အနွှဲ*** ကိုပင်အတည်ပြုကာ ရခိုင်မင်းနရနုအား မူဆလင်ဘာသာဝင်ဖြစ်လိမ့်မည်ဟု လွဲမှားစွာယူဆခဲ့ကြခြင်းဖြစ်ပါသည်။

ဆရာကြီးနှစ်ဦး၏မှားယွင်းမှုများကို ရခိုင်အမျိုးသားတို့က ကလျာမဂ္ဂဇင်း (၁၉၉၅၊မတ်လ)၌လည်းကောင်း၊ ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း(၁၉၉၅၊ဇူလိုင်)၌လည်းကောင်း၊ရခိုင်သဟာယမဂ္ဂဇင်းအမှတ်–၂(၁၉၉၆၊ဖေဖော်ဝါရီလ) ၌လည်းကောင်းဝေဖန်ထောက်ပြခဲ့ကြပါသည်။

ကလျာမဂ္ဂဇင်း၌ မောင်ရခိုင်တင်ပြခဲ့သော “ ကိုလိုနီဝါဒဆိုးမွေ ” ဆောင်ပါးမှစာပိုဒ်အချို့ကိုအနည်းငယ်ကောက်နှုတ်ဖော်ပြရလျှင်–

“ ––– ဆရာကြီးလုစ်နှင့်ဆရာကြီးဒေါက်တာသန်းထွန်းတို့ “ ရိုဟင်ဂျာ ” အကြောင်းရေးသားရာတွင် အဓိကအထောက်အထားပြုသောကျောက်စာမှာ၊စစ်ကိုင်းထူပါရုံဘုရားကျောက်စာဖြစ်ပါသည်။ ကျောက်စာရေထိုးခဲ့သောမင်းမှာ အင်းဝနရပတိဖြစ်ပြီး ကျောက်စာရေးထိုးနှစ်မှာ မြန်မာသက္ကရာဇ် ၈ဝ၄ ခု၊ခရစ်နှစ် ၁၄၄၂ ဖြစ်ပါသည်။ ကျောက်စာတွင်နရပတိမင်းနန်းတက်လာသောအခါ မြန်မာနိုင်ငံအရပ်ရှစ်မျက်နှာမှ လူများလာရောက်၍ ဂါရဝပြုကြပုံကို ရေးထိုးထားသည်ဟု မစ္စတာလုစ်ကဆိုပါသည်။ ဆရာကြီးတို့အထောက်အထားပြုကြသော ကျောက်စာတစိတ်တဒေသ၏လိုရင်းအချုပ်မှာ “ ပန်သေမင်းတို့၏အမျိုးအနွယ်ဖြစ်သောရခိုင်မင်းသည် နရပတိဘုရင်၏ဘုန်းတော်ကိုလာရောက်ခိုလှုံသည် ” ဟူ၍ဖြစ်ပါသည်။

ဤတွင် “ ပန်သေမင်း ”ဟူသောကျောက်စာပါစကားတစ်လုံးတည်းကိုအထောက်အထားပြု၍ ပန်းသေးဟူသည်မှာ မြောက်ပိုင်းမူဆလင်များဖြစ်သည်။ ၄င်းတို့သည်ယခုအခါနတ်မြစ်အရှေ့ဘက်မယူကမ်းခြေတွင်နေထိုင်ကြသော “ ရိုဟင်ဂျာ ” အမည်ခံသူများဖြစ်ကြလိမ့်မည်ဟု ဆရာကြီးတို့ကကောက်ချက်ဆွဲကြဟန်တူပါသည်။

***စင်စစ် “ ရိုဟင်ဂျာ ” ဟူသောအမည်မှာ ထိုရှည်ဝေးလှသော အတိတ်ကာလကိုထား၍ မြန်မာနိုင်ငံအင်္ဂလိပ်ကိုလိုနီဘဝမှလွတ်မြောက်လာသော ၁၉၄၈ ခုထိမပေါ်ပေါက်ဖူး၊မရှိဖူးသေးသောအမည်ဖြစ်ပါသည်။***

နတ်မြစ်အရှေဖက်မယူမြစ်ဒေသတွင်နေထိုင်ကြသော လူဦးရေများစု ၉၀ရာခိုင်နှုန်းခန့်သည်မူဆလင်များဖြစ်ကြသည်မှာမှန်ပါ၏။ထိုသူတို့ကိုမြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည်ထိစစ်တကောင်းမှလာရောက်အခြေချနေထိုင်သော **"စစ်တကောင်းအနွယ်ဘင်္ဂလီလူမျိုး"**အဖြစ်သာလူတိုင်းသိကြပါသည်။ခိုင်မာသောမှတ်တမ်းများ(ဒေါက်တာဘနာဂျီစာအုပ်၊မောင်တောကျွန်းအုပ်ဦးမောင်ညို၏မှတ်တမ်းစာ၊စစ်တွေခရိုင်ဂေဇက်တီးယားများ၊ဦးစံထွန်းအောင်၏စာတမ်း၊မင်းကြီးမစ္စတာဂျိမ်းဘက်စ်တာဦးဆောင်သောစုံစမ်းရေးအစီရင်ခံစာ)တို့တွင်လည်း ၎င်းတို့ကို**"စစ်တကောင်းသား"**များအဖြစ်သာမှတ်တမ်းတင်ခဲ့ကြပါသည်။"ရိုဟင်ဂျာ"အမည်ခံသော တိုင်းရင်းသား တစ်မျိုး ဖြစ်ကြောင်း မည်သူကမျှမဖော်ပြခဲ့ကြပါ။

ထိုစစ်တကောင်းသားများသည် မြန်မာဘုရင်ခံနှင့်ဗြိတိသျှကိုလိုနီခေတ်ဦးတွင် လယ်လုပ်သားများအဖြစ်မယူဒေသသို့ခေတ္တခဏလာရောက်နေထိုင်ပြီးလုပ်ငန်းရာသီကုန်လျှင်မိမိနေရပ်စစ်တကောင်းသို့ပြန်လေ့ရှိကြောင်းနောင်အခါလူနေကျဲသောထိုဒေသ၌ အနည်းအကျဉ်းအခြေချနေထိုင်ခဲ့ကြရာမှကိုလိုနီခေတ်တွင်တံခါးမရှိဒါးမရှိဝင်ထွက်သွားလာခွင့်ပြုထားခြင်းကြောင့် စီးပွါးရေး၊နိုင်ငံရေးစသော အကြောင်းကြောင်းတို့ကို အထက်ဖော်ပြပါမှတ်တမ်းတို့တွင်ဖတ်ရှုနိုင်ပါသည်။ဗြိတိသျှအစိုးရလက်ထက်တွင်ထိုသို့စစ်တွေခရိုင်၌ဝင်ရောက်အခြေစိုက်လာသောစစ်တကောင်းသားဦးရေသည်ကြောက်မက်ဖွယ်တိုးတက်လာမှုကြောင့် မင်းကြီးမစ္စတာဂျိမ်းဘတ်စတာဦးဆောင်သောစုံစမ်းရေးကော်မရှင်ဖွဲ့၍စုံစမ်းစစ်ဆေးစေကြောင်း၊ထိုကော်မရှင်က ဤလူဝင်မှုကိုမတားဆီးခဲ့လျှင် လူမျိုးရေးအဓိကရုဏ်းဖြစ်လာနိုင်သည်ဟု အစီရင်ခံခဲ့ကြောင်းတို့ကို ရခိုင်ခေါင်းဆောင်ဦးလှထွန်းဖြူက သူ၏" ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက်"စာအုပ်တွင်ဖော်ပြထားပါသည်။ ထိုစုံစမ်းရေးကော်မရှင်သတိပေးခဲ့သည့်အတိုင်းပင် ဒုတိယကမ္ဘာစစ်အတွင်းက ဝမ်းနည်းကြေကွဲဖွယ်ရာ လူမျိုးရေးအဓိကရုဏ်းကို ကိုလိုနီတံခါးဖွင့်ဝါဒ၏ဆိုးမွေအဖြစ်ရခိုင်သားများခံစားခဲ့ကြရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင်နတ်မြစ်တဖက်ကမ်းနေ စစ်တကောင်းနွယ်မူဆလင်များသည် ထိုဒေသကို ၎င်းတို့၏သီးခြားဒေသတစ်ခုပြုလုပ်ရန်အကြံရှိလာပုံ၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လူဝင်လူထွက်ပြဿနာကြောင့် ရခိုင်တိုင်းသို့စစ်တကောင်းဘက်မှ အလွယ်တကူဝင်ရောကမလာနိုင်သဖြင့် " မူဂျာဟစ်"သူပုန်ပေါ်ပေါက်လာပုံတို့ကို ရခိုင်တိုင်းမင်းကြီးဟောင်း ဦးထင်ဖတ်(စာရေးဆရာကြီးမောင်ထင်)ကအောက်ပါအတိုင်းရေးသားခဲ့ ပါသည်။

" စစ်ပြီးခေတ်စစ်တကောင်းသားတို့၏ဝါဒသည် နတ်မြစ်တဖက်ကမ်းရှိ မယူတောင်တန်းဒေသနှင့်ကုလားပန်ဇင်းမြစ်ဝှမ်းဒေသတို့ကို နယ်သစ်အဖြစ်ဖြင့် အခြေစိုက်ရန်ဟူသောဝါဒဖြစ်သည်။ ၎င်းဝါဒကို သွေးထိုးပေးသူမှာ ရခိုင်တိုင်းတွင်နှစ်ပေါင်းများစွာနေထိုင်သွားခဲ့သော စစ်တကောင်းအမျိုးသားတစ်ဦးဖြစ်သည်။ ၎င်း၏တိုင်းရင်းသားအားလုံးကိုအလုံးအရင်းနှင့်ချီတက်၍ အခြေစိုက်ရန်ပြင်ဆင်ထားခဲ့ရာ မြန်မာနိုင်ငံလွတ်လပ်ရေးရသည်နှင့်တပြိုင်နက်၎င်း၏ပြင်ဆင်ချက်တို့သည်တမျိုးတဖုံဖြစ်လာလေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံအစိုးရသည်လည်း လူဝင်လူထွက်ပြဿနာကိုအထူးဂရုစိုက်ကြည့်ကြီးကြပ်လာရလေသည်။ ထို့ကြောင့် ရခိုင်တိုင်းထဲသို့ စစ်တကောင်းလူမျိုးများ အလွယ်တကူဝင်ထွက်သွားလာရန်မဖြစ်နိုင်သော အခါ၌ မူဂျာဟစ်လှုပ်ရှားမှုသည် တဖြည်းဖြည်းကြီးကျယ်လာပြီးလျှင် သူပုန်ခေါင်းဆောင်ကာဆင်းသည်လည်းနာမည်ကြီးဖို့ရာဖြစ်လာလေသည်။"

ဖဆပလအစိုးရလက်ထက်တွင်၊ ထိုမူဂျာဟစ်သူပုန်များလှုပ်ရှားသည့်နည်းတူ၊မူဆလင်ပြည်နယ်ထူထောင်ရန်အကြံအစည်ရှိသော၊မူဆလင်ပညာတတ်ခေါင်းဆောင်အချို့သည်၊၄င်းမယူဒေသ၌အထက်တွင်ဖေါ်ပြခဲ့ပသကဲ့သို့ဝင်ရောက်နေထိုင်လာကြသောစစ်တကောင်းအနွယ်မူဆလင်များကိုလွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်ကပင်၊ ထိုဒေသ၌အခြေစိုက်နေထိုင်ခဲ့သည့်တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်လေဟန်လုပ်ကြံကာ "ရိုဟင်ဂျာ"ဟူသောအမည်ကိုဖန်တီးလိုက်ခြင်းသာဖြစ်ပါသည်။ထိုကိစ္စကို၊ ၄င်းအမည်ပေါ်ပေါက်စ(၁၉၅၀–၆၀) ခုနှစ်ခန့်ကပင် ရခိုင်အမျိုးသားသုတေသီများကစာနယ်ဇင်းများတွင်ရှင်းလင်းတင်ပြခဲ့ကြပြီးဖြစ်သည်ကိုဆရာကြီးတို့သိလိမ့်မည်ဟုယူဆပါသည်။(သုတေသီဖေါ်ဇံ၏မစ္စတာဂါဖါးရ်အားချေပချက်ကိုနောက်ဆက်တွဲ (၁) ၌ရှုပါ။)

တဖန် ဆရာကြီးတို့က မူဆလင်တို့သည်ဘင်္ဂလားကိုခရစ်နှစ်(၁၂၀၂)ခုတွင်သိမ်းပိုက်ပြီး၊ပဋိက္ကရား(ကူမိလာ) ကိုဖြိုဖျက်၍၊ ရခိုင်နယ်စပ်သို့မကြာမီပင်ရောက်ခဲ့သည်။ ထိုစဉ်က၊မယူဒေသတွင်၊မူဆလင်မင်းအခြေစိုက်ခဲ့ပေလိမ့်မည်ဟုထင်မြင်တွေးဆထားသည်များကိုတွေ့ရပြန်ပါသည်။ဤတွင်လည်းဆရာကြီးတို့သည် S.B Qanungo ၏ စစ်တကောင်းရာဇဝင် P.Gutman။၏ ရှေးဟောင်းရခိုင်ပြည်၊ Prof M.Ahshed and Prof H. Rahman တို့၏အင်ဒိုပါကိစ္စတန်သမိုင်းစသောစာအုပ်စာတမ်းများကိုမလေ့လာမိ၍ ဤသို့တွေးဆမိခြင်းဖြစ်မည်ဟု ထင်မိပါသည်။ဤစာအုပ်စာတမ်းများအဆိုအရ မူဆလင်တို့သည်ဘင်္ဂလားကိုခရစ်၁၂၀၂ ခုနှစ်တွင်သိမ်းပိုက်ခဲ့သော်လည်း စစ်တကောင်းနယ်သို့ ၁၃ရာစုနောက်ပိုင်းတွင်သာရောက်လာပြီး၊ ၁၄ရာစုအလယ်ခန့်ကျမှစစ်တကောင်းဒေသကိုစိုးမိုးနိုင်ခဲ့ကြောင်းသိရပါသည်***မယူမြစ်ဒေသတွင်မူမည်သည့်အခါကမျှ၊ မူဆလင်မင်း၊ မူဆလင်အကြီးအကဲတို့အခြေမစိုက်ခဲ့ဖူးကြောင်းကို ရခိုင်ရာဇဝင်၊ ဘင်္ဂလားရာဇဝင်များနှင့်ထိုဒေသရှိဝေသာလီခေတ်၊မြောက်ဦးခေတ်တို့ပင်တည်ရှိခဲ့ကသောဘုရားစေတီများကသက်သေခံနေပါသည်***"။

ကလျာမဂ္ဂဇင်းပါအထက်ဝေဖန်စာကြောင့်ဒေါက်တာသန်းထွန်းကကလျာမဂ္ဂဇင်းစာတည်းအဖွဲ့နှင့်ညှိပြီး ၁၉၉၅ ခုဖေဖေါ်ဝါရီလထုတ်ကလျာမဂ္ဂဇင်း၌အောက်ပါအတိုင်းပြင်ဆင်ပေးခဲ့ပါသည်။

(၁၉၉၄ ခု ဩဂုတ်လထုတ်ကလျာမဂ္ဂဇင်းအမှတ်၁၁၄ တွင်ပါရှိသောဒေါက်တာသန်းထွန်း၏ချင်း၊မြူနှင့်ခုမိ(မြောက်ရခိုင်)ဆောင်းပါးစာမျက်နှာ ၂၈–ဒုတိယကော်လံအောက်ဆုံးစာပုဒ်၌–––"မူဆလင်မင်းကတော့နတ်(**NAAF**)မြစ် အရှေ့မေယုမြစ်(**Mayu**)မြစ်ဒေသက ၊ရိုဟင်ဂျာ(**ROHINGA**) ဖြစ်မလားလို့ဆင်ခြင်မိတယ်"ဟူသောစာပိုဒ်ကို ရခိုင်အမျိုးသားများ၏တင်ပြချက်အရ "ရိုဟင်ဂျာမဖြစ်နိုင်"ဟူသော ကောက်ချက် ဖြင့်ပြင်ဆင်ဖတ်ရှုကြရန်) (ဒေါက်တာသန်းထွန်းနှင့်ကလျာစာတည်းအဖွဲ့)

ဆရာကြီးဒေါက်တာသန်းထွန်း၏အထက်ပြင်ဆင်ချက်သည် ရိုဟင်ဂျာသမိုင်းလိမ်အတွက်လိုလျှင်လိုသလိုဆွဲထုတ်ဖြတ်တောက်ကိုးကားအသုံးချတတ်သောဇော်မင်းထွဋ်အဖို့"ကြိုးစားလေသမျှသဲရေကျ"အခြေအနေမျိုးသို့ဆိုက်ရောက်သွားစေခဲ့သည်။ရိုဟင်ဂျာသမိုင်းအတွက်လေးမြို့ခေတ်တွင်ကွင်းဆက်ပြတ်နေမှုကိုဖြည့်ရန်ကြိုးစားမှုမှာလည်း အရာမရောက်ခဲ့ရုံမက မိမိတို့၏ဘဝမှန်"စစ်တကောင်းနွယ်ဘင်္ဂါလီ"အဖြစ်သို့ပြန်လည်ဆိုက်ရောက်ခဲ့ရသည်။

ဇော်မင်းထွဋ်က (၁၂) ရာစုအလယ်ပိုင်းလေးမြို့ခေတ်၌ ရခိုင်ပြည်တွင်၊ မင်းမဲ့စရိုက်ရှိခဲ့သည်ဟုဆရာကြီးဟာဗေကိုကိုးကား၍ရေးပြီး ဒေါက်တာသန်းထွန်း၏ ပဋိက္ကရားကိစ္စတင်ပြချက်နှင့် ၊ဆက်စပ်ပြခဲ့ သေးသည်။အမှန်မှာ***ဆရာကြီးဟာဗေ က ဇော်မင်းထွဋ်လိုချင်သောမင်းမဲ့စရိုက်ကာလ အတွင်း၌ "ပွဲလန့် ဖျာခင်း'***

***သဘော ဘင်္ဂလားမှမူဆလင်များဝင်နိုင်သည့်အခြေအနေမျိုး ရေးခဲ့ခြင်းမဟုတ်ချေ။ရခိုင် ရာဇဝင်၌ တွေ့ရသော ဝေသာလီအပျက်၊လေးမြို့ခေတ်အကူးကာလတည်ငြိမ်မှုမရှိပုံအခြေအနေကို တင်ပြထားခြင်းသာဖြစ်သည်။***ဆရာကြီးက–“ရခိုင်ပြည်သည် တခြားအင်ဒိုချိုင်းနားနိုင်ငံများကဲ့သို့၊ ပြင်ပမှဝင်ရောက်စီးနင်းတိုက်ခိုက်သည့်ဒဏ်ကိုခံခဲ့ရသည်။ စစ်တွေခရိုင်သည် တောင်ပေါ်နေလူမျိုးစုများ၏ စီးနင်းမှုကို အကာအကွယ်မဲ့ခံခဲ့ရသည်။ဆယ်ရာစုတွင်ရှမ်းတို့ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ တည်ငြိမ်နေသား ကျသော အုပ်ချုပ်ရေးမျိုးမှာ နည်းပါးလှသည်။ တစ်ဆယ့်နှစ်ရာစုအလယ်၌၊ မင်းမဲ့ စရိုက် အားကြီးခဲ့သော ကြောင့်၊ မဟာမုနိဘုရားကိုပင်ရှာမတွေ့နိုင်လောက်အောင်တောချုံများဖုံးလွှမ်းခဲ့သည်။သို့သော် ရခိုင်တို့ကား မိမိတို့ကိုယ်ကို ကောင်းစွာ ကာကွယ်နိုင်စွမ်းရှိခဲ့ပါသည်။”(စာ–၁၃၇–၁၃၈)ဟူ၍သာ ရေးခဲ့ပါသည်။

ဤရေးသားချက်ကို ဇော်မင်းထွဋ်က၊ ရိုဟင်ဂျာသမိုင်းအတွက် လိုအပ်နေသောလေးမြို့ခေတ်(၁၁–ရာစုမှ ၁၄–ရာစုထိ)ကွင်းဆက်အဖြစ်လိမ်လည်အသုံးချရန်၊ ဒေါက်တာသန်းထွန်း၏ဆောင်းပါးမှဝါကျနှင့် ဆရာကြီး ဟာဗေ ၏တင်ပြချက်မှဝါကျနှစ်ကြောင်းကို အောက်ပါအတိုင်းဆက်စပ်တင်ပြခဲ့ပါသည်။

“၁၂၀၂–ခုနှစ်၌ ဘင်္ဂလားကိုမူဆလင်အယူရှိသူတွေစတင်ဝင်ရောက်ခဲ့သည်ဆိုသည့်အခါကဖြစ်နိုင်သည်” ၁၂–ရာစုတွင် ရခိုင်ပြည်တွင်တည်ငြိမ်သောအစိုးရမရှိဘဲ မင်းမဲ့စရိုက်လွှမ်းမိုးခဲ့သည်။ ရခိုင်ဒေသ တစ်ခုလုံး တောတောင်ဖုံးလွှမ်းလာပြီး၊မဟာမုနိဘုရားပင်လျှင်မမြင်ရသောအဆင့်သို့ရောက်ရှိခဲ့သည်ဟုသမိုင်း ဆရာ ဟာဗေးက အတည်ပြုပြောကြားခဲ့သည်။”

ဤသို့ဆက်စပ်ပြခြင်းဖြင့် (၁၂၀၂)ခုနောက်ပိုင်းမှစ၍ မင်းမဲ့စရိုက်ဖြစ်နေသောရခိုင်ပြည်၌ (အထူးသဖြင့်၊ မယူမြစ်ဒေသဖြစ်သောမောင်တော၊ဘူးသီးတောင်၌) အစ္စလာမ်သာသနာဝင်ရောက်အခြေစိုက်နိုင်ခဲ့သည်ဟု၊ စာရှုသူအားအထင်ရောက်သွားစေရန် ဇော်မင်းထွဋ်ရည်ရွယ်ခဲ့သည်။ ထိုရည်ရွယ်ချက်အောင်မြင်အောင် အောက်ပါဝါကျဖြင့်နိဂုံးချုပ်လိုက်သေးသည်။

“ **Harvey** ၏အဆိုပြုချက်နှင့်ဒေါက်တာသန်းထွန်း၏သုံးသပ်ချက်ကိုပေါင်းစပ်ဆင်ခြင်ပါက(၁၃)ရာစုခန့်က ဘင်္ဂလားမှ အစ္စလာမ်သာသနာသည် ရခိုင်ပြည်တွင်းသို့ထိုးဖောက်ဝင်ရောက်ခဲ့သည်ဟုဆိုခြင်းမှာမှန်ကန်သည်ဟုယူဆိုနိုင်ပါသည်။ ဒေါက်တာသန်းထွန်း၏အဆိုနှင့်ရိုဟင်ဂျာသုတေသီတို့၏တွေ့ရှိချက်များတိုက်ဆိုင်နေပါသည်။”

ဤနိဂုံးချုပ်ဝါကျကိုသုံးသပ်ကြည့်ပါက ဇော်မင်းထွဋ်သည် “ ရိုဟင်ဂျာ ” အမည်ခံမူဆလင်တို့မှာ ဝေသာလီခေတ်မဟာတိုင်းစန္ဒြားမင်းကြီးလက်ထက် အေဒီ(၈)ရာစုမှစ၍ ရခိုင်ပြည်သို့ရောက်ရှိအခြေစိုက်ခဲ့ရုံမက အစ္စလာမ်သာသနာတော်သည် လေးမြို့ခေတ်(၁၃)ရာစု၌ ဘင်္ဂလားမှတဆင့် ရခိုင်ပြည်သို့ထိုးဖေါက်ဝင်ရောက်လာနိုင်ခဲ့သည်ဟု ဆိုလိုကြောင်းစာရှုသူတို့သဘောပေါက်နိုင်ပါသည်။

ဇော်မင်းထွဋ်က ကြိုးစားပမ်းစားလိမ်လှည့်ရေးသားခဲ့သော်လည်း ဆရာကြီးဒေါက်တာသန်းထွန်းက မိမိတင်ပြချက်မခိုင်လုံသေးကြောင်းသတိပြုမိ၍ “ ရိုဟင်ဂျာမဖြစ်နိုင် ” ဟုပြင်ဆင်ပေးခဲ့ပြီးဖြစ်သောကြောင့် ရိုဟင်ဂျာအမည်ခံသူတို့ကလည်း မိမိတို့၏ သမိုင်းလိမ်ကိုသမိုင်းမှန်ဖြစ်အောင်ပြန်လည်ပြင်ဆင်ရေးသားရန်လိုအပ်မည်ထင်မြင်မိပါကြောင်းတင်ပြလိုက်ပါသည်။

# အခန်း (၃) ဝေဖန်စာ

ဖော်မင်းထွဋ်၏စာအုပ် အခန်း(၁)နှင့်(၂)တို့၌တင်ပြထားသောလိမ်ညာမှုများကိုကြိုးစားရှာဖွေဖေါ်ထုတ်ဝေဖန်တင်ပြခဲ့ပြီးနောက် ဆက်လက်၍ အခန်း(၃) မှ လိမ်ညာမှုများကိုဖေါ်ထုတ်တင်ပြသွားပါမည်။

## ဆရာကြီးဟောလ်နှင့်ဦးစံရွှေပုတို့ကိုခုတုံးလုပ်ထားပုံ

အခန်း(၃)စလျှင်စချင်း ဖော်မင်းထွဋ်ကအောက်ပါအတိုင်းလိမ်ညာရေးသားထားသည်။

"ယခင်အခန်းတွင်ဖေါ်ပြထားသကဲ့သို့ အာရဗ်၊ပါရှားနှင့် ဂေါ်ရီပါထန်များ ရခိုင်ဒေသသို့လာရောက်အခြေချနေထိုင်ခြင်း၊အာရဗ်နှင့်အိန္ဒိယတို့မှ သာသနာပြုများလာရောက်၍သာသနာပြုခြင်းတို့ကြောင့် ဒေသခံများအစ္စလာမ်ဘာသာဝင်ဖြစ်လာခြင်းတို့ကိုတွေ့ရသည်။၎င်းနှင့်ပတ်သက်၍ သမိုင်းဆရာ **D.G.E.Hall** က၊ ခရစ်နှစ်ဦးကာလကပင် ရခိုင်ပြည်တွင်ဗုဒ္ဓဘာသာပြန့်ပွါးနေသည်။၎င်းနှင့်တစ်ဆက်တည်း အာရဗ်တို့မှတစ်ဆင့်အစ္စလာမ်ဘာသာအမြစ်တွယ်ရောက်ရှိလာသည်။ထိုအချက်ကို ဗုဒ္ဓဘာသာ ဘုရားပုထိုးများနှင့်တွဲဖက်လျက် အစ္စလာမ်ဘာသာရေးဆိုင်ရာ အဆောက်အဦးများလည်း ရခိုင်ပြည်အနှံ့ အပြားတွင်တွေ့ရှိရခြင်းကသက်သေခံနေသည်စသည်ဖြင့်ရှင်းလင်းထားသည်။ ရခိုင်သမိုင်းဆရာဦးရွှေပုက ဘင်္ဂလားဒေ့ရှ်နှင့်ရခိုင်ဒေသသည် နယ်စပ်ချင်းဆက်စပ်နေပြီး ရခိုင်ပြည်ဘက်မှာ မူဆလင်များရှိနေခြင်းကို သံသယပွါးရန်မရှိပါဟုသုံးသပ်ထားသည်။"(စာ–၃၁)

အထက်တင်ပြချက်၌ ယခင်အခန်း(၁)နှင့်(၂)တို့တွင်လိမ်ညာတင်ပြခဲ့ချက်များကိုပြန်လည်ကောက်ယူအတည်ပြုသည့်သဘောနှင့် ***"ဒေသခံများအစ္စလမ်ဘာသာဝင်ဖြစ်လာခြင်းတို့ကိုတွေ့ရသည်။"*** ဟူ၍ရေးထားကြောင်းစာရှုသူတို့တွေ့ရပါမည်။၎င်းလိမ်ညာမှုကို ဆရာကြီးဟောလ်ကအတည်ပြုခဲ့ဟန်ဆက်လက်လိမ်ညာထားကြောင်းကိုလည်းတွေ့ကြပါမည်။ဖော်မင်းထွဋ်လိမ်ညာတင်ပြချက်နှင့်ဆရာကြီးဟောလ်၏ရေးသားချက်ကို စာရှုသူတို့တိုက်ဆိုင်ဖတ်ရှုနိုင်အောင် အောင်တွင်ဖေါ်ပြအပ်ပါသည်။

"–––၁၄၅၉ နှစ်(ဘစောဖြူမင်းလက်ထက်)တွင် စစ်တကောင်းသည် ရခိုင်လက်တွင်းသို့ကျရောက်လာရာနောက်ဆုံး ၁၆၆၆ ခုနှစ်ကျမှ မဂိုအင်ပါယာနိုင်ငံကသိမ်းယူလိုက်လေသည်။မဟာဗေဒင်ဘာသာမှာရခိုင်ပြည်သို့ပြန့်နှံ့လာသော်လည်း ဗုဒ္ဓဘာသာကိုမလွှမ်းမိုးနိုင်။မြောက်ဦးမြို့တော်၌(မင်းစောမွန်လက်ထက်က) ခန်ဒီခံမဟာမေဒင်ဗလီရှိခဲ့သော်လည်း၊ရခိုင်ဘုရင်များသည် မဟာဗေဒင်ဘွဲ့များကိုတပ်ထားကြသော်လည်း ဗုဒ္ဓဘာသာအယူဝါဒကိုသာလိုက်နာကြ၏။"(ဟောလ်၊မြန်မာနိုင်ငံ၊စာ–၅၈)

"–––ရခိုင်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း မူဆလင်မင်းများအုပ်ချုပ်သော အိန္ဒိယနိုင်ငံနှင့်ရာစုပေါင်းများစွာကူးလူးဆက်သွယ်မှုများရှိခဲ့သည်။–––ဗုဒ္ဓဘာသာသည် ရခိုင်ပြည်သို့မြန်မာနိုင်ငံအတွင်းပိုင်းထက်စောစွာကပင်ရောက်ရှိခဲ့သည်။ယခုမန္တလေး၌ စမွါယ်တော်မူသောမဟာမုနိဘုရားသည်ခရစ်နှစ်အစောပိုင်းကပင်တည်ရှိခဲ့ဟန်တူသည်။"(ဟောလ်၊အရှေ့တောင်အာရှသမိုင်း၊စာ–၄၁၁–၄၁၂)

ဆရာကြီးဟောလ်၏ပထမတင်ပြချက်၌ ဘစောဖြူမင်း(၁၄၅၉–၁၄၈၂)သည် ကုလားဘွဲ့"ကလီမာရှား"ကိုခံယူခဲ့သော်လည်း ဗုဒ္ဓဘာသာမင်းဖြစ်သည်ကိုလည်းကောင်း၊စစ်တကောင်းကိုတိုက်ခိုက်ခဲ့သည်ကိုလည်းကောင်း မြောက်ဦးခေတ်မှဘုရင်အချို့သည်ကုလားဘွဲ့ခံယူခဲ့ကြသော်လည်း ဗုဒ္ဓဘာသာမင်းများဖြစ်သည်ကိုလည်းလည်းကောင်း၊စန္ဒသုဓမ္မ(ကုလားဘွဲ့မခံယူ)မင်းလက်ထက် ၁၆၆၆–ခုတွင်သာ စစ်တကောင်းကိုမဂိုတို့သိမ်းယူနိုင်ခဲ့သည်ကိုလည်းကောင်း ရည်ညွှန်းထားခြင်းဖြစ်ပါသည်။

ဒုတိယတင်ပြချက်၌ ရခိုင်တို့သည် ခရစ်နှစ်စောစွာကပင်ဗုဒ္ဓဘာသာကိုလက်ခံကိုးကွယ်ခဲ့ကြပုံ၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း အိန္ဒိယကိုအုပ်စိုးသောမူဆလင်မင်းများနှင့်ကူးလူးဆက်ဆံမှုရှိခဲ့ပုံတို့ကိုအမြွက်မျှတင်ပြထားခြင်းဖြစ်ပါသည်။ ဤတင်ပြချက်များ၌ "ဒေသခံများအစ္စလာမ်ဘာသာဝင်ဖြစ်လာခြင်း၊ အာရပ်မှတဆင့်အစ္စလာမ်ဘာသာအမြစ်တွယ်ရောက်ရှိလာခြင်းစသော သဘောမျိုးမပါဝင်ကြောင်း စာရှုသူတို့ နှိုင်းယှဉ်လေ့လာကြည့်ကသဘောပေါက်နိုင်ပါသည်။ဆရာကြီးဟောလ်အားဇော်မင်းထွဋ်ခုတုံးလုပ်ခဲ့ကြောင်း နားလည်နိုင်ပါသည်။

ထို့ပြင်ဇော်မင်းထွဋ်သည် ဂုဏ်ထူးဆောင်ကျောက်စာဝန် ဦးစံရွှေဘုကိုလည်းခုတုံးလုပ်လိုက်သေးသည်။ သူကဦးစံရွှေဘုသည်"ဘင်္ဂလားနှင့်ရခိုင်ဒေသသည်နယ်စစ်ချင်းဆက်စပ်နေပြီးရခိုင်ပြည်ဘက်မှာမူဆလင်များရှိနေခြင်းကိုသံသယပွါးရန်မရှိပါဟုသုံးသပ်ထားသည်။"ဟူ၍ဦးစံရွှေဘုရေးခဲ့ဟန်လိမ်ညာတင်ပြခဲ့သော်လည်း ဦးစံရွှေဘု၏မည်သည့်စာမှာမှ ထိုရေးသားချက်ကိုမတွေ့ရချေ။မောရစ်ကောလစ်နှင့်ဦးစံရွှေဘုတို့ပူးတွဲရေးသားခဲ့သော"ဘင်္ဂလားအော်ယဉ်ကျေးမှု၌ရခိုင်တို့၏အခန်းကဏ္ဍ"(**Arakan's Place in the Civilization of the Bay)စာတမ်း၌သာ"<u>အစ္စလာမ်ဘာသာသည်လေးမြို့ခေတ်ရောက်သည်ထိရခိုင်ပြည်သို့မရောက်သေး</u>"**ဟူသောသဘောမျိုးကိုသာအောက်ပါအတိုင်းရေးခဲ့သည်။

"နှစ်ပေါင်း ၅၀၀–အတွင်း၌(လေးမြို့ခေတ်၌)ရခိုင်ပြည်သည် မဟာမုနိဘုရားကြောင့်မြင့်မြတ်သောတိုင်းပြည်တစ်ခုဖြစ်ခဲ့၏။၎င်း၌ နိုင်ငံရေးနှင့်ဆိုင်သောအရေးတကြီးဖြစ်ရပ်များမရှိခဲ့။သို့သော်ဗုဒ္ဓဘာသာဝင်များအတွက်ကားဘုရားဖူးဒေသတစ်ခုဖြစ်ခဲ့လေသည်။–––မူဆလင်စူလတန်စည်းမျဉ်းစံနစ်အောက်၌ဘင်္ဂလားသည် ၁၂၀၃ ခုတွင်လွှမ်းမိုးခံရလေသည်။သို့သော်ဘင်္ဂလားသည် အစွန်အဖျားအကျဆုံးအရှေ့ဘက်နယ်နမိတ်ဖြစ်၍ <u>***။မူဆလင်စူလတန်စည်းမျဉ်းစံနစ်လွှမ်းမိုးမှုသည် မည်သည့်အခါမှ အင်ဒိုချိုင်းနား ကိုကျော်မလာခဲ့ပေ။ထို့ပြင် အေဒီ ၁၂၀၃–ခုနှစ်မှစတင်၍ဘင်္ဂလားသို့ရောက်လာသော၎င်းစံနစ်သည် ၁၄၃၀–ခုထိ (မင်းစောမွန်လက်ထက်ထိ)ရခိုင်ပြည်ကိုအမှုမထားခဲ့ချေ။***</u> ( **BRSFAP,NO.II,p490** )

ဦးစံရွှေဘုသည်အထက်တင်ပြချက်များကိုသာ ကောလစ်နှင့်ပူးတွဲရေးခဲ့သောစာတမ်း၌ဖော်ပြခဲ့ဖူးသည်။ မူဆလင်နှင့်ရခိုင်တို့ဆက်နွယ်မှုနှင့်ပတ်သက်သောအခြားတင်ပြချက်များကိုမရေးဖူးချေ။ဇော်မင်းထွဋ်ကသာ ဦးစံရွှေဘုရေးခဲ့လေဟန်ခုတုံးလုပ်တင်ပြခဲ့ခြင်းဖြစ်သည်။

## <u>ကိုယ့်စာကိုယ်နားမလည်ရှာသူ</u>

ဇော်မင်းထွဋ်သည် အခန်း(၂)တွင်ဦးသာထွန်းအောင်၏မဟာရာဇဝင်တော်ကြီးကို ကိုးကား၍"***ဇလတ္တာစောမွန်လက်ထက်၌ကုလားသံအမတ်(၃)ဦးအစ္စလာမ်သာသနာပြန့်ပွါးအောင်ဆောင်ရွက်ချက်ကြောင့် ရခိုင်ဗုဒ္ဓဘာသာအချို့အစ္စလာမ်ဘာသာကူးပြောင်းခဲ့သည်။***"ဟုရေးခဲ့သည်။ယင်းအချက်ကိုပင်အခန်း(၃)၌လည်းကောင်း၊အခန်း(၄)၌လည်းကောင်းဖော်ပြခဲ့ပြန်သည်။

အခန်း(၃) စာ–(၃၂)တွင် မဟာရာဇဝင်ကြီးကို ကိုးကားသောအခါ ဦးဉာဏ၊ဦးကြည်၊ဦးလှထွန်းဖြူတို့က "***ရခိုင်ဒေသတွင်ဗုဒ္ဓဘာသာဝင်အချို့အစ္စလာမ်ဘာသာသို့ကူးပြောင်းခဲ့သည်။***"ဟု ရေးခဲ့ကြလေဟန် လိမ်ညာထားသေးသည်။

အခန်း(၄)စာ(၄၀)တွင်လည်း ယင်းစာကိုပင်ကိုးကား၍"ရခိုင်အမျိုးသားသမိုင်းဆရာနှင့်ဝါရင့်နိုင်ငံရေးခေါင်းဆောင် (မဆလခေတ်နိုင်ငံတော်ကောင်စီဝင်) ဦးလှထွန်းဖြူ၏ သုံးသပ်ချက်မှာ ရခိုင်ပြည်ရှိ

အစ္စလာမ်ဘာသာဝင်များထဲတွင် ကမန်လူမျိုးစုတစ်ခုရှိသည်။***၄င်းတို့သည်(၁၄၅၉–၁၄၈၂)ခုနှစ်တွင်ရခိုင်ဘုရင်ဘစောဖြူမင်းလက်ထက် လုံကိုင်၊လေးကိုင်တပ်ဖွဲ့ဝင်များမှဆင်းသက်လာသည်။၁၅၃၁–လောက်ကရခိုင်ဘုရင်မင်းဘာကြီးလက်ထက် ပါရှန်အင်ပါယာဘက်က ကာဒီဦးဆောင်သော သံတမန် (၃)ဦးနှင့် အိန္ဒိယမှ ခေါ်လာသောအစ္စလာမ်သာသနာပြုများ၏ဟောယပြောမှုကြောင့် အစ္စလာမ် ဘာသာဝင်များဖြစ်လာကြ သည်။***" ဟု ရေးခဲ့သည်။စာလုံးမည်းပြထားသောဝါကျများကိုဦးလှထွန်းဖြူ၏ စာအုပ်၌ပါရှိလေဟန် လိမ်ညာအလွဲသုံးစားလုပ်ထားသည်။

သို့သော်အခန်း(၃)စာမျက်နှာ(၃၅)တွင်ကား"မင်းဘာကြီး(အေဒီ ၁၅၃၁–၁၅၅၅)နှင့်စန္ဒဝိဇယ(အေဒီ ၁၇၁၀–၁၇၃၀)တို့လက်ထက်မှာလည်း မူဆလင်များကိုပြင်းပြင်းထန်ထန်နှိပ်ကွပ်ခဲ့သည်။"ဟုရှေ့ဝါကျ အဆိုနှင့် ဆန့်ကျင်ဘက်အဆိုကို ရေးထားပြန်သည်။မိမိစာ၌ဆန့်ကျင်ဘက်အဆိုများပါဝင်နေကြောင်း ဇော်မင်းထွဋ် မသိရှာ။

စာမျက်နှာ(၃၂)ဝါကျတွင်"(ဇလတ္တာစောမွန်လက်ထက်၌)ရ***ခိုင်ဗုဒ္ဓဘာသာဝင်အချို့ အစ္စလာမ်ဘာသာသို့ ကူးပြောင်းခဲ့သည်။***" ဟု ဇော်မင်းထွဋ် ရေးခဲ့သည်မဟုတ်ပါလား။ ထိုအခြေအနေမျိုးသာ အမှန်တကယ် ရှိနေခဲ့လျှင်၊၄င်းကူးပြောင်းခဲ့သူရခိုင်သားများသည်၊ဇော်မင်းထွဋ်ရေးခဲ့သော စာ(၃၅)ပါဝါကျ "***မင်းဘာကြီးလက်ထက်မှာမူဆလင်များကိုပြင်းပြင်းထန်ထန်နှိပ်ကွပ်ခဲ့သည်။***"အဓိပ္ပါယ်အရ ပြင်းပြင်းထန်ထန်နှိပ်ကွပ်ခံခဲ့ရမည်မှာ သေချာသည်။

ဆရာမြဝါ၏ "ရေမျိုးငမွေသတ်"အရလည်း ဇလတ္တာစောမွန်လက်ထက်ကပင်တစ်ခြားဘာသာကူး ပြောင်းသူတို့အားရခိုင်လူ့အဖွဲ့အစည်းမှဝိုင်းပယ်ရန်ဥပဒေပြုပြီးဖြစ်၍၊ထိုအဖြစ်မျိုးထပ်မံပေါ်ပေါက်လာရန် အကြောင်းမရှိချေ။ယင်းသို့ဝိုင်းပယ်သောကျင့်ထုံးကိုပိုမိုခိုင်မာအောင်မင်းဘာဘုရင်က သူငယ်တို့၏တဘောင် "***ကုလားကိုရှင်ပြု***" လုပ်နည်းဖြင့်လက်တွေ့ကျကျဆောင်ရွက်ခဲ့သည်။ကုလားများကိုခေါင်းတုံးရိတ်၍ ရခိုင်နှင့် ကုလားထွေးရောရှက်တင်မရှိရအောင်စည်းခြားပစ်ခဲ့ပြီးဖြစ်သည်။ဘင်္ဂါ(၁၂)မြို့ကိုလည်းတိုက်ခိုက်သိမ်းယူလိုက် သည်။စစ်အောင်သည့်အထိမ်းအမှတ်အဖြစ်"ရန်အောင်ဇေယျ"ခေါ်"သျှစ်သောင်းပုထိုးတော်ကြီး ကိုတည် ထားခဲ့သည်။***အခြားတစ်ဘက်တွင်လည်းကုလားကိုအုပ်ချုပ်သူဘုရင်အဖြစ်ရာဇပရိယာယ်ဖြင့် "ဇာဘောက်ရှား" ဟူသောကုလားဘွဲ့ကိုခံယူလိုက်သေးသည်။***

***ကုလားများကိုအုပ်စိုးသည့်ရခိုင်လူမျိုးကမိမိတို့ချမှတ်ထားသော "ရွှေမျိုးငမွေသတ်"ကိုဆန့်ကျင်၍ မိရိုးဖလာဗုဒ္ဓဘာသာကိုစွန့်ပစ်ပြီးအုပ်ချုပ်ခံလူမျိုး၏အစ္စလာမ်ဘာသာသို့ကူးပြောင်းခဲ့သည်ဆိုခြင်းလောက် ရယ်ဖွယ်ကောင်းသည့်စကားရှိနိုင်တော့မည်မဟုတ်ပေ။***

ဇော်မင်းထွဋ်အစရှိသော"ရိုဟင်ဂျာ"အမည်ခံသမိုင်းလိမ်ဆရာများနားလည်သင့်သည်မှာရခိုင်လူမျိုး တို့သည် ဓညဝတီ၊ဝေသာလီ ခေတ်မှစ၍ဗုဒ္ဓဘာသာကိုကိုးကွယ်လာကြပြီး၊လေးမြို့ခေတ်၊မြောက်ဦးခေတ် တို့၌လည်းရခိုင်လူမျိုး၏ဓလေ့ထုံးစံအဖြစ်ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသောကြောင့် "***ရခိုင်မှန်လျှင်ဗုဒ္ဓဘာသာဖြစ်ကြသည်။***"ဆိုသောအချက်ဖြစ်သည်။မူဆလင်တို့သည်အိန္ဒိယသို့ချီတက်တိုက်ခိုက်သိမ်းပိုက်ပြီး၊ဟိန္ဒူ ဘာသာဝင်များအားအစ္စလာမ်ဘာသာကိုလက်ခံရန်ခြိမ်းခြောက်သွတ်သွင်းနိုင်ခဲ့သော်လည်းရခိုင်ပြည်ကို မည်သည့်ခေတ်တွင်မျှကျူးကျော်မလာနိုင်ခဲ့ချေ။ရခိုင်တို့ကသာတိုက်ခိုက်သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။

ရခိုင်ဘုရင်တို့သည် ခေတ်အဆက်ဆက်၌မိမိဒေသသို့အနောက်ဘက်မှရန်သူများကျူးကျော် မလာနိုင်အောင်ဟန့်တားနိုင်ခဲ့ကြသည်။ဗုဒ္ဓဘာသာ ကိုချီးမြှောက်သော" သာသနာပြုမင်းများ"အဖြစ် ဘုရား

ပုထိုးများတည်ဆောက်ခဲ့ကြသည်။မိမိလူမျိုး၏ဓလေ့ထုံးစံကိုမြတ်နိုးထိန်းသိမ်းခဲ့ကြသည်။ဤသဘောကို ကောင်းစွာနားလည်သောမြန်မာ့သမိုင်းပညာရှင်ပါမောက္ခဒေါက်တာကျော်သက်က သူ၏"ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း"စာအုပ်၌အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့သည်။

***"ရခိုင်သားတို့သည်အိန္ဒိယတိုင်းသားတို့နယ်စပ်မှဝင်ရောက်လွှမ်းမိုးမည့်ဘေးကိုကာကွယ်ခဲ့သည်။ ရခိုင်သားတို့ကသာအိန္ဒိယတိုင်းသားတို့ဝင်ရောက်လာခြင်းကိုတားဆီးဟန့်တားခြင်းမပြုနိုင်လျှင်ယနေ့ရခိုင် ဒေသကိုပါကစ္စတန်၏လက်အောက်ခံနယ်အဖြစ်ဖြင့်မြင်ရမည်ဖြစ်လေသည်။ရခိုင်သားတို့သည် နယ်စပ်ဒေသမှတိုင်းတပါးသားများဝင်ရောက်၍လွှမ်းမိုးမည့်ဘေးကိုရာစုပေါင်းများစွာကာကွယ်ခဲ့ကြရာတွင် အိန္ဒိယသားတို့နှင့် ကွဲပြားသောစိတ်ဓာတ်နှင့်လူမှုအဖွဲ့အစည်းတို့ကိုလက်နက် သဖွယ်စွဲမြဲစွာ ကိုင်ထား ကြလေ သည်။ရခိုင်သားတို့၏ ဘာသာစကား စာပေ၊အဝတ်အစား၊ အမူအကျင့်နှင့် အရေး အကြီးဆုံး ဖြစ်သည့်ကိုးကွယ် ရာ ဘာသာရေးတို့သည်မြန်မာတိုင်းရင်းသားလူမျိုးတစ်မျိုး အဖြစ်နှင့် အမြဲတစေ ရပ်တည်နိုင်အောင်ပြုပေး ခဲ့သော အချက်များဖြစ်ကြ လေသည်။"***(ကျော်သက်။စာ-၁၂၀)

## ဇော်မင်းထွဋ်၏မူဆလင်ဘွဲ့လိမ်

ဇော်မင်းထွဋ်သည်အခန်း(၃)တွင် ရခိုင်သမိုင်းဆရာများကိုခုတုံးလုပ်လှည့်စားတင်ပြပြီးနောက်ဆက်လက် ၍မူဆလင်ဘွဲ့ခံမင်းများအကြောင်းကိုလိမ်ညာတင်ပြပြန်သည်။

ရိုဟင်ဂျာသမိုင်းလိမ်ဆရာ ဘသာက ဂါဒီယန်မဂ္ဂဇင်း(၁၉၆၀-မေ)တွင် မူဆလင်ဘွဲ့ခံမင်းများ အကြောင်း ကိုလိမ်ညာတင်ပြခဲ့ဖူးသည်။လိမ်ညာပုံမှာ မူဆလင်ဘွဲ့မခံသောနရမိတ်လှ(မင်းစောမွန်)ကို မူဆလင် ဘွဲ့ခံအဦး ဆုံးမင်းအဖြစ်"စောမွန်"ဟူသောမူဆလင်ဘွဲ့ကိုခံယူခဲ့သည်ဟုဖော်ပြခဲ့သည်။"စောမွန်"ဆိုသော အမည်မှာ ရခိုင် အမည်ဖြစ်ကြောင်း ဘသာသိဟန်မတူချေ။ဇော်မင်းထွဋ်ကလည်းဆရာဘသာ နောက်သို့လိုက်ပြီး လိမ်နည်းသစ် ထွင်ကာ အောက်ပါအတိုင်းတင်ပြထားသည်။

### ဇော်မင်းထွဋ်၏မူဆလင်ဘွဲ့ခံရခိုင်ဘုရင်များဇယား

| ရခိုင်အမည် | မူဆလင်ဘွဲ့ | နန်းစံခုနှစ် |
|---|---|---|
| နရမိတ်လှ | စောမွန်ခင်(ခ) စောလေမာန်ခါန် | အေဒီ ၁၄၃၀-၁၄၃၃ |
| မင်းခရီ | အလီခင်(ခ)အာလီခါန်း | အေဒီ ၁၄၃၄-၁၄၅၉ |
| ဘစောဖြူ | ကလီမာသျှား | အေဒီ ၁၄၅၉-၁၄၈၂ |
| မင်းဒေါလျာ | မုဟမ္မဒ်သျှား(၁) | အေဒီ ၁၄၈၂-၁၄၉၂ |
| ဘစောညို | မုဟမ္မဒ်သျှား(၂) | အေဒီ ၁၄၉၂-၁၄၉၄ |
| မင်းရန်နောင် | နူရီသျှား | အေဒီ ၁၄၉၄ |
| စလင်္ကာသူ | ရှေခ်-အဗ်ဒူလ္လာဟ်သျှား | အေဒီ ၁၄၉၄-၁၅၀၁ |
| မင်းရာဇာ | အီလီယာစ်သျှား | အေဒီ ၁၅၀၁-၁၅၂၃ |
| မင်းစောဦး | ဂျာလာလ်သျှား | အေဒီ ၁၅၂၅ |
| သဇာတ | အာလီသျှား | အေဒီ ၁၅၂၅-၁၅၃၁ |
| မင်းဘင်(မင်းဘာကြီး) | ဇာမောက်သျှား | အေဒီ ၁၅၃၁-၁၅၅၃ |
| မင်းဖလောင်း | ဆီကန်ဒေါ်ရှ်သျှား | အေဒီ ၁၅၇၁-၁၅၉၃ |
| မင်းရာဇာကြီး | ဆလိမ်းသျှား(၁) | အေဒီ ၁၅၉၃-၁၆၁၂ |
| သီရိသုဓမ္မ | ဆလိမ်းသျှား(၂) | အေဒီ ၁၆၂၂-၁၆၃၈ |

ဇော်မင်းထွဋ်တင်ပြသောအထက်ပါဇယား၌ နရမိတ်လှ(မင်းစောမွန်)ကို"စောမွန်ခင် (ခ) စောလေ မန်ခန်း " ဟုမူဆလင်ဘွဲ့ပေးထားသည်။ရှေးဦးဆရာဘသာ၏ ဆရာကောင်းတပည့်ပီပီ ဆရာထက်သာ၍ မင်းစောမွန်အားမူဆလင်ဘွဲ့နှစ်လုံးပေးပြီးလိမ်ညာလိုက်သည်။အခန်း(၄)စာမျက်နှာ(၅၃)တွင်လည်း "မူဆလင်များသည်နရမိဿလဘုရင်နှင့်လိုက်ပါခဲ့ကြသည်။မူဆလင်စစ်သည်အကူအညီကြောင့်နရမိဿလသည် ရခိုင်ဘုရင်ဖြစ်လာသည်။၎င်းနောက်***ရခိုင်ဘုရင်များသည်ဘင်္ဂလားဘုရင်အားအဒေီ(၁၄၃၀)မှ(၁၅၃၁)ထိ ဒူးထောက်လက်မြှောက်နေခဲ့ရသည်။***"ဟုကြွားဝါလိုက်သေးသည်။ဇော်မင်းထွဋ်၏လိမ်ညာကြွားဝါမှုများကို ဖော်ထုတ်နိုင်အောင် ရခိုင်ရာဇဝင်နှင့်ဒင်္ဂါးသမိုင်းသုတေသီတို့တင်ပြသောမူဆလင်ဘွဲ့ခံမင်းများဇယားနှင့် ယှဉ်တွဲလေ့လာနိုင်ရန်လည်းကောင်း၊ရခိုင်ဘုရင်များ(၁၄၃၀)မှ(၁၅၃၀)ထိဒူးထောက်လက်မြှောက်နေခဲ့ရသည် ဆိုသောကြွားဝါမှုမှန်မမှန်ကိုသမိုင်းသုတေသီတို့တင်ပြချက်နှင့်ချိန်ထိုးသုံးသပ်ကြည့်နိုင်ရန်လည်းကောင်းအောက် တွင်တင်ပြသွားပါမည်–

**ရခိုင်ရာဇဝင်နှင့်ဒင်္ဂါးသမိုင်းသုတေသီတို့၏မူဆလင်ဘွဲ့ခံရခိုင်ဘုရင်များဇယား**

| စဉ် | မူလအမည်ရင်း | စိုးစံနှစ် | မူဆလင်ဘွဲ့ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နရနု၊မင်းခရီ | ၁၄၃၄–၁၄၅၉ | အလီခင် | ပင်းဝါကိုသိမ်း |
| ၂။ | ဘစောဖြူ | ၁၄၅၉–၁၄၈၂ | ကလီမာသျှာ | စစ်တကောင်းကိုသွားတိုက် |
| ၃။ | မင်းဒေါလျာ | ၁၄၈၂–၁၄၉၂ | မောခုသျှာ | |
| ၄။ | ဘစောညို | ၁၄၉၂–၁၄၉၄ | မဟာမောက်သျှာ | |
| ၅။ | မင်းရန်နောင် | ၁၄၉၄–၆လ | နောရိသျှာ | |
| ၆။ | စလင်္ကာသူ၊သိင်္ဂသူ | ၁၄၉၄–၁၅၀၁ | သက်ကောက်ဒေါလသျှာ | |
| ၇။ | မင်းရာဇာ | ၁၅၀၁–၁၅၂၃ | ဣလိသျှာ | |
| ၈။ | မင်းစောအို၊သီရိသူ | ၁၅၁၅–၆လ | ဇလသျှာ | |
| ၉။ | သဇာတ | ၁၅၁၅–၁၅၂၁ | အလီသျှာ | |
| ၁၀။ | မင်းပါကြီး၊မင်းဘင် | ၁၅၃၁–၁၅၅၃ | ဇဘောက်သျှာ | ဘင်္ဂါ(၁၂)မြို့ကိုသိမ်း |
| ၁၁။ | မင်းဖလောင်း | ၁၅၇၁–၁၅၉၃ | သိကွန်ဒါသျှာ | ၎င်း |
| ၁၂။ | မင်းရာဇာကြီး | ၁၅၉၃–၁၆၁၂ | ဆောလိမ်သျှာ | ၎င်း |
| ၁၃။ | မင်းခမောင်း | ၁၆၁၂–၁၆၂၂ | ဥသျှောင်သျှာ | ၎င်း |

အထက်ပါဇယား၌ နရနုခေါ်မင်းခရီသည် မူဆလင်ဘွဲ့"အလီခင်"ကိုခံယူခဲ့သည်။အစ်ကိုမင်းစောမွန်မှာခဲ့၍ ကုလားမင်းကိုကျေးဇူးတုန့်ပြန်သောအားဖြင့်ကုလားဘွဲ့ခံယူခဲ့သည်ဟု ရခိုင်ရာဇဝင်တို့၌ ဖော်ပြသည်။မင်းစောမွန်သည် အင်းဝမင်းခေါင်၏သားတော်မင်းရဲကျော်စွာတိုက်သောကြောင့်ဘင်္ဂလားဂေါရ်အာမတ်ရှား (**Ahmed Shah**) ဘုရင်ထံခိုလှုံရပြီး၎င်း၏သားတော်အဇမ်ရှား(**Azam Shah**)အကူအညီဖြင့်ရခိုင်ထီးနန်း ကိုပြန်ရခဲ့သည်ဟုလည်း သမိုင်းဆရာကြီးဟာဗေ၊ဟောလ်တို့ကရေးခဲ့ကြသည်။သို့သော် ထိုသို့ခိုလှုံရ ကြောင်းကို ဘင်္ဂလားသမိုင်း၌ မတွေ့ရ ဟု ဆာအာသာဖေယာကသူ၏ "ရခိုင်၊ ပဲခူး၊ မြန်မာဒင်္ဂါးများ(**Coins of Arakan of Pegu and of Burma**) စာအုပ်၌ ဆိုထားသည်။(စာ–၁)

သုတေသီဒေါက်တာဂျက်လိုက်ဒါ (**Jacques Leider**)ကလည်းသူ၏စာတမ်း "မူဆလင်ဘွဲ့ခံဗုဒ္ဓဘာသာမင်းများ(**These Buddhist Kings with Muslim names**) ၌ "ရခိုင်ဘုရင်(မင်းစောမွန်)သည် စူလတန်ဘုရင်အားကျေးဇူးခံရ၍ကျေးဇူးတုန့်ပြန်ရန်တာဝန်ရှိသည့်သဘောကိုကျွန်ုပ်တို့နားလည်နိုင်သော်လည်းထိုသို့ဆောင်ရွက်ခဲ့သောအဖြစ်မျိုးသက်သေအထောက်အထားမတွေ့ရပါ။" ဟုဆိုထားပါသည်။(စာ–၁၁) ထို့ပြင်ဂျက်လိုက်ဒါက ဘင်္ဂလားသမိုင်းသုတေသီ ဟာဘီဘူလာ(**Habibullah**)ကိုရည်ညွှန်း၍ "ဘင်္ဂလားစူလတန် ဘုရင်သည် ထိုအကူညီမျိုးကို ပေးနိုင်သည့်အခြေအနေမျိုးမရှိ" ဟုဆက်လက်ဆိုထားပါသည်။စာ(၁၁)

ရခိုင်ရာဇဝင်အရ မင်းခရီသည် အစ်ကိုစကားကိုမပယ်လို၍ "အလီခင်" ဟူသောကုလားဘွဲ့ကိုခံယူခဲ့ စေကာမူ ကုလားလက်အောက်ခံမဟုတ်ကြောင်းအထောက်အထားအဖြစ် ဘင်္ဂါ(၁၂)မြို့၌ ပါဝင်သော ပင်းဝါ (**Ramu**)ကို သွားရောက်တိုက်ခိုက်သိမ်းယူခြင်း၊သားတော်ဘစောဖြူလက်ထက်၌ စစ်တကောင်းထိချီတက် တိုက်ခိုက်ခြင်းက ဖေါ်ပြနေသည်။ဤအချက်ကို ဖေယာ၊ဟာဗေ၊ဟောလ်စသော သမိုင်းသုတေသီတို့က အတည်ပြု ထားကြသည်။သို့ဖြစ်လျှင် မင်းခရီသည်လည်းကောင်း၊သားတော်ဘစောဖြူသည်လည်းကောင်း ကုလားဘွဲ့ ကို အဘယ့်ကြောင့် ခံယူခဲ့ကြသနည်း။ဤအမေးအတွက်သမိုင်းသုတေသီများကအောက်ပါ အတိုင်းယူဆခဲ့ကြပါသည်။

ဆာအာသာဖေယာကသူ၏ "ဒင်္ဂါးများ" စာအုပ်၌ "မင်းစောမွန်သည်သူ့အားကျေးဇူးပြုသူ(စူလတန်)ဘုရင်၏လက်အောက်ခံအဖြစ်(သို့မဟုတ်)ပဏ္ဏာဆက်သူအဖြစ်သဘောတူခဲ့လေသည်။ဤသဘောတူညီမှုမျိုးကိုမည်ကဲ့သို့လိုက်နာဆောင်ရွက်ခဲ့ကြောင်းရခိုင်ရာဇဝင်၌မဖေါ်ပြပါ။ယခုထိကျွန်ုပ်ကြားသိသမျှဘင်္ဂလားရာဇဝင်၌လည်းဖေါ်ပြမထားပါ။(စာ–၁) "ဆလိမ်(သို့မဟုတ်)ဟူစိန်ဟူသောမဟာမေဒင်အမည်များသည် ထိုကာလ(မင်းရာဇာကြီးနှင့်မင်းခမောင်း)၌ရခိုင်ဗုဒ္ဓဘာသာဘုရင်များစစ်တကောင်းထိပိုင်စိုးခဲ့ကြောင်းရည်ညွှန်းခဲ့သောမွေးစားစကားလုံးများဖြစ်သည်။အေဒီ ၁၆၀၁–ခု၌မန်ဆိုင်း(**Man Sin**)သည် အက္ကဘာ (**Akbar**)ဘုရင်အစားဘင်္ဂလား ကိုအုပ်ချုပ်ရသောဘုရင်ခံဖြစ်သည်။သို့သော်၎င်းသည်ဖန်နီမြစ်(**River Fenny**)အရှေ့ဖက်ကိုမည်သည့်သြဇာမျှမညောင်းခဲ့ပေ။ထို့ကြောင့်(မင်းရာဇာကြီး၊မင်းခမောင်း)ဒင်္ဂါးများ၌ပါသောမဟာမေဒင်အမည်များသည် စိတ်ကူးယဉ်ဖေါ်ပြချက်မျှသာဖြစ်သည်။"(စာ–၄)

ဖေယာ၏အဆိုကိုသုံးသပ်ကြည့်လျှင် မင်းစောမွန် ဘင်္ဂလား၌ခိုလှုံရသည်ဆိုသောကိစ္စနှင့်ပတ်သက်၍ ဘင်္ဂလားသမိုင်း၌မတွေ့ရကြောင်းအတည်ပြုထားသည်ကိုတွေ့ရပါမည်။စစ်တကောင်းကိုပိုင်စိုးသောမင်းရာဇာကြီးနှင့်မင်းခမောင်းတို့ကုလားဘွဲ့ခံယူခဲ့ကြခြင်းမှာလည်းကုလားများကိုအုပ်စိုးသူမင်းများအဖြစ်စိတ်ကူးယဉ်ခံယူခဲ့သောအမည်များသာဖြစ်ကြောင်းနားလည်နိုင်ပါသည်။

မင်းစောမွန်ကိစ္စ၊မင်းခရီနှင့်ဘစောဖြူတို့ကုလားဘွဲ့ခံခဲ့သော်လည်းစစ်တကောင်းထိသွားရောက်တိုက်ခိုက်ခဲ့သည့်ကိစ္စများကိုဒေါက်တာဂျက်လိုက်ဒါကလည်းအောက်ပါအတိုင်းရေးခဲ့ပါသည်။

"ဝိမလရာဇဝင်၌(ဝိမလရာဇဝင်ကိုကိုးကား၍ရေးသောဦးသာထွန်းအောင်၏ရခိုင်မဟာရာဇဝင်၌)ရခိုင်ပြည်သည် မင်းစောမွန်ဘင်္ဂလားမှပြန်လာသည့်နှစ်မှစ၍ နှစ်ပေါင်း ၁၂၅ နှစ်(၁၄၀၁မှ၁၅၂၅ထိ)မူဆလမန်ရှုံပါရှာမင်း၏လက်အောက်ခံဖြစ်ခဲ့ကြောင်းဆိုထား၏။ရခိုင်ဘုရင်(မင်းစောမွန်)သည် စူလတန်မင်းအားကျေးဇူးခံရန်တာဝန်ရှိကြောင်းကျွန်ုပ်တို့နားလည်နိုင်သည်။သို့သော် ထိုအဖြစ်အပျက်အတွက်သက်သေခံတစ်စုံတစ်ခုမျှမရရှိပေ။မင်းစောမွန်သည်မူဆလင်ဘွဲ့မခံယူခဲ့ခြင်းနှင့်ဘင်္ဂလားစံနမူနာဒင်္ဂါးမျိုး(အရုပ်မပါသောစာထိုးဒင်္ဂါးမျိုး)မထုတ်ဝေခဲ့ခြင်းတို့ကိုမချွတ်မလွဲပြောနိုင်သည်။သူ့ကိုဆက်ခံသူများ(နရနုနှင့်ဘစောဖြူ)သာလျှင်စစ်တကောင်း

တောင်ပိုင်း(ပန်းဝါ)ကိုပြန်လည်သိမ်းယူသောလုပ်နည်းကိုဦးဆောင်ချမှတ်ခဲ့ကြသည်။ထိုအချက်သည်(ရခိုင်ဘုရင်များအား)ဘင်္ဂလား၏လက်အောက်ခံအဖြစ်အသိအမှတ်ပြုခြင်းစိတ်ကူးမျိုးနှင့်မလိုက်လျောချေ။မူဆလင်စာပေမှတ်တမ်း၌ဂီယာအူဒင်အဇမ်ရှား(**Ghiyas ud din Azam Sha**)(၁၃၈၉–၁၄၁၀)ဘုရင်ထံမှ မင်းစောမွန်စစ်ရေးအကူအညီရခဲ့သည်ဆိုသောယူဆချက်နှင့်ရခိုင်ဘုရင်များအပေါ်၌ဘင်္ဂလား၏ဩဇာလွှမ်းမှု ရှိခဲ့သည်ဆိုသောအယာအဆမျိုးကိုအတည်မပြုချေ။(စာ–၁၁)

"–––ရခိုင်ဘုရင်များသည်ဒင်္ဂါးများ၌မူဆလင်အမည်များသုံးခဲ့ခြင်းမှာနိုင်ငံရေးကိစ္စဖြစ်၏။ဤသို့သုံးခဲ့ခြင်းသည်စစ်တကောင်းတောင်ပိုင်းနှင့်ရခိုင်ရှိမူဆလင်တို့အပေါ်၌နိုင်ငံရေးအရအုပ်စိုးသူဖြစ်သည်ဟူသောအဓိပ္ပါယ်မျိုးယူနိုင်သည်။သို့သော်ထိုအမည်များသုံးစွဲခဲ့သည့်ကိစ္စအရေးပါမှုကိုလိုသည်ထက်ပို၍မယူသင့်ချေ။ထိုသို့သုံးခဲ့ခြင်းကြောင့်မူဆလင်တို့၏အဓိကယာဉ်ကျေးမှုလွှမ်းမိုးခြင်းမရှိနိုင်ဟုမိမိဆင်ခြင်မိသည်။"(စာ–၁၂)

ဖေယာနှင့်ဂျက်လိုက်ဒါတို့၏အထက်ရေးသားချက်များကိုသုံးသပ်ကြည့်လျှင်ပင်းဝါ(**Ramu**)ကိုသိမ်းယူခဲ့သူနရနု။မင်းခရီမှစတင်ခဲ့သောမူဆလင်ဘွဲ့ခံယူသည့်အလေ့အထသည်ကုလားဘုရင်ထံကျေးဇူးခံရန်မဟုတ်ပဲအုပ်ချုပ်ရေးပရိယာယ်အဖြစ်သုံးခဲ့ခြင်းသာဖြစ်သည်ဟုဆိုနိုင်သည်။

ဖော်မင်းထွဋ်၏အထက်ပါဇယား၌သီရိသုဓမ္မရာဇာကိုမူဆလင်ဘွဲ့"ဆလိမ်ရှား(၂)"ဟုဖော်ပြခဲ့သည်။ဆရာဦးစံသာအောင်၏"ရခိုင်ဒင်္ဂါးများ"စာအုပ်၌ သီရိသုဓမ္မမင်းမူဆလင်ဘွဲ့ခံခဲ့ကြောင်းဖော်ပြမထားချေ။ ၎င်းမင်းဒင်္ဂါးတွင်တစ်ဖက်၌ရခိုင်စာ၊နောက်တစ်ဖက်၌အထက်ပါရှန်၊အောက်နာဂရီဖြင့်ရေးထိုးထားကြောင်းသာဖော်ပြခဲ့သည်။ မောင်အေးချမ်း၏မဟာဝိဇ္ဇာ(သမိုင်း)ဘွဲ့ယူကျမ်း" မြောက်ဦးခေတ်အစောပိုင်း ရခိုင်သမိုင်း"၌ ဗိုလ်မှူးအရှင်၏(**Coming of Islam to Burma**)စာတမ်းကိုညွှန်း၍ (သီရိသုဓမ္မ) ဒင်္ဂါး၏ကျောဖက်၌ ပါရှန်နှင့်နာဂရီအက္ခရာတို့ဖြင့် ဆောလိမ်သျှာ ဟူသော မူဆလင်ဘွဲ့အမည်ကိုခပ်နှိပ်ထားသဖြင့်သူ့အား ဒုတိယမြောက် ဆောလိမ်သျှာ ဟူ၍ပင်သတ်မှတ်ရမည်ဖြစ်ပါသည်။"ဟူ၍အတည်ပြုထားပါသည်။(စာ ၃၆ )

ဒေါက်တာ ဂျက်လိုက်ဒါကလည်း ၊ မန်နရိတ်မှတ်တမ်းကိုညွှန်းပြီး"ဆလိမ်သျှာ" (**Salim Shah**) ကိုအတည်ပြုထားပါသည် ။ မန်နရိတ်ကသူ့မှတ်တမ်း၌သီရိသုဓမ္မဘုရင်အား "ဇာလမ်မီဇာ" (**Xalamixa**) ဟုနှစ်ကြိမ်သုံးခဲ့ကြောင်းဖော်ပြထားပါသည်။(စာ–၂၄) သို့ဖြစ်၍ သီရိသုဓမ္မရာဇာသည် မူဆလင်ဘွဲ့ခံယူသောနောက်ဆုံးမင်းဖြစ်သည်ဟုဆိုရပါမည်။သူ့နောက်ပိုင်းအုပ်စိုးသောနရပတိကြီးမှစ၍မဟာသမတမင်းထိဒင်္ဂါးထုတ်ခဲ့သောမင်းများ မူဆလင်ဘွဲ့မခံယူကြတော့ချေ။

နရပတိကြီးသည် နန်းလုတက်လာသောမင်းဖြစ်၍၊ အများကမနှစ်သက်ကြချေ။ထို့ကြောင့်မိမိလုံခြုံရေးကိုသာဦးစားပေးအုပ်ချုပ်ခဲ့သည်။စစ်တကောင်းဒေသကိုမဂိုမင်းများကျူးကျော်မလာနိုင်အောင်ပေါ်တူဂီတို့အားမြောက်ပေးသည့်နည်းကိုသုံး၍ထိန်းထားခဲ့သည်။သားတော်"စန္ဒသုဓမ္မလက်ထက်တွင် သျှာသျူဂျာအရေးအခင်းနှင့်ပတ်သက်၍မဂိုတို့ကလက်စားချေမည်စိုးရိမ်သောကြောင့်ပေါ်တူဂီတို့အား ဘင်္ဂလားနယ်၌ဆထက်တံပိုးတိုး၍လုယက်တိုက်ခိုက်ရန်မြှောက်ပေးခဲ့သည်။"ဟုဟောလ်ကဆိုထားပါသည်(မြန်မာနိုင်ငံ။စာ–၆၁) နောက်ဆုံးတွင်ရခိုင်နှင့်မဂိုတို့စစ်ဖြစ်ပွါးပြီး၊မဂိုတို့က စစ်တကောင်းကိုသိမ်းယူနိုင်ခဲ့သည်။ရခိုင်ဘင်္ဂလားဆက်ဆံရေးလည်းနိဂုံးချုပ်ခဲ့တော့သည်။

စန္ဒဝိဇယ(၁၇၁၀–၁၇၃၁)လက်ထက်၌ ရခိုင်ပြည်တွင်၊ရခိုင်ကိုယ် ရံတော်တပ်နှင့် သျှာသျူဂျာနောက်လိုက်ကမန်လေးသည်တို့ပူးပေါင်း၍ထကြွသောင်းကျန်းနေကြသည်ကိုပြင်းထန်စွာနှိမ်နင်းအရေးယူခဲ့သည်။

အချုပ်သုံးသပ်ရလျှင် မင်းခရီ၊နရနုလက်ထက်မှစ၍ သီရိသုဓမ္မရာဇာထိ***"ရခိုင်ဘုရင်များ မူဆလင်ဘွဲ့အမည် ခံယူကြခြင်းမှာ ရခိုင်ပိုင်ဘင်္ဂလားနယ်မှ အစ္စလာမ်ဘာသာဝင်များအားစည်းရုံး ထိန်းသိမ်းထားနိုင်ရန်အတွက်မဂိုဧကရာဇ်နှင့်တန်းတူရည်တူဘွဲ့အမည်များခံယူနိုင်ကြောင်းပြသရန်ဖြစ်ပါသည်။***

(အခြေပြမြန်မာ့ နိုင်ငံရေးသမိုင်း၊စာ–၃၁၃)

next

# အခန်း (၄) ဝေဖန်စာ

## ရခိုင်သားများကိုမူဆလင်ဇာတ်သွင်းခြင်း၏ ရည်ရွယ်ချက်

ဖော်မင်းထွဋ်သည်ဦးသာထွန်းအောင်၏ မဟာရာဇဝင်တော်ကြီးကို ကိုးကား၍အခန်း(၂)နှင့်(၃)တို့တွင် သာမကၤယခုအခန်း(၄)တွင်လည်း ***"ရခိုင်အရပ်သားမြောက်မြားစွာ မူဆလင်ဖြစ်လာခဲ့သည်ကို ငြင်းဆို၍မရနိုင်ပါ"***ဟူ၍အောက်ပါအတိုင်းတင်ပြခဲ့ပြန်သည်။

"ရခိုင်ပြည်တွင် ဤကမန်(လေးသည်)တပ်ဖွဲ့ဝင်များအပြင် ဘုရင့်ကုန်းတပ်၊မြင်းတပ်၊ရေတပ်များတွင် မူဆလင်များပါဝင်ခဲ့ကြောင်းနှင့် စီးပွါးရေး၊လူမှုရေးနယ်ပယ်များတွင်***မူဆလင်များသိန်းသန်းချီရှိနေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။***ဦးလထွန်းဖြူရည်ညွှန်းသောအထက်ပါသာသနာပြုများ(သံတမန် ၃ ဦးနှင့်တစ်ခြားသာသနာပြုများ)သည် ကမန်လေးသည်တပ်ဖွဲ့များကိုသာလျှင်သာသနာပြုခြင်းမဟုတ်ဘဲ၊အရပ်ထဲတွင်ဗလီကျောင်းဆောက်လုပ်ပြီးသာသနာပြုခဲ့သဖြင့်(ရခိုင်မဟာရာဇဝင်တော်ကြီးကိုရှုပါ)ကမန်မဟုတ်သောအရပ်သားမြောက်များစွာ မူဆလင်ဖြစ်လာသည်ကိုငြင်းဆို၍မရနိုင်ပါ။သို့ဖြင့်ရခိုင်လူမျိုးတွင်မူဆလင်မရှိဟုပြောဆိုရန်ခဲယဉ်းပေသည်"။ (စာ-၄၀-၄၁)

ဖော်မင်းထွဋ်ဤသို့အကြိမ်ကြိမ်တင်ပြရခြင်းမှာဦးသာထွန်းအောင်၏ ရည်ရွယ်ချက်နှင့်ရွှေမျိုးဓမ္မသတ်၏ အနှစ်သာရကိုနားမလည်၍လည်းကောင်း၊မင်းပါဘုရင်လက်ထက် "ကုလားကိုရှင်ပြု"တဘောင်အရ မူဆလင် ဘာသာဝင်များအားရခိုင်လူ့အဖွဲ့အစည်းနှင့်မရောထွေးရအောင်စည်းခြားပစ်ခဲ့သည်ကိုသဘောမပေါက်၍လည်းကောင်းတင်ပြနေခြင်းဖြစ်သည်။ထို့ပြင်ဤတင်ပြချက်နောက်၌တခြားအရေးကြီးသည့်ရည်ရွယ်ချက်တစ်ခုလည်း ပါဝင်နေသေးကြောင်းယူဆရသည်။သူ့ရည်ရွယ်ချက်မှာ "ရိုဟင်ဂျာ"အမည်ခံမူဆလင်များအားလုံးကိုရှေးခေတ်ကပင်ရှိခဲ့သောမူဆလင်များဖြစ်လေဟန်၊၎င်းအထဲ၌အစ္စလာမ်ဘာသာကူးပြောင်းခဲ့သောရခိုင်သားများလည်း ပါလေဟန်တင်ပြလိုခြင်းဖြစ်သည်။ထိုမှတစ်ဆင့်တက်၍မျက်မှောက်ခေတ်ရခိုင်ဒေသရှိ မူဆလင်များအားလုံး သည်ရှေးခေတ်ကပင်ရှိခဲ့သော"တိုင်းရင်းသားမူဆလင်များဖြစ်ကြောင်းတင်ပြလိုခြင်းဖြစ်သည်။

ဤရည်ရွယ်ချက်ကို အခန်း(၃)တွင်နိဒါန်းချီခဲ့ပြီး၊အခန်း(၄)တွင်အထက်ကောက်နုတ်ပြခဲ့သောစာပိုဒ်၌ ***"မူဆလင်များသိန်းသန်းချီရှိခဲ့ကြောင်းလေ့လာတွေ့ရှိရသည်။"*** ဟူ၍အကောင်အထည်ဖေါ်လိုက်သည်။ အခန်း(၃)မှစတင်နိဒါန်းချီခဲ့သောမူဆလင်ဦးရေအင်အားပြတင်ပြချက်များကိုကောက်နုတ်ပြရလျှင်-

(၁)---"အာရဗ်၊ပါရှားနှင့်ဂေါရီပါထန်များရခိုင်ဒေသသို့လာရောက်အခြေချနေထိုင်ခြင်း၊အာရဗ်နှင့် အိန္ဒိယတို့မှသာသနာပြုများလာရောက်၍သာသနာပြုခြင်းတို့ကြောင့်ဒေသခံများအစ္စလာမ်ဘာသာဝင်များဖြစ်လာခြင်းတို့ကို တွေ့ရသည်။"(စာ-၃၁)

(၂)---ဘင်္ဂလားနှင့်ရခိုင်ဒေသသည် ရာစုနှစ်များစွာအုပ်ချုပ်ရေးတစ်ခုတည်းအောက်တွင်ရှိခဲ့၍ ထိုဒေသတွင်လူဦးရေရွှေ့ပြောင်းနေထိုင်မှုများရှိခဲ့သည်ဟု **D.G.E Hall** က သုံးသပ်ထားသည်။"(စာ-၃၂)

(၃)---ဘင်္ဂလားကိုအုပ်ချုပ်သော ပါထန်ဘုရင်များနှင့်၊ဒေလီကိုအခြေခံ၍အိန္ဒိယပြည်မကိုအုပ်ချုပ် သောမဂိုဘုရင်များကြားတွင်လယ်မြေပိုင်ဆိုင်မှုအတွက်မကြာခဏစစ်ပွဲများဖြစ်လေ့ရှိခဲ့သည်။ ဘင်္ဂလားကအားနည်း၍ရှုံးနိမ့်သောအခါများပေသည်။ထိုသို့ရှုံးနိမ့်တိုင်း ပါထန်များရခိုင်ပြည်သို့ခိုလှုံလာလေ့ ရှိသည်။အထူးသဖြင့် ဒေလီအက်ဘာရ် (Akbar)ဘုရင်လက်ထက်(၁၅၅၆-၁၆၀၅)ခုသည်အေဒီ (၁၅၇၆)ခုနှစ် တွင်ဘင်္ဂလားကိုအပြီးအပိုင်သိမ်းနိုင်ခဲ့သည်။ထိုအခါ***ဂေါရီပါထန်မြောက်မြားစွာသည်ရခိုင်ဒေသသို့ခိုလှုံလာခဲ့ကြသည်။မဂိုတို့သည်ဘုံရန်သူဖြစ်နေရာ ရခိုင်မင်းကလည်းယင်းခိုလှုံလာသောပါထန်များကိုရက်ရာစွာလက်ခံပြီး ရာထူးဌာနများ၊မြို့စား၊ရွာစားများခန့်အပ်ခဲ့သည်။***(စာ-၃၃)

(၄)–––ထိုဘုရင်(သီရိသုဓမ္မ) ၏ကုန်းတပ်၊မြင်းတပ်များသည်၊ မူဆလင်များဖြစ်ပြီးတပ်သား ၆၀၀ ခန့်ဖြစ်သည်။(စာ–၃၃)

(၅)–––Francois Bernier ၏ မှတ်တမ်းနှင့် Father Delaunoite ၏ Catholic Encyelopedia အရ၊ ၁၆၂၁ မှ ၁၆၂၄ ခုနှစ်အတွင်း ဘင်္ဂလားမှဖမ်းဆီးခေါ်ဆောင်လာသူများမှာ ၄၂၀၀၀ (လေးသောင်းနှစ်ထောင်)ရှိသည်ဟုဆို၏။(စာ–၃၃)

(၆)–––ဓညဝတီအရေးတော်ပုံတွင်–––အနုလုံမင်း၊ခရစ်သက္ကရာဇ်(၁၂၄၆–၁၂၅၀)လက်ထက်တွင် ကုလားနှင့် သက် ပူးပေါင်းဆိုးသွမ်းရာကိုတိုက်စေရာ ဒေလီပါဆာမင်းရှုံပြည်သို့ဝင်ပြေး၏။ စစ်သူကြီးဓမ္မဖေယျမှာ ကုလားတစ်ဝက်သိမ်းခေါ်လာ၏။–––***အရပ်ရပ်ကုလားပေါင်းလေးသောင်းခုနှစ်ထောင်ငါးရာ*** ကို နောင်အစဥ်ဖြစ်အောင်မော်ကွန်းထိုး၍မင်းသုံး၊မိဖုရားသုံးမင်းသားမင်းသမီးသုံး၊မှူးမတ်သုံးအသီးသီးအစုနှင့် ခွဲပေးတော်မူသည်။(စာ၃၄)

(၇)–––မင်းဘာကြီး(၁၅၃၁–၁၅၅၃)နှင့်မင်းရာဇာကြီး(၁၅၉၅–၁၆၁၃)တို့လက်ထက်က<u>သောင်းတီး</u>***ကျွန်းမှကုလားလေးထောင်စီဘမ်းဆီးခေါ်ဆောင်လာခဲ့ကြောင်း၊မင်းရာဇာကြီးပဲခူးသို့စစ်ချီခဲ့ရာတွင်ကုလားစစ်သူရဲကောင်းငါးသောင်းနှင့်*** သားတော်အိမ်ရှေ့မင်းသား မင်းခမောင်းကို မော်တင်ချောင်း၊သံလျင်မြို့သို့ စစ်ချီလေသည်ဟူ၍လည်းပါရှိပြန်သည်။ (စာ–၃၄)–––***ရခိုင်အမျိုးသားစာရေးဆရာများ၏ အထက်ပါမှတ်တမ်းအရထိုစဥ်ကမူဆလင်ဦးရေကိုခန့်မှန်းနိုင်ပါသည်။***ဤအရပ်ရပ်မူဆလင်များသည်၊ ရှားရှုဂျာမင်းသား ၁၆၆၀–ခုနှစ် ရခိုင်သို့ခိုလှုံလာသည့်ကာလထက် အချိန်ကာလအားဖြင့်စော၍ရခိုင်ဘုရင်လေးသည်တပ်ဖွဲ့ဝင်နောက်လိုက်များထက်ရှေးကျသူများဖြစ်ပါသည်။ ***ထိုသူတို့သည်ယနေ့ရှိုဟင်ဂျာများ၏မျိုးဆက်ဟောင်း(Ancestors)များသာဖြစ်ရမည်။***(စာ–၃၅)

အထက်ကောက်နုတ်ချက်များကိုလေ့လာကြည့်လျှင်အမှတ်(၁)ကောက်နုတ်ချက်၌“အာရပ်သင်္ဘောပျက်ပုံပြင်”ကိုအခိုင်မာဆုံးသောအုတ်မြစ်အဖြစ်၊ စတင်ပန္နက်ချလိုက်ကြောင်းတွေ့ရပါသည်။အမှတ်(၂)တွင် ဆရာကြီးဟောလ်က“***လူဦးရေရွှေ့ပြောင်းနေထိုင်မှုရှိခဲ့သည်။***”ဟုရေးခဲ့လေဟန်(မူဆလင်များရခိုင်သို့ရွှေ့ပြောင်းခဲ့လေဟန်)လိမ်ညာပြီး၊ရခိုင်၌မူဆလင်ဦးရေတိုးလာမှုအတွက်အကာအကွယ်ယူလိုက်သည်။

အမှတ်(၃)တွင် အက္ကဘာဘုရင်လက်ထက်၌“***ဂေါရီပါထန်မြောက်များစွာရခိုင်ဒေသသို့ ခိုလှုံလာခဲ့သည်။***”ဟုလိမ်ညာလိုက်ပြန်သည်။အက္ကဘာ၏ခမည်းတော်ဟူမာယွန် (**Humayan**) (၁၅၃၀–၁၅၅၆) သည် မင်းပါဘုရင်နှင့်ခေတ်ပြိုင်ဖြစ်သည်။ဟူမာယွန်နှင့်ရှီယာရှား(Sher Shah)တို့ဘင်္ဂလား၌စစ်ပြိုင်တိုက်ခိုက်နေကြသောအခါမင်းပါဘုရင်ကဘင်္ဂါ(၁၂)မြို့ကို(၁၅၃၂) ၌သိမ်းနှင့်ပြီးဖြစ်သည်။အက္ကဘာသည် အနောက်ဘင်္ဂလားတစ်ခုလုံးကို(၁၅၈၄) တွင်သိမ်းယူပြီး၊ဘုရင်ခံမန်ဆိုင်းကို အုပ်ချုပ်စေခဲ့သော်လည်း၊မန်ဆိုင်းသည် ဖန်နီမြစ်အရှေ့ဖက်ကိုမကျော်နိုင်ခဲ့ချေ။ထိုအချိန်၌ မင်းပါ၏သားတော်မင်းဖလောင်း (၁၅၇၁–၁၅၉၃) စိုးစံနေသည်။

မင်းပါဘုရင်ခေတ်၌ရွှေမျိုင်းဓမ္မသတ်အရလည်းကောင်း၊သူငယ်တို့၏ “ကုလားကိုရှင်ပြု”တဘောင်အရလည်းကောင်း၊မူဆလင်တို့မှာ ဦးစားပေးမခံရသည်သာမကဖိနှိပ်ခံဘဝ၌သာရှိနေခဲ့သည်။ ဤအခြေအနေမျိုး၌ ဖော်မင်းထွဋ်က အထေယက်အထားဘာမှမရှိပဲ၊“***ဂေါရီပါထန်မြောက်များစွာသည် ရခိုင်ဒေသသို့ခိုလှုံလာခဲ့ကြသည်။–––ရခိုင်မင်းကလည်း ယင်းခိုလှုံလာသော ပါထန်များကိုလက်ခံပြီး၊ ရာထူးဌာနများ၊မြို့စားရွာစားများခန့်အပ်ခဲ့သည်*** ”ဟူ၍တင်ပြခဲ့သည်မှာရယ်ဖွယ်သာဖြစ်သည်။ ပါထန်မူဆလင်ဦးရေ တိုးစေလို၍ ကြံဖန်လိမ်ညာတင်ပြခဲ့ခြင်းဖြစ်သည်။

အမှတ်(၄)၌"သီရိသုဓမ္မရာဇာလက်ထက်မူဆလင်မြင်းတပ်သား ၆၀၀ ရှိခဲ့သည်"ဆိုခြင်းမှာမှန်သော်လည်း၊ မဟာမေဒင်မြင်းတပ်သာမက၊ ပဲခူးမှမြင်းတပ်၊မြန်မာမြင်းတပ်များလည်းပါသည်။ သီရိသုဓမ္မရာဇာသည် မိမိတပ်တော်၌ဂျပန်ဆာမူရိုင်းဗိုလ်အပါအဝင် နိုင်ငံခြားကြေးစားတပ်များထားရှိခဲ့သည်ဟု ဆိုသည်။ (M.Collis,The Land of the Great Image,PP.207,260)

အမှတ်(၅)၌**"ဘင်္ဂလားမှဖမ်းဆီးခေါ်ဆောင်လာသူများ(၄၂၀၀၀)ရှိသည်"**ဆိုခြင်းမှာပုံကြီးချဲ့လိမ်ညာထားခြင်းသာဖြစ်သည်။ဆရာကြီးဟောလ်ကမန်နရိတ်မှတ်တမ်းကိုညှိနှိုင်းပြီးစစ်တကောင်းအနီး ပေါ်တူဂီဌာနချုပ်"ဒီယင်းဂါး"(Dianga)သို့အိန္ဒိယမှဘမ်းဆီးယူလာခဲ့သောလူပေါင်းမှာ တစ်နှစ်လျှင် (၃၄၀၀) ရှိသည်ဟု သာဖော်ပြခဲ့သည်။ (ဟောလ်။မြန်မာနိုင်ငံ၊စာ-၅၉)။ ၄င်းတို့အား **"ရခိုင်ပြည်၌ရောင်းသည် (သို့မဟုတ်) မလေးနှင့်အင်ဒိုနီးရှားစိုက်ခင်းများအတွက် ဒတ်ချ်တို့အားရောင်းသည်။"** စသည်ဖြင့် ဖော်ပြမထားချေ။ ထို့ပြင်၄င်းဘမ်းဆီးခံရသူများထဲ၌ မူဆလင်နှင့်ဟိန္ဒူရောနှောပါဝင်နေသည်။ဇော်မင်းထွဋ်ကရခိုင်၌မူဆလင်ဦးရေတိုးစေလိုသောဆန္ဒစွဲနှင့် ဘင်္ဂလားမှဘမ်းဆီးလာသူ(၄၂၀၀၀)ကို မူဆလင်ဟုတံဆိပ်တပ်ပြီး ရခိုင်သို့ ပို့ပေးခဲ့ခြင်းသာဖြစ်သည်။

အမှတ်(၆)တွင်"ဓညဝတီအရေးတော်ပုံ"၌၊အရုလုံမင်းသိမ်းယူလာသောအရပ်ရပ်"**ကုလားပေါင်းလေးသောင်းခုနှစ်ထောင်ငါးရာကို မင်းသုံး---မှူးမတ်သုံးခွဲပေးသည်။**"ဆိုသောတင်ပြချက်မှာ **အမှန်အတိုင်းကိုးကားတင်ပြသောအချက်**ဖြစ်ကြောင်းစိစစ်တွေ့ရှိရသည်။(မြန်မာမင်းများအရေးတော်ပုံ။စာ-၂၃)

အမှတ်(၇)၌ **"မင်းရာဇာကြီးပဲခူးသို့စစ်ချီရာတွင်ကုလားသူရဲကောင်းငါးသောင်းပါဝင်ခဲ့သည်"** ဟု ဖော်ပြခြင်းမှာလည်း **အမှန်အတိုင်းတင်ပြချက်ဖြစ်သည်။** ၄င်းကုလားသူရဲကောင်းဦးရေသည် မင်းရာဇာကြီးပိုင်စိုးသော ဘင်္ဂါ (၁၂) မြို့မှ စစ်မှုထမ်းရန် ယာယီဆင့်ခေါ်သောဦးရေသာဖြစ်သည်။ ရခိုင်ပြည်တွင် အမြဲအခြေစိုက်နေထိုင်ခြင်းမဟုတ်ချေ။ မင်းရာဇာကြီးအမိန့်ချမှတ်ပုံကို ၄င်းကျမ်းစာ-၁၀၆ ၌ "ဘင်္ဂါ (၁၂) မြို့သက်မင်းကောင်းလှဖြူလင်းကဲမြို့စား၊ရွာစား၊ကျေးစားတို့ကိုလက်နက်ရဲမက်အစုံနှင့်ပင်လယ်ကြောင်းမှာ ကုလား(၁၂)မြို့သင်္ဘောနှင့်အသင့်ရောက်စေ"ဟူ၍ ဖော်ပြထားသည်။

ပဒေသရာဇ်ခေတ်၌ စစ်ရေးစစ်ရာကိစ္စပေါ်ပေါက်လျှင် မြို့စား၊ရွာစားတို့က ဘုရင့်အမိန့်အတိုင်း လူစုဆောင်းပေးရသော စနစ်ရှိခဲ့သည်။ စစ်မှုထမ်းပြီးလျှင် မိမိနေရပ်သို့ပြန်ကြသည်။ ဇော်မင်းထွဋ်တင်ပြသော"**ကုလားသူရဲငါးသောင်း**"လည်းအိမ်ပြန်ခဲ့ပြီဟူ၍နားလည်သင့်ပါသည်။

ဇော်မင်းထွဋ်သည်အမှတ်(၁)"အာရပ်သင်္ဘောပျက်ပုံပြင်မှ"စ၍၊ အမှတ် (၇) မင်းရာဇာကြီးခေတ်ထိ မူဆလင်ဦးရေရခိုင်ပြည်၌တဖြည်းဖြည်းတိုးခဲ့လေဟန်ကြိုးစားတင်ပြခဲ့ကြောင်းစာရှုသူတို့သိခဲ့ကြပါပြီ။ သူ့တင်ပြချက်၌ လိမ်ညာမှုနှင့်ရိုးသားမှုတို့ရောထွေးနေသည်ကိုလည်းတွေ့ခဲ့ရပါပြီ။အမှန်အတိုင်းတင်ပြသော မူဆလင်ဦးရေစာရင်းက မည်မျှခိုင်လုံစိတ်ချရပါသလဲ-ဟု ဆက်လက်စိစစ်ကြည့်ရမည်ဖြစ်ပါသည်။

## ဘိုးတော်ဘုရားခေတ်မူဆလင်ဦးရေ

ဇော်မင်းထွဋ်သည်၊ ရှေးခေတ် ရခိုင်ပြည်မူဆလင်ဦးရေကို ယခုခေတ်မူဆလင်ဦးရေနှင့် များစွာမကွာဟစေလို၍အထက်အခန်း(၃)ကောက်နုတ်ချက်များ၌ကြိုးစားစာရင်းချပြခဲ့သည်။သို့သော် သူ့ကြိုးစားမှုမှာ အိန္ဒိယသမိုင်းပညာရှင် ဒေါက်တာ ဘနာဂျီ(Banerjee,A.C)၏သမိုင်းကျမ်း(ဗြိတိသျှပိုင်အိန္ဒိယ၏အရှေ့ဖက်နယ်စပ်၊(Eastern Frontier of British India)ကြောင့် သဲထဲရေသွန်ဖြစ်သွားခဲ့ရသည်။

ငှင်းကျမ်း၌ ဘိုးတော်ဘုရားခေတ်ရခိုင်ပြည်ရှိလူဦးရေမှာ၊ရခိုင်(၆၀၀၀၀)၊မူဆလင်(၃၀၀၀၀)၊ဗမာ(၁၀၀၀၀)ရှိသည်ဟုဖေါ်ပြထားသည်။၁၈၂၅–ခု ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး၊ရန္တပိုစာချုပ်ချုပ်ဆိုပြီးနောက်လအနည်းငယ်အကြာတွင် ရခိုင်ပြည်အကြောင်းကို အုပ်ချုပ်ရေးမှူးမစ္စတာပါတင်(Paton) အစီရင်ခံသောအခါလူဦးရေစာရင်းကိုထည့်သွင်းဖေါ်ပြခဲ့သည်။ဒေါက်တာဘနာဂျီကငှင်းစာရင်းကိုရည်ညွှန်းဖေါ်ပြခဲ့ခြင်းဖြစ်သည်။(ဘနာဂျီ၊စာ–၃၅၀–၃၅၁)

ဤစာရင်းအရ ၁၈၂၅–ခု၌ ရခိုင်ပြည်တွင် မူဆလင်ဦးရေ(၃၀၀၀၀)သာရှိကြောင်းယူဆရပေမည်။ယင်းတို့အထဲ၌ ဘိုးတော်ဘုရားရခိုင်သို့စစ်ချီလာစဉ်ခေါ်ယူလာသော မြေဒူးမူဆလင်များ၊သျှာသျှူးဂျာနောက်လိုက်လေးသည်ကမန်များ၊ရခိုင်ဘုရင်တို့ဘမ်းဆီးလာသောစစ်သုံ့ပန်းများ၊ပင်လယ်ဒါးပြများဘမ်းဆီးယူလာသောမူဆလင်များရောနှောပါဝင်မည်ဖြစ်သည်။သို့ဖြစ်၍ အထက်၌ဇော်မင်းထွဋ်တင်ပြခဲ့သော ရှေးခေတ်ရခိုင်ပြည်ရှိမူဆလင်ဦးရေသည် မခိုင်လုံမတိကျသောစာရင်းသာဖြစ်ပေသည်။

ဒေါက်တာဘနာဂျီ၏သမိုင်းကျမ်းကြောင့်မူဆလင်ဦးရေမရေမရာဖြစ်သွားခဲ့ရရာ၊ဇော်မင်းထွဋ်သည်ဘိုးတော်ဘုရားခေတ်၌ ဗြိတိသျှပိုင်နက်စစ်တကောင်းနယ်သို့အသက်လုထွက်ပြေးခဲ့ကြသော“***ရခိုင်စစ်ပြေးဒုက္ခသည်နှစ်သိန်းထဲ၌မူဆလင်များလည်းပါဝင်နိုင်သည်။***”ဟုအောက်ပါအတိုင်းတင်ပြပြန်သည်။

“–––၁၈၂၅–တွင်ရခိုင်ပြည်နယ်ကိုအင်္ဂလိပ်တို့သိမ်းပိုက်လိုက်သောအခါအထက်ထွက်ပြေးတိမ်းရှောင်သူများမိမိနေရပ်ရခိုင်ဒေသသို့ပြန်လည်ဝင်ရောက်အခြေစိုက်လာကြသည်။–––တစ်ချို့စာရေးသူများကဘင်္ဂလားမှနေရပ်ပြန်သူများတွင်ရခိုင်များကိုသာဖေါ်ပြပါရှိပြီး၊အထက်***တိမ်းရှောင်ခဲ့သူမူဆလင်များကိုချန်လှပ်ထားကာအင်္ဂလိပ်ခေတ်တွင်မူဆလင်ဦးရေတိုးပွါးလာသည်ဟုမီးမောင်းထိုးပြတတ်သည်။***”(စာ–၄၂)

ဇော်မင်းထွဋ်က မူဆလင်များအတွက် စစ်ပြေးဒုက္ခသည် ခွဲတန်းတောင်းသည့်သဘောနှင့် “***တိမ်းရှောင်ခဲ့သူမူဆလင်များကို ချန်လှပ်ထား***” ထားကြသည်ဟု တင်ပြခဲ့သော်လည်း ထိုတင်ပြချက်အတွက် သက်သေအထောက်အထားမရှိချေ။ သမိုင်းပါမောက္ခ ဒေါက်တာ ပင်း (B.R .Pern)က ဒုက္ခသည်များကို နေရာချပေးရသူ မစ္စတာကော့က်စ် (Cox) ၏အစီရင်ခံစာကို ကိုးကား၍ ရခိုင်ဒုက္ခသည်များကိုသာ နေရာချပေးခဲ့သည်ဟု ရေးခဲ့သည်။ (**BRSFAP, NOII,PP 445-7**) “ရခိုင်ဒုက္ခသည် နှစ်သိန်းရှိသည်” ဟု မော်ရစ်ကော်လစ်က မှတ်တမ်းတင်ခဲ့ပါသည်။ သို့သော် ပါမောက္ခပင်း၏ စာတမ်းပါ ဒုက္ခသည် စာရင်းနှင့်ကွဲပြားသည်။ (ကော်လစ် **BRSFAP, NOII, P.499**)

မည်သို့ပင်ဖြစ်စေ ဘိုးတော်ဘုရားခေတ် ရခိုင်ပြည်ရှိ မူဆလင်ဦးရေသည် ဒေါက်တာဘနာဂျီ၏ သမိုင်းကျမ်း၌ ဖော်ပြထားသော ဦးရေ (၃၀၀၀၀) သာရှိလိမ့်မည်ဟု ယူဆရပေမည်။

## ဗြိတိသျှခေတ်၌ တိုးတက်လာသော မူဆလင်ဦးရေ

ဇော်မင်းထွဋ်က “***အင်္ဂလိပ်ခေတ်တွင် မူဆလင်ဦးရေတိုးလာသည်ဟု မီးမောင်းထိုးပြတတ်သည်***” ဟု မကျေမနပ်ဆိုခဲ့သည်။ မီးမောင်းထိုးပြရခြင်းမှာ “***လူမျိုး၍ လူမျိုးပျောက်ရမည့်အန္တရာယ်***” ကို သတိပေးလို၍ဖြစ်သည်။ အင်္ဂလိပ်ခေတ်၌ မူဆလင်ဦးရေတိုးလာပုံကို စစ်တွေခရိုင် အရေးပိုင်မစ္စတာစမတ် (R.B. Smart)က “စစ်တွေခရိုင်ဂေဇက်တီးယား” (**Burma Gazetteer, Akyat District, Vol.A**.)၌ မှတ်တမ်းတင်ခဲ့သည်။

ရခိုင်ပြည်ကို ဗြိတိသျှတို့သိမ်းယူပြီးနောက် အုပ်ချုပ်ရေးတည်ငြိမ်လာသောအခါ ရခိုင်စစ်ပြေးဒုက္ခသည်များ မိမိဇာတိရပ်ရွာများသို့ အလုံးအရင်းနှင့်ပြန်လာကြသည်။ ဗြိတိသျှခေတ်၌ ပြန်လာကြသော လူဦးရေစာရင်းကို မစ္စတာစမတ်၏ စာအုပ်၌ အောက်ပါအတိုင်းတွေ့ရပါသည်။(စမတ် စာ–၈၁)

| ခုနှစ် | လူဦးရေ | တိုးသူ |
|---|---|---|
| ၁၈၃၂ | ၁၀၉၆၄၅ | – |
| ၁၈၄၂ | ၁၃၀၀၃၄ | ၂၁၃၈၉ |
| ၁၈၅၂ | ၂၀၁၆၇၇ | ၇၁၆၄၃ |
| ၁၈၆၂ | ၂၂၇၂၃၁ | ၂၅၅၅၄ |
| ၁၈၇၂ | ၂၇၆၆၇၁ | ၄၉၄၄၀ |
| ၁၈၈၁ | ၃၅၉၇၀၆ | ၈၃၀၃၅ |
| ၁၈၉၁ | ၄၁၆၃၀၅ | ၅၆၅၉၉ |
| ၁၉၀၁ | ၄၈၁၆၆၆ | ၆၅၃၆၁ |
| ၁၉၁၁ | ၅၂၉၉၃၄ | ၄၈၂၇၇ |

အထက်ပါဇယား၌ လူဦးရေတိုးလာရခြင်း အဓိကအကြောင်းမှာ ဗိုလ်ချင်းပြန်အရေးအခင်း၌ မြန်မာတပ်တို့၏ မောင်းထုတ်ခံရသူများ (သို့မဟုတ်) အသက်လုထွက်ပြေးလွတ်မြောက်သွားသူများသည် မိမိဇာတိမြေသို့ အလုံးအရင်းနှင့် ဝင်လာကြသောကြောင့် ဖြစ်ကြောင်း မစ္စတာစမတ်က သုံးသပ်ပြခဲ့သည်။ (စမတ် စာ–၈၁) သူ၏သုံးသပ်ချက်အတွက် သက်သေခံအထောက်အထားအဖြစ် ၁၈၄၀–ခုတွင် အစီရင်ခံခဲ့သော ဆာအာသာဖေယာ၏စာကို အောက်ပါအတိုင်း ကိုးကားတင်ပြပါသည်။

"ခေတ်ပျက်ကာလ၌ မိမိတို့နိုင်ငံ (ရခိုင်ပြည်)မှ ထွက်ပြေးခဲ့ကြပြီး စစ်တကောင်းခရိုင်တောင်ပိုင်း၊ စစ်တကောင်းကမ်းခြေကျွန်းများနှင့် ဘင်္ဂလားအဝကျွန်း၌ နေထိုင်ကြသူတို့၏ အဆက်အနွယ်များစွာတို့သည် (ရခိုင်ပြည်သို့) တဖြည်းဖြည်းပြန်လာကြသည်။ အရှေ့မြောက် မုတ်သုန်လေ တိုက်ခတ်ချိန်အတွင်း၌ လှေကြီးများသည် မိမိတို့၏ ရှိစုမဲ့စု ဝန်စည်စလည်များနှင့်အတူ လိုက်ပါလာကြသော ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များကို ဖြည့်လျက် လာကြသည်ကို မြင်နိုင်ပါသည်။ ၄င်းလှေတို့သည် ဘင်္ဂလားပင်လယ်အော်အရှေ့ဖက်ကမ်းခြေတလျှောက် တောင်ဘက်သို့ဦးတည်၍ လွန်ခဲ့သော နှစ်ပေါင်း သုံးလေးဆယ်က မိဘများစွန့်ခွါခဲ့သော ဇာတိမြေသို့ ပြန်လာကြသူများကို ပို့ရန်လာကြခြင်းဖြစ်သည်။" (စမတ်၊ စာ–၈၁)

ဆာအာသာဖေယာ၏ အထက်ပါမှတ်တမ်းသည် ရခိုင်ပြည်သို့ ပြန်လာကြသော ရခိုင်တို့အကြောင်းသာဖြစ်သည်။ ဗြိတိသျှတို့ရခိုင်ပြည်ကို အုပ်ချုပ်စကာလ၌ မြင်တွေ့ခဲ့ရသော အတွေ့အကြုံဖြစ်ပေသည်။ ***နောက်ပိုင်းကာလတွင် ရခိုင်သို့ဝင်ရောက်လာသူများ၌ ရခိုင်အပြင် မူဆလင်များနှင့် ဟိန္ဒူများလည်း ပါဝင်ခဲ့လေသည်။ မောင်တော၊ ဘူးသီးတောင်မြို့နယ်တို့တွင် စစ်တကောင်းသား မူဆလင်များ အလုံးအရင်းနှင့် ဝင်ရောက်ခဲ့ကြ၍ လူနေမှုသိပ်သည်းခဲ့သည်။*** စစ်တွေခရိုင်သို့ နှစ်စဉ်တိုးဝင်လာသော စစ်တကောင်းသားလူဦးရေကြောင့် ဖြစ်ပေါ်ခဲ့သော လူဦးရေ အထူအကဲ့သဘောကို မစ္စတာစမတ်က အောက်ပါဇယား၌ မှတ်တမ်းတင် ဖော်ပြထားပါသည်။

## ဗြိတိသျှခေတ် ရခိုင်ပြည်နယ်လူဦးရေ အထူ၊အကျဲပြဇယား

| မြို့/မြို့နယ် | ၁၉၈၁ | | | ၁၉၀ | |
|---|---|---|---|---|---|
| | ဧရိယာ | လူဦးရေ | သိပ်သည်းမှု | ဧရိယာ | လူဦး |
| စစ်တွေမြို့ | ၆ | ၃၇၉၃၈ | ၆၃၂၃ | ၆ | ၃၅၆ |
| စစ်တွေမြို့နယ် | ၅၆ | ၁၀၃၉၅ | ၁၈၆ | ၅၆ | ၁၁၇ |
| ရသေ့တောင်မြို့နယ် | ၁၂၆၉ | ၉၂၉၃၃ | ၇၃ | ၃၆၁ | ၅၃၀ |
| ပုဏ္ဏားကျွန်းမြို့နယ် | ၇၀၄ | ၄၄၇၀၀ | ၆၃ | ၇၀၄ | ၄၉၅ |
| ပေါက်တောမြို့နယ် | ၄၉၆ | ၄၀၈၇၅ | ၈၂ | ၄၉၆ | ၄၃၃ |
| မင်းပြားမြို့နယ် | ၄၈၀ | ၃၅၅၀၅ | ၇၄ | ၄၈၀ | ၄၁၆ |
| ကျောက်တော်မြို့နယ် | ၃၇၀ | ၄၅၁၈၆ | ၁၂၂ | ၃၇၀ | ၅၃၃ |
| မြို့ဟောင်း | ၁၃၂၉ | ၄၃၃၆၆ | ၃၃ | ၁၃၂၉ | ၄၉၉ |
| ဘူးသီးတောင် | – | – | – | ၉၀၈ | ၆၀၀ |
| မောင်တော | ၄၂၆ | ၆၅၄၀၇ | ၁၅၄ | ၄၂၆ | ၅၃၂ |
| စစ်တွေခရိုင်တစ်ခုလုံး | ၅၁၃၆ | ၄၁၆၃၀၅ | ၈၁ | ၅၁၃၆ | ၄၈၁၆ |

အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း မြို့နယ်အလိုက် အထူ/အကျဲ ဖြစ်ရခြင်းအကြောင်းကိုလည်း မစ္စတာစမတ်က အောက်ပါအတိုင်း ရှင်းပြထားပါသည်။

"၁၉၀၁–ခုနှစ်မှစ၍ မြို့နယ်အသီးသီး၌ လူဦးရေတိုးပွါးမှု ရှိခဲ့လေသည်။ မောင်တောမြို့နယ်မှာ ၂၁–ရာခိုင်နှုန်းတိုးပွါး၍ လူဦးရေတိုးပွါးမှုအများဆုံး မြို့နယ်ဖြစ်သည်။ မြို့ဟောင်း၌(၁၆)ရာခိုင်နှုန်း၊ မင်းပြား ၌ (၁၄)ရာခိုင်နှုန်းတိုးပွါးသည်။ စစ်တွေမြို့လူဦးရေကို သန်းခေါင်စာရင်းကောက်ယူသောအခါ စစ်တကောင်းသားလူဦးရေ အများအပြား ရှိနေချိန်နှင့် တိုက်ဆိုင်ခဲ့ပေသည်။ စစ်တွေမြို့၏ ခန့်မှန်းခြေလူဦးရေမှာ အမြဲတမ်းအားဖြင့် (၂၅၀၀၀)ထက် မကျော်လွန်တတ်ချေ။ ဧရိယာ (၁)မိုင်လျှင် လူ (၂၅၀)ရှိခဲ့သော မောင်တောမြို့နယ်သည် စစ်တွေခရိုင်၌ လူဦးရေအထူအထပ်ဆုံးဖြစ်ပေသည်။ မောင်တောမြို့နယ်၏ နယ်စပ်သည် စစ်တကောင်းဖြစ်သောကြောင့် ၎င်း၏ လူများစုသည် စစ်တကောင်းသားများဖြစ်ပေသည်။ ကျောက်တော်မြို့နယ်သည် စစ်တကောင်းသား လူဦးရေတိုးပွါးလာသောကြောင့် ၁၈၉၀ ခုတွင် လူ (၁၃၉၈၇) (တစ်သောင်းသုံးထောင်ကျော်) ရှိခဲ့ရာ ၁၉၁၁–ခုတွင် (တစ်သောင်းကိုးထောင်ကျော်) ရှိလာသည်။" (စမတ်၊ စာ ၈၂–၈၃)

မစ္စတာစမတ်က ဆက်လက်၍ လူမျိုးအလိုက် အနည်းအများကွာခြားပုံကိုလည်း အောက်ပါဇယားဖြင့် အသေအချာမှတ်တမ်းတင်ခဲ့ပါသည်။ (စမတ်–စာ–၈၃)

**ဗြိတိသျှခေတ် ရခိုင်ပြည်နယ်ရှိလူမျိုးများလူဦးရေဇယား**

| **လူမျိုး** | **၁၈၇၂** | **၁၉၀၁** | **၁၉၁၁** |
|---|---|---|---|
| ဟိန္ဒူ | ၂၆၅၅ | ၁၄၄၅၅ | ၁၄၄၅၄ |
| မဟာဗေဒင် | ၅၈၂၅၅ | ၁၅၄၈၈၇ | ၁၇၈၆၄၇ |
| မြန်မာ | ၄၆၃၂ | ၃၅၇၅၁ | ၉၂၁၈၅ |
| ရခိုင် | ၁၇၁၆၁၂ | ၁၃၉၆၄၉ | ၂၀၉၄၃၂ |
| ရှမ်း | ၃၃၄ | ၈၀ | ၅၉ |
| တောင်သားချင်း၊ခမီး၊ဒိုင်းနက် | ၃၈၅၇၇ | ၃၅၄၈၉ | ၃၄၀၂၀ |
| တခြား | ၆၀၆ | ၁၃၅၅ | ၁၁၄၆ |
| ပေါင်း | ၂၇၆၆၇၁ | ၄၈၁၆၆၆ | ၅၂၉၉၄၃ |

အထက်ပါလူဦးရေဇယားကိုလေ့လာကြည့်လျှင် ၁၉၁၁–ခုတွင်မြန်မာလူဦးရေသိသိသာသာတိုး၍၊ ရခိုင်လူဦးရေလျော့နည်းသွားကြောင်းတွေ့ကြပါမည်။ဤသို့ဖြစ်ရခြင်းမှာမြန်မာစကားပြောသူဦးရေလျော့လာသောကြောင့်ဖြစ်သည်ဟုမစ္စတာစမတ်ကဆိုပါသည်။ရခိုင်လူအရေအတွက်လျော့သည်ဆိုရာ၌ ရခိုင်စကားပြောသူဦးရေလျော့နည်းခြင်းသာဖြစ်၍လူအရေအတွက်လျော့ခြင်းမဟုတ်ကြောင်းရှင်းပြပါသည်။ (စမတ်၊စာ–၈၄)

အထက်ပါဇယား၌မဟာမေဒင်ဦးရေတိုးလာခြင်းအကြောင်းရင်းများကိုလည်းမစ္စတာစမတ်က အောက်ပါအတိုင်းရှင်းပြထားပါသည်။

“မဟာမေဒင်များသည် စစ်တွေခရိုင်၌ ၁၈၇၂ ခုနှစ်တွင် ၅၈၂၅၅ ရှိခဲ့ရာမှ ၁၉၁၁ ခုတွင်ကား၁၇၈၆၄၇ ဦး တိုးလာလေသည်။၎င်းတို့အနက် ယောကျ်ားအများအပြားမှာ အလုပ်ရာသီ၌စစ်တကောင်းမှဝင်လာသူများဖြစ်ကြ၍ ပြန်သွားသူသန်းခေါင်စာရင်း၌ပါဝင်ကြလေသည်။***အမှန်အတိုင်းပြောရလျှင်၎င်းတို့သည်ရခိုင်ပြည်သားများမဟုတ်ကြပေ။–––မောင်တောမြို့နယ်သည်စစ်တကောင်းမှဝင်လာသူများနှင့်လွှမ်းသွားခဲ့လေသည်။ဘူးသီးတောင်မြို့နယ်သည်လည်းစစ်တကောင်းသားဝင်လာသူများကိစ္စ၌မောင်တောထက်များစွာမလျော့နည်းချေ။စစ်တကောင်းမှအသစ်ဝင်လာသူများကိုစစ်တွေခရိုင်၏မြို့နယ်တိုင်းလိုလို၌တွေ့ပေလိမ့်မည်။”***(စမတ်၊စာ၈၆–၈၇)

မစ္စတာစမတ်၏သုံးသပ်ချက်ကိုကြည့်လျှင် တိုးလာသောမဟာမေဒင်ဦးရေမှာစစ်တကောင်းသားများဖြစ်ကြောင်းထင်ရှားနေသည်။ဇော်မင်းထွဋ်အစရှိသော ***“ရိုဟင်ဂျာ’***အမည်ခံသူမူဆလင်တို့က ***”မိမိတို့မှာစစ်တကောင်းသားများမဟုတ်ပါ။အာရပ်၊ပါရှား၊ပါထန်၊မူးအနွယ်များပါ’***ဟူ၍မည်သို့ပင်လုပ်ကြံလိမ်ညာတင်ပြကြသော်လည်း မစ္စတာစမတ်၏မျက်မြင်ကိုယ်တွေ့မှတ်တမ်းက ***“ရိုဟင်ဂျာ”အမည်ခံသူတို့မှာစစ်တကောင်းဒေသမှဗြိတိသျှခေတ်တွင်ဝင်ရောက်လာကြသောဘင်္ဂါလီမူဆလင်များဖြစ်ကြောင်းသက်သေခံနေပါသည်။သမိုင်းအမှန်တရားကိုမည်သူမျှလိမ်ညာဖုံးကွယ်၍မရချေ။***

ဇော်မင်းထွဋ်က၊ ဒေါက်တာဘနာဂျီ၏ လူဦးရေစာရင်းကို လက်ခံသလိုလိုနှင့်၊ အောက်ပါအတိုင်းဆင်ခြေတက်ထားသေးသည်။

“ဗြိတိသျှဝင်လာခါစ ရခိုင်ပြည်၏လူဦးရေသည် ရခိုင် ၆၀၀၀၀၊မူဆလင် ၃၀၀၀၀ ဟူ၍ဖော်ပြထားရာရခိုင်နှစ်ဦးလျှင် မူဆလင်တစ်ဦးဖြစ်နေသည်***။ယနေ့လည်းရခိုင်ပြည်၏လူဦးရေတွင်မူဆလင်ဦးရေသည်ရခိုင်လူဦးရေ၏ထက်ဝက်လောက်သာရှိသည်။*** ဗြိတိသျှခေတ်နှင့်လွတ်လပ်ရေးရပြီးခေတ်၌ ဘင်္ဂါလားမှဝင်

လာသည်ဟုတချို့စွပ်စွဲထားသည့်အတိုင်းယနေ့ရခိုင်ပြည်ရှိမူဆလင်ဦးရေသိသိသာသာတိုးပွါးလာခြင်းမတွေ့ရပေ။ အကယ်၍ ဝင်လာသူများရှိပါကလည်း ၁၈၆၄ ခုနှစ် နိုင်ငံခြားသားဥပဒေအရ ဝင်လာသူများသာဖြစ်နိုင်သည်။***နယ်ခံတိုင်းရင်းသားရိုဟင်ဂျာများနှင့်မသက်ဆိုင်ပေ။ "***(စာ-၄၃-၄၄)

ဖော်မင်းထွဋ်က အထက်ပါအတိုင်း ဆင်ခြေတက်ထားသော်လည်း စစ်တွေခရိုင်အုပ်ချုပ်ရေးအရာရှိအရေးပိုင်မစ္စတာစမတ်၏ မျက်မြင်ကိုယ်တွေ့လူဦးရေသန်းခေါင်စာရင်းကိုဖျောက်ဖျက်၍မရနိုင်ပါ။ ၄င်းစာရင်း၌ ဖော်မင်းထွဋ်ပြောသော"***နယ်ခံတိုင်းရင်းသားရိုဟင်ဂျာ***"ဟူ၍ မစ္စတာစမတ်ကမဖော်ပြခဲ့သောကြောင့် ဗြိတိသျှခေတ်တွင်"ရိုဟင်ဂျာ"လူမျိုးဟူ၍မရှိသေးကြောင်းထင်ရှားသည်။ဖယား၌ဖော်ပြသော မဟာမေဒင်ဘာသာဝင်များအနက် မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များရှိမဟာမေဒင်တို့မှာစစ်တကောင်းသားများဖြစ်ကြောင်းကိုလည်းကောင်း၊စစ်တွေခရိုင်၏မြို့နယ်တိုင်း၌လည်းအသစ်ဝင်လာသောစစ်တကောင်းသားများရှိနေကြောင်းကိုလည်းကောင်း သိလာရပေသည်။

ထို့ပြင် မိုရှေယေဂါ(Moshe Yegar)၏ မဟာဝိဇ္ဇာဘွဲ့ယူကျမ်း"မြန်မာနိုင်ငံ၏မူဆလင်များ'}(The Muslims of Burma)၌လည်းမူဆလင်လူဦးရေစာရင်းတွင်လူမျိုးအုပ်စုအမည်များကိုဖော်ပြသောအခါ "ရိုဟင်ဂျာ"ဟူသော လူမျိုးအမည်မပါဝင်ချေ။သူကအောက်ပါအတိုင်းရေးပါသည်။

"---၁၉၂၁ ခု သန်းခေါင်စာရင်း၌၊မြန်မာတနိုင်ငံလုံးရှိလူဦးရေသည်( ၁၃၁၆၈၀၉၉) ဦးဖြစ်သည်။ ၄င်းအနက်၊ မူဆလင်ဦးရေမှာ( ၅၀၀၅၉၂) ဦးဖြစ်သည်။ လူဦးရေအားလုံး၏ ( ၃.၈) ရာခိုင်နှုန်းဖြစ်သည်။ ၅၀၀၀၅၉၂ ဦးအနက် ကျား ၃၁၈၅၂၇ ဦး၊ မ ၁၈၆၀၆၅ ဦးဖြစ်၏။မြန်မာနိုင်ငံရှိ မူဆလင်များအားလုံး၏ လေးပုံတစ်ပုံသည် ၊မြန်မာမူဆလင်များ (Burma-Muslims) ဖြစ်၏။ ၄င်းတို့သည် အတန်းအစားအလိုက် ဇာဗါဒီများ(Zerbadees –မြန်မာမူဆလင်ကပြား)၊ရခိုင်မူဆလင်များ( Arakanese Muslims)၊၊ကမန်များ(The Kamans)ဖြစ်၏။ကမန်တို့ကိုရခိုင်ပြည်ရှိအခြားမူဆလင်များမှခွဲခြား၍ရေတွက်၏။ထို့နောက်ပန်းသေးများ (Panthays)၊မလေးများ(Malays)ဖြစ်၏။ တချို့မှာ မိမိကိုယ်ကိုကိုးကွယ်မှုအရ၊ မူဆလင်ဟုခံ၍၊လူမျိုးအရ မြန်မာဟုခံ၏။"(စာ-၁၁၈)

"---၁၉၃၁-ခုသန်းခေါင်စာရင်း၌ရခိုင်မူဆလင်များသည်ဘင်္ဂါလီစကားကို၄င်းတို့၏မိခင်ဘာသာစကားအဖြစ် ဖော်ပြရန်တောင်းဆိုကြ၏။စစ်တကောင်းဒေသနှင့်သံတွဲ၌လည်း ထိုအတိုင်းတောင်းဆိုကြ၏။ သို့သော်၊ ဇာဗါဒီများကား မြန်မာစကား (သို့) ရခိုင်စကားကိုသာမိခင်ဘာသာစကားအဖြစ် ဖော်ပြကြ၏။" (စာ-၁၁၉)

"---အိန္ဒိယမူဆလင်များ၌၊ စူလီယာ(Chulia)၊လေဘိုက်စ်(Lebbais)၊ မိုပ်လာ(Moplah)၊ ကာကာ (Kaka)၊ တေလူဂူ( Telugu )၊ ဒေကန်နီ(Deccanis)၊ ဂူဂျာရတီ(Gugerati)၊ စူရတီ(Soorti) ၊ စစ်တကောင်း (Chittagong) ၊နှင့်တခြားတို့ဖြစ်၏။မြန်မာမူဆလင်အုပ်စုများ၌ ဇာဗါဒီ၊ရခိုင်မူဆလင်၊ကမန်နှင့်မြေဒူးတို့ ပါဝင်၏။(စာ-၁၂၀)

မိုရှေယေဂါ၏ အထက်ရေးသားချက်များ၌"ကမန်"အမည်"စစ်တကောင်း"အမည်တို့ပါသော်လည်း "ရိုဟင်ဂျာ" ဟူသောအမည်မပါရှိချေ။ ဘာသာစကား၌လည်း မြန်မာဘာသာစကား၊ ရခိုင်ဘာသာစကား၊ ဘင်္ဂလီဘာသာစကားကိုသာ မိခင်ဘာသာစကားအဖြစ်၊ ခံယူကြကြောင်းတွေ့ရပါသည်။ ဖော်မင်းထွဋ်ပြောသော"ရိုဟင်ဂျာလူမျိုး၊ရိုဟင်ဂျာဘာသာစကား"ဟူ၍ ဗြိတိသျှခေတ်၌မရှိချေ။မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးမှ မစ္စတာဂါဖါရ်၊အမ်အေ တဟိရ်ဘာသာ စသော မူဆလင်ပညာတတ်များက လုပ်ကြံတင်ပြခဲ့ကြခြင်းဖြစ်

သည်။ဇော်မင်းထွဋ်က "နယ်ချဲ့တိုင်းရင်းသားရှိုဟင်ဂျာ"ဆိုသည်မှာလည်းသံယောင်လိုက်ခြင်းသာဖြစ်သည်။

အထက်မစ္စတာစမတ်တင်ပြသောဇယား၌၊ မူဆလင်လူဦးရေတိုးလာရသည့်ကိစ္စကို ပြန်ကောက်ရလျှင်၊စစ်တွေခရိုင်သို့ စစ်တကောင်းသားဘင်္ဂါလီမူဆလင်များအလုံးအရင်းနှင့်ဝင်လာရသည့် ကိစ္စ၌ အခြေခံအချက် (၃)ချက်ရှိကြောင်းစိစစ်တွေ့ရှိရသည်။

ပထမအချက်မှာ၊ ဗြိတိသျှအစိုးရသည်၊ မိမိ၏အုပ်ချုပ်ရေးကိစ္စနှင့်၊စီးပွါးရေးကိစ္စများကိုအကြောင်းပြု၍ အိန္ဒိယနိုင်ငံသား(ဟိန္ဒူ၊မူဆလင်)များကို***ခါးမရှိဒါးမရှိဝင်ထွက်ခွင့်ပြုခဲ့သောကြောင့်စစ်တကောင်းခရိုင်နှင့်နယ်ချင်းစပ်နေသောစစ်တွေခရိုင်သို့စစ်တကောင်းသားများအလုံးအရင်းနှင့်ဝင်လာနိုင်ခြင်းဖြစ်သည်။***

ဒုတိယအချက်မှာ စူးအက်တူးမြောင်းဖွင့်သည့်ကိစ္စနှင့်ဆက်နွယ်နေသည်။သမိုင်းပါမောက္ခဒေါက်တာကျော်သက်က ***"မြန်မာနိုင်ငံ၏စီးပွါးရေးလောကပြောင်းလဲမှုသည် အီဂျစ်နိုင်ငံစူးအက်တူးမြောင်းဖွင့်ပြီးနောက်ပိုင်း ၁၈၇၁ ခုနှစ်မှစတင်လာသည်"***ဟု ကောက်ချက်ချပြီး၊(မြန်မာနိုင်ငံ၏)အရေးပါအရာရောက်ဆုံးသောတိုးတက်မှုသည် ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်းမှ ပြည်ပရောင်းချခြင်းလုပ်ငန်းတို့တွင်ဖြစ်လေသည်။ ***ဆန်စပါးအထွက်ပိုလာခြင်းနှင့်ပြည်ပရောင်းချမှုတိုးလာခြင်းတို့သည်စူးအက်တူးမြောင်းဖေါက်လုပ်ပြီးမှသာကျယ်ပြန့်တိုးတက်လာလေသည်။"***ဟုဆိုခဲ့သည်။(ကျော်သက်၊စာ-၄၅၇၊၄၆၃) ရခိုင်ပြည်တွင်လည်း စပါးစိုက်ပျိုးခြင်းလုပ်ငန်းကိုတိုးချဲ့ခဲ့သောကြောင့်၊စီးပွါးရေးဖွံ့ဖြိုးခဲ့သည်။ တောရိုင်းများကိုခုတ်ထွင်၍လယ်မြေသစ်များကိုနှစ်စဉ်တိုးချဲ့လုပ်ကိုင်ခဲ့ကြသည်။ လယ်ယာလုပ်ငန်းအတွက်၊ တောခုတ်၊မြေတူး၊တာဆည်၊စပါးရိတ်လုပ်ငန်းများ၌ အလုပ်ကြမ်းသမားများအများအပြားလိုခဲ့သောကြောင့်၊ လုပ်ခချိုသာသော စစ်တကောင်းသားကုလားများကို ငှါးရမ်းသုံးစွဲခဲ့ကြသည်။ထို့ကြောင့် ၎င်းတို့မှာလယ်ယာအလုပ်ရာသီ၌ အလုံးအရင်းနှင့်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ ***ဝင်ရောက်လာသူတို့အနက် အချို့သာပြန်သွားကြ၍၊အချို့မှာအိုးအိမ်အတည်တကျနေထိုင်ခဲ့ကြသည်။ထို့ကြောင့်စစ်တွေခရိုင်၌မူဆလင်ဦးရေနှစ်စဉ်တိုးလာခြင်းဖြစ်သည်။***

တတိယအချက်မှာ ရခိုင်တို့သည် ကာယအားနှင့်လုပ်ရသော လယ် ယာအလုပ်ကြမ်းများကို တတ်နိုင်သမျှရှောင်ကြလေသည်။ထို့ကြောင့်၊***လယ်ယာတိုးချဲ့သူတို့သည် ၊လုပ်ခ သက်သာသော စစ်တကောင်းသားမူဆလင်များကိုလိုလို ချင်ချင်ငှါးရမ်းခိုင်းစေခဲ့ကြလေသည်။ ဤအချက်သည်လည်းမူဆလင်ဦးရေတိုးလာရခြင်းအခြေခံအကြောင်းတစ်ခုဖြစ်ခဲ့သည်။***

အထက်ပါအကြောင်းများကြောင့်၊ စစ်တွေခရိုင်သို့စစ်ဆကောင်းသားမူဆလင်များအလုံးအရင်းနှင့်ဝင်ရောက်နိုင်ခဲ့ကြရာ နယ်စပ်ဒေသမောင်တောနှင့်ဘူးသီးတောင်၌အများဆုံးဖြစ်သည်။ ၎င်းမြို့နယ်နှစ်ခုရှိမူဆလင်များ၏သမိုင်းကြောင်းကို အနည်းငယ်တင်ပြသွားပါမည်။

## <u>မောင်တောမြို့နယ်ရှိမူဆလင်များ၏သမိုင်းမှန်</u>

ဘိုးတော်ဘုရားခေတ်ရခိုင်ပြည်၌ မောင်တောမြို့နယ်သည် ယခုအနေအထားကဲ့သို့ပင် နယ်စပ်ဒေသဖြစ်သည်။နတ်မြစ်မှာ နယ်စပ်မျဉ်းဖြစ်သည်။မြစ်၏အရှေ့ဖက်ကမ်းတွင်မြန်မာတပ်များတပ်စွဲထား၍ အနောက်ဖက်ကမ်းတွင် အင်္ဂလိပ်တပ်များရှိနေသည်။ဗိုလ်ချင်းပြန်သည် အင်္ဂလိပ်ပိုင်နက်၌ လျှို့ဝှက်လူစုပြီးနတ်မြစ်ကိုဖြတ်၍ မြန်မာတပ်များကိုမကြာခဏဝင်တိုက်တတ်သည်။ထို့ကြောင့် နတ်မြစ်အရှေ့ဖက်ကမ်းမြန်မာပိုင်နက်တွင် စစ်မက်အရေးကြောင့် လူနေမှုမရှိခဲ့ချေ။

မြန်မာဘုရင်ခံသည် လူနေမှုချထားလိုသောကြောင့် ၁၇၉၂–ခုတွင် စစ်တကောင်းသားမဟာမေဒင်တို့ကို မြေကွက်အချို့၌အလုပ်လုပ်စေခဲ့သည်။ထိုအဖြစ်အပျက်ကို ဒေါက်တာဘနာဂျီက၊အာက်ပါအတိုင်းမှတ်တမ်းတင်ထားခဲ့သည်။

"–––စစ်တကောင်းသားမဟာမေဒင်တို့သည် ၁၇၉၂–ခုတွင်နတ်မြစ်ကိုဖြတ်၍မြေကွက်ငယ်အချို့ကို မြန်မာဘုရင်ခံထံမှရယူခဲ့ကြသည်။၎င်းတို့သည် လယ်လုပ်ရာ၌သုံးရန်ဟန်ဆောင်ပြီး နွားထီးရှစ်ရာ၊ကျွဲကိုးဆယ့်ငါးကောင် တို့ကိုဝယ်ယူခဲ့ကြသည်။သို့သော် နှစ်ကုန်သောအခါ ကျွဲနွားများကိုမောင်းယူ၍ စစ်တကောင်းသို့ပြန်လာခဲ့ကြလေသည်။မြန်မာဘုရင်ခံကစစ်တကောင်းတရားသူကြီးထံတိုင်တန်းဇဲ့လေသည်။ တရားသူကြီးက ရာဇဝတ်မှုကျူးလွန်သူတို့ထံမှ လျော်ကြေးအဖြစ် စုစုပေါင်းရူပီးငွေ တစ်ထောင်ကိုရရှိစေခဲ့ပြီး မြန်မာဘုရင်ခံထံသို့ပို့ပေးခဲ့လေသည်။"(ဘနာဂျီ၊စာ–၁၀၁)

ဒေါက်တာဘနာဂျီ၏ အထက်အထောက်အထားမှာ ***ဘိုးတော်ဘုရားခေတ်အတွင်းမောင်တောမြို့နယ်၌ စစ်တကောင်းသားမူဆလင်များဝင်ရောက်ခဲ့ပုံသမိုင်းအစဖြစ်ပေသည်။***မြန်မာတပ်တို့သည်ထိုနောက်ပိုင်း၌ စစ်တကောင်းသားမူဆလင်များကိုလက်မခံကြတော့ပေ။

စစ်တကောင်းသားမူဆလင်များနောက်တစ်ကြိမ်စတင်ဝင်ရောက်လာပုံကိုမောင်တောကျွန်းအုပ် ဦးမောင်ညို၏ မှတ်တမ်းစာများ၌တွေ့ရသည်။ ၎င်းစာများကိုသုတေသီ လန်ဂန်ချာတာ( **Langhan Charter** )က မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်(**JBRS, Vol 28,Part II, 1938**)၌တင်ပြခဲ့သည်။

ယင်းစာများအနက် အင်္ဂလိပ်မြန်မာပထမစစ်ပွဲ၌ ပါဝင်ခဲ့သူ ဗိုလ်မှူးရော်ဘင်ဆင်က ၁၈၂၆ ခုနှစ် တွင် ရန္တပိုစစ်စခန်းမှ ရခိုင်အုပ်ချုပ်ရေးမှူးပါတင်(**Paton**)ထံပေးပို့သောစာမှာ အစောဆုံးမှတ်တမ်းဖြစ်သည်။ ယင်းစာတွင်ရော်ဘင်ဆင်က မောင်ညိုအား ၁၈၂၄–၂၅ ခု ရခိုင်စစ်မြေပြင်၌ မြန်မာနှင့်အင်္ဂလိပ်တို့တိုက်ကြစဉ် အင်္ဂလိပ်တို့ထံအမှုထမ်းခဲ့သောကြောင့် မောင်တောကျွန်းအုပ်ခန့်ရန်ထောက်ခံထားသည်။

စာအမှတ်(၅)တွင် ကျွန်းအုပ်မောင်ညိုသားအောင်ဖြူသည် အခွန်တော်ရူပီးငွေ ၇၁၉၃ ကျပ်ထိကောက်ခံပေးကြောင်း၊ ၎င်း၏ဘခင်မောင်ညိုသည် ၁၈၂၃ ခုကပင် ရှင်မဖြူကျွန်းအုပ်ဖြစ်ခဲ့၍ အခွန်တော်ငွေ ရူပီးငွေ ၇၀၀ ကျပ်ကောက်ခံပေးခဲ့ကြောင်း၊ အခွန်တော်တိုးတက်ရရှိစေရန် ရည်ရွယ်၍ စစ်တကောင်းသားများကိုခေါ်ယူပြီး နတ်နယ်မြေ၌ ရပ်ရွာများထူထောင်ပေးခဲ့ကြောင်း၊ ထို့ကြောင့် မောင်ညို၏သားအောင်ဖြူအား ၁၈၆၀ ခု စက်တင်ဘာလ ၁၇ ရက်နေ့၊မြန်မာသက္ကရာဇ် ၁၂၂၃ ခုသီတင်းကျွတ်လဆုတ် ၃ ရက်နေ့၌ ကျွန်းအုပ်ရာထူးကိုခန့်အပ်လိုက်ကြောင်းဖော်ပြထားသည်။

စစ်တွေခရိုင်၊ဂေဇက်တီးယားအတွဲ(ခ)၌ မောင်တောမြို့နယ်တွင်ကျေးရွာပေါင်း ၁၄၈ ရွာအိမ်ခြေ ၂၀၉၀၁ ဆောင်၊ လူ ၁၁၈၂၀၅ ဦးရှိသည်ဟုဖော်ပြထားသည်။ ဗုဒ္ဓဘာသာလုံးဝမရှိ(သို့)ဆယ်ဦးမပြည့်သောရွာပေါင်း ၄၆ ရွာရှိ၍ မဟာမေဒင်လုံးဝမရှိ(သို့)ဆယ်ဦးမပြည့်သောရွာပေါင်း ၁၉ ရွာရှိသည်။ ရခိုင်နှင့် ကုလားတွဲနေသော ရွာပေါင်း ၁၂၁ ရွာရှိသည်။ လူဦးရေတစ်သိန်းကျော်အနက် ဗုဒ္ဓဘာသာ ၂၂၇၆၂ ဦးသာရှိ၍ စစ်တကောင်းသားမူဆလင် မှာ ၉၀၇၁၄ ဦးရှိကြောင်းမှတ်တမ်းတင်ထားသည်။ (စာ ၄၇–၅၁)

ထို့ပြင် မစ္စတာစမတ်က စစ်တကောင်းသားဦးရေတရွေ့ရွေ့တိုးလာမှုကို အကြောင်းပြု၍ ဒေသခံရခိုင်သားတို့အားသတိပေးခဲ့သည်။ သူက " မောင်တောမြို့နယ်သည် စတုရန်းမိုင် ၄၄၀ ရှိ၍ ၁၉၁၁ ခုနှစ်၌ လူဦးရေ ၁၃၁၁၃၄ ဦးရှိသည်။ စတုရန်းတစ်မိုင်လျှင် ၂၃၀ ဦးနေထိုင်၍ စစ်တွေခရိုင်၌ လူဦးရေအထူထပ်ဆုံးဖြစ်သည်။ ––– စုစုပေါင်းလူဦးရေ အနက် ၇၇ ရာနှုန်းကျော်မှာ စစ်တကောင်းသားများဖြစ်ကြသည်။ စစ်တကောင်းသား

များဝင်ရောက်မှုသည်တဖြည်းဖြည်းဆက်လက်ဖြစ်နေသည်။ ယင်းဝင်ရောက်မှုသည်ဒေသခံရခိုင်များကို အရှေ့ဖက်သို့မောင်းထုတ်နေသည်။ ပျင်းရိသောရခိုင်တို့သည် ဝီရိယရှိ၍ချွေတာတတ်သောစစ်တကောင်းသားတို့ ဝင်ရောက်လာမှုကိုတောင့်မခံနိုင်ကြချေ။ အကယ်၍ ရခိုင်တို့သည် မိမိတို့၏ပျင်းရိဖြုန်းတီးတတ်သောအလေ့အထများကိုသာ ဆက်လက်ပြုကျင့်နေကြဦးမည်ဆိုလျှင် ***ယခုမောင်တောမြို့နယ်၌ဖြစ်နေသော အခြေအနေကဲ့သို့ စစ်တွေခရိုင်တစ်ခုလုံးသည် စစ်တကောင်းသားတို့၏လက်ထဲသို့ရောက်သွားပေလိမ့်မည်***" (စမတ်၊စာ–၂၃၂)

မစ္စတာစမတ်၏ ၁၉၁၇ ခု ကသတိပေးခဲ့သောစကားဖြစ်ပါသည်။ ၄င်းစကားကို ယခု ၂၁ ရာစုဆန်းစ အခြေအနေနှင့်ချိန်ထိုးဆန်းစစ်ကြည့်လျှင် စစ်တွေခရိုင်သည် စစ်တကောင်းသားမူဆလင်များလက်ထဲသို့ မရောက်သေးသော်လည်း ***"၄င်းတို့က လူဦးရေတိုးပွါးအောင် နည်းမျိုးစုံသုံးပြီး တဖြည်းဖြည်းဝါးမျိုလိုက်ရန် အားထုတ်နေကြကြောင်း တွေ့ရသည်။ ဖော်မင်းထွင့်ုတင်ပြခဲ့သော မူဆလင်ဦးရေ အင်အားပြအချက်များသည် စစ်တွေခရိုင်တစ်ခုလုံးကိုသာမဟုတ် ရခိုင်ကမ်းမြောင်တစ်ခုလုံးကို "ရိုဟင်ဂျာ" အမည်ခံ စစ်တကောင်းသား မူဆလင်များလက်ထဲသို့ ရောက်ရှိရေး ရည်မှန်းချက်နှင့် တင်ပြခြင်း ဖြစ်ပေသည်။"***

မောင်တောမြို့နယ်၌ စစ်တကောင်းသား မူဆလင်များ တိုးလာသကဲ့သို့ ဘူးသီးတောင်မြို့နယ်သို့ စစ်တကောင်းသားများ ဝင်ရောက်လာပုံကိုလည်း ဆက်လက်တင်ပြသွားပါမည်။

## ဘူးသီးတောင်မြို့နယ်ရှိ မူဆလင်များ၏ သမိုင်းမှန်

ဘူးသီးတောင်မြို့နယ်သည် မောင်တောမြို့နယ်နှင့်တစပ်တည်းဖြစ်သည်။ မြို့နယ်နှစ်ခုအကြားတွင် မယူတောင်တန်းကာဆီးထားသည်။ သို့သော် တောင်ကြားလမ်းအများရှိပြီး ၁၉၁၉–ခုမှစ၍ မီးရထားလမ်း (ယခုကားလမ်း) ဖောက်လုပ်နိုင်ခဲ့သဖြင့် ကူးသန်းသွားလာမှုမပြတ်ရှိသည်။ မောင်တောမြို့နယ် ကဲ့သို့ပင် စစ်တကောင်းသား မူဆလင်များ ဝင်ရောက်အခြေစိုက်ခဲ့သော မြို့နယ်တစ်ခုဖြစ်သည်။

စစ်တွေခရိုင် ဂေဇက်တီးယားအပိုင်း (ခ)အရ ၁၉၂၂–ခု သန်းခေါင်စာရင်းတွင် စုစုပေါင်း လူဦးရေ ၇၈၄၉၇ –ဦး၊ ၄င်းဦးရေအနက် ဗုဒ္ဓဘာသာ ၂၉၅၉၄–ဦး၊ မူဆလင် ၄၂၈၅၄–ဦး ရှိကြောင်း ဖော်ပြထားသည်။

ဘူးသီးတောင်မြို့နယ်သို့ စစ်တကောင်းသားများ မည်သည့်ကာလမှစတင်၍ ဝင်ရောက်အခြေစိုက်ခဲ့ကြောင်း မှတ်တမ်းမတွေ့ရသေးပါ။ ၁၉၀၁–ခု သန်းခေါင်စာရင်း၌ သာစတင်တွေ့ရသည်။ ထို့ပြင် ဘူးသီးတောင်ဇာတိဖြစ်သူ ဗြိတိသျှခေတ်နှင့် လွတ်လပ်ရေးခေတ် ရခိုင်နိုင်ငံရေး ခေါင်းဆောင် ဦးစံထွန်းအောင် (၁၈၉၉–၁၉၈၅) သည် "ကိုယ်တွေ့မေယုမြေနှင့် ရိုဟင်ဂျာ" စာတမ်းကို ပြုစုခဲ့သည်။ ၄င်းစာတမ်း၌လည်း စစ်တကောင်းသားများ ၁၉၀၄–ခုနှစ်မှစ၍ အခြေစိုက်ကြပုံကို မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။

ဦးစံထွန်းအောင်၏ အဆိုအရ ဘူးသီးတောင်မြို့နယ်၌ ၁၉၀၅–ခုနှစ်တွင် ရခိုင် ကျေးရွာ (၁၂၄)ရွာရှိ၍ (၁၁)ရွာ၌ ကုလားများ နေထိုင်ခဲ့ကြသည်ဟု ဆိုသည်။ ၁၉၄၂–ခုသို့ ရောက်သွားအခါကား ရခိုင်ရွာ (၄၂)ရွာသို့ ကုလားများ ဝင်ရောက်အခြေစိုက်နေထိုင်ခဲ့ကြသည်ဟု ဆိုသည်။ စစ်တကောင်းသား မူဆလင်များ အဘယ့်ကြောင့် အံ့ဘွယ်တိုးပွါးလာခဲ့ရသနည်းဆိုသော အမေးအတွက် ဦးစံထွန်းအောင်က ၁၉၃၇–ခု ခွဲရေးတွဲရေး နိုင်ငံရေး အပြောင်းအလဲကြောင့် ဤသို့ တိုးပွါးလာခဲ့ရသည်ဟု ၄င်းစာတမ်း စာ (၈၅)တွင် အောက်ပါအတိုင်း သုံးသပ်မှတ်တမ်းတင်ထားပါသည်။

" –––၁၉၃၅ ခုနှစ် မြန်မာပြည်ကို အိန္ဒိယပြည်နှင့် ခွဲခွါရန် ဗြိတိသျှ ပါလီမန်မှ ဆုံးဖြတ်လိုက်လေသည်။ ထိုဆုံးဖြတ်ချက်အရ အိန္ဒိယမှ ခေါင်းဆောင်ကြီး မစ္စတာ ဆာကာ ခေါင်းဆောင်သော အဖွဲ့နှင့် မြန်မာပြည်မှ ဂျူန်ဦးစောအစိုးရတို့ လူဝင်လူထွက် စာချုပ်တစ်ခုကို ကြိုတင်ချုပ်ဆိုလိုက်ကြလေသည်။ ထိုဥပဒေ၌ဖြစ်လတ္တံ့သော

မြန်မာပြည် လူဝင်လူထွက် ဥပဒေများအရ လိုက်နာဆောင်ရွက်ခြင်းများကို စာချုပ်ချုပ်ဆိုသော နေ့မှစ၍ သုံးနှစ်အတွင်း ရပ်တန့်ထားရန်များ ပါဝင်သည်။

ကျွန်ုပ်တို့၏ ဆန္ဒများမှာ မြန်မာပြည်ကို ခွဲထုတ်လိုက်သည်နှင့် တပြိုင်နက် လူဝင်လူထွက်ဥပဒေကို အတည်ပြု၍ လူဝင်မှုကို ရပ်စဲလိုက်စေလိုသည်။ သို့သော် ကြိုတင်၍ ပြည်သူ့ဆန္ဒအရ ရယူလျက် ချုပ်ဆိုသော စာချုပ်မဟုတ်သည်တကြောင်း၊ နှစ်ဖက်အစိုးရတို့ သဘောတူလက်မှတ်ရေးထိုးကာ မင်းတိုင်ပင်အစည်းအဝေးမှ အတည်ပြုလိုက်ပြီးဖြစ်နေသောကြောင့် တစ်ကြောင်း ကျွန်ုပ်တို့၏ ဆန္ဒသည် ဘာမှခရီးမရောက်ချေ။

***ခွဲထွက်ရေးကို စတင်ဆွေးနွေးလိုက်သည်နှင့်တစ်ပြိုင်နက် စစ်တကောင်းခရိုင်ပြို၍ ပြေးလာသည့်အလား ဝင်လာလိုက်သည့်ကုလားများမှာ အဆုံးအစမရှိတော့ချေ။ မင်းလမ်း၊ သဘော်ဆိပ်၊ မြို့တွင်း၊ မောင်တောမှ ဘူးသီးတောင်သို့ လာရာလမ်းကြီးတို့တွင် ကုလားများနှင့် ပြည့်ကျပ်နေလေတော့သည်။***ဤလည်း ကုလားတိုးဝင်မှုကြီး တစ်ရပ်ဖြစ်ပေသည်။ တိုးဝင်လာသော ကုလားများသည် ယခင်စပါးရိတ်ရန်လာသော ရခိုင်ပြည်တွင် အလုပ်လုပ်ကိုင် စားသောက်လိုသည့် ကုလားများ ဖြစ်ကြလေသည်။ ယခင်စပါးရိတ်ရန် လာစဉ် ပြန်လေ့ရှိသူများမှာလည်း မလာနိုင်၊ ပြန်လည်းမပြန်နိုင်မည်ကို စိုးရိမ်လျက် "ဦးစော–ဆာကာစာချုပ်" ကို အကာအကွယ်ယူ၍ အမြဲနေထိုင်ရန် ဝင်လာခဲ့ကြသူများ ဖြစ်လေသည်။ ........***ဤသို့ ကုလားများ (၃)နှစ် (၃)မိုး ကာလအတွင်း ဒလဟောဝင်လာလိုက်ကြသဖြင့် မည်သည့်အခါမျှ ရပ်ရွာဟူ၍ မရှိဘူးသော လယ်စပ်၊တောင်ခြေများ၌ ကုလားရွာများ တည်ရှိလာကြသည်ကို တွေ့ရလေသည်။ ရှိရင်းရွာများမှာလည်း နှစ်ဆသုံးဆကြီးလာလေသည်။ အချို့အိမ်ခြေ လျော့ပေါ့လာသော ရခိုင်ရွာကြီးများတွင်လည်း ဝင်ရောက်နေထိုင်ကြလေသည်။***

အင်္ဂလိပ်လက်အောက်၌ ကျွန်သဘောက်ဖြစ်နေသည့်အပြင် လက်ရှိ ဦးစောအစိုးရကလည်း သဘောတူနေကြပြီးဖြစ်ရာ ကျွန်ုပ်တို့မှာ ဘာမှပြောခွင့်မရှိ။ ကြည့်နေရုံသာရှိလေသည်။ အရာရှိများမှာလည်း ခရိုင်အဆင့်ရှိ အရာရှိများအားလုံးပင် အင်္ဂလိပ်များချည်းသာဖြစ်နေကြ၍ မည်သူမျှ ဤကိစ္စကို အရေးယူရန်မရှိ။ အရေးလည်းမယူနိုင်ချေ။ စာချုပ်ကခွင့်ပြုပြီးသားဖြစ်နေလေပြီ။"

ဦးစံထွန်းအောင်၏မှတ်တမ်းအရ ဘူးသီးတောင်မြို့နယ်၌ ၁၉၃၅ ခုတွင် စစ်တကောင်းသား မူဆလင်များတိုးလာသကဲ့သို့ မောင်တောမြို့နယ်၌လည်းအလားတူတိုးလာလိမ့်မည်ဟုယူဆရသည်။

## စုံစမ်းရေးကော်မရှင်၏ စစ်တကောင်းသားဝင်ရောက်မှုအစီရင်ခံစာ

စစ်တေကောင်းသားမူဆလင်များတံခါးမရှိ ဒါးမရှိ ဝင်လာမစဲရှိနေခဲ့သည်ကို ဗြိတိသျှအာဏာပိုင်တို့ သတိပြုမိခဲ့ကြသည်။ ၎င်းတို့သည် နောင်အခါ၌ ဒေသခံရခိုင်၊ဗုဒ္ဓဘာသာများအတွက်နောင်အခါ၌ အန္တရာယ်ရှိနိုင်ကြောင်းကိုလည်း ဆင်ခြင်မိကြသည်။ ထို့ကြောင့် ၁၉၃၉ ခုနှစ်တွင် စစ်တကောင်းသားမူဆလင်များ ဝင်ရောက်မှုကိစ္စကို စိစစ်ရန် အထူးစုံစမ်းရေးကော်မရှင်တစ်ခုကိုဖွဲ့ပေးခဲ့သည်။ ယင်းအဖွဲ့၏အစီရင်ခံစာကောက်နုတ်ချက်များကို ရခိုင်နိုင်ငံရေးခေါင်းဆောင်ဦးလှထွန်းဖြူ၏ " ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက်" စာအုပ်၌ ဖော်ပြထားသည်။ ၎င်းစာအုပ် (စာ ၉၂–၉၆) မှလိုရင်းကောက်နုတ်၍တင်ပြသွားပါမည်။

" ––– စုံစမ်းရေးကော်မရှင်တွင် မင်းကြီးမစ္စတာဂျိမ်းဘတ်စ်တာ (**James Baxter**) က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍၊ ဦးတင်ထွတ်နှင့်မစ္စတာ အာရ်ဒီဆိုင်း(ရန်ကုန်တက္ကသိုလ်ပါမောက္ခ)တို့အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ ထိုကော်မရှင်၏ အစီရင်ခံစာအခန်း(၇)စာမျက်နှာ ၄၉ တွင် ၁၉၃၁ ခုနှစ်ကောက်ယူသော သန်းခေါင်

စာရင်းအရ ရခိုင်တိုင်းသို့ဝင်ရောက်လာသော အိန္ဒိယတိုင်းရင်းသားများစာရင်းကို အောက်ပါအတိုင်းဖော်ပြထား ပါသည်။

| | |
|---|---|
| ရခိုင်တိုင်းလူဦးရေ | ၁၀၀၈၅၃၈ |
| အိန္ဒိယတိုင်းရင်းသားဦးရေ | ၂၁၇၈၀၀ |

ခရိုင်အလိုက်ပြန့်နှံ့နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသားဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| စစ်တွေခရိုင် | ၂၁၀၉၉၀ |
| ရခိုင်တောင်တန်းဒေသ | ၅၀၀ |
| ကျောက်ဖြူခရိုင် | ၄၃၂၂ |
| သံတွဲခရိုင် | ၁၉၉၀ |
| **စုစုပေါင်း** | **၂၁၇၈၀၀** |

စစ်တွေခရိုင်တွင်လူဦးရေ ၆၃၇၅၈၀ ရှိသည့်အနက် ၂၁၀၉၉၀ မှာ အိန္ဒိယတိုင်းရင်းသားများဖြစ်ကြသည်။ ယင်းစာရင်းအရ စစ်တွေခရိုင်တွင်နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသားများမှာ ရခိုင်တတိုင်းလုံးရှိ အိန္ဒိယတိုင်း ရင်းသားများ၏ ၉၇% ရာခိုင်နှုန်းဖြစ်လေသည်။ --- ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရ စစ်တွေခရိုင်တွင် ရှိသော ကုလားအလုပ်သမား ၇၁၃၀၆ ယောက်ရှိသည့်အနက် ၆၉၄၆၁ ယောက်တို့မှာ အောက်ပါလုပ်ငန်းများ တွင် ပါဝင်လုပ်ကိုင်ကြသည်။

| အလုပ်အကိုင် | ဦးရေ |
|---|---|
| စိုက်ပျိုးရေး | ၄၂၉၄၇ |
| စာရေးစာချီ | ၇၄၄ |
| လက်မှုပညာသည် | ၃၃၄၇ |
| ကျွမ်းကျင်/တဝက်တပျက်ကျွမ်းကျင်အလုပ်သမား | ၁၆၄၂၉ |
| ကုန်သည်နှင့်၄င်းတို့ထံလုပ်ကိုင်သူ | ၅၉၉၄ |
| **စုစုပေါင်း** | **၆၉၄၆၁** |

အထက်ပါစာရင်းများအနက် ကုလားလူမျိုး ၉၄၄၂ ယောက်မှာ ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ် သည်။ ၁၂၈၄၈ ယောက်မှာ သူတပါးလယ်ကိုလုပ်ကိုင်သူဖြစ်သည်။ ၁၉၄၃၆ ယောက်မှာ လယ်စာရင်းငှါးများဖြစ် ကြသည်။ လယ်စာရင်းငှါးများအနက် ၅၅၇၀ ယောက်မှာ အိန္ဒိယတွင်ဖွားမြင်သူများဖြစ်သည်။

---- ပြည်သူ့ကျန်းမာရေးဌာနညွှန်ကြားရေးဝန်၏ ၁၉၃၀-၃၁ ခုနှစ်အစီရင်ခံစာတွင်သာမန်အားဖြင့် တစ်နှစ်လျှင် စစ်တကောင်းသားကူလီပေါင်း ၄၀၀၀၀-ခန့် စစ်တွေခရိုင်သို့ဝင်ရောက်လေ့ရှိကြောင်းဖော်ပြပါရှိ သည်။

၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းကောက်ချိန်တွင် စစ်တွေခရိုင်အတွင်း၌ အိန္ဒိယတိုင်းရင်းသားယောကျ်ား (လူမျိုးပေါင်းစုံ) ၂၅၁၉၄၅ ယောက်ရှိသည်ဟုဖော်ပြထားသည်။

---အထက်ဖော်ပြခဲ့သောစုံစမ်းစစ်ဆေးရေးကော်မရှင်သည် ရခိုင်တိုင်းမှ ဥပဒေပြုကိုယ်စားလှယ် (၇) ဦးအပါအဝင် သက်သေ (၈)ဦးကိုစစ်ဆေးမေးမြန်းခဲ့ကြသည်။ ယင်းတို့၏တင်ပြချက်မှာ ရခိုင်တိုင်းသို့ နှစ်စဉ် နှစ်တိုင်းစစ်တကောင်းကုလားများဤသို့အများအပြားဝင်ရောက်ရခြင်းမှာ ရခိုင်လူမျိုးအဖို့မဆိုထားဘိ၊ ရခိုင်တွင် အခြေစိုက်နေထိုင်လျက်ရှိသော ကုလားလူမျိုးများပင်မနှစ်မြို့ကြဟုဆိုကြသည်။ ယခုအတိုင်းသာ ရခိုင်သို့ -

စစ်တကောင်းကုလားများအဆက်မပြတ်ဝင်လာနေခြင်းကို မတားဆီးခဲ့လျှင် နောင်အနာဂတ်တွင် လူမျိုးရေးအဓိကရုဏ်းများဖြစ်ပွားမည်ကို စိုးရိမ်ရပါသည်ဟုဆိုကြသည်။ --- သက်သေများအားလုံးတို့က ရခိုင်တိုင်းသို့ ဝင်ရောက်လာသော စစ်တကောင်းကုလားများကို ကန့်သတ်တားမြစ်သင့်ပြီဟု တညီတညွှတ်တည်းတင်ပြကြပါသည်။

ဝင်လာမစဲဖြစ်နေသောကုလားအုပ်ကြီးများကို ဗြိတိသျှတို့စိုးရိမ်လာပြီးစုံစမ်းရေးပြုလုပ်ခဲ့ရာ၌ ဒုတိယကမ္ဘာစစ်ကြီးကြောင့် မည်သို့မျှအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြပေ။ ”(စာ ၉၂-၉၆)

စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာကောက်နုတ်ချက်ကိုလေ့လာသုံးသပ်ကြည့်လျှင် ရခိုင်ပြည်နယ်၌ (အထူးသဖြင့် စစ်တွေခရိုင်၌) ယခုရှိနေသောမူဆလင်အများစုမှာ ဗြိတိသျှခေတ်၌ တံခါးမရှိ ဒါးမရှိဝင်ရောက်အခြေစိုက်နေထိုင်ခဲ့ကြသော စစ်တကောင်းသား ဘင်္ဂါလီများဖြစ်ကြောင်း ထင်ရှားပါသည်။ ဤကိစ္စကြောင့် နောင်ကာလ၌ လူမျိုးရေးအဓိကရုဏ်းဖြစ်လာမည်ကိုကြိုတင်မှန်းဆသိရှိခဲ့ကြသော်လည်း အချိန်မီဖြေရှင်းမပေးနိုင်ခဲ့၍ ဒုတိယကမ္ဘာစစ်အတွင်း၌ ကုလားရခိုင် အဓိကရုဏ်းဖြစ်ပွားခဲ့ရလေသည်။

ဤအဓိကရုဏ်း၏ ဒဏ်ရာဒဏ်ချက်များမှာ အထူးပြင်းထန်လှသောကြောင့် ယင်း၏ ဆိုးကျိုးများကို ရခိုင်သားတို့ယခုထိခံနေရဆဲဖြစ်ပါသည်။ ဤကိစ္စကိုအခန်း(၆)တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

အခန်း(၄)၌ အထက်ဖော်မင်းထွဋ်ရေးခဲ့သော “ ရခိုင်တို့မူဆလင်ဇာတ်ဝင်ခဲ့သည့် ”ဆိုသောတင်ပြချက်၊ “ ရခိုင်ပြည်၌--- မူဆလင်များသိန်းသန်းချီရှိနေခဲ့ကြောင်း” တင်ပြချက်များကို ခြုံငုံသုံးသပ်ကြည့်လျှင် ဖော်မင်းထွဋ် သည် မျက်မှောက်ရခိုင်ပြည်နယ်ရှိ မူဆလင်ဦးရေကို ရှေးခေတ်ကပင်ရှိနေခဲ့သော တိုင်းရင်းသား မူဆလင်များဖြစ်ကြောင်း ကြိုးစားတင်ပြခြင်းဖြစ်ကြောင်းတွေ့ရသည်။ သူ့တင်ပြချက်များမခိုင်လုံကြောင်းကို ဒေါက်တာ ဘနာဂျီ၏ ဗြိတိသျှတို့သိမ်းယူစလူဦးရေ(၃၀၀၀၀) စာရင်းကသက်သေခံနေသည်။ ထို့ပြင် ဗြိတိသျှခေတ်၌ စစ်တကောင်းသား ဘင်္ဂါလီများတိုးလာပုံကို မျက်မြင်ကိုယ်တွေ့မှတ်တမ်းတင်ခဲ့သူ မစ္စတာ စမတ်ကလည်း စစ်တွေခရိုင်တစ်ခုလုံးရှိ မူဆလင်အများစုမှာ စစ်တကောင်းသားမူဆလင်များသာဖြစ်ကြောင်းသက်သေခံပြီး ၊ နောင်ကာလ၌ ရခိုင်တို့ကို ဝါးမျိုသွားနိုင်သည်ဟူ၍ပင်နိမိတ်ဖတ်သတိပေးခဲ့သေးသည်။ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာကလည်း စစ်တွေခရိုင်၌ စစ်တကောင်းသားများအဆက်မပြတ်တိုးနေသည်ကို ကောင်းစွာသတိပြုမိ၍ အနာဂတ် အန္တရာယ်အဖြစ်ကြိုတင်မှန်းဆပြီး ၄င်းတို့ဝင်ရောက်မှုကို ဟန့်တားသင့်ကြောင်း အစီရင်ခံခဲ့သည်။ ဤသက်သေခံချက်တို့က ဖော်မင်းထွဋ်၏ လက်ရှိမူဆလင်ဦးရေကို ရှေးခေတ်ကပင်ရှိခဲ့လေဟန်တင်ပြပြီး၊ စစ်တကောင်းသား ဘင်္ဂါလီမူဆလင်များကိုတိုင်းရင်းသားဖြစ်ကြောင်းလုံးထွေးလုပ်ပတ်ရေးသားချက်တို့သည် “ ဆင်သေကိုဆိတ်ရေဖြင့်ဖုံး ”ရန်အားထုတ်ချက်များသာဖြစ်ကြောင်းပေါ်လွင်နေသည်။

အထက်စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာကောက်နုတ်ချက်ပါသော အိန္ဒိယတိုင်းရင်းသားလူမျိုးပေါင်းစုံဦးရေ ၂၅၁၉၄၅ ဦးမှ ၁၉၁၁ ခုသန်းခေါင်စာရင်းပါ ဟိန္ဒူဘာသာဝင်ဦးရေ ၁၄၄၅၄ ဦးကိုနုတ်လိုက်လျှင် အကြမ်းဖျင်းအိန္ဒိယတိုင်းရင်းသားမူဆလင်ဦးရေ နှစ်သိန်းကျော်(၂၃၇၄၉၁) ရှိကြောင်းတွေ့ရသည်။ ဒေါက်တာ ဘနာဂျီ၏ စာအုပ်အရ ၁၈၂၅ ခု၌ မူဆလင်ဦးရေ (၃၀၀၀၀)ရှိခဲ့ရာမှ ၁၉၃၁ ခုတွင် မူဆလင်ဦးရေ (၂၀၇၄၉၁) ဦးရှိလာသည်ဟု ဆိုရပေမည်။ တစ်နှစ်လျှင် မူဆလင်ဦးရေ ၂၉၇၆ ဦးခန့်တိုးခြင်းဖြစ်သည်။ ၁၉၃၁ ခုမှ ၁၉၇၁ ခုထိ မူဆလလင်ဦးရေတိုးမှုစာရင်းကို နောက်ဆက်တွဲ(၃) ၌တင်ပြထားပါသည်။

## ဦးသိန်းဖေမြင့်၏ စာကိုအလွဲသုံးစားလုပ်သူ

ဖော်မင်းထွဋ်သည် “ ရိုဟင်ဂျာ ” အမည်ခံသူ မူဆလင်တို့၌ ဘင်္ဂါလီစကား၊စာပေနှင့် မတူသော သီးခြား စကားနှင့်စာပေရှိလေဟန်လုပ်ကြံတင်ပြခဲ့ရာ၊ လိမ်ညာမှုသာဖြစ်ကြောင်း၊အခန်း(၂)၌ စိစစ်ဝေဖန်တင်ပြခဲ့သည်။ ယခုအခန်း(၄)တွင် “ ရိုဟင်ဂျာနှင့်ဘင်္ဂါလီကွဲပြားမှု ” ခေါင်းစဉ်ငယ်ဖြင့် ရိုဟင်ဂျာစကားစာပေဟူ၍တသီးတခြား ရှိလေဟန်ထပ်မံတင်ပြပြန်သည်။

သူက “ -- ဘင်္ဂါလီနှင့်ဝတ်စားဆင်ယင်မှုသည်လည်းကွဲလွဲသည်။ ဘင်္ဂါလီများသည် အင်္ကျီရှည်ဝတ် ပြီး အပြင်ထုတ်ဝတ်သည်။ ရိုဟင်ဂျာများက မြန်မာအင်္ကျီကို လုံချည်အတွင်းထည့်၍ဝတ်ကြသည်။ ဘင်္ဂါလီ အမျိုးသမီးများဆာရီရှည်ခြုံ၍ရိုဟင်ဂျာအမျိုးသမီးများက မြန်မာအမျိုးသမီးအင်္ကျီနှင့်တူသော လက်ရှည်ရင်ဖုံး အင်္ကျီမျိုးဝတ်ကြသည် ” စသည်ဖြင့် တင်ပြသည်။

ဖော်မင်းထွဋ်၏ အာဘော်မှာဝတ်စားပုံကွဲပြားသောအချက်များသည် လူမျိုးချင်းမတူကြောင်းတိုင်းတာ သော ပြဒါးတိုင်ဖြစ်ကြောင်းဆိုလိုဟန်ရှိသည်။ ဤအချက်သည် လူမျိုးနှစ်မျိုးခွဲခြားရာ၌ အရေးကြီးသောအချက် မဟုတ်ချေ။ ပတ်ဝန်းကျင်လွှမ်းမိုးခံရခြင်းသာဖြစ်သည်။ အင်္ဂလိပ်၊ပြင်သစ်စသော ဥရောပသားတို့ဝတ်ဆင်သည့် ဘောင်းဘီ၊ ကွတ်အင်္ကျီဝတ်ဆင်ရုံနှင့် အင်္ဂလိပ်လူမျိုး၊ပြင်သစ်လူမျိုးဖြစ်လာမည်မဟုတ်ချေ။ အဓိကကျသော အချက် များကိုသာကြည့်ရမည်။ ဘာသာစကား၊ယုံကြည်ကိုးကွယ်မှု၊ဖွား၊သေလက်ထပ်ရာတို့၌ လိုက်နာကျင့်သုံးမှု၊ စသော လူမျိုးတစ်မျိုး၏ သီးခြားလက္ခဏာကိုဆောင်နိုင်သည့် ဓလေ့ထုံးစံများကိုနှိုင်းယှဉ်ကြည့်ဖို့လိုသည်။ ပြီးမှ လူမျိုး နှစ်မျိုး၏ တူညီမှုကွဲပြားမှုကို သိနိုင်မည်ဖြစ်သည်။

ယခု“ ရိုဟင်ဂျာ ”အမည်ခံသူ မူဆလင်တို့နှင့် စစ်တကောင်းသား ဘင်္ဂါလီမူဆလင်တို့မှာ ဘာသာစကား တူကြသည်။ ဖော်မင်းထွဋ်က စာ(၂၄)၌ “ --- (ရိုဟင်ဂျာစကားသည်) အာရေဗီ၊ပါရေစီ၊အူရ်ဒူ၊ဘင်္ဂါလီ၊ရခိုင် ဘာသာစကားများရောနှော၍ သမိုင်းကြောင်းအရဖြစ်ပေါ်လာသော သီးခြားဘာသာစကားဖြစ်သည် ” ဟုပြောခဲ့ သော်လည်း၊ ဗြိတိသျှခေတ်သန်းခေါင်စာရင်းက စစ်တွေခရိုင်ရှိမူဆလင်များမှာ ဘင်္ဂါလီစကားပြောသော စစ်တကောင်းသားမူဆလင်များဖြစ်ကြောင်းသက်သေခံထားပြီးဖြစ်သည်။ မျက်မှောက်ခေတ်စစ်တွေခရိုင်ရှိ မူဆလင် များလည်းစစ်တကောင်းသား ဘင်္ဂါလီစကားမျိုးသာပြောကြလေသည်။ တခြားအရေးကြီးသောဓလေ့ထုံးစံများ လည်း အစ္စလာမ်တရားတော်၏ သွန်သင်မှုအတိုင်းပင်ဖြစ်ကြမည်မှာ ယုံမှားသံသယဖြစ်စရာမရှိချေ။

ဤနေရာတွင် ဖောမင်းထွဋ်က “ ရိုဟင်ဂျာဝတ်စားဆင်ယင်မှု ” ဆိုပြီးစာရေးဆရာကြီး ဦးသိန်းဖေမြင့် ၏ “ မြို့ဟောင်းမှပလက်ဝသို့ ” ခေါင်းစဉ်ဖြင့်အထက်တန်းပင်ရင်စကားပြေစာအုပ်ပါစာကို ပုံဖျက်၍ အလွဲသုံးစား လုပ်လိုက်သေးသည်။ သူက ဦးသိန်းဖေမြင့်၏စာမှကောက်နုတ်၍ “ထိုသူသည်အရွယ်အားဖြင့် ၂၅ နှစ်လောက် သာရှိပေဦးမည်။ မဲပြာတောင်ရှည်ပုဆိုးနှင့်ထိုင်မသိမ်းလိုလိုအင်္ကျီကိုဝတ်ထားလေသည်။ ခေါင်းတွင်လည်း ပိတ်ဖြူ ဖော့လုံးပေါင်းထားလေသည်။ နှုတ်ခမ်းမွေးကျင်စွယ်များလည်းရှိသည်။ ဦးထွန်းဝင်းနှင့်ထိုသူစကားပြောသော အခါ ရခိုင်လိုပြောသောအခါ ကျွန်ုပ်နားမလည်လိုက်ချေ။ ***ထိုသူ့အကြောင်းကို ကိုထွန်းဝင်းအားမေးသောအခါ ထိုသူမှာ ဒို့ရခိုင်ရိုဟင်ဂျာမူဆလင်ဖြစ်ကြောင်းသိရသည်။ ”*** ဟုဖော်ပြထားသည်။ မည်းစောင်းထားသောဝါကျမှ “ ရိုဟင်ဂျာ ” ဆိုသော ဝေါဟာရမှာ ဖော်မင်းထွဋ်က ဦးသိန်းဖေမြင့်ရေးခဲ့လေဟန်အပိုထည့်ပြီးလိမ်ညာထားခြင်း ဖြစ်သည်။

ဖော်မင်းထွဋ်သည် ကွယ်လွန်သူ စာရေးဆရာကြီး ဦးသိန်းဖေမြင့်စာကို အလွဲသုံးစားလုပ်နိုင်ခဲ့သော်လည်း ၁၉၆၇ ခုမှ ၁၉၈၀ ခုထိ အထက်တန်းပင်ရင်းစကားပြေကိုသင်ယူခဲ့ကြသော ကျောင်းသားဟောင်းစာဖတ်သူများ ကို လိမ်ညာ၍ မရနိုင်ပါ။

## အခန်း (၅) ဝေဖန်စာ

ဖော်မင်းထွဋ်သည် အခန်း(၃)တွင် ရခိုင်ပြည်ရှိမူဆလင်များကိုရှေးခေတ်ကပင်ရှိခဲ့သောမူဆလင်များဖြစ်ကြောင်း ၊ ၎င်းတို့အထဲတွင် ဘာသာကူးပြောင်းခဲ့သောရခိုင်သားများပါကြောင်းတင်ပြခဲ့သည်။အခန်း(၄)တွင် ၎င်းမူဆလင်တို့မှာ မြောက်ဦးခေတ်ကပင်ဦးရေများခဲ့လေဟန် ၊ ဗြိတိသျှခေတ်မူဆလင်ဦးရေမှာလည်း ရှေးခေတ်အဆက်ဆက်မူဆလင်ဦးရေမှတိုးပွါးလာခြင်းဖြစ်လေဟန်လှည့်ပတ်တင်ပြခဲ့သည်။ ၎င်းမူဆလင်တို့သည် ရခိုင်မှတစ်ဆင့်မြန်မာပြည်သို့ပြန့်ပွါးသွားလေဟန်အခန်း(၅)တွင်တင်ပြလိုက်သည်။ သူ့တင်ပြချက်မှန်မမှန်ကို စိစစ်ကြည့်ကြပါမည်။

**<u>သင်္ဘောပျက်ပုံပြင်မှချဲ့ကားယူသောမူဆလင်ပြန့်ပွါးမှု</u>**

ဖော်မင်းထွဋ်သည် ဤအခန်း(၅)တွင်“ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်အစ္စလာမ်ဘာသာ”ခေါင်းစဉ်အောက်၌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်၏ “သာသနာ့ရောင်ဝါထွန်းစေဖို့”စာအုပ်ကို ကိုးကားပြီး “အစ္စလာမ်ဘာသာမှာ မြန်မာနိုင်ငံသို့လွန်ခဲ့သောနှစ်ပေါင်း(၁၃၀၀)၊အေဒီ(၇၀၀)ခန့်က စတင်ရောက်ရှိခဲ့ကြောင်း၊ထိုသို့ရောက်ရှိခြင်းမှာ၊ အာရဗ်ကုန်သည်များ၊ပါရှန်ကုန်သည်များနှင့်၊ရောမကုန်သည်တို့က ကုန်စည်ကူးသန်းသွားလာမှုပြုရာမှ သင်္ဘောပျက်ပြီး ရခိုင်ကမ်းမြောင်ဒေသတွင် မူဆလင်သင်္ဘောသားများအတည်တကျနေထိုင်လာခဲ့ရာမှဖြစ်ကြောင်း”စသည်ဖြင့် ဒုတိယဗိုလ်မှူးကြီးဝင်းမောင်က ရေးသားလေဟန်တင်ပြထားသည်။(စာ–၄၇)

ဤပုံပြင်ကိုပင်ချဲ့ကား၍ စာ ၄၉ တွင်တဖန်တင်ပြပြန်သည်။သူက“–––ရခိုင်ဘုရင်မဟာထိုင်စန္ဒြလက်ထက် အေဒီ(၇၈၈–၈၁၀)တွင် ရမ်းဗြဲကျွန်းအနီးသင်္ဘောများစွာပျက်ခဲ့ကြောင်း၊အစ္စလာမ်ဘာသာဝင်သင်္ဘောသားများ ကျေးရွာတွင်အတည်တကျနေရာချပေးကြောင်းတွေ့ရ၏။မြန်မာနိုင်ငံတွင်ပင်လယ်ကမ်းမြို့များဖြစ်သော ကျောက်ဖြူ၊ပုသိမ်၊သန်လျင်၊မုတ္တမ၊မြိတ် စသည်တို့တွင် အလားတူသင်္ဘောများပျက်ပြားခြင်းဆိုင်ရာအကြောင်းအရာများမှာ အချိန်ကာလစောစွာကပင်ရှိခဲ့သည်။”ဟု တင်ပြလိုက်ပြန်သည်။

မိုရှေယေဂါကမူ မြန်မာနိုင်ငံသို့ မူဆလင်များအစောဆုံးရောက်ရှိမှုသည် အေဒီ၉ရာစုခန့်ကဖြစ်မည်ဟုမှန်းဆသည်။တရုတ်ခရီးသည်များကိုညွှန်း၍ အေဒီ ၈၆၀ တွင်မြန်မာနိုင်ငံနှင့်ယူနန်တို့၌ ကုန်သည်ကိုလိုနီများကိုတွေ့သည်ဟုဆိုသည်။မူဆလင်ခရီးသည်များတရုတ်ပြည်သို့သွားစဉ် မြန်မာနိုင်ငံတောင်ပိုင်းကမ်းခြေများသို့ရောက်လိမ့်မည်ဟုယူဆသည်။ ၉ ရာစုပါရှန်ခရီးသည် အိုင်ဗင်ခိုဒါဗါ (Ibin Khordhbeh) နှင့် အာရပ်ခရီးသည် ဆုလေမန် (Suleiman) တို့၏ရေးသားချက်များ၌လည်းကောင်း၊၁၀–ရာစုပါရှန်ခရီးသည် အိုင်နေ်အာလ်ဖါကွီ (Ibin Al Faquih) ရေးသားချက်၌လည်းကောင်း၊မြန်မာနိုင်ငံတောင်ပိုင်းကိုဖေါ်ပြခဲ့သည်။ဤအချက်ကိုကြည့်၍ ပဲခူး၌ မူဆလင်ကုန်သွယ်ကိုလိုနီများထူထောင်ပြီးဖြစ်ဟန်တူသည်ဟုမှန်းဆသည်။မြန်မာနိုင်ငံတောင်ပိုင်းဖြစ်သော(သို့)တိကျစွာပြောရလျှင် ရခိုင်ကမ်းရိုးတန်း၊ဧရာဝတီမြစ်ဝကျွန်းပေါ်၊ပဲခူး၊တနင်္သာရီကမ်းရိုးတန်းတို့သည် မူဆလင်သင်္ဘောသားများသိသော အရှေ့ဘက်ရေကြောင်းလမ်းဖြစ်သည်ဟူယူဆသည်။(စာ–၂)

မြန်မာ့သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်ကမူ“ဗုဒ္ဓဘာသာမြန်မာနိုင်ငံနှင့်အစ္စလာမ်ဘာသာတို့ပင်လယ်ရေကြောင်းဆက်သွယ်နေမှုမှာမပြောပလောက်ချေ။အေဒီ ၁၀ ရာစု၌အာရဗ်နှင့်ပါရှန်တို့သည် အန်ဒမန်ကျွန်းမှလွဲ၍စူမာတြာဆိပ်ကမ်းများ၏မြောက်ဘက်ဒေသများကို အနည်းငယ်မျှသာသိခဲ့ကြသည်။”ဟုယူဆသည်။ (စာ–၃)

ပညာရှင်နှစ်ဦး၏အထက်တင်ပြချက်များကို နှိုင်းယှဉ်သုံးသပ်ကြည့်လျှင်၊ မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများသို့ အေဒီကိုးရာစု၊ဆယ်ရာစုခန့်မှစ၍ မူဆလင်ခရီးသည်များ ရောက်ရှိခဲ့မှုကိစ္စ၌ တစ်ဦးနှင့်တစ်ဦး ယူဆပုံမတူကြကြောင်းတွေ့ရသည်။

မိုရှေယေဂါကဆက်လက်၍၊ "အာရပ်ကုန်သည်နှစ်ဦး၏သားနှစ်ယောက်ဖြစ်သော၊ ရွှေဖျဉ်းညီနောင်နှစ်ဦး၏အကြောင်းမှာ မြန်မာရာဇဝင်၌အစောဆုံးတွေ့ရသော ပုဂံခေတ်မူဆလင်များဖြစ်သည်။"ဟုလည်းဆိုထားသည်။(စာ-၂) မွန်ဘုရင် ရာဇာဓိရာဇ်(၁၃၈၅-၁၄၂၃)သည် ဒဂုံကိုဝိုင်းဝန်းပိတ်ဆို့သောအခါ မူဆလင်သင်္ဘောသားများ၏အကူအညီကြောင့်သာအောင်မြင်ခဲ့ခြင်းဖြစ်သည်။(စာ-၉) တပင်ရွှေထီး(၁၅၃၁-၁၅၅၀)သည် မုတ္တမဆိပ်ကမ်းမြို့ကို ၁၅၄၁ ခုတွင်အောင်နိုင်ခဲ့၏။ထိုစဉ်က မြို့လုံခြုံရေးအတွက် ၄င်းတွင်နေထိုင်သူမူဆလင်များက တက်ကြွစွာပါဝင်ခဲ့ကြသည်။(စာ-၁၀)

၁၆ ရာစု၌ မြန်မာဘုရင်များသည်မူဆလင်များကို မြန်မာနိုင်ငံအထက်ပိုင်းရွှေဘိုခရိုင်မြေဒူးအနီး၌နေရာချထားသည်။၄င်းရွာများယခုအထိတည်ရှိနေသည်။၄င်းတို့မှာအများအားဖြင့်မဆလင်သုံ့ပန်းများဖြစ်ပြီးခေတ်အဆက်ဆက်မှ ဘမ်းဆီးခေါ်ယူလာသူများဖြစ်သည်။မြေဒူးသို့အဦးဆုံးခေါ်ယူလာသောမူဆလင်များမှာပဲခူးမြို့ကို၁၅၃၉ နှင့် ၁၅၉၉ ခုများတွင်ခုခံကာကွယ်သောမူဆလင်များဖြစ်သည်။တပင်ရွှေထီး ရခိုင်ကို ၁၅၄၆၌ဝင်၍တိုက်ခိုက်စဉ်ဘမ်းဆီးခေါ်ယူလာသူမူဆလင်များလည်းပါဝင်သည်။အနောက်ဖက်လွန်မင်း (၁၆၀၅-၁၆၂၈) သံလျင်ကိုအောင်မြင်စဉ် ဒီဘရစ်တိုနှင့်တကွ ၄င်းကိုကူညီသူမူဆလင်များကိုလည်း စစ်သုံ့ပန်အဖြစ်ဘမ်းဆီးခေါ်ယူလာသည်။၄င်းတို့ကို မြေဒူးနှင့်အနီးအနားခရိုင်များဖြစ်သော စစ်ကိုင်း၊ရမည်းသင်း၊ကျောက်ဆည်တို့၌ နေရာချထားလိုက်သည်။စနေမင်းလက်ထက် ၁၇၀၇-ခုတွင် သံတွဲကိုသွားရောက်တိုက်ခိုက်သောအခါ မူဆလင်စစ်သုံ့ပန်းထောင်ချီ၍ ဘမ်းဆီးခေါ်ယူလာသည်။၁၇၀၈-ခုနှစ်တွင် ရခိုင်ပြည်မှမူဆလင် သုံးထောင်တို့သည် မြေဒူး၌အခြေစိုက်ခဲ့ကြသည်။၄င်းတို့ကို ရွှေဘို ၊ ရမည်းသင်း ၊ တောင်ငူခရိုင်တို့၌ဖြန့်၍နေရာချထားခဲ့သည်။(စာ-၁၁) ဤကား မိုရှေယေဂါ၏သုတေသနပြုတင်ပြချက်များဖြစ်သည်။

ရခိုင်ရာဇဝင်၌ စန္ဒဝိဇယ (၁၇၁၀-၁၇၃၁)လက်ထက်ရခိုင်ကိုယ်ရံတော်တပ်နှင့်ကမန်လေးသည်မူဆလင်များ ပူးပေါင်းသောင်းကျန်းကြသောကြောင့် ကမန်လေးသည်များကိုစန္ဒဝိဇယက ပြင်းထန်စွာအရေးယူသောအခါ သံတွဲမှမူဆလင်(သုံးထောင်) မြေဒူးသို့ထွက်ပြေးခဲ့ကြသည်ဟုဆိုသည်။၄င်းမူဆလင်များသည် မင်းဘာဘုရင်လက်ထက် ဘင်္ဂါ ၁၂ မြို့ကို သိမ်းယူစဉ် သောင်တီးကျွန်းမှဘမ်းဆီးခေါ်ယူလာသူများဖြစ်သည်ဟုလည်းဆိုသည်။ (စန္ဒမာလာ ဒု ၊စာ-၆၈၊၂၄၈)သောင်းတီးကျွန်းမှမင်းပါဘုရင်ဘမ်းခေါ်လာသူများသည် စန္ဒဝိဇယခေတ်ထွက်ပြေးသွားသူများပင်ဖြစ်သည်ဟုယူဆရသည်။

မိုရှေယေဂါ၏သုတေသနပြုချက်နှင့် ဇော်မင်းထွဋ်၏တင်ပြချက်များကို နှိုင်းယှဉ်သုံးသပ်ကြည့်လျှင် ဇော်မင်းထွဋ်၏တင်ပြချက်တို့မှာ အထောက်အထားမပါသော ရမ်းသန်းလုံးထွေးရေးသားချက်များသာ ဖြစ်ကြောင်းတွေ့ရသည်။သူက"---ပင်လယ်ဆိပ်ကမ်းမြို့များဖြစ်သော ကျောက်ဖြူ၊ပုသိမ်၊သံလျင်၊မုတ္တမမြို့တို့တွင် အလားတူသင်္ဘောပျက်ခြင်းဆိုင်ရာအကြောင်းအရာများမှာ ***အချိန်ကာလစောစွာကပင်ရှိခဲ့သည်။***"ဟူ၍ရေးခဲ့ခြင်းမှာ ဖြီးဖြန်းခြင်းသာဖြစ်သည်။ကျောက်ဖြူမြို့မှာ ဗြိတိသျှခေတ် ၁၈၃၈-ခုနှစ်တွင်တည်ခဲ့သောမြို့သစ်တစ်ခုသာဖြစ်သည်။သန်လျင်မြို့မှာလည်း ရခိုင်ဘုရင်မင်းရာဇာကြီးနှင့်မြန်မာဘုရင်အနောက်ဖက်လွန်မင်းတို့ကို ပေါ်တူဂီလူမျိုး ဒီဘရစ်တိုက ရေတပ်အားကိုးနှင့်အာခံခဲ့၍ထင်ရှားသောမြို့သာဖြစ်သည်။***ဇော်မင်းထွဋ် ဖြီးဖြန်းခဲ့သော "အချိန်ကာလစောစွာ"ထဲ၌ မပါဝင်ချေ။***

အမှန်မှာအေဒီ ၉ ရာစု၊၁၀ ရာစု အာရဗ်နှင့်ပါရှန်ရေကြောင်းခရီးသည်များရေးခဲ့သောမှတ်တမ်းများ၌ မြန်မာနိုင်ငံတောင်ပိုင်းကမ်းရိုးတန်းကိုယေဘုယျသဘောရည်ညွှန်းဖော်ပြခဲ့ခြင်းသာဖြစ်သည်။ ဒေသအမည်၊ မြို့အမည်တို့ကို တိကျစွာဖော်ပြခဲ့ခြင်းမဟုတ်ချေ။ မိုရှေယေဂါ၏တင်ပြချက်များ၌လည်း ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်၊တနင်္သာရီကမ်းရိုးတန်း၊မုတ္တမတို့ဖြစ်နိုင်သည်ဟု မှန်းဆတင်ပြခြင်းမျိုးသာဖြစ်သည်။ ပဲခူးတစ်ခုကိုသာ တိကျစွာဖော်ပြထားကြောင်းတွေ့ရသည်။

ထို့ပြင် ဖော်မင်းထွဋ်က “---အစ္စလာမ်ဘာသာဝင်တို့သည်အာရပ်သင်္ဘောများပျက်၍ဝင်ရောက်နေထိုင်ခြင်းဖြင့်လည်းကောင်း၊ အာရဗ်၊ပါရှန်ကုန်သည်များကူးသန်းရောင်း ဝယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြင့်လည်းကောင်း ရေကြည်ရာမြက်နုရာသို့ရွှေ့ပြောင်း နေထိုင်ခဲ့ခြင်းဖြင့်လည်းကောင်း ၊မြန်မာ နိုင်ငံအနှံ့ပျံ့နှံ့လာခဲ့ကြောင်းသိရသည်။”ဟုဆိုလိုက်ပြန်သည်။(စာ-၅၁) သင်္ဘောပျက်ပုံပြင်များကို မိမိလာသာအတည်ပြုပြီး အာရပ်၊ပါရှန်ကုန်သည်များအား မြန်မာနိုင်ငံအနှံ့သို့ပို့ပေးလိုက်ခြင်းဖြစ်သည်။ဤသို့ပို့ပေးလိုက်ခြင်းဖြင့် ယခုခေတ်မြန်မာနိုင်ငံအနှံ့ (ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ဧရာဝတီတိုင်း၊ပဲခူးတိုင်း၊ရန်ကုန်တိုင်း တနင်္သာရီတိုင်း စသည်) ၌ နည်းမျိုးစုံနှင့်ရောက်ရှိအခြေစိုက်နေထိုင်ကြသော“ရှိုဟင်ဂျာ”အမည်ခံမူဆလင်များကို “အချိန်စောစွာကမူဆလင်များ”အဖြစ်အသိအမှတ်ပြုရာ၊အကာအကွယ်ပေးရာရောက်သွားလေသည်။

စင်စစ် မြန်မာဘုရင်များဘမ်းဆီးယူလာသောသုံ့ပန်းများ၊စစ်ပြေးဒုက္ခသည်မူဆလင်များသည် မိမိဆန္ဒအလျောက် ရေကြည်ရာ၊မြက်နုရာ၌နေခွင့်မရခဲ့ကြချေ။ မြန်မာဘုရင်များက ၎င်းတို့အားအစုအဝေးဖြစ်မသွားအောင်၊အင်အားတစ်ရပ်ဖြစ်မသွားအောင်နေရာခွဲထားခဲ့သည်။ထိုအကြောင်းကို မိုရှေယေဂါကဤသို့မှတ်တမ်းတင်ထားသည်။

“---မြန်မာများသည် အခြေစိုက်နေထိုင်ကြသောမူဆလင်များကို အစုငယ်များအဖြစ်လည်းကောင်း၊ ရွာအများအပြား၌လည်းကောင်း သတိထား၍သီးခြားခွဲဝေချထားလေသည်။ဤနည်းဖြင့်အင်အားတောင့်တင်းသောမူဆလင်အစုအဖွဲ့ဖြစ်လာမည့်အခြေအနေကို ဟန့်တားနိုင်ရန်နှင့် ထိုအင်အားစုသည်ဘုရင့်နိုင်ငံတော်အား မခြိမ်းခြောက်နိုင်ရန်ဖြစ်သည်။” (စာ-၁၂)

မိုရှေယေဂါ၏ ရေးသားချက်ကိုကြည့်လျှင်၊ ရှေးမြန်မာဘုရင်များခေတ်မူဆလင်ဦးရေသည် ခရိုင်အသီးသီး၌ ပြန့်ကြဲရှိနေခဲ့သော်လည်း အရေအတွက်မများချေ။ထို့ပြင်၎င်းတို့သည်မြန်မာလူထုနှင့်နှစ်ပေါင်းများစွာရောနှောနေထိုင်လာခဲ့သောကြောင့် မြန်မာနှင့်ခွဲခြားမရအောင်ဖြစ်သွားပြီး၊ ကိုးကွယ်ရာဘာသာမှအပ မြန်မာကဲ့သို့ပင်ပြောဆိုပြုမူကြလေသည်။၎င်းမူဆလင်တို့ကိုမြန်မာတို့ကမြေဒူးမူဆလင်(သို့)မြန်မာမူဆလင်၊ (သို့)ပသီကုလား ဟုခေါ်ကြသည်။ ၎င်းတို့သည် ဗြိတိသျှခေတ်၌ တံခါးမရှိ၊ဒါးမရှိဝင်ရောက်လာကြသော စစ်တကောင်းသားများနှင့် ဆက်နွယ်ပတ်သက်ခြင်းမရှိချေ။ဖော်မင်းထွဋ်က ၎င်းစစ်တကောင်းသားများမြန်မာနိုင်ငံအနှံ့ရောက်ခဲ့ကြသည်ကိုဖုံးဖိလို၍ “---***ရခိုင်သည်အစ္စလာမ်အဖို့တံတိုင်းကြီးသဖွယ်ဖြစ်၍***တဖြည်းဖြည်းနှင့် ငြိမ်ဝပ်ပိပြားစွာမြန်မာပြည်အရပ်ရပ်သို့မူဆလင်များပျံ့နှံ့ခဲ့သည်။(စာ-၅၂)”ဟူ၍လည်းကောင်း၊“---၁၅၉၉-ခုနှစ်၌ (မင်းရာဇာကြီးလက်ထက်?) ရခိုင်တို့သည်အောက်မြန်မာပြည်သို့စုံဆင်းလာရာမူဆလင်များစွာပါဝင်ခဲ့လေသည်။***တနည်းအားဖြင့်မူဆလင်တို့သည်ရခိုင်ပြည်မှတဆင့်မြန်မာနိုင်ငံအနှံ့ခြေဆန့်နိုင်ခဲ့ကြပေသည်။*** (စာ-၅၄)” ဟူ၍လည်း ရှေးဘုရင်ခေတ်ကမူဆလင်များဖြစ်လေဟန်လုံးထွေးရေးသားထားသည်။

ဖော်မင်းထွဋ်က“၁၅၉၉-ခုနှစ်”ဟုရေးခဲ့ခြင်းမှာရခိုင်ဘုရင်မင်းရာဇာကြီးလက်ထက်၌ ဘဂိ (၁၂) မြို့မှ စစ်မှုထမ်းရန် ယာယီဆင့်ခေါ်ခံရသော ကုလားသူရဲ (ငါးသောင်း) ကိုဆိုလိုဟန်တူသည်။၎င်းကုလားတို့ကို

ဇော်မင်းထွဋ်က သူ့စာအုပ်(စာ–၃၅)၌ ရခိုင်ပြည်တွင်ကျန်နေခဲ့လေဟန်**“ယနေ့ရိုဟင်ဂျာမျိုးဆက်များ”**ဟူ၍ ရေးခဲ့သည်။ယခုတစ်ဖန် **“ရခိုင်မှတဆင့်မြန်မာနိုင်ငံအနှံ့ခြေဆန့်နိုင်ခဲ့ကြပေသည်။”**ဟူ၍ မြန်မာပြည်၌ကျန်ခဲ့ဟန် ရေးပြန်သည်။ဤသို့ရေးလိုက်ခြင်းကြောင့် မင်းရာဇာကြီးထံစစ်မှုထမ်းပြီးနောက် ဘင်္ဂါ(၁၂)မြို့သို့ပြန် သွားကြသူ မူဆလင်သူရဲငါးသောင်းတို့အိမ်ပြန်သွားခြင်းမဟုတ်ပဲရခိုင်ပြည်နှင့်မြန်မာပြည်၌ကျန်ရစ်နေခဲ့ကြလေဟန် အဓိပ္ပါယ်သက်ရောက်သွားလေသည်။ သူ့ရည်ရွယ်ချက်မှာ ဗြိတိသျှခေတ်တံခါးမရှိဒါးမရှိဝင်လာခဲ့ကြသော စစ်ဆတကောင်းသားမူဆလင်များကိုလည်းကောင်း၊မျက်မှောက်ခေတ်၌ ရခိုင်ပြည်နယ်မှတဆင့်မတရား ခိုးဝင်ပြီး မြန်မာပြည်အနှံ့ရောက်ရှိသွားကြသောစစ်တကောင်းနွယ်မူဆလင်များကိုလည်းကောင်း၊ (သူ့စကားအရ) **“အချိန်ကာလစောစွာကပင်ရှိခဲ့သောမူဆလင်များ”**အဖြစ်အသွင်ပြောင်းလိုသည့်ရည်ရွယ်ချက်ဖြစ်လေသည်။ ထိုမှတဆင့် ထိုအသွင်ပြောင်းလိုက်သူ စစ်တကောင်းသားများသည် ”ရိုဟင်ဂျာ”အမည်ကိုပင်ခံယူပြီးမြန်မာ တနိုင်ငံလုံး၌“ရိုဟင်ဂျာလူမျိုး”မူဆလင်များ“သိန်းသန်းချီ၍ရှိသည်”ဟူ၍ကြွေးကြော်နိုင်အောင်ရည်မှန်းထားဟန် တူပေသည်။ဇော်မင်းထွဋ်သည် အခန်း(၄) စာ–၄၀ တွင်“မူဆလင်များသိန်းသန်းချီ၍ရှိနေခဲ့ကြောင်းလေ့လာ တွေ့ရှိရသည်”ဟူ၍တင်ပြခဲ့ဖူးသည်ကို စာရှုသူများသတိပြုမိကြလိမ့်မည်ဟုယုံကြည်ပါသည်။

*နောက်ဆက်တွဲ(၃)ခ*

# ဂျေးဘက်စတာ၏ ရခိုင်တိုင်းလူဝင်မှုအစီရင်ခံစာ

၁၉၃၁ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဘူးသီးတောင်၊မောင်းတော မြို့နယ်များသို့တရားသဖြင့်သော်လည်းကောင်း၊မတရားသဖြင့်သော်လည်းကောင်း ဝင်ရောက်လာကြသော ပါကစ္စတန်မူဆလင်များအပြင်၊ ၁၉၆၁ ခုနှစ်နှင့် ၁၉၇၁ ခုနှစ်အထိ ဖြစ်နိုင်ဖွယ်ရာရှိသော တရားဝင်နှင့်တရားမဲ့ မူဆလင်နိုင်ငံခြားသားများနှင့်ပတ်သက်၍ မစ္စတာ ဂျေဘက်စတာ [1] ကြီးမှူးသော အစီရင်ခံစာ၏ ထုတ်နုတ်ချက်ကိုအနည်းငယ်ဖော်ပြလိုပါသည်။

၁၉၄၁ ခုနှစ် အိန္ဒိယအမျိုးသားလူဝင်မှု [2] အစီရင်ခံစာ စာအုပ်စာမျက်နှာ (၇)တွင် ရခိုင်တိုင်း အိန္ဒိယလူမျိုးများ၏ လူဦးရေကိုအောက်ပါဇယားအတိုင်းဖော်ပြထားပါသည်။

| CENCUS | TOTAL POPULATION | INDIAN POPULATION | INDIAN PERCENTA |
|---|---|---|---|
| 1881 | 5,87,510 | 1,13,557 | 19.6 |
| 1891 | 6,71,889 | 1,37,922 | 20.5 |
| 1901 | 7,62,102 | 1,73,884 | 22.8 |
| 1911 | 8,39,839 | 1,97,990 | 23.5 |
| 1931 | 10,08,535 | 2,17,801 | 21.6 |

ရခိုင်တိုင်းတစ်တိုင်းလုံးမကြည့်ပဲ နယ်စပ်နှင့်နီးကပ်လျက်ရှိသော ဘူးသီးတောင်မောင်တောနယ်ရှိ အစ္စလာမ်ဘာသာဝင်ဦးရေကိုပြန်လည်သုံးသပ်ကြည့်သော်–

၁၉၂၁ ခုနှစ် သန်းခေါင်းစာရင်းအရ

| | |
|---|---|
| မောင်တောနယ် | ၉၀၇၁၄ |
| ဘူးသီးတောင်နယ် | ၄၂၈၉၄ |
| စုစုပေါင်း | ၁၃၃၆၀၈ |

၁၉၃၁ ခုနှစ်သန်းခေါင်းစာရင်းအရ

| | |
|---|---|
| မောင်တောနယ် | ၁၃၉၀၇၈ |
| ဘူးသီးတောင်နယ် | ၉၁၁၉၈ |
| စုစုပေါင်း | ၂၃၀၂၇၆ |

၁၉၅၅ ခုနှစ် ၊ဇူလိုင်လ(၂၉) ရက်နေ့ အမျိုးသားစီမံကိန်းဝန်ကြီးဌာနသန်းခေါင်စာရင်းဌာနခွဲမှ ထုတ်ပြန်ကြေငြာချက်စာမျက်နှာ(၂) အရ၊၁၉၄၁ ခုနှစ်၊ သန်းခေါင်စာရင်းအရ (စစ်ဖြစ်သောကြောင့် ထုတ်ပြန်မှုမပြုလုပ်ခဲ့ရ)

| | |
|---|---|
| မောင်တောနယ် | ၁၆၅၉၃၆ |
| ဘူးသီးတောင်နယ် | ၁၀၈၈၁၀ |
| စုစုပေါင်း | ၂၇၄၇၄၆ |

---

1 Mr. J. Bexter
2. Report on Indian Immigrant

<u>***နောက်ဆက်တွဲ(၃)ခ–၁***</u>

၁၉၅၆ ခုနှစ်သန်းခေါင်စာရင်းခန့်မှန်းခြေ

| | |
|---|---|
| မောင်တောနယ် | ၁၉၃၆၀၀ |
| ဘူးသီးတောင်နယ် | ၁၂၆၉၅၀ |
| စုစုပေါင်း | ၃၂၀၅၅၀ |

အထက်ဖော်ပြပါ လူဦးရေများသည် လူမျိုးပေါင်းစုံ၏ လူဦးရေဖြစ်ပါသည်။ မောင်းတော ဘူးသီးတောင်နယ်တွင် စစ်မဖြစ်မီကတိုင်းရင်းသား ရခိုင်အမျိုးသားများ၏ ရာခိုင်နှုန်းမှာအောက်ပါအတိုင်းဖြစ်ပါသည်–

| | | |
|---|---|---|
| မောင်တော | ၂၅ | ရာခိုင်နှုန်း |
| ဘူးသီးတောင် | ၃၅ | ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ |

ဖော်ပြပါ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်များကို တိုင်းရင်းသားရခိုင်အမျိုးသားတို့၏ လူဦးရေကိုထုတ်လိုက်သော မူဆလင်လူဦးရေစာရင်းသည် အောက်ပါအတိုင်းဖြစ်လာပါသည်။

(အခြားလူမျိုးများ ဤနယ်များတွင်ပြောပလောက်အောင်မရှိချေ)

| ခုနှစ် | မောင်တော | | | ၁ |
|---|---|---|---|---|
| | တိုင်းရင်းသား | နိုင်ငံခြားသား | စုစုပေါင်း | တိုင်းရင်းသား |
| ၁၉၃၁ | ၃၄၇၇၀ | ၁၀၄ | ၁၃၉ | ၃၁၉၁၉ |
| ၁၉၄၁ | ၄၀၄၈၄ | ၁၂၄၄၅၂ | ၁၆၅၉၃၆ | ၃၀၁၁၄ |
| ၁၉၅၆ | ၅၈၀၈ | ၁၈၇၇၉၂ | ၁၉၃၆၀၀ | ၁၉၀၄၃ |

မောင်တော ၊ ဘူးသီးတောင် (၂) နယ်ပေါင်းလူဦးရေ

| ခုနှစ် | တိုင်းရင်းသား | နိုင်ငံခြားသား | စုစုပေါင်း | နိ |
|---|---|---|---|---|
| ၁၉၃၁ | ၆၆၆၈၉ | ၁၆၃၅၈၇ | ၂၃၀၂၇၆ | ၁၀ |
| ၁၉၄၁ | ၇၉၅၆၈ | ၁၉၅၁၇၈ | ၂၇၄၇၄၆ | ၁၄ |
| ၁၉၅၆ | ၂၄၈၅၁ | ၂၉၅၆၉၉ | ၃၂၀၅၅၀ | |

ဤသို့ဆိုသော် မောင်းတော၊ ဘူးသီးတောင်နယ် မူဆလင်ဦးရေသည် ပထမ(၁၀)နှစ် နှင့် ဒုတိယ(၁၅) နှစ်တို့တွင် အောက်ပါရာခိုင်နှုန်းအတိုင်းတိုးလာသည်ကိုတွေ့ရှိရပါသည်။

| | |
|---|---|
| ပထမ (၁၀) နှစ် | ၁၉.၃၁ ရာခိုင်နှုန်း |
| ဒုတိယ(၁၅)နှစ် | ၅၁.၅၀ 〃 |

ထို့ကြောင့်တစ်နှစ်အတွင်း

၁၉.၃၁ ရာခိုင်နှုန်း (သို့မဟုတ်) ၃.၄၃ ရာခိုင်နှုန်း

၂ ရာခိုင်နှုန်း

<u>***နောက်ဆက်တွဲ(၃)ခ–၂***</u>

<u>**မောင်တော– ဘူးသီးတောင်လူဦးရေတိုးနှုန်းပြဿနာ**</u>

ပါကစ္စတန်နိုင်ငံတွင် လူဦးရေတိုးနှုန်းနှင့်ပတ်သက်၍ ၁၉၆၀ ခု၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ထုတ် "နေရှင်းသတင်းစာ" တွင်–

ခေါင်းစဉ်ဖြင့်ဖော်ပြထားသည်မှာ " ယခုအခါ ပါကစ္စတန်၌ လူဦးရေသည် တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းတိုးနေသည်ဟုဖော်ပြထားပါသည်။ ယခု ၁၉၃၁ ခုနှစ် နှင့် ၁၉၄၁ ခုနှစ် (၁၀ နှစ်အတွင်း) မြန်မာပြည် မောင်းတော၊ ဘူးသီးတောင်နယ်၌လည်းတစ်နှစ်လျှင် ၂ ရာခိုင်နှုန်းတိုးပြီးနောက်ပိုင်း (၁၅ နှစ်အတွင်း) ၃.၄၃ ရာခိုင်နှုန်းဖြစ်လာသည့်ပြဿနာကို စဉ်းစားဖို့လိုပေလိမ့်မည်" ဟု ချေပရေးသားခဲ့လေသည်။

၁၉၃၁ ခုနှစ်၊ မောင်းတော–ဘူးသီးတောင်၊မူဆလင်သီးရေစာရင်းသည်၊ အတိအကျဖြစ်ပြီး၊ မြန်မာပြည် လက်စွဲစာအုပ် ၁ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ သန်းခေါင်စာရင်းဌာနတို့၏ ထုတ်ပြန်ကြေငြာချက်အရ ၁၉၄၁ ခုနှစ်တွင်လည်း မှန်ကန်သည်ဟု ယူဆရမည်ဖြစ်ပါသည်။ သို့သော် (၁၀)နှစ်အတွင်း တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းတိုးသည်ကိုတွေ့ရပြီး၊ ပါကစ္စတန်၌လည်း ၂ ရာခိုင်နှုန်းတိုးသည်ဟုဆိုပြန်ရာ ၂ ရာခိုင်နှုန်းတိုးခြင်း တူနေသဖြင့် ၁၉၄၁ ခုနှစ်၊မောင်းတော၊ဘူးသီးတောင်မူဆလင်ဦးရေကိုအခြေတည်၍ တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းဖြင့် တိုးလာသည်ဟု တွက်ကြည့်မည်ဆိုသော် ၁၉၅၆ ခုနှစ်အထိ (၁၅)နှစ်အတွင်း ဖြစ်နိုင်သည့်လူဦးရေမှာ–

| | |
|---|---|
| မောင်တောနယ် | ၁၆၁၇၈၇ |
| ဘူးသီးတောင်နယ် | ၉၁၉၄၄ |
| စုစုပေါင်း | ၂၅၃၇၃၁ |

သို့သော် အမျိုးသားစီမံကိန်းဝန်ကြီးဌာနမှထုတ်ပြန်ကြေငြာချက်တွင် မောင်တော၊ ဘူးသီးတောင်၏ လူဦးရေခန့်မှန်းခြေစာရင်းသည်

| | | |
|---|---|---|
| မောင်တောနယ် | ၁၈၇၇၉၂ | |
| ဘူးသီးတောင်နယ် | ၁၀၇၉၁၇ | |
| စုစုပေါင်း | ၂၉၅၆၉၉ | ယောက်ရှိသဖြင့် ၁၅ နှစ်အတွင်း |

လူဦးရေမှာ ၂၉၅၆၉၉
၂၅၃၇၃၁
၄၁၉၆၈ ယောက်မျှရှိပါသည်။

ထို့ကြောင့် တစ်နှစ်လျှင် ဖျဉ်းမျှချက်အားဖြင့် လူပေါင်း ၂၇၈၉ ယောက်မျှဝင်ရောက်နေထိုင်ကြသည်မှာ ထင်ရှားနေပါသည်။

၁၉၄၇ ခုနှစ် ဇွန်လ (၁၆)ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးဥပဒေစတင်အာဏာတည်လာသဖြင့် ၁၉၄၁ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဇွန်လအထိ မောင်တော၊ ဘူးသီးတောင်နယ်တွင် (၆)နှစ်ကျော်အတွင်း အသစ်ဝင်ရောက်လာသော မူဆလင်ကုလားများမှာ ၁၆၇၈၇ ယောက်ရှိပါသည်။

ယင်းမူဆလင်တို့သည် လူဝင်မှုကြီးကြပ်ရေး ***ဥပဒေမပေါ်မီကပင်ဝင်ရောက်လာ၍ တရားဝင်သည်ဟု ဆိုသော်လည်း နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားသောမူဆလင်များဖြစ်ရပါမည်။***

မောင်းတော၊ ဘူးသီးတောင်နယ်တွင် ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့ထိ နိုင်ငံခြားသားမှတ်ပုံတင်ကို ကိုင်ဆောင်ထားသောဦးရေမှာ ပါကိစ္စတန်(၁၇၀)နှင့်တရုပ် (၂)ယောက်သာရှိပါသည်။

***နောက်ဆက်တွဲ(၃) ခ ၃***

၁၉၇၄ ခုနှစ် ဇွန်လနောက်ပိုင်းမှ ၁၉၅၆ ခုဇွန်လထိ (၆)နှစ်လုံးလုံးမတရားဝင်ရောက်သောပါကစ္စတန်နိုင်ငံခြားသားပေါင်း ၂၅၁၈၁ ယောက်ရှိနေပါသည်။

ယင်းအတိုင်းဆိုသော် ၁၉၆၁ ခုနှစ်အတွင်း မောင်တောနှင့် ဘူးသီးတောင်တွင်ဖြစ်နိုင်သော လူဦးရေမှာ (၁၉၄၁ ခုနှစ်မှ ၁၉၅၆ ခုနှစ်ထိ တစ်နှစ်အတွင်း ၃.၄၃ ရာခိုင်နှုံးတိုးသည်ဆိုသော်)

| | |
|---|---|
| မောင်တောနယ် | ၂၂၂၂၇၁ |
| ဘူးသီးတောင်နယ် | ၁၂၆၇၁၂ |
| စုစုပေါင်း | ၃၄၈၉၈၃ |

အထက်ဖော်ပြချက်တွင် ၁၉၃၁ ခုနှစ်တွင် မွေးပြီး၊ ၁၉၄၆ ခုနှစ်တွင် အရွယ်ရောက်၍ အိမ်ထောင်ပြုပြီးနောက်ပေါက်ဖွားလာသောခလေးငယ်များမဝင်သေးချေ။

၁၉၇၁ ခုနှစ်တွင်–

| | |
|---|---|
| မောင်တောနယ် | ၂၅၂၅၁၃ |
| ဘူးသီးတောင်နယ် | ၁၄၃၅၀၃ |
| စုစုပေါင်း | ၃၉၆၀၁၆ |

ဤသည်တွင်လည်း–၁၉၄၁ ခုနှစ်တွင် မွေးပြီး + ၁၉၅၆ ခုနှစ်တွင်အရွယ်ရောက်၍ အိမ်ထောင်ပြုပြီးနောက်ပေါက်ဖွားလာသောခလေးများမပါဝင်သေးချေ။

၁၉၄၃ ခုနှစ်မြန်မာပြည်လက်စွဲစာအုပ်စာမျက်နှာ(၆)တွင် ရခိုင်တိုင်းတစ်တိုင်းလုံးရှိ ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရ အိန္ဒိယလူဦးရေစာရင်းသည် ၂၁၇၈၀၁ ဖြစ်ခဲ့၍ တစ်နှစ်လျှင် ဖျဉ်းမျှခြင်း ၂ ရာခိုင်နှုန်းတိုးသည်ဆိုသော်

| | |
|---|---|
| ၁၉၆၁ ခုနှစ်တွင် | ၃၄၈၄၈၀ ယောက် |
| ၁၉၇၁ ခုနှစ်တွင် | ၃၉၂၀၄၂ ယောက် |

ဖြစ်လာနိုင်ရာ ဤသည်တွင် ၂ ရာခိုင်နှုန်းအတိုးဖြင့်တွက်ထားသောကြောင့် ခိုးဝင်လာသူများမပေါ်လာသေးချေ။ ခိုးဝင်လာသူများကိုပါထည့်သွင်းတွက်မည်ဆိုပါက မခန်းမှန်းနိုင်လောက်အောင်ပင်ဖြစ်လာနိုင်ပါသည်။

ဤကဲ့သို့ တစ်နှစ်လျှင်ပျဉ်းမျှခြင်း ၂၇၈၉–ယောက်မှာခိုးဝင်နေကြပြီး ၊ မောင်းတော–ဘူးသီးတောင်နယ်တွင်အိမ်ခြေအတည်တကျဖြင့် ဘိုးဘွားစဉ်လာအဆက်ကနေထိုင်လာသကဲ့သို့ပြောဆိုပြီးလျှင်မြန်မာနိုင်ငံသားပြစ်မှုဥပဒေပုဒ်မ–၄–(၂)တွင် အကျုံးဝင်သည်ဆို၍ ၊ အလိုအလျောက်တိုင်းရင်းသားဖြစ်ကြောင်းကို တရားရုံးများ၌ ရွာလုံးကျွတ်သက်သေထွက်ဆိုကြသည်မှာအံ့ဩစရာမရှိပါ။

ထိုအချိန်ကစစ်တွေခရိုင်တွင်တရားမဲ့ဝင်ရောက်နေထိုင်သူတို့အား ဖမ်းဆီးရမည့်အရေအတွက်မှာဖော်ပြထားသောကိန်းဂဏန်းအရ အများအပြားပါရှိနေသည်မှာ သံသယမရှိစေလိုပါ။

အရှေ့ပါကစ္စတန်မှ ယင်းသို့ဝင်ရောက်သူတို့ကိုဖမ်းဆီး၍ထားရမည့်အရေအတွက်နှင့်တရားစွဲဆို၍ပြည်နှင်ဒဏ်ပေးသည့်အခါ ပါကစ္စတန်နိုင်ငံမှလက်မခံသဖြင့်အကျဉ်းထောင်တွင်း၌ထားရမည့်ဦးရေသည်စစ်တွေထောင်၌မဆန့်လောက်အောင်များနေပါမည်။

စစ်တွေအကျဉ်းထောင်တွင်ပြဋ္ဌာန်းထားသောလူဦးရေမှာ (၄၂၉)ယောက်သာဖြစ်၍ ယခုလက်ရှိတွင်စစ်တွေအကျဉ်းထောင်၌ မူဆလင်အမျိုးသမီးအပါအဝင်အကျဉ်းသားမြောက်များစွာရှိ၍၄င်းတို့၏ကျွေးမွေးထားရသည့် အတွက် တစ်နှစ်လျှင်ငွေကျပ်သုံးသိန်းထက်မကကုန်ကျမည်ဟုခန့်မှန်းပါသည်။

တည်ဆဲဥပဒေများအရ တရားစွဲဆိုရာ၌အချို့အမှုများသည် (၅) နှစ်ခန့်ကြန့်ကြာပါမည်။တရားရုံးမှ ဆုံးဖြတ်၍ လူဝင်မှုကြီးကြပ်မှုဥပဒေပုဒ်မ ရ(၁) အရ ပြည်နှင်ဒါဏ်ပေးဖို့စီစဉ်သည့်အခါတွင်လည်း တစ်ဘက် အာဏာပိုင်အစိုးရများက ငြင်းဆန်နေသောကြောင့် ဤပြဿနာမှာ အလွန့်အလွန်ရင်လေးဘွယ်ကောင်းသော ပြဿနာများဖြစ်နေပေသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ပြည်တွင်းနေထိုင်သူများမှတ်ပုံတင်စာရင်းမေးမြန်းစုံစမ်းခဲ့ရာ တွင်–

| | စုစုပေါင်း | တိုင်းရင်းသား |
|---|---|---|
| မောင်တော | ၁၈၇၂၁၉ | ၃–ရာခိုင်နှုန်း |
| ဘူးသီးတောင် | ၁၁၆၁၉၅ | ၁၅–ရာခိုင်နှုန်း |
| စုစုပေါင်း= | ၃၀၃၄၁၄ | |

(ဤလူဝင်မှုအစီရင်ခံစာကို ***နိုင်ငံတော်ကောင်စီဝင်ဟောင်းဦးလှထွန်းဖြူ–ကွယ်လွန်) စုဆောင်းချက် မှကူးယူဖော်ပြပါအပ်သည်။)***

---

*နောက်ဆက်တွဲ(၃)က*

## ရခိုင်ပြည်နယ် စီးပွားရေးဘဏ္ဍာတိုက်

**ဦးလှထွန်းဖြူ**

နိုင်ငံတကာသတင်းများအရအိန္ဒိယနိုင်ငံမှ နာဂမီဇို သောင်းကျန်းသူများနှင့်ဘင်္ဂလားဒတ်ချ်နိုင်ငံမှ ဘရာဖာဂျာနှင့် မူဂျာဟစ်များသည် မြန်မာနိုင်ငံကချင်ပြည်နယ်တွင် အထူးစခန်းထူထောင်၍လက်နက်များကိုင်ဆောင်လေ့ကျင့်နေကြကြောင်း အိန္ဒိယနိုင်ငံထုတ်နယူးစ်ဝေးမဂ္ဂဇင်းသတင်းစာနှင့် နိုင်ငံကြီးအချို့အသံလွှင့်ချက်များတွင်ဖော်ပြကြပေသည်။

ယခင်ပါကိုစ္စတန်၊ယခုဘင်္ဂလားဒတ်ချ်နိုင်ငံနှင့် နယ်ခြားဒေသဖြစ်သောမောင်တောမြို့၏အခြေအနေမှာ တူညီခဲ့ကြသော်လည်း လူဦးရေ ၂၂၀၀၀၀ ကျော်နေထိုင်ရှိကြသည့်အနက် ၉၅ရာခိုင်နှုန်းသည်မူဆလင်ကုလားများဖြစ်ကြ၍ ရခိုင်အမျိုးသား ၅ ရာခိုင်နှုန်းမျှသာနေထိုင်ကြလေသည်။

စစ်ကြိုခေတ်မောင်တောမြို့နယ်တွင် ကျေးရွာ ၁၃၃ ရှိခဲ့၍လူဦးရေ ၅၀၀၀၀ ကျော်ရှိခဲ့သည်။မူဆလင်နှင့် ရခိုင်တိုင်းရင်းသားတို့၏အခြေအနေမှာတူညီခဲ့ကြသော်လည်း လယ်မြေဧက ၆၀၀၀၀ ကျော်အနက် ၅၀၀၀၀ ကျော်ကို ရခိုင်အမျိုးသားတို့ပိုင်ဆိုင်ခဲ့ကြသည်။

၁၉၄၂ ခုနှစ် ထိုဒေသနှင့်အခြားသောရခိုင်ပြည်နယ်တွင် ရခိုင်နှင့်ကုလားအဓိကရုဏ်းဖြစ်ပေါ်ခဲ့စဉ်က မောင်တောနှင့်ဘူးသီးတောင်မြို့များ၌နေထိုင်သောရခိုင်အမျိုးသားအမြောက်အများ အိန္ဒိယပြည် ဒိုင်နာစပူရ်သို့လည်းကောင်း ရခိုင်ပြည်တွင်သို့လည်းကောင်း ထွက်ပြေးခိုလှုံခဲ့ကြသည်။

၁၉၄၆ ခုနှစ်အတွင်း အိန္ဒိယမှပြန်လာသောရခိုင်အမျိုးသားများသည် ၁ခင်ကနေထိုင်ရာကျေးရွာများသို့ဝင်ရောက်ပြီး ကျေးရွာပေါင်း ၆၀ ကျော် နေအိမ်အဆောက်အဦးများထူထောင်ပြီးလျှင် လယ်ယာလုပ်ငန်းများကိုလုပ်ကိုင်စားဒသောက်ကြလေသည်။

သို့သော် ၁၉၄၈–၄၉ ခုနှစ်အတွင်း မူဆလင်များသည် ဘူးသီးတောင် မောင်တော ရသေ့တောင်မြို့နယ် အပါအဝင် သီးခြားပြည်နယ်ထူထောင်ဖို့ မူဆလင်မူဂျာဟစ်တပ်များဖွဲ့စည်း၍ထကြွသောင်းကျန်းလာကြသဖြင့် ထူထောင်ပြီးရခိုင်ရွာ ၆၀ ရွာအနက် ၄၄ ရွာကို မူဂျာဟစ်အမျိုးသားများကမီးရှို့ဖျက်ဆီး၍ ပစ္စည်းလုလူသတ်ခဲ့ကြသည့်အချိန်ကာလမှစ၍ ရခိုင်များနေရာသို့မူဆလင်အမျိုးသားများပါကိုစ္စတန်ပြည်ဖက်မှ တစိမ့်စိမ့်ဝင်လျက်ရှိပေရာ ၅ ရာခိုင်နှုန်းမျှသောရခိုင်အမျိုးသားများသည် မူဆလင်များ၏အန္တရယ်ကိုကြံ့ကြံ့ခံ၍ လယ်မြေဧက ၃၅၄၅ ခန့်ကို လုပ်ကိုင်၍နေကြရလေသည်။

### နိုင်ငံခြားသားလူဝင်မှုကြီးကြပ်ရေးကော်မစ်ရှင်

၁၉၃၉ ခုနှစ်တွင် မြန်မာပြည်ဗြိတိသျှအစိုးရက မြန်မာနိုင်ငံသို့ရောက်ရှိလာသောအိန္ဒိယတိုင်းရင်းသားများနှင့်ပတ်သက်၍စုံစမ်းဖို့ စုံစမ်းရေးကော်မစ်ရှင် တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ယင်းကော်မစ်ရှင်တွင် မင်းကြီးမစ္စတာဂျမ်းစ်ဘက်စ်တာ က (နောင်သောအခါ မြန်မာပြည်ဘုရင်ခံ၏အတိုင်ပင်ခံအရာရှိ) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ဦးတင်ထွတ် ( အိုင်၊စီ၊အက်စ် )နှင့် မစ္စတာအာရ်ဒီဆိုင်း (ရန်ကုန်တက္ကသိုလ်ပါမောက္ခ)တို့ အဖွဲ့ဝင်များအဖြစ်ပါဝင်ခဲ့ကြသည်။

ထိုကော်မစ်ရှင်၏အစီရင်စာအခန်း (၇)၊စာမျက်နှာ ၄၉ တွင်၁၉၃၀ ခုနှစ်၌ကောက်ယူသောသန်းခေါင်စာရင်းများအရ ရခိုင်တိုင်းသို့ဝင်ရောက်လာသော အိန္ဒိယတိုင်းရင်းသားများစာရင်းကို အောက်ပါအတိုင်းဖော်ပြ

ထားသည်။

ရခိုင်တိုင်းလူဦးရေ ၁၀၀၈၅၃၈

အိန္ဒိယတိုင်းရင်းသားဦးရေ ၂၁၇၈၀၁

ခရိုင်အလိုက်ပြန့်နှံ့နေထိုင်ကြသော အိန္ဒိယတိုင်းရင်သားဦးရေမှာအောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| စစ်တွေခရိုင် | ၂၁၀၉၉၀ |
| ရခိုင်တောင်တန်းဒေသ | ၅၀၀ |
| ကျောက်ဖြူခရိုင် | ၄၃၂၁ |
| သံတွဲခရိုင် | ၁၉၉၀ |
| စုစုပေါင်း– | ၂၁၇၈၀၁ |

စစ်တွေခရိုင်တွင် လူဦးရေ ၆၃၇၅၈၀ ယောက်ရှိသည့်အနက် ၂၁၀၉၉၀ မှာအိန္ဒိယတိုင်းရင်းသားများဖြစ်ကြသည်။ ယင်းစာရင်းအရ စစ်တွေခရိုင်တွင်နေထိုင်သောအိန္ဒိယတိုင်းရင်းသားများမှာ ရခိုင်တစ်တိုင်းလုံး၏ အိန္ဒိယအမျိုးသားများ၏ ၉၇ ရာခိုင်နှုန်းဖြစ်လေသည်။

စစ်တွေခရိုင်အတွင်းနေထိုင်သောအိန္ဒိယတိုင်းရင်းသား ယောကျ်ားမိန်းမစာရင်းမှာ အောက်ပါမတိုင်းဖြစ်သည်။

| | ရခိုင်တွင်ဖွား | အိန္ဒိယတွင်ဖွား |
|---|---|---|
| ယောကျ်ား | ၈၆၀၀၀ | ၃၈၀၀၀ |
| မိန်းမ | ၈၁၀၀၀ | ၆၀၀၀ |
| စုစုပေါင်း | ၁၆၇၀၀၀ | ၄၄၀၀၀ |

အထက်စာရင်းများအရ ရခိုင်တိုင်းအတွင်း၌ဖွားမြင်သော အိန္ဒိယတိုင်းရင်းသားများအနက် ၄၈.၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြ၍ ၁၃.၆ ရာခိုင်နှုန်းမှာ ပြည်ပတွင်ဖွားမြင်သောအိန္ဒိယအမျိုးသမီးများဖြစ်ကြသည်။

**<u>စစ်တွေခရိုင်အတွင်း၌ ပြန့်နှံ့နေထိုင်သော အိန္ဒိယတိုင်းရင်းသားအမျိုးအနွယ်စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။</u>**

| | စုစုပေါင်း | | | ရခို |
|---|---|---|---|---|
| | ယောကျ်ား | မိန်းမ | စုစုပေါင်း | ယောကျ်ား |
| စစ်တကောင်းကုလား | ၁၀၄၁၆၉ | ၈၁၅၅၈ | ၁၈၆၃၂၇ | ၈၀၆၀၀ |
| ဘင်္ဂါလီ(စစ်တကောင်းသားမဟုတ်သောကုလား) | ၁၀၉၉၈ | ၄၅၈၈ | ၁၅၅၈၆ | ၅၃၂၀ |
| ဟိန္ဒူစတန်နီ | ၂၉၅၅ | ၆၃၂ | ၃၅၈၇ | ၃၁၁ |
| အူရီယာကုလား | ၃၈၀၉ | ၁၀ | ၃၈၀၉ | ၁၈ |

အူရီယာကုလားများမှာ အိန္ဒိယတွင်မွေးဖွားကြ၍ အားလုံးလိုလိုယောကျ်ားများဖြစ်ကြသည်။ စစ်တွေခရိုင်တွင် နေထိုင်ကြသော အိန္ဒိယတိုင်းရင်းသားများအနက် ၈၈ ရာခိုင်နှုန်းမှာ စစ်တကောင်းကုလားများဖြစ်ကြသည်။ ယင်းအနက် ၈၄ ရာခိုင်နှုန်းမှာမြန်မာပြည်တွင်မွေးဖွားကြသူများဖြစ်သည်။ဤစာရင်းအရဆိုလျှင် မြန်မာပြည်တွင်ဖွားသောစစ်တကောင်းအမျိုးသား ၁၀၀ ရှိတိုင်းမြန်မာပြည်တွင်ရှိသောစစ်တကောင်းကုလားအမျိုးသမီး ၉၄ မှ ၉၅ ယောက်ရှိပြီးလျှင် အိန္ဒိယပြည်တွင်ဖွားသောစစ်တကောင်းကုလား ၁၀၀ ရှိတိုင်း အိန္ဒိယပြည်တွင်ရှိသောစစ်တကောင်းအမျိုးသမီး ၂၂ ယောက်မှ ၂၃ ယောက်ထိရှိလေသည်။

**နောက်ဆက်တွဲ(၃)က ၂**

၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရ စစ်တွေခရိုင်တွင်ရှိသောကုလားအလုပ်သမား ၇၁၃၀၆ ယောက်ရှိသည့် အနက် ၆၉၄၆၁ ယောက်တို့မှာ အောက်ပါလုပ်ငန်းများတွင်ပါဝင်လုပ်ကိုင်နေကြသည်။

| အလုပ်အကိုင် | ဦးရေ |
|---|---|
| စိုက်ပျိုးရေး | ၄၂၉၄၇ |
| စာရေးစာချီ | ၇၄၄ |
| လက်မှုပညာသည် | ၃၃၄၇ |
| ကျွမ်းကျင်သူနှင့် တဝက်တပျက်ကျွမ်းကျင်သောအလုပ်သမား | ၁၆၄၂၉ |
| ကုန်သည်များနှင့်ကုန်သည်များထံတွင်လုပ်ကိုင်သူများ | ၅၉၉၄ |
| စုစုပေါင်း– | ၆၉၄၆၁ |

အထက်စာရင်းများအနက် ကုလားလူမျိုး ၉၄၄၂ ယောက်မှာ ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူမျှယားဖြစ်သည်။ ၁၂၈၄၈ ယောက်မှာ သူတပါးလယ်ယာကိုလုပ်ကိုင်သူများဖြစ်သည်။ ၁၉၄၃၆ ယောက်မှာ လယ်စာရင်းငှာများဖြစ်ကြသည်။လယ်စာရင်းငှားများအနက် ၅၅၇၀ ယောက်မှာ အိန္ဒိယတွင်ဖွားမြင်သူများဖြစ်သည်။

၁၉၃၁ ခုနှစ် သန်းခါင်စာရင်းကို ၁၉၃၁ ခုနှစ် ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့၌ကောက်ယူခဲ့ရာ စပါးရိတ်သိမ်းပြီးချိန်ဖြစ်သည့်အလျောက် အချို့စစ်တကောင်းကုလားများသည် စပါးရိတ်သိမ်း၍စစ်တကောင်းသို့ပြန်ခဲ့ကြသည်။ အချို့စစ်တကောင်းကုလားတို့မှာ စစ်တွေပတ်ဝန်းကျင်ရှိဆန်စက်များသို့ ဝင်ရောက်လုပ်ကိုင်ကြသည်။ အချို့မှာလည်း လေ့သမားများအဖြစ်လိုက်ပါလျက်အခြားမြို့ပြကျေးရွာများသို့သွားရောက်နေကြဆဲအချိန်ဖြစ်၏။

**နှစ်စဉ်ကူလီ ၄၀၀၀၀ အဝင်ရှိ**

ပြည်သူ့ကျမ်းမာရေးဌာနညွှန်ကြားရေးဝန်၏ ၁၉၃၀–၃၁ ခုနှစ် အစီရင်ခံစာတွင်ဖေါ်ပြထားချက်အရ သာမန်အားဖြင့်တစ်နှစ်လျှင် စစ်တကောင်းသားကူလီပေါင်း ၄၀၀၀၀ ခန့် စစ်တွေခရိုင်သို့ဝင်ရောက်လေ့ရှိကြောင်း ဖေါ်ပြပါရှိသည်။

၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းကောက်ချိန်တွင် စစ်တွေခရိုင်အတွင်း၌အိန္ဒိယတိုင်းရင်းသားယောက်ျား (လူမျိုးပေါင်းစုံ) စုစုပေါင်း ၂၅၁၉၄၅ ယောက်ရှိသည်ဟုဖေါ်ပြထားသည်။

၁၉၃၄ ခုနှစ်တွင် ရခိုင်တိုင်းအတွင်းသို့ဝင်ရောက်လာသောစစ်တကောင်းကုလားဦးရေ ၂၁၀၀၀ ဖြစ်သည်။

**မတားဆီးနိုင်လျှင်**

အထက်၌ဖေါ်ပြခဲ့သောကော်မစ်ရှင်သည် ရခိုင်တိုင်းမှဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် (၇) ဦးအပါအဝင် သက်သေ (၈) ဦးကို စုံစမ်းမေးမြန်းခဲ့ကြသည်။

ယင်းတို့၏တင်ပြချက်မှာ ရခိုင်တိုင်းသို့နှစ်စဉ်နှစ်တိုင်းစစ်တကောင်းကုလားများဤသို့အများအပြား ဝင်ရောက်နေခြင်းမှာ ရခိုင်လူမျိုးအဖို့မဆိုထားဘိ ရခိုင်တွင်အခြေစိုက်နေထိုင်လျှက်ရှိသောကုလားလူမျိုးကပင် မနှစ်မြို့ကြဟုဆိုသည်။ ယခုအတိုင်းသာရခိုင်သို့စစ်တကောင်းကုလားများအဆက်မပြတ်ဝင်လာနေခြင်းကို မတားဆီးခဲ့လျှင် နောင်အနာဂတ်တွင်လူမျိုးရေးအဓိကရဏ်းများဖြစ်ပွါးမည်ကိုစိုးရိမ်ရပါသည်ဟုဆိုကြသည်။ သက်သေများအားလုံးက စစ်တကောင်းကုလားများဝင်ရောက်မှုကိုတားဆီးသင့်ကြောင်းအကြံပြုကြပါသည်။

**နောက်ဆက်တွဲ(၃)က ၃**

ရခိုင်တွင်ရှိသောလယ်လုလီများမှာ စစ်တကောင်းကုလားများလောက်အပင်ပန်းခံ၍အလုပ်မလုပ်နိုင်ကြ ဟုဆိုပါသည်။စစ်တကောင်းကုလားများသည် အခကြေးငွေနည်းပါးသော်လည်း အလုပ်ပို၍လုပ်ကိုင်ကြသည်ဟု ဆိုကြသည်။ ထို့ကြောင့်ရခိုင်တိုင်းအတွင်းမှရှိရင်းစွဲကူလီများကိုလုပ်ခပိုမိုပေးလိုက်လျှင်စစ်တကောင်းကုလားများ လုပ်ကိုင်မည့်နေရာများတွင်ယင်းသို့ဝင်ရောကလုပ်ကိုင်ကြလိမ့်မည်ဟုဆိုပါသည်။

ရခိုင်တိုင်းတွင် လယ်ယာရိတ်သိမ်းချိန်၌ စစ်တကောင်းကုလားအလုပ်သမားများ မည်မျှအလိုရှိသည် မည်မျှဝင်ရောက်ခွင့်ပြုမည်ဟု စီမံကိန်းချမှတ်ဆောင်ရွက်သင့်ပါသည်။အုပ်ချုပ်ရေးပိုင်းမှ ထိုသို့စီမံကိန်းချမှတ် လုပ်ဆောင်လျှင် ရခိုင်တိုင်းသို့နှစ်စဉ်ဝင်ရောက်လာသောစစ်တကောင်းကုလားဦးရေသိသိသာသာကျဆင်း သွားပေလိမ့်မည်ဟု တင်ပြကြပါသည်။ သက်သေများအားလုံးက ရခိုင်တိုင်းသို့ဝင်ရောက်လာကြသော စစ်တကောင်းကုလားများကို ကန့်သတ်တားမြစ်သင့်ပြီဟု တညီတညွတ်တည်းတင်ပြကြပါသည်။

ဝင်လာမစဲဖြစ်နေသော ကုလားအုပ်ကြီးများကို ဗြိတိသျှတို့စိုးရိမ်လာပြီးစုံစမ်းရေးပြုလုပ်ခဲ့ရာ၌ ဒုတိယ ကမ္ဘာစစ်ကြီးကြောင့် မည်သို့မှအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြပေ။ ။

***နောက်ဆက်တွဲ(၁)***

# ဆူဒီတန်မူဆလင်များ

(ဖေါ်ဇ)

<u>လူကြီးမင်းခင်ဗျား–</u>

လူကြီးမင်း၏ဩဂုတ်လ(၂၀)ရက်နေ့ထုတ် သတင်းစာတွင်ရေးသားထုတ်ဝေခဲ့သော၊ "ဆူဒီတန်မူဆလင်များ"ဟူသောခေါင်းကြီးပိုင်းနှင့်စပ်လျဉ်း၍၊မစ္စတာဂေါဖေါ၏ မဟုတ်မဟတ်ရေးသားတင်ပြချက်များကို လူကြီးမင်း၏ခွင့်ပြုချက်အရ ပြန်လှန်တင်ပြပါရစေ။

ပညာရှိသုခမိန်ကြီးဖြစ်သော မစ္စတာဂေါဖေါက မောင်တောလက်အောက်ခံခရိုင်၌နေထိုင်ကြသောလူများမှာ အေဒီ(၇)ရာစုနှင့်(၈)ရာစုနှစ်များအခြေစိုက်နေထိုင်ကြသောအာရပ်ကုန်သည်တို့မှ တိုက်ရိုက်အဆက်အနွယ်များဖြစ်ကြပြီး ၊ အိန္ဒိယ၊ပါကိစ္စတန်နိုင်ငံသားများနှင့်လုံးဝဆက်သွယ်မှုများမရှိပါဟုဆိုထားပါသည်။ မြန်မာပြည်၏ မြေသြဇာပေါကြွယ်ဝသော လွင်ပြင်များဆီသို့၊ တိဗက်မြန်မာများ၊မွန်ခမာများ၊ထိုင်းရှမ်းများဝင်ရောက်လာချိန်တွင် အထက်ကဖေါ်ပြသောအာရပ်ကုန်သည်များနှင့်စစ်သည်တော်များသည် ရခိုင်ပြည်အားသင့်တင့်လျောက်ပတ်သောနယ်ပယ်သစ်တစ်ရပ်အနေဖြင့်ရှာဖွေတွေ့ရှိလာကြသည်။အရေအတွက်အားဖြင့်မများလှသော ဒေသခံအကြီးအကဲများကလည်း ထိုအာရပ်ခရီးသည်များကို ၎င်းတို့၏ရာထူး၊ဌာနန္တရများကိုပေး၍လည်းကောင်း၊အဆင့်မြင့်ဆွေတော်၊မျိုးတော်များနှင့်လည်းကောင်း၊သာမန်အရပ်သားများနှင့်လည်းကောင်း လက်ထပ်ထိမ်းမြားခြင်းများကို ပင်ခွင့်ပြုခဲ့သည်ဟု မစ္စတာဂေါဖေါကဆိုထားပြန်ပါသည်။ ထိုအာရပ်တို့၏အဆက်အနွယ်များသည် ရခိုင်ပြည်သူတို့၏အထဲသို့ရိုဟင်ဂျာ(ခေါ်)ရှေးရိုးစွဲမူဆလင်များအဖြစ် ပြန့်နှံ့သွားကြသည်။ဆက်လက်၍ ၎င်းအာရပ်တို့၏အစ္စလာမ်ဘာသာသည်လည်း ရခိုင်ပြည်၌(၇)ရာစုအချိန်မှစတင်အမြစ်တွယ်ခဲ့ပြီး (၇၇၈) အေဒီမှစတင်၍ရှင်သန်နေခဲ့သည်ဟုဆိုထားပါသည်။ဗုဒ္ဓဘာသာမှာမူအနော်ရထာမင်းလက်ထက် ၁၀၄၄ အေဒီအချိန်ကာလလောက်မှစ၍ ရောက်ရှိခဲ့သည်ဟူဆိုထားပြန်ပါသည်။

လူကြီးမင်းခင်ဗျား–ပညာရှိသုခမိန်ကြီးကိုးကားထားသောအာသာမေယာ၊ဂျီအီးဟာဗေး၊စကော့ အစရှိသူတို့၏သမိုင်းစာအုပ်များကို လူကြီးမင်းကိုယ်တိုင်လှန်လှော၍ကြည့်ပါက၊အာရပ်ခရီးသည်များသည်၊ရခိုင်ပြည်နယ်မှလည်းကောင်း၊မြန်မာပြည်၌လည်းကောင်း၊အခြေစိုက်နေထိုင်ခဲ့သည်ဟူသော မည်သည့်အချက်အလက်ကိုမျှတိတိကျကျဖေါ်ပြထားခြင်းမရှိသည်ကို လူကြီးမင်းတွေ့ရပေလိမ့်မည်။တဖန်–အကယ်၍လူကြီးမင်ကိုယ်တိုင်ရှေးခေတ်အာရပ်ခရီးသည်များနှင့်ပတ်သက်၍ ပိုပြီးအခြေခံယူကာယုံကြည်အားကိုးအပ်သောစာအုပ်များကိုလှန်လှောကြည့်ပါက၊(၇)ရာစုနှစ်များအတွင်း၊အိန္ဒိယနှင့်တရုတ်ပြည်သို့ခရီးထွက်ခဲ့သည့်မိုဟာမေဒင်နှစ်ယောက် ရေးသားခဲ့သော"အိန္ဒိယနှင့်တရုတ်ပြည်တို့၏ရှေးခေတ်ဖြစ်ရပ်များ"( Ancient accounts of India and China ) စာအုပ်ကိုတွေ့ရမည်။ ၎င်းစာအုပ်ကို အာရပ်ဘာသာစကားနှင့်စာပေအပြင်အာရပ်ခရီးသည်များ၏မှတ်တမ်းများကိုသုတေသနပြုလုပ်ခဲ့သော အီဆီဘီယက်ရီမန်ဒေါ ဆိုသူက ဘာသာပြန်ခဲ့သည်။လူကြီးမင်းအနေဖြင့် ထိုဘာသာပြန်စာအုပ်များတွင်အာရပ်တို့ကိုအလွန်တရာကျွမ်းကျင်သောသင်္ဘောသားများဖြစ်ကြောင်း၊ခရီးအနီးအဝေးတို့ကိုရောက်ဘူးသောသူများဖြစ်ကြောင်းကိုလည်းတွေ့ရှိရလိမ့်မည်။ သို့သော် ၎င်းတို့ရောက်ရှိခဲ့သောအာရပ်ဒေသများမှာ ဘေးအန္တရာယ်ထူပြောကြောင်းနှင့် မည်သည့်အရပ်ဒေသကိုမျှအတိအကျညွှန်ကြားနိုင်စွမ်းမရှိကြောင်းကိုတွေ့မြင်ရလိမ့်မည်။အာရပ်ခရီးသည်များအနက် မှတ်တမ်းမှတ်ရာများကိုအကောင်းဆုံးရေးသားခဲ့

***နောက်ဆက်တွဲ(၁) ၁***

သောအာရပ်ခရီးသည်နှစ်ယောက်အကြောင်းကို ယူဆီဘီယက် က–၄င်းဘာသာပြန်ဆိုသောစာအုပ်တွင်ဖော်ပြထားခဲ့သည်။တစ်ယောက်သောခရီးသည်မှာ (၇) ရာစုတွင်ခရီးသွားခဲ့ပြီး၊အခြားတစ်ဦးမှာ (၉)ရာစုလောက်တွင် ခရီးသွားခဲ့သည်။ထိုမှတ်တမ်းတွင် ၄င်းတို့ရောက်ရှိခဲ့သော အာရပ်ဒေသအမည်များနှင့်စပ်လျဉ်း၍ ရခိုင်ပြည်သို့ ၄င်းတို့ရောက်ရှိခဲ့သည်ဟူသောအကြောင်းရပ်မှာတိကျမှုမရှိပေ။။အနီးစပ်ဆုံးအမည်မှာ“ရာမနီ”ဟူသောကျွန်း၏ အမည်ပင်ဖြစ်သည်။၄င်းကျွန်းမှာ သီဟိုကျွန်းနှင့် ဆူမတြာကျွန်းရှိ အာချန်ဒေသကြားတစ်နေရာတွင်ရှိနိုင်ကြောင်း ထိုကျွန်းတွင်နေထိုင်သောလူများသည် လူသားစားကြကြောင်းတို့ပင်ဖြစ်သည်။အကယ်၍၄င်းတို့ဖော်ပြသော ရာမနီ ကျွန်းသည်ရခိုင်ပြည်နယ်အနီးအနား(သို့)ရခိုင်ပြည်ထဲတွင်ရှိစေကာမူ ၄င်းတို့ခရီးစဉ်တွင်ဖော်ပြသော ပို၍နေထိုင်ရန်ကောင်းပြီးပို၍ယဉ်ကျေးသောအရပ်ဒေသများ၌ အာရပ်တို့အခြေမစိုက်ဘဲ ရခိုင်ပြည်၌သာအဘယ် ကြောင့်စိုက်ကြသနည်း၊အဘယ်ကြောင့်သုခမိန်ကြီးဂေါဖေါသည် မောင်တောခရိုင်၌အာရပ်များအခြေစိုက်ပြီး ရိုဟင်ဂျာများဆင်းသက်ခေါ်ထွင်လာရသည်ဟု အခိုင်အမာပြောဆိုရသနည်း။ကျွန်တော်အမှန်အံ့သြပါသည်။ အရှေ့ဖျားဒေသသို့အစ္စလာမ်ဘာသာအားဖြန့်ချီခဲ့သော အီဘန်ဘာဟူလာသည်လည်း မြန်မာပြည်၏မည်သို့ သော ဒေသကိုမှမရောက်ခဲ့ဖူးပါ။

ယခုတစ်ဖန် ကျွန်တော်တို့ မစ္စတာဂေါဖေါရေးသားဖော်ပြထားသော အခြားသောအချက်အလက်များ မှန်မမှန်ကို ဆန်းစစ်ကြည့်ရအောင်–

အကယ်၍များ ကျွန်တော်တို့သည်ထင်ရှားကျော်ကြားလှသော ဒေါက်တာဖေါကိုင်မာရေးသားခဲ့သည့် မြန်မာပြည်၏ ရှေးဟောင်းသုတေသနစာတမ်းများ ( Papers on subjects relating to the Archaeology of Burma ) ကို လှူကြီးမင်းအနေဖြင့်လေ့လာပါက၊ဓညဝတီရှေးဟောင်းမြို့တော်အနီးတွင်စန္ဒသူရိယမင်းကြီးသည် မဟာမုနိရုပ်ပွါးတော်ကြီးကို ၁–ရာစုအေဒီထက်နောက်မကျသောကာလကသွန်းလုပ်ကိုးကွယ်ခဲ့ကြောင်းကိုတွေ့ရပါလိမ့်မည်။ဘုန်းတော်ကြီးမန်နရိတ်၏ခရီးစဉ်များ (Travels of Frair Sabastan Manrique ) ဟူသောခရီးသွား မှတ်တမ်းကို ဘုန်းတော်ကြီးဟောစ်လန်၏အကူအညီဖြင့် ဗိုလ်မှူးကြီးလောဒ်က ဘာသာပြန်ခဲ့သည်။(ဟစ်လွတ် အသင်းမှပုံနှိပ်ထုတ်ဝေသည်။အမှတ်စဉ်–၂၊အတွဲ–၅၉/၆၁)။ ဤခရီးသွားမှတ်တမ်းကို လူကြီးမင်းကိုးကားကြည့်ပါကပိုပြီးရှင်းလင်းသွားပါလိမ့်မည်။ဤကိစ္စနှင့်ပတ်သက်၍ ကွယ်လွန်သွားပြီဖြစ်သော ဗိုလ်မှူးကြီးလောဒ်၏ရေသားချက်များကို၊ ယခုတစ်ဖန်ကြည့်ကြအုံးစို့–လောဒ်သည် ၁၉၂၅–ခုနှစ်၊ မြန်မာနိုင်ငံသမိုင်းကိုပြုစု ရေးသားခဲ့သော ဂျီအီးဟာဗေးနှင့်ဆွေးနွေးပြီးနောက် ယခုဖော်ပြမည်ဖြစ်သော နိဒါန်းကို ၁၉၂၇–ခုနှစ်ကရေး သားခဲ့ပါသည်။

ရခိုင်လူမျိုးများသည် အမှန်တကယ်မွန်ဂိုနွယ်ဝင်များဖြစ်ကြသည်။၄င်းတို့သည်၊မြောက်ပိုင်းမှဝင်ရောက် လာဟန်တူသည်။၄င်းတို့သည် ကိုယ်ပိုင်ဘာသာစကားကိုပြောဆိုကြပြီး မြန်မာလူမျိုးများမှရှေးပဝေသဏီအချိန် ကပင်ထွက်လာခဲ့ကြ၍၊တသီးတခြားဖွံ့ဖြိုးနေထိုင်လာခဲ့ကြသည်။၁၄၆–အေဒီမှစပြီး၊အုပ်ချုပ်သူအစဉ်အဆက် ကိုဖော်ပြသည်။သို့သော် ၉–ရာစုလောက်တွင် ၄င်းတို့အကြောင်းကိုကျွန်ုပ်တို့မည်သို့မှမသိနိုင်ကြပေ။သို့သော် လည်း စိတ်ဝင်စားစရာတွေ့ရှိရချက်မှာ ရှေးကအုပ်ချုပ်သောဘုရင်များသည် ဟိန္ဒူအမည်များကိုခံယူကြသည်။ ဥပမာ–စန္ဒသူရိယ၊သူရိယဓိပတိ စသည်တို့ဖြစ်သည်။ဤအခြင်းအရာသည် ဗြဟ္မဏ အယူအဆလွှမ်းမိုးမှုကို ဖော်ပြနေပေသည်။

ရခိုင်ပြည်ကိုကျန်ရှိသောမြန်မာပြည်မှ မြင့်မားသောတောင်တန်းကြီးများဖြင့်ကာရံထားသည်။ ရေလမ်းခရီးဖြင့် အလွယ်တကူဆက်သွယ်နိုင်သည့်အလျောက် ထိုရေလမ်းခရီးမှပင် အိန္ဒိယနိုင်ငံမှတဆင့်အခြေ စိုက်သူများဝင်ရောက်လာခဲ့ကြပြီး ၊ ၄င်းတို့၏ဘာသာရေးနှင့်ဆိုင်သောဓလေ့ထုံးစံများကိုပါ ယူဆောင်လာကြသည်။ဒုတိယအနေဖြင့် ဗုဒ္ဓဘာသာကိုပါတင်သွင်းလာကြသည်။

***နောက်ဆက်တွဲ(ခ)–၂***

ဗုဒ္ဓရုပ်ပွါးတော်ကြီး မဟာမုနိကို စန္ဒသူရိယခေတ် အခါကပင်၊အစဉ်အလာအတိုင်းလက်ခံလာခဲ့ကြ၍ ၎င်းအချိန်သည် အလွန်ရှေးကျသော ခရစ်သက္ကရာဇ်အချိန်ကာလပင်ဖြစ်သည်။ ဒေ၀–နာဂရီအက္ခရာများကို ရှေးခေတ်ကဘုရင်များ၏ဒင်္ဂါးများ၌ သွန်းလောင်းဖော်ပြခြင်းသည် ဗြဟ္မဏတရားအယူဝါဒလွှမ်းမိုးမှုရှိကြောင်းကိုသက်သေထူလျှက်ရှိသည်။

မိုဟာမေဒင်အယူဝါဒလွှမ်းမိုးမှုသည်၊နောက်ပိုင်းကာလမှစတင်ခဲ့သည်။နရမိတ်လှဘုရင် (၁၄၀၃–၁၄၀၄) သည် ၁၄၀၄–ခုနှစ်တွင် မြန်မာများ၏မောင်းထုတ်ခြင်းကိုခံခဲ့ရ၍၊ဘင်္ဂလားဒေသရှိ ဂေါလ်ဒေသကိုထွက်ပြေးတိမ်းရှောင်ခဲ့သည်။ဂေါလ်က ၎င်းအားကောင်းမွန်စွာလက်ခံခဲ့သည်။ဘင်္ဂလား ဂေါရ်ဆူလတန်ဘုရင်၏အကူအညီဖြင့် ထီးနန်းအားပြန်လည်သိမ်းပိုက်ခဲ့သည်။ပြီးနောက်ဆက်ခံသော ရခိုင်ဘုရင်များသည်၊ မူဆလင်ဘွဲ့တံဆိပ်များကို စတင်သုံးခဲ့သည်။နရမိတ်လှအား ဆက်ခံသူ ညီဖြစ်သူသည် ကိုယ့်ကိုယ်ကို အာလီခန်ဟူ၍လည်းကောင်း၊အာလီခန်ကိုဆက်ခံသူ ဘစောဖြူဘုရင်သည် ကာလီမာရှာဟူ၍လည်းကောင်းခေါ်တွင်လေသည်။

ကာလီမာရှာသည် စစ်တကောင်းမြို့အားသိမ်းပိုက်ခဲ့သည်။စစ်တကောင်းမြို့သည် ရခိုင်တို့၏လက်အောက်တွင်အစဉ်တစိုက်ရှိခဲ့ရ၍ ၁၆၆၆–ခုနှစ်မှသာ မဂိုဧကရာဇ်ရှားဂျဟန်အတွက်၊ရှာယက်တာခန်ကပြန်လည်သိမ်းပိုက်လိုက်သည်။

ထို့ကြောင့် ဗြဟ္မဏအယူအဆ၊ဗုဒ္ဓဝါဒနှင့် မိုဟာမေဒင်ဝါဒတို့သည် ရခိုင်ပြည်အားလွှမ်းမိုးမှုရှိခဲ့ပုံကို လူကြီးမင်းအနေဖြင့် အလွယ်တကူသဘောပေါက်နိုင်လောက်ပါပြီ။

လူကြီးမင်းခင်ဗျား– ပညာရှိကြီးဂေါဖေါက ထပ်မံ၍ဖော်ပြသည်မှာ၊ ရခိုင်ပြည်၏ဒေသအသီးသီးကို ထိုရွာဗလီများရှိခဲ့ပြီး၊အစ္စလာမ်ဘာသာကိုသာလျှင်ကိုးကွယ်ခဲ့သကဲ့သို့ဖော်ပြခဲ့သည်။၎င်းအနေဖြင့် နားလည်သင့်သည်မှာ ရခိုင်ပြည်အားအုပ်စိုးခဲ့သည့်ဘုရင်များသည် ဘာသာရေးလွတ်လပ်မှုအနေဖြင့် မိုဟာမေဒင်အတွက် ဗလီများအပြင် ခရစ်ယန်ဘာသာဝင်များအတွက် ခရစ်ယန်ဘုရားရှိခိုးကျောင်းများကို ပါ တည်ဆောက်ခွင့်ပေးခဲ့သည်။၎င်းပြင် ရခိုင်ဘုရင်၏လက်အောက် ၎င်းနိုင်ငံခြားသားကြေးစားတပ် အမှုထမ်းများနှင့်ကုန်သည်များဝမ်းမြောက် ဝမ်းသာဖြစ်စေရန်အတွက်လည်း ထိုကဲ့သို့ခွင့်ပြုတည် ဆောက်ပေး ခြင်းဖြစ်သည်။၁၇–ရာစုအတွင်းရခိုင်ဘုရင်များ ၏လက်အောက်တွင် ပေါ်တူဂီများ၊ဂျပန်များ၊မြန်မာများနှင့်မဂိုလူမျိုးများ အမှုထမ်းလျက်ရှိခဲ့သည်ကို ကျွန်ုပ်တို့ အခိုင်အမာသိခဲ့သည်။(မန်နရိတ်၏ခရီးသွားမှတ်တမ်းများတို့မှ)

လူကြီးမင်းခင်ဗျား–အကယ်၍ ကျွန်တော်ဟာ ရခိုင်နှင့်မြန်မာသမိုင်းပညာရှင်များရေးသားသောသမိုင်းစာအုပ်များကိုကိုးကားဖော်ပြရလျှင်–ပညာရှိကြီးများဖြစ်သော မစ္စတာဂေါဖယုံကြည်မည်မဟုတ်ပါ။ထို့ကြောင့် (၁၆)ရာစုနှင့်(၁၇)ရာစုနှစ်များအတွင်း ရခိုင်ပြည်သို့အမှန်တကယ်ရောက်ရှိခဲ့သော ဥရောပခရီးသည်များရေးသားခဲ့သောမှတ်တမ်းများကို ကျွန်ုပ်တိုကလှန်လှောကြည့်ရှုကြရအောင်–

"–––မြစ်မှနေ၍ပင်လယ်ကို (၂) နေရာမှရောက်နိုင်သည်။ တစ်ဘက်၌ ဦးရာဇ်တောင်ဆိပ်ကမ်းရှိပြီး အခြားတစ်ဘက်၌ ဒိုင်းဂျီ ဆိပ်ကမ်းရှိသည်။၎င်းဆိပ်ကမ်းများတွင် ဘာသာအသီးသီးကိုးကွယ်သော ကုန်သည်များ၏အခြေစိုက်စခန်းများရှိကြသည်။များသောအားဖြင့် အခြေစိုက်သူများမှာ မူဟာမေဒင်များဖြစ်ကြပြီး ၎င်းတို့ကိုဦးစီးသောမာလိမ်မှူးများမှာလည်း ၎င်းတို့နှင့်ဘာသာတူသူဖြစ်သည်။ (စာမျက်နှာ ၂၀၇–မန်နရိတ်ခရီးစဉ်မှတ်တမ်းများအတွဲ ၁ )

***<u>နောက်ဆက်တွဲ(ခ)–၃</u>***

"ဘုန်းတော်ကြီးသည် ရခိုင်သို့ရောက်သည်ရောက်ချင်းခရစ်ယန်များကိုလိုက်လံရှာဖွေသည်။၄င်းတို့ကို သူသည် အုပ်စု(၃)စုခွဲကာတွေ့ရှိခဲ့သည်။တစ်အုစ်စုမှာ ပေါ်တူဂီများဖြစ်ကြသည်။ ၄င်းတို့ချည်းနေထိုင်ကြ၍ ဘုရားရှိခိုးကျောင်းတစ်ကျောင်းကိုလည်းတည်ရှိပြီး၊ထိုဘုရားရှိခိုးကျောင်းတွင်ဘုန်းတော်ကြီးကအပတ်စဉ်ဝတ်ပြု ဆုတောင်းပွဲကိုကျင်းပသည်။ဒုတိယအုပ်စုမှာ ဂျပန်လူမျိုးများဖြစ်သည်။ဘုရင်မင်းမြတ်ကကြင်နာစွာလက်ခံထား သဖြင့် ၄င်းတို့သည် မိမိတို့၏မိသားစုများဖြင့်အတူတကွနေထိုင်ကြသည်။ အားလုံးသောဂျပန်တို့မှာခရစ်ယန် များဖြစ်ကြသည်။တတိယအုပ်စုမှာ နိုင်ငံခြားသားများဖြစ်ကြ၍ ဒတ်ချ်၊အင်္ဂလိပ်နှင့် ပြင်သစ်အခြေစိုက်သူများ ဖြစ်ကြသည်။" (ဘုန်းတော်ကြီး အေဖါရီနိကာအက်စ်ဂျေ–ဒီယင်းဂါးမှရခိုင်ခရီးစဉ် ၁၉၃၆–၄၀) ၁၉၀၇– စာမျက်နှာ ၅၉/၆၀ အိန္ဒိယကတ်သောလိပ်သံတော်ဆင့်သတင်းစာ)

အကယ်၍ လူကြီးမင်းသည် ဆီဟွန်တန်ခရီးစဉ်များအတွဲ(၁)စာမျက်နှာ–၁၆၇နှင့် ဘုန်းတော်ကြီးဂျွန်ကာ ဘရလ်အက်စ်ဂျေ၏ ဟူဂလီမြို့ကျဆုံးခြင်း (အိန္ဒိယစာတောလိတ် သံတော်ဆင့်သတင်းစာ၊ကာလကတ္တားမြို့) (၁၉၀၇–စာမျက်နှာ ၁၅၉/၆၀)ကို ကိုးကားပါကလည်း ဤတူညီသောအချက်များကိုပင်တွေ့ရှိရလိမ့်မည်။

ဘာသာရေးဆိုင်ရာလွတ်လပ်မှုများရှိလင့်ကစား မိုဟာမီဒင်နှင့်ခရစ်ယန်တို့သည် ဗုဒ္ဓဘာသာလူမျိုးများ ကို ၄င်းတို့ဘာသာသို့ဝင်ရောက်ရန် မဆွဲဆောင်နိုင်ကြ။ရခိုင်လူမျိုးများသည် ယနေ့ထက်တိုင်အောင် နိုင်ငံတစ်ဝှမ်းထင်ရှားကျော်ကြားလှသော စေတီ၊ဘုရားများနှင့်မှု ယနေ့ထက်တိုင်အောင်နေထိုင်လျှက်ရှိကြသည်။ ယင်းကြောင့် နိုင်ငံခြားစာရေးဆရာတို့သည် ရခိုင်ပြည်အားဆင်းထုတော်ကြီးကိန်းဝပ်ရာမြေ (The Land of the Great Image) ဟူ၍ အဆီလျော်ဆုံးအမည်ကိုပေးထားခြင်းဖြစ်သည်။(မောရစ်ကောလစ်၏ ဆင်းတုတော်ကြီး ကိန်းဝပ်ရာမြေ စာအုပ်နှင့် ဒီဂျီအီဟောလ်၏ ဥရောပနှင့်မြန်မာနိုင်ငံ စာအုပ်ရှု)

ကျွန်ုပ်တို့သည် ရခိုင်ပြည်ရှိမူဆလင်များကို ယေဘုယျအားဖြင့် အောက်ပါအတိုင်းခွဲခြားနိုင်သည်။

(၁) ရှာရှုဂျာ* မတိုင်မီ မြောက်ဦးခေတ်သို့ခိုလှုံသောရခိုင်ပြည်ရှိ မူဆလင်များ။

(၂) ရှာရှုဂျာခိုလှုံပြီးနောက်ရခိုင်ပြည်ရှိ မူဆလင်များ။

(၃) ဗြိတိသျှသိမ်းပိုက်ပြီးနောက်ရခိုင်ပြည်ရှိ မူဆလင်များဟူ၍ဖြစ်ပါသည်။မဂိုများနှင့်ဘုင်မင်းခမောင်း လက်ထက်တွင်ကြီးမားသောစစ်ပွဲတစ်ရပ်ကိုယခုလက်ရှိ နိုအာခါလီမြို့အနီး၌ဖြစ်ပွါးသည်။ထိုစစ်ပွဲကိုယုတ် မာသောပေါ်တူဂီလူမျိုး ဂွန်ဇာလီတီဗူက ဦးဆောင်ညွှန်ကြားခဲ့၍မဂိုတို့ဘက်မှစစ်ရှုံးခဲ့သည်။ စစ်တကောင်းခရိုင်၌လည်း စစ်ပွဲကြောင့်လူဦးရေယုတ်လျော့သွားခဲ့သည်။ (ဘုန်းတော်ကြီး ဒီဆူဇာရေးသားပြီး စတီဖင်ကဘာသာပြန်သော ပေါ်တူဂီတို့၏အာရှတိုက်စာအုပ်အမှတ် (၃)၊ အပိုဒ် (၃)၊အခန်း(၈)ကိုကြည့်ပါ။

ပေါ်တူဂီတို့၏ကြေးစားတပ်များကို စစ်တကောင်းမြို့အနီးယင်းဂါးအရပ်တွင်ရခိုင်ဘုရင်၏ခွင့်ပြုချက် ဖြင့် ထားသည်။ရည်ရွယ်ချက်မှာ မဂိုတို့နယ်ခြားထားသောနယ်နမိတ်ကိုစောင့်ကြည့်ရန်ပင်ဖြစ်သည်။ သို့သော်လည်း ရုပ်ထုကို ကိုးကွယ်သူများဖြစ်သောရခိုင်တို့သည်မိုဟာမေဒင်ဘာသာ ကိုးကွယ်သောမဂိုများ၏ ကျူးကျော်မည့်ရည်ရွယ်ချက်ကိုသိသည့်အလျောက် တိုင်းနိုင်ငံ၏အဓိကတံခါးပေါက်များကိုအင်အားကြီးမား သော ရန်သူမဂိုများအလွယ်တကူမဝင်ရောက်နိုင်ရေးအတွက်၊ပေါ်တူဂီများကိုအစေအပါးပမာစောင့်ကြပ်ခြင်း တာဝန်အားပေးထားသည်။

***နောက်ဆက်တွဲ(၁)-၄***

ထို့ကြောင့် ရခိုင်ပြည်ဘက်ရှိပေါ်တူဂီတို့သည် မဂိုများကိုအမြဲတစေစစ်ပြုကြသည်။၄င်းတို့၏ပိုင်နက်နယ်ပယ်ထဲသို့ ၄င်းတို့၏ရေတပ်ဖြင့်ဝင်ရာက်လာကြပြီး၊ရုံဖန်ရံခါရေတပ်မှရွက်လှေများသည်လည်း၄င်းတို့၏နောက်မှလိုက်ပါလာတတ်ကြသည်။၄င်းတို့သည် ကျွန်ုပ်တို့ရခိုင်ပြည်တွင် (၅)နှစ်နေစဉ်ကာလအတွင်း အသေးအမွှားဝင်ရောက်တိုက်ခိုက်ခြင်းများအပြင် (၁)နှစ်လျှင် (၃)ကြိမ်မှ(၄)ကြိမ်ထိ ဝင်ရောက်တိုက်ခိုက်ခြင်းများပြုလုပ်ခဲ့သည်။လူပေါင်း (၁၈၀၀၀) ကျော် ဒီယင်းဂါးနှင့်အန်ဂါရာကေးဆိပ်ကမ်းသို့ လာရောက်နေထိုင်ခဲ့ကြသည်။(မန်နရိတ်၏ခရီးစဉ်တွဲ၌စာမျက်နှာ ၂၈၃/၂၈၆)

"ထို့ကြောင့် စစ်တကောင်းဒေသသည် ပေါ်တူဂီကြေးစားတပ်များနှင့်ပြန်လည်၍လူဦးရေတိုးတက်များပြားလာသည်။"(မန်နရိတ်ခရီးစဉ်အတွဲ-၁၊စာမျက်နှာ ၁၄၄) ၄င်းအပြင် စစ်တကောင်းမြို့သည် ထိုအင်ပါယာ၏ဘုရင်ခံနယ်ပယ်နှင့်အလွန်နီးကပ်စွာတည်ရှိသည်ကိုမဂိုတို့၏သမိုင်းက အီစ္စလာမ်ဘာသာသည် ရှေးဦးစွာ အာဖဂန်မင်းလက်ထက်မှနေ၍မိုဟာမေဒင်ဘာသာသည် စစ်တကောင်းမြို့တည်ရှိရာဘင်္ဂလားဒေသဆီသို့ ရောက်ရှိခဲ့ပြီး အာရပ်များမှမဆင်းသက်သည်မှာပြတ်ပြတ်သားသားထင်ရှားနေပါသည်။ ယခုလက်ရှိ အီစ္စလာမ်ဘာသာသည်လည်း အမှန်တကယ်ဒီယင်းဂါးမှဇေကန်မှချပုံ့နှံ့လာခြင်းဖြစ်သည်။

မောင်တောလက်အောက်ခံဒေသ၏မူဆလင်များသည် သမိုင်းအထောက်အထားများအရ နရမိတ်လှဘုရင်နှင့်ပါလာသောမဂိုများသည်အဆက်အနွယ်များလည်းမဟုတ်သည့်အပြင် မဂိုဘုရင်ရှာရှုးဂျာ၏နောက်လိုက်များဖြစ်သော၊ ကမန်များလည်းမဟုတ်ချေ။ မူဆလင်ကုန်သည်များ၏ အခြေစိုက်စခန်းများကိုမူ၊ မြောက်ဦးမြို့တော်အနီးတဝိုက်တွင်သာတွေ့ရှိခဲ့သည်။

အကယ်၍ ပညာရှိကြီးမစ္စတာဂေါဖေါက မောင်တောလက်ခံဒေသတွင်မူဆလင်များအခြေစိုက်စခန်းရှိခဲ့သည်ကို အခိုင်အမာပြောဆိုနေပါက ထိုမူဆလင်များသည် ပေါ်တူဂီများကစစ်တကောင်းမြို့ကိုပြန်လည်နေရာချထားခဲ့သောအခါကယူဆောင်လာခဲ့သောကျွန်များ၏အဆက်အနွယ်များပင်ဖြစ်တန်ရာသည်။

မူဆလင်ပြဿနာသည်၊ ဗြိတိသျှများမအုပ်ချုပ်မီက၊ မည်သည့်အချိန်ကာလကမျှမပေါ်ပေါက်ခဲ့ပေ။ ဤပြဿနာသည် မောင်တောလက်အောက်ခံဒေသအဖြစ် ဖန်တီးသည့်အခါမှပေါ်ပေါက်လာခြင်းဖြစ်သည်။ ဗြိတိသျှ၏တံခါးဖွင့်ဝါဒအရလည်းကောင်း၊စစ်တကောင်းဒေသတွင်လုပ်ကိုင်စားသောက်မှုသည်ကျပ်တည်းလာမှုကြောင့်လည်းကောင်း၊အလွယ်တကူကူးလူးဆက်ဆံနိုင်သောနယ်နမိတ်ရှိနေခြင်းကြောင့်လည်းကောင်း စစ်တကောင်းဒေသမှအခြေစိုက်နေထိုင်သူများသည် ရခိုင်ပြည်သို့ဝင်ရောက်လာပြီးမောင်တောလက်အောက်ခံဒေသသို့အများအားဖြင့်ဝင်ရောက်နေထိုင်လာခဲ့ကြသည်။အကယ်၍ကျွန်ုပ်တို့သည် သန်းခေါင်စာရင်းများကိုကြည့်ရှုလေ့လာပါက (ဘီ၊အာရ်ပန်၏ မြန်မာနိုင်ငံ၏ရောထွေးနေသောလူမျိုးများကိုရှု) လည်း၊ရှင်းရှင်းတွေ့မြင်နိုင်ပါသည်။မူဂျာဟစ်သောင်းကျန်းသူများသည်အနောက်ဘက်မေယုမြစ်နယ်မြေများကိုအတင်းအဓမ္မသိမ်းပိုက်တောင်းဆိုမှုပြဿနာများတို့လည်းပေါ်ပေါက်လာခဲ့သည်။စစ်တွေခရိုင်ကိုလည်းနှစ်ပိုင်းခွဲခြားရန် မစ္စတာအေဂေါဖေါနှင့်ဆူလ်တန်အာမတ်တို့၏ တောင်းဆိုလှုပ်ရှားမှုသည်လည်းပေါ်ပေါက်လာသည့်

---

*ရှာရပ်တကာတန် ဟူသောအမည်မှာ မှားယွင်းမှုရှိနေသည်။

<u>***နောက်ဆက်တွဲ(၁)–၅***</u>

အချက်၊ ဖော်ပြပါအချက်အလက်များအရ မောင်တောလက်အောက်ခံဒေသ၏အများစုမူဆလင်အခြေစိုက်သူများသည် အမှန်တကယ်အာရပ်အခြေစိုက်သူများလည်းမဟုတ်၊ဘုရင်မိတ်လှနှင့်အတူတကွလိုက်ပါလာသောမဂိုများမှ ဆင်းသက်လာသောကမန်များလည်းမဟုတ်ကြချေ။

နိဂုံးချုပ်အနေဖြင့် ရခိုင်ဗုဒ္ဓဘာသာဝင်များရိုးရိုးသားသားအမှန်တကယ်နေထိုင်သောမူဆလင်အမျိုးသားများနှင့်အပါအဝင် ကျွန်တော်သည် ဘူးသီးတောင်၊မောင်တောမှ မူဆလင်ခေါင်းဆောင်များ၏စစ်တွေခရိုင်ကို နှစ်ပိုင်းခွဲခြားအုပ်ချုပ်ရန်တောင်းဆိုချက်အား ဆန့်ကျင်ပါသည်။အဘယ်ကြောင့်ဆိုသော် ဤသို့ဝေဖန်ငြင်းဆိုချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ငြင်းဆိုချက်နှင့်အချုပ်အချာအာဏာကိုပါထိခိုက်စေပြီး၊ ရှုပ်ထွေးသောပြဿနာများကိုပါ ပေါ်ပေါက်လာစေနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ။

ဂါဒီယံသတင်းစာ
၁၉၅၀–ခု ၊ စက်တင်ဘာလ (၆) ရက်

ဖော်ဇံ
ယူနီဗာစီတီကောလိပ်
ရန်ကုန်။

***နောက်ဆက်တွဲ(၂)က***

# ကိုလိုနီဝါဒ၏ဆိုးမွေ

## (ကလျာမဂ္ဂဇင်း၊ ၁၉၉၅ ခု မတ်လ)

(မောင်ရခိုင်)

ဤဆောင်းပါးသည် “ ရိုဟင်ဂျာ ” နှင့်ပတ်သက်၍ မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ ခေါင်းဆောင် တစ်ဦးဖြစ်ခဲ့ဖူးသူ မစ္စတာလုစ်(**G.H Luce**)နှင့် ဆရာကြီးဒေါက်တာသန်းထွန်းတို့၏ ရေးသားထားချက်များကို တုံ့ပြန်သောဆောင်း ပါးဖြစ်ပါသည်။

မစ္စတာလုစ်သည် “ မြန်မာအစကျောက်ဆည်က ” ဟူသောသမိုင်းအဆိုသစ်ကိုထူထောင်သူဖြစ်ပါသည်။ ၁၉၈၅ ခုနှစ်ထုတ်ဝေခဲ့သော သူ၏စာအုပ် (**Phases of Pre-Pagan Burma, Languages andHistory**)တွင် ” မြူနှင့်ခုမိ ” လူမျိုးတို့အကြောင်းကိုတင်ပြရာတွင် ရခိုင်မင်းတို့သည် သက်၊မြုန်၊ချင်းတို့ကိုအုပ်စိုးခဲ့ကြကြောင်း၊ ၎င်းတို့မှာ အိန္ဒိယဘွဲ့အမည်များရှိပြီး မူဆလင်ဘာသာဝင်များဖြစ်သည်ဟုပြောကြကြောင်းစသည်ဖြင့် ရေးသားပြီးနောက် “ ရိုဟင်ဂျာ ” နှင့်စပ်လျဉ်း၍ အောက်တွင်လိုရင်းမျှ ဘာသာပြန်ထားသည့်အတိုင်းရေးသားပါသည်။

“ နတ်မြစ်အရှေ့မယူမြစ်ဒေသ၌ အများစုနေထိုင်ကြသူများမှာ ရိုဟင်ဂျာဟုယနေ့သိနေကြသော မူဆလင်များဖြစ်ကြသည်။ ၎င်းတို့က ဤဒေသတွင်နှစ်ပေါင်းတစ်ထောင်ကျော်ကပင်နေထိုင်ခဲ့သည်ဟုဆိုကြသည်။ ဤသို့ဆိုခြင်းသည် ချဲ့ကားခြင်းဖြစ်သည်။ သို့သော် မူဆလင်တို့သည် ဘင်္ဂလားကိုအေဒီ ၁၂၀၂ ခုကပင် သိမ်းပိုက်ခဲ့သည်ကို ကျွန်ုပ်တို့သိကြသည်။ထို့နောက် ရှေ့ပုဂံမင်းများနှင့်ဆက်စပ်လှုသိများခဲ့သောနောက်ဆုံးဗုဒ္ဓဘာသာနိုင်ငံ ပဋိက္ကရား(ကူမိလာ)ကို ဖြိုဖျက်၍ ရခိုင်နယ်စပ်သို့ မကြာမီပင်ရောက်လာခဲ့သည်။ နယ်စပ်၌တိုက်ပွဲဖြစ်ပွားသောအခါ ဒေသခံလူမျိုးနွယ်စုများလည်းပါဝင်ခဲ့ဟန်တူသည်။ အချို့မူဆလင်ခေါင်းဆောင်များသို့မဟုတ် မူဆလင်ဘာသာပြောင်းခဲ့သူ တချို့ဒေသခံအကြီးအကဲများသည် မြန်မာနိုင်ငံဘက်၌ အခြေစိုက်နေထိုင်ခဲ့ကြဟန်တူသည် ”

မစ္စတာလုစ်၏စာအုပ်ကိုကျမ်းကိုးပြု၍ဆရာကြီးဒေါက်တာသန်းထွန်းကလည်း ဆောင်းပါးတစ်စောင် တွင် အောက်ပါအတိုင်း“ ရိုဟင်ဂျာ ” နှင့်ပတ်သက်၍ရေးသားထားပါသည်။

“--- ရခိုင်မင်းကလည်းမူဆလင်ဘာသာဘွဲ့ရှိတယ်။ အဝမင်းဆီဝင်ရောက်လာတယ်။--- မူဆလင်မင်းကတော့နတ်မြစ်(**Naaf**)အရှေ့မယူ(**MAYU**)မြစ်ဒေသက ရိုဟင်ဂျာ(**ROHINJA**)ဖြစ်မလားလို့ဆင်ခြင်မိတယ်။ သူတို့ကလည်းအဲဒီအရပ်မှာ နှစ်ပေါင်းတစ်ထောင်ထက်မနည်းတော့ဘူးလို့ပြောလေ့ရှိတယ်။ အဲဒီလောက်မရှိပေမယ့် ခရစ် ၁၂၀၂ လောက်က ဘင်္ဂလားကိုမူဆလင်အယူရှိသူတွေစတင်ဝင်ရောက်ခဲ့တယ်ဆိုတဲ့အခါက ဖြစ် နိုင်တယ်။ အနှစ် ၈၀၀ ကပေါ့။ တချို့မူဆလင်ခေါင်းဆောင်ဟာ အဝမင်းနဲ့မိတ်သဟာဖြစ်တဲ့သဘောကို ဒီကျောက်စာမှာရေးမှတ်ခဲ့တယ်လို့ထင်ရပါတယ် ”

ဆရာကြီးလုစ်နှင့်ဆရာကြီးဒေါက်တာသန်းထွန်းတို့ “ ရိုဟင်ဂျာ ” အကြောင်းရေးသားရာတွင် အဓိကအထောက်အထားပြုသောကျောက်စာမှာ စစ်ကိုင်းထူပါရုံဘုရားကျောက်စာဖြစ်ပါသည်။ ကျောက်စာရေးထိုးခဲ့သော မင်းမှာ အင်းဝဘုရင်နရပတိဖြစ်ပြီးကျောက်စာရေးထိုးနှစ်မှာ မြန်မာသက္ကရာဇ် ၈၀၄ ခု၊ခရစ်နှစ် ၁၄၄၂ ဖြစ်ပါသည်။ ကျောက်စာတွင် နရပတိမင်းနန်းတက်သောအခါ မြန်မာနိုင်ငံအရပ်ရှစ်မျက်နှာမှ လူများလာရောက်၍ ဂါရဝပြုကြပုံကို ရေးထိုးထားသည်ဟု မစ္စတာလုစ်က ဆိုပါသည်။ဆရာကြီးတို့အထောက်အထားပြုကြသောကျောက်စာတစ်စိတ်တစ်ဒေသ၏လိုရင်းအချုပ်မှာ “ ပန်သေမင်းတို့၏အမျိုးအနွယ်ဖြစ်သော ရခိုင်မင်းသည် နရပတိဘုရင်၏ဘုန်းတော်ကို လာရောက်ခိုလှုံသည် “ ဟူ၍ဖြစ်ပါသည်။

***နောက်ဆက်တွဲ(၂)က–၁***

ဤတွင် “ ပန်သေမင်း ”ဟူသောကျောက်စာပါစကားတစ်လုံးတည်းကိုအထောက်အထားပြု၍ ပန်းသေး ဟူသည်မှာ မြောက်ပိုင်းမူဆလင်များဖြစ်သည်။ ၎င်းတို့သည် ယခုအခါ နတ်မြစ်အရှေ့ဘက်မယူကမ်းခြေတွင် နေထိုင်ကြသော “ ရိုဟင်ဂျာ ”အမည်ခံသူများကြလိမ့်မည်ဟုဆရာကြီးတို့ကောက်ချက်ဆွဲယူကြပြန်တူပါသည်။

စင်စစ် “ ရိုဟင်ဂျာ ” ဟူသောအမည်မှာ ထိုရှည်ဝေးလှသော အတိတ်ကာလကိုထား၍ မြန်မာနိုင်ငံ၊ အင်္ဂလိပ်ကိုလိုနီဘဝမှ လွတ်မြောက်လာသော ၁၉၄၈ ခုနှစ်ထိ မပေါ်ပေါက်ဖူး၊မရှိဖူးသောအမည်ဖြစ်ပါသည်။

နတ်မြစ်အရှေ့ဘက် မယူမြစ်ဒေသတွင်နေထိုင်ကြသော လူဦးရေအများစု ၉၀ ရာခိုင်နှုန်းကျော်ခန့်သည် မူဆလင်များဖြစ်ကြသည်မှာမှန်ပါ၏။ထိုသူတို့ကို မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်အထိ စစ်တကောင်းမှ လာရောက်အခြေချနေထိုင်ကြသော “ စစ်တကောင်းနယ်၊ဘင်္ဂလီလူမျိုးအဖြစ်သာလူတိုင်းသိကြပါသည်။ ခိုင်မာသောမှတ်တမ်းများ(ဒေါက်တာဘနာဂျီစာအုပ်၊မောင်တောကျွန်းအုပ်ဦးမောင်ညိုမှတ်တမ်းစာ၊စစ်တွေခရိုင် ဂေဇက်တီးယားများ၊ ဦးစံထွန်းအောင်၏ စာတမ်းမင်းကြီးမစ္စတာဂျိမ်းဘက်စံသာဦးဆောင်သော စုံစမ်းရေးကော်မရှင် အစီရင်ခံစာ ရခိုင်တိုင်းမင်းကြီးလုပ်ခဲ့သော စာရေးဆရာကြီးမောင်ထင်၏ ရခိုင်ပြည်နယ်အစီရင်ခံစာ)တို့တွင်လည်း ၎င်းတို့ကို “ စစ်တကောင်းသား ”များအဖြစ်သာမှတ်တမ်းတင်ခဲ့ကြပါသည်။ “ ရိုဟင်ဂျာ ”အမည်ခံသော တိုင်းရင်းသားတစ်မျိုးဖြစ်ကြောင်းမည်သူကမျှမဖော်ပြခဲ့ကြပါ။

ထိုစစ်တကောင်းသားများသည်မြန်မာဘုရင်ခံနှင့်ဗြိတိသျှကိုလိုနီခေတ်ဦးတွင်လယ်လုပ်သားများ အဖြစ် မယူဒေသသို့ခေတ္တခဏလာရောက်နေထိုင်ပြီး လုပ်ငန်းရာသီကုန်လျှင် မိမိနေရပ်(စစ်တကောင်း)သို့ပြန်လေ့ရှိကြောင်း၊နောင်အခါလူနေကျဲသောထိုဒေသ၌အနည်းငယ်အခြေချနေထိုင်ကြရာမှ ကိုလိုနီခေတ်တွင် တံခါးမရှိ၊ဓားမရှိ ဝင်ထွက်သွားလာခွင့်ပြုထားခြင်းကြောင့် စီးပွားရေး၊နိုင်ငံရေးစသောအကြောင်းကြောင်းတို့ကို အမှီပြု၍ ကြောက်ခမန်းလိလိ ဒလဟောဝင်ရောက်နေထိုင်လာကြခြင်းဖြစ်ကြောင်းတို့ကို အထက်ဖော်ပြပါ မှတ်တမ်းများတွင် ဖတ်ရှုနိုင်ပါသည်။ဗြိတိသျှအစိုးရလက်ထက်တွင် ထိုသို့စစ်တွေခရိုင်၌ဝင်ရောက်အခြေစိုက်လာသော စစ်တကောင်းသားဦးရေသည်ကြောက်မက်ဖွယ်တိုးတက်လာမှုကြောင့် မင်းကြီးမစ္စတာဂျိမ်းဘက်စသာ ဦးဆောင်သော စုံစမ်းရေးကော်မရှင်ဖွဲ့၍ စုံစမ်းစစ်ဆေးစေကြောင်း၊ ထိုကော်မရှင်က ဤလူဝင်မှုကို မတားဆီးခဲ့လျှင် လူမျိုးရေး အဓိကရုဏ်းဖြစ်လာနိုင်သည်ဟု အစီရင်ခံခဲ့ကြောင်းတို့ကို ရခိုင်ခေါင်းဆောင် ဦးလှထွန်းဖြူက သူ၏ “ ရခိုင်ပြည်နယ် စီးပွားရေးဘဏ္ဍာတိုက် ”စာအုပ်တွင်ဖော်ပြထားပါသည်။ ထိုစုံစမ်းရေး ကော်မရှင်သတိပေးခဲ့သည့်အတိုင်းပင် ဒုတိယကမ္ဘာစစ်အတွင်းက ဝမ်းနည်းကြေကွဲဖွယ်ရာလူမျိုးရေးအဓိကရုဏ်းကြီးကို ကိုလိုနီတံခါးဖွင့်ဝါဒ၏ဆိုးမွေအဖြစ် ရခိုင်သားများခံစားခဲ့ကြရပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် နတ်မြစ်တစ်ဖက်ကမ်းနေ စစ်တကောင်းနွယ် မူဆလင်များသည် ထိုဒေသကို ၎င်းတို့၏ သီးခြားဒေသတစ်ခုပြုလုပ်ရန်အကြံရှိလာပုံ၊မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် လူဝင်လူထွက်ပြဿနာ ကြောင့် ရခိုင်တိုင်းသို့စစ်တကောင်းဘက်မှ အလွယ်တကူဝင်ရောက်မလာနိုင်သဖြင့် “ မူဂျာဟစ် ” သူပုန်ပေါ်ပေါက်လာပုံတို့ကို ရခိုင်တိုင်းမင်းကြီးဟောင်း ဦးထင်ဖတ်(စာရေးဆရာကြီးမောင်ထင်)က အောက်ပါအတိုင်းရေးသားခဲ့ပါသည်။

“ စစ်ပြီးခေတ်စစ်တကောင်းနယ်သားတို့၏ဝါဒသည်နတ်မြစ်တစ်ဖက်ကမ်းရှိ မယူတောင်တန်းဒေသနှင့် ကုလားပန်းဇင်းမြစ်ဝှမ်းဒေသတို့ကို နယ်သစ်အဖြစ်ဖြင့် အခြေစိုက်ရန်ဟူသောဝါဒဖြစ်သည်။ ၎င်းဝါဒကို သွေးထိုးပေးသူမှာ ရခိုင်တိုင်းတွင်နှစ်ပေါင်းများစွာ နေထိုင်သွားခဲ့သော စစ်တကောင်းအမျိုးသားတစ်ဦးဖြစ်သည်။ ၎င်း၏

***နောက်ဆက်တွဲ(၂)က-၂***

တိုင်းရင်းသားအားလုံးကို အလုံးအရင်းနှင့်ချီတက်၍အခြေစိုက်ရန်ပြင်ဆင်ထားခဲ့ရာ မြန်မာနိုင်ငံလွတ်လပ်ရေး ရသည်နှင့်တစ်ပြိုင်နက် ၎င်း၏ပြင်ဆင်ချက်တို့သည် တစ်မျိုးတစ်ဖုံဖြစ်လာလေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံ အစိုးရသည်လည်း လူဝင်လူထွက်ပြဿနာကို အထူးဂရုစိုက်ကြည့် ကြီးကြပ်လာခဲ့ရလေသည်။ ထို့ကြောင့် ရခိုင် တိုင်းထဲသို့ စစ်တကောင်းလူမျိုးများအလွယ်တကူဝင်ထွက်သွားလာရန်မဖြစ်နိုင်သောအခါ၌ မူဂျာဟစ်လှုပ်ရှား မှုသည်တဖြည်းဖြည်း ကြီးကျယ်လာပြီးလျှင် သူပုန်ခေါင်းဆောင်ကာဆင်းသည်လည်း နာမည်ကြီးဖို့ရာဖြစ်ခဲ့လေ သည်။'"

ဖဆပလ အစိုးရလက်ထက်တွင် ထိုမူဂျာဟစ်သူပုန်များလှုပ်ရှားသည့်နည်းတူ မူဆလင်ပြည်နယ်ထူထောင် ရန်အကြံအစည်ရှိသော မူဆလင်ပညာတတ်ခေါင်းဆောင်အချို့သည် ၎င်းမယူဒေသ၌အထက်တွင်ဖော်ပြသကဲ့သို့ ဝင်ရောက်နေထိုင်လာကြသော စစ်တကောင်းအနွယ်မူဆလင်များကို လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်ကပင် ထိုဒေသ၌ အခြေစိုက်နေထိုင်ခဲ့သည့်တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်လေဟန်လုပ်ကြံကာ " ရိုဟင်ဂျာ" ဟူသော အမည်ကိုဖန်တီးလိုက်ခြင်းသာဖြစ်ပါသည်။ ထိုကိစ္စကို ၎င်းအမည်ပေါ်ပေါက်စ (၁၉၅၀-၆၀) ခုနှစ်ခန့်ကပင် ရခိုင်အမျိုးသား သူတေသီများက စာနယ်ဇင်းများတွင်ရှင်းလင်းတင်ပြခဲ့ကြပြီး ဖြစ်သည်ကို ဆရာကြီးတို့သိလိမ့် မည်ဟု ယူဆပါသည်။

တစ်ဖန်ဆရာကြီးတို့က မူဆလင်တို့သည် ဘင်္ဂလားကိုခရစ်နှစ်(၁၂၀၂)တွင် သိမ်းပိုက်ပြီး ပဋ္ဋိက္ကရား( ကူမိလာ) ကိုဖြိုဖျက်၍ ရခိုင်နယ်စပ်သို့မကြာမီပင်ရောက်ခဲ့သည်။ထိုစဉ်က မယူဒေသတွင် မူဆလင်မင်းအခြေစိုက် ခဲ့ပေလိမ့်မည်ဟုထင်မြင်တွေးဆထားသည်များကိုတွေ့ရပြန်ပါသည်။ ဤတွင်လည်း ဆရာကြီးတို့သည် **S.B Canungo** ၏ စစ်တကောင်းရာဇဝင် **P.Gutman** ၏ ရှေးဟောင်းရခိုင်ပြည်။**Prof M.Ahshad and Prof H.Rahman** တို့၏ အင်ဒိုပါကစ္စတန်သမိုင်းစသော စာအုပ်စာတမ်းများကို မလေ့လာမိ၍ဤသို့တွေးဆမိခြင်း ဖြစ်မည်ဟု ထင်မိပါသည်။ ၎င်းစာအုပ်စာတမ်းများအဆိုအရ မူဆလင်တို့သည် ဘင်္ဂလားကို ခရစ် ၁၂၀၂ ခုနှစ် တွင်သိမ်းပိုက်ခဲ့သော်လည်း စစ်တကောင်းနယ်သို့ ၁၃ ရာစုနောက်ပိုင်းတွင်သာ ရောက်ရှိလာပြီး ၁၄ ရာစုအလယ် ခန့်ကျမှ စစ်တကောင်းဒေသကို စိုးမိုးနိုင်ခဲ့ကြောင်းသိရပါသည်။မယူမြစ်ဒေသတွင်မူ မည်သည့်အခါကမျှ မူဆလင်မင်း၊မူဆလင်အကြီးအကဲတို့အခြေမစိုက်ခဲ့ဖူးကြောင်းကို ရခိုင်ရာဇဝင်၊ဘင်္ဂလားရာဇဝင်များနှင့်ထိုဒေသ ရှိ ဝေသာလီခေတ်၊မြောက်ဦးခေတ်တို့ကပင်တည်ရှိခဲ့သော ဘုရားစေတီများက သက်သေခံနေပါသည်။

နောက်ဆုံး " ရခိုင်မင်းတို့မှာ မူဆလင်ဘာသာဝင်များဖြစ်သည်ဟုပြောကြသည်" " ရခိုင်မင်းကလည်း မူဆလင်ဘွဲ့ရှိတယ်" ဟူသောဆရာကြီးတို့၏ မှတ်သားချက်များနှင့်စပ်လျဉ်း၍ အနည်းငယ်တင်ပြလိုပါသည်။ ရခိုင် ရာဇဝင်များအရ ရခိုင်ဘုရင်အချို့သည် မူဆလင်ဘွဲ့ကို ခံယူခဲ့ကြောင်းသိရပါသည်။ ထိုဘုရင်များမှာ မြောက်ဦးမြို့တည် နန်းတည်ဘုရင် နရမိတ်လှခေါ် မင်းစောမွန်နောက်တွင်အုပ်စိုးသောဘုရင်အချို့ဖြစ်ပါသည်။ မင်းစောမွန်သည် အင်းဝဘုရင်မင်းခေါင်၏သားတော် မင်းရဲကျော်စွာတိုက်သဖြင့် ဘင်္ဂလားသို့ထွက်ပြေးရသည်။ ဘင်္ဂလားတွင်(၂၂)နှစ်မျှ ခိုလှုံပြီးနောက် ဘင်္ဂလားမင်း၏ အကူအညီဖြင့် ထီးနန်းကို ပြန်လည်ရရှိပါသည်။ မြောက်ဦး မြို့ကိုလည်းတည်ပါသည်။ ဘင်္ဂလားမင်းကို ကျေးဇူးတုံ့ပြန်သောအားဖြင့် သူ့နောက် ထီးနန်းဆက် ခံ မည့် ညီတော် နရနု(ခေါ်) မင်းခရီအား မင်းဖြစ်လျှင်မူဆလင်ဘွဲ့ကိုပါ ခံယူရန် မှာထားခဲ့ပါသည်။ ထို့ကြောင့် မင်းခရီသည် " အလီခင်" ဟူသော မူဆလင်ဘွဲ့ကိုခံယူပါသည်။ ထိုအကြောင်းကို ရခိုင်ရာဇဝင်များတွင် အတိ အလင်းဖော်ပြထားပါသည်။

**နောက်ဆက်တွဲ ၂(က) –၃**

မင်းခရီသည် မူဆလင်ဘွဲ့ကိုခံယူသော်လည်း မူဆလင်ဘာသာဝင်မဟုတ်၊ ဗုဒ္ဓဘာသာစစ်စစ် ဘုရင်တစ်ပါးဖြစ်သည်ကို အင်းဝဘုရင် နရပတိနှင့်အပြန်အလှန်ပေးပို့သော သဝဏ်လွှာများ၊ သံတွဲမိဖုရားစောမဒင်မိနှင့် အပြန်အလှန်ပေးပို့သော ရတုများအရသိရပါသည်။ ထိုအလီခင်ခေါ်မင်းခရီသည် ထူပါရုံစေတီတော် ဒါယကာ အင်းဝဘုရင် နရပတိနှင့်ဖိုးခေါင်တောင်တွင် တွေ့ဆုံ၍ မဟာမိတ်ဖွဲ့ကာ ပိုင်နက်နယ်နမိတ်သတ်မှတ်ကြကြောင်းကိုလည်း မှန်နန်းရာဇဝင် ၊တွင်းသင်းရာဇဝင်စသော မြန်မာရာဇဝင်ကျမ်းကြီးများနှင့် ရခိုင်ရာဇဝင်ကျမ်းကြီးများတွင် အထင်အရှားဖော်ပြထားပြီးဖြစ်ပါသည်။ ဘုရင် နရပတိထံ ဝင်ရောက်ခိုလှုံသောမင်းမဟုတ်ပါ။

မင်းခရီ၏သားတော် ဘစောဖြူမှ မင်းခမောင်းထိ စဉ်ဆက်မပြတ် အုပ်စိုးလာခဲ့ကြသော မြောက်ဦးခေတ်ဘုရင်(၁၂)ပါးလည်း ကုလားဘွဲ့အသီးသီးခံခဲ့ကြပါသည်။ ကုလားဘွဲ့ခံခဲ့ကြသော်လည်း ရခိုင်ဘုရင်တို့သည် ဗုဒ္ဓဘာသာဝင် သာသနာ့ ဒါယကာများသာဖြစ်ကြောင်းကို မြောက်ဦးမြို့တော်ဟောင်း၌ ယနေ့တိုင်ဖူးမြော်နိုင်သော ၎င်းမင်းတို့၏ ကောင်းမှုတော်စေတီပုထိုးတို့က မားမားမတ်မတ်သက်သေခံနေကြဆဲဖြစ်ပါသည်။

မြောက်ဦးခေတ် ရခိုင်ဘုရင်တို့ မူဆလင်ဘွဲ့ခံခဲ့ရသည့် ကိစ္စနှင့်ပတ်သက်၍ ဘင်္ဂလားသမိုင်းကို နှံစပ်သူ ရခိုင်ဒင်္ဂါး သုတေသီ ဖယ်ယာက "ဆလိမ် ( **Slim** ) သို့မဟုတ် (**Hussein**) ဟူသော မဟာဗဒေင်အမည်များသည် ထိုကာလ၌ ရခိုင်ဗုဒ္ဓဘာသာဘုရင်များ စစ်တကောင်းထိ ပိုင်စိုးခဲ့ကြောင်း ရည်ညွှန်းထားသော မွေးစားစကားလုံးဖြစ်သည်" ဟု ဆိုခဲ့ပါသည်။

ဖယ်ယာနည်းတူ တခြားနိုင်ငံသား သမိုင်းပညာရှင်များနှင့်ရခိုင်ရာဇဝင်ကျမ်းပြုဆရာများကလည်း မူဆလင်ဘွဲ့ခံ ရခိုင်ဘုရင်များမှာ ဗုဒ္ဓဘာသာဝင်များသာဖြစ်ကြောင်း ၊ယခင်က ရခိုင်ဘုရင်တို့ပိုင်စိုးခဲ့သော ဘင်္ဂါ (၁၂)မြို့ကိုမင်းစောမွန်လက်ထက်တွင် ဘင်္ဂလားမင်းအား ကျေးဇူးတုံ့ပြန်သောသဘောဖြင့်ပေးအပ်လိုက်သော် လည်း နောက်ပိုင်းဘုရင်များ လက်ထက်တွင် ပြန်လည်ရယူစိုးမိုးနိုင်ခဲ့ကြောင်း တညီတညွတ်တည်းဖော်ပြရေးသားကြသည်ကို တွေ့နိုင်ပါသည်။

ဤသို့ဆိုလျှင် "ရိုဟင်ဂျာ" ဆိုသူများသည် မည်သူများဖြစ်ကြောင်းလွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်က မယူဒေသ၌ မူဆလင်များနှင့် မူဆလင်မင်းဟူ၍မရှိခဲ့ကြောင်းတို့ကို ဆရာကြီးတို့နှင့်အတူစာဖတ်သူများ ရှင်းရှင်းလင်းလင်း သိလောက်ပါပြီဟု ထင်ပါသည်။

**မောင်ရခိုင်**

မှတ်စု

ဒေါက်တာဘနာဂျီ၏စာအုပ် ( Banarjee A.C , The Eastern Frontier of British India, 1784, 1980. Third Edition, Caleutta , 1964 )

– ကျွန်းအုပ်ဦးမောင်ညို၏ မှတ်တမ်းစာများ–

(၎င်းမှတ်တမ်းစာများသည် အောက်ပါ Langhan Charter ၏ဆောင်းပါးတွင်ပါဝင်သည်။

Langhan Charter, Archives of an Arakanse Family JBRS Vol XXVIII, Part II, August 1938

စစ်တွေခရိုင်ဂေဇက်တီးယားများ–

(1) Smart, R.B Burma Gazetteer, Akyab Distriet, Vol A. Rangoon, 1957.

(2) Grantnan, S.and Maung Lat, Burma Gazetteer, Akyab District, Vol B..No.1 Rangoon 1956 )

***နောက်ဆက်တွဲ (၂) က –၄***

ဦးစံထွန်းအောင်၏ စာတမ်း–

ရခိုင်နိုင်ငံရေးခေါင်းဆောင် ဦးစံထွန်းအောင် (၁၈၉၉–၁၉၈၅ )၏ " ကိုယ်တွေ့မယေ့မြေနှင့် ရိုဟိန်းဂျာ" စာတမ်း

မင်းကြီးမစ္စတာဂျိမ်းဘတ်စဘာ ဦးဆောင်သော စုံစမ်းရေးကော်မရှင်အစီရင်ခံစာ

(၎င်းအစီရင်ခံစာကို ဦးလှထွန်းဖြူ၏ " ရခိုင်ပြည်နယ် စီးပွားရေးဘဏ္ဍာတိုက်" စပယ်စာပေတိုက်၊ ရန်ကုန် ၁၉၇၆ စာမျက်နှာ (၉၂–၉၆) တွင်တွေ့နိုင်ပါသည်။)

ရခိုင်တိုင်းမင်းကြီးလုပ်ခဲ့သော စာရေးဆရာကြီးမောင်ထင်၏ ရခိုင်ပြည်နယ် အစီရင်ခံစာ–

မောင်ထင် ၊ရခိုင်ပြည်နယ် အစီရင်ခံစာ ၊မြဝတီမဂ္ဂဇင်း၊၁၉၆၀ ဇူလိုင်လ

S.B Qanungo ၏ စစ်တကောင်းရာဇဝင်

A History of Chittagong , Vol ,1 Billah Printers. Chittagong.

Gatman P . ၏ ရှေးဟောင်းရခိုင်ပြည်–

Ancient Arakan , Ph.D Thesis , Austalian National University , 1970

Prof - M Ahshad and Prof . H-Rahman တို့၏ အင်ဒိုပါကစ္စတန်သမိုင်း

History of Indo-Pakistan Ideal Publication ,Dacca, Third Edition, 1969

ရခိုင်ဒင်္ဂါးသုတေသီ ဖယ်ယာ

Phayre , A.P Coins of Arakan of Pegu and of Burma , London, 1882.

(ဤဖော်ပြထားသော ဖယ်ယာ စာအုပ်၌ ဖတ်ရှုနိုင်ပါသည်။)

<u>*နောက်ဆက်တွဲ(၂)ခ*</u>

# ဖြေရှင်းသင့်သောသမိုင်းအမြင်မတူညီမှုများ

## ( ရှပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ၁၉၉၅ ခု ဇူလိုင်လ)

(လေ့လာသူတစ်ဦး)

ဤဆောင်းပါးသည် ၁၉၉၄ ဩဂုတ်လထုတ် ကလျာမဂ္ဂဇင်းပါ ဒေါက်တာသန်းထွန်း၏ ချင်း၊မြို၊ ခုမိ(မြောက်ပိုင်းရခိုင်) ဆောင်းပါးကို ပြန်လည်ရည်ညွှန်းရေးသားထားခြင်းဖြစ်ပါသည်။ ယင်းဆောင်ပါးတွင် ပါရှိသော အချက်အလက်များသည် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာ ပါမောက္ခအဖြစ် အမှုထမ်းခဲ့သော G.H LUCE ၏ PHASES OF PRE-PAGAN BURMA LANGUAGES AND HISTORY စာအုပ်မှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်ကို တွေ့ရ၏။ ယင်းစာအုပ်ကို (၁၉၇၂)ခုတွင် ရေးသား၍ OXFORD တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ပညာသင်ကျောင်းမှ ၁၉၈၅–တွင် ရေးသား ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်ကို ကိုးကားရေးသားသော ဒေါက်တာသန်းထွန်း၏ ဆောင်းပါးပါ အချက်အလက်အချို့မှာ ရခိုင်ရာဇဝင်ကျမ်းများ၊ ရခိုင်အမျိုးသားတို့ အစဉ်တစိုက် မှတ်သားတွေ့ရှိထားသည်များနှင့် အမိုင်းအမြင်မတူ ကွဲပြားခြားနားနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ယင်းဆောင်းပါးတွင် အင်းဝပြည့်ရှင် နရပတိမင်း (ခရစ် ၁၄၄၂–၆၈) ၏ ကောင်းမှုတော် စစ်ကိုင်းမြို့ ထူပါရုံဘုရားကျောက်စာကို တစ်စိတ်တစ်ဒေသ ဖော်ပြထားပါသည်။

ထို့နောက်တွင် ဆောင်းပါးရှင်က သက်နဲ့ ချင်းတို့ကိုပါ တွဲဖက်ဖော်ပြပြီး ရက္ခိုင်မင်း လက်အောက်ခံဖြစ်တယ်၊ ရခိုင်မင်းကလည်း မူဆလင်ဘွဲ့ရှိတယ်...... ဟု ဖော်ပြရေးသားထားပါသည်။ ဆောင်းပါးရှင် ဖော်ပြထားသော မူဆလင်ဘွဲ့ရှိသည် ဆိုသည့် ရခိုင်မင်းမှာ မည်သည့်မင်းနည်း၊ ကျောက်စာပါ ရခိုင်မင်းကို ဆိုလိုရိပ်ရှိသည်ဟု ထင်ရပါသည်။ ထိုသို့ ဆိုလျှင် ကျောက်စာပါ ရခိုင်မင်းသည် ရာဇဝင်မှ မည်သည့်မင်းဖြစ်မည်နည်း၊ ကျောက်စာပါ ကစ္စပတိ အဿပတိ ဟူသော ဘွဲ့အမည်များမှာလည်း မူဆလင်အငွေ့အသက်မရှိကြောင်း သိသာနိုင်သည်။ထိုပြင် ဆောင်းပါးရှင်က ဆက်လက်၍ "မူဆလင်မင်းကတော့ နတ်မြစ်အရှေ့၊ မယုမြစ်ဒေသက ရိုဟင်ဂျာဖြစ်မလားလို့ ဆင်ခြင်မိတယ်" ဟု ထင်မြင်ချက်ပေးထားပါသည်။ ထိုမှတဆင့် ရိုဟင်ဂျာများက ယင်းဒေသတွင် နှစ်ပေါင်း တစ်ထောင်ထက်မနည်း နေလာခဲ့ကြသည်ဆိုခြင်းနှင့် ဆက်စပ်၍ ခရစ် ၁၂၀၂ ခု၊ ဘင်္ဂလားကို မူဆလင်အယူရှိသူများ ဝင်ရောက်ခဲ့စဉ်က ဖြစ်နိုင်ကြောင်း၊ နှစ် (၈၀၀) ရှိခဲ့ပြီဖြစ်ကြောင်းဖြင့် ဆက်လက်၍ ထင်မြင်ချက်ပေးပြီးနောက် အချို့မူဆလင်ခေါင်းဆောင်နှင့် အင်းဝမင်း မိတ်သဟာဖြစ်သည့် သဘောကို ဖော်ပြပါ ကျောက်စာတွင် ရေးမှတ်ခဲ့သည်ထင်ကြောင်းဖြင့်လည်း ဆောင်ပါးရှင်က ဆိုထားပါသည်။ ဆောင်းပါးရှင်၏ ထင်မြင်ချက်များတွင် ပါဝင်သော ရခိုင်မင်း၊ မူဆလင်မင်း၊ မူဆလင်ခေါင်းဆောင်ဟူသော စကားများသည် ရောနှောရှုပ်ထွေးစရာ ဖြစ်နေသည်ကို တွေ့ရပါသည်။

အံ့ဩဖွယ်ကောင်းသည်မှာ ယင်းထင်မြင်ချက်များသည် G.H LUCE ၏ စာအုပ်တွင် တိုက်ရိုက်မပါရှိခြင်းပင်ဖြစ်သည်။ ယင်းစာအုပ် (စာ–၉၅)တွင် "၁၄ ရာစု ချင်းတွင်းမြစ်ဝှမ်း ကျောက်စာများပါ ရခိုင်မင်းများသည် အိန္ဒိယဘွဲ့အမည်ရှိကြပြီး မူဆလင်များဖြစ်သည်ဟု ဆိုကြ၏" .................... "နတ်မြစ်အရှေ့ဘက်ရှိ ယနေ့ရိုဟင်ဂျာများက ထုတ်ဖော်ကြသည်မှာ ချဲ့ကားမှုတစ်ရပ်ဖြစ်သည်" စသည်တို့ကို ဖော်ပြထားပြီးလျှင် ဆက်လက်၍ ဘင်္ဂလားကို (၁၂၀၂) ခုနှစ်တွင် မူဆလင်ကျူးကျော်သူများ သိမ်းပိုက်ခဲ့ကြပြီး မကြာမီ ရခိုင်နယ်စပ်သို့ ရောက်ရှိ၊ ရှေးပုံဂံမင်းတို့ ကောင်းစွာ သိကြသည့် ဗုဒ္ဓဘာသာ မင်းနိုင်ငံဖြစ်သော ပတိက္ကရား (ComILLA) ကို ဖျက်ဆီးခဲ့ကြသည် ယုံမှားဖွယ် မရှိကြောင်း၊ နယ်စပ်တွင် ဒေသခံ မျိုးနွယ်စုများနှင့် စစ်မက်

***နောက်ဆက်တွဲ(၂)ခ–၁***

ဖြစ်ပွါးခဲ့ကြဟန်ရှိပြီး မူဆလင်စစ်ခေါင်းဆောင်၊ သို့မဟုတ် ဘာသာကူးပြောင်းဝင်ရောက်သာသူ ဒေသခံ အကြီးအကဲများသည် နယ်စပ်၏ မြန်မာပြည်ဘက်တွင် အခြေချနေခဲ့ကြဟန် တူကြောင်း စသည်ဖြင့် (G.H LUCE) ကဆက်လက် ဝေဖန် ရေးသားထားသည်ကို တွေ့ရပါသည်။

ဆောင်းပါးရှင်၏ ထင်မြင်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် ရှင်းလင်းရာတွင် ပထမဦးစွာ ကျောက်စာနှင့် ခေတ်ပြိုင်သမိုင်းမှတ်တမ်းများ၊ ရာဇဝင်ကျမ်းများကို ညှိနှိုင်းပြီး တင်ပြသွားပါမည်။

ထူပါရုံဘုရားကျောက်စာကို သက္ကရာဇ် (၈၀၆)တွင် ရေးထိုးခဲ့ကြောင်း ရှေးမြန်မာကျောက်စာများ (ပဥ္စမတွဲ) တွင် လေ့လာတွေ့ရှိရပါသည်။ သက္ကရာဇ် (၈၀၄)တွင် နန်းတက်လာသော နရပတိမင်း၏ ဘိသိက်ပွဲကို ကုသိုလ်တော်မှတ်တမ်းများနှင့် အတူ ရေးထိုးထားခြင်းဖြစ်သည်။ (နိုင်ငံအပိုင်းအခြားကို မှတ်သားတော်မူကြ၏။ မင်းနှစ်ပါးထီးဖြူမှစ၍ အဆောင်အယာင် မင်းခမ်းမင်းနားတို့ကို တစ်ပါးကိုတစ်ပါးလဲလှယ်ပြီးလျှင် .......... လမ်းစဉ်အတိုင်း နေပြည်တော်သို့ပြန်ကြ၏) ........ ဟူ ဖော်ပြထားသည်။ အချိန်အပိုင်းအခြားနှင့် အခြားဖြစ်စဉ်များမှာလည်း ရခိုင်ရာဇဝင်ကျမ်းများနှင့် ညီညွတ်မှုရှိသည်ကို တွေ့ရ၏။

နရပတိမင်းနှင့် ခေတ်ပြိုင် ရခိုင်မင်းမှာ နရနု (ခ) မင်းခရီ (ခ)အလီခင် (ခရစ် ၁၄၃၃–၅၉) ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်ကြောင်း ဣတိပိ သောဘဂ၀ အစချီသော နရပတိမင်းအား ပေးပို့သည့် သဝဏ်လွှာအားဖြင့်ပင် သိသာနိုင်သည်။ ပင်းဝါ (RAMU)ကို ချီတက်သိမ်းယူခဲ့ကြောင်း ရခိုင်ရာဇဝင်ကျမ်းများနှင့် ခရစ် ၁၄၃၅ တွင် ရခိုင်သို့ ရောက်ရှိခဲ့သော အီတာလျံလူမျိုး (NICOLO DE CONTE) ၏ မှတ်တမ်းများကို အခြေခံရေးသားသော (BIRMANIA STORIA ARTE CIVILTA PISA GIARDINI BY RENZO CARMIGNANI ) (1971) စာ –၈၇ အရ သိရှိရ၏။

နရပတိမင်း၏ ဘိသိက်ပွဲသို့ ရခိုင်မှ တက်ရောက်ခဲ့ကြောင်းကို မှန်နန်းရာဇဝင်နှင့် ရခိုင်ရာဇဝင်ကျမ်းများတွင် သေချာရှင်းလင်းစွာမတွေ့ရပေ။ သို့ဖြစ်ရာ ကျောက်စာတွင် ပါရှိသော ရခိုင်မင်းသည် မည်သူနည်းဟု စဉ်းစားဖွယ်ဖြစ်ပါသည်။ နယ်နိမိတ်သတ်မှတ်ရန်အတွက် နွယ်ချိုဖိုးခေါင် ရိုးမတောင်ပေါ်၌ မင်းနှစ်ပါး ချိန်းဆိုတွေ့ကြခြင်းကိုပင် အမြင်တစ်မျိုးဖြင့် ထည့်သွင်းရေးထိုးခဲ့သည် ဖြစ်ငြားအံ့၊ ကျောက်စာပါ ရေထိုးနှစ်နှင့် အချိန်ကာလအားဖြင့် ကွာဟမှု ရှိနေပေသည်။ အမှန်တကယ်ပင် နောက်ကျရေးထိုးခဲ့သလော၊ ပဒေသရာဇ်ခေတ်၏ သဘောသဘာဝအတိုင်း ဂုဏ်တင်မှုလွန်ကဲစွာ ရေးထိုးခဲ့လေသလော ဆိုသည်ကို ကျောက်စာပညာရှင် သုတေသီများ လေ့လာ ညှိနှိုင်းကြရဦးမည် ဖြစ်ပါသည်။

ပန်းသေးများမှာ မြောက်ပိုင်းမူဆလင်များ (NORTHERN MUSLIMS)ကို ခေါ်ဝေါ်သုံးနှုန်းကြသော ဝေါဟာရတစ်ခုဖြစ်သည်။ မဟာမုနိတောင်ပေါက်ကြီး ကျောက်စာ (၂–ရာစုခန့်)အရ ဓညဝတီခေတ်ကတည်းကပင် ရခိုင်လူမျိုးတို့မှာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြသည်။ သမိုင်းဝင် ဘုရား၊ ကျောင်းကန် စေတီပုထိုးများအရလည်း သိသာနိုင်ပေသည်။ စူဠာစန္ဒြားမင်း “ဟန်စီလေလှေတော်သံ” တွင် ဘုရားရှင်၏ ကိုယ်စားတော် မဟာမုနိရုပ်ရှင်တော်မြတ်ကို စန္ဒသူရိယမင်း တည်ထားကိုးကွယ်ခဲ့ကြောင်း ပါရှိပေသည်။ မူဆလင်များမှာကားရုပ်တုကိုးကွယ်မှုရှိကြသူများမဟုတ်။သို့အတွက်ကျောက်စာပါ ပန်းသေးမင်းတို့၏အမျိုးအနွယ်ဖြစ်သောရခိုင်မင်းဟူသည့် စကားရပ်ကို နားလည်လက်ခံဖို့ရန်မဖြစ်နိုင်ပေ။ G.H.LUCE ကထပ်မံရည်ညွှန်းထားသော ၁၄–ရာစုချင်းတွင်း မြစ်ဝှမ်း ကျောက်စာများကိုလည်းရှေးဟောင်းသုတေသနဦးစီးဌာနမှထုတ်ဝေသော ရှေးဟောင်းမြန်မာကျောက်စာများ မည်သည့်အတွဲတွင်မျှအတွေ့ရချေ။မူဆလင်ဘွဲ့ကို ၁၅ ရာစုဖြစ်သော မင်းခရီ လက်ထက်တွင်မှစတင်ခံယူခဲ့ကြခြင်းဖြစ်ရာ ယင်းရည်ညွှန်းကျောက်စာများနှင့်အချိန်ကာလကိုက်ညီမှုမရှိသည်ကိုတွေ့ရ၏။၁၄–ရာစု ရခိုင်မင်းများသည်ကား ဗုဒ္ဓဘာသာဝင်များသာဖြစ်ကြောင်းလက်ခံထားကြပြီးဖြစ်ပါသည်။

***နောက်ဆက်တွဲ(၂)ခ–၂***

မူဆလင်ဘွဲ့ခံယူရုံသက်သက်ဖြင့် မူဆလင်မင်းများဖြစ်ကြသည်ဟုထတစ်ချယူဆခြင်းမှာအခြေအမြစ်မရှိလှပေ။ ရခိုင်မင်းများမူဆလင်ဘွဲ့ကိုခံယူရသည့်အကြောင်းကို ရခိုင်သမိုင်းပညာရှင်သုတေသီများရှင်းလင်းပေါင်းများခဲ့ပေပြီ။နိုင်ငံခြားသမိုင်းပညာရှင်သုတေသီများ၏အမြင်များကိုဆက်လက်တင်ပြ၍ရှင်းလင်းသွားပါမည်။

MUSLIM INFLUENCE IN ARAKAN AND MUSLIMTITLES OF ARAKANESE KINGS BY PROF.A.M.SERA JUDDEN,JASB VOL;XXXI(1986) (စာ–၁၈)တွင်…“မူဆလင်ဩဇာလွှမ်းမိုးမှုကိုထင်ရှားစေခြင်းဟုလက်ခံရန်မလွယ်ကူလှပေ။အကြောင်းအရာအမျိုးမျိုးရှိသည့်အနက် အုပ်စိုးသူ(၄၈)မင်းထဲမှ(၉)မင်းကိုသာ မူဆလင်တို့အောင်နိုင်ခဲ့ခြင်းကိုမရှင်းလင်းနိုင်ပေ။စန္ဒသုဓမ္မရာဇာ (ခရစ် ၁၆၅၂–၈၄)လက်ထက်တွင်မူဆလင်ဩဇာလွှမ်းမိုးမှုအမြင့်ဆုံးသို့ရောက်ရှိစေခဲ့ကာမူ ထိုမင်းသည်မူဆလင်အမည်နှင့်ဘွဲ့ကိုခံယူခြင်းမရှိဘဲ ရခိုင်အမည်နှင့်ဒင်္ဂါးများဖြင့်သာကျေနပ်ခဲ့ပေသည်။”…ဟုရေးသားထားသည်။

A HISTORY OF CHITTAGONG BY S.B.QANUNGO (1987) (စာ–၂၈၆)တွင်…“ရခိုင်ဘုရင်များလက်အောက်ခံဖြစ်ခဲ့စဉ်က စစ်တကောင်းကိုအပြီးချုပ်ခဲ့ကြသောအရာရှိများသည် မူဆလင်ဘွဲ့များကိုထားရှိခဲ့ကြခြင်းမှာ မှတ်သားစရာကောင်းလှပေသည်။ ဘင်္ဂလားနယ်၏တစ်စိတ်တစ်ဒေသ ၊ အထူးသဖြင့် စစ်တကောင်းကို ပိုင်စိုးမှု၏ အမှတ်အသားအဖြစ် မူဆလင်အမည်ကိုခံယူလေ့ရှိခဲ့ကြသောရခိုင်ဘုရင်များ၏ကျင့်သုံးမှုကိုအတုယူခဲ့ကြခြင်းမှာ သိသာထင်ရှားလှပေသည်။

COINS OF ARAKAN,OF PEGU AND OF BURMA BY SIR A.P.PHAYRE (1882) တွင် မဟာမေဒင်အမည်သည် ထိုကာလ၌ ရခိုင်ဗုဒ္ဓဘာသာဘုရင်များစစ်တကောင်းကိုပိုင်စိုးခဲ့ကြောင်း ရည်ညွှန်းသောမွေးစားစကားလုံးများဖြစ်သည်ဟု ဖော်ပြထား၏။D.G.E . HALL .G.E. HARVEYနှင့် M.COLLIS အစရှိသောသမိုင်းပညာရှင်သုတေသီများကလည်း ရခိုင်ဘုရင်မင်းများသည် ဗုဒ္ဓေါဘာသာဝင်များသာဖြစ်ကြောင်း။ လိုအပ်ချက်အရ မူဆလင်ဘွဲ့များကိုထားရှိခဲ့ကြခြင်းဖြစ်ကြောင်း ရေးသားထားခဲ့ကြ၏။ ဦးစံသာအောင်၏ရခိုင်ဒင်္ဂါးများစာအုပ်အရ မူဆလင်ဘွဲ့ခံရခိုင်မင်း (၁၃)မင်းရှိခဲ့သည့်အနက် ကြားတွင်ပြတ်တောက်မှုများရှိခဲ့ကြောင်း၊ အများအားဖြင့် အရည်အချင်းပြည့်ဝကြ၍ အချို့မှာ ဘင်္ဂလားနယ်သို့ပင်စစ်ချီအောင်မြင်ခဲ့ကြကြောင်း ၊ ဗုဒ္ဓဘာသာဆိုင်ရာ သာသနာရေးအဆောက်အဦများ တည်ထားခဲ့ကြောင်းကို ရခိုင်ရာဇဝင်ကျမ်းများ ၊ အခြားခေတ်ပြိုင်မှတ်တမ်း များနှင့်အညီ လေ့လာတွေ့ရှိရသည်။

ရခိုင်နယ်နမိတ်ဖြစ်သော နတ်မြစ်အရှေ့ဘက်တွင်ရိုဟင်ဂျာတို့နေထိုင်ခဲ့ကြသည်မှာ နှစ် ၈၀၀ ခန့်ရှိပြီဟူသော ထင်မြင်ချက်ကိုရှင်းလင်းဖို့ရန်အတွက် ဘင်္ဂလားနယ်ကိုမူဆလင်များဝင်ရောက်မှုကိုလေ့လာသွားရန်လိုအပ်ပါမည်။ INDO-PARKISTAN HISTORY (MUSLIM PERIOD.BY PROF .M.ASSHAD & RAHMAN) တွင် မူဆလင်တို့သည် (၁၀)ရာစု ကုန်ခါနီး၌ (GHAZNI) မင်းဆက်ကို ဦးစွာ ထူထောင်နိုင်ခဲ့ပြီးနောက် (၁၁)ရာစု အစောပိုင်းတွင် (SULTAN) မင်းဆက်ကို ဆက်လက်ထူထောင်ခဲ့ကြသည်။ ဘင်္ဂလားနယ်၏ တစ်စိတ်တစ်ဒေသကို ခရစ် (၁၂၀၆)တွင် ဒေလီ စူလတန်၏ လက်အောက်သို့ ကျရောက်စေခဲ့သည်ဟု ဖော်ပြထား၏။ CHITTAGONG DISTRICT GAZETTEER (စာ–၁၂၂)တွင် မူဆလင်များသည် စစ်တကောင်းကို ခရစ် (၁၃၃၃)တွင် အပြီးတိုင် အောင်နိုင်ခဲ့ကြောင်းတွေ့ရ၏။ AHISTORY OF CHITTAGONG (စာ–၁၂၇)တွင် မူ စစ်တကောင်းကို FAKHRUDDING MUBARAK SHAH သည် ခရစ် ၁၃၃၈–၃၉ ခန့်က သိမ်းပိုက်ခဲ့ကြောင်း မင်းထီး (၁၃)ရာ စုနောက်ပိုင်း၏ နောက်တွင် ရခိုင်တို့၏ နိုင်ငံရေး မတည်မငြိမ်ဖြစ်မှုကို အခွင့်ကောင်းယူ သိမ်းပိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ MAGH RAIDERS INBENGAL BY J.M GOSH(စာ–၁၃၃)တွင် SONARGON နယ်စား(SAMRUDDIN) သည် ခရစ် ၁၃၄၇ တွင် စစ်တကောင်းကို အောင်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

***နောက်ဆက်တွဲ(၂)ခ–၃***

အဆိုများမှာ ကွဲလွဲမှုရှိပေသည်။ ဘင်္ဂလားနယ်မှာ လွန်စွာကျယ်ဝန်းလှပေရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း၌ သာမက အိန္ဒိယနိုင်ငံအတွင်းမှာပင် အနောက်ဘင်္ဂလားနယ်အဖြစ်၊ ကာလကတ္တားကိုမြို့တော်ပြု၍ တည်ရှိနေသေးသည်။ သို့ဖြစ်ရာ ခရစ် ၁၂၀၂ တွင်မူဆလင်များဝင်ရောက်ခဲ့သည်မှာ ဘင်္ဂလားနယ်၏ မည်သည့်အစိပ်အပိုင်းနည်း ဆိုသည်မှာစဉ်းစားဖွယ်ရာပင်ဖြစ်ပါသည်။အချက်အချာဖြစ်သော စစ်တကောင်းကို မသိမ်းပိုက်နိုင်ဘဲ ဘင်္ဂလားတစ်နယ်လုံးသို့ မူဆလင်ဘာသာပြန့်ပွားသွားရန် လွယ်ကူမည်မဟုတ်ချေ။ ပတိက္ကရားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း အာသံနယ်စပ်အနီးရှိ ( **COMILLA** )ခရိုင်တွင်တည်ရှိ၏။ စစ်တကောင်းမြို့မှဆိုလျှင် အတွင်းဘက်သို့ ကီလိုမီတာ(၁၀၀)ခန့်ကွာဝေး၏၊သို့ဖြစ်ရာ ပတိက္ကရားကို အောင်နိုင်ခဲ့သည်ထားဦး၊နတ်မြစ်အရှေ့ဘက်သို့ရောက်ခဲ့သည်ဟု အတိအကျပြော၍မရချေ။ ယင်းဒေသနှစ်ခုမှာ ကီလိုမီတာ(၃၀၀)ခန့်ကွာဝေးသည့်အပြင် ရခိုင်တို့၏တောင့်တင်းလှသောနယ်စပ်အဆီးအတားနှင့်တွန်းလှန်မှုတို့ကိုကျော်လွှားနိုင်ခဲ့မည်မဟုတ်ချေ။ ဝေသာလီ ခေတ်နှောင်းပိုင်းမှစ၍ဘင်္ဂလားနယ်တစ်စိတ်တစ်ဒေသကိုအချိန်အပိုင်းအခြားတစ်ခုထိ ဆုပ်ကိုင်နိုင်ခဲ့ကြသော၊ရခိုင်မင်းတို့၏စစ်ရေးအင်အားကိုလည်းထည့်သွင်းစဉ်းစားကြရဦးမည်ဖြစ်၏။

(၈)ရာစု အာနန္ဒစန္ဒြားကျောက်စာအရ အာနန္ဒစန္ဒြားမင်းသည် တာမြပတ္တနပြည်(အနောက်ဘင်္ဂလားနယ်)မှသမီးကညာဆက်သခြင်းခံခဲ့ရကြောင်းပါရှိရာ သြဇာလွှမ်းမိုးမှု ရှိခဲ့သည်ဟုဆိုနိုင်၏။ ဝေသာလီခေတ်သီရိစန္ဒြားမင်း၏ သားတော် သိင်္ဂစန္ဒြား(ခရစ် ၆၆၇–၇၃) သည် အိမ်ရှေ့မင်းအဖြစ်က ဘင်္ဂလားကိုစစ်ချီအောင်နိုင်ခဲ့ကြောင်း ထိုစဉ်က ရေးဖွဲ့ခဲ့သော သုဝဏ္ဏဒေဝီစောပြည့်ညို၏သိန်ကန်မိန်တွင်ရတုနှင့်သမိုင်းမှတ်တမ်းများအရ သိသာနိုင်ပါသည်။ ဘင်္ဂလားရာဇဝင်များတွင်လည်း စူဠတိုင်းစန္ဒြားမင်းသည် ခရစ် ၇၅၂ တွင် စစ်တကောင်းကို သိမ်းပိုက်၍ ကျောက်စာတိုင်ရေးထိုးခဲ့ကြောင်းကိုမှတ်တမ်းတင်ထားကြောင်း၊**JASB VOL.XIII (1844)** တွင်ဖော်ပြထားသည်။ လေးမြို့ခေတ်တွင် ကောလိယမင်း(ခရစ် ၁၁၈–၂၃)၊ ဒသရာဇမင်း (ခရစ် ၁၁၂၃–၄၉) ၎/နှလုံးမင်း (ခရစ် ၁၂၄၆–၅၀) ၊အလောမာဖြူမင်း (ခရစ် ၁၂၅၀–၅၆)၊ မင်းထီး(ခရစ် ၁၂၈၃–၁၃၈၉) နှင့်မြောက်ဦးခေတ်တွင် မင်းခရီ (ခရစ် ၁၄၃၃–၅၉)၊ဘစောဖြူမင်း (ခရစ် ၁၄၅၉–၈၁)၊မင်းဘာကြီး(ခရစ် ၁၅၃၁–၅၃)၊ မင်းဖလောင်း(ခရစ်၊၁၅၇၁–၉၃)၊မင်းရာဇာကြီး (ခရစ်–၁၅၉၃–၁၆၁၂)၊မင်းခမောင်း(ခရစ် ၁၆၁၂–၂၂) သီရိသုဓမ္မရာဇာ(ခရစ် ၁၆၂၂–၃၈)နှင့် သတိုးမင်းတရား(ခရစ် ၁၆၄၅–၅၂) တို့သည် ဘင်္ဂလားနယ်၏အချို့ဒေသများနှင့် စစ်တကောင်းကို စစ်ချီအောင်မြင်ခဲ့ကြကြောင်း၊ရခိုင်ရာဇဝင်များနှင့်အခြားခေတ်ပြိုင်သမိုင်းမှတ်တမ်းများအရ လေ့လာသိရှိရ၏ ဝေသာလီခေတ်ပြီးနောက် လေးမြို့ခေတ်တွင်လည်း ဘင်္ဂလားနယ်သည် ရခိုင်နယ်နမိတ် အတွင်း၌ ပါဝင်ခဲ့ကြောင်း၊ မင်းထီးစေလွှတ်ရေးထိုးခဲ့သော၊ အိန္ဒိယနိုင်ငံ ဘီဟာနယ်ရှိ ဗုဒ္ဓဂါယာကျောက်စာတွင်အထင်အရှားတွေ့ရ၏။မင်းဘာကြီးမှမင်းခမောင်းလက်ထက်အတွင်း ရေးထိုးခဲ့ကြသော အလယ် နိပူဇာဘုရားကျောက်စာ ဝရဓမ္မကျောက်စာ၊ (မြက်ရိတ်ကျွန်း)တို့တွင် ကုလားအတွင်းစစ်ချီဟူသောစကားရပ်ကိုကြိမ်ဖန်များစွာတွေ့ရ၏။ ဘစောဖြူမင်းလက်ထက်ရေးဖွဲ့ခဲ့သော အဒူမင်းညို၏ ရခိုင်မင်းသမီး ဧချင်းနှင့်အဘာယမဟာရာဇာ(ခရစ် ၁၇၆၄–၇၃)လက်ထက်ရေးဖွဲ့ခဲ့သော သီရိမလ္လာမိပန်းရန်၏ ရခိုင်အောင်လံတော် လင်္ကာတို့တွင်လည်း ခေတ်အဆက်ဆက် စစ်ချီအောင်မြင်မှုများနှင့် ရခိုင်ဘုရင်နယ်နမိတ်အပိုင်းအခြားတို့ကို သီကုံးဖော်ကျူးထားကြသည်။

အိန္ဒိယသမိုင်းတွင်အကြီးအကျယ်ဆုံးသော မဂိုခေတ်မှာပင်စတင်တည်ထောင်ခဲ့သူသည် (**BARBER**) ဘုရင်၏သားတော်(**HUMAYIN**)လက်ထက်(ခရစ် ၁၅၃၀–၅၆)လက်ထက်တွင်မှဂင်္ဂါမြစ်အနောက်ဘက်အထိပိုင်စိုးနိုင်ခဲ့ကြောင်း၊မင်းဘာကြီးနှင့်ပိုင်နက်နယ်မြေပိုင်းခြားသတ်မှတ်ခဲ့၍ သီရိသုဓမ္မရာဇာမင်းလက်ထက်အထိ ရင်းနှီးမှု တည်တံ့ခိုင်မြဲကြောင်းနှင့်၊ ခရစ် ၁၆၆၆ တွင် (**AURENZEB**) လက်ထက်၌ စန္ဒသု ဓမ္မရာဇာမင်းသည်

**နောက်ဆက်တွဲ(၂)ခ–၄**

စစ်တကောင်းကိုလက်လွှတ်ခဲ့ရသည့်တိုင် ရခိုင်တို့၏အနောက်ဘက်နယ်စပ်ဖြစ်သော နတ်မြစ်အရှေ့ဘက်သို့ ကျူးကျော်မှုမရောက်ရှိခဲ့ကြောင်းကို အန္တိယသမိုင်းပညာရှင်သုတေသီများအသိမှတ်ပြုကြပြီးဖြစ်ပါသည်။

ထိုကာလနောက်ပိုင်းတွင်ပင် စန္ဒဝိဇယရာဇာမင်း (ခရစ် ၁၇၀၉–၃၁) သည် (**HATIA**) နှင့်သောင်းတီးကျွန်း (**SANDWIP** )ကို ဝင်ရောက်တိုက်ခိုက်ပြီး ပင်းဝါအထိ သြဇာအာဏာချဲ့ထွင်ခဲ့ကြောင်း(**CHITTAGONG GAAETTEER**)(စာ–၈၇) တွင်ရေးသားဖော်ပြထားပါသည်။ စန္ဒဝိဇယရာဇာကျောက်စာ(တေဇာရာမကျောင်း) တွင် ကုလားအတွင်း စစ်ချီစကားကို တွေ့ရှိရပြန်၏ စန္ဒဝိဇယရာဇမင်း စစ်အောင်နိုင်ခြင်းကို ရေးဖွဲ့ခဲ့ကြသော ဧချင်း၊ မော်ကွန်း၊ရတု၊လင်္ကာများနှင့် ရခိုင်ရာဇဝင်ကျမ်းများတွင်လည်းထိုအကြောင်းများကို အထင်အရှားတွေ့ရပေသည်။ နရအဘယရာဇာမင်း (ခရစ်–၁၇၄၂–၆၁) ကိုလည်း စစ်တကောင်းမှ လက်ဆောင်ဘဏ္ဍာဆက်သခဲ့ကြောင်းကို ရခိုင်ရာဇဝင်ကျမ်းများကဆိုကြ၏။ သို့ဖြစ်ရာ ဘင်္ဂလားနယ်အတွင်းသို့ပင် စစ်ချီအောင်နိုင်ခဲ့ကြသော ခေတ်အဆက်ဆက် ရခိုင်မင်းများသည် မိမိတို့၏ မူလပိုင်နက်ဖြစ်သော နတ်မြစ်၏အရှေ့ဘက်သို့ မည်သည့်မူဆလင်ကျူးကျော်သူကိုမျှ ရောက်ရှိနေထိုင်ခဲ့ရန် ခွင့်ပြုနိုင်ကြလိမ့်မည်မဟုတ်ချေ။

ရခိုင်မင်းတို့သည် စစ်ရေးအရသာ နယ်စပ်ကိုထိန်းသိမ်းကာကွယ်ခဲ့ကြသည်မဟုတ်၊ ကူးသန်းရောင်းဝယ်ရေးနှင့်လူဝင်မှုကြီးကြပ်ရေးအရလည်းတင်းကျပ်စွာကိုင်တွယ်ဆောင်ရွက်ခဲ့ကြသည်။ ခရစ် ၁၆၃၀ တွင် ရခိုင်တို့ရောက်ရှိခဲ့သော ပေါ်တူဂီဂယ်လူမျိုးခရစ်ယာန်ဘုန်းတော်ကြီး( **SEBASTIAN MANRIQUE** )၏ (**ITINERIO DE LAS MISSIONES ORIENTALS CTR TO BYE LUARD + FATHER HOSTEN** ) စာ–၂၇၆/ ၄၁၀၊ တို့တွင် ရခိုင်မင်းများသည် အနောက်ဘက်နယ်စပ်၏ လုံခြုံရေးကိုအထူးဂရုစိုက်ခဲ့ကြောင်းမှာထင်ရှား၏ အထူးသဖြင့်ဘင်္ဂလားနှင့်ရခိုင်အကြားကူးသန်းသွားလာမှုတွင် တင်းကျပ်သောစည်းမျဉ်းများထားရှိခဲ့သည်။ ရခိုင်လူမျိုးမဟုတ်သူတိုင်းသည် တစ်နယ်မှတစ်နယ်သို့သွားလာရာတွင် အထူးသဖြင့် ရခိုင်နှင့်အနောက်ဘက် နယ်စပ်အကြားကူးသန်းသွားလာရာတွင် ဘုရင့်တံဆိပ်ခပ်နှိပ်ထားသောခွင့်ပြုမိန့်လိုအပ်ဟန်တူသည်။ မြောက်ဦးမြို့တော်တွင်အခွန်ထမ်းဆောင်၍ ကုန်သွယ်နေကြသော ဘင်္ဂလားနယ်သား ကုန်သည်၊မဂိုကုန်သည်နှင့် ဘင်္ဂလီကျေးကျွန်းအနည်းအကျဉ်းရှိသော်လည်း စစ်တကောင်းမှအပရခိုင်နယ်နမိတ်အတွင်းတွင်မည်သည့်နေရာတွင်မှ ဘင်္ဂလားနယ်သားများနေထိုင်ကြောင်း အထောက်အထားမတွေ့ရချေ ဟုဖော်ပြထား၏။ ထိုခေတ်ရခိုင်နယ်နမိတ်မြေပုံကိုအထက်ပါမှတ်တမ်းအားအခြေခံရေးသားထားသော (**M.COLLIS**)၏ (**THE LAND OF GRAT IMAGE** )စာအုပ်မှ ကူးယူဖော်ပြထားပါသည်။ (နောက်ဆက်တွဲ –ရှ)

ပထဝီအနေအထားအရ ပင်းဝါနှင့်နတ်မြစ်အကြားနယ်မြေတစ်ခုလုံးသည် တောတောင်ထူထပ်၍ လူနေကျဲပါးကြောင်းကို အရှေ့အိန္ဒိယကုမ္ပဏီမှတ်တမ်းများကို အခြေပြုရေးသားထားသော (**PROF A.C. BANERJEE**) ၏(**EASTERN FRONTIER OF BRITISH INDIA** )တွင် ရေးသားဖော်ပြထားပါသည်။ သို့ဖြစ်ရာယခုအချိန်တွင် လူနေထူတပ်မှုသည် အစုလိုက်အပြုံလိုက်ရွှေ့ပြောင်းလာခဲ့မှုကြောင့်သာဖြစ်ပေမည်။ နတ်မြစ်အရှေ့ဘက်တွင်နေထိုင်လျက်ရှိကြသော (**G.H.LUCE**)၏ အခေါ်အရ ယနေ့ရိုဟင်ဂျာများသည် လွန်ခဲ့သောနှစ်ပေါင်းရာစုရာကရောက်ရှိနေထိုင်ခဲ့ကြခြင်းမဟုတ်မူဘဲ မနေ့တနေ့ကဖြစ်သော ဗြိတိသျှအုပ်စိုးမှုအောက်တွင်မှ ဘင်္ဂလားနယ်၊ စစ်တကောင်းဒေသကနေ ဝင်ရောက်လာခြင်းဖြစ်ကြောင်း(**AKYAB DISTRICT GAZETTEER VOL.A** ) တွင်အသေးစိတ်ရေးသားဖော်ပြထားပါသည်။ ထိုအကြောင်းအရာများကို ၁၉၆၀ မြဝတီမဂ္ဂဇင်း ရခိုင်အထူးထုတ်မှာ ပါရှိသော ရခိုင်တိုင်းအစီရင်ခံစာတွင်လည်း မောင်ထင်ကတင်ပြထားပါသည် ။ခေတ်အဆက်ဆက် လူဝင်မှုမှတ်တမ်းများ စာရင်းဇယားများကလည်း သက်သေခံလျက်ရှိကြပါသည်။

***နောက်ဆက်တွဲ(၂)ခ***–၆

ယခုတင်ပြရှင်းလင်းခဲ့သော အချက်အလက်များနှင့် (**G.H LUCE** )၏ စာအုပ်ပါအကြောင်းအရာများ၊ ဒေါက်တာသန်းထွန်း၏ ဆောင်းပါးပါ ထင်မြင်ချက်များသည်၊ သမိုင်းအမြင်အရ တူညီမှု မရှိသည်ကိုလေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ မည်သူ၏တင်ပြချက်သည် ကြောင်းကျိုးဆီလျော်မှုရှိသည်ဆိုခြင်းကို သမိုင်းပညာရှင်၊ သုတေသီများ၏ ဆက်လက်လေ့လာဖော်ထုတ်ချက်များဖြင့် အဆုံးအဖြတ်ပေးရမည်ဖြစ်ပါသည်။

**(လေ့လာသူတစ်ဦး)**

**အခြားကိုးကားသည့်စာအုပ်စာတမ်းများ**

၁။ ရခိုင်ရာဇဝင်သစ်၊ ရမ်းဗြဲတောင်ကျောင်းဆရာတော်၊ (သက္ကရာဇ် ၁၂၉၃)

၂။ ဓညဝတီရာဇဝင်သစ်၊ ပဲခူးမင်းကျောင်းဆရာတော် ( သက္ကရာဇ် ၁၂၇၁)

၃။ ဓညဝတီအရေးတော်ပုံကျမ်း ၊ဒွါရဝတီသာသနာပြုဆရာတော်(သက္ကရာဇ် ၁၂၄၉)

၄။ ရခိုင်မဟာရာဇဝင်တော်ကြီး ဦးသာထွန်းအောင် (သက္ကရာဇ် ၁၂၈၈)

၅။ ရခိုင်ပြည်နယ် ဖြစ်စဉ်အကျဉ်း (သမိုင်းကဏ္ဍ) (၁၉၈၄)
(ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ)

၆။ ရခိုင်မင်းဆက်ရာဇဝင် မှတ်တမ်း ၊ ဦးအောင်သာဦး (လက်ရေးမူ)

၇။ **TEXT BOOK OF GEOGRAPHY (PRB) (1986)**

၈။ **ANCRIENT ARAKAN BY PAMELA GUT MAN (Ph.D Thesis) (1976)**

<u>*နောက်ဆက်တွဲ(၂)ဂ*</u>

# အနောက်တံခါးမှရောက်လာသူများအပေါ်သမိုင်း

## ( ရခိုင်သဟာယမဂ္ဂဇင်း)(မောင်တောသား)

၄

၁၉၉၄–ခု၊ဩဂုတ်လထုတ် ကလျာမဂ္ဂဇင်းတွင် ဒေါက်တာသန်းထွန်းရေးသော "ချင်း။မြူနှင့်ခမိ။မြောက်ရခိုင်"ဆောင်းပါးကို ဖတ်ရှုရပါသည်။ရိုဟင်ဂျာပြဿနာသည် မနေ့တစ်နေ့ကမှပေါ်ထုတ်လာသောကိစ္စရပ်တစ်ခုမျှသာဖြစ်ပါသည်။

ကျွန်တော်သည် မောင်တောမြို့နယ်ဇာတိဖြစ်ပါသည်။ ကျွန်တော်၏ဘိုးဘွားမိဘများလည်း မောင်တောမြို့နယ်ဇာတိပင်ဖြစ်ကြသည်။ ရိုဟင်ဂျာဟူသောလူမျိုးတစ်မျိုးကို ဖတိတီးအသက်သွင်းကြပုံ။ လှုပ်ရှားဆောင်ရွက်ကြပုံကိုနေ့စဉ်နှင့်အမျှတွေ့မြင်ကြားသိနေရသူလည်းဖြစ်ပါသည်။ ယင်းဆောင်းပါးအရဆိုလျှင် ကျွန်တော်တို့၏ဇာတိနယ်မြေသည် နေရင်းထိုင်ရင်းအကြောင်းမဲ့တစ်ပါးသူတို့၏နယ်မြေထဲသို့ကျရောက်သွားပါသည်။ ယင်းကြောင့်အဖြစ်မှန်ကိုပြန်လည်ရေးသားရန်တာဝန်ရှိလာသည်ဟုယူဆ၍ဤဆောင်းပါးကိုရေးသားလိုက်ပါသည်။

ကလျာမဂ္ဂဇင်းတွင်ရေးသားသောဆောင်းပါး၌–

၁။ တစ်ချို့မူဆလင်ခေါင်းဆောင်ဟာ အဝမင်းနဲ့မိတ်သဟာဖြစ်တဲ့သဘောကိုဤကျောက်စာများရေးမှတ်ခဲ့တယ်။

၂။ မူဆလင်မင်းကတော့ နတ်မြစ်အရှေ့မယူမြစ်ဒေသက ရိုဟင်ဂျာဖြစ်မလား။

၃။ သူတို့ကလည်းဒီအရပ်မှာနေတာနှစ်ပေါင်းတစ်ထောင်ထက်မနည်းတော့ဘူးလို့ပြောလေ့ရှိကြတယ်။ အဲ။ ဒီလောက်မရှိပေမဲ့ ခရစ်နှစ်(၁၂၀၂)လောက်က ဘင်္ဂလားကိုမူဆလင်အယူအဆရှိတဲ့လူတွေရောက်လာတဲ့အခါဖြစ်နိုင်တယ်။ နှစ်(၈၀၀)ကပေါ့။

(၁) **အချက်နှင့်ပတ်သက်၍**

ကျောက်စာပါမိတ်ဖွဲ့သူများဟာ ထုပါရုံဒါယကာ အဝမင်းနရပတိနှင့် အလီခင်ဟူသောကုလားဘွဲ့ကိုလည်းခံယူသော ရခိုင်မင်းခရီဖြစ်သည်[၁]။မင်းခရီသည် ရာမူးထိတက်ရောက်သိမ်းပိုက်နိုင်ခဲ့သော ဗုဒ္ဓဘာသာဝင်ရခိုင်ဘုရင်ဖြစ်သည်။ ကုလားဘွဲ့ခံယူရုံမျှနှင့် မူဆလင်ခေါင်းဆောင်ဟုမယူဆနိုင်ပါ။မရေးသားသင့်ပါ။အင်းဝဘုရင်နရပတိထံသို့ ရခိုင်ဘုရင်မင်းခရီပေးပို့သောသဝဏ်လွှာတွင်–ဣတိပိသော၊သွက္ခာတော၊သုပ္ပဋိပန္နောဟူသော ရတနာသုံးပါး၏ဂုဏ်တော်ဖြင့်အစချီထားသည်ကိုတွေ့ရသည်[၂]။ မင်းခရီကသံတွဲမိဘုရားစောယင်မိထံသို့ပေးပို့သောရတုတွင်လည်း၊ဗုဒ္ဓဘာသာ၊သာသနာတော်စောင့်ပီပီ "သရဏာတင့်၊ပန်းသုံးဆင့်ကို၊မယ်နှင့်မိဋ္ဌာန်ပန်ရစေ" ဟူ၍ရေးသားခဲ့သည်ကိုတွေ့ရပါသည်[၃]။

အင်းဝမင်းနှင့်မိတ်ဖွဲ့ခဲ့သူ မင်းခရီမှာ ဗုဒ္ဓဘာသာဝင်ရခိုင်ဘုရင်သာဖြစ်ပါသည်။မူဆလင်ခေါင်းဆောင်မဟုတ်ပါ။ကုလားဘွဲ့ကိုလည်းပူးတွဲခံယူရခြင်းမှာ နောင်တော်မင်းစောမွန်လက်ထက် မူဆလင်ဂေါ်ရ်စူလတန်ဘုရင်၏အကူအညီဖြင့် ရခိုင်ထီးနန်းကိုပြန်လည်စိုးစံခွင့်ရခဲ့သဖြင့်ဖြစ်ပါသည်[၄]။ရခိုင်ဘုရင်တိုင်းကုလားဘွဲ့ကိုမခံကြပါ။ရခိုင်ဘုရင်များသည်ဗုဒ္ဓဘာသာဘုရင်များပီပီ အမျိုး၊ဘာသာ၊သာသနာတော်ကိုစောင့်ရှောက်ပါမည်ဟူသောကတိသစ္စာကိုဘုရားရုပ်ပွါးတော်ကိုဦးခေါင်းပေါ်တွင်တင်ပြီးကျိန်ဆိုသစ္စာပြုလေ့ရှိကြပါသည်။ ယင်းကြောင့် ရခိုင်ပြည်တွင် မင်းအသီးသီးသွန်းလုပ်ပြီး ကတိသစ္စာပြုခဲ့ကြသော မဟာကျိန်ဘုရားအများအပြားပင်ရှိခဲ့ပါသည်။

ဤမျှဆိုလျှင် မူဆလင်ခေါင်းဆောင်နှင့် မိတ်ဖွဲ့ခြင်းမဟုတ်ပဲ ရခိုင်ဘုရင်မင်းခရီနှင့်အင်းဝမင်းတို့မိတ်ဖွဲ့ခြင်းတို့ဖြစ်ကြောင်းသိသာနိုင်သည်။

<u>*နောက်ဆက်တွဲ(၂)ဂ–၁*</u>

## အချက်(၂) (၃) နှင့်ပတ်သက်၍

မူဆလင်မင်းဆိုသည်မှာ မည်သူကိုရည်ညွှန်းပါသလဲ၊ မူဆလင်ဘွဲ့ကိုပါပူးတွဲခံယူကြသော ဗုဒ္ဓဘာသာဝင် ရခိုင်ဘုရင်တို့ကိုဆိုလိုပါသလား။ ဘင်္ဂလားဒေသကိုအနောက်မှဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသော မူဆလင် ဘုရင်များကိုဆိုလိုပါသလား။ မူဆလင်ဘွဲ့ခံရခိုင်ဘုရင်၊ ရခိုင်လူမျိုးနှင့် ယနေ့ရိုဟင်ဂျာလူမျိုးဟူ၍ ထ အော်နေကြ သူများမှာ တခြားစီသာဖြစ်သည်။

ရခိုင်ဘုရင်တို့အုပ်ချုပ်ခဲ့ကြစဉ်က မယူမြစ်ဝှမ်းနှင့်နတ်မြစ်အရှေ့ဘက်ခြမ်းဒေသကို"မောရဝတီ"ဟူ၍ နယ်မြေတစ်ခုသတ်မှတ်အုပ်ချုပ်ခဲ့ကြသည်။ ရသေ့တောင်မြို့အရှေ့ဘက်မယူတောင်တန်းပေါ်ရှိ ဥဒေါင်းဓာတ်တော်ကိုအစွဲပြု၍သတ်မှတ်ခြင်းဖြစ်သည်။ ယခုထိမောရဝတီနယ်မြေတွင် ဓာတ်တော်စေတီအများ အပြားတည်ရှိလျက် သာသနာတောထွန်းကားနေပါသည်။

ဒေါက်တာသန်းထွန်းက မူဆလင်အယူရှိသူများဘင်္ဂလားကိုဝင်ရောက်သည့် ၁၂၀၂–ခုနှစ်လောက်မှစ၍ နတ်မြစ်၊မယူမြစ်ဝှမ်းဒေသသို့လည်းဝင်ရောက်နိုင်ကောင်းရာသည်ဟုဆက်စပ်ပြီး"မယူမြစ်ဝှမ်းဒေသကရိုဟင်ဂျာ" အထိဆက်စပ်ယူထားသည်။

ခရစ် ၁၂၀၂–သည် ရခိုင်လေးမြို့ခေတ်တွင်ကျရောက်ပါသည်။ ရခိုင်ဘုရင်မင်းထီး (ကောဇာ ၆၃၈– ၇၅၁) သည် ဘင်္ဂလားကိုတိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဗုဒ္ဓဂါယာသို့သွားရောက်ပြီးကုသိုလ်ပြုခဲ့ကြောင်းကျောက်စာ ရေးထိုးထားခဲ့သည်။ ယင်းကျောက်စာကိုသမိုင်းလေ့လာသူတိုင်းဖတ်ဖူးကြသည်။

မြောက်ဦးခေတ်တွင် မင်းခရီ၊ ဘစောဖြူမင်း၊ မင်းဗာ၊ မင်းဖလောင်း၊ မင်းရာဇာကြီး၊ သီရိသုဓမ္မရာဇာ အစရှိသည်ဖြင့် ရခိုင်မင်းအများအပြားပင် စစ်တကောင်းထိချီတက်တိုက်ခိုက်သိမ်းပိုက်ပြီး သြဇာခံနယ်အဖြစ် အုပ်စိုးနိုင်ခဲ့ကြသည်။ဘင်္ဂလားကိုအုပ်ချုပ်ခဲ့သော သီရိသုဓမ္မရာဇာ(ကောဇာ ၉၈၄–၁၀၀၀)လက်ထက် ဘင်္ဂလားမှ ကုလားများကိုဖမ်း၍ကျွန်အဖြစ်ရောင်းစားခဲ့ကြသည်။

မောရစ်ကောလစ်၏ (THE LAND OF THE GREAT IMAGE) စာမျက်နှာ(၉) တွင် မန်နရိတ်၏ မှတ်တမ်း အရ ဒီယင်းဂါး (DIANGA) မြို့နယ်မှပင် ကျွန်ရောင်းဝယ်မှုထွန်းကားခဲ့ရာ၊ ဘင်္ဂလားမှ ဖမ်းဆီးရမိသောကျွန် ပေါင်းမှာ တစ်နှစ်လျှင်(၃၄၀၀)ခန့်ရှိမည်ဟုခန့်မှန်းထားသည်။ ၁၆၂၇–ခု၊ ဖေဖော်ဝါရီလ တစ်လတည်းမှာပင် ဘင်္ဂလားဒေသမှကျွန်ပေါင်း (၁၈၀၀)ခန့် ဖမ်းဆီးမိခဲ့သည်ဟုဖော်ပြထားသည်။

ဒေါက်တာခင်မောင်ညွန့်၏ ပေါ်တူဂီမြန်မာဆက်ဆံရေးစာအုပ်၊ စာမျက်နှာ (၁၄၉/၁၅၀)တွင် ကျွန်ရောင်းဝယ်ရေးမှာ ရခိုင်ဘုရင်တို့အတွက် အလွန်စီးပွါးဖြစ်သည်သာမက နိုင်ငံရေးအတွက်လည်း အထောက်အကူဖြစ်သည်ဟုရေးသားထားသည်။

ဦးလှဒင်၏ ရတနာရွှေမြေ၊ စာမျက်နှာ (၃၅၉)တွင် ရခိုင်ဘုရင်သီရိသုဓမ္မရာဇာမင်းသည် မဂိုရန်ကြောင့် ပေါ်တူဂီတို့အား နယ်ခြားစောင့်တပ်အဖြစ် ရာထူးပေးကာမွေးစားခဲ့ရသည်။ ပေါ်တူဂီတို့မှာ ဂင်္ဂါမြစ်ဝှမ်းရှိ ဟူဂလီ (HUGHLI) တွင်နေထိုင်ပြီး ကျွန်ဖမ်းကာမြောက်ဦးမြို့တော်သို့မပို့ပဲ ဟူဂလီတွင်ဈေးကောင်းကောင်းဖြင့် ရောင်းချ ကြလေသည်။ ဟု ရေးသားထားလေသည်။

ဤသို့ဘင်္ဂလားဒေသကျွန်ဖမ်းရောင်းချခဲ့မှုကြောင့် ယနေ့ရိုဟင်ဂျာဟုအမည်ခံသူတို့က ရခိုင်တို့ကို( (မဂ်) မာဂဝေတိုင်းသား/ဓားပြလူဆိုး)ဟူ၍ယနေ့တိုင်ခေါ်ဝေါ်လျက်ရှိနေဆဲပင်ဖြစ်သည်။

မူဆလင်တို့သည် ၁၆၆၆–ခုနှစ်ထက်စော၍ စစ်တကောင်းဒေသကို မလွှမ်းမိုးနိုင်ခဲ့ကြောင်းကိုသိရသမျှ တင်ပြပါမည်။

***နောက်ဆက်တွဲ(၂)က–၂***

မြောက်ဦးခေတ်ဘင်္ဂလားကိုအောင်နိုင်ခဲ့သူရခိုင်ဘုရင်တို့လက်ထက် ဒေလီအင်ပါယာ၏ဘင်္ဂလားဘုရင်တို့သည် ဖန်နီ (FENNY) မြစ်အရှေ့ဘက်သို့မည်သည့်ဩဇာမျှမညောင်းခဲ့ချေ။ (ဖေယာ၊စာ–၃/၄)

စစ်တကောင်းဒေသမီနာမတီ တူးဖေါ်မှုမှတ်တမ်းအရ စစ်တကောင်းနယ်ဘက်တွင်၁၂၄၃–ခုနှစ်အထိ ဗြဟ္မဏဝါဒီမင်းများကိုတိုက်ခိုက်သောအခါ လွတ်မြောက်သွားသည်။ ၄င်းမင်း၏အနွယ်များသည် စစ်တကောင်းဒေသကို ၁၂၄၅–ခုနှစ်အထိ အုပ်ချုပ်ခဲ့သည်။ မူဆလင်တို့သည် ဖစ်ရ ဒိန်မူဘာရက်ရှား (FIZRUDIN MUBARAK SHAH) ဘုရင်လက်ထက်အေဒီ ၁၃၃၈–ခုတွင် စစ်တကောင်းကိုစိုးမိုးနိုင်လေသည်။ (ကနင်ကို၊ စာ–၁၂၇)။

စစ်တကောင်းဒေသအထိ နောက်ဆုံးစိုးမိုးနိုင်ခဲ့သော ရခိုင်ဘုရင်မှာစန္ဒသုဓမ္မရာဇာဖြစ်သည်။ ၄င်းလက်ထက် ၁၆၆၆ တွင် မဂိုဘုရင်နှင့်စစ်ဖြစ်ကြသောအခါ ရခိုင်တို့ရှုံးပြီး စစ်တကောင်းကိုလက်လွှတ်ဆုံးရှုံးခဲ့ရသည်။ စစ်တကောင်းကိုလက်လွှတ်ခဲ့ကြရသော်လည်းရခိုင်တို့ခုခံသဖြင့် အောင်မြင်မှုရခဲ့လေသည်။ (ကောလစ်၊ စာ–၄၉၇)

ယင်းကြောင့်ဒေါက်တာသန်းထွန်းရေးသကဲ့သို့ ၁၂၀၂–ခုနှစ်မှစ၍ မယူမြစ်ဝှမ်းဒေသသို့မူဆလင်ရိုဟင်ဂျာများမရောက်ပါ။ သူတို့ပြောကြသည်မှာလည်း မုသားစကားပြောကြခြင်းသာဖြစ်ပါသည်။အချိန်မရွေး စစ်ဆေးကြည့်ပါက အဖြစ်မှန်ကိုသိနိုင်သည်။

ရခိုင်ပြည်ကို ဘိုးတော်မင်းတရားသိမ်းပိုက်ခဲ့စဉ်က နတ်မြစ်၊ မယူမြစ်ဝှမ်းဒေသတွင် ရိုဟင်ဂျာဟူ၍ လူမျိုးတစ်မျိုးတွေ့ခဲ့သည်ဟု မှတ်တမ်းတွေ့ဖူးပါသလား။ရခိုင်ပြည်တွင်အုပ်ချုပ်ခဲ့ကြသော မြန်မာမြို့ဝန်များ၊ မောင်တောတပ်မှူး၊ မြဝတီမင်းကြီးဦးစ၊ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲမှတ်တမ်းများနှင့် ဒုတိယကမ္ဘာစစ်မှတ်တမ်းများတွင် မယူမြစ်ဒေသ၌ ရိုဟင်ဂျာလူမျိုးတစ်မျိုးဟူ၍တွေ့ရှိရသည်ဟုဖေါ်ပြထားသည်ကိုတွေ့ဖူးပါသလား။

မြန်မာဘုရင်အုပ်ချုပ်ခဲ့စဉ်ကာလ ၁၇၉၂–ခုနှစ်တွင် ၊စစ်တကောင်းသားတို့နတ်မြစ်ကိုဖြတ်ကျော်၍ ကျွဲနွားများခိုးယူသွားမှုကြောင့် မြန်မာဘုရင်ခံထံလျော်ကြေးအဖြစ် ရူပီးငွေ ၁၀၀၀ ပေးလျော်ခဲ့ရသည်ကိုသာ တွေ့ရှိရသည်။ (ဒေါက်တာဘနာဂျီမှတ်တမ်း)

ရိုဟင်ဂျာဟုအမည်ခံသူတို့သည် မယူမြစ်ဝှမ်းကိုမဆိုထားဘိ၊ နတ်မြစ်အနောက်ဘက်ကမ်းကိုပင် အင်္ဂလိပ်ခေတ်ဦး ၁၈၃၀–ထိ မရောက်ရှိသေးပါ။ကိုယ်တွေ့မျက်မြင်ဖြစ်သည်။ ဘိုးတော်ဘုရားရခိုင်ပြည်ကို သိမ်းပိုက်စဉ်က ရခိုင်များစွာ ဘင်္ဂလားသို့ထွက်ပြေးခဲ့ကြသည်။ လက်ဝဲမြန်သည် အိမ်ထောင်စု ၅၀၀ ကို ဦးဆောင်၍ ဘင်္ဂလားသို့ထွက်ပြေးခဲ့ကြသည်။ အင်္ဂလိပ်တို့ထံမှ ခွင့်ပြုချက်ရသဖြင့် နတ်မြစ် အနောက်ဖက်ကမ်းမြစ်ဝမှ ရာမူးအထိ လယ်မြေခုတ်ထွင်၍လုပ်ကိုင်စားသောက်ခွင့်ရခဲ့သည်။ (မြို့နယ်မှတ်တမ်း။)အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲပြီးဆုံး၍ အင်္ဂလိပ်တို့ရခိုင်ပြည်ကိုအုပ်ချုပ်ကြရာ၊ဘင်္ဂလားသို့ထွက်ပြေးခဲ့ကြသော ရခိုင်တို့သည် မောင်တော (တပ်ချောင်း)တစ်ဝိုက်၊ မောင်တောမြို့နယ် မြောက်ပိုင်း နတ်မြစ်အနောက်ဘက်ရှင်မဖြူကျွန်းမှစ၍ တစ်စတစ်စ အခြေနေထိုင်မှုပြုလာကြသည်။ နတ်မြစ်အနောက်ဘက်ကမ်းတွင်ဆိုလျှင် ရှင်မဖြူရွာ၊ ဥဒေါင်းပြင်၊ချောင်းရိုင်းကင်းခေါင်းရွာ၊ဆားပြင်အထက်၊ဆားပြင်အောက်ရွာ၊ပိုက်ဆိပ်၊ကယုချောင်း၊ဒဒုံကျ၊စေတီတောင်၊မြစ်နားရွာ၊ ညလား၊ခြံချောင်း၊မိုးဖြူရွာ၊ပေါက်ဆိန်ခေါင်း၊ဆည်ကြီး၊အူချာ၊ဖလောင်းချိပ်၊ ပန်းဝါတို့ရွာပေါင်းများစွာရှိနေခဲ့ကြလေသည်။ သော်တလီမောင်ညိုဆိုသူသည် လက်ဝဲမြန်၏မြေး၊မြို့တောင်စား၏သားဖြစ်သည်။ အင်္ဂလိပ်–မြန်မာစစ်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ဆုလာဘ်အဖြစ် နတ်မြစ်ဝဲယာကို အုပ်ချုပ်ခွင့်

ရခဲ့သည်။ ၎င်းနှင့်၎င်း၏သားဖြစ်သူ အောင်ဖြူတို့လက်ထက်ကျမှ အခွန်တော်ကောက်ခံရေး၊ လယ်မြေတိုးချဲ့ရေးအတွက် အလုပ်သမားငှါးရမ်းခေါ်ယူရာမှ နတ်မြစ်အနောက်ဘက်ကမ်းသို့စတင်ရောက်ရှိလာသည်။ ယင်းမှ တစ်ဖန် လယ်ပိုင်ရှင်(ပြုစုကောင်း)၁၅ ဦး၏ မောင်တောမြို့နယ်တစ်ခုလုံး လယ်မြေချဲ့ထွင်ရေးလုပ်ငန်းကြောင့် နတ်မြစ်အရှေ့ဘက်ကမ်းသို့တစ်စတစ်စရောက်ရှိလာကြသည်။ စူးအက်တူးမြောင်းဖွင့်လှစ်သောအခါ စပါးဈေးတက်လာသဖြင့် ဘင်္ဂလားဒေသမှ စပါးအဝယ်များလာ၍ လယ်ကူလီများ လိုအပ်ရာ ရာသီချိန်လုပ်သားများအဖြစ် လိုမ့်ဝင်လာကြသည်။ ရာသီပြီးလျှင် ပြန်သွားကြသည်။ ဤသို့ စပါးရိတ်သိမ်းရန် အုပ်စုဖွဲ့၍လာရောက်ကြသော ဘင်္ဂလီကုလားများကို ရခိုင်တို့က “ ပရဝါသျှီပ်တက်သည် ” ဟု ယနေ့တိုင် ရခိုင်တို့ခေါ်ဝေါ်လျက်ရှိကြသည်။

နတ်မြစ်အရှေ့ဘက်မောင်တောမြို့နယ်တွင် အင်္ဂလိပ်ခေတ်ဦးမှ ၁၉၄၂ ခုထိ ရခိုင်ရပ်ရွာပေါင်း (၁၉၅) ရွာထိ တည်ရှိခဲ့သည်။ ရပ်ရွာများတည်ရှိခဲ့သော ရွာများသို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှတ်သားခဲ့ပြီးဖြစ်၍ တတ်နိုင်သမျှ မြေပုံရေးဆွဲဖော်ပြလိုက်ပါသည်။

ရခိုင်ဘုရင်တို့သည် စစ်တကောင်းတစ်ဖက်မှ ဘင်္ဂလီများရခိုင်ဒေသသို့ အချိန်မရွေးဝင်ရောက်နိုင်သဖြင့် ဒသရာဇာမင်း (ကောဇာ ၄၈၅–၅၁၀) လက်ထက်မှစ၍ စစ်တကောင်းနယ်တွင် ထောင်ပြုမြို့များအဖြစ်တည်ထားခဲ့သည်။ ယခုထိ ဗိုလ်မင်းထောင်၊သက်ထောင်၊မြို့ထောင်၊ ဖလံထောင်၊ရိုကြိုင်ထောင်၊ကောက်ကတန်းအစရှိသည်ဖြင့် ထောင်ပြုမြို့ တစ်ဆယ်ကျော်တည်ချခဲ့ကြောင်း သမိုင်းမှတ်တမ်းများတွင်တွေ့ရပါသည်။ ယင်းထောင်ပြုမြို့များတွင် ယခုအထိ ရခိုင်လူမျိုးများနေထိုင်လျက်ရှိနေကြဆဲပင်ဖြစ်သည်။

ယင်းကြောင့် ရိုဟင်ဂျာဟူသည် ယခင်ကရှိခဲ့ဖူးသော လူမျိုးမဟုတ်ပါ။ မကြာသေးမီကမှ တိုင်းတပါးမှ ဝင်ရောက်လာသော နိုင်ငံခြားသားများသာဖြစ်ကြသည်။ တိုင်းရင်းသားများနည်းတူ အခွင့်အရေးရအောင် အခွင့်သာတုံး ချော်လဲရောထိုင်ရန်ပြင်ဆင်ကြသူများသာဖြစ်သည်။ ဒေါက်တာသန်းထွန်းရေးသားသကဲ့သို့ အနှစ် ၈၀၀ ကပင် အခြေချသူများမဟုတ်ကြပါ။ ကွင်းဆင်းလေ့လာ၍ သုတေသနပြုလုပ်လျှင် အလွယ်တကူပင် သိမြင်ပါလိမ့်မည်။ လာပါ၊လေ့လာပါ ဟုလည်း ဖိတ်ခေါ်လိုက်ပါသည်။

## ရိုဟင်ဂျာလှုပ်ရှားမှုအကျဉ်း

ရိုဟင်ဂျာလှုပ်ရှားမှုနှင့်ပတ်သက်၍ မြို့နယ်မှတ်တမ်းတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရသို့စာတမ်းပြုစု၍လည်းကောင်း ကျွန်တော်တို့တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအကျဉ်းချုပ်၍ရေးသားတင်ပြလိုက်ပါသည်။

အင်္ဂလိပ်–မြန်မာပထမစစ်ပွဲတွင်အင်္ဂလိပ်တို့ဘက်မှ ပါဝင်ကူညီတိုက်ခိုက်ခဲ့သူ ဦးမောင်ညိုအား အင်္ဂလိပ်တို့က ဆုလာဘ်အဖြစ် နတ်မြစ်ဝဲယာကိုနယ်စားအဖြစ်ပေးခဲ့သည်။ ကျွန်းအုပ်အဖြစ်ခန့်အပ်သည်။ နတ်မြစ်ဝှမ်းသည် ချင်းပြန်တော်လှန်မှု၊အင်္ဂလိပ်–မြန်မာစစ်ပွဲကာလအတွင်းအဓိကကျသောနေရာဖြစ်သဖြင့် စစ်မက်ထူပြော၍ လူနေမှုကင်းခဲ့သည်။

ရခိုင်ပြည်တွင်အင်္ဂလိပ်အုပ်ချုပ်မှုစတင်သောအခါ အနောက်ပြည်ရောက်ရခိုင်များ နတ်မြစ်အရှေ့အနောက်မြစ်ညာတို့တွင် ပြည်ရွာတည်၍ အခြေတကျနေထိုင်လာကြသည်။

ရခိုင်ရပ်ရွာများတည်ချပြီးနောက် ကျွန်းအုပ်များက ကုလားများကို လယ်ယာလုပ်ငန်းတွင် အသုံးချရန်၊ လူခွန်တော် ကောက်ခံနိုင်ရန် စစ်တကောင်းဒေသမှ ခေါ်၍ ရပ်ရွာတည်ချပေးခဲ့သည်။ ပထမတွင် နတ်မြစ်အနောက်ခြမ်း၊ယင်းမှ အရှေ့ခြမ်းသို့ကူးလာပြီး နောက်ပိုင်းတွင် ရခိုင်ပြည်တွင်းထိ သွားရောက်လုပ်ကိုင်လာခဲ့

***နောက်ဆက်တွဲ(၂)ဂ–၄***

ကြသည်။(၁၉၅၀ ခု ပတ်ဝန်းကျင်မှယနေ့ထိ ကုလားရပ်ရွာများတိုးတက်စည်ပင်လာမှုကို မျက်မြင်အဖြစ်တင်ပြခြင်းဖြစ်သည်။)

၁၉၀၀ ခု ပတ်ဝန်းကျင်တွင်စစ်တကောင်းသားကုလားများသည် စပါးရိတ်သိမ်းပြီးလျှင် ဌာနေသို့ ပြန်ကြသည်။ အစိုးရမှတ်တမ်းများတွင်လည်း ဝင်ရောက်မှုနှုန်းကို အတိအကျကောက်ယူထားသည်။

ထိုအချိန်က ဘူးသီးတောင်–စစ်တွေရေလမ်းခရီးတွင် နိုင်ငံခြားသားပိုင် အာရကံ ဖလိုတီလာ မီးသင်္ဘော ပြေးဆွဲလျက်ရှိသဖြင့် သွားလာမှုအဆင်ပြေသည်။

မောင်တောမြို့နယ်တွင် ၁၉၀၀ ခုပတ်ဝန်းကျင်က လယ်ယာလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခွင့်ရသူ လယ်ပိုင်ရှင် (ပြုံစုကောင်း)၁၅ ဦးက လယ်မြေများ ခုတ်ထွင်ရှင်းလင်းရန် စစ်တကောင်းမှကုလားများကိုခေါ်သွင်းကြသည်။ (ပြုံစုကောင်းတို့နေထိုင်ခဲ့သောနေရာ၊ အိမ်၊ရေကန်၊ဘုရားရှိခိုးကျောင်းများ ယခုထိရှိပါသည်။)

ကုလားများဝင်ရောက်မှုများပြားလာသောအခါ မောင်တော(ကညင်ချောင်း)မှ ဘူးသီးတောင်မြို့ထိ **MARTIN & CO.** က ရထားလမ်းဖောက်သည်။ ပေ ၆၅၀ နှင့် ၆၅ပေအရှည်ရှိသော ဥမင်လိုင်ခေါင်းဖောက်ရာတွင်စျေးပေါပေါဖြင့်ရသောကုလားလုပ်သားများကိုခေါ်ယူအသုံးပြုခဲ့သည်။ (ကျွန်တော့်အဖိုးအလုပ်ကြပ် အဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။) စစ်တကောင်းမှကုလားများကပ်စေးနဲသဖြင့် မိုင် ၂၀ ခရီးကို ရထားမစီးဘဲ ခြေကျင် လျှောက်ကြ၍ယင်းကုမ္ပဏီအရှုံးပေါ်ခဲ့သည်။

လယ်ကူလီများသည် ရာသီချိန်လုပ်သားဘဝမှတစ်နှစ်လုံး လုပ်သားအဖြစ်ယာယီမှီခိုနေထိုင်လာကြသည်။ ယင်းတို့မှာ ယောကျ်ားများသာဖြစ်ကြသည်။

လယ်ကူလီများဝင်ရောက်အခြေချနေထိုင်လာခြင်းကြောင့် မောင်တော၊ ဘူးသီးတောင်နယ်သည် ရခိုင်ပြည် နယ်၏လူဦးရေထက်ဝက်ရှိသည်။ ၁၉၃၅ ခုနှစ်ခွဲရေး၊တွဲရေးပြဿနာတွင် ခွဲရေးနိုင်သဖြင့် ဦးစော–ဆာကားစာချုပ် အရ ကုလားဝင်ရောက်မှုကို သုံးနှစ်ထိခွင့်ပြုခဲ့ရာ ဒီလိုင်းအလား ကုလားများလိုမ့်ဝင်လာကြသည်။ (လူဦးရေ နှင့်ပတ်သက်သော အစီရင်ခံစာများ၊ဂေဇက်တီယာများရှိပါသည်။)

၁၉၄၂ ခုနှစ်တွင် ကုလား–ရခိုင်–အဓိကရုဏ်းဖြစ်ရာ မောင်တောမြို့နယ်ရှိ ရခိုင်ရပ်အားလုံးဖျက်ဆီးခံရ သည်။ ရခိုင်တချို့ပြည်တွင်းသို့ဝင်ပြီးတချို့မှာ ဒိန်နာဂျ်ပူးရ်သို့ ထွက်ပြေးကြသည်။ ယင်းအချိန်တွင် ငြိမ်းချမ်းရေး ဆောင်ရွက်ရန် ရောက်ရှိလာကြသော ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ရန်အောင်နှင့်အဖွဲ့ကိုမောင်တောမြို့ရှိ ကုလားလူကြီး များက ကညင်တန်းကျေးရွာတွင်ထမင်းကျွေးသည်။ ထမင်းစားနေစဉ်ဝင်ရောက်ပစ်ခတ်ရာ အရာရှိနှစ်ဦးနှင့် ရဲဘော်သုံးဦးကျဆုံးကြရသည်။ ဘူးသီးတောင်မြို့နယ် ဂူတာပြင်တွင် အရေးပိုင် ဦးကျော်ခိုင်အား ကုလားများက ကြိုဆိုဟန်ပြုပြီးပစ်သတ်ခဲ့ကြသည်။

ရခိုင်များမရှိတော့သောအခါ ကုလားများက ရခိုင်အိမ်၊မြေ၊ကျွဲ၊နွားများကို အပိုင်စီးကြသည်။(ယနေ့ထိ ဘုရား၊ကျောင်း၊သိမ်နေရာအတိအကျတွေ့မြင်နိုင်သည်။)

ရခိုင်များ ဒိနာဂျ်ပူးရ်စစ်ပြေးဒုက္ခသည်စခန်းမှ ၁၉၄၆ ခု နှစ်ဦးပိုင်းမှစ၍ ဝင်ရောက်လာကြသည်။ မောင်တောမြို့နယ်တွင် ရပ်ရွာ ၁၀၀ ခန့်ပြန်လည်အခြေချလာနိုင်ကြသည်။

၁၉၄၂ ခုနှစ်က မောင်တောမြို့နယ်အတွင်း ရခိုင်များကိုသတ်ဖြတ်ခဲ့သောကုလားအဖွဲ့သည် ဂျပန်များ ဝင်လာသောအခါ ဘာသာရေးအသွင်ပြောင်းကာ ဂျမေယာတူအိုလာမာအသင်းကို ဖွဲ့စည်းကြသည်။ အဖွဲ့ဥက္ကဋ္ဌ မှာ အုံမော်မျာ( ဘီအေဘီအယ်လ်)ဖြစ်သည်။ အုံမော်မျာတို့အဖွဲ့သည် အနောက်ပါကစ္စတန်ပက်ချ်ဝါမှ မော်လနာ

**နောက်ဆက်တွဲ ၂(ဂ)၅**

မူဟာမတ်မူဇဟတ်ခန်နှင့်မော်လနာအီဗြာဟိန်းတို့ကို ခေါ်၍ မူဂျာဟိန်းအဖွဲ့ကိုဖွဲ့စည်းကြသည်။ ရခိုင်ပြည်နယ်ကိုပါ ပါကစ္စတန်နယ်သို့ သွတ်သွင်းရေးအစီအစဉ်ပင်ဖြစ်သည်။ ၁၄–၄–၄၈ နေ့တွင်အုံမော်မျာတို့အဖွဲ့သည် အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ မူဂျာဟစ်သူပုန်ကိုတိုက်ခိုက်ရန်အကြောင်းပြကာ အစိုးရထံမှ လက်နက်အကူအညီတောင်းခံခဲ့ကြသည်။ လက်နက်ရလာသောအခါ ရခိုင်ရပ်ရွာများကို ဖြိုဖျက်ကြသည်။ ၁၅–၅–၄၉ နေ့တွင် နယ်စပ်ရှိ တောင်ပြိုကောက်ကတန်း ရခိုင်ရွာကို မီးတင်ရှို့သည်။ ရခိုင်ရပ်ရွာ(၆၀)ကျော်ဖျက်ဆီးခံရသည်။

သတင်းစာများကယင်းလုပ်ရပ်ကိုဖော်ထုတ်သောအခါ အစိုးရကအုံမော်မျာတို့အသင်းကိုမတရားအသင်းအဖြစ် ကြေညာခဲ့ရသည်။

ပါလီမန်လွှတ်တော်တွင်မေးခွန်းတစ်ခုမေးခဲ့ရာတာဝန်ရှိသူတို့က ၉–၆–၉၄ ရက်စွဲဖြင့် (က)စစ်ကြီးအတွင်း ရခိုင်ပြည်မှ အိန္ဒိယသို့ပြောင်းရွှေ့သွားသူမှာ–ဗုဒ္ဓဘာသာရခိုင် ၅၁၀၀၊မူဆလင်ဘာသာဝင် ရခိုင် ၂၁၀၀။(ခ) ၄င်းတို့ကို ၁၉၄၇ ခု၊ဧပြီလတွင်ခေါ်ယူ၍နေရာချထားပေးပြီးဖြစ်သည်ဟု ဖြေကြားခဲ့သည်။

" ဤအဖြေ၌ မူဆလင်ဘာသာဝင်ရခိုင်ဟုဆိုသည်မှာ မူဆလင်ကုလားများသာဖြစ်ပါသည်။ ၄င်းကို မူဆလင်ဘာသာဝင်ရခိုင်ဟုသုံးနှုန်းထားသည်ကို သတိရှိစေလိုပါသည် " ဟူ၍ ဝိဇ္ဇုရသခင်ချစ်မောင်က ၁၉၆၉ ခု၊ အောက်တိုဘာလထုတ် ဆောင်ပါးအမှတ် (၁၅)တွင်ရေးသားတင်ပြထားသည်း

လွတ်လပ်ရေးရရှိပြီးနောက်တခြားတိုင်းရင်းသားများနည်းတူ အခွင့်အရေးရလို၍ ရိုဟင်ဂျာလူမျိုးဟူသောလူမျိုးသစ်တစ်ခုကို မစ္စတာဂေါ်ဖားက ၁၉၅၀ ခု၊စက်တင်ဘာလထုတ် ဂါဒီယန်းသတင်းစာတွင် အသက်သွင်းသည်။ မောင်တောမြို့နယ်တွင်လည်း ကုလားများက ငါတို့ကို ဘင်္ဂလီမခေါ်နှင့် ရိုဟင်ဂျာဟုခေါ်ရန် ရခိုင်တို့ကိုပြောလာကြသည်။ ရခိုင်တို့က (ရှင့်ဂျာ=လေလွင့်နေကြသောလူမျိုး)ဟုခေါ်သောအခါ ပြင်ဆင်ရန်စဉ်းစားလာကြသည်။ ၁၉၅၁ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သော အလယ်သံကျော်မူဆလင်ညီလာခံကူမ ရိုဟင်ဂျာမဟုတ်ဘဲ ဗမာမူဆလင်ကဲ့သို့ ရခိုင်မူဆလင်လူမျိုးဟုခေါ်ဝေါ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရခိုင်လူမျိုးတို့က ငါတို့ရခိုင်တွင် မူဆလင်ဘာသာဝင်မရှိဟု ပြောလာကြသောအခါ ရိုဟင်ဂျာဘက်သို့ ဖောက်ထွက်ရန် ထွက်ပေါက်ရှာလာကြသည်။

၁၉၆၀ ပတ်ဝန်းကျင်တွင်ရိုဟင်ဂျာသတင်းစာ၊၊ ရန်ကုန်တက္ကသိုလ်ရိုဟင်ဂျာကျောင်းသားအသင်းအထိ လှုပ်ရှားလာခဲ့ကြသည်။ ၁၅–၅–၆၁ နေ့တွင် ရိုဟင်ဂျာဘာသာကို မြန်မာ့အသံမှ အသံလွှင့်ခွင့်ရခဲ့ကြသည်။ (ထိုအချိန်က ရခိုင်ဘာသာအသံလွှင့်ခွင့်မရသေးပါ။) မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)စာမျက်နှာ(၉၀)တွင် မောင်တောဘူးသီးတောင်နယ်တွင် ရိုဟင်ဂျာလူမျိုးတစ်မျိုးရှိကြောင်းရေးသားနေရာယူကြသည်။ သို့သော်လည်းသူတို့၏ မူလဇာတိ၊ဆင်းသက်ရာလမ်းကြောင်းယဉ်ကျေးမှုတို့ကိုရေးသားမထားပါ။

မူဂျာဟစ်တို့လက်နက်ချပြီးနောက် ရိုဟင်ဂျာလှုပ်ရှားမှုအနည်းအကျဉ်းရှိနေခဲ့သော်လည်း တော်လှန်ရေးအစိုးရတက်လာသောအခါ မြေပေါ်လှုပ်ရှားမှုများရပ်ဆိုင်းသွားခဲ့သည်။ ဘီအေဇာဖောနှင့် ဒေါက်တာ ယူနိုးစ်တို့က ရိုဟင်ဂျာမြေအောက်လှုပ်ရှားမှုကိုပြုလုပ်ခဲ့ကြသည်။ယခုအခါအဖွဲ့(၃)ဖွဲ့ပင် ကွဲနေကြောင်းသိရသည်။

၁၉၆၀ ကျော်ပတ်ဝန်းကျင်က အရှေ့ပါကစ္စတန်တွင် ကြေညာချက်တစ်ခုထွက်ပေါ်ခဲ့သည်။ ယင်းမှာ "ငါတို့နိုင်ငံတွင်ထမင်းငတ်ကြသည်၊ တစ်ဖက်နိုင်ငံတွင် ထမင်းရော၊မိန်းမများပါပေါများသည်၊မင်းတို့သွား၍ အမျိုးသမီးများကိုလက်ထပ်ပြီး အစ္စလာမ်ဘာသာဝင်အောင်စည်းရုံးကြ " ဟူ၍ဖြစ်သည်။

၁၉၇၃ ခု၊သန်းခေါင်စာရင်းကောက်ယူရာတွင် လူမျိုးနေရာတွင် ဘင်္ဂလီဟူ၍ထည့်ကြသော်လည်း ၁၉၈၃ ခုနှစ်တွင် ရိုဟင်ဂျာမထည့်လျှင် စာရင်းကောက်မခံဟုကန့်ကွက်ခဲ့ကြသည်။ ၁၉၇၈ ခုနဂါးမင်းစစ်ဆင်ရေးအရ

***နောက်ဆက်တွဲ ၂(ဂ)၆***

နိုင်ငံခြားသားများကို စစ်ဆေးခဲ့ရာတွင် မောင်တောမြို့မှ လူဦးရေစာရင်းအရ ၇၈၉၂၃ ဦးထွက်ပြေးသွားသော်လည်း ပြန်ဝင်လာသူမှာ ၁၀၉၆၆၇ ဦးဖြစ်သည်။ ထွက်ပြေးကြသူများထဲတွင် မြို၊သက်၊ဒိုင်းနက်၊မရာမာကြီး၊ရခိုင်၊ဟိန္ဒူစသောလူမျိုးတစ်ဦးမျှမပါဝင်ပါ။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် တိုင်းရင်းသားချစ်ကြည်စည်းရုံးညီညွတ်ရေးကို ခုတုံးလုပ်၍ ရခိုင်လူမျိုးဟုအမည်ခံလျက် မြန်မာပြည်အနှံ့များစွာ ဝင်ရောက်သွားခဲ့ကြပြီး စီးပွားဖြစ်ထွန်းနေကြသည်ကို မြို့တိုင်းလိုလိုမှာတွေ့ရသည်။ မြန်မာပြည်အနှံ့မည်မျှလောက်စိမ့်ဝင်၍ စီးပွားဖြစ်ထွန်းနေသည်ကို မောင်တောစာတိုက်သို့ရောက်ရှိနေသော ငွေပို့လွှာများက သက်သေခံလျက်ရှိသည်။

၁၉၇၉ ခုဟင်္သာစီမံချက်နောက်ပိုင်းတွင် မြန်မာပြည်မှ ရခိုင်၊ ဗမာစသော အမျိုးသမီးများကို အိမ်ထောင်ပြုနိုင်လျှင် အိမ်ထောင်ပြုနိုင်သူမူဆလင်အမျိုးသားများအား မူဆလင်ရန်ပုံငွေအဖွဲ့က လက်ထပ်သောအမျိုးသမီး၏ အဆင့်အတန်းအလိုက် ထောက်ပံ့ငွေပေးသည်။ နိုင်ငံ့ဦးဆောင်လူကြီးများလည်းသိရှိကြသည်။ တိုင်းမှူးဗိုလ်မှူးချုပ်စိုးမြင့်က ၁၉၈၃ ခုနှစ်က မေယုရိပ်သာတွင်ကျင်းပသောအစည်းအဝေး၌ပြောကြားခဲ့ပါသည်။

၁၃–၅–၈၈ ခုနေ့က မောင်တောမြို့တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသောကုလားလုပ်ရှားမှုတစ်ခုဖြစ်ပွားခဲ့သည်။ ကုလား ၅၀,၀၀၀ခန့်သည် မောင်တောမြို့ကို အရပ်ရှစ်မျက်နှာမှဝိုင်းပြီး ဟစ်အော်ကြွေးကြော်လျက် မီးရှို့သတ်ဖြတ်ရန် ချီတက်ခဲ့ကြသည်။ လှုပ်ရှားမှုမှာ ည ရှစ်နာရီခွဲမှနောက်တစ်နေ့နံနက် သုံးနာရီခွဲထိကြာသည်။ ဤမျှများပြားသောလူအုပ်ကြီးဟစ်အော်သံကို ကြားရလျှင် မည်ကဲ့သို့ခံစားရမည်ကိုစဉ်းစားကြည့်ပါ။ ကမ္ဘာမြေပြင်ကြီးစောင်းသွားသလားဟုအောက်မေ့ရသည်။ ကုလားတို့သည် သူတို့ဘာသာစကားဖြင့် (ဘုရားသခင်အလိုကျတိုက်ပွဲဝင်ကြ၊မင်းတို့တိုင်းပြည် ငါတို့တိုင်းပြည်ဖြစ်ရမည်) ဟူ၍ဟစ်အော်ကြသည်။ နောက်တစ်နေ့တွင် မောင်တောမြို့ပေါ်၌ မူဆလင်ဘာသာဝင်တစ်ဦးတစ်ယောက်ကိုမျှ မတွေ့မြင်ရပါ။

၂၆–၈–၈၈ နေ့က မောင်တောမြို့နယ်တွင် ဒီမိုကရေစီအရေးအခင်းစတင်ခဲ့သည်။ အုပ်ချုပ်မှုအားနည်းနေသည်ကိုအခွင့်ကောင်းယူ၍ ရခိုင်ရပ်ရွာများကိုဖြိုဖျက်ရန်စီစဉ်ခဲ့ကြသည်။ ရခိုင်လူမျိုးပိုင် လယ်ယာမြေများ၊ ပစ္စည်းကန်များကို ကျူးကျော်ဖျက်ဆီးခဲ့ကြသည်။ယင်းကြောင့် ကုလားဘက်မှခေါင်းဆောင်လေးဦး၊ ရခိုင်ဘက်မှခေါင်းဆောင်လေးဦးတို့သည် ကွင်းဆင်းပြီး ရခိုင်ရပ်ရွာများကို မဖျက်ဆီးရန် လေးရက်တိုင်ကွင်းဆင်းတရားဟောခဲ့ရသည်။

၆–၉–၈၈ နေ့ စစ်တွေမြို့မှ ရှေ့နေ ရွှေမောင်(ကုလား) မောင်တောမှဒေါက်တာထွန်းအောင်(အဒူလောက်)တို့က ရိုဟင်ဂျာလူမျိုးသည် ရှေးပဝေသဏီကပင်ရှိခဲ့သော လူမျိုးဖြစ်ကြောင်းမောင်တော အ–ထ–က ကျောင်းကွင်းလူထုအစည်းအဝေးတွင် ဟောပြောခဲ့ကြသည်။

ဒေါက်တာထွန်းအောင်အိမ်သို့ ကျွန်တော်တို့သွားရောက်ပြီး ခင်ဗျားရိုဟင်ဂျာလူမျိုးလားဟုမေးသောအခါ ဘာမျှပြန်မပြောဘဲပြုံး၍သာနေသည်။ သူ၏အဘမှာမာရမာကြီးအနွယ်၊အမိမှာဘင်္ဂလီလူမျိုး၊ မယားမှာ ရှမ်းမဖြစ်သည်။ ကျောင်းသားလူငယ်များတိုးတက်ရေးအဖွဲ့(မေယု)နိုင်ငံရေးပါတီ(တံစဉ်တံဆိပ်) အတွက် ဒေါက်တာထွန်းအောင်အနေဖြင့် ရုပ်မြင်သံကြားမှ မဲဆွယ်တရားဟောရာတွင်ရိုဟင်ဂျာဝတ်စုံတီထွင်၍ဝတ်ခဲ့သည်။

သို့သော်လည်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ် ရွေးကောက်ပွဲတွင်ရိုဟင်ဂျာအမည်ခံသောနိုင်ငံရေးပါတီများ(တံစဉ်နှင့်စာတိုက်ပုံး)ရှုံးနိမ့်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် တစ်ဖန် ကုလားများဘင်္ဂလားဒေ့ရှ်သို့ထွက်ပြေးကြသည်။ တခြားတိုင်းရင်းသားတစ်ဦး

***နောက်ဆက်တွဲ ၂(ဂ)၇***

တစ်ယောက်မျှ မပါဝင်ပါ။ နှစ်ကြိမ်တိုင်တိုင်ထွက်ပြေးကြသည်။ သူတို့လူမျိုးချည်းဘာကြောင့်ထွက်ပြေးသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။

ကျွန်တော်သည် လူမျိုးတစ်မျိုးအား နစ်နာစေလို၍ ၊အခွင့်အရေးကိုပိတ်ပင်စေလို၍ရေးသားခြင်းမျိုးမဟုတ်ပါ။ အခွင့်အရေးကိုပိတ်ပင်၍လည်းမရစကောင်းပါ။ ကိုယ်တွေ့မျက်မြင်ရှိနေကြသူများကို လိမ်ညာပြီး အခွင့်အရေးတောင်းခံနေမှုအပေါ် အဖြစ်မှန်ကို တင်ပြခြင်းသာဖြစ်သည်။

မယုံကြည်နိုင်လောက်အောင်ဆိုးဝါးလှသော လူဝင်မှုပြဿနာကို မြန်မာပြည်က အရာရှိများအတိအကျ မသိရှိခဲ့၍ ရပ်ရွာချပေးပြီး တာဝန်မဲ့စွာဆောင်ရွက်ခဲ့မှုကြောင့် ဤအခြေအနေထိ ဆိုးဝါးလာခြင်းဖြစ်သည်။

ဆူးလေကုန်းရွာ(ကျောက်ဆည်)ကို ကျွန်တော်ရောက်ဖူးပါသည်။ မူဆလင်ဘာသာဝင်များနေထိုင်ကြသော်လည်း ဗမာလိုဝတ်၊ ဗမာလိုစာတတ်ကြသည်။ ကမန်လူမျိုးသည် ရခိုင်ယဉ်ကျေးမှုနှင့်တူညီအောင် နေထိုင်တတ်ကြပြီး ကိုးကွယ်မှု ဘာသာကွဲပြားသည်။ ယခုရိုဟင်ဂျာဆိုသူတို့မှာ ဗမာစကား၊ရခိုင်စကားမပြောတတ်၊ နားမလည်၊ ဝတ်စားဆင်ယဉ်မှု၊ယဉ်ကျေးမှုတို့မှာ သူတို့၏ အခြေအနေကို အမှန်အတိုင်းဖော်ပြနေခြင်းသာ ဖြစ်သည်ဟု ကျွန်တော်သဘောပေါက်မိသည်။

သူတို့ကိုယ်တိုင်စကားပြောသောအခါ (ငါတို့ဗမာမှာ ၊ငါတို့ရခိုင်မှာ) ဟူ၍ သုံးနှုန်းကြသကဲ့သို့ " ငါတို့ဘင်္ဂလီမှာ " ဟူ၍သုံးနေကြဆဲပင်ဖြစ်သည်။

အရေးတကြီးမှတ်သားရန်မှာ –" ရိုဟင်ဂျာသည် ရခိုင်ဘုရင်တို့လက်ထက်ကပင်ရှိနှင့်ခဲ့သောလူမျိုးဖြစ်ပြီး၊ ဘင်္ဂလီမှာအင်္ဂလိပ်ခေတ်ကျမှ ဝင်ရောက်လာခဲ့ကြသောလူမျိုးဖြစ်သည် " ဟု ခွဲခြားမသတ်မှတ်ရန်ဖြစ်သည်။ ပို၍စုံလင်အောင် သိရှိလိုလျှင် မောင်တောမြို့သို့ အလည်လာရန် ဖိတ်ခေါ်ပါသည်။ လူမျိုးတစ်မျိုး၏သမိုင်းသည် မှားလျှင်နစ်နာနိုင်သည်။

ယင်းကြောင့် ရိုဟင်ဂျာဟူသည် ယခင်က မရှိခဲ့ပါ။ နောက်မှပေါက်သောရာသီပင်သာဖြစ်သည်။ သူတို့ပြောကြသည်မှာလည်း မုသားပြောကြခြင်းသာဖြစ်သည်။ အိန္ဒိယပညာရှင် တစ်ဦးက လူသည် စကားပြောတတ်သဖြင့် မုသားလည်းပြောသည်။ မြေကြီးကား မုသားမပြောဟုအဆိုရှိခဲ့သည်။ ကျွန်တော့်ရေးသားချက်နှင့် သူတို့လည်း ပြောကြသည်ဟု ဒေါက်တာသန်းထွန်းရေးသားသောအချက်ကို ဖြည့်စွက်နိုင်ရန်အတွက် မြေကြီးကိုလည်း မေးကြည့်စေလိုပါသည်။

ဒေါက်တာသန်းထွန်းရေးသားချက်ကို မြန်မာပြည်ရှိ လူများက ဖတ်ရှုနိုင်ကြပါသည်။ ကိုးကားကြပါလိမ့်မည်။ ကျွန်တော်တို့၏ ရေးသားချက်ကိုကားဖတ်ရှုခွင့်ရမည်မဟုတ်ပါ။ ယင်းကြောင့်အဖြစ်မှန်ကို မသိကြသော တိုင်းရင်းသူများနစ်နာကြရသည်မှာ များစွာပင်ရှိပါကြောင်းတင်ပြလိုပါသည်။ ရခိုင်ဟုထင်မှတ်၍တိုင်းရင်းသားအချင်းချင်းဆိုကာ လိုက်လာပြီးမှ အိမ်သို့ရောက်လျှင် အပြင်မထွက်ရ၊ ထွက်လျှင် ခြုံလွှာခြုံ၍ထွက်ရခြင်း၊ ငါးပိမစား၊ချဉ်မစား၊ ဝက်မစားရဘဲ ယောကျာ်းမိန်းမ တန်းတူအခွင့်အရေးမရကြသဖြင့် ဝမ်းနည်းပက်လက်ဖြင့် ငိုယိုနေကြသူတိုင်းရင်းသူများကိုလည်း ကျွန်တော်တို့ပြန်လွှတ်ပေးဖူးကြပါပြီ။ ယင်းကြောင့်ဒေါက်တာသန်းထွန်းသို့ တိုက်တွန်းလိုသည်မှာ သမိုင်းတာဝန်တစ်ခုလိပ်ခဲတည်းလည်းမကျန်ရအောင် ကွင်းဆင်းလေ့လာသုတေသနပြုပြီး အဖြစ်မှန်ကိုပြန်လည်တင်ပြစေချင်ပါသည်။ သို့မဟုတ်ပါက သမိုင်းကြွေးတင်ကျန်ခဲ့ပါလိမ့်မည်။

**နောက်ဆက်တွဲ ၂(က)၈**

မောင်တောမြို့နယ်ရှိကျေးရွာများအမည်စာရင်းကိုမြို့နယ်မြေပုံနှင့်ပူးတွဲ၍ အောက်တွင်ဖော်ပြအပ်ပါသည်။

**၁၉၄၂ ခုနှစ် မတိုင်မီက မောင်တောမြို့နယ်အတွင်း တည်ရှိခဲ့သော ရခိုင်ရပ်ရွာများ–**

၁။ အထက်ဘော်တလာ
၂။ အောက်ဘော်တလာ
၃။ အင်တူလာ
၄။ ကာလာရွာ
၅။ ဒိုင်းပိုင်ရွာ
၆။ ဒိုးကျော်ဘရွာ
၇။ သင်္ကေပြင်(ယခုအောင်သပြေ)
၈။ ဂိုချိုင်
၉။ ရဲဘောက်ကျာ
၁၀။ ရဲဘော်ဦးရွာ
၁၁။ ရွှေချမ်းအောင်ရွာ
၁၂။ အတွင်းကြောင်နဖေ
၁၃။ ရွှေလှရွာ
၁၄။ ထန်းချောင်း
၁၅။ လမုံကိုင်း
၁၆။ စံထွန်းဦးရွာ
၁၇။ ခမောင်းဆိပ်
၁၈။ ထွီးဖြူရွာ
၁၉။ မီးကျောင်းခေါင်း
၂၀။ ငရုံ့ချောင်း
၂၁။ ချဒိုးရှီရွာ
၂၂။ မြကျော်ရွာ
၂၃။ စေတီပြင်သက်ရွာ
၂၄။ စေတီပြင်သက်ရွာ
၂၅။ ကြောင်တိုးရွာ
၂၆။ သလူတောင်
၂၇။ အတွင်းသလူတောင်
၂၈။ ဒလာရွာ
၂၉။ ပြုစုကောင်းရွာ
၃၀။ လှိုင်သီ( သက်ရွာ)
၃၁။ သစ်တုံးနားရွာ
၃၂။ ကုလားပုန်း(အပြင်)
၃၃။ ကုလားပုန်းအတွင်း
၃၄။ မှိုင်းစရီ
၃၅။ ဖားအောက်ရွာ(ဖောင်ဆိပ်)
၃၆။ အပြင်ရေနောက်ငါးသား
၃၇။ အတွင်းရေနောက်ငါးသား
၃၈။ အင်္ဂါဖရွာ
၃၉။ ရီချမ်းချောင်း
၄၀။ ရွှေဒိုင်
၄၁။ တပ်ချောင်း
၄၂။ ဒုံးညိုရွာ
၄၃။ သာသြအောင်ဖရွာသစ်
၄၄။ ကာလာဒေးဖ(ညံအင်း)
၄၅။ သဲနီ
၄၆။ ဆတ်ရိုးကျ
၄၇။ လောင်းပုတ်
၄၈။ ဝက်ကျိန်း
၄၉။ ရီးဒါး
၅၀။ ဟသ်ာရတရိန်း
၅၁။ အင်းချောင်းရွာ
၅၂။ လပေါ်ရွာ
၅၃။ ပန်းတိုင်ရွာ
၅၄။ မောင်ရွှေဇံရွာ
၅၅။ မိမင်းသားဖရွာ
၅၆။ တောင်ပုတ်ရွာ
၅၇။ ဝေလာဖောင်တုံးချောင်း
၅၈။ ရဲရုပ်ရွာ
၅၉။ ကျောက်ပြင်လှ
၆၀။ ဖက်ဝန်းချောင်း
၆၁။ ဂါရာပြင်
၆၂။ ကျွဲသပေါက်

**နောက်ဆက်တွဲ ၂(က)၉**

၆၃။ ဝကျိန်းသျှေ
၆၄။ စံကားပင်ရင်း
၆၅။ စိုင့်တောပြင်
၆၆။ ငဖြူချောင်း
၆၇။ ကျောက်တန်း
၆၈။ နတ်ကျောက်
၆၉။ ပြိုင်းချောင်း
၇၀။ ကြင်ဖော်
၇၁။ ကတုံကျွန်း(မင်းကြီးရွာ)
၇၂။ တောင်ပြို
၇၃။ အောင်လှဖြူရွာ
၇၄။ ကွမ်းသီးပင်
၇၅။ သဘော်လှ
၇၆။ မီးတိုက်
၇၇။ ရဲအောင်ချောင်း
၇၈။ နံ့သာတောင်
၇၉။ ကျွန်းတောင်
၈၀။ ဂေါ်တူရ
၈၁။ ကျော်ထွီးရွာ
၈၂။ ဂေါ်တူသာရသဲချောင်း
၈၃။ ဆင်အိုး
၈၄။ နပျိုးချောင်း
၈၅။ ကျွန်းပေါက်
၈၆။ ထန်းချောင်း
၈၇။ ပြားရွာ
၈၈။ ကျောက်ချောင်းကြီး
၈၉။ ကျောက်ချောင်းသျှေ
၉၀။ ငစံဘော်
၉၁။ ကန့်ဒရဲ
၉၂။ အထက်ပြူးမ
၉၃။ ဘောလီစီး
၉၄။ ဖောက်ကျီတောင်
၉၅။ ဂြစ်ချောင်း(အောက်ရွာ)
၉၆။ ဂြစ်ချောင်း(အထက်ရွာ)
၉၇။ ဆင်သီပြင်အထက်
၉၈။ ဆင်သီပြင်အောက်
၉၉။ ဆင်သီပြင်အလယ်
၁၀၀။ လောင်းတုံစေတီပြင်
၁၀၁။ ဖန်မြောင်
၁၀၂။ ပြောင်ပစ်
၁၀၃။ ဟန်ဇားမ
၁၀၄။ ငါးစားကြူး
၁၀၅။ အောက်ပြူးမ
၁၀၆။ ငါးခူရတောင်ရွာ
၁၀၇။ ငါးခူရချောင်းဝရွာ
၁၀၈။ ယောင်ဗွိရွာ(မြို့သစ်)
၁၀၉။ စံပေပင်ရင်း
၁၁၀။ ခြံပြင်
၁၁၁။ ကျားခေါင်းထောင်
၁၁၂။ ပီယေရွာ
၁၁၃။ ရေမျက်တောင်
၁၁၄။ ကပ်ပကောင်း
၁၁၅။ မောင်လုံခလော
၁၁၆။ ကြက်ရိုးပြင်
၁၁၇။ ငန်းချောင်း
၁၁၈။ ပွင့်ဖြူချောင်းရွာကြီး
၁၁၉။ ပွင့်ဖြူချောင်းရွာချေ
၁၂၀။ ချစ်စံဘရွာ
၁၂၁။ ဖားဝပ်ချောင်း
၁၂၂။ နေပူခံရွာ
၁၂၃။ မောင်နှမသဲချောင်း
၁၂၄။ ချောင်းခြောက်
၁၂၅။ သရက်အုပ်ရွာကြီး
၁၂၆။ ငတိုးရွာ
၁၂၇။ ရွက်ညိုတောင်
၁၂၈။ ရီခပ်ချောင်း
၁၂၉။ တောင်ဖီလာ
၁၃၀။ ပြင်ဖြူချောင်း

နောက်ဆက်တွဲ ၂(ဂ)၁၀

၁၂၁။ ဒက်ရွာ
၁၂၂။ ဒိုးတန်းသာစည်ကုန်း
၁၂၃။ ပုဏ္ဏားဆိပ်
၁၂၄။ ရွာသစ်ကေ
၁၂၅။ ကန်းကျင်ချောင်း
၁၂၆။ ကယုချောင်းသျှေ
၁၂၇။ မင်္ဂလာရွာကြီးစီးရွာ
၁၂၈။ သင်္ဘောပြင်ရွာ
၁၂၉။ ဝပိတ်ရွာ
၁၄၀။ ကျောက်ချောင်း
၁၄၁။ ဒါးကြီးဇားး
၁၄၂။ ကန့်ပြင်
၁၄၃။ ကျောက်ပြင်ဆိပ်
၁၄၄။ ကျောက်လှေကား
၁၄၅။ ပန်းတောပြင်
၁၄၆။ စပ်ချကုန်း
၁၄၇။ မောင်ဦးရွာ
၁၄၈။ သဲဖြူကျွန်း
၁၄၉။ မှင်ကျိုးချောင်း
၁၅၀။ ရီဖုံးပြင်
၁၅၁။ အခေါင်းပေါက်ရွာ
၁၅၂။ ခွဆုံပြင်
၁၅၃။ သစ်ပုတ်ချောင်း
၁၅၄။ ကင်းချောင်း
၁၅၅။ အတွင်းကင်းချောင်း
၁၅၆။ ကန်ပြင်သာစည်
၁၅၇။ ကျီးကန်းဖြူ
၁၅၈။ မော်ဝင်ရွာ
၁၅၉။ ဂြင်းချောင်း
၁၆၀။ လင်းဘာကုန်း
၁၆၁။ ကိုင်းကြီး
၁၆၂။ ဇောမတတ်
၁၆၃။ အပေါက်ဝ
၁၆၄။ ချီးဇားရွာ
၁၆၅။ လာလီရွာ
၁၆၆။ စိန်ပန်းရွာ
၁၆၇။ တုံးချောင်းအောက်
၁၆၈။ တုံးချောင်းအထက်
၁၆၉။ ကာတိရွာ
၁၇၀။ အုန်းပင်ရင်းရွာ
၁၇၁။ ဒိုးတန်း
၁၇၂။ ကညင်တန်း
၁၇၃။ အလယ်သံကျော်ရွာဟောင်း
၁၇၄။ အလယ်သံကျော်ရွာသစ်
၁၇၅။ ကြိမ်ချောင်း
၁၇၆။ ကံပူး
၁၇၇။ ဥဒေါင်း
၁၇၈။ သင်္ဂနက်
၁၇၉။ တပ်တိုးပြင်
၁၈၀။ ကျောင်းတောင်
၁၈၁။ မြင်းလွှတ်ချောင်းသားရွာ
၁၈၂။ မြို့ချောင်းရွာ
၁၈၃။ ရှောက်ကိုင်းရွာ
၁၈၄။ ကျောက်ပန်းတူ
၁၈၅။ ဇောမိကုန်း
၁၈၆။ ချဒိုးရှီဘာရွာ
၁၈၇။ ရွှေမောင်ရွာ
၁၈၈။ အတွင်းပြင်
၁၈၉။ ကြိမ်တန်းချောင်း
၁၉၀။ အင်းတင်ရွာကြီး
၁၉၁။ အင်တင်ရွာ
၁၉၂။ အင်းတင်ရွာသျှေ
၁၉၃။ သဝင်ချောင်း
၁၉၄။ သလူချောင်း
၁၉၅။ တမန်းသား

***နောက်ဆက်တွဲ ၂(ဂ)၁၀***

***မောင်တောမြို့နယ်လက်ရှိ ဗုဒ္ဓဘာသာတိုင်းရင်းသားကျေးရွာများ(၁၉၉၂)***

၁။ အင်းဒင်
၂။ ပဲရုံ(နတလရွာသစ်)
၃။ အလယ်သံကျော်
၄။ မောရဝတီ(နတလရွာသစ်)
၅။ ကိုင်းကြီး
၆။ တုံးချောင်း
၇။ ဖောခိကုန်း
၈။ အလယ်ရွာ
၉။ ကံသာယာ
၁၀။ ကံပြင်သာစည်
၁၁။ ရွာသာယာ
၁၂။ သစ်တောရွာ
၁၃။ မကျည်းကုန်း
၁၄။ ငွေတောင်
၁၅။ ပြားသားရွာ
၁၆။ အောင်ဗလ
၁၇။ ကညင်ချောင်း
၁၈။ အောင်မင်္ဂလာ(နတလရွာသစ်)
၁၉။ သရက်အုပ်
၂၀။ ပီယေရွာ
၂၁။ ခြံပြင်
၂၂။ ရွက်ညို
၂၃။ စံပေပင်ရင်း
၂၄။ ငါးခူရ
၂၅။ ယောင်ဘူရွာ(မြို့သစ်)
၂၆။ အောက်ပြူးမ
၂၇။ အထက်ပြူးမ
၂၈။ ကြိမ်ချောင်း
၂၉။ ရန်အောင်ပြင်(နတလရွာသစ်)
၃၀။ မင်းကြီးရွာ
၃၁။ တမန်းသား
၃၂။ မင်္ဂလာညွန့်(နတလရွာသစ်)
၃၃။ မင်းခမောင်း (နတလရွာသစ်)
၃၄။ ဝေလာတောင်
၃၅။ အောင်သပြေ
၃၆။ ရွှေဒိုင်
၃၇။ ရီချမ်းချောင်း
၃၈။ တပ်ချောင်း
၃၉။ ကပ်ပကောင်း
၄၀။ တောင်ပြို
၄၁။ သဘော်လှ
၄၂။ မီးတိုက်
၄၃။ နံသာတောင်
၄၄။ သာယာကုန်း
၄၅။ ရေနောက်ငါးသား
၄၆။ တရိန်း

# အခန်း(၆) ဝေဖန်စာ

ဖော်မင်းထွဋ်သည် အခန်း(၆)၌ ဝေသာလီအာနန္ဒစန္ဒြကျောက်စာကို ကိုးကား၍ သက္ကဋ္ဌဝေါဟာရအချို့ကို ရိုဟင်ဂျာဘာသာစကားနှင့်နီးစပ်ကြောင်း သက်သေထူခဲ့သော်လည်း ကိုယ့်ရှူးကိုယ်ပတ်ဖြစ်ကာ အလိမ်ပေါ်ခဲ့ပုံကိုအခန်း(၂) ဝေဖန်စဉ်၌တင်ပြခဲ့သည်။ ထို့ပြင်၄င်းကျောက်စာနှင့်ချိတ်ဆက်ပြီး “ ရိုဟင်ဂျာစာပေ ” ဟူ၍ရှိခဲ့လေဟန် တင်ပြခဲ့သော်လည်း ဒေါက်တာကနင်ဂိုနှင့် ဒေါက်တာဂျက်လိုက်ဒါတို့က ဘင်္ဂါလီစာပေဟူ၍သာဆိုကြသော ကြောင့် “ ရိုဟင်ဂျာစာပေ ” မဖြစ်ပဲ၊ “ ဘင်္ဂါလီစာပေသာဖြစ်ကြောင်းကိုလည်းစာရှုသူတို့အခန်း(၂)ဝေဖန်စဉ်ဖတ်ရှုခဲ့ကြပြီး ဖြစ်ပါသည်။ယခုအခန်း(၆)တွင် လက်ကျန်အလိမ်အလှည့်များဖြစ်သော“နယ်ချဲ့ဆန့်ကျင်ရေးတွင်ရိုဟင်ဂျာအမျိုးသားတို့ပါဝင်ခြင်း” ခေါင်းစဉ်ငယ်၊ “စစ်တွင်းကာလနှင့် ၁၉၄၂ ခုနှစ်လူမျိုးရေးအရေးအခင်း” ခေါင်းစဉ်ငယ်နှင့် ၊ “မူဂျာဟစ်လှုပ်ရှားမှုပေါ်ပေါက်လာခြင်း”တို့ကိုစိစစ်တင်ပြသွားပါမည်။

## <u>ရခိုင်ပြည်ရှိမူဆလင်အားလုံးကိုရိုဟင်ဂျာအသွင်ပြောင်းလိုက်ပုံ</u>

ဖော်မင်းထွဋ်က “ မြန်မာ့သမိုင်းတွင်ရိုဟင်ဂျာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှုကဏ္ဍကို မေးမှိန်စွာတွေ့မြင်နေရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ဂဃနဏ လေ့လာပါက ရိုဟင်ဂျာတို့၏နယ်ချဲ့ဆန့်ကျင်မှု၌ပါဝင်ခြင်းသည်မသေးသိမ်လှပေ။”ဟု၍နိဒါန်းချီလိုက်သည်။ထို့နောက်ဆက်လက်၍“အမျိုးသားပညာရေး ဘက်တွင် စစ်တွေမြို့အမျိုးသားအထက်တန်းကျောင်း၏ ကျောင်း အုပ်ဆရာ ကြီးမှာရိုဟင်ဂျာအမျိုးသား ဦးဇိုင်နောဒ္ဒိန်ဖြစ်ပါသည်။”ဟုဆိုလိုက်သည်။ဤမျှနှင့်မရပ်သေးပဲ“သံတွဲမြို့ မှရိုဟင်ဂျာလူမျိုးများဖြစ်ကြသော သီရိပျံချီဦးဘစိန်၊ဦးဘရှင် (B.S.C. ပထမကျောင်းသားသပိတ်ခေါင်းဆောင်) နှင့်ဦးထွန်းစိန် (B.S.C,B.L ပထမတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ)”ဟူ၍ဆိုပြန်သည်။စင်စစ်၄င်းပုဂ္ဂိုလ်တို့မှာ သံတွဲမှမြေဒူးမူဆလင်များသာဖြစ်လေသည်။သံတွဲသားမူဆလင်တို့သည် ဘိုးတော်ဘုရားလက်ထက် မြေဒူးမှခေါ်ယူလာသော မြန်မာစကားသာပြောတတ်သည့်မူဆလင်များဖြစ်ကြသည်။“ရိုဟင်ဂျာ”အမည်ခံသူတို့ပြောသောစစ်တကောင်းသားဘင်္ဂလီစကားမျိုးကိုနားမလည်ကြချေ။ထို့ပြင်ဗြိတိသျှခေတ်၌“ရိုဟင်ဂျာ”ဟူသောမူဆလင်လူမျိုးဟူ၍မရှိသေးသောကြောင့်စစ်တွေမြို့မှအမျိုးသားကျောင်းအုပ်ဆရာကြီး ဇိန်နော်ဒ္ဒိန်နှင့် သံတွဲမှမြေဒူးမူဆလင်တို့အား“ရိုဟင်ဂျာအမျိုးသားများ”ဟုဆိုလိုက်ခြင်းမှာလိမ်ညာမှုသာဖြစ်ပေသည်။

ထို့နောက် သူက စစ်တွေမြို့သားတိုင်းသိကြသော အစ္စလာမ်ဘာသာဝင်ကမန်လူမျိုးရှေ့နေကြီးဦးဖိုးခိုင်နှင့်သမီးဒေါ်အေးညွန့်တို့ကိုလည်း“ရိုဟင်ဂျာတိုင်းချစ်ပြည်ချစ်များ”ဟူ၍“ရိုဟင်ဂျာ”တံဆိပ်ခပ်နှိပ်လိုင်ခြင်းမှာလည်းကမန်လူမျိုးကိုအသိအမှတ်မပြုခြင်းပင်ဖြစ်သည်။ကွယ်လွန်သူရှေ့နေကြီးဦးဖိုးခိုင်သည်ကမန်လူမျိုးအဖြစ်မှ“ရိုဟင်ဂျာ” လူမျိုးသစ်အဖြစ်ခံယူလိုလိမ့်မည်ဟုမထင်မိပါ။အကြောင်းမှာကမန်တို့သည်မြောက်ဦးခေတ်စန္ဒသုဓမ္မမင်းလက်ထက်ကပင် မဂိုမင်းသားရှာရှုဂျာနှင့်အတူရခိုင်ပြည်သို့ရောက်လာသောဘုရင့်လေးသည်တော်မူဆလင်များဖြစ်၍ ဗြိတိသျှခေတ်နှင့်စစ်ပြီးခေတ်၌မတရားဝင်လာသူ““ရိုဟင်ဂျာ”အမည်ခံစစ်တကောင်းသားတို့နှင့်ရောနှောလိုမည်မဟုတ်ချေ။ဦးဖိုးခိုင်သည် စစ်တကောင်းသားဘင်္ဂလီစကားမပြောတတ်သောကြောင့်ဘူးသီးတောင်မဲဆန္ဒနယ်၌ရွေးကောက်ပွဲဝင်သောအခါဘင်္ဂလီစကားပြောသူမဲဆန္ဒရှင်မူဆလင်များထံမှ မဲမရပဲအမြဲရှုံးနိမ့်ခဲ့လေသည်။

## <u>၁၉၄၂–ခုလူမျိုးရေးအဓိကရုဏ်းဖြစ်ရခြင်းအကြောင်း</u>

ဖော်မင်းထွဋ်က ဤအခန်း(၆)၌ “စစ်အတွင်းကလနှင့် ၁၉၄၂–ခုနှစ်လူမျိုးရေးအရေးအခင်း”ဟူသောခေါင်းစဉ်ငယ်နှင့်တင်ပြသောအခါ“–––မူဆလင် ရခိုင်အဓိကရုဏ်းကြောင့် ဖြစ်ပျက်ခဲ့လေသမျှ နိုင်ငံရေး၊လူမျိုးရေးနှင့်ဆက်နွယ်နေပါသဖြင့်ရေးသားတင်ပြသူများဘက်တွင် ချဲ့ကားမှုများ၊ဘက်လိုက်မှုမရှိဘဲ၊အသင့်တော်ဆုံးပုံစံဖြင့် တင်ပြရန်

" လိုအပ်ပေသည် " ဟူ၍ရေးခဲ့သည်။ သို့သော်ဇော်မင်းထွဋ်သည်အပြောနှင့်အလုပ်မညီပဲသူ့တင်ပြချက်များ၌ လိမ်ညာမှုများနှင့်တင်းကြမ်းပြည့်နေသည်။ အမှန်အတိုင်းတင်ပြချက်မှာမပြောစလောက်သာတွေ့ရသည်။

ယခု ၁၉၄၂ ခုနှစ် ရခိုင်ကုလားအဓိကရုဏ်းဖြစ်ရသည့်အကြောင်းရင်းများကိုတင်ပြသောအခါ အခြေခံကျသောအကြောင်းရင်းများကို လျစ်လျူရှု၍ အဓိကရုဏ်းမီးကို ရခိုင်တို့ကစတင်ရှို့ခဲ့လေဟန်စွပ်စွဲထားလေသည်။ သူက " --- အိန္ဒိယလူမျိုးပေါင်းစုံတို့သည်--- တောင်ကုတ်လမ်းကိုဖြတ်ကျော်ပြီး ရခိုင်ပြည်မှတဆင့် ကုန်းကြောင်း၊ ရေကြောင်းဖြင့် ဘင်္ဂလားသို့ထွက်ပြေးခဲ့ကြသည်။ ဤအချိန်ကာလတွင် ရခိုင်ပြည်မြို့ကြီးများ၌မင်းမဲ့စရိုက်လွှမ်းမိုးခဲ့သည်။ လုယက်မှုတိုက်ခိုက်မှုများ၊လူသတ်မှုများနေရာအနှံ့ပျံ့နှံ့သွားသည်။ ရခိုင်လူဦးရေများသောဒေသများတွင် အယူသီးသော ရခိုင်လူငယ်များက ဦးဆောင် ဆောင်ရွက်ခြင်းဖြစ်သည်။ (စာ-၆၃)--- ၁၉၄၂ ခုနှစ် မတ်လခန့်က မူဆလင်ရခိုင်အဓိကရုဏ်းမြေပုံမြို့နယ်ရက်ချောင်း၊ပန်ခါးပိုင်းနှင့်မင်းပြားမြို့နယ်ပန်းမြောင်းကြီးမြို့တို့မှစတင်ဖြစ်ပွားခဲ့ကြောင်းသိရသည်။ " (စာ ၆၄)

ဇော်မင်းထွဋ်၏အထက်တင်ပြချက်ကိုသုံးသပ်ကြည့်လျှင်၊ ဒုတိယကမ္ဘာစစ်ကြောင့် ရခိုင်ပြည်၌ မင်းမဲ့စရိုက်လွှမ်းမိုးပြီး လူမျိုးရေးအဓိကရုဏ်းဖြစ်အောင်အယူသီး ရခိုင်လူငယ်များက ဖန်တီးခဲ့သည်ဟုစွပ်စွဲလိုက်ခြင်းဖြစ်သည်။ ထိုစွပ်စွဲချက်သည် စစ်ကြီးမတိုင်မီက ရှိနေခဲ့သော ရခိုင်နှင့်စစ်တကောင်းသားမူဆလင်တို့ကြား မုန်းတီးတင်းမာမှုအခြေအနေမှန်ကိုနားမလည်ရာရောက်လေသည်။ အဓိကရုဏ်းဖြစ်ရခြင်း၏အဓိကအခြေခံအကြောင်းတရားမှာ ဗြိတိသျှတို့က စစ်တကောင်းသားမူဆလင်တို့အား တံခါးမရှိဒါးမရှိဝင်ခွင့်ပြုခဲ့သောကြောင့်ဖြစ်ခဲ့လေသည်။ မူဆလင်ဦးရေဒလဟောတိုးလာ၍ဖြစ်သည်။ မူဆလင်ဦးရေဒီရေအလားတိုးလာမှုကို မထိန်းချုပ်လျှင်အနာဂါတ်၌ လူမျိုးရေးအဓိကရုဏ်းဖြစ်မည်ဟု စီးပွားရေးပါရဂူ ဂျိမ်းဘတ်စတာ ( **Jame Baxter** )ခေါင်းဆောင်သောစုံစမ်းရေးကော်မရှင်က ၁၉၃၉ ခုကပင် အစီရင်ခံခဲ့ပြီးဖြစ်သည်။ ဤကိစ္စကို အခန်း(၄)ဝေဖန်စာ၌ စာရှုသူတို့ဖတ်ရှုသိရှိခဲ့ကြပါပြီ။

သုတေသီမိုရှေးယေဂါကလည်း ဗြိတိသျှခေတ်၌ အိန္ဒိယနိုင်ငံသားများရောက်လာ၍ မြန်မာမူဆလင်ကပြား (ဇာဗန်ဒီ) များ မြန်မာ ဗုဒ္ဓဘာသာတို့ကြား၌ အင်အားစုတစ်ခုဖြစ်လာ၍မြန်မာတို့မနှစ်မြို့ပုံ၊ တင်းမာမှုဖြစ်လာပုံ၊ ဗုဒ္ဓဘာသာကိုစော်ကားထားသော မောင်ရွှေဖီခေါ်မူဆလင်တစ်ဦး၏စာအုပ်ကြောင့် ၁၉၃၈ ခုဇူလိုင်လ၌ မူဆလင်ဆန့်ကျင်ရေးဆူပူမှုဖြစ်ပုံ၊ မူဆလင်ဆန့်ကျင်ရေးလူထုအစည်းအဝေးကြီးကို ရွှေတိဂုံဘုရား၌ကျင်းပပုံ၊ ဆူပူငြိမ်ဝပ်အောင် အစိုးရထိန်းချုပ်နေသည့်ကြားက မူဆလင်ဆန့်ကျင်ရေး အုံကြွမှုများရန်ကုန်မြို့တော်၌ဆက်လက်ဖြစ်ပွါးပုံ၊ရေနံချောင်း၊မန္တလေး၊စစ်ကိုင်း၊ ရွှေဘိုမြို့များသို့ကူးစက်သွားပုံ၊ အစိုးရက စုံစမ်းရေးကော်မရှင်ဖွဲ့၍ စုံစမ်းခိုင်းပုံ၊ ကော်မတီက မောင်ရွှေဖီစာအုပ်သည် ဆူပူမှု၏ ရုတ်တရက်အကြောင်းရင်းဖြစ်သော်လည်း၊အခြေခံအကြောင်းရင်းမှာ ယင်းမတိုင်မီကပင်ဖြစ်တည်နေခဲ့သော စီးပွားရေး၊ နိုင်ငံရေး၊လူမှုရေးအကြောင်းများကြောင့်သာဖြစ်ကြောင်း၊ ဘာသာရေးကြောင့်မဟုတ်ကြောင်းအထူးသဖြင့် အောက်မြန်မာနိုင်ငံ၌ အန္ဒိယနိုင်ငံသားများအဆက်မပြတ်ဝင်ရောက်နေမှုကို မြန်မာတို့ စိုးရိမ်၍ဖြစ်ကြောင်း စုံစမ်းတွေ့ရှိပုံ၊ ထိုတွေ့ရှိချက်များကို အခြေခံ၍ ဂျိမ်းဘတ်စ်တာခေါင်းဆောင်သော ကော်မတီကဆက်လက်စုံစမ်းရာ အိန္ဒိယနိုင်ငံသားများ မြန်မာသို့၊ဝင်ရောက်မှုထိန်းချုပ်သင့်ကြောင်းတင်ပြ၍ ဥပဒေတစ်ခုကို ၁၉၄၁ ခုတွင် အတည်ပြုခဲ့ပုံ၊သို့သော် ဥပဒေအကောင်အထည်မပေါ်မီ မြန်မာနိုင်ငံကို ဂျပန်တို့သိမ်းပိုက်ခဲ့ပုံတို့ကို သုတေသနပြုတင်ပြခဲ့သည်။ (စာ-၃၅-၃၉)

ဂျိမ်းဘတ်စ်တာ၏ ရခိုင်ပြည်နှင့်ပတ်သက်သော ၁၉၃၉ ခု အစီရင်ခံစာ၊ မြန်မာပြည်မနှင့်ပတ်သက်သော ၁၉၄၁ ခု အစီရင်ခံစာတို့ကို သုံးသပ်ကြည့်လျှင် အိန္ဒိယမှ မြန်မာနိုင်ငံသို့ အဆက်မပြတ်ဝင်ရောက်လာသော ဧည့်သည် (အထူးသဖြင့်မူဆလင်) များကြောင့် လူမျိုးရေး အဓိကရုဏ်းဖြစ်ရန်အကြောင်းခံရှိနေကြောင်းပေါ်လွင်နေသည်။

နောက်အခြေခံအကြောင်းတစ်ခုမှာ ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးနည်းပရိယာယ်ဖြစ်သည်။ ဤအကြောင်းကိုစာရေးဆရာကြီးမောင်ထင်ကအောက်ပါအတိုင်းတင်ပြဖူးပါသည်။

"––– ၁၉၄၀–၄၁ ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီးသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ တုန်လှုပ်ချောက်ချားအောင် ဖန်တီးခဲ့သည်။ ထိုအခါရခိုင်တိုင်းသည်လည်း ဖရိုဖရဲဖြစ်လာခဲ့၏။ ပန်းတောင်းတောင်ကုတ်လမ်းမှ လိုမ့်၍တက်လာသော အိန္ဒိယတိုင်းရင်းသားစစ်ပြေးတို့၏ ဂယက်စစ်တွေမြို့အထက်သို့ပင့်၍ရိုက်လေရာ၊ ကုလားပန်ဇင်းမြစ်ဝှမ်းသည် အခြေပျက်၍လာခဲ့၏––– ထိုအချိန်က ရခိုင်တိုင်း၌ဖြစ်ပျက်ခဲ့သမျှတို့သည် မြန်မာပြည်ဖြစ်ပျက်ခဲ့သော နည်းအတိုင်းပင်။ ဗြိတိသျှတို့အောင်မြင်စွာဆုတ်ခွာသောအချိန်သည် တော်လှန်ရေးသမား မြန်မာတို့အတွက်အချိန်ကောင်းဖြစ်၏။ ထို့ကြောင့်မိမိတို့အောင်မြင်စွာဆုတ်ခွာနိုင်လေအောင်စစ်ပြေးဘက်တော်သားတို့သည်တိုင်းရင်းသားအချင်းချင်းရန်တိုက်ပေးခဲ့၏။ ထိုရန်တိုက်ပေးသောနည်းမှာ ဆန်းပြားသောနည်းမဟုတ်ချေ။ဗြိတိသျှဘက်တော်သားတို့က မြန်မာအမျိုးသားမဟုတ်သောသူတို့ကိုကာကွယ်ရေးအကြောင်းပြ၍၎င်းတို့ယူမသွားနိုင်သောလက်နက်တို့ကို ပေးအပ်ခဲ့ခြင်းဖြစ်၏။ ထိုလက်နက်တို့သည်မြန်မာပြည်အားဂြိုဟ်မွှေခဲ့လေသည်။ ဤဥပဒေသအတိုင်းရခိုင်ပြည်တွင် အိန္ဒိယသို့အောင်မြင်စွာဆုတ်ခွာရသော ဗြိတိသျှဘက်တော်သားတို့သည်လက်နက်အများအပြားကို ရခိုင်အမျိုးသားမဟုတ်သူတို့ထံတွင်အပ်နှံခဲ့၏ "( ရခိုင်ပြည်နယ်အစီရင်ခံစာ၊မြဝတီမဂ္ဂဇင်း ၊၁၉၆၀ ဇူလိုင် စာ ၅၃–၅၄)

ဆရာမောင်ထင်၏ရေးသားချက်ကိုသုံးသပ်ကြည့်လျှင် ဗြိတိသျှတို့သည်မိမိတို့အောင်မြင်စွာဆုတ်ခွာနိုင်အောင်လက်နက်အများအပြားကို ရခိုင်အမျိုးသားမဟုတ်သူ ရာဇပုတ်ကုလားတို့အားပေးအပ်ခဲ့ခြင်းဖြင့် ကုလား၊ ရခိုင် အဓိကရုဏ်းကိုဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့သဘောပေါက်လာသည်။

ဆရာမောင်ထင်က " ဗြိတိသျှဘက်တော်သားတို့သည် လက်နက်အများအပြားကို ရခိုင်အမျိုးသားမဟုတ်သူတို့ထံတွင်အပ်နှံခဲ့၏ " ဟုသွယ်ဝိုက်ရေးသားခဲ့၏။ ထိုသွယ်ဝိုက်ရေးသားချက်ကို " ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ နိုင်ငံရေး ကဏ္ဍ "၌အောက်ပါအတိုင်းတိုက်ရိုက်ဖော်ထုတ်တင်ပြထားသည်ကိုတွေ့ရသည်။

"––– ထိုအချိန်(၁၉၄၂–ခုမတ်လ) မှာ အင်္ဂလိပ်စစ်တပ်မှရာဇပုတ်ကုလားစစ်သားများစစ်တွေတွင် သောင်းကျန်းလျက်ရှိနေသည်။ ရာဇပုတ်စစ်သားများသည်ဒေသခံကုလားများနှင့်ပူးပေါင်းပြီး ရခိုင်အမျိုးသားများကို သတ်ဖြတ်ကြသည်။ စစ်တွေမြို့ပေါ်မှ ဆရာကြီးမောင်သာထွန်း၏သားများသတ်ဖြတ်ခံရသည်။ "(စာ–၃၆)

ရခိုင်နိုင်ငံရေးခေါင်းဆောင်ဘုံပေါက်သာကျော်ကလည်း မိမိ၏ကိုယ်တွေ့အဖြစ်အပျက်ကိုမှတ်တမ်းတင်သောအခါ ရာဇပုတ်စစ်သားအချို့အင်္ဂလိပ်ဆုတ်ခွာစဉ် လက်နက်အားကိုးဖြင့်အနိုင်အထက်ပြုကျင့်ခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

" ––– စစ်တွေမြို့ကို အင်္ဂလိပ်စစ်အုပ်ချုပ်ရေးသို့ကူးပြောင်းပြီးနောက် ရက်သတ္တပတ်ခန့်ပင်မပြည့်သေး။ ညဥ့် ၉ နာရီခန့်တွင် ပြင်းထန်သောတံခါးခေါက်သံကြားရသောကြောင့် ကျွန်တော်တို့နှစ်ဦး(ဘုံပေါက်သာကျော်နှင့်သူငယ်ချင်းမောင်စောထွီး) အသည်းထိတ်ရတော့သည်။ အိမ်ကိုဒါးဒုတ်ကိုင်ထားသောကုလား ၄၀ ခန့်ဝိုင်းထားပြီး ၎င်းကုလားများထဲတွင် ရိုင်ဖယ်သေနတ်ကိုင်ထားသောရာဇပုတ်စစ်သားအချို့လည်းပါ၏။
–––ရာဇပုတ်တပ်ကြပ်နှင့်ရာဇပုတ်စစ်သား ၃–၄ ဦးသေနတ်ချိန်ရွယ်ပြီး အိမ်ထဲဝင်လာကြသည်။–––တအိမ်လုံးမွှေနှောက်ရှာဖွေကြသည်။ အိမ်သားများမသယ်ယူနိုင်သောပစ္စည်းများ၊အဝတ်အထည်များနှင့်တကွ ကျွန်တော်တို့၏အဝတ်အထည်များပါမကျန်သူတို့ယူကြသည်။––– ကျွန်တော်တို့နှစ်ဦးအားစစ်ဌာနချုပ်သို့လိုက်ရန်ပြောတော့ သည်။
–––ကျွန်တော်တို့နောက်မှ ရာဇပုတ်တပ်ကြပ်ကြီးထက်ကြပ်လိုက်လာသည်။ ရာဇပုတ်တပ်သားသုံးဦးခန့် လမ်းမကြီးပေါ်တွင်ရပ်ကျန်ရစ်သည်။ ––– ကျွန်တော်တို့နှစ်ဦးနှင့်တပေခန့်ကွာတွင်ရပ်နေသော ရာဇပုတ်တပ်ကြပ်ကြီး ကို

မောင်စောထွီးတအားတွန်းပြီး “ ပြေး ” ဟူသောအသံကိုဟစ်ကာသူလည်းပြေး၊ကျနော်လည်းပြေး၊ခွေးပြေးဝက်ပြေး ပြေးရသည်။ ” (စာ ၆၅–၆၇)

အထက်ပါမှတ်တမ်းများကိုကြည့်လျှင် ဗြိတိသျှတို့သည် မိမိတို့အောင်မြင်စွာဆုတ်ခွာနိုင်ရေးအတွက် ရခိုင်အမျိုးသားမဟုတ်သူ ရာဇပုတ်ကုလားများထံ လက်နက်အများအပြားအပ်ခဲ့ပြီး လူမျိုးရေး အဓိကရုဏ်းဖြစ်ရန် ရန်စဖော်ပေးခဲ့သည်ဟုဆိုနိုင်သည်။ ရာဇပုတ်ကုလားစစ်သားတို့သည် အရပ်သားကုလားများနှင့်ပူးပေါင်းကာ လက်နက်အားကိုးနှင့်ရခိုင်အမျိုးသားတို့ကို အနိုင်ကျင့်ခဲ့သည်။ ဤသည်မှာ ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးစနစ်၏ အကျိုးဆက်ဖြစ်သည်။ ဤစနစ်ကြောင့် ကုလားရခိုင်အဓိကရုဏ်းဖြစ်ရန်အခြေအနေဖြစ်ပေါ်လာခဲ့သည်ဟုဆိုနိုင်သည်။

အထက်ပါတင်ပြချက်များကိုချုပ်ကြည့်လျှင် ၁၉၄၂ ခုကုလားရခိုင်လူမျိုးရေးအဓိကရုဏ်းဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းသည် ဗြိတိသျှအစိုးရ၏ တံခါးမရှိဒါးမရှိ လူဝင်မှုဝါဒနှင့်လူမျိုးရေးသွေးခွဲအုပ်ချုပ်မှုဝါဒ ကြောင့်ဖြစ်ကြောင်းနားလည်နိုင်သည်။ ထိုအခြေခံအကြောင်းများသည် ဒေသခံတိုင်းရင်းသား ရခိုင်ဗုဒ္ဓဘာသာများနှင့် ဧည့်သည်မူဆလင်များကြား၌ မုန်းတီးစိတ်များနစ်ပေါင်းများစွာကိန်းအောင်းနေခဲ့လေသည်။

## ရုတ်တရက်ဖြစ်ရခြင်းအကြောင်းရင်း

ကုလားရခိုင်အဓိကရုဏ်းဖြစ်ရခြင်း၏အခြေခံအကြောင်းရင်းများကို ယေဘုယျသဘောကျွန်ုပ်တို့သိခဲ့ကြပါပြီ။ ရုတ်တရက်အကြောင်းရင်းကားအဘယ်နည်း။ ဇော်မင်းထွဋ်စွပ်စွဲသကဲ့သို့ “ ရခိုင်ပြည်မြို့ကြီးများ၌မင်းမဲ့စရိုက်လွှမ်းမိုး––– ရခိုင်လူဦးရေများသောဒေသများတွင်အယူသီးသောရခိုင်လူငယ်များကဦးဆောင် “ဆောင်ရွက်ခြင်း” ကြောင့်လော၊ ဤကိစ္စကို “ ပြည်နယ်ဖြစ်စဉ်သမိုင်း ” ၌ ဤသို့ရှင်းထားသည်။

“ ––– မြေပုံမြို့နယ်ချောင်းကြီးရွာသူကြီးညီအစ်ကိုနှစ်ဦးကို ရက်ချောင်းကုလားများကသတ်ဖြတ်ကြသည်။ ယင်းအခြေအနေကြောင့်သိန်းကျော်အောင်နှင့်ကျော်ယတို့ခေါင်းဆောင်သော ရခိုင်တပ်ဖွဲ့က ရက်ချောင်းကုလားရွာကို မီးရှို့ဖျက်ဆီးလိုက်ကြသဖြင့် ကုလားရခိုင်အဓိကရုဏ်းစတင်လာခဲ့လေသည်။ ” (စာ–၃၆)

အထက်ပါမှတ်တမ်း၌ ရက်ချောင်းရွာဆိုသည်မှာ မြေပုံမြို့နယ်ရှိ မူဆလင်ကုလားများနေသောရက်ချောင်းရွာဖြစ်သည်။ ၄င်းရွာကိုရခိုင်ရွာသူကြီးကအုပ်ချုပ်သည်။ ကုလားတို့သည် ရခိုင်ရွာသူကြီးအုပ်ချုပ်သည်ကိုမူလ ကပင်မနှစ်မြို့ခဲ့၍ စစ်အတွင်း၌အုပ်ချုပ်ရေးဖရိုဖရဲဖြစ်နေစဉ် ရွာသူကြီးညီအစ်ကိုတို့အားရက်စက်စွာသတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ဤသတ်ဖြတ်မှုသည် ကုလားရခိုင်အဓိကရုဏ်းဖြစ်အောင်စတင်ဖန်တီးလိုက်သလိုဖြစ်ခဲ့လေသည်။ ဤဖြစ်ရပ်ကိုအကြောင်းပြု၍ သိန်းကျော်အောင်၊ကျော်ယ အစရှိသော တိုင်းရင်းသားအိမ်ရှင်ရခိုင်တို့ကဒေါသပေါက်ကွဲကာ ဧည့်သည်ရက်ချောင်းရွာသားကုလားများအား လက်စားချေခဲ့ခြင်းဖြစ်သည်။ထိုမှစ၍အဓိကရုဏ်းမီးကြီးသည် ထိန်းမနိုင် သိမ်းမရတဟုန်းဟုန်းတောက်လောင်လေတော့သည်။

## အဓိကရုဏ်းမီးကို ဆီလောင်းသူလား၊ ငြိမ်းသတ်သူလား

ကုလားရခိုင်လူမျိုးရေးအဓိကရုဏ်းမီးကြီးတဟုန်းဟုန်းတောက်လောင်သောအခါ မီးငြိမ်းရေးကြိုးပမ်းခဲ့သူ အရေးပိုင် ဦးဦးကျော်ခိုင်ကို “ ရခိုင်တို့အား လက်နက်ထုတ်ပေးခဲ့သူတရားခံ ” အဆင့်မျိုးရောက်အောင် ဇော်မင်းထွဋ်က လှည့်ပတ်လိမ်ညာတင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ ထိုမျှမကသေး၊ ဘုံပေါက်သာကျော်၏ “ တော်လှန်ရေးခရီးဝယ် ” စာအုပ်ပါအရေးအသားများကိုပုံဖျက်တင်ပြပြီး အရေးပိုင် ဦးဦးကျော်ခိုင်နှင့် ဘုံပေါက်သာကျော် တို့ကို

အဓိကရုဏ်းမီးငြိမ်းသတ်ရန်အားထုတ်သူများအဖြစ်မှ ဆီလောင်းသူများအဖြစ်သို့လျှောကျသွားအောင်လုပ်ကြံတင်ပြခဲ့သည်။ သူ့တင်ပြချက်ကိုအောက်တွင်လေ့လာကြည့်ပါ။

" ရခိုင်အမျိုးသားနိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဘုံပေါက်သာကျော်( မော်ကွန်းဝင်ပထမအဆင့်) အဆိုအရ – ၁၉၄၂ ခုနှစ်ဦးတွင် ဗြိတိသျှအစိုးရအိန္ဒိယသို့ဆုတ်ခွာရာ ရခိုင်ပြည်နယ်အုပ်ချုပ်ရေးကို အရေးပိုင် ဦးကျော်ခိုင် (အိုင်စီအက်စ်)အား စစ်ဥပဒေဖြင့် အုပ်ချုပ်ရန် အာဏာလွှဲအပ်ခဲ့သည်။ ဦးကျော်ခိုင်သည် မာရုယ်လောဖြင့် အုပ်ချုပ်ခဲ့သည်။ ***ထိုအချိန်တွင်ပုံမှန်စစ်တပ်များသည် ဆုတ်ခွာပြီး၊ ရဲစခန်းရဲတပ်ဖွဲ့များတွင်သာလက်နက်ခဲယမ်းများရှိသည်။ ရဲတပ်ဖွဲ့ဝင်အများစုမှာ ရခိုင်အမျိုးသားများဖြစ်ကြသည်။*** အခြားတဖက်တွင်တွင် မြေပုံ၊ မင်းပြား၊မြောက်ဦး၊ပေါက်တောမြို့များတွင် ရခိုင်အယူသီးများက ဦးဆောင်၍ စစ်အာဏာဖြင့်ကိုယ်ပိုင်အုပ်ချုပ်ရေးများထူထောင်ခဲ့သည်။ ထိုအစွန်းရောက်သူများအား ရခိုင်ဂုဏ်သရေရှိ သမာဓိလူကြီးများ၊ပညာတတ်များဖြင့် ဖွဲ့စည်းထားသော ရခိုင်တိုင်းရင်းသားညီညွတ်ရေးအဖွဲ့က ထိန်းသိမ်းနိုင်စွမ်းမရှိချေ။ မြောက်ဦးမြို့နယ်ကို ဦးဂန္ဓမာကလည်းကောင်း၊မင်းပြားမြို့နယ်ကိုဦးသိန်းကျော်အောင်၊ဦးကျော်ယ၊ဦးပန်းအောင်တို့ကလည်းကောင်း၊ ပေါက်တောမြို့နယ်ကို ဦးထွန်းလှအောင်ကလည်းကောင်း၊ ငါ့မင်းငါ့ချင်းစနစ်(မာရုယ်လော)ဖြင့်အုပ်ချုပ်လျက်ရှိသည်။ (စာ ၆၃–၆၄)

" --- ***ရိုဟင်ဂျာတို့တွင်တုတ်၊ဒါးနှင့်အရပ်လုပ်သေနပ်များသာရှိပြီး ရခိုင်တို့တွင် ရိုင်ဖယ်သေနတ်ရှိနေခြင်းကြောင့်ဖြစ်သည်။ ၎င်းရိုင်ဖယ်သေနတ်များကို အင်္ဂလိပ်အရေးပိုင်ဦးကျော်ခိုင်သည် အစိုးရရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များမှလည်းကောင်း၊ ဗြိတိသျှရဲတပ်ဖွဲ့များနေရပ်ပြန်ရာတွင်ရောင်းချခဲ့၍လည်းကောင်း ရခိုင်တို့ရရှိခဲ့သည်ဟုဆိုကြသည်။ "***(စာ–၆၄)

ဇော်မင်းထွဋ်သည် ဘုံပေါက်သာကျော်၏ " တော်လှန်ရေးခရီးဝယ် "(ပထမတွဲ)စာအုပ် စာမျက်နှာ ၆၉၊ ၇၂၊၇၅၊၇၆ တို့မှ ကောက်နုတ်ရေးသားခဲ့သော်လည်း မူအတိုင်းတင်ပြခြင်းမဟုတ်ပဲ၊ မိမိသဘောဖြင့်ဖြတ်တောက်ပုံဖျက်ရေးသားခဲ့ခြင်းသာဖြစ်သည်။ မျဉ်းသားထားသောဝါကျများမှာ ဇော်မင်းထွဋ်လုပ်ကြံရေးသားသောဝါကျများသာဖြစ်သည်။ ထိုဝါကျများကြောင့် အရေးပိုင်ဦးကျော်ခိုင်သည် အဓိကရုဏ်းမဖြစ်အောင်ဖျန်ဖြေသောအုပ်ချုပ်ရေးသမားကောင်းတစ်ဦးမဟုတ်ပဲ၊ ရခိုင်တို့အားရိုင်ဖယ်သေနတ်ရောင်းသောတရားခံတစ်ဦးဖြစ်သွားလေသည်။

အမှန်မှာ အရေးပိုင်ဦးကျော်ခိုင်သည် မိမိတာဝန်အတိုင်း အဓိကရုဏ်းမီးငြိမ်းအောင်အစွမ်းကုန်ကြိုးပမ်း သူတစ်ဦးသာဖြစ်လေသည်။သူသည် ဂေါ်ရခါးနှင့်ရာဂျပုတ်စစ်သားများအပြည့်တင်ထားသော စစ်သင်္ဘောဖြင့် မရပ်မနားလှည့်လည်အုပ်ချုပ်ခဲ့သည်။ ထိုအကြောင်းကို ဘုံပေါက်သာကျော်က မိမိကိုယ်တွေ့မှတ်တမ်း၌ အောက်ပါအတိုင်း ဖေါ်ပြထား၏။

"--- ဦးကျော်ခိုင်သည်--- စစ်တွေခရိုင်အတွင်းရှိ မြို့များကိုဂေါ်ရခါးနှင့်ရာဂျပုတ်စစ်သားများအပြည့်တင်ထားသော အမ်၊ဂျီ၊ဘီစစ်သင်္ဘောများဖြင့်သွားလာအုပ်ချုပ်လျက်ရှိခဲ့သည်။ ကျနော်တို့မင်းပြားအချုပ်ခန်း၌ရှိစဉ်တနေ့သောညဉ့် ၉ နာရီကျော်တွင် မင်းပြားတစ်မြို့လုံးအုတ်အုတ်သောင်းသောင်းဖြစ်ခါပြေးလွှားသံများလွှမ်းမိုးသွားသည်။ အချုပ်ခန်းတွင်ထိုင်ခုံပေါ်တက်၍ကျနော်တို့ကြည့်ကြရာလက်ဆွဲဓာတ်မီးများဖြင့်သေနတ်များကို အသင့်ကိုင်၍ စစ်စည်းကမ်းနှင့်တက်လာသောဂေါ်ရခါးနှင့်ရာဂျပုတ်စစ်သားများနှင့်မေဂျာ ဦးကျော်ခိုင်တို့ကိုတွေ့မြင်ရ သည်။ မေဂျာသည် ပေါက်တောမြို့တည်ရာပေါက်တောမြစ်မှမင်းပြားသို့လာစဉ် ရေလမ်းတွင် တွေ့သော လှေတစ်စီးပြည့်ပါသည့် သခင်မောင်မောင်နှင့်အရပ်သား (၁၀)ဦးကျော်ခန့်ကိုတဦးမျှအရှင်မထားပဲ သေနတ်နှင့်ပစ်သတ်ခဲ့ပြီး မင်းပြားသို့လာခြင်းဖြစ်သည် "(စာ–၇၃)

ဤကိုယ်တွေ့မှတ်တမ်းကိုသုံးသပ်ကြည့်လျှင် လက်နက်ကိုင်စစ်သားများသည်ဂေါ်ရခါးနှင့်ရာဂျပုတ်များသာဖြစ်ကြောင်းသိနိုင်သည်။ ဗြိတိသျှတို့၏သွေးခွဲအုပ်ချုပ်ရေးစနစ်အတိုင်း ရခိုင်ကိုအုပ်ချုပ်ရန် ရခိုင်မဟုတ်သော

လူမျိုးအားလက်နက်ကိုင်ခိုင်းခြင်းဖြစ်ကြောင်းနားလည်နိုင်သည်။ ဇော်မင်းထွဋ်လုပ်ကြံရေးသကဲ့သို့လက်နက်ကိုင်များမှာ ရခိုင်မဟုတ်ချေ။ ထို့ပြင် ဦးကျော်ခိုင်သည် ရခိုင်လူမျိုးသခင်မောင်မောင်နှင့်အပေါင်းပါအရပ်သားတို့အား အဓိကရုဏ်းကျယ်ပြန့်အောင်လုပ်သူများဟုသံသယဝင်ကာ မညှာမတာပစ်မိန့်ပေးခဲ့သူဖြစ်သည်။ ဤလုပ်ရပ်ကြောင့် ဦးကျော်ခိုင်အားရခိုင်တော်လှန်ရေးသမားတို့က " ဗြိတိသျှလက်ကိုင်တုတ် " အမျိုးသားရေးရန်သူ " ဟူ၍ပင်စွပ်စွဲ နိုင်သည်။ ဥပဒေရှုထောင့်၊ အုပ်ချုပ်ရေးရှုထောင့်မှကြည့်လျှင်မူ ဦးဦးကျော်ခိုင်သည် ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်သည်ဟု ရှုမြင်နိုင်သည်။ ဦးဦးကျော်ခိုင်၏ဆောင်ရွက်မှုကို ရခိုင်တိုင်းမင်းကြီးလုပ်ခဲ့ဖူးသူဆရာမောင်ထင်က အောက်ပါအတိုင်းချီးကျူးခဲ့၏။

"––– စစ်ပြီးကာလတွင် ဦးဦးကျော်ခိုင်၏အကြောင်းကို စစ်တွေမြို့သားများက အမျိုးမျိုးပြောကြ၏၊ စစ်တကောင်းသားများကလည်း အမျိုးမျိုးပြောကြ၏။ တဦးကငှင်း၏ကျေးဇူးကိုအောက်မေ့တသ၍ပြောသည်။ တဦးကမူအပြစ်တင်လိုသောလေသံဖြင့်ပြောသည်။ မည်သူမည်သို့ပြောပြောဦးဦးကျော်ခိုင်သည်မိမိဇာတိချက်ကြွေနယ်မြေကို ချစ်ခင်မြတ်နိုးသောပုဂ္ဂိုလ်အဖြစ်ဖြင့်လည်းကောင်း၊ တာဝန်ကျေပွန်သော ပြည်သူ့ဝန်ထမ်းတစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊စစ်တွေရခိုင်၏လုံခြုံရေးအတွက် ရှပ်ရှပ်ချွံချွံဆောင်ရွက်ရင်းနှင့် ဗြိတိသျှဘက်တော်သားစစ်ပြေးတို့၏ လက်ချက်နှင့်ကျဆုံးခဲ့ရသည်ကို မည်သူမျှငြင်းနိုင်လိမ့်မည်မဟုတ်ချေ။ (စာ–၅၄)

ဆရာမောင်ထင်ချီးကျူးခဲ့သကဲ့သို့ပင်" ပြည်နယ်ဖြစ်စဉ်သမိုင်း "၌လည်း ဦးဦးကျော်ခိုင်၏ အဓိကရုဏ်းမီးငြိမ်းရေးအတွက် ကြိုးပမ်းခဲ့မှုကို ဤသို့မှတ်တမ်းတင်ထားသည်။

" ––– ဦးဦးကျော်ခိုင်သည် ဂျပန်များ ၁၉၄၂ ခုမတ်လ ၂၃ ရက်နေ့ စစ်တွေမြို့ကို ဖုံးကြဲစဉ်ကပင် အုပ်ချုပ်ရေးအဖွဲ့ကိုဘူးသီးတောင်သို့ပြောင်းရွှေ့ပေးခဲ့သည်။ မိမိကိုယ်တိုင်စစ်ရေယာဉ်ကိုစီး၍ စစ်တွေခရိုင်ကိုလှည့်လည်အုပ်ချုပ်ခဲ့သည်။ ရခိုင်နိုင်ငံရေးခေါင်းဆောင် ဦးသာဖလု၊ ဦးအောင်ထွန်းဦး၊ ဦးအောင်ဖဲဝေတို့နှင့်တွေ့ရန်ကြိုးပမ်းခဲ့သည်။ ––– ထို့ပြင် ဘူးသီးတောင်မြို့နယ် ဂူဒါပြင်ရွာ၌ စစ်ဘေးခိုလှုံနေသူကုလားသူဌေးမာရကာံနှင့်အဓိကရုဏ်းငြိမ်းချမ်းကျေအေးရေးအတွက် ဆွေးနွေးရန် ဦးဦးကျော်ခိုင်ကြိုးပမ်းခဲ့သော်လည်းမအောင်မြင်ခဲ့ပေ။သို့သော်လက်မလျော့ပဲနောက်တစ်ကြိမ်ရခိုင်လူကြီးများကိုဦးဆောင်ခေါ်ယူပြီးကုလားလူကြီးများနှင့်ဆွေးနွေးရန်၄င်းရွာသို့သင်္ဘောဖြင့်ထပ်မံသွားသောအခါ အသင့်စောင့်နေသောကုလားလက်နက်ကိုင်က ရိုင်ဖယ်သေနတ်ဖြင့်ကမ်းပေါ်မှပစ်ခတ်သဖြင့် ဦးဦးကျော်ခိုင်သင်္ဘောပေါ်မှာပင်ကျဆုံးခဲ့ရလေသည်။(စာ ၃၅–၃၇)

ဤမှတ်တမ်းများကိုကြည့်လျှင် ဇော်မင်းထွဋ်က " ရိုဟင်ဂျာများတွင် တုတ်၊ဒါးနှင့်အရပ်လုပ်သေနတ်များသာရှိပြီး၊ ရခိုင်တို့တွင် ရိုင်ဖယ်သေနပ်ရှိနေခြင်းကြောင့်ဖြစ်သည်။ ၄င်းရိုင်ဖယ်သေနပ်များကို အင်္ဂလိပ်အရေးပိုင်ဦးဦးကျော်ခိုင်သည် အစိုးရရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များမှ––– ရခိုင်တို့ရရှိခဲ့သည်ဟုဆိုကြသည် " ဟူ၍ လုပ်ကြံရေးသားပြီး ရခိုင်တို့အားလက်နက်ပေးအပ်ခဲ့လေဟန်စွပ်စွဲထားခြင်းမှာမမှန်ကြောင်းသိနိုင်ပါသည်။

ဇော်မင်းထွဋ်သည် ဦးဦးကျော်ခိုင်ကိုသာမက ဘုံပေါက်သာကျော်ကိုလည်း ကရင်တို့ထံမှ ရိုင်ဖယ်သေနတ်များဝယ်ပြီး မူဆလင်တို့အား တိုက်ခိုက်သတ်ဖြတ်မောင်းထုတ်ခဲ့သည့်သဘောမျိုးသက်ရောက်အောင်အောက်ပါအတိုင်းရေးသေးသည်။

"––– (ဘုံပေါက်သာကျော်) ကရင်မှရသော လက်နက်များကို မူဆလင်များအား တိုက်ခိုက်နှင့်ထုတ်ရာတွင် အသုံးပြုခဲ့သည်ဟုသုံးသပ်ရပါသည်။ ဤအခြေအနေမျိုးကြောင့် ရခိုင်ပြည်အတွင်းဖက်မြို့များတွင် ရိုဟင်ဂျာမူဆလင်လူဦးရေ ၅၀၀၀၀ (ငါးသောင်း)ကျော်အသက်ဆုံးရှုံးခဲ့ရသည်။ မြေပုံ၊မင်းပြား၊မြောက်ဦး၊ကျောက်တော်၊ပေါက်တော၊ပုဏ္ဏားကျွန်းမြို့များမှ ရိုဟင်ဂျာရွာပေါင်း ၂၀၀(နှစ်ရာ)မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပြီး လူပေါင်း၂၀၀၀၀၀(နှစ်သိန်းကျော်)

မောင်တော၊ဘူးသီးတောင်မြို့နယ်များသို့ ၁၉၄၂ ခုနှစ် ဧပြီလနှင့်မေလလောက်တွင် တောတောင်များကို ဖြတ်သန်းကျော်လွှားပြီးထွက်ပြေးတိမ်းရှောင်ပြီးဖြစ်သည်" (စာ–၆၅) ဟူ၍အထောက်အထားတစုံတရာမရှိပဲလုပ်ကြံတင်ပြထားသည်။

ဘုံပေါက်သာကျော်ကမူ ၄င်းမှာမူဆလင်ရာဇပုတ်တပ်ကြပ်ကြီး၊ရိုင်ဖယ်သေနတ်ကိုင်စစ်သား ၃–၄ ဦးနှင့်ဒုတ်၊ဓါးကိုင်ကုလားအရပ်သားလေးဆယ်ခန့်တို့၏ လက်ထဲမှ အသက်လု၍ခွေးပြေးဝက်ပြေးပြေးခဲ့ရသော်လည်း အဓိကရုဏ်းမီးငြိမ်းအောင်အစွမ်းကုန်ကြိုးပမ်းခဲ့ကြောင်းကိုသာ အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့သည်။

"––– ဆရာကြီး(သောကြာအောင်)အား ကျနော်က ဗြိတိသျှနယ်ချဲ့တိုက်ထုတ်ရေးနှင့်လွတ်လပ်ရေးတိုက်ပွဲခန်းမားကို အသေးစိတ်တင်ပြသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ဘုံရန်သူဗြိတိသျှနယ်ချဲ့စနစ်ကိုတိုက်ရမည်ဖြစ်ရာ ခမွီး၊ချင်း၊မူဆလင်နှင့်ရခိုင်တို့လက်တွဲညီညီပူးပေါင်းတိုက်ခိုက်ရန်လို၍ ယနေ့ဖြစ်နေသော ကုလားရခိုင်လူမျိုးရေးအဓိကရုဏ်းကိုအသက်ပေးတားမြစ်ရမည်ဖြစ်ကြောင်း အထပ်ထပ်ဆွေးနွေးဝေဘန်ပြသည်။ နှစ်ရက်သုံးရက်ကျနော်ဆွေးနွေးဝေဘန်ပြသောအခါ ဆရာကြီးသံသယကင်းစွာဖြင့်လက်ခံသွား၏။ ယင်းကြောင့်ဆရာကြီးက ကုလားရခိုင်အဓိကရုဏ်းမီးတဟုန်းဟုန်းတောက်လောင်မှုအောက်တွင် နစ်မွန်းလျက်ရှိသော ကျောက်တော်မြို့နယ်တွင်းရှိနေသည့် ဦးသိန်းကျော်အောင်ထံ ကျနော်နှင့်တွေ့ဆုံဆွေးနွေးရေးအတွက် တာဝန်ယူသွား၏––– မင်းပြားဗိုလ်တဲတွင် ဦးသိန်းကျော်အောင်၊ ဦးမောင်ကျော်ဃအပါအဝင်သူတို့ခေါင်းဆောင်များနှင့်ကျနော်တို့ဗြိတိသျှနယ်ချဲ့တိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးလမ်းစဉ်ကိုအခြေခံပြီး ၂ ရက် ၃ ရက်အထပ်ထပ်အလီလီဆွေးနွေးကြသည်။––– ဦးသိန်းကျော်အောင်အပါအဝင် ခေါင်းဆောင်အများစုကလက်ခံသကဲ့သို့ ၄င်းတို့၏တပ်ဗိုလ်တပ်သားအများစုလည်းလက်ခံကြသည်။ –––ကုလားရခိုင်အဓိကရုဏ်းဖြစ်ရခြင်းသည် ဗြိတိသျှနယ်ချဲ့စနစ်ဆိုးများအနက် " သွေးခွဲအုပ်ချုပ်ရေး (**Divide and Rule** )သည်အဓိကအရင်းခံ ကမ္ဘပိုင်းတရားခံဖြစ်သည်။ (စာ–၇၆၊၇၇)––– ကမ္ဘပိုင်းအခြေခံများမည်မျှပင်ရှိစေ ယနေ့လက်ငင်းတာဝန်မှာဗြိတိသျှနယ်ချဲ့စနစ်တိုက်ဖျက်ရေးနှင့်လွတ်လပ်ရေးသာလျှင်ကျနော်တို့၏တာဝန်ဖြစ်သဖြင့် ယင်းတာဝန်ကို ကျနော်အသက်ပေး၍ဆောင်ရွက်နိုင်ခဲ့သည်ကို ကျနော်ကြည်နူးမိသည်မှာအမှန်ပင်ဖြစ်သည်။ (စာ–၇၉)

ဘုံပေါက်သာကျော်၏တင်ပြချက်ကိုသုံးသပ်ကြည့်လျှင် ဗိုလ်ရန်အောင်ဦးစီးသော **B I A** တပ်များမရောက်သေးမီ၊ လူမျိုးရေးအဓိကရုဏ်းမီးကြီးတဟုန်းဟုန်းလောင်ကျွမ်းနေစဉ်၌၄င်းသည် မီးကြီးငြိမ်းရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့ကြောင်းပေါ်လွင်နေသည်။ ဦးသိန်းကျော်အောင်အစရှိသော ခေါင်းဆောင်များနှင့်အကြိမ်ကြိမ်အထပ်ထပ်ဆွေးနွေးခဲ့၍ ရန်သူအစစ်မှာ ဗြိတိသျှနယ်ချဲ့သမားသာဖြစ်ကြောင်းခေါင်းဆောင်အများစုက လက်ခံသွားသည်ဟုဆိုရာ မီးငြိမ်းရေးကိုမဆောင်ရွက်နိုင်ခဲ့သော်လည်း၊ မီးအရှိန်လျော့ကျအောင်ဆောင်ရွက်နိုင်ခဲ့သည်ဟူ၍ကားဆိုသင့်သည်။

ဇော်မင်းထွဋ်ကဘုံပေါက်သာကျော်စစ်တွေထောင်မှရိုင်ဖယ်သေနတ်များ၊ကျည်ဆံများစုဆောင်းခြင်း၊ ကရင်စစ်သားများကိုဆွယ်ယူခြင်းသည် မူဆလင်များကိုသတ်ဖြတ်မောင်းထုတ်ရန်ရည်ရွယ်သည်ဟု စွပ်စွဲခဲ့သော်လည်းကျွန်ုပ် တို့ကမူ ထိုလက်နက်သည် မိမိကိုယ်ကိုကာကွယ်ရန်နှင့် ဗြိတိသျှနယ်ချဲ့ကိုမောင်းထုတ်ရန်ရည်ရွယ်သည်ဟုသာသုံးသပ်မိသည်။ ကရင်စစ်သားများကိုဆွယ်ယူခြင်းမှာလည်း မိမိတို့ရခိုင်အမျိုးသားများလုံခြုံရေးအတွက်ကူညီမည့်မိတ်ဆွေကောင်းများကို စည်းရုံးသိမ်းသွင်းယူခြင်းသာဖြစ်၍ဘုံပေါက်သာကျော်အား ချီးကျူးသင့်ပါသည်။

## အဓိကရုဏ်းမှ မူလဆလင်ဦးရေအမြတ်ထုတ်ပုံ

ဇော်မင်းထွဋ်သည်ဘုံပေါက်သာကျော်စာအုပ်ကိုအလွဲသုံးစားလုပ်တင်ပြပြီးနောက် မူဆလင်များ မောင်တောနှင့် ဘူးသီးတောင်သို့ထွက်ပြေးခဲ့ရပုံကို အောက်ပါအတိုင်းချဲ့ကားလိမ်ညာတင်ပြထားသည်။

"––– ရခိုင်ပြည်အတွင်းဖက်မြို့များတွင် ရိုဟင်ဂျာမူဆလင်ဦးရေ ၅၀၀၀၀(ငါးသောင်း)ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ မြေပုံ၊မင်းပြား၊မြောက်ဦး၊ကျောက်တော်၊ပေါက်တော၊ပုဏ္ဏားကျွန်း၊မြို့နယ်များမှ ရိုဟင်ဂျာရွာပေါင်း ၂၀၀(နှစ်ရာကျော်)မီးရှို့ဖျက်ဆီးခြင်းခံရပြီး လူပေါင်း ၂၀၀၀၀၀(နှစ်သိန်းကျော်) မောင်တော၊ဘူးသီးတောင်နယ်များသို့ ၁၉၄၂ ခုနှစ် ဧပြီလနှင့်မေလလောက်တွင်တောတောင်များကို ဖြတ်သန်းကျော်လွှား၍ ထွက်ပြေး တိမ်းရှောင်ခဲ့ပြီးဖြစ်သည်။(စာ–၆၅)––– အင်္ဂလိပ်အစိုးရက––– အိန္ဒိယဒုက္ခသည်စခန်းတွင် ရခိုင် ၁၀၀၀၀(တစ်သောင်း)ခန့်နှင့် ရိုဟင်ဂျာ ၆၀၀၀၀(ခြောက်သောင်း) ကျော်ရောက်ရှိပြီး၊စစ်ပြီးမြန်မာနိုင်ငံအစိုးရ(ဖိုလ်ချုပ်အောင်ဆန်းအစိုးရ)ကစိစစ်၍ ဝင်ခွင့်လက်မှတ် များထုတ်ပေးကာ၊အဆိုပါ စစ်ပြေးဒုက္ခသည်ရိုဟင်ဂျာများအားပြန်လည်လက်ခံခေါ်ယူပြီးပြန်လည် နေရာချထားပေးခဲ့ပါသည်။ –––ဤတွင် ***ဘိုးတော်ဘုရားလက်ထက်နှင့်ယင်းမတိုင်မီက ရခိုင် ပြည်တွင်းမှ ရိုဟင်ဂျာများဘင်္ဂလားသို့ထွက်ပြေးခဲ့ရကြောင်း အထက်ယခင်အခန်းများမှာ ဖော်ပြထားခြင်း အားဖြင့်သိရပါသည်။ အင်္ဂလိပ်ခေတ်မှာထိုထွက်ပြေးသူများပြန်လည်ဝင် ရောက်အခြေစိုက် လာခဲ့သဖြင့် လည်းကောင်း၊၁၉၄၂ ခု အဓိကရုဏ်းအတွင်းထွက်ပြေးတိမ်း ရှောင်သူများပြန်လည်ဝင်ရောက် အခြေစိုက်လာခဲ့သဖြင့်လည်းကောင်း မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ရိုဟင်ဂျာဦးရေ ထူထပ်ရခြင်း ဖြစ်ပါသည်။*** (စာ–၆၆)

ဇော်မင်းထွဋ်၏အထက်တင်ပြချက်၌ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များတွင်ယခုလက်ရှိ "ရိုဟင်ဂျာ" အမည်ခံမူဆလင်များ လူဦးရေထူထပ်စွာရှိနေရသည့်အကြောင်းရင်းမှာ(၁) ဘိုးတော်ဘုရားခေတ် ရခိုင်ပြည်မှ အင်္ဂလိပ်ပိုင်အိန္ဒိယသို့ထွက်ပြေးသူများ(၂) ၁၉၄၂ ခု အဓိကရုဏ်းကြောင့်ထွက်ပြေးသူများပြောင်းရွှေ့ဝင်ရောက်လာ၍ ဖြစ်သည် ဟုသက်သေထူထားကြောင်းတွေ့ရပါသည်။ အမှန်မှာ ဘိုးတော်ဘုရားခေတ် ရခိုင်ပြည်မှ အင်္ဂလိပ်ပိုင်နက်သို့ ထွက်ပြေးသူများမှာ ရခိုင်များသာဖြစ်သည်။ ဦးရေနှစ်သိန်းရှိသည်ဟုမောရစ်ကောလိစ်ကဖော်ပြခဲ့သည်။ ထိုအထဲ၌ မူဆလင်မပါချေ။ သမိုင်းပါမောက္ခဒေါက်တာပင်းစာရင်း၌လည်းထွက်ပြေးသူများမှာ ရခိုင်များသာဖြစ်သည်ဟုဆိုထားသည်။ မူဆလင်ထွက်ပြေးသည်ဟုမရေးချေ။

တဖန် ၁၉၄၂ ခု အဓိကရုဏ်းကြောင့် အိန္ဒိယသို့ထွက်ပြေးကြသော မူဆလင်များစာရင်းကို ဇော်မင်းထွဋ်က ၆၀၀၀၀(ခြောက်သောင်း)ဟုဖော်ပြခဲ့သော်လည်း၊ သုတေသီမိုရှေယေဂါက ၂၂၀၀၀ ဟုသာဖော်ပြခဲ့သည်။ (စာ–၉၅)ထို့ပြင် မိုရှေယေဂါက ၊သုတေသီ အန်ထော်နီအိုင်ဝင်( **Anthony Irwin**)၏ "မြန်မာကင်းထောက်"(**Burmese Outpost**)စာအုပ်ကိုရည်ညွှန်း၍ "စစ်ပြီးနောက်နှင့် စစ်ပြီးနောက်ပိုင်းနှစ်များအတွင်း၌ မောင်တောနှင့် ဘူးသီးတောင်ဒေသ၏မူဆလင်ဦးရေမှာအကြီးအကျယ်တိုးပွားလာ၏။ ထိုဒေသ၌အမြဲနေထိုင်ရန်ဝင်ရောက်လာကြသူစစ်တကောင်းမှ မူဆလင်တို့မှာ ဗြိတိသျှတို့နှင့် ဘဝါးခြေထပ်လိုက်ပါလာရ၍ ကျေးဇူးတင်ကြ၏။ထိုနည်းတူ ၁၉၄၂ ခုတွင် ရခိုင်ပြည်နယ်တောင်ပိုင်းမှ ပြေးလာကြသော ဒုက္ခသည်ထောင်ပေါင်းများစွာလည်းစစ်ပြီးသောအခါမြောက်ပိုင်းသို့ ဝင်လာကြ၏ "ဟူ၍ရေးခဲ့ပါသည်။ (စာ–၉၆)

သို့ဖြစ်၍ ဇော်မင်းထွဋ်က ယခုမောင်တောနှင့်ဘူးသီးတောင်မြို့နယ်၌ ရိုဟင်ဂျာလူဦးရေထူထပ်ရခြင်းမှာ ဘိုးတော်ဘုရားခေတ်ထွက်ပြေးလာသောမူဆလင်များ၊ ၁၉၄၂ ခုနှစ်ထွက်ပြေးသော မူဆလင်များပြန်ဝင်လာကြသောကြောင့်ဖြစ်သည်ဟုတင်ပြခြင်းမှာ ဘာအထောက်အထားမျှမရှိသောချဲ့ကားလိမ်ညာမှုသာဖြစ်လေသည်။

ဖော်မင်းထွဋ်တင်ပြခဲ့သောလူဦးရေစာရင်းကို ၁၉၃၁ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းနှင့်တိုက်ဆိုင်စစ်ဆေးကြည့်သောအခါလည်း လူဦးရေများစွာပိုနေကြောင်းတွေ့ရသည်။ သူကသေဆုံးသူငါးသောင်း၊မောင်တောနှင့်ဘူးသီးတောင်သို့ထွက်ပြေးသူနှစ်သိန်း၊အိန္ဒိယဒုက္ခသည် စခန်းသို့ရောက်သူခြောက်သောင်းဟုဆိုရာ စုစုပေါင်း မူဆလင်ဦးရေ ၃၁၀၀၀၀(သုံးသိန်းတစ်သောင်း)ဖြစ်သွားသည်။ ၁၉၃၁ ခုသန်းခေါင်းစာရင်းအရ ရခိုင်တတိုင်းလုံးရှိ အိန္ဒိယတိုင်းရင်းသားဦးရေမှာ ၂၁၇၈၀၀ ရှိပြီး၊ စစ်တွေခရိုင်၌ ပြန့်နှံ့နေထိုင်သော အိန္ဒိယတိုင်းရင်းသားဦးရေမှာ ၂၁၀၉၉၀ သာရှိသည်။ ဤဦးရေထဲ၌ အိန္ဒူလည်းပါသေးသည်။ ဖော်မင်းထွဋ်က မူဆလင်ဦးရေချည်း ၃၁၀၀၀၀ ဟုဖော်ပြထားရာ လူတစ်သိန်းခန့်ပိုနေသည်။ ဤကိန်းဂဏန်းကွာဟမှုကလည်း ဖော်မင်းထွဋ်၏တင်ပြချက်များသည် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များ၌ မူဆလင်ဦးရေထူထပ်နေမှုကို ဖုံးဖိလို၍ချဲ့ကားတင်ပြသောလိမ်ညာမှုသာဖြစ် ကြောင်း သက်သေခံနေသည်။

ဖော်မင်းထွဋ်ကမည်သို့ပင်ဖုံးဖုံး၊ စစ်တွေဂေဇက်တီးယားစာအုပ်ပါမူဆလင် ဦးရေစာရင်း၊ ၁၉၃၁ ခုသန်းခေါင်စာရင်းမှ မူဆလင်ဦးရေစာရင်း ၊"မြန်မာကင်းထောက်"စာအုပ်ပါ စစ်တကောင်းသားများအကြီးအကျယ်ဝင်ရောက်မှုမှတ်တမ်းတို့က စစ်တွေခရိုင်၌ ယခုရှိနေသောမူဆလင်အများစုသည် စစ်တကောင်းသားဘင်္ဂါလီများသာဖြစ်ကြောင်းဖော်ပြနေကြသည်။

## မီးငြိမ်းရေးကြိုးပမ်းမှုများနှင့်ရရှိခဲ့သောဒဏ်ရာဒဏ်ချက်များ

ဖော်မင်းထွဋ်၏ ၁၉၄၂ ခု အဓိကရုဏ်းကိစ္စတင်ပြချက်၌ လိမ်ညာလှည့်စားထားချက်များကို စာရှုသူတို့သိရှိခဲ့ကြပါပြီ။ ဆက်လက်၍ အဓိကရုဏ်းမီးငြိမ်းရေးကြိုးပမ်းမှုများနှင့်ယင်းမှရရှိခဲ့သောဒဏ်ရာဒဏ်ချက်များကိုလည်းသိထားသင့်၍အနည်းငယ်ဖြည့်စွက်တင်ပြလိုပါသည်။ ဖော်မင်းထွဋ်စာအုပ်၌ဤကိစ္စများကိုမတင်ပြခဲ့ချေ။

အထက်၌တင်ပြခဲ့သကဲ့သို့ အရေးပိုင် ဦးဦးကျော်ခိုင်သည် လူမျိုးရေးအဓိကရုဏ်းမီးကြီးချုပ်ငြိမ်းရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရပဲ မူဆလင်တို့၏လက်ချက်ဖြင့်ကျဆုံးခဲ့ရ၏။ထိုအတွင်း ဘူးသီးတောင်မြို့သို့ ဦးဦးကျော်ခိုင်ပြောင်းရွှေ့ပေးခဲ့သော ခရိုင်ဝန်ရုံးအဖွဲ့ဝင် ကရင်တပ်စုသည် မြို့ပေါ်ရှိလူငယ်များကို စည်းရုံး၍ မြို့ကိုလာရောက်တိုက်ခိုက်သော ကုလားများအား အစွမ်းကုန်ခုခံကာကွယ်နေခဲ့ကြသည်။ အခြားတဖက်၌လည်း စစ်တွေမှ ဘူးသီးတောင်သို့စစ်ဘေးခိုလှုံရန်လိုက်ပါခဲ့သူအရပ်လူကြီးများနှင့်ဘူးသီးတောင်မြို့သားရခိုင်လူကြီးများပူးပေါင်း၍ အဖွဲ့ဝင်(၁၀)ဦးပါသောကိုယ်စားလှယ်များသည် ဘီအိုင်အေတပ်ဖွဲ့ခေါင်းဆောင်ဗိုလ်ရန်အောင်နှင့်စစ်တွေသို့သွားရောက်တွေ့ဆုံပြီး ကုလားအန္တရာယ်ကိုတင်ပြခဲ့ကြသည်။ ဗိုလ်ရန်အောင်သည် ထိုကာလ(၁၉၄၂–မေလ)၌ စစ်တွေမြို့ကိုသိမ်းပိုက်ထားပြီးဖြစ်သည်။ ဗိုလ်ရန်အောင်က "ဘီအိုင်အေတပ်မှာ ဗြိတိသျှတို့ကို တိုက်ထုတ်ပြီး စစ်တွေမြို့ကို သိမ်းယူရန်အဓိကဖြစ်ကြောင်း၊ဖြစ်ပွားဆဲလူမျိုးရေးအဓိကရုဏ်းတွင်ပါဝင်ရန်မသင့်ကြောင်း ဆွေးနွေးခဲ့သည်။ "(ပြည်နယ်ဖြစ်စဉ် ၊စာ–၄၀)

ထို့နောက် "အဓိကရုဏ်းပြေငြိမ်းရေးအတွက်နိုင်ငံရေးအရစည်းရုံးဖြေရှင်းနိုင်ရန် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှ ဦးသာဇံလှ နှင့် ဦးပညာသီဟ၊ မူဆလင်ဖက်မှ ရှေ့နေဦးဘိုးခိုင်နှင့် ဦးယာဆင်းတို့ပါဝင်သော ငြိမ်းချမ်းရေးအဖွဲ့ကို ဖွဲ့စည်းလျက်၊ ရသေ့တောင်မှတဆင့် ဘူးသီးတောင်သို့စေလွှတ်ခဲ့သည်။"(ပြည်နယ်ဖြစ်စဉ်– စာ –၄၀)

ထိုအဖွဲ့ ဘူးသီးတောင်သို့ရောက်စဉ် ဘူးသီးတောင်ကို ကုလားတို့သဲသဲမဲမဲတိုက်ခိုက်နေကြသည်။" ငြိမ်းချမ်းရေးအဖွဲ့ ဘူးသီးတောင်၌ရှိနေစဉ် ဗိုလ်ဂုန်အောင်တပ်မှ ဗိုလ်ဂုန်နောင်၊ ဗိုလ်မျိုးညွန့် တို့ခေါင်းဆောင်သော

တပ်စုတစ်စု ကားများဖြင့် မောင်တောသို့ချီတက်ပြီး လူထုအစည်းအဝေးကျင်းပကာ ငြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကထားပြီး တရားဟောခဲ့သည်။တရားပွဲပြီးလျှင် ထမင်းစားပွဲနှင့် ဧည့်ခံပြီးနောက် ဘီအိုင်အေတပ်ကို ကုလားများဝိုင်းဝန်းတိုက်ခိုက်သဖြင့်––– တပ်စုတစ်ခုလုံးကျဆုံးခဲ့ရသည်။ (ပြည်နယ်ဖြစ်စဉ် ၄၁)

ထိုဖြစ်ရပ်ကို စစ်တွေသို့သတင်းပို့ခဲ့သဖြင့် ဗိုလ်ရန်အောင်ကိုယ်တိုင် အခြေအနေကိုစုံစမ်းရန် တပ်ခွဲ(၂)ခုဖြင့် အောင်ဇေယျသင်္ဘောစီး၍ချီတက်လာခဲ့သည်။ “ ဘူးသီးတောင်သို့ရောက်ပြီးနောက် ဗိုလ်ရန်အောင်ကိုယ်တိုင်စုံစမ်းပြီး––– ကုလားကိုယ်စားလှယ်နှစ်ဦးတာဝန်မကင်းဟုယူဆသဖြင့် အဖွဲ့ဝင်နှစ်ဦးနှင့်မူဆလင်ကုလားများစွာကို ဖမ်းဆီးချုပ်နှောင်စစ်ဆေးပြီး အပြစ်မရှိဟုယူဆကာအားလုံးပြန်လွှတ်ခဲ့သည်။” (ပြည်နယ်ဖြစ်စဉ် ၄၁၊၄၂)

ဗိုလ်ရန်အောင်တပ်ဖွဲ့နှင့်ဘူးသီးတောင်သို့လိုက်ပါခဲ့ရသူ ဘုံပေါက်သာကျော်က ထိုအရေးအခင်းကို “ တော်လှန်ရေးခရီးဝယ်၊ ပထမတွဲ ” ၌ အောက်ပါအတိုင်းတင်ပြခဲ့သည်။

“ ဗိုလ်ရန်အောင်တပ်ထွက်၍နှစ်ရက်ခန့်တွင် ဘူးသီးတောင်မြို့ကို မပြတ်မလပ်အားစမ်းနေသောကုလားစစ်ပြေးများနှင့် လက်နက်ကိုင်မူဆလင်အမျိုးသားတို့သည် ဘူးသီးတောင်မြို့ကိုတောင်ပေါက်ဝမှနေ၍လာရောက်ပစ်ခတ်ကြသည်။ တောင်ပေါက်ဝတွင်တောင်ကုန်းများမှကျနစွာနေရာယူထားရာ၊ရန်သူများသည် အနည်းငယ်မျှသာပစ်ခတ်နိုင်ပြီး၊ ကျဆုံးသူများနှင့်ဒဏ်ရာရသူများကို ယူခါ ပြန်ဆုတ်သွား၏။ ကျနော်နှင့်ကိုးကိုက်ခန့်ကွာနေရာရှိတပ်သားတစ်ဦးကျည်ဆံထိခံလိုက်ရ၏။ကုလားရခိုင်လူမျိုးရေးအဓိကရုဏ်းတားဆီးရေးအတွက် ဗိုလ်ရန်အောင်နှင့်အတူ ဦးပညာသီဟနှင့်တကွ ရခိုင်မူဆလင်အမျိုးသားခေါင်းဆောင်၊အထက်တန်းရှေ့နေကြီးဦးဖိုးခိုင်နှင့်အထက်တန်းရှေ့နေ ဦးယာဆိန်းတို့ပါလာကြသည်။ယင်းပုဂ္ဂိုလ်များနှင့်အတူဗိုလ်ရန်အောင်နှင့်ကျနော်တို့ ကုလားရခိုင်လူမျိုးရေးအဓိကရုဏ်းအားတားဆီးရန်အစွမ်းကုန်ကြိုးစားကြသော်လည်း စနစ်တကျစီစဉ်ထားသော ကလိမ်ခြံမူဆလင်ခေါင်းဆောင်များလက်ထဲတွင်ဗိုလ်ရန်နောင်နှင့်ရခိုင်သားတစုသွေးအေးအေးနှင့်လုပ်ကြံသတ်ဖြတ်ခံကြရသည်။ (စာ–၉၂၊၉၃)

ဗိုလ်ရန်အောင်သည် အဓိကရုဏ်းမီးငြိမ်းရေးအတွက် အစွမ်းကုန်ကြိုးပမ်းနေစဉ် ရန်ကုန်စစ်ရုံးမှဘီအိုင်အေတပ်ကိုရုပ်သိမ်းရန်အမိန့်ရရှိသဖြင့်၊ဘူးသီးတောင်မှ ၁၉၄၂ ခုဇွန်လ(၂၆)ရက်နေ့တွင်ဆုတ်ခွာရန်စီစဉ်တော့သည်။ ထို့ကြောင့် ဘူးသီးတောင်မြို့သားများအထူးစိုးရိမ်ထိတ်လန့်ပြီး ဗိုလ်ရန်အောင်တပ်အသုံးပြုသော “ အောင်ဇေယျ ” သင်္ဘောနှင့်တွဲထားသည့် “မီးဝ ” သင်္ဘောသို့ထိန်းမနိုင်သိမ်းမရအလုအယက်တက်ကြတော့သည်။ ၄င်းသင်္ဘောကို မသမာသူတို့က ဖောက်ထားသဖြင့် ရေဒလဟောဝင်ပြီးနစ်မြုပ်သွားရာ လူ ၄၀၀ ခန့်သေဆုံးခဲ့သည်။ (ပြည်နယ်ဖြစ်စဉ် ၄၂)

ဗိုလ်ရန်အောင်သည် အဓိကရုဏ်းမီးငြိမ်းရေးအတွက်အစွမ်းကုန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ပဲ စစ်တွေသို့ ဆုတ်ခွာလာခဲ့ရသည်။ ထို့နောက် စစ်တွေ၊မင်းပြား၊မြောက်ဦး၊ကျောက်တော်စသော မြို့များတွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဝင် နိုင်ငံရေးခေါင်းဆောင်များကို ဦးစီးစေကာ မြို့ပြအုပ်ချုပ်ရေးအဖွဲ့များဖွဲ့ရန် လမ်းညွှန်စီစဉ်ပေးသည်။ စစ်ရေးကိုကား ဂျပန်များကပင် ဦးစီးချုပ်ကိုင်ထားလေသည်။

ဤသို့ဖြင့် လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားခဲ့သော ရခိုင်ပြည်မြောက်ပိုင်းမှာ တဖြည်းဖြည်းတည်ငြိမ်လာခဲ့၏။ရခိုင်ခေါင်းဆောင်တို့က ပေါက်တော၊မင်းပြား၊မြောက်ဦး၊ကျောက်တော်မြို့နယ်များရှိကုလားရွာများကို အကာအကွယ်ပေးခဲ့လေသည်။

ရခိုင်ရွာများမီးရှို့ခံရပြီး ရခိုင်လူမျိုးနှစ်သောင်းခန့်သေဆုံးခဲ့ရသော ဘူးသီးတောင်နှင့်မောင်တောမြို့နယ်များတွင်ကား ရခိုင်တို့နာလှန်မထူနိုင်အောင် အင်အားနည်းသွား၍တကြောင်း၊ ဂျပန်တို့က ဘူးသီးတောင်မြို့နယ်ကို ခြေကုတ်ယူထိန်းသိမ်းထား၍တကြောင်း ကုလားရခိုင်လူမျိုးရေးအဓိကရုဏ်းမီးကြီးမှာချုပ်ငြိမ်းသွားခဲ့တော့သည်။

ဤကြေကွဲဘွယ်လူမျိုးရေးအဓိကရုဏ်းကိုစာရင်းချုပ်လိုက်လျှင် ကျွန်ုပ်တို့ရခိုင်အမျိုးသားတို့အတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုများရှိခဲ့သည်။ (၁) အဓိကရုဏ်း၌ရခိုင်လူမျိုးနှစ်သောင်းခန့်အသက်ဆုံးရှုံးခဲ့ရသည်။ (၂) ဘူးသီးတောင်နှင့်မောင်တောမြို့နယ်မှ ရခိုင်ရွာများအားလုံးနှင့်ရသေ့တောင်မြို့နယ်မှ ရခိုင်ရွာအချို့မီးရှို့ဖျက်ဆီးခြင်းခံရသည်။ (၃) လူသေဆုံး၍ လယ်မြေများကို ပြန်လည်ထူထောင်မရဖြစ်ခဲ့ရသည်။ (၄)စစ်တကောင်းသားမူဆလင်များထပ်မံဝင်ရောက်နေထိုင်ခဲ့ကြသောကြောင့် မူဆလင်ဦးရေများသည်ထက်များလာခဲ့၍ ရခိုင်ရွာများပြန်လည်ထူထောင်မရဖြစ်ခဲ့ရသည်။

## အဓိကရုဏ်းအကျိုးဆက်မူဂျာဟစ်သူပုန်

ဇော်မင်းထွဋ်က အခန်း(၆) " မူဂျာဟစ်လှုပ်ရှားမှုပေါ်ပေါက်လာခြင်း " ခေါင်းစဉ်ငယ်ကို တင်ပြသောအခါ သုတေသီမိုရှေယေဂါစာအုပ်ကို ညွှန်း၍အဓိကအကြောင်းရင်း(၅)ချက်ရှိသည်ဟုမိုရှေယေဂါကဆိုခဲ့လေဟန် မိမိလိုရာဆွဲ၍အောက်ပါအတိုင်းတင်ပြထားသည်။

"––– **Moshe Yegar**၏အဆိုအရ မူဂျာဟစ်လှုပ်ရှားမှုပေါ်ပေါက်ရခြင်း၏အဓိကအကြောင်းရင်းများမှာ–

(၁) ရိုဟင်ဂျာများသည် ၁၉၄၂ ခုနှစ်တွင် စွန့်လွှတ်ခဲ့ရသော ရခိုင်ပြည်အတွင်းဘက်မြို့များရှိ ကျေးရွာများတွင် ပြန်လည်အခြေစိုက်နေထိုင်ခွင့်မရရှိခဲ့ခြင်း။

(၂) ဘင်္ဂလားရှိ ရောင်ပူရ်စခန်းသို့ ၁၉၄၂ ခုနှစ်လူမျိုးရေး အဓိကရုဏ်းမှတိမ်းရှောင်ခိုလှုံသွားသူများအနက် လူပေါင်း ၁၃၀၀၀(တစ်သောင်းသုံးထောင်)ကျော်ပြန်လည်ဝင်ရောက်ခွင့်မရရှိခဲ့ခြင်း။

(၃) ထွက်ပြေးသွားသူဒုက္ခသည်များ၏လယ်မြေဥစ္စာပစ္စည်းများသိမ်းဆည်းခံရခြင်း။

(၄) ဗြိတိသျှအစိုးရဝန်ထမ်းဖြစ်ခဲ့သူများအများအားဖြင့် အလုပ်ဖြုတ်ခံရခြင်း။

(၅) ဗြိတိသျှအစိုးရက ကတိပေးခဲ့သော ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမရရှိခဲ့ခြင်းတို့ဖြစ်သည်။ "(စာ ၆၇)

ဇော်မင်းထွဋ်က မိုရှေယေဂါပြောလေဟန်နှင့်တင်ပြခဲ့သော်လည်း အမှတ်(၁)၊(၂)၊(၃)တို့မှာ မူဂျာဟစ်သူပုန်တို့က ဖဆပလအစိုးရကိုယ်စားလှယ်အဖွဲ့နှင့် ၁၉၄၈ ဇူလိုင်လ၌ ငြိမ်းချမ်းရေးဆွေးနွေးကြစဉ်တင်ပြချက်များသာဖြစ်သည်။ အမှတ်(၄)နှင့်(၅)တို့သာ မိုရှေယေဂါ၏ သုတေသနပြုတွေ့ရှိချက်များဖြစ်သည်။ ဇော်မင်းထွဋ်က သူပုန်တို့တင်ပြချက်နှင့်မိုရှေယေဂါ၏တွေ့ရှိချက်များကိုရောမွှေကာ မိုရှေယေဂါ၏အာဘော်ဖြစ်လေဟန်လှည့်စားတင်ပြထားခြင်းဖြစ်သည်။

မူဂျာဟစ်သူပုန်ထရခြင်းနှင့်ပတ်သက်သောအခြေခံအကြောင်းရင်းများကို စာရှုသူတို့သိထားသင့်သောကြောင့် မိုရှေယေဂါ၏ သုတေသနပြုတွေ့ရှိချက်များကို ဘာသာပြန်၍ အောက်တွင်ဖော်ပြအပ်ပါသည်–

"–––မူဂျာဟစ်သူပုန်ထမှုသည် ရခိုင်ပြည်မြောက်ပိုင်း မောင်တော၊ဘူးသီးတောင်နှင့်ရသေ့တောင်မြို့နယ်၏ဒေသအချို့၌ဖြစ်ပွါးခဲ့၏။–––ဤနယ်မြေ၏လူဦးရေအများစုသည် မူဆလင်များဖြစ်၏။ဗြိတိသျှတို့စိုးမိုးစဉ်စီးပွါးရေး၊လူမှုရေးကိစ္စများကြောင့် ဗုဒ္ဓဘာသာနှင့်မူဆလင်တို့ကြား၌ မနှစ်မြို့မှုများတိုးပွါးခဲ့သည်။––– (ထိုအကြောင်းများ) စုပုံလာသောအခါ တင်းမာမှုများဖြစ်ခဲ့သည်။

၄င်းတင်းမာမှုသည်ဗြိတိသျှတို့ဆုတ်ခွါစဉ်နှင့် ဂျပန်တပ်များမရောက်သေးမီကာလ၌ ပေါက်ကွဲစေနိုင်သောအဆင့်သို့ရောက်ခဲ့လေသည်။ဗုဒ္ဓဘာသာလူများစုရှိသည့်ရခိုင်ပြည်တောင်ပိုင်း၌လူရမ်းကားအုပ်စုများသည်မူဆလင်ရွာများကိုတိုက်ခိုက်ကြ၏။ရွာသားများကိုအစုလိုက်အပြုံလိုက်သတ်ဖြတ်ကြ၏။---မူဆလင်များမြောက်ပိုင်းသို့သွန်ဆင်းပြေးခဲ့ရ၏။---ရခိုင်တို့အားလက်တုန့်ပြန်တိုက်ခိုက်သတ်ဖြတ်မှုမျိုးကို ( မောင်တော၊ဘူးသီးတောင်ရှိလူများစုမူဆလင်များက) ပြုလုပ်ကြသောကြောင့်၄င်းဒေသမှဗုဒ္ဓဘာသာများထွက်ပြေးခဲ့ရ၏။---ဤနည်းဖြင့်ရခိုင်ပြည်သည်သီးခြားဒေသနှစ်ခုအဖြစ်ပိုင်းခြားစေခဲ့သည်။တစ်ခုမှာ ဗုဒ္ဓဘာသာ၊အခြားတစ်ခုမှာမူဆလင်ဖြစ်၏။"(စာ-၉၅)

"ဂျပန်တို့သည် ရခိုင်ပြည်သို့ ၁၉၄၂-ခုနှစ်ကုန်သောအခါချဉ်းနင်းဝင်ရောက်ခဲ့၏။---၁၉၄၅-ခုထိအုပ်စိုးခဲ့ကြ၏။မူဆလင်အများစုသည် ဗြိတိသျှလိုလားသူများဖြစ်ကြ၏။သူတို့သည်နယ်စပ်အခြားတဘက်(ရခိုင်ဖက်)၌ကင်းထောက်ကြ၏။သူလျှိုလုပ်ကြ၏။သို့မဟုတ် မြေအောက်လှုပ်ရှားမှုများလုပ်ကြ၏။ဗြိတိသျှတို့သည်(မောင်တော၊ဘူးသီးတောင်)၌သူတို့၏ရပ်တည်ချက်ကို အင်အားတောင့်တင်းစေရန်နှင့်မူဆလင်လူ့အဖွဲ့အစည်း၏သစ္စာရှိမှုကို အားပေးရန်အတွက် မူဆလင်အမျိုးသားနယ်မြေထူထောင်ခွင့်ပြုမည်ဟုကြေငြာလေသည်။ထိုဒေသအားလုံးကို ၁၉၄၅-ခုနှစ်ဆန်း၌ ဗြိဆိသျှတို့သိမ်းပိုက်နိုင်ခဲ့၏။---

စစ်ပြီးနောက်နှင့် စစ်ပြီးနောက်ပိုင်းနှစ်များအတွင်း၌ ထိုဒေသ(မောင်တော၊ဘူးသီးတောင်)တွင် မူဆလင်ဦးရေမှာ အကြီးအကျယ်တိုးပွါးလာ၏။ ထိုဒေသ၌ အမြဲနေထိုင်ရန်ဝင်ရောက်လာကြသော၊စစ်တကောင်းသားတို့မှာ၊ဗြိတိသျှတို့နှင့်ဘဝါးခြေထပ်လိုက်ပါလာရ၍ ကျေးဇူးတင်ကြ၏။---***မြန်မာနိုင်ငံလွတ်လပ်ရေးရလာသောအခါမူဆလင်အရာရှိအရာခံများအလုပ်ဖြုတ်ခံရ၏။*** ထိုနေရာများ၌ ရခိုင်ဗုဒ္ဓဘာသာများကိုအစားထိုးခဲ့ကြ၏။၄င်းတို့သည်၊စွန့်ပစ်ထားခဲ့ရသော ရခိုင်ရွာပျက်များကို ပြန်လည်ထူထောင်ရန်ကြိုးပမ်းကြ၏။---***ဗြိတိသျှတို့ကတိပေးခဲ့သောနယ်မြေထူထောင်ခွင့်ရရှိရေးကိုမူဆလင်တို့ပြန်ပြောင်းသတိရလာကြ၏။***အစိုးရကိုအကြမ်းမဖက်ပဲဆန့်ကျင်လာကြ၏။မိမိပိုင်လယ်မြေကိုပြန်လည်အနေချရန်လာကြသောရခိုင်ရွာသားများကိုသပိတ်မှောက်ကြ၏။ရေနှင့်ရိက္ခာကင်းမဲ့စေရန်ပြုလုပ်ကြ၏။၄င်းတို့စိတ်ရှုပ်အောင်ဖြစ်နိုင်သမျှနည်းလမ်းများကိုလုပ်ကြ၏။အဆုံးစွန်၌ထိုရခိုင်ရွာသားများတောင်ပိုင်းသို့ပြန်သွားကြအောင်အနိုင်အထက်ပြုကြလေသည်။စစ်အတွင်း(ဗြိတိသျှနှင့်ဂျပန်တို့)စွန့်ပစ်ထားခဲ့ကြသောလက်နက်များကိုစွဲထားသည့်မူဆလင်လူဆိုးအဖွဲ့များလှည့်လည်ကြ၏။မူဆလင်များစွာတို့သည် မောင်တောဒေသကိုမြန်မာနိုင်ငံမှခွဲထွက်ရေးမျှော်မှန်းကြ၏။ကုလားတန်မြစ်နှင့်မယူမြစ်ကြား၌ မူဆလင်ပြည်နယ်ထူထောင်ရန် (သို့မဟုတ်) ပါကစ္စတန်နှင့်ပေါင်းရန်စိတ်ကူးကြ၏။---ရခိုင်မူဆလင်များသည် ပါကိစ္စတန်နိုင်ငံထူခောင်ခါနီး၌ ပါကိစ္စတန်နှင့်ပူးပေါင်းရေးကို ပါကိစ္စတန်ခေါင်းဆောင်အလီဂျင်နာ (Ali Jinnah) ထံစာရေး၍အကူအညီတောင်းကြ၏။(စာ-၉၆) ထိုစိတ်ကူးကိုရိုဟင်ဂျာတို့ကဦးစားမပေးကြချေ။အလီဂျင်နာက ထိုအကြံအစည်အားထောက်ခံသူတစ်ဦးမဟုတ်ကြောင်းကိုဗိုလ်ချုပ်အောင်ဆန်းအားအာမခံချက်ပေးလိုက်၏။၁၉၄၇-ခုဩဂုတ်လ၌ ပါကစ္စတန်လွတ်လပ်ရေးရလာသည့်တိုင်အောင်ထိုကိစ္စ၌မူဆလင်တို့အားအချိန်အတန်ကြာဖိနှိပ်ထားခဲ့၍ငြိမ်သက်နေခဲ့၏။သို့သော် ထိုလျှို့ထားသော(ပါကိစ္စတန်လိုလားသော)အချက်သည်၁၉၄၈-ခုဧပြီလတွင်အသစ်တစ်ဖန်လှုပ်ရှားလာ၏။ မော်လဗီတို့သည် မူဆလင်ဘာသာမဟုတ်သူရခိုင်တို့အား၊ဘာသာရေးစစ်ပွဲဆင်နွှဲရန်လှုံ့ဆော်ကြ၏။အချိန်တိုအတွင်း၌ပင်မူဂျာဟစ်တို့သည်ဘူးသီးတောင်မြို့နယ်တောင်ဘဇာရွာ၌ စုဝေးနိုင်ခဲ့ကြ၏။မူဂျာဟစ်တို့အားဖြိုခွင်းရန် လက်နက်တပ်ဆင်ထားသောရဲဘုတ်တစ်စီးကိုစေလွှတ်ခဲ့၏။ထိုရဲဘုတ်သည်၊ ဆီးကြိုပစ်ခတ်ခံရ၏။ ရဲများကျဆုံးခဲ့၏။ ဤတိုက်ခိုက်မှုသည် မူဂျာဟစ်သူပုန်ထမှုကိုအစပြုစေခဲ့လေသည်။"(စာ-၉၇)

မိုရှေယေဂါ၏ရေးသားချက်များကိုလေ့လာကြည့်လျှင်ဇော်မင်းထွဋ်တင်ပြခဲ့သောအချက်(၅)ချက်အနက် အမှတ်(၄) (၅) နှစ်ချက်သာ မှန်ကန်ကြောင်းတွေ့ရပါမည်။ ၄င်းအချက်များကိုသိသာအောင် စာလုံးမည်းအစောင်းဖြင့် ပြထားပါသည်။သို့ဖြစ်၍ ဇော်မင်းထွဋ်လုပ်ညည့်စားတင်ပြချက်များကိုဘေးဖယ်ပြီး၊မိုရှေယေဂါ၏သုတေသနပြုချက် များကိုချုပ်ကြည့်လျှင် ဤသို့ရနိုင်ပါသည်။

ဗြိတိသျှခေတ်၌ ၊ အိန္ဒိယနိုင်ငံသားများ တံခါးမရှိဒါးမရှိဝင်ရောက်ခဲ့မှုအကျိုးဆက်သည် ၊ မြန်မာ၊ရခိုင် တိုင်း ရင်းသားဗုဒ္ဓဘာသာများနှင့်၊ဧည့်သည်အိန္ဒိယသားတို့ကြား၌ စီးပွါးရေး၊လူမှုရေးကိစ္စများတွင် တင်းမာမှန်းတီးမှု များကို ဖြစ်စေခဲ့သည်။ ရခိုင်ပြည်တွင် ၊ စစ်အတွင်းကာလ၌ ၊ လူမျိုးရေးအဓိကရုဏ်းဖြစ်စေခဲ့ပြီး၊ မောင်တောနှင့် ဘူးသီးတောင်မှရခိုင်များထွက်ပြေးရကာ ၊ ၄င်းဒေသ၌မူဆလင်တို့အားလူဦးရေအသာစီးရစေခဲ့သည်။ဤသို့ဖြင့် ၄င်းဒေသသည် ဘိုးဘွားပိုင်ရခိုင်ပိုင်နက်ဒေသအဖြစ်မှ ဧည့်သည်မူဆလင်လူများစုလွှမ်းမိုးသောဒေသအဆင့်သို့ လျှော့ကျသွားခဲ့ရသည်။ ထိုအခြေအနေကိုအခွင့်ကောင်းယူ၍ ၊ မောင်တောနှင့်ဘူးသီးတောင်နယ်ကို မြန်မာနိုင်ငံမှ ခွဲထွက်ပြီး ပါကစ္စတန်နှင့်ပူးပေါင်းရန်ထကြွခဲ့ကြသည်။ ထိုအကြံဖြင့် မူဂျာဟစ်သူပုန်ထလာခဲ့ခြင်းဖြစ်သည်။ဤ သည်မှာ မိုရှေယေဂါ၏တင်ပြချက်မှရယူသောယေဘုယျအမြင်ဖြစ်ပါသည်။

မိုရှေယေဂါ၏ကျမ်း၌ အောက်ပါအချက်များကိုလည်း ဆက်လက်ဖေါ်ပြခဲ့သေးသည်။

“---မူဂျာဟစ်သူပုန်ထခြင်းသည်အချိန်တိုအတွင်း၌လျင်မြန်စွာပြန့်ပွါးသွားသည်။ အကြောင်းမှာ ဗဟိုအစိုးရသည် ရောင်စုံသူပုန်များကိုရင်ဆိုင်နေရ၍ဖြစ်သည်။---သတိရှိသောမူဆလင်ခေါင်းဆောင်တို့က သူပုန်တို့၏စည်းကမ်းမရှိသောအပြုအမူကိုရပ်တန့်ရန်ကြိုးပမ်းခဲ့သည်။ လူလက်တစ်ဆုပ်စာလုပ်ရပ်ဖြစ်ကြောင်း၊ မူဆလင်လူများစုမထောက်ခံကြကြောင်း၊သူတို့ကိုယ်တိုင် သူပုန်တို့ထံဒုက္ခခံနေရသူများဖြစ်ကြောင်း၊အစိုးရအား တင်ပြကြသည်။---အစိုးရသည် သူပုန်တို့နှင့်ဆွေးနွေးရန် ၁၉၄၈-ခု ဇူလိုင်လတွင်ကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ် ခဲ့သည်။” (စာ-၉၇)

“သူပုန်တို့က ၄င်းတို့သည် ရှေးရာစုနှစ်ပေါင်းများစွာက မူဆလင်တို့၏အဆက်အနွယ်ရခိုင်တိုင်းရင်းသား များဖြစ်ကြောင်း ၊ အိမ်နီးချင်းစစ်တကောင်းသားများနှင့် ဘာသာစကား ၊ ယဉ်ကျေးမှု ၊ လူမျိုးနွယ် ၊ ကိုးကွယ်မှုတို့ တူစေကာမူ ကွဲပြားခြားနားကြကြောင်း ၊ အယူသည်းရခိုင်တို့က မိမိတို့အားပါကစ္စတန်နိုင်ငံသားမူဆလင်တို့နှင့် တပုံစံတည်းပင်ဖြစ်သည်ဟု သတင်းလွှင့်ကြခြင်းသာဖြစ်ကြောင်း တင်ပြကြသည်။

(အစိုးရက) မူဆလင်တို့အားစစ်မှုထမ်းခွင့်မပြုခဲ့ချေ။ မူဆလင်ရုံးဝန်ထမ်း ၊ ရဲ ၊ ရွာသူကြီးတို့ကို ရခိုင်သားတို့အားအစားထိုးခန့်ထားခဲ့သည်။ ၄င်းရခိုင်တို့က မူဆလင်တို့အားမခံချင်အောင်ဆက်ဆံခြင်း ၊ မတူမတန်ခွဲခြားခြင်း ၊ သူတို့၏အကြီးအကဲများအား“ကုလား”ဟုဆက်ဆံပြီးသရော်ခြင်း ၊ ငွေအတင်းတောင်းခြင်း နှင့်လာဘ်ယူခြင်း ၊ စိတ်ထင်တိုင်းဖမ်းဆီးခြင်းတို့ကိုပြုလုပ်ကြသည်။---ရခိုင်တို့က ရိုဟင်ဂျာတို့မှာ ပါကိစ္စတန် လိုလားသူများ ပူးပေါင်းလိုသူများဖြစ်သည်ဟု စွပ်စွဲသတင်းလွှင့်ကြသည်။---***၁၉၄၂-ခုအဓိကရုဏ်းကာလ၌ မောင်းထုတ်ခံခဲ့ရသောမူဆလင်တို့အား မူလကျေးရွာများ၌ပြန်လည်အခြေစိုက်ရန်ခွင့်မပြုကြချေ။ စစ်အတွင်း ထွက်ပြေးခဲ့ရသောရိုဟင်ဂျာ ၁၃၀၀၀ တို့မှာ အိန္ဒိယနှင့်ပါကစ္စတန်ဒုက္ခသည်စခန်း၌ဆက်လက် နေထိုင်ကြရပြီးပြန်ခွင့်မရကြပေ။ ပြန်ခွင့်ရကြသူများမှာလည်း တရားမဝင်သောပါကစ္စတန် နိုင်ငံသား များအဖြစ်သတ်မှတ်ခံခဲ့ကြရသည်။*** (အဓိကရုဏ်းကာလ၌) ***၄င်းဒုက္ခသည်တို့၏ဥစ္စာပစ္စည်းနှင့် လယ်မြေများ ကို သိမ်းယူခံခဲ့ကြရသည်။*** မူဂျာဟစ်တို့သည် ဤကန့်ကွက်မှု ၊ ညည်းတွားမှုများအတွက်အဖြေ တစ်စုံတစ်ခု မျှမရကြသည့်နောက်မှသာလက်နက်ကိုင်ကြခြင်းဖြစ်လေသည်။---တွေ့ဆုံဆွေးနွေးမှုများမအောင်မြင်ခဲ့ချေ။(စာ- ၉၈)

မိုရှေယေဂါ၏အထက်မှတ်တမ်း၌အမည်းရောင်ဖြင့်စောင်းထားသောဝါကျများမှာ ဖော်မင်းထွင့်ဖော်ပြခဲ့သော အချက်(၁)(၂)(၃)တို့ဖြစ်ပါသည်။ထိုအချက်များသည် မူဂျာဟစ်တို့တောင်းဆိုသောအချက်များဖြစ်ကြောင်းစာရှုသူတို့တွေ့ကြပါမည်။ထိုအချက်များကို မိုရှေယေဂါ၏အဆိုဖြစ်လေဟန်ဖော်မင်းထွင့်ကလှည့်စားရေးခဲ့ခြင်းဖြစ်ပါသည်။

သုတေသီမိုရှေယေဂါ၏တင်ပြချက်များကိုလေ့လာကြည့်လျှင် တိုင်းရင်းသားဗုဒ္ဓဘာသာနှင့်ဇည့်သည်မူဆလင်များစစ်အတွင်း၌ အဓိကရုဏ်းဖြစ်ခြင်း ၊ မူဆလင်များကလူဦးရေအသာစီးရသွားကာ ရခိုင်တို့၏ဘိုးဘွားပိုင်မြေကိုအပိုင်စီးလိုခြင်း ၊ အလိုမပြည့်သောအခါဘာသာရေးကိုခုတုံးလုပ်ပြီး မူဂျာဟစ်သူပုန်ထခြင်းစသော အရေးအခင်းတို့သည် ဗြိတိသျှနယ်ချဲ့တို့၏တံခါးမရှိ ဒါးမရှိလူဝင်မှုဝါဒမှမြစ်ဖျားခံလာသော ပြဿနာများဖြစ်ကြောင်းတွေ့ကြရပါမည်။

## မူဂျာဟစ်အပေါ်ရခိုင်သုတေသီတို့အမြင်

မိုရှေယေဂါ၏သုတေသနပြုချက်များကိုဖတ်ရှုပြီးနောက် မူဂျာဟစ်သူပုန်ထခြင်းကိစ္စကို ရခိုင်သုတေသီတို့က မည်သို့မြင်ကြပါသလဲ။စာရှုသူတို့သိအောင်အနည်းငယ်တင်ပြပါမည်။ ဦးစွာ"ခင်ကြီးဖျော်"၏သုတေသနတင်ပြချက်များကိုလေ့လာကြည့်ကြပါမည်။ ခင်ကြီးဖျော်က"ရခိုင်တန်ဆောင်မဂ္ဂဇင်း"(၁၉၅၃)၌ ဤသို့ဖော်ပြထားပါသည်။

"---မူဂျာဟိန်းဆိုသည်မှာပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ရခိုင်အမျိုးသားများအား လက်နက်ကိုင်၍တိုက်ခိုက်ရန် လျှို့ဝှက်ဖွဲ့စည်းထားသော မူဆလင်သူပုန်တပ်ဖွဲ့ကိုခေါ်ဆိုလေသည်။ မူဂျာဟိန်းသူပုန်ဖြစ်ပေါ်လာပုံမှာ၊ မောင်တောမြို့တွင် မူဆလင်အမျိုးသားများတည်ထောင်သော"ဇူမီယာတူအူလာမာ"အသင်းတစ်သင်းရှိခဲ့၏။ ဤအသင်း၏အကြံဉာဏ် ၊ မူဆလင်အရာရှိအချို့၏ကူညီမှုနှင့်မူဆလင်များသည် ၁၉၄၇-ခုနှစ်တွင် မူဂျာဟစ်သူပုန်အဖွဲ့တစ်ဖွဲ့ကိုထူထောင်ခဲ့ကြလေသည်။

၎င်းတို့၏ရည်ရွယ်ချက်မှာ မောင်တော ၊ ဘူးသီးတောင်နှင့် ရသေ့တောင်နယ်များကိုပြည်ထောင်စုမြန်မာနိုင်ငံမှခွဲထွက်ပြီး ၊ ပါကိစ္စတန်နှင့်ပူးပေါင်းနိုင်အောင်မြန်မာအစိုးရနှင့်ရခိုင်တို့အားလက်နက်ကိုင်တောင်းဆိုနိုင်အောင်ဖြစ်လေသည်။ မူဂျာဟိန်းတပ်ဖွဲ့သည် ဇမီယာတူအူလာမာအသင်း၏ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ရ၏။ ၎င်းအသင်းက ၁၉၄၂-ခု ကုလား ရခိုင်အဓိကရုဏ်းအပြီး၌ ကုလားတို့မတရားပိုင်ဆိုင်ထားသောလယ်မြေများမှ သီး စားခများကို မူဂျာဟိန်းအထွေထွေကိစ္စများအတွက်ကောက်ခံခဲ့သည်။ ထို့ပြင်၎င်းအသင်းဝင်တို့နှင့် အချို့သောအစိုးရအမှုထမ်းမူဆလင်များထံမှ ရခိုင်ဗုဒ္ဓဘာသာများနှင့်မြန်မာအစိုးရကိုတိုက်ခိုက်ရန်လက်နက်ဝယ်မည်ဟုဝါဒဖြန့်ပြီး ၊ ငွေအမြောက်အမြားစုဆောင်း၍ လက်နက်ခဲယမ်းများဝယ်ခဲ့ကြသည်။ ငွေကောက်ခံရာ၌လူကြားကောင်းအောင် စာသင်ကျောင်းများအတွက်ရံပုံငွေစုအကြောင်းပြကြသည်။တကယ်လည်းလူမြင်ကောင်းအောင် (၁၃)ကျောင်းကိုတည်ထောင်ဖွင့်လှစ်ခဲ့ကြသည်။ ထိုစာသင်ကျောင်းများကို"အာရ်ဘာသာစာသင်ကျောင်း"ဟုမူဆလင်ဘာသာဖြင့်ခေါ်ကြသည်။ဘာသာသာသနာစာသင်ကျောင်းများဟုအဓိပ္ပါယ်ရသည်။

ထိုအသင်း၏ဆုံးဖြတ်ချက်အရ အာရ်ဘာသာစာသင်ကျောင်းများဖွင့်လှစ်နိုင်အောင်မောင်တောနယ်မှ မော်လဗီ"အာဇီဇာရော်မန်" ၊ မော်လဗီ"ယူဆုတ်"တို့က အိန္ဒိယပြည် ပေရှဝါမြို့နေ မူဆလင်သာသနာဂိုဏ်းအုပ်"မုလနာမူဟာမတ်မူဇဟတ်ခန်"နှင့်"မူလနာအီဗြာဟိန်း"တို့ကိုသွားရောက်ပင့်ခေါ်ကြသည်။ ၎င်းတို့ရောက်လာပြီးမောင်တောနယ်"ဒူလာရာ"ရွာ အာရ်ဘာသာစာသင်ကျောင်း၌ ၁၉၄၇-ခု ဒီဇင်ဘာလအတွင်းတွင် စည်းဝေးဆွေးနွေးကြသည်။

ထိုအစည်းအဝေးတွင် အာရ်ဘာသာစာသင်ကျောင်းများ၌ အာရ်ဗီဘာသာနှင့် အူရ်ဒူစာကိုသင်ရန် ၊ မြန်မာစာကိုလုံးဝမသင်ရန် ၊ မြန်မာအစိုးရကကန့်ကွက်လျှင် မူဆလင်တို့တညီတညွတ်တော်လှန်ကြရန်ဆုံးဖြတ်ချမှတ်ပေးခဲ့သည်။

သူပုန်တပ်ဖိုလ်များအဖြစ် (၁)ဇာဖါဟူဆိန်း (၂)ဒူဒူမျာ (၃)မဟာမတ်ဆင်(ခေါ်)အိုစင်အူလာနှင့်တပ်သားတို့အား ခန့်ထားပြီး "မူဂျာဟိန်းလိဂ်"ဟူ၍အမည်ပေးဖွဲ့စည်းပေးခဲ့သည်။မြန်မာအစိုးရကိုတိုက်ခိုက်မည့်အခါ မူဂျာဟိန်းတပ်သားတို့လိုက်နာရန် ညွှန်ကြားလွှာများသည် ဇူမီယာတူအူလာမာ အသင်းသို့ရောက်၍ သူပုန်တို့အားဝေငှပေးကြသည်။ ၎င်းညွှန်ကြားလွှာပုံစံ(၁)ကို မောင်တောနယ်အရှေ့ခမောင်းဆိပ်ရွာသူကြီး "အဒူဝါလီ" ထံမှရရှိ၍ သက်ဆိုင်ရာအစိုးရအမှုထမ်းတို့က ၁၉၄၈–ခု ၊ ဧပြီလ(၁၁)ရက်နေ့ ၊ ဒိုင်ယာရီနံပါတ်(၁၁/၄၈)အရ ပေးပို့ထားပြီးဖြစ်သည်ဟုလည်းကြားသိရပါသည်။

ထို့ပြင် ဇူမီယာတူအူလာမာ အသင်းလူကြီးတိုသည် ၁၉၄၈–ခုဧပြီလ(၁၄)ရက်နေ့တွင် မူဂျာဟစ်သူပုန်တို့ကို နှိမ်နင်းရန်အကြောင်းပြပြီး ၊ မောင်တောမြို့ ဖဆပလ ကော်မတီကိုလက်ဝါးကြီးအုပ်ရန်အတွက်၊ ၎င်းကော်မတီ၌ မူဆလင်လူကြီးများထည့်သွင်းရန်အစည်းအဝေးတစ်ရပ်ကို ကညင်တန်းရွာစာသင်ကျောင်း၌ကျင်းပဆုံးဖြတ်ခဲ့ကြပြန်သည်။ ယခု ဖဆပလ ကော်မတီ၌ အချို့မူဆလင်များဝင်ရောက်လုပ်ကိုင်နေခြင်းမှာလည်း ဤစံနစ်ဤသဘော အတိုင်းပင်ဖြစ်သည်ဟုဆိုနိုင်ပေသည်။

၁၉၄၈–ခု ဇွန်လအတွင်းတွင် ဘီအေအာမွှော်များနှင့် ဇဟာဟူစိန်တို့က မူဂျာဟိန်းအစိုးရအမည်တပ်၍ဘင်္ဂါလီ စာဖြင့်တစ်မျိုး ၊ အူရ်ဒူစာဖြင့်တစ်ဖုံ ၊ ကြော်ငြာစာရွက်များဖြင့်ဖြန့်ချီကြသည်။၎င်းစာရွက်များတွင် မြန်မာနိုင်ငံတော် အစိုးရအား ၎င်းဘာသာအယူအဆအရ "ပါပမင်း"ဟုဆို၏။ထို့ကြောင့် ပါပမင်းနှင့် ပါပလူမျိုးအုပ်ချုပ်၍ အရပ်ရပ် မူဆလင်တို့အားချုပ်ချယ်ခြင်းမှလွတ်မြောက်အောင် အားလုံးသောမောင်တော ၊ ဘူးသီးတောင်နှင့် ရသေ့တောင်နယ်ရှိ မူဆလင်တို့သည် မူဂျာဟိန်းတို့နှင့်တညီတညွတ်တည်းရင်ဘောင်တန်းလျက် ထကြွတိုက်ခိုက်ကြရန်တိုက်တွန်း ကြောင်းပါရှိလေသည်။" (စာ–၂၃၊၂၄၊၂၉)

သုတေသီခင်ကြီးဖျော်၏ မူဂျာဟိန်းပေါ်ပေါက်လာပုံနှင့်လှုပ်ရှားပုံများကိုတင်ပြပြီးနောက် ၊ ရခိုင်နိုင်ငံရေး ခေါင်းဆောင် ဘူးသီးတောင်ဇာတိ ဦးစံထွန်းအောင်၏ ကိုယ်တွေ့မှတ်တမ်းတွင်လည်း၊ မူဂျာဟစ်နှင့်ပတ်သက်၍ မိမိ၏အတွေ့အကြုံကိုမှတ်တမ်းတင်ခဲ့ရာ စာရှုသူတို့လေ့လာနိုင်အောင် လိုရင်းကောက်နှုတ်၍ အောက်တွင်ဖော်ပြ အပ်ပါသည်။

"မဟာမတ်နှင့်မူစတာဘီ (နောက်ကာလ၌မူဂျာဟစ်ဗိုလ်)တို့ခေါင်းဆောင်သောဘောင်းဘီနက် အင်္ကျီနက် ဆင်တူဝတ်ထားသောလူငယ်တစ်စုသည် ၁၉၄၇–ခု ၊ မေလ ပထမသီတင်းပတ်တစ်နေ့တွင် နံနက် (၁၁)နာရီအချိန် ခွဆုံရွာရဲကင်းရှေ့မှစီတန်းလမ်းလျှောက်ကာ "ပါကိစ္စတန်ဇိန်ဒဘတ်"ဟူသောကြွေးကြော်သံကို ကြွေးကြော်သွားကြ လေသည်။ဤသည်မှာ သူတို့ရည်ရွယ်ချက်ကိုဖော်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။ထို့နောက်ကျေးရွာပေါင်းများစွာမှ ကိုယ်စားလှယ်များပါဝင်သောအစည်းအဝေးကြီးကျင်းပလျက် လက်နက်ကိုင်တော်လှန်ရန်ဆုံးဖြတ်ပြီးနောက် လက်နက်ကိုင်သူပုန်အဖွဲ့၏ဗဟိုဌာနကို ဘူးသီးတောင်မြို့အရှေ့တောင်ဘက်(၇)မိုင်ခန့်ကွာသော ဒပြုချောင်းရွာ၌ သတ်မှတ်လိုက်ကြလေသည်။

ပတ်ဝန်းကျင်ကျေးရွာများ၏အကူအညီဖြင့် ၊ အဖွဲ့သားများနေရန်တန်းလျားများစွာကို ရုတ်ချင်းလုပ်နိုင်ခဲ့ လေသည်။

ထိုနေရာမှဗဟိုစခန်းပြု၍ပတ်ဝန်းကျင်ကျေးရွာများကိုသွားရောက်စည်းရုံးကြလေသည်။ အဆိုကျော် ဇာဖေါရ်ကာဝါလ် သည် ဗမာတစ်ပြည်လုံးလှည့်လာသူဖြစ်သည့်အပြင် ဆွေကြီးမျိုးကြီးမှပေါက်ဖွါးလာသူဖြစ်၍ ဥက္ကဌ ဖြစ်လာရာ သူ၏စည်းရုံးရေးစွမ်းရည်ကြောင့်သာလွယ်ကူစွာကြီးမားလာလေသည်။

မြို့ပေါ်လူကြီးလူကောင်းအမည်ခံတစ်ချို့ကလည်း မငြိမ်မသက်အိမ်နေ့မှုမဆည်နိုင်။ဒပြုချောင်းသို့သွားလိုက် ၊ မြို့သို့ပြန်လာလိုက်ဖြစ်နေပေသည်။ဗြိတိသျှတို့စွန့်ပစ်ထားခဲ့သော လက်နက်ကျည်ဆံများစွာ ရွာတိုင်းတွင်ရှိနေရာ လက်နက်ကိုင် (၂၇၀၀) နှစ်ထောင့်ခုနှစ်ရာထိ လွယ်ကူစွာဖွဲ့စည်းနိုင်ခဲ့လေသည်။

ဘူးသီးတောင်မြို့နယ်၌ မူဂျာဟစ်လှုပ်ရှားလာသောအခါ မောင်တောမြို့နယ်အလယ်သံကျော်ရွာတွင်နေသော ဂျမီယတ္တုအူလမာအဖွဲ့ ၊ အတွင်းရေးမှူး ဆရာဒူဒူမျာသည် လက်နက်ကိုင် (၃၀၀)ကျော်ဖြင့် မူဂျာဟစ်အဖွဲ့သို့ဝင်ရောက်လာလေသည်။ဂျမီယတ္တုအူလမာအဖွဲ့သည်အမည်အားဖြင့် ဘာသာရေး အမည်ဖြစ်သော်လည်း နိုင်ငံရေး၌ဦးစီးဆောင်ရွက်နေသောအဖွဲ့ဖြစ်၍ အမတ်လောင်းရွေးချယ်ခြင်း ရွေးကောက်ပွဲတွင်ဝင်ရောက်ခေါင်းဆောင်ဝါဒဖြန့်ချိခြင်း ၊ မဲဆွယ်ခြင်း ၊ နိုင်ငံရေးဆုံးဖြတ်ချက်များချမှတ်ခြင်း တို့ကိုပြုလုပ်ခဲ့လေသည်။

ဤကိစ္စကိုထိုစဉ်က ရဲစခန်းမှူးဖြစ်၍ ၊ နောက်ကာလ၌ ပါလီမန်အမတ်ဖြစ်ခဲ့သောမစ္စတာအဘိုခိုက်နှင့် ကျွန်ုပ်ဆွေးနွေးခဲ့ဘူးသည်။ ၄င်းကဗြိတိသျှတို့မြန်မာနိုင်ငံသို့ပြန်ဝင်လာစဉ် မူဆလင်များ၏အကူအညီကိုလို၍ ဗြိတိသျှတို့ကအားပေးခဲ့ရာမှ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ၊ မြန်မာနိုင်ငံကိုပြန်လည်သိမ်းပိုက်ပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ရေးရသောမူဆလင်ပြည်နယ်ပေးမည်ဟုပြောခဲ့ဖူးကြောင်း ၊ ထိုအစွဲအလမ်းရှိခြင်း ၊ ရခိုင်မူဆလင်အဓိကရုဏ်းဖြစ်ဘူးခြင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟုပြောဘူးပါသည်။ ထို့ကြောင့် မူဂျာဟစ်သောင်းကျမ်းမှုသည် ဂျမီယတ္တုအူလမာအဖွဲ့နှင့်မသက်ဆိုင်ဟုဆိုရမည်မှာ ယုတ္တိမတန်သောစကားမျှသာဖြစ်ပေမည်။

"ကျွန်ုပ်သည် ဘူးသီးတောင်မြို့ကို မူဂျာဟစ်ဝိုင်းထား၍ ရက်ပေါင်း (၄၀)ကျော်တိုက်ခိုက်နေစဉ် မြို့စောင့်အပျော်ထမ်းတပ်၏ ခေါင်းဆောင်မျှသာမဟုတ် ၊ တစ်မြို့လုံး၏လုံခြုံရေးအတွက်တာဝန်ခံတစ်ဦးလည်းဖြစ်နေခဲ့ပေသည်။ ဘူးသီးတောင်ကိုတိုက်ခိုက်ရန်ချီတက်လာသော မူဂျာဟစ်တပ်ရှေ့မှ ပါကိစ္စတန်အလံကိုင်လျက်ခေါင်းဆောင်ချီတက်လာသော မူဆလင်လူကြီးများကို မျက်စေ့ဖြင့်တပ်တပ်ထင်ထင်မြင်ခဲ့ဘူးပါလေပြီ။ မြို့တွင်းမှလည်းလိုအပ်သောပစ္စည်းများကို ကူညီပေးပို့နေသည်ဟုလည်းသိရပြန်ရာ သတိကြီးစွာနှင့်စောင့်ရှောက်နေရလေသည်။"

မူဂျာဟစ်တို့သည် ဘူးသီးတောင်မြို့နယ်မြောက်ပိုင်းမှ ဘူးသီးတောင်မြို့ကိုတိုက်ခိုက်ရန်ဆင်းလာစဉ် ရွာတိုင်း ရွာတိုင်းမှ ဗိုလ်ရှူကူရ်နှင့် ဇာဖေါ်ကာဝါရ်တို့အားကြိုဆိုချီးကျူး ၊ ပန်းကုံးစွပ်ခြင်းများပြုကြသည်။ "ပါကိစ္စတန်ဇိန်ဒဘတ်"ဟူသော ကြွေးကြော်သံများမှာလည်း ပွဲတင်ထပ်မျှဆူညံသွားသည်ဟုသိရပေသည်။ ဤကားနယ်သူနယ်သားမူဆလင်လူထု၏ ဆန္ဒကြီးတစ်ရပ်ဟုယူဆဖွယ်မဟုတ်ပါလား ။

ပါကစ္စတန်သို့ကိုင်းညွတ်သောဤလူများသည်အဘယ်မှာမြန်မာနိုင်ငံကိုမြတ်နိုးနိုင်ပါမည်နည်း။ ထို့ပြင် မူဂျာဟစ်တို့သည် ပါကစ္စတန်ပြည်ပမှ ကြိုးကိုင်နေသောသူများ၏ညွှန်ကြားချက်မှပြင်ပသို့မထွက်နိုင်ချေ။" (ကိုယ်တွေ့မေယုမြေ ၊စာ–၁၀၊၁၁၊၁၂)

ဦးစံထွန်းအောင်၏ကိုယ်တွေ့မှတ်တမ်းနှင့်အထက်ခင်ကြီးဖျော်၏သုတေသနပြုချက်တို့ကိုအချုပ် သဘောသုံးသပ်ရလျှင်၊ မူဂျာဟစ်တို့၏ရည်ရွယ်ချက်သည် မောင်တော၊ ဘူးသီးတောင်၊ရသေ့တောင်နယ်များကို သီးခြားမူဆလင်ပြည်နယ်ထူထောင်နိုင်အောင် မြန်မာနိုင်ငံတော်အစိုးရနှင့်ရခိုင်လူမျိုးတို့ကို တိုက်ခိုက်ရန်ဖြစ်ပေသည်။ မူဆလင်ပြည်နယ်ထူထောင်နိုင်သောအခါ နောက်တဆင့်၌ ၄င်းနယ်ကိုမြန်မာနိုင်ငံမှခွဲထုတ်ပြီး ပါကစ္စတန်နှင့်ပူးပေါင်းရန်လည်းရည်ရွယ်ထားပေသည်။

ဦးစံထွန်းအောင်နှင့်ခင်ကြီးဖျော်တို့၏တင်ပြချက်တို့သည် တကယ့်ဖြစ်ရပ်မှန်များဖြစ်သောကြောင့် စာရေးဆရာကြီးမောင်ထင်နိုင်ငံသိတင်ပြခဲ့သော အချက်များနှင့်လည်း သဘောအားဖြင့်ထပ်တူဖြစ်နေကြောင်းသုံးသပ်တွေ့ရှိရပါသည်။ ဆရာကြီး၏တင်ပြချက်ကို စာရှုသူတို့လေ့လာနိုင်အောင်အောက်တွင်ကောက်နှုတ်တင်ပြလိုက်ပါသည်။

## ဆရာကြီးမောင်ထင်၏အမြင်

"––– နိုင်ငံရေးဖွဲ့စည်းရာ၌ အားရနှစ်သိမ့်ခြင်းမရှိကြသောအချိန်တွင် မြန်မာနိုင်ငံ၌ ရဲဘော်ဖြူကွန်မြူနစ်တို့သည် တောခိုကြလေသည်။ဤတောခိုသောဂယက်သည်ရခိုင်တိုင်းကိုအကြီးအကျယ်ရိုက်လေသည်။ ထိုအခါ မူဂျာဟစ်လှုပ်ရှားသည်လည်းရောင်တော်ပြန်နှင့်အတူရောစွ၍လွတ်လေသည်။ စစ်ပြီးခေတ် စစ်တကောင်းသားတို့၏ ဝါဒသည် နတ်မြစ်တဘက်ကမ်းရှိ မယူတောင်တန်းဒေသနှင့်ကုလားပန်ဇင်းမြစ်ဝှမ်းဒေသတို့ကို နယ်သစ်အဖြစ်ဖြင့် အခြေစိုက်ရန်ဟူသောဝါဒဖြစ်သည်။ ၎င်းဝါဒကိုသွေးထိုးပေးသောသူမှာ ရခိုင်တိုင်းတွင်နှစ်ပေါင်းများစွာနေထိုင်သွားခဲ့သော စစ်တကောင်းအမျိုးသားတစ်ဦးဖြစ်သည်။ ၎င်းသည်၎င်း၏တိုင်းရင်းသားအားလုံးတို့ လူလုံးလူရင်းနှင့်ချီတက်၍ အခြေစိုက်ရန်ပြင်ဆင်ထားခဲ့ရာ၊ မြန်မာနိုင်ငံလွတ်လပ်ရေးရသည်ဟုဆိုသည်နှင့်တပြိုင်နက်၎င်းတို့၏ပြင်ဆင်ချက်တို့သည် တမျိုးတဖုံဖြစ်လာခဲ့လေသည်။ထိုအချိန်၌ မြန်မာနိုင်ငံအစိုးရသည်လည်းလူဝင်လူထွက်ပြဿနာကို အထူးဂရုစိုက်ကြည့်ကြပ်လာခဲ့ရလေသည်။ ထို့ကြောင့်ရခိုင်တိုင်းထဲသို့စစ်တကောင်းလူမျိုးများအလွယ်တကူဝင်ထွက်သွားလာရန် မဖြစ်နိုင်သောအခါ၊ အဆိုပါစစ်တကောင်းအမျိုးသားသည် ဒက္ကာမြို့မှနေ၍ မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင်သော ဝါဒဖြန့်ချက်တို့ကို သတင်းစာအသီးသီးတွင် လုံ့ဆော်ပေးခဲ့လေသည်။ နောင်သောအခါ ထိုမူဂျာဟစ်လှုပ်ရှားမှုသည် တဖြည်းဖြည်းကြီးကျယ်လာပြီးလျှင် သူပုန်ခေါင်းဆောင်ကာဆင်သည်လည်း နာမည်ကြီးဘို့ရာဖြစ်လာခဲ့လေသည်။"(စာ–၅၈)

ဆရာကြီးမောင်ထင်၏အထက်တင်ပြချက်၌ "စစ်ပြီးခေတ်စစ်တကောင်းသားတို့၏ဝါဒသည် နတ်မြစ်တဖက်ကမ်းရှိမယူတောင်တန်းဒေသနှင့်ကုလားပန်းဇင်းမြစ်ဝှမ်းဒေသ(မောင်တောနှင့်ဘူးသီးတောင်)တို့ကို နယ်သစ်အဖြစ်ဖြင့် အခြေစိုက်ရန်ဟူသောဝါဒဖြစ်သည်။" ဆိုသောစကားသည် သုတေသီခင်ကြီးပျော်တင်ပြခဲ့သော"မောင်တော၊ဘူးသီးတောင်နှင့်ရသေ့တောင်နယ်များကိုမြန်မာနိုင်ငံမှခွဲထုတ်ပြီး ပါကစ္စတန်နှင့်ပူးပေါင်းနိုင်အောင်–– ဖြစ်လေသည်။" ဟူသောစကားနှင့်တထပ်တည်းဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦးကြိုတင်ညှိနှိုင်းခြင်းမရှိပဲ အမြင်ချင်းတူညီနေကြသည်။ ၎င်းတို့နှစ်ဦးအမြင်သည် မူဂျာဟစ်သူပုန်ကိစ္စ ကိုယ်တွေ့မှတ်တမ်းရေးခဲ့သူ ဦးစံထွန်းအောင်၏တင်ပြချက်နှင့်လည်းတသဘောတည်းဖြစ်ကြောင်းတွေ့ရသည်။

ချုပ်လိုက်လျှင် ထိုပုဂ္ဂိုလ်သုံးဦးလုံးသည် ဗြိတိသျှခေတ်၌ တံခါးမရှိဒါးမရှိဝင်ရောက်ခဲ့ကြသော စစ်တကောင်းသားမူဆလင်များက တိုင်းရင်းသားရခိုင်တို့ထက် လူဦးရေအသာစီးရသွားသည်ကို လက်နက်သဘွယ်အသုံးချ၍ နယ်သစ်ထူလိုသောရည်မှန်းချက်ရှိကြောင်းမီးမောင်းထိုးပြခဲ့ကြသည်ဟု သုံးသပ်ရပါသည်။ ထိုနယ်သစ်ကို ပါကစ္စတန် နိုင်ငံနှင့်ပူးပေါင်းလိုသော ရည်မှန်းချက်ရှိကြောင်းကိုလည်းမြန်မာနိုင်ငံသားများသိအောင် ကြိုတင်သတိပေးခဲ့ကြသည်ဟုလည်း ဆိုနိုင်ပါသည်။

စစ်တကောင်းသားမူဆလင်တို့သည် မိမိတို့၏နယ်သစ်ထူလိုသော နိုင်ငံရေးရည်မှန်းချက်ကို"မူဂျာဟစ်"(ဘာသာရေးသူရဲကောင်း) မျက်နှာဖုံးစွပ်၍ လက်နက်ကိုင်တိုက်ခိုက်အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။

၉၂

# မူဂျာဟစ်ကို “ ရိုဟင်ဂျာမျိုးချစ်များ ” တဲ့

ဇော်မင်းထွဋ်သည်မိုရှေယေဂါကျမ်းကို ကိုးကား၍မူဂျာဟစ်သူပုန်ထရခြင်းအကြောင်းရင်းကိုတင်ပြသောအခါ မိမိလိုရာဆွဲပြီးလည်ပတ်ရေးသားခဲ့ပုံတို့ကို အထက်တွင်ဖေါ်ထုတ်တင်ပြခဲ့ပါပြီ။ဆက်လက်၍ သူပုန်များပြိုကွဲကျဆုံးခဲ့ရပုံနှင့်ပတ်သက်သောကိစ္စများ၌ ဇော်မင်းထွဋ်ကမူဂျာဟစ်တို့အား“ရိုဟင်ဂျာမျိုးချစ်”များ အဖြစ်ဂုဏ်ယူခဲ့ပုံ ၊ မူဂျာဟစ်တို့ပြိုကွဲခဲ့ရမှုမှာလည်း“ရိုဟင်ဂျာရဲအုပ်များ”တိုက်ခိုက်ခဲ့၍သာဖြစ်သည်ဟုဆိုခဲ့ပုံတို့ကို တင်ပြပြီး ၊ သူ့အဆိုများခိုင်မာမှုရှိမရှိကိုလည်း သုတေသီမိုရှေယေဂါကျမ်းနှင့်ချိန်ထိုးစိစစ်သွားပါမည်။

ဇော်မင်းထွဋ်က မူဂျာဟစ်လှုပ်ရှားမှုပေါ်ပေါက်ရခြင်း၌အရေးကြီးသောအကြောင်းအရာအချို့မှာ“--- ၁၉၄၂-ခု မူဆလင်ရခိုင်အဓိကရုဏ်း၏ဒဏ်ရာဒဏ်ချက်များကြောင့်စိုးရိမ်ကြောင်းကြစိတ်ရှိနေခြင်း ၊ ရခိုင်အမျိုးသားတို့တွင် မြေအောက်လက်နက်ကိုင်အဖွဲ့အစည်းများရှိနေခြင်းတို့ကြောင့်ဖြစ်သည်။ရိုဟင်ဂျာများက ၄င်းတို့တွင်လက်နက်ကိုင်အဖွဲ့အစည်းမရှိပါက ၁၉၄၂-ခုနှစ်ကကဲ့သို့ ဆုံးရှုံးနစ်နာမှုများနှင့်ရင်ဆိုင်ရဖွယ်ရှိသည်ဟု အယူအဆဝင်နေခဲ့သည်။ ဤမူဂျာဟစ်လှုပ်ရှားမှုကို ကဝါလ်ဂျာဝေါရ် ၊ ဦးဆွာလေ ၊ ဦးရရှိဒ်စသည့်လူငယ်တစ်စုက ဦးဆောင်ထူထောင်ခဲ့ပြီး မကြာမီဗိုလ်ကာဆင်ကချုပ်ကိုင်ကြီးစိုးလာကာ နာမည်ထင်ပေါ်လာခဲ့သည်။ မူဂျာဟစ်များသည်နောင်တွင် မိမိတို့လူမျိုးကိုပါနှိပ်စက်ကလူပြုလာ၍လူထု၏ထောက်ခံအားပေးမှုကိုမရခဲ့ချေ။” စသည်ဖြင့် တင်ပြခဲ့သည်။ (စာ-၆၈)

သို့သော်ထိုအဆိုနှင့်ဆန့်ကျင်ပြီးအခန်း (၈)“မြန်မာ့တပ်မတော်နှင့်တိုင်းရင်းသားရိုဟင်ဂျာများ”ခေါင်းစဉ်ငယ်အောက်၌မှု “---ရခိုင်ပြည်နယ်မှရိုဟင်ဂျာများသည်လည်း မိမိတို့၏အခွင့်အရေးဆုံးရှုံးခဲ့ရသောကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ရိုဟင်ဂျာမျိုးချစ်လူငယ်တစ်ချို့“မူဂျာဟစ်”အမည်ဖြင့်လက်နက်ကိုင်ကာ ရခိုင်ပြည်နယ် မောင်တော ၊ ဘူးသီးတောင်ဒေသကိုအခြေခံပြီး ဖဆပလ အစိုးရကိုတော်လှန်ပုန်ကန်ခဲ့ပါသည်။”ဟူ၍ ဂုဏ်ယူတင်ပြခဲ့ပြန်သည်။ (စာ-၁၀၀)

ဇော်မင်းထွဋ်၏ရေးသားချက်နှစ်ခုကိုနှိုင်းယှဉ်သုံးသပ်လျှင် ပထမတင်ပြချက်၌“မူဂျာဟစ်များသည်--- လူထုထောက်ခံအားပေးမှုကိုမရခဲ့ချေ။”ဟူ၍ လူထုဘက်မှရပ်တည်သည့်သဘောရေးခဲ့သော်လည်း ၊ ဒုတိယတင်ပြချက်၌ကား“ရိုဟင်ဂျာမျိုးချစ်လူငယ်တချို့---ဖဆပလ အစိုးရကိုတော်လှန်ပုန်ကန်ခဲ့ပါသည်။”ဟူ၍ မူဂျာဟစ်သူပုန်တို့အား“ရိုဟင်ဂျာမျိုးချစ်လူငယ်”များအဖြစ်လက်ခံရေးသားခဲ့ကြောင်းတွေ့ရသည်။ သို့ဖြစ်၍လူထုထောက်ခံမှုမရသောမူဂျာဟစ်သူပုန်များကို“မျိုးချစ်”များဟုသတ်မှတ်ခဲ့သောဇော်မင်းထွဋ်အား သူပုန်များကိုလိုလားသူ ၊ သူပုန်တို့၏“နယ်သစ်ထူရေး ၊ ပါကစ္စတန်နှင့်ပူးပေါင်းရေး”မူဝါဒကိုလက်ခံသူဟုသတ်မှတ်ရမည်ဖြစ်သည်။

ထို့ပြင်ဇော်မင်းထွဋ်သည် မူဂျာဟစ်အားမြန်မာ့တပ်မတော်မှထိုးစစ်ဆင်၍လက်နက်ချခဲ့ရသည်ဟုမရေးဘဲ “ဦးနုအစိုးရက လက်နက်ကိုင်ရိုဟင်ဂျာများကိုချေမှုန်းမပစ်နိုင်၍ လက်နက်ချအလင်းဝင်လာရန် ကတိကဝတ်အမျိုးဖြင့်စည်းရုံးသိမ်းသွင်းခဲ့”ရသည်ဟု သူပုန်တို့အားအမွှမ်းတင်ရေးသားခဲ့သည်။မူဂျာဟစ်အင်အားကို“နယ်ခံရိုဟင်ဂျာခေါင်းဆောင်တစ်ချို့နှင့် ရိုဟင်ဂျာရဲတပ်ဖွဲ့ဝင်များက ဦးဆောင်တိုက်ခိုက်ဖြိုခွဲခဲ့သည်။”ဟူ၍လည်း အောက်ပါအတိုင်းကြွားဝါရေးသားခဲ့သေးသည်။

---“မူဂျာဟစ်များ၏အင်အားကို ထိုစဉ်က (၁၉၅၀က?) နယ်ခံရိုဟင်ဂျာခေါင်းဆောင်တစ်ချို့နှင့်ရိုဟင်ဂျာရဲတပ်ဖွဲ့ဝင်များကဦးဆောင်တိုက်ခိုက်ပြီးဖြိုခွဲခဲ့သည်။ ထိုမူဂျာဟစ်များကိုတိုက်ခိုက်ချေမှုန်းရာတွင်ပြည်သူ့ရဲ

တပ်ဖွဲ့ကို ရိုဟင်ဂျာအမျိုးသားများဖြစ်ကြသော ရဲအုပ်ဦးကာဆင် ၊ ဒုရဲအုပ်ဦးမီရာမတ်တို့ဦးဆောင်၍ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ခဲ့ရာ၄င်းတို့၏တိုင်းပြည်အပေါ်တာဝန်သိသစ္စာရှိမှုကိုအသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ၁၉၅၅–ခုတွင် နိုင်ငံတော်မှ ရဲသူရဲဘွဲ့ကိုပင်ချီးမြှင့်ခဲ့ပေသည်။”(စာ–၆၈)

“–––ထိုစဉ်က (၁၉၄၈ ၊၄၉ ၊ ၅၀ က)ဦးနုအစိုးရကလည်း ထိုလက်နက်ကိုင် ရိုဟင်ဂျာတပ်များကိုတိုက်ခိုက်ပြီး ချေမှုန်းပစ်နိုင်သည့်အခြေအနေမရှိသောကြောင့် ရိုဟင်ဂျာလူထုကိုစည်းရုံးကာထိုလက်နက်ကိုင်သူများလက်နက်ချပြီး အလင်းဝင်လာရန် ကတိကဝတ်အမျိုးမျိုးပေးပြီးစည်းရုံးသိမ်းသွင်းခဲ့ပါသည်။ ထိုလက်နက်ချပွဲသို့ထိုစဉ်ကဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှုးချုပ်အောင်ကြီးတက်ရောက်ခဲ့ပါသည်။”(စာ–၁၀၁)

ဇော်မင်းထွဋ်တင်ပြသောအထက်စာပိုဒ်နှစ်ခုတွင် ပထမစာပိုဒ်သည် ၁၉၅၀ ပတ်ဝန်းကျင်၌ တပ်မတော်က မူဂျာဟစ်အားတိုက်ခိုက်သောအခြေအနေကိုရေးခြင်းဖြစ်သည်။ရောင်စုံသူပုန်များကြောင့် ဦးနုအစိုးရအကျပ်အတည်းနှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ မူဂျာဟစ်များလက်ထဲသို့ဒေသတစ်ခုလုံးကျဆုံးမသွားရအောင် မြန်မာ့တပ်မတော်မှ ချင်းတပ်ရင်းတစ်ခုက ကာကွယ်ထိန်းသိမ်းထားရချိန်ဖြစ်သည်။ ထိုအနေအထားကိုဇော်မင်းထွဋ်သရုပ်ဖေါ်သောအခါ “နယ်ခံရိုဟင်ဂျာခေါင်းဆောင်တစ်ချို့နှင့် ရိုဟင်ဂျာရဲတပ်ဖွဲ့ဝင်များကဦးဆောင်တိုက်ခိုက်ဖြိုခွဲခဲ့သည်။––– ရဲအုပ်ဦးကာဆင် ၊ ဒုရဲအုပ်ဦးမီရာမတ်တို့ဦးဆောင်၍ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့ရာ–––၁၉၅၅–ခုနှစ်တွင် နိုင်ငံတော်မှ သူရဲဘွဲ့ကိုပင်ချီးမြှင့်ခဲ့ပေသည်။”ဟူ၍နယ်ခံရိုဟိန်ဂျာများ ၊ ရိုဟင်ဂျာရဲအုပ် ၊ ဒုရဲအုပ်များဦးဆောင်တိုက်ခိုက်ခဲ့၍သာ မူဂျာဟစ်တို့ပြိုကွဲခဲ့ရလေဟန် ရေးခဲ့သည်။ရိုဟင်ဂျာတို့အား ထိုဒေသကိုကာကွယ်ကယ်တင်ခဲ့သောသူရဲကောင်း များအဖြစ်သရုပ်ဖေါ်ခဲ့ခြင်းဖြစ်သည်။

ဒုတိယစာပိုဒ်တွင် ဝါကျနှစ်ကြောင်းပါသည်။ပထမဝါကျတွင် ဦးနုအစိုးရ၏ကတိကဝတ်ကြောင့်သူပုန်တို့ လက်နက်ချခဲ့လေဟန်ရေးပြီး ဒုတိယဝါကျတွင် ဗိုလ်မှုးချုပ်အောင်ကြီးက ထိုလကနက်ချပွဲသို့တက်ရောက်ခဲ့လေ ဟန် ဆက်စပ်ရေးခဲ့သည်။ တိုသို့ဆက်စပ်ရေးခဲ့သောကြောင့် စာရှုသူတို့က သူပုန်တို့လက်နက်ချရခြင်းသည် ဦးနုအစိုးရ၏ကတိကဝတ်ကြောင့်သာဖြစ်သည်။တပ်မတော်၏ထိုးစစ်ကြောင့်မဟုတ်ဟူ၍ တစ်လွဲတစ်ချော်မှတ်ယူ သွားနိုင်သည်။အမှန်မှာဦးနုအစိုးရကတိကဝတ်ပေးခဲ့သည်ဆိုသောခုနှစ်သည် ၁၉၅၀ ခုနှစ်ဖြစ်၍ သူပုန်တို့ လက်နက်ချသောခုနှစ်သည် ၁၉၆၁–ခုနှစ်ဖြစ်သည်။ဖြစ်ရပ်နှစ်ခု ကြား၌ ၁၀–နှစ်လုံးလုံး အချိန်ကွာဝေး နေသည်။ ဇော်မင်းထွဋ်၏ကလောင်လှည့်စားချက်ကြောင့် အချိန်နှစ်ခုတစ် စပ်တည်းဖြစ်သွားပြီး ဖြစ်ရပ်နှစ်ခုမှာလည်း တစ်ပြိုင် တည်းဖြစ်ခဲ့လေဟန်သဘောပေါက်သွားနိုင်သည်။

မူဂျာဟစ်သူပုန်များလက်နက်ချရခြင်း၏အဓိကအကြောင်းရင်းမှာ ဒုတိယကာကွယ်ရေးဦးစီးချုပ်ဗိုလ်မှုး ချုပ်အောင်ကြီးဦးစီးသော“မုတ်သုန်စစ်ဆင်ရေး”ကြောင့်လည်းကောင်း ၊ မြန်မာနှင့်ပါကစ္စတန်နှစ်နိုင်ငံအစိုးရ၏ နယ်စပ်အရေးပူးပေါင်းဆောင်ရွက်ရန်သဘောတူညီမှုရခဲ့သဖြင့် သူပုန်တို့မျှော်လင့်ချက်ကုန်ဆုံးခဲ့၍လည်းကောင်း ဖြစ်သည်။ထိုအကြောင်းအပြည့်အစုံကို မိုရှေယေဂါ၏ကျမ်းမှလိုရင်းကောက်နုတ်ဘာသာပြန်၍ အောက်တွင်ဖေါ် ပြအပ်ပါသည်။

“–––(၁၉၄၈–ခုတွင်ပြုလုပ်ခဲ့သောအစိုးရနှင့်သူပုန်တို့)တွေ့ဆုံဆွေးနွေးရေးများမအောင်မြင်ခဲ့ချေ။သူပုန် တို့လျင်မြန်စွာအင်အားတိုးခဲ့၏။ မိမိကျေးရွာပျက်များ၌ပြန်လည်ထူထောင်နေခဲ့ကြသောရခိုင်ရွာသားများမောင်း ထုတ်ခံခဲ့ကြရ၏။ မူဂျာဟစ်တပ်များနှင့် အစိုးရတပ် ၊ လုံခြုံရေးရဲများကြား၌တိုက်ပွဲများပြင်းထန်ခဲ့၏။ ၁၉၄၉–ခု ဇွန်လတွင်အစိုးရတပ်များလက်ထဲ၌ စစ်တွေဆိပ်ကမ်းမြို့သာကျန်တော့သည်။မူဂျာဟစ်တို့ကားရခိုင်မြောက်ပိုင်း တစ်ခုလုံးကိုပိုင်စိုးထားနိုင်ခဲ့၏။အစိုးရသည် အမြဲတမ်းတပ်ဖွဲ့များကိုမပို့ပေးနိုင်သောကြောင့်နယ်စပ်အထူးတပ်ဖွဲ့

(BTF) ဖွဲ့၍တိုက်ခိုက်စေ၏။ ၎င်းတပ်ဖွဲ့များသည် မူဆလင်တို့အားရက်စက်နည်းမျိုးစုံပြုလုပ်ကြ၏။ မူဂျာဟစ်တို့ကလည်းရခိုင်တို့အားရက်စက်မှုမျိုးစုံဖြင့်တုံ့ပြန်ကြ၏။ပါကစ္စတန်သတင်းစာတို့က ရခိုင်မူဆလင်တို့အားဖိနှိပ်နေမှုကို စတင်ရေးသားလာသောအခါ မြန်မာ ၊ ပါကစ္စတန်နှစ်နိုင်ငံကြားတင်းမာမှုများဖြစ်ပေါ်လာ၏။" (စာ–၉၈)

"၁၉၅၀–တွင် ဝန်ကြီးချုပ်ဦးနုသည် ပါကိစ္စတန်သံအမတ်နှင့်အတူမောင်တောသို့ရောက်လာ၏။ ထိုခရီးနောက်ပိုင်း၌ ထိုဒေသတွင်ပြောင်းလဲမှုများဖြစ်ခဲ့သည်။ တပ်မတော်အရာရှိကြီးများနှင့်တပ်ဖွဲ့များကိုပြောင်းလဲချထားခဲ့၏။–––(မြန်မာသတင်းစာတို့က) မူဂျာဟစ်တို့သည် ပါကစ္စတန်တို့ထံမှ ငွေနှင့်လက်နက်များရရှိသည်ဟူသောကောဌဟာလသတင်းများကိုပြန်လည်ရေးသားလာကြ၏။ထိုသတင်းများကိုနှစ်နိုင်ငံအစိုးရများငြင်းပယ်ခဲ့ကြသည်။–––မူဂျာဟစ်တို့ရရှိသောအကူအညီသည် တရားဝင်ရရှိသောအကူအညီမျိုးမဟုတ်ပဲ ပါကစ္စတန်သားတို့က ၎င်းတို့အားဘာသာရေးသူရဲကောင်းများအဖြစ်သဘောထားပြီး ပုဂ္ဂိုလ်ရေးအရထောက်ပံ့ခြင်းမျိုးဖြ စ်လေသည်။–––ရခိုင်ရဟန်းတော်များကရန်ကုန်၌အစာငတ်ခံဆန္ဒပြပြီးမူဂျာဟစ်တို့အားကန့်ကွက်ကြ၏။ဤဖိအားပေးမှု၏အကျိုးဆက်မှာ အစိုးရက ၁၉၅၄–ခုနိုဝင်ဘာလတွင် "မုတ်သုန်စစ်ဆင်ရေး"အမည်ဖြင့် ထိုးစစ်ဆင်ခဲ့၏။ မူဂျာဟစ်တို့၏အဓိကစခန်းများကိုသိမ်းယူနိုင်ခဲ့ပြီး ၎င်းတို့၏ခေါင်းဆောင်အများအပြားကျဆုံးခဲ့လေသည်။ထိုမှစ၍ ၎င်းတို့၏ခြိမ်းခြောက်မှုလျော့ကျသွား၏။၎င်းတို့သည်အဖွဲ့ငယ်များအဖြစ်သို့ကူးပြောင်းသွားကြ၏။၎င်းအဖွဲ့ငယ်များသည် အစိုးရကြီးကြပ်ရန် ခက်ခဲသောနယ်စပ်များ၌ ရခိုင်နှင့်မူဆလင်အပေါ်လုယက်တိုက်ခိုက်မြဲ ၊ ခြိမ်းခြောက်မြဲဖြစ်၏။" (စာ–၉၉)

"–––မူဂျာဟစ်ခေါင်းဆောင်ကာဆင် (Kassam) ကို စစ်တကောင်းတွင်ဖမ်းမိ၏။–––ကာဆင်အားမြန်မာအစိုးရထံ လွှဲမပေးခဲ့ချေ။ (စာ–၁၀၀) ကာဆင်သည် အချုပ်မှလွတ်လာပြီးနောက် စစ်တကောင်းတွင် ဟော်တည်တစ်ခုတည်ထောင်၏။ ၎င်း၏တပ်ဖွဲ့များသည်ပြိုကွဲသွားသော်လည်း မိသားစုများအတွက် ပါကစ္စတန်နယ်စပ်ဒေသ၌စခန်းတစ်ခုတည်ထောင်ခဲ့၏။ ၎င်းတို့သည် ပုန်ကန်မှု ၊ မှောင်ခိုလုပ်ငန်း ၊ လုယက်တိုက်ခိုက်ခြင်းများကိုဆက်လက်ပြုလုပ်နေရာ မူဂျာဟစ် ၂၉၀ကိုမောင်တောတောင်ပိုင်း၌ဗိုလ်မှူးချုပ်အောင်ကြီးဖမ်းမိသောကာလ ၁၉၆၁–ခု ၊ ဇူလိုင်လ (၄) ရက်နေ့အထိဖြစ်၏။မူဂျာဟစ်တို့သည်မြန်မာအစိုးရနှင့်ပါကိစ္စတန်အစိုးရတို့၏နယ်စပ်အရေးအတွက်ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီမှုရခဲ့ချိန်မှစ၍ မျှော်လင့်ချက်ကုန်ဆုံးခဲ့ကြလေသည်။–––မူဂျာဟစ်တို့သည် ဘူးသီးတောင်မြို့တွင် ၁၉၆၁–ခု နိုဝင်ဘာလ(၁၆)ရက်နေ့၌ ဗိုလ်မှူးချုပ်အောင်ကြီးထံလက်နက်ချခဲ့ကြ၏။(စာ–၁၀၁)–––ဤသို့ဖြင့်မူဂျာဟစ်ပုန်ကန်မှုနိဂုံးချုပ်ခဲ့သည်။သို့သော် ထိုသို့နိဂုံးမချုပ်မီ ထိုသူပုန်ထမှုသည်နိုင်ငံရေးအကျိုးသက်ရောက်မှုများကိုဖြစ်စေခဲ့သည်။ထိုပုန်ကန်မှုသည်ရခိုင်ဗုဒ္ဓဘာသာနှင့်မူဆလင်တို့ကြားကြီးမားသောမုန်းတီးမှုကိုတည်ရှိစေခဲ့သည်။" (စာ–၁၀၁)

မိုရှေယေဂါ၏ အထက်ပါသုတေသနပြုတင်ပြချက်များကိုလေ့လာကြည့်လျှင်ဦးနုအစိုးရသည် ၁၉၄၉ ခုနှစ်တွင် စစ်တွေ၊မောင်တော၊ဘူးသီးတောင်မြို့ကွက်ကွက်ကလေးမျှကိုသာ ကာကွယ်နိုင်ခဲ့ကြောင်းတွေ့ရသည်။ နယ်များတွင်ကား မူဂျာဟစ်အပါအဝင်ရောင်စုံသူပုန်များက လွှမ်းမိုးကြီးစိုးနေကြသည်။ မူဂျာဟစ်များသည် ရခိုင်အရပ်သားများကို ရက်စက်နည်းမျိုးစုံသုံးခဲ့ကြသောကြောင့်၊ ရခိုင်ရဟန်းတော်များက ရန်ကုန်မြို့တော်၌ အစာငတ်ခံ ဆန္ဒပြကန့်ကွက်ကြသောအခါ ဦးနုအစိုးရမနေသာတော့ဘဲ ၁၉၅၄ ခုတွင် စစ်ဆင်ရေးလုပ်ခဲ့ကြောင်းတွေ့ရသည်။ ဤစစ်ဆင်ရေးကြောင့် မူဂျာဟစ်တို့အင်အားပြိုကွဲသွားခြင်းဖြစ်သည်။ ဇော်မင်းထွဋ်က ထိုဖြစ်ရပ်မှန်ကိုဖုံးကွယ်

ထားခဲ့ပြီး "ရိုဟင်ဂျာအရပ်သားများ၊ ရိုဟင်ဂျာရဲအုပ်၊ ဒုရဲအုပ်" တို့ဦးဆောင်တိုက်ခိုက်သောကြောင့် သူပုန်တို့ပြိုကွဲရလေဟန်ကြွားဝါတင်ပြထားကြောင်းတွေ့ရသည်။ ထို့ပြင်၊ ဇော်မင်းထွဋ်သည်ဗိုလ်မှူးချုပ်အောင်ကြီးဦးစီး၍ ၁၉၆၁ ခုတွင် ထိုးစစ်ဆင်ခဲ့သောကြောင့်၊ မူဂျာဟစ် ၂၉၀ ကိုဖမ်းမိပြီးလက်နက်ချခဲ့ကြရခြင်းကိုလည်း ဖုံးကွယ်ထားခဲ့သည်။ ဦးနု၏ကတိကဝတ်ကြောင့်သာ သူပုန်တို့လက်နက်ချရလေဟန်လုပ်ကြံ့စားတင်ပြထားသည်။ ယင်းသို့လုပ်ကြံ့စားတင်ပြရခြင်းမှာ ဦးနု၏ကတိကဝတ်ကိုထင်ရှားစေရန်နှင့်မူဂျာဟစ်တို့အားလက်နက်ချအညံ့ခံသူများ အဖြစ်မရှုမြင်စေလိုပဲ၊ မူဆလင်မျိုးချစ်သူရဲကောင်းများအဖြစ်ရှုမြင်စေလို၍လုပ်ကြံ့စားတင်ပြခြင်းဖြစ်လိမ့်မည်ဟုသုံးသပ်ရပါသည်။

## မိုရှေယေဂါမတင်ပြခဲ့သော အလယ်သံကျော်ညီလာခံ

သုတေသီမိုရှေယေဂါက "မူဂျာဟစ်ပုန်ထမှုသည် နိုင်ငံရေးအကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့သည်" ဟူ၍ရေးခဲ့ကြောင်းအထက်တွင်တင်ပြခဲ့ပါသည်။ ဘယ်လိုအကျိုးသက်ရောက်မှုများလဲဟု စာရှုသူတို့သိလိုကြပါလိမ့်မည်။ သူက "မူဂျာဟစ်တို့သည် ရခိုင်ပါတီကပြည်ထောင်စုမြန်မာနိုင်ငံတော်ပိုင်နက်၌ ရခိုင်ပြည်နယ်ထူထောင်ခွင့်တောင်းဆိုချက်ကို ကန့်ကွက်ခဲ့ကြသည်။" ဟု ထောက်ပြခဲ့သည်။ (စာ–၁၀၁) ထို့ပြင်"ရခိုင်အမတ်ဦးကျော်မင်းက မူဆလင်တို့၏ အခွင့်အရေးကို စိတ်ချလက်ချရှိစေရန် အာမခံချက်ပေးခဲ့သော်လည်း မူဆလင်အမတ်များကလက်မခံကြသောကြောင့် ပါလီမန်တွင်း၌ **All-Arakan** အဖွဲ့ဖွဲ့ရန်ကြိုးပမ်းမှုမအောင်မြင်ခဲ့ပုံ၊ မောင်တောနှင့်ဘူးသီးတောင်မှ မူဆလင်အများစုက ထိုဒေသကို မူဆလင်တို့အား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန်နှင့်ဗဟိုအစိုးရကတိုက်ရိုက်အုပ်ချုပ်ရေး၊ ရခိုင်အရာရှိများသြဇာလွှမ်းမိုးမှုလုံးဝမရှိရေးတို့ကို တောင်းဆိုကြပုံ၊ အနိမ့်ဆုံးအားဖြင့်မောင်တောနှင့်ဘူးသီးတောင်နယ်နှစ်ခုကိုသီးခြားခရိုင်ဖွဲ့ပြီး ဗဟိုအစိုးရကတိုက်ရိုက်အုပ်ချုပ်ရေးတင်ပြကြပုံ" (စာ–၁၀၂) တို့ကိုလည်းထောက်ပြခဲ့ပါသည်။မှန်ပေသည်။ မိုရှေယေဂါသုတေသနပြုတင်ပြသကဲ့သို့ မူဆလင်ပညာတတ်တို့၏ လှုပ်ရှားမှုများသည်မူဂျာဟစ်သူပုန်ထနေစဉ်ကာလအတွင်းမှဖြစ်ရပ်မှန်များဖြစ်ပေသည်။ ထိုလှုပ်ရှားမှုများ၊ ဖိအားပေးမှုများသည် မူဂျာဟစ်သူပုန်ထမှုနှင့်တသီးတခြားစီမမြင်သင့်ပဲ၊ မိုရှေယေဂါသုံးသပ်ပြသကဲ့သို့မူဂျာဟစ်နှင့်တစိတ်တည်းတကြံတည်းပေါ်ပေါက်ခဲ့သောနိုင်ငံရေးအကျိုးသက်ရောက်မှုများပင်ဖြစ်သည်ဟုမြင်သင့်ပေသည်။

နိုင်ငံရေးလှုပ်ရှားမှုများ၌ ထင်ရှားသောဖြစ်ရပ်တစ်ခုမှာ "အလယ်သံကျော်ညီလာခံ" ဖြစ်သည်။ ဤညီလာခံကို မောင်တောမြို့နယ်တောင်ပိုင်း အလယ်သံကျော်ကျေးရွာ၌ ၁၉၅၁ ခု ဇွန်လတွင်ကျင်းပခဲ့သည်။ ဤညီလာခံသို့ ရခိုင်ပြည်နယ်နှင့်မြန်မာနိုင်ငံအရပ်ရပ်မှ မူဆလင်ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်ဟုအဆိုရှိသည်။ ဤ ညီလာခံသည် ရခိုင်ပြည်နယ်မြောက်ပိုင်းကို သိမ်းယူလိုသော စစ်တကောင်းသား မူဆလင်တို့၏ ရည်ရွယ်ချက်ကို အတိအလင်းဖော်ထုတ်ခဲ့သော ညီလာခံလည်းဖြစ်ပေသည်။ ဤညီလာခံမှ အစိုးရထံသို့အင်္ဂလိပ်ဘာသာအိပ်ဖွင့်ပေးစာဖြင့် တင်ပြတောင်းဆိုချက်များသည် နောင်ကာလ၌ စစ်တကောင်းသားမူဆလင်တို့အတွက်လမ်းညွှန်သဖွယ်ဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်ဦးနုက ၁၉၆၁ ခုတွင် ရခိုင်ပြည်နယ်ပေးရန်စီစဉ်သောအခါ၊ မောင်တောနှင့်ဘူးသီးတောင်မှ မူဆလင်များပြင်းထန်စွာကန့်ကွက်ပြီး မိမိတို့၏ဆန္ဒကိုတင်ပြခဲ့ကြသည်။ ၎င်းတင်ပြချက်များအားလုံးသည် အလယ်သံကျော်ညီလာခံမှဆုံးဖြတ်ချမှတ်ခဲ့သောမူကိုပင်အခြေခံလေသည်။ မိုရှေယေဂါကျမ်း၌ ၎င်းညီလာခံအကြောင်းဖော်ပြချက်များမပါရှိ၍ စာရှုသူတို့လေ့လာနိုင်အောင်လိုရင်းကောက်နုတ်တင်ပြလိုက်ပါသည်။

ရခိုင်တိုင်းတွင် ရခိုင်နှင့်မူဆင်တို့မှာ အဓိကလူမျိုးနှစ်မျိုးဖြစ်ပေသည်။ လူဦးရေအားဖြင့် ရခိုင်ကအများဆုံး

ဖြစ်၍၊မူဆလင်ကဒုတိယအများဆုံးဖြစ်ပေသည်။ --- ရခိုင်နှင့်မူဆလင်လူမျိုးတို့အား ပြည်ထောင်စုကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်နယ်မြေများသတ်မှတ်ပေးသင့်ပါသည်။ အောက်ပါကိစ္စများတွင်ရခိုင်နှင့်မူဆလင်တို့အား အတူတကွပူးတွဲဆောင်ရက်စေသင့်ပါသည်။

(၁) ရခိုင်တိုင်းကာကွယ်ရေးအတွက် တစ်ခုတည်းသောကာကွယ်ရေးအဖွဲ့အစည်းတွင်ပူးတွဲဆောင်ရွက်ရေး

(၂) လူမျိုးနှစ်ရပ်စလုံးနှင့်သက်ဆိုင်သော စစ်တွေသဘော်ဆိပ်အုပ်ချုပ်ရေးကို အတူတကွပူးတွဲ အုပ်ချုပ်သွားရေး

(၃) နှစ်ဦးနှစ်ဝတို့၏အကျိုးနှင့်သက်ဆိုင်သော (၁)အတူတကွပူးပေါင်းကာကွယ်ရေး(၂) သဘော်ဆိပ် ကိုနှစ်ဦးပိုင်အသုံးပြုရေးကိစ္စများနှင့်ပတ်သက်၍ မူဆလင်နှင့်ရခိုင်တန်းတူရည်တူစိတ်ဝင်စားမှု ရှိကြပါသည်။ ထို့ကြောင့် အတူတကွပူးတွဲဆောင်ရွက်ရေးမူအရ၊ ရခိုင်တိုင်းကာကွယ်ရေးကိစ္စနှင့်စစ်တွေသဘော် ဆိပ်အုပ်ချုပ်ရေးကိစ္စတို့တွင်ရခိုင်လူမျိုးနှင့်မူဆလင်လူမျိုးတို့သည် ငါးဆယ်ရာခိုင်နှုန်းစီဝေစုပါဝင်သောစနစ်ကို ကျင့်သုံးသင့်ပါသည်။

ရခိုင်တိုင်းမြောက်ပိုင်းကို ရှမ်းပြည်နယ်၊ကရင်ပြည်နယ်တို့နည်းတူလွတ်လပ်သောမူဆလင်ပြည်နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းပေးသင့်ပါသည်။ ယင်းမူဆလင်ပြည်နယ်တွင် ပြည်ထောင်စုအစိုးရကွပ်ကဲမှုအောက်၌၊ ပြည်နယ် စစ်တပ်၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များလည်းရှိသင့်ပါသည်။ --- ရခိုင်ပြည်မြောက်ပိုင်းမူဆလင် ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦးကိုဗဟိုအစိုးရအဖွဲ့တွင် မူဆလင်ရေးရာဝန်ကြီးအဖြစ်ခန့်ထားပေးသင့်ပါ သည်။ ---

- ပြည်ထောင်စုအစိုးရ၏ လက်နက်ကိုင်အဖွဲ့အစည်း၊ အမြဲတန်းတပ်ဖွဲ့၊ ယာယီတပ်ဖွဲ့၊ ရဲအဖွဲ့၊ ပညာရေး ဝန်ထမ်းနှင့် တရားရေးဝန်ထမ်းများအပါအဝင်ဗဟိုဝန်ထမ်းအဖွဲ့အစည်းများတွင်မူဆင်များအားသင့်တင့်မျှတသော အချိုးအစားအလိုက်ခန့်ထားပေးရန်အာမခံချက်ပေးထားသင့်ပါသည်။---

-အစ္စလာမ်အထက်တန်းကျောင်းနှင့် ကောလိပ်ကျောင်းများကိုလည်းတည်ထောင်ခွင့်ပြုသင့်ပါသည်။ ထို ကျောင်းများတွင် အာရဗီစာများ၊ အစ္စလာမ်သမိုင်းနှင့်အစ္စလာမ်ယဉ်ကျေးမှုများကိုလည်းသင်ကြားခွင့်ပြုသင့်ပါ သည်။ မူဆလင်မူလတန်း၊အလယ်တန်းကျောင်းများတွင် ဘာသာအားလုံးကို အူရ်ဒူဘာသာဖြင့် သင်ကြားခွင့်ပြုသင့်ပါ သည်။ မူဆလင်များအားယင်းတို့၏ဆန္ဒသဘောထားမပါဘဲနှင့်အခြားစာပေကို အတင်းအကြပ်မသင်ကြားစေသင့် ပါ။" ( ဦးလှထွန်းဖြူ၊နိုင်ငံတော်ကောင်စီဝင်၊ရခိုင်ပြည်နယ်(    ) ကြိမ်မြောက်အစည်းအဝေး စီရင်ခံစာ၊၁၉၇၄ခု)

ဤနေရာတွင်စကားချပ်၍တင်ပြလိုသည်မှာ အထက်ကောက်နုတ်ချက်များ၌ "မူဆလင်" ဟူသောဝေါဟာရ သုံးနှုန်းသည့်ကိစ္စဖြစ်ပါသည်။ အလယ်သံကျော်ညီလာခံကျင်းပစဉ် ၁၉၅၁ ခု ဇွန်လထိ၊ ယခုတွင်တွင်သုံးနေကြ သော "ရိုဟင်ဂျာ" ဝေါဟာရမပေါ်သေးချေ။ မောင်တောနှင့်ဘူးသီးတောင်မှမူဆလင်တို့သည်စစ်တကောင်းသား ဘင်္ဂါလီလူမျိုးများဖြစ်ကြသော်လည်း "ဘင်္ဂါလီ' ဟုမခံယူလိုကြသောကြောင့် ဝိနည်းရှောင်ကာ စာတမ်း၌ "မူဆလင်" ဟူ၍သုံးစွဲခဲ့ခြင်းဖြစ်သည်။ "ရိုဟင်ဂျာ"ဟူသောဝေါဟာရကို ထိုစာတမ်းနောက်ပိုင်းတွင်မှ ၊ပါလီမန်အမှတ်မစ္စတာ ဂါဖါးရ်က ၁၉၅၁ ခု ဩဂုတ်လ(၂၀)ရက်ထုတ် ဂါဒီယန်သတင်းစာ (**The Guardian** )၌စတင်တီတွင်သုံးစွဲခဲ့ခြင်း ဖြစ်သည်။ ၄င်း "ရိုဟင်ဂျာ" ဝေါဟာရသည် စစ်တကောင်းသားဘင်္ဂါလီလူမျိုး၊မူဆလင်များကိုကိုယ်စားပြုသော ဝေါဟာရသစ်ဖြစ်၏။

အလယ်သံကျော်ညီလာခံမှဆုံးဖြတ်ချမှတ်ခဲ့သောအထက်ကောက်နုတ်ချက်များကို ၁၉၆၀ ခု အတွင်း "ရိုဟင်ဂျာ"အမည်ခံ မူဆလင်များတင်ပြသော အဆိုပြုရခိုင်ပြည်နယ်အပေါ်သဘောထားတင်ပြချက်များနှင့်နှိုင်းယှဉ် ကြည့်ကြပါမည်။ ဦးစွာ ပါလီမန်အမတ် မစ္စတာစုလတန်မာမူးတင်ပြသော အချက်များကို မိုရှေယေဂါကျမ်းမှကောက် နုတ်၍ဖော်ပြပါမည်။ ၎င်းသည် မောင်တော၊ ဘူးသီးတောင်နယ်မှအပ ၊စစ်တွေအစရှိသော အခြားမြို့နယ်များရှိ မူဆလင်လူထုကို ကိုယ်စားပြု၍ ရခိုင်ပြည်နယ်စုံစမ်းရေးကော်မရှင်ထံစာတမ်းတင်ခဲ့သည်။ ၎င်းစာတမ်းသည် ရခိုင် ပြည်နယ်တစ်ခုလုံးကိုပြည်နယ်ဖွဲ့စည်းပေးရန်လိုလားသူမူဆလင်တို့၏ ဆန္ဒကိုထုတ်ဖော်ပြသောစာတမ်းဖြစ်သည်။ မောင်တောနှင့်ဘူးသီးတောင်မူဆလင်အများစုတင်ပြသောမူမှာ စုလတန်မာမူးမူနှင့် ကွဲပြားပြီး၎င်းမြို့နယ်များကို "ရိုဟင်ဂျာ မူဆလင် ပြည်နယ်"အဖြစ်သီးခြားဖွဲ့စည်းရန်လိုလားကြသည်။

မစ္စတာစုလတန်မာမူးက မိမိတို့သည် " အဆိုပြုရခိုင်ပြည်နယ်ကိုစည်းကမ်းချက်နှစ်ချက်တွင်အခြေခံ၍ ထောက်ခံမည်။ အကယ်၍ ရခိုင်ဗုဒ္ဓဘာသာတို့က မူဆလင်တို့တောင်းဆိုချက်ကိုထောက်ခံပါက၊ အကယ်၍ပြည်နယ် ဖွဲ့စည်းပုံ၌ ဘာသာရေး၊ယဉ်ကျေးမှု၊စီးပွားရေး၊နိုင်ငံရေး၊အုပ်ချုပ်ရေး၊ပညာရေးတို့၌ မူဆလင်တို့အတွက်အာမခံချက် ပေးပါကထောက်ခံမည်။ ပြည်နယ်သစ်ပြည်နယ်အကြီးအကဲသည် မူဆလင်တလှည့်၊ မူဆလင်မဟုတ်သူတလှည့် ဖြစ်ရမည်။ ပြည်နယ်အကြီးအကဲသည် မူဆလင်ဖြစ်လျှင်၊ လွှတ်တော်ဥက္ကဋ္ဌသည်မူဆလင်မဟုတ်သူဖြစ်ရမည်။ သို့သော် ဒုတိယဥက္ကဋ္ဌသည် မူဆလင်ဖြစ်ရမည်၊ ဤသို့ရှေ့နောက်အစီအစဉ်ပြောင်းလျက်အလှည့်ကျဖြစ်ရမည်။ ဤ နည်းအတိုင်းအခြားကော်မတီနှင့်အဖွဲ့စည်းများကို ဖွဲ့စည်းရမည်။ ပြည်နယ်ဝန်ကြီးအဖွဲ့၏ သုံးပုံတစ်ပုံသည် မူဆလင်ဖြစ်ရမည်။ မူဆလင်တို့အတွက်အကျိုးသက်ရောက်မှုမရှိသော၊ ပြည်နယ်ကောင်စီဝင်ကိုယ်စားလှယ်တို့မဲ မပေးသော၊ မည်သည့်ဥပဒေကိုမျှထောက်ခံမည်မဟုတ်။ မူဆလင်များနေထိုင်ရာဒေသ၌ ခန့်အပ်မည့်ရာထူးအတွက် ပြည်နယ်အကြီးအကဲသည် ဝန်ကြီးအဖွဲ့ဝင်မူလဆင်ကိုယ်စားလှယ်များ၏အကြံပြုချက်ဖြင့်ဆောင်ရွက်ရမည်။ အစိုးရ ဝန်ထမ်းများ၊လူထုရေးရာလုပ်ငန်းများ၊ မျူနီစီပယ်(စည်ပင်)ရာထူးများ စသည်ဖြင့် ခန့်ထားလျှင် မူဆလင်များကို လူဦးရေ၏အချိုးအလိုက်ခန့်ထားရမည်။ --- မိမိတို့ကိုးကွယ်သည့်ဘာသာမဟုတ်ပဲ မည်သည့်ဘာသာရေးအတန်း ကိုမျှ အတင်း၊အကျပ်တက်ရောက်ခွင့်မပြုရ။ စာသင်ရာဌာနတိုင်း၌ ဘာသာရပ်တိုင်းကို မိမိဘာသာစကားဖြင့်သင်ပြ ခွင့်ပြုရမည်။ မူဆလင်တို့ကို သူတို့၏ရိုဟင်ဂျာဘာသာစကား၊ကိုးကာရာဘာသာတို့တိုးတက်ရေးဆောင်ရွက်ရန် လုံ့လုံဝလွတ်လပ်သော အထူးအခွင့်အရေးပေးရမည်။ မူဆလင်ရေးရာများကိုဆောင်ရွက်မည့် မူဆလင်အထူးအရာရှိ ထားရမည်။ ၎င်းအလုပ်မှာ မူဆလင်တို့အလိုဆန္ဒနှင့်၎င်းတို့အပေါ်အနိုင်အထက်ပိတ်ဆို့ထားခြင်းများကိုစုံစမ်းပြီး ပြည်နယ်အကြီးအကဲထံတင်ပြရမည်။ "(စာ-၁၀၄)

ဆက်လက်၍တခြားမူဆလင်အဖွဲ့အစည်းများကိုကိုယ်စားပြုတင်ပြသောအချက်များကိုလည်း ကောက်နုတ် တင်ပြပါမည်။ အောက်တွင်ဖော်ပြသောကောက်နုတ်ချက်များသည် ၁၉၆၀ ခုအောက်တိုဘာလ(၂၇)ရက်နေ့ သတင်း စာရှင်းလင်းပွဲ၌" ရခိုင်မူဆလင်အဖွဲ့အစည်းခေါင်းဆောင်များ"က တင်ပြသော ရခိုင်ပြည်နယ်စုံစမ်းရေးကော်မရှင် ထံ တင်ပြခဲ့သည်ဆိုသော စာတမ်းပါအချက်ပေါင်း(၂၂)ချက်မှ ကောက်နုတ်ချက်များဖြစ်ပါသည်။ ဤအချက်များ ကိုအလယ်သံကျော်ညီလာခံဆုံးဖြတ်ချက်များမှ ကောက်နုတ်ချက်များနှင့်လည်းကောင်း၊ မစ္စတာစုလတန်မာမူး၏ တင်ပြချက်ပါကောက်နုတ်ချက်များနှင့်လည်းကောင်း စာရှုသူတို့နှိုင်းယှဉ်သုံးသပ်ကြည့်ရန်ဖြစ်ပါသည်။

"---(၁)နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်(သို့မဟုတ်) နိုင်ငံခြား နိုင်ငံကူးလက်မှတ်ကိုင်ဆောင် ထားသူများမှအပ ကျန်ရှိနေသော ရခိုင်ပြည်တွင် ယခုနေထိုင်လျက်ရှိသူ မူဆလင်အားလုံးကိုပြည်ထောင်စုမြန်မာ နိုင်ငံသားများဟုသတ်မှတ်ပေးရမည်။

(၂) ရခိုင်ပြည်နယ်အတွင်းမည်သည့်နေရာမှမဆို ရွေးကောက်ခံရသည့် မူဆလင်ပါလီမန်အမတ်များအားလုံးသည် ရခိုင်ပြည်နယ်မှကိုယ်စားပြုတက်ရောက်သည့်မူဆလင်မဟုတ်သူပါလီမန်အမတ်များနည်းတူရခိုင်ပြည်နယ်ကောင်စီတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်ရမည်။

(၄) ရခိုင်ရေးရာဝန်ကြီးအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရမည်။ရခိုင်ပြည်နယ်ဦးစီးရာထူးကို ပြည်နယ်ကောင်စီရှိမူဆလင်နှင့်မူဆလင်မဟုတ်သူအဖွဲ့ဝင်များထဲမှ အလှည့်ကျရွေးကောက်တင်မြှောက်ပေးရမည်။မူဆလင်မဟုတ်သူတစ်ဦးသည် ဦးစီးရာထူးကိုတစ်နှစ်သက်တမ်းထမ်းဆောင်လျှင်မူဆလင်အဖွဲ့ဝင်သည် နောက်တစ်နှစ်သက်တမ်းကိုထမ်းဆောင်ရရန်အတွက်ဖြစ်ရမည်။

(၅) ပြည်နယ်ဦးစီးသည် မူဆလင်ဖြစ်လျှင် ပြည်နယ်ကောင်စီဥက္ကဋ္ဌသည်မူဆလင်မဟုတ်သူဖြစ်ရမည်။ ဒုတိယဥက္ကဋ္ဌမှာ မူဆလင်ဖြစ်ရမည်။ဤသို့ရှေ့နောက်အစီအစဉ်ပြောင်း၍အလှည့်ကျဖြစ်ရမည်။

(၆)---ဝန်ကြီးအဖွဲ့တွင် သုံးပုံတစ်ပုံထက်မနည်းသောဦးရေသည် မူဆလင်များထဲမှဖြစ်ရမည်။

(၇)---မူဆလင်များ၏သီးခြားလူတန်းစား ၊ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်ခံစားနေရသည့်ရပိုင်ခွင့်နှင့်အခွင့်အရေးကိုထိခိုက်စေမည့်ဥပဒေကြမ်းတစ်ရပ်ကိုပြည်နယ်ကောင်စီရှိမူဆလင်အဖွဲ့ဝင်အများစုကသဘောမတူလျှင် ဥပဒေအဖြစ်ပြဋ္ဌာန်းခြင်းမပြုရ။

(၉) ပြည်နယ်ရာထူးဝန်အဖွဲ့တွင် မူဆလင်များအချိုးကျပါဝင်စေရမည်။ထို့ပြင်၄င်းအဖွဲ့ဥက္ကဋ္ဌရာထူးကိုမူဆလင်များနှင့်မူဆလင်မဟုတ်သူများအတွင်းအလှည့်ကျရရှိစေရမည်။

(၁၁) ပြည်နယ်ဌာနဖွဲ့အစည်းအများ ၊ ပြည်နယ်မှကြီးကြပ်သည့်တစ်ခြားသောရာထူးအဖွဲ့များနှင့်ဘုတ်အဖွဲ့များ ၊ ကော်ပိုရေးရှင်းများနှင့်မြူနီစပယ်အသင်းအဖွဲ့များအားလုံးတွင် မူဆလင်များသည်တန်းတူရည်တူအခွင့်အရေးများရရှိစေရမည်။---

(၁၄) ပြည်နယ်အစိုးရသည် ပြည်နယ်အတွင်းရှိမူဆလင်နှင့်လူနည်းစုများ၏ပညာရေးနှင့် စီးပွါးရေးအကျိုးကိုအထူးသမဝါယမစိုက်၍မြှင့်တင်ပေးရမည်။---

(၁၅) ပြည်နယ်၏ဘဏ္ဍာရေးနှင့်ပြည်ထောင်စုအစိုးရထံမှရသောခွဲဝေရံပုန်ငွေများကိုသုံးစွဲရာ၌ မူဆလင်နှင့်မူဆလင်မဟုတ်သူဧရိယာများ၌ အဖြစ်နိုင်ဆုံးလူဦးရေအချိုးအစားအလိုက်ခွဲဝေသတ်မှတ်ပေးရမည်။

(၂၁)--- ပါကစ္စတန်မှ ဗုဒ္ဓဘာသာများကိုပြန်လည်နေရာချထားရာတွင်ပြည်နယ်အတွင်းမူဆလင်မဟုတ်သူများ၏နေရာတွင်သာချထားရမည်။

(၂၂) မေယုနယ်ခြားခရိုင်တွင်နယ်ခြားအုပ်ချုပ်ရေးကိုဖျက်သိမ်းပြီးနောက်ယင်းအုပ်ချုပ်ရေးကို ရခိုင်ပြည်နယ်မှလွှဲအပ်ယူသောအခါ၊၄င်းဒေသကိုသီးခြားဒေသတစ်ခုအဖြစ်အုပ်ချုပ်ရမည်ဖြစ်ပြီး ယခုလက်ရှိပြည်သူ့ဝန်ထမ်းအုပ်ချုပ်ရေးကိုပြောင်းလဲခြင်းသော်လည်းကောင်း၊ဝင်စွက်ခြင်းသော်လည်းကောင်းမရှိစေရ။”(ဂါဒီယန်၊ ၁၉၆၀၊ အောက်တိုဘာ (၂၇)ရက်)

အထက်ပါဂါဒီယန်သတင်းစာပါကောက်နုတ်ချက်များကိုအလယ်သံကျော်ညီလာခံဆုံးဖြတ်ချက်များနှင့်လည်းကောင်း၊ မစ္စတာစုလတန်မာမူး၏တင်ပြချက်များနှင့်လည်းကောင်း၊စာရှုသူတို့နှိုင်းယှဉ်သုံးသပ်ကြည့်ရန်ဖြစ်ပါသည်။

စာတမ်းသုံးခုကောက်နှုတ်ချက်များကို နှိုင်းယှဉ်သုံးသပ်ကြည့်လျှင် “ ရိုဟင်ဂျာ” အမည်ခံ စစ်တကောင်းသားမူဆလင်တို့သည် လူဦးရေအသာစီးရသည်ကိုအကြောင်းပြပြီး၊ ရခိုင်ပြည်နယ် မြောက်ပိုင်း၊မောင်တော၊ ဘူးသီးတောင် နှင့်ရသေ့တောင်တစိတ်တပိုင်းကိုမူဆလင်သီးခြားပြည်နယ်(သို့မဟုတ်) မူဆလင်သီးခြားဒေသအဖြစ်ဖွဲ့စည်းလိုသည့်အချက်၌တင်ပြပုံတူကြကြောင်းတွေ့ရပါသည်။ နိုင်ငံတော်အစိုးရက ၎င်းတို့အားမြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြုရမည့်အပြင်၊ ***ပါကစ္စတန်၌ရှိနေကြသောရှိုနိုင်ဗုဒ္ဓဘာသာများကိုပင် မူဆလင်ပြည်နယ်၌ နေထိုင်ခွင့်မပြုသည့်ဆန္ဒ၌လည်းအမြင်တူကြလေသည်။*** မူဆလင်သီးခြားပြည်နယ်၊ သီးခြားဒေသမဖွဲ့စည်းပဲ ၊ ရခိုင်ပြည်နယ်တစ်ခုလုံးကိုပြည်နယ်ဖွဲ့စည်းပေးရန်လိုလားသော မစ္စတာစူလတန်မာမူးကမူ၊ရခိုင်ဗုဒ္ဓဘာသာ တို့ထံမှ မူဆလင်တို့အတွက် အာမခံချက်ကိုသာတောင်းသည်။ သို့သော်ထိုအာမခံချက်မှာမူဆလင်သီးခြားပြည်နယ်ဖွဲ့စည်းရေးမူထက် တင်းကျပ်ကြောင်းတွေ့ရသည်။

အားလုံးချုပ်လိုက်လျှင် မူဂျာဟစ်သူပုန်ထမှု၏အကျိုးဆက်သည်ရခိုင်တို့အား မိမိတို့၏ဘိုးဘွားပိုင်ရခိုင်မြေ၌ ရခိုင်ပြည်နယ်ထူထောင်ခွင့်ကိုပင်မူဆလင်တို့၏အနှောင့်အယှက်နှင့်မကင်းလွတ်နိုင်သော အနေအထားမျိုးရောက်စေလေသည်။ မောင်တော၊ ဘူးသီးတောင် ၊ရသေ့တောင်တစိတ်တပိုင်းကိုလည်း ရခိုင်တို့မပိုင်တော့ပဲ၊စစ်တကောင်းသား ဘင်္ဂါလီမူဆလင်တို့၏ လူဦးရေအသာစီးရမှုကြွန်ယက်၌ ရခိုင်လူနည်းစုက အချုပ်အနှောင်ခံရသလိုဖြစ်စေလေသည်။

# အခန်း(၇) ဝေဖန်စာ

## စစ်တကောင်းနွယ်မူဆလင်များကိုတိုင်းရင်းသားဆိုပါလား

ဖော်မင်းထွဋ်သည် အခန်း(၇)တွင် "ဥပဒေကြောင်းနှင့်ရိုဟင်ဂျာ"ခေါင်းစဉ်တပ်ပြီး "ဇာတိအရ ပြည်ထောင်စုသားဖြစ်သူတို့အတွက် ပြည်ထောင်စုသားဖြစ်မှုသည် အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်သည်"ဟု နိဒါန်းချီလိုက်သည်။ ထို့နောက်ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၁၅)မှ ကောက်နုတ်ပြီး "လူတိုင်းသည်နိုင်ငံသားအဖြစ်ကိုခံယူပိုင်ခွင့်ရှိသည်"ဟုအားဖြည့်တင်ပြကာ၊ မိမိကိုယ်ကိုဇာတိအရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်လေ ဟန်၊ထို့ကြောင့် မြန်မာနိုင်ငံသားအဖြစ်ကိုခံယူပိုင်ခွင့်ရှိလေဟန်တင်ပြလိုက်သည်။ "ရိုဟင်ဂျာ"အမည်ခံသူတို့မှာ ဇာတိအရ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည်ဟုဆိုလိုဟန်တူသည်။ လူ့အခွင့်အရေးအရေခြုံပြီး "ရိုဟင်ဂျာ" အမည်ခံသူတို့အတွက်အခွင့်အရေးတောင်းသောတင်ပြချက်မျိုးဖြစ်သည်ဟုဆိုရမည်။

ဤသို့တင်ပြပြီး မြန်မာနိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၁၀)နှင့်ပုဒ်မ(၁၁)တို့ကို ကိုးကားဖော်ပြသည်။ ဆက်လက်၍ ၁၉၄၈ ခုနှစ်ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေကိုလည်းအောက်ပါအတိုင်းဖော်ပြသည်။

"(၃)(က)။ အခြေခံဥပဒေပုဒ်မ (၁၁)အလို့ငှါ မြန်မာနိုင်ငံတိုင်းရင်းသားအမျိုးမျိုးဆိုသည်မှာ ကချင်၊ကရင်၊ ကယား၊ချင်း၊မြန်မာ၊ရခိုင်သို့တည်းမဟုတ်ရှမ်းလူမျိုးကိုလည်းကောင်း၊ ၁၈၂၃ ခု (မြန်မာသက္ကရာဇ် ၁၁၈၅ ခု)မတိုင်မီကာလမှစ၍ ပြည်ထောင်စုတွင် ပါဝင်သောနယ်မြေတစ်ခုခု၌ မိမိတို့၏ပင်ရင်းတိုင်းပြည်အဖြစ်ဖြင့်အခြေစိုက်နေထိုင်ခဲ့သောမျိုးနွယ်စုများကိုလည်းကောင်းဆိုလိုသည်။ "(စာ–၇၁)

ဤအက်ဥပဒေ၌ "၁၈၂၃ ခုမတိုင်မီကာလမှစ၍"ဟူသောခုနှစ်ကန့်သတ်ချက်ပါဝင်သည်။ ဤခုနှစ်ကို ဆုပ်ကိုင်ပြီးဖော်မင်းထွဋ်ကအောက်ပါအတိုင်းတင်ပြလိုက်သည်။

"–– ဗြိတိသျှတပ်မှူးရောဘတ်ဆန်၏ ၁၈၂၅ ခုနှစ်ဇူလိုင်လ(၂၁)ရက်နေ့အစီရင်ခံစာအရ ထိုစဉ်က ရခိုင်ပြည်၌ လူဦးရေတစ်သိန်းခန့်ရှိရာ ဗုဒ္ဓဘာသာဝင်ရခိုင်ခြောက်သောင်းနှင့်မူဆင်သုံးသောင်းခန့်ရှိကြောင်းပါရှိရာ၊ ဤမူဆင်သုံးသောင်းမှဆင်းသက်လာသူတို့မှာမြန်မာနိုင်ငံ၏တိုင်းရင်းသားဖြစ်ကြောင်းကိုအငြင်းပွားစရာအလျှင်း မရှိနိုင်ပေ။"(စာ–၇၄)

အငြင်းပွားစရာရှိပါသည်။ ရှိပုံမှာ ဤသို့ဖြစ်သည်။ ဤမူဆလင်သုံးသောင်းမှာမင်းပါကြီးအစရှိသောမြောက်ဦးခေတ်ဘုရင်များက ဘင်္ဂါ(၁၂)မြို့မှ ဖမ်းဆီးယူလာသော သုံ့ပန်းများ၊ပေါ်တူဂီပင်လယ်ဒါးပြများထံမှဝယ်ယူသော မူဆလင်များ၊သျှာသျူဂျာနောက်လိုက်လေးသည်ကမန်များ၊ ဘိုးတော်ဘုရားခေါ်ယူလာသော မြေဒူးမူဆလင်များစသူတို့ဖြစ်သည်။ ၎င်းတို့၏ဇာတိနိုင်ငံမှာအိန္ဒိယသာဖြစ်သည်။ ရခိုင်ပြည်မဟုတ်ချေ။ ရခိုင်ပြည်၌ အနေကြာခဲ့သော အိန္ဒိယသား (အများအားဖြင့် ဘင်္ဂါလီလူမျိုး)ဖြစ်သည်ဟုကားဆိုနိုင်သည်။

ဖော်မင်းထွဋ်တင်ပြသော မူဆလင်သုံးသောင်းမှာ အိန္ဒိယသမိုင်းသုတေသီပါမောက္ခဘနာဂျီ၏တင်ပြချက်ဖြစ်ပေသည်။ ဤလူဦးရေကိုချဲ့ကားလို၍ ဖော်မင်းထွဋ်က ၊ဘိုးတော်ဘုရားအုပ်စိုးသောနှစ်(၄၀)ခေတ်တွင် ရခိုင်ပြည်မှ အင်္ဂလိပ်ပိုင်နက်သို့ထွက်ပြေးကြသော ရခိုင်ဒုက္ခသည်များ၌ မူဆလင်များလည်းပါကြောင်းလူဦးရေခွဲတန်းတောင်းခံသည့် သဘောနှင့်အောက်ပါအတိုင်းတင်ပြပြန်သည်။

"––– ၁၇၈၄ ခုနှစ်တွင် ဗမာကျူးကျော်ရေးစစ်ဘေးဒဏ်နှင့် ၁၇၈၅ ခုနှစ် နောက်ပိုင်းလေးမြို့ဝန်အုပ်ချုပ်ရေးကာလအတွင်းပြည်တွင်းလုံခြုံရေးမရှိ၍ စစ်တကောင်းသို့ထွက်ပြေးတိမ်းရှောင် ခိုလှုံခဲ့ကြသူများသည် ၁၈၂၆ ခုနှစ်နောက်ပိုင်းပြည်တွင်းလုံခြုံမှုအတော်အသင့်ရှိလာသဖြင့်ပြန်လည်ဝင်ရောက်လာခဲ့ကြသည် ––– ယင်းတွင်

ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုးများအပြင် မူဆလင်များ၊တောင်ပေါ်လူမျိုးစုများလည်း အများ အပြားပါဝင်ခဲ့သည်။" (စာ–၇၄)

လေးမြို့ဝန်ခေတ်(ဘိုးတော်ဘုရားနှစ် ၄၀ ခေတ်) ၌ စစ်တကောင်းသို့ထွက်ပြေးသူများကိစ္စကို မောရစ်ကောလစ်ကလည်းကောင်း၊ သမိုင်းပါမောက္ခဒေါက်တာပင်းကလည်းကောင်းမှတ်တမ်းတင်ခဲ့ကြသည်။ ကောလစ်ကနှစ်သိန်းဟုဖော်ပြ၍၊ ဒေါက်တာပင်းကယင်းဦးရေထက်လျော့၍ဖော်ပြခဲ့သည်။ တစ်ဦးနှင့်တစ်ဦးလူဦးရေဖော်ပြမှုခြားနားကြသော်လည်း ၎င်းဒုက္ခသည်များမှာရခိုင်သားများသာဖြစ်သည်ဟုဖော်ပြကြသည်။ မူဆလင်ပါဝင်သည်ဟုမရေးကြချေ။ ဤကိစ္စကိုအခန်း(၄)ဝေဖန်စာ၌ "ဘိုးတော်ဘုရားခေတ်ရခိုင်ပြည်လူဦးရေ" ခေါင်းစဉ်ငယ်အောက်တွင်ဝေဖန်တင်ပြခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင်ဇော်မင်းထွဋ်သည်အခန်း(၄)၌ပင် ဗြိတိသျှခေတ်၌ တံခါးမရှိဒါးမရှိဝင်လာကြသောမူဆလင်များကို ရှေးခေတ်ကပင်ရှိခဲ့သော "နယ်ခံတိုင်းရင်းသားမူဆလင်များဖြစ်သည်" ဟုလိမ်ညာခဲ့ရာ "ဧည့်သည်များသာဖြစ်သည်" ဟုချေပတင်ပြခဲ့သည်။ အထောက်အထားအဖြစ် မစ္စတာစမတ်စာအုပ်နှင့်မိုရှေယေဂါကျမ်းကိုညွှန်းခဲ့သည်။

ထို့ပြင် အခန်း(၆)၌လည်း ၁၉၄၂ ခုအဓိကရုဏ်းကာလ၌ ထွက်ပြေးခဲ့သူများ ၂ သိန်းရှိသည်ဟုလိမ်ညာပြီး ယခုကာလမောင်တောနှင့်ဘူးသီးတောင်၌ မူဆလင်ဦးရေတိုးခဲ့ရသည်ဟုတင်ပြခဲ့သေးသည်။ ၎င်းလိမ်ညာမှုကို အခန်း(၆) "အဓိကရုဏ်းကာလမူဆလင်ဦးရေအမြွတ်ထုတ်ပုံ" ခေါင်းစဉ်ငယ်အောက်၌ဝေဖန်တင်ပြခဲ့ပါသည်။

ဇော်မင်းထွဋ်သည် ယခုအခန်း(၇)တွင်တဖန်၊ ၁၉၄၈ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတော်သားဖြစ်မှုအက်ဥပဒေအပိုဒ် ၃(က)ကို ကိုးကားပြီး၊ ၁၈၂၃ ခုမတိုင်မီလေးမြို့ဝန်ခေတ်၌ရခိုင်ပြည်မှထွက်ပြေးသူ ၂ သိန်းမှ မူဆလင်ဦးရေခွဲတန်းတောင်းကာ၊ယခုမူဆလင်ဦးရေကိုအခြေခံဥပဒေနှင့်ညီသောလူဦးရေအဖြစ်တင်ပြခြင်းဖြစ်သည်။

ဤမျှနှင့်မရပ်သေးပဲ ဗြိတိသျှခေတ် (၉၁)ဌာနအုပ်ချုပ်ရေး၌ မင်းတိုင်ပင်အမတ်များရွေးကောက်တင်မြှောက်ရသောအခါ ၊မောင်တောနှင့်ဘူးသီးတောင်နယ်မှ ရွေးချယ်ခံခဲ့သူ မစ္စတာဂနီမာရ်ကန်ကို "မြန်မာတိုင်းရင်းသားကိုယ်စားလှယ်" ဟူ၍ဇော်မင်းထွဋ်ကအောက်ပါအတိုင်းလိမ်ညာတင်ပြခဲ့သည်။

"––– ၁၉၃၂ ခုနှစ်နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည်။ ရခိုင်ဒေသတွင်တိုင်းရင်းသားမြန်မာမဲဆန္ဒနယ်(၉)နယ်နှင့်အိန္ဒိယသားများအတွက်စစ်တွေမြို့ပေါ်(၁)နယ်၊ပေါင်းမဲဆန္ဒနယ်(၁၀)နယ်အတွက်မင်းတိုင်ပင်အမတ်(၁၀)ဦးကိုရွေးချယ်ခဲ့ရာ ရိုဟင်ဂျာတို့က မြန်မာတိုင်းရင်းသားမဲဆန္ဒနယ်မှမဲပေးပိုင်ခွင့်ရရှိပြီး၊ ရိုဟင်ဂျာ လူမျိုးဦးဂနီမာရ်ကန်သည် မောင်တော၊ ဘူးသီးတောင် မဲဆန္ဒနယ်မှမြန်မာတိုင်းရင်းသားကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်"(စာ–၇၅)

ဇော်မင်းထွဋ်တင်ပြချက်အတိုင်းဆိုလျှင်မဲပေးပိုင်ခွင့်ရရှိသောမူဆလင်တို့သည် မြန်မာတိုင်းရင်းသားများဖြစ်ကြပြီး မစ္စတာဂနီမာရ်ကန်သည် လည်း မြန်မာတိုင်းရင်းသားကိုယ်စားလှယ်ဖြစ်သွားလေသည်။ထိုမူဆလင်အားလုံးလည်း"ရိုဟင်ဂျာ"လူမျိုးဖြစ်ကုန်သည်။အလှည့်အပတ်အလိမ်အညာကောင်းသူဇော်မင်းထွဋ်သည် ဖန်ဆင်းရှင်ကဲ့သို့ ဗြိတိသျှခေတ်ဝင်လာသူအိန္ဒိယသားတို့အား မိမိကလောင်ဖြင့်"မြန်မာတိုင်းရင်းသား"အသွင်သို့လည်းကောင်း၊ ရိုဟင်ဂျာလူမျိုးအဖြစ်သို့လည်းကောင်း ၊ပြောင်းလဲပေးနိုင်ခဲ့သော်လည်း မစ္စတာစမတ်၏ စစ်တွေဂေဇတ်တီးယားမှတ်တမ်းကိုကား ပြောင်းလဲနိုင်စွမ်းမရှိနိုင်ပါ။ထိုမှတ်တမ်း၌ တိုင်းရင်းသားဗုဒ္ဓဘာသာများနှင့် ဧည့်သည်အိန္ဒိယနိုင်ငံသားတို့ကို သန်းခေါင်စာရင်းလူဦးရေအတိုင်းတိကျစွာဖော်ပြထားပြီးဖြစ်သည်။၎င်းသန်းခေါင်စာရင်း၌ "ရိုဟင်ဂျာ"လူမျိုးဟူ၍မရှိပါ။ဘင်္ဂလီလူမျိုးနှင့်အစ္စလာမ်ဘာသာဝင်"ကမန်"လူမျိုးဟူ၍သာရှိပါသည်။သမိုင်းအမှန်

တရားကိုမည်သူမျှဖုံးကွယ်၍မရနိုင်ကြောင်းဇော်မင်းထွဋ်နားလည်သင့်သည်။

ဖဆပလ အစိုးရလက်ထက်၌ ပါလီမန်အထွေထွေရွေးကောက်ပွဲသုံးကြိမ်ကျင်းပခဲ့ရာ မောင်တောနှင့်ဘူးသီးတောင်နယ်မှမူဆလင်အမတ်များပါဝင်ယှဉ်ပြိုင်ခွင့်ရပြီးလွှတ်တော်အမတ်များအဖြစ်ရွေးချယ်ခံခဲ့ရကြောင်း ဇော်မင်းထွဋ်က စာ–၇၆၌ အကျယ်တဝင့်တင်ပြခဲ့သေးသည်။ ၄င်းတို့မှာမြန်မာတိုင်းရင်းသားများဖြစ်သောကြောင့် မဲပေးခွင့်နှင့်ရွေးချယ်ခံပိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်ဟုလည်းဆိုလိုက်သည်။ ထိုအခွင့်အရေးများကိုမောင်တောနှင့်ဘူးသီးတောင်မှ မူဆလင်များရခဲ့ကြသည်မှာမှန်သော်လည်း၄င်းတို့အားတိုင်းရင်းများအဖြစ်အသိအမှတ်ပြုခြင်းမဟုတ်ချေ။ "ရိုဟင်ဂျာ"အမည်ခံမူဆလင်တို့အား တိုင်းရင်းများအဖြစ်အသိအမှတ်မပြုကြောင်းကို နဝတ အစိုးရလက်ထက် အကြိမ် (၁၀၀) မြောက်သတင်းစာရှင်းလင်းပွဲ၌ ပေါ်လွင်ခဲ့သည်။

၁၉၈၈–ခုနှစ် မဆလ အစိုးရပြုတ်ကျပြီးနောက် နဝတ အစိုးရတက်လာသည်။၁၉၉၀–ခုတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန်စီစဉ်ရာ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်မှ မူဆလင်ပါတီ (၇)ခုရွေးကောက်ပွဲဝင်ခဲ့ကြသည်။ နဝတ အစိုးရသည်ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများစာရင်း၌"ရိုဟင်ဂျာ"လူမျိုးကိုထည့်သွင်းခြင်းမပြုချေ။ ထိုကိစ္စကို နဝတ အစိုးရ၏၁၃/၇/၉၀–နေ့ပြုလုပ်ခဲ့သောအကြိမ်(၁၀၀)မြောက် သတင်းစာရှင်းလင်းပွဲတွင် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်က"အချို့သောနိုင်ငံရေးအဖွဲ့အစည်းများသည် တရားဝင်အသိအမှတ်မပြုသည့်လူမျိုးများကိုတိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည်ဟုတောင်းဆိုလာခြင်းကိုတွေ့ရကြောင်း မိမိတို့နိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားသည့်အတွက်ဘာသာရေးအပေါ်တွင်အခြေခံ၍ဖြစ်ပေါ်လာသည့် လူမျိုးကိုအသိအမှတ်မပြုကြောင်း***တိုင်းရင်းသားလူမျိုးစာရင်းတွင်ယခင်ကမပါဘဲ ယခုအခါတိုင်းရင်းသား အဆင့်ရှိရန်ကြိုးပမ်းမှုများသည်အန္တရာယ်ရှိနိုင်၍အခြေခံဥပဒေရေးဆွဲရာ၌အလေးအနက်စဉ်းစားရန်လိုအပ် မည်ဖြစ်ကြောင်း***"ရှင်းလင်းမိန့်ကြားခဲ့သည်။ဤသတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးနောက် ယခင်က"ရိုဟင်ဂျာ"ပါတီ အမည်ခံရန်အဆင်သင့်ဖြစ်နေခဲ့ကြသော မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များမှမူဆလင်ပါတီများသည် ပါတီအမည်များကိုတစ်မျိုးတစ်ဖုံပြောင်းပြီးမှတ်ပုံတင်ခဲ့ကြရသည်။၄င်းပါတီများမှာ–

(၁) အမျိုးသားလူ့အခွင့်အရေးနှင့်းမိုကရက်တစ်ပါတီ

(၂) မေယုဖွံ့ဖြိုးတိုးတက်ရေးကျောင်းသားလူငယ်များအဖွဲ့ချုပ်

(၃) တိုင်းရင်းသားလူမျိုးစုဘဝသစ်ထုထောင်ရေးပါတီ

(၄) တိုင်းရင်းနွယ်ဖွားပူးပေါင်းရေးပါတီ

(၅) အမျိုးသားပါတီ

(၆) ရခိုင်လူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်

(၇) ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်–တို့ဖြစ်သည်။

ဤသို့"ရိုဟင်ဂျာ"အမည်ခံခွင့်မရ၍ အမည်သစ်ပြောင်းခဲ့ကြရသောဖြစ်ရပ်မှန်ကိုဇော်မင်းထွဋ်ကအောက်ပါ အတိုင်းလိမ်ညာတင်ပြခဲ့သည်။

"–––တိုင်းရင်းသားရိုဟင်ဂျာများလည်း အခြားညီနောင်တိုင်းရင်းသားများနည်းတူ ၁၉၉၀–ရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်သူတိုင်း မဲပေးနိုင်ခွင့်ရရှိခဲ့ပါသည်။ရိုဟင်ဂျာနိုင်ငံရေးပါတီများလည်းထူထောင်ခွင့်တရားဝင် ရခဲ့ပါသည်။"(စာ–၈၇)

ဤသို့တင်ပြပြီး အထက်ဖော်ပြပါ ပါတီ(၇)ခုကို သမိုင်းအကျဉ်းနှင့်တကွဆက်လက်ဖော်ပြထားသေးသည်။

ဇော်မင်းထွဋ်က "တိုင်းရင်းသားရိုဟင်ဂျာများ"၊ "ရိုဟင်ဂျာနိုင်ငံရေးပါတီများ"ဟု သုံးနှုန်းခဲ့ပါလျက် ပါတီအမည်များ၌ "ရိုဟင်ဂျာ"ဟူသောအမည်ကိုဘာကြောင့်မဖော်ပြကြပါလိမ့်။ဤမေးခွန်းအတွက်အဖြေကို အတွင်းရေးမှူး(၁)၏ သတင်းစာရှင်းလင်းပွဲမိန့်ခွန်း၌တွေ့နိုင်ပါသည်။"ရိုဟင်ဂျာအမည်ခံသူမူဆလင်တို့သည်***"တိုင်းရင်းသားလူမျိုးစာရင်း၌ ယခင်ကမပါဘဲ ယခုမှတိုင်းရင်းသားအဆင့်ရှိရန်ကြိုးပမ်းမှုများသည်အန္တရာယ်ရှိနိုင်ကြောင်း"***ထောက်ပြပြီး"ရိုဟင်ဂျာ"တိုင်းရင်းသားဟူသောအသုံးအနှုန်းကိုပယ်ချခဲ့၍အထက်ပါတီများ၌"ရိုဟင်ဂျာ"အမည်ကို မဖော်ပြခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင်ဇော်မင်းထွဋ်သည် "မဆလ အစိုးရခေတ်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၌ ၁၉၄၇–ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အဖိုး ၊ အဖွား၊ မိဘနှစ်ပါးနှင့်မိမိကိုယ်တိုင်မြန်မာနိုင်ငံသားဖြစ်ပါမှ လူထုကိုယ်စားလှယ်အဖြစ်ရွေးချယ်ပိုင်ခွင့်ရှိကြောင်း သတ္တုတွင်းဝန်ကြီးဒေါက်တာညီညီနှင့်နိုင်ငံခြားရေးဌာနဒုတိယဝန်ကြီးဦးဝင်းကိုတို့ ယင်းဥပဒေနှင့်မညီ၍ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ခဲ့ကြရကြောင်း၊ ရိုဟင်ဂျာအမျိုးသားတို့မှာ ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲအားလုံးတွင် မဲပေးခွင့် ၊ ရွေးချယ်ခံပိုင်ခွင့်ရရှိခဲ့ကြောင်း" စာ–(၇၇)၌တင်ပြခဲ့သည်။ထိုမျှသာမက စာမျက်နှာ(၉၂)တွင်လည်း"နဝတ အစိုးရခေတ်တွင် ရိုဟင်ဂျာလူမျိုး အသက် (၁၈)နှစ်ပြည့်ပြီးသူအားလုံးသည် ၁၉၉၀–ခုမေလ (၂၇) ရက်နေ့တွင်ကျင်းပသော မြန်မာနိုင်ငံ၏ နောက်ဆုံးအထွေထွေရွေးကောက်ပွဲကြီးတွင်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်မှာ ရိုဟင်ဂျာလူမျိုးသည် မြန်မာနိုင်ငံတိုင်းရင်းသားလူနည်းစုတစ်ခုဖြစ်ခြင်းကြောင့်ဖြစ်သည်"ဟုလည်း တင်ပြပြန်သည်။

ဤတင်ပြချက်များ၌ မဆလ အစိုးရလက်ထက်တွင် ဒေါက်တာညီညီနှင့်ဦးဝင်းကိုကိုတို့သည် ၁၉၄၇–ခုနှစ် ဖွဲ့စည်းပုံအရ နိုင်ငံသားများမဟုတ်၍ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ်နုတ်ထွက်ခဲ့ရသည်ဟု ဇော်မင်းထွဋ်ကထောက်ပြခဲ့သည်။မှန်ပေသည်။၄င်းပုဂ္ဂိုလ်နှစ်ဦးမှာ မျိုးရိုးဇာတိအရနိုင်ငံသားများမဟုတ်ကြသောကြောင့် ဖွဲ့စည်းပုံနှင့်မညီ၍ရိုးရိုးသားသားရှင်းရှင်းလင်းလင်းနုတ်ထွက်ခဲ့ကြခြင်းဖြစ်နိုင်သည်။သို့သော်ဇော်မင်းထွဋ်က မဆလ ခေတ်၌"ရိုဟင်ဂျာ"အမည်ခံမူဆလင်များပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်တွင်ကိုယ်စားလှယ်များအဖြစ်ရွေးချယ်ခံခွင့်ရခဲ့သည်ဟုဆိုခြင်းမှာ လိမ်ညာမှုသက်သက်သာဖြစ်လေသည်။ရခိုင်ပြည်နယ်၌ မူဆလင်များကိုပါတီဝင်အဖြစ်ပင်ခွင့်မပြုခဲ့ချေ။အရံပါတီ(သို့)ပါတီမိတ်ဆွေအဖြစ်ဖြင့်သာကျေနပ်ကြရသည်။ မူဆလင်ကျေးရွာများတွင်ကျေးရွာကောင်စီအဆင့်၌သာဥက္ကဋ္ဌအဖြစ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မဆလ ခေတ်၌ နဂါးမင်းစီမံချက်ဖြင့်နိုင်ငံသားဟုတ်မဟုတ်စစ်ဆေးရန်စီစဉ်ပြီး စတင် စစ်ဆေးရုံရှိသေး ၊ ရခိုင်ပြည်နယ်မှ"ရိုဟင်ဂျာ"အမည်ခံမူဆလင်များမိမိကိုယ်ကိုမလုံမလဲ ထိတ်ထိတ်ပြာပြာ ဖြစ်ကာ လူလေးသိန်းကျော်တစ်ဖက်နိုင်ငံသို့ထွက်ပြေးခဲ့ကြကြောင်းကမ္ဘာသိဖြစ်ပေသည်။သူတို့မိမိဖာသာ ဘာကြောင့် ထွက်ပြေးကြပါသလဲ။အဖြေမှာရှင်းနေသည်။သူတို့မှာမြန်မာတိုင်းရင်းသားဖြစ်ဖို့ဝေးစွ၊နိုင်ငံသားအဆင့် ပင်မရှိကြသောကြောင့် အစစ်ဆေးမခံရဲပဲကြောက်လန့်တကြားထွက်ပြေးကြခြင်းဖြစ်သည်။ဇော်မင်းထွဋ်က ၁၉၉၀–ခု ရွေးကောက်ပွဲ၌"ရိုဟင်ဂျာ"အမည်ခံလူမျိုး မဲပေးခွင့် ၊ ရွေးချယ်ခံပိုင်ခွင့်ရခဲ့ခြင်းမှာ"တိုင်းရင်းသားလူနည်းစု"ဖြစ်သောကြောင့်ဟု ဆိုလိုက်သေးသည်။ နဝတ အစိုးရသည် မိမိတို့အုပ်ချုပ်ရေးတည်ငြိမ်လာအောင်အခြေအနေအရ ယာယီခွင့်ပြုခြင်းသာဖြစ်ပါလိမ့်မည်။"ရိုဟင်ဂျာ"အမည်ခံမူဆလင်တို့အား"တိုင်းရင်းသား"ဟူ၍အသိအမှတ်ပြုခြင်း မဟုတ်ချေ။ဤအချက်မှာအတွင်းရေးမှူး(၁)၏အကြိမ်(၁၀၀)မြောက်သတင်းစာရှင်းလင်းပွဲ၌ပေါ်လွင်ထင်ရှားပြီး ဖြစ်သည်။

## မူဆလင်တို့၏မေ(၁၃)ရက်နေ့မောင်တောကိုစီးနင်းမည့်အကြံ

ဇော်မင်းထွဋ်သည်အခန်း(၇)ကို“ဥပဒေကြောင်းနှင့်ရိုဟင်ဂျာများ”ခေါင်းစဉ်ကြီးတပ်၍တင်ပြပြီးနောက်၊ ခေါင်းစဉ်ငယ်အမျိုးမျိုးခွဲ၍“ရိုဟင်ဂျာ”အမည်ခံသူတို့၏နိုင်ငံရေးလှုပ်ရှားမှုများကိုတင်ပြသည်။၎င်းခေါင်းစဉ်များ၌ “၈၈–ဒီမိုကရေစီလှုပ်ရှားမှုနှင့်တိုင်းရင်းသားရိုဟင်ဂျာများ”ဟူသောခေါင်းစဉ်ငယ်တစ်ခုလည်းပါဝင်သည်။ သူတင်ပြသောအကြောင်းအရာ၌ ၈၈–ခုဒီမိုကရစီအရေးအခင်းပေါ်ပေါက်လာပုံကိုအကျယ်တဝင့်ရေးပြီး ၎င်းအရေးအခင်းနှင့်မောင်တောမှ ၁၉၈၈–ခုမေလ(၁၃)ရက်နေ့ဖြစ်ပျက်ခဲ့သော မူဆလင်တို့၏မောင်တောမြို့နယ်ကို တစ်ချိန်တည်း ၊ တစ်ပြိုင်တည်း စီးနင်းမည့်အကြံတို့ဆက်စပ်နေဟန်ဖြောင်ကျကျလိမ်ညာတင်ပြထားသည်။သူက–

–––၁၉၈၈–ခုနှစ် မေလ(၁၃)ရက်နေ့တွင် ရခိုင်ပြည်နယ်မောင်တောမြို့တွင်တစ်ပါတီအာဏာရှင်စံနစ်ကို ဆန့်ကျင်သောလူထုအုံကြွမှုကြီးပေါ်ပေါက်ခဲ့ပါသည်။ထိုအုံကြွမှုကြီးကို ဒေသခံရိုဟင်ဂျာနှင့်ရခိုင်တို့ကပူးပေါင်းပြီး စီစဉ်ခဲ့သော်လည်း မဆလ ၏လုံထိန်းတပ်ဖွဲ့က ပစ်ခတ်နှိမ်နင်းရာ ရိုဟင်ဂျာလူငယ်နှစ်ယောက်ပွဲချင်းပြီးသေဆုံးပြီး လူအများအပြားထိခိုက်ဒဏ်ရာရသွားပါသည်။”(စာ–၈၅)

ဇော်မင်းထွဋ်က“တစ်ပါတီအာဏာရှင်စံနစ်ကိုဆန့်ကျင်သောလူထုအုံကြွမှုကြီးဟုလည်းဖြောင်ကျကျ လိမ်ညာလိုက်သည်။ စင်စစ်ဤလှုပ်ရှားမှုသည် မောင်တောမြို့ပေါ်မှ မဆလ ပါတီကိုအုံကြွဆန္ဒပြခြင်းမဟုတ်ပေ။ ဤလှုပ်ရှားမှု၌ ရခိုင်တိုကပါဝင်ခြင်းလုံးဝ(လုံးဝ)မရှိချေ။ရခိုင်သားတို့လုံးဝမပါခဲ့ရုံမက မူဆလင်တို့လျှို့ဝှက်စီစဉ် သော ဤလှုပ်ရှားမှုကြီးသည် မောင်တောမြို့ပေါ်နှင့်မောင်တောမြို့နယ်တစ်ခုလုံးရှိလူနည်းစုရခိုင်လူမျိုးအားလုံးကို တစ်ပြိုင်တည်း တစ်ချိန်တည်းစီးနင်းရန် ကောက်ကျစ်ယုတ်မာစွာကြံစည်ခဲ့ခြင်းသာဖြစ်သည်။မူဆလင်တို့၏ ဤအကြမ်းဖက်မှုကြီးကိုဇော်မင်းထွဋ်က“ရိုဟင်ဂျာနှင့်ရခိုင်တို့ပူးပေါင်းပြီးစီစဉ်ခဲ့သည်။”ဟု ဖြောင်ကျကျလိမ်ညာ တင်ပြခဲ့ခြင်းသာဖြစ်ပေသည်။ရှစ်လေးလုံးဒီမိုကရေစီအုံကြွမှုကြီးကိုအရေခြုံပြီး“တစ်ပါတီအာဏာရှင်စံနစ်ဆန့်ကျင် လူထုအုံကြွမှုကြီး”ဖြစ်လေဟန်အရက်မရှိလိမ်ညာလိုက်သေးသည်။

ဇော်မင်းထွဋ်နည်းတူ မောင်တောမြို့ပေါ်မှမူဆလင်ခေါင်းဆောင်ဒေါက်တာထွန်းအောင်ဆိုသူကလည်း ၁၉၈၈–ခု စက်တင်ဘာလ(၆)ရက်နေ့ပြုလုပ်သောမောင်တောမြို့လူထုစည်းဝေးပွဲကြီး၌ အောက်ပါအတိုင်းမိန့်ခွန်း ပြောခဲ့သည်ဟု ဇော်မင်းထွဋ်ကဂုဏ်ယူစွာမှတ်တမ်းတင်ထားသည်။

“–––မောင်တောမြို့ဒီမိုကရစီတိုက်ပွဲကော်မတီခေါင်းဆောင်ရိုဟင်ဂျာအမျိုးသားဒေါက်တာထွန်းအောင်က “ဩဂုတ်လ(၁၃)ရက်နေ့မောင်တောမြို့ဒီမိုကရေစီတောင်းဆိုဆန္ဒပြပွဲသည်မြန်မာနိုင်ငံဒီမိုကရေစီတိုက်ပွဲ၏အစဖြစ်ကြောင်း ဤတိုက်ပွဲကိုဒီမိုကရေစီရရှိသည်ထိမလျော့သောဇွဲ လုံ့လဖြင့် သည်းလုံးညီညွတ်စွာဆင်နွှဲသွားကြဖို့အလေးအနက် တိုက်တွန်းပါကြောင်း”စသည်ဖြင့်မိန့်ကြားခဲ့ပါသည်။ ဟူ၍မှတ်တမ်းတင်ထားသည်။ (စာ–၈၆)

မေ(၁၃)ရက်ကိုနေ့ စွဲပြောင်းပုံဖျက်ပြီး“ဩဂုတ်လ(၁၃)ရက် ”ဟုလည့်စားထားခြင်းဖြစ်ပါသည်။ မေ(၁၃)ရက်ကို“ဒီမိုကရေစီတိုက်ပွဲအစ”ဟုကြွေးကြော်ကြွားဝါလိုက်သေးသည်။မူဆလင်တို့၏အတင့်ရဲစွာအုံကြွ လှုပ်ရှားမှုသည် မောင်တောမြို့ပေါ်နှင့်မြို့နယ်တစ်ခုလုံးရှိရခိုင်ဗုဒ္ဓဘာသာလူနည်းစု၏အသက်အိုးအိမ်လုံခြုံရေး အတွက် အလွန်အရေးကြီးသောကြောင့် မောင်တောမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ၊ မြို့မဆရာတော်ဘုရားက ဗဟိုသံဃနာယကအဖွဲ့သို့ (၂၈/၉/၈၈)နေ့ စာရေးတိုင်ကြားခဲ့ပါသည်။၎င်းတိုင်ကြားစာမှလိုရင်းကောက်နုတ်၍ အောက်တွင်တင်ပြအပ်ပါသည်။

မောင်တောမြို့

၂၈ ၊ ၉ ၊ ၈၈

ဥက္ကဋ္ဌ

နိုင်ငံတော်သံဃနာယကအဖွဲ့

ရန်ကုန်မြို့

အကြောင်းအရာ။ ။**မောင်တောမြို့နယ်အနာဂတ်သာသနာတော်အရေးအခင်းနှင့်ပတ်သက်တင်ပြလျှောက်ထားချက်။**

“–––ရခိုင်ရှာဟောင်းဂျာအဖွဲ့ဟုအမည်ခံထားသောကုလားဆိုးတစ်စုသည် ဘင်္ဂလားဒတ်ချ်သို့ခိုလှုံကာ ရှာဟောင်းဂျာဟူသောစာစောင်ကိုထုတ်ဝေပြီးကမ္ဘာသို့ဖြန့်ချီထုတ်လွှင့်နေကြဆဲဖြစ်ပါသည်။သူတို့အဆိုအရ ၁၉၇၉–ခုနှစ် ဟသ်ာစီမံချက်အရမြန်မာပြည်မှပြန်လည်လက်ခံခဲ့သည့်ကုလား ၁၈၆၉၉၆ ကျော်အပြင် ***ဘင်္ဂလားဒတ်ချ်နှင့်အခြားမူဆလင်နိုင်ငံများ၌ငါးသိန်းခွဲခန့်ရှိနေသေးသည်ဖြစ်ရာယင်းတို့ကိုလည်းပြန်လည်လက်ခံရမည်ဟုတောင်းဆိုနေကြပါသည်။***ဤတောင်းဆိုချက်ကိုအကောင်အထည်ဖေါ်သည့်အနေဖြင့် ၁၃ ၊ ၅ ၊ ၈၈ သောကြာနေ့ည(၉)နာရီကျော်တွင်***ကုလားငါးသောင်းခန့်မောင်တောမြို့ကို တောင်ဘက် ၊ အရှေ့ဘက် ၊ မြောက်ဘက်တို့မှဝိုင်းရံပြီးရခိုင်ဗုဒ္ဓဘာသာများကိုသတ်ပစ်ရန်ကြိုးစားခဲ့ကြပါသည်။***ယင်းနေ့ကအမှတ်(၄)ရပ်ကွက်ရှိမြို့သစ်ဘုန်းကြီးကျောင်းကို လက်တင်ဖျက်ဆီးခဲ့ကြပြီး ဗဟိုကျောင်းတိုက်ကိုဝိုင်းရံထားခဲ့ကြပါသည်။***ပြည်သူ့ရဲတပ်ဖွဲ့နှင့်အမှတ်(၂)လုံထိန်းတပ်ရင်းတို့၏အချိန်မီတားဆီးနိုင်မှုကြောင့်ရခိုင်များကွပ်မျက်ခံရမှုဘေးမှလွတ်မြောက်ခဲ့ပါသည်။၎င်းတို့၏လုပ်ရပ်သာအောင်မြင်ခဲ့ပါကဘင်္ဂလားဒတ်ချ်နိုင်ငံမှလူနှစ်သိန်းခွဲကိုချက်ချင်းသွင်းယူပြီး မူဆလင်နယ်မြေအဖြစ်သိမ်းပိုက်ကာဘင်္ဂလားဒတ်ချ်နိုင်ငံ၏အစိတ်အပိုင်းအဖြစ်သွတ်သွင်းရန်ကြီးမားယုတ်မာသောကြံစည်မှုကြီးဖြစ်ပါသည်။***

“–––သို့ဖြစ်ပါ၍အရှင်ဘုရားများသို့တင်ပြလျှောက်ထားခဲ့သည်တို့ကိုအလေးအနက်နှလုံးသွင်းယူတော်မူကြပါရန်နှင့် အရှင်ဘုရားများကလည်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ၊ ပုဂ္ဂိုလ်များသို့သာသနာတော်ကိုထောက်ထားလျက်နည်းလမ်းညွှန်ပြသြဝါဒပေးကြပါရန်လေးမြတ်ရိုကျိုးစွာဖြင့်လျှောက်ထားတင်ပြအပ်ပါသည်ဘုရား။

ဥက္ကဋ္ဌဆရာတော်

မြို့နယ်သံဃနာယကအဖွဲ့

မြို့မကျောင်းတိုက်

မောင်တောမြို့။

အထက်လျှောက်ထားတိုင်ကြားစာကိုသုံးသပ်ကြည့်လျှင် “ရိုဟင်ဂျာ”အမည်ခံမူဆလင်များ၏ အန္တရာယ်မည်မျှကြီးမားကြောင်းကောင်းစွာသဘောပေါက်နိုင်ပါသည်။ထိုအန္တရာယ်ကိုတားဆီးရန် မောင်တောနှင့်ဘူးသီးတောင်မြို့နယ်ရှိ ရခိုင်ဗုဒ္ဓဘာသာလူနည်းစုက ဘာမှတတ်နိုင်မည်မဟုတ်ချေ။ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုတို့၏အကူအညီနှင့်သာဟန့်တားထားနိုင်မည်ဖြစ်ပါသည်။

ဤမေလ (၁၃)ရက်နေ့အရေးအခင်းကို တစ်ဖက်နိုင်ငံမှ ၁၉၈၈–ခုစက်တင်ဘာလ(၂)ရက်နေ့စွဲဖြင့်ထုတ်ဝေသော“သောကြာအပတ်စဉ်”(Friday Weekly)၊”စာစောင်၌ “မိုနူဒင်နာဆာ”(Monuddin Naser) ဆိုသူက “ရိုဟင်ဂျာပြဿနာစောစောအဖြေပေါ်ရေး” (Roingya Issue Calls for Early Solution) ခေါင်းစဉ်နှင့် ဆောင်းပါး ရေးဖေါ်ပြခဲ့သည်။

၄င်းဆောင်းပါး၌"မြန်မာအစိုးရသည် မြန်မာလူဝင်မှုကြီးကြပ်ရေးဥပဒေကိုပြဋ္ဌာန်းလျှက် ရိုဟင်ဂျာမူဆလင်များအပေါ်တွင် စစ်ဆင်ရေးကြီး(၁၂)ကြိမ်ပြုလုပ်ခဲ့ကြောင်း ၊ လူဝင်မှုကြီးကြပ်ရေးဥပဒေတွင် ရခိုင်မူဆလင်များသည်လူမျိုးခြားများဖြစ်ကြပြီး မြန်မာပြည်တွင်နေခွင့်မရှိသူများဖြစ်ကြသည်ဟုဖေါ်ပြထားကြောင်း ၊ ဖေါ်ပြထားသည့်အတိုင်းဖိနှိပ်ခံရသောကြောင့်***မူဆလင်တစ်သန်းကျော်သည်သူတို့၏လယ်ယာမြေများမှထွက်ခွါသွားခဲ့ရကြောင်း*** မြန်မာနိုင်ငံသားဖြစ်မှုဥပဒေသစ်တစ်ခုပြဋ္ဌာန်းရန် ၁၉၇၉–ခုနှစ်တွင် ဂဠုန်စီမံချက်ကိုချမှတ်ခဲ့ကြောင်း ၊ ယင်းဥပဒေတွင် ရိုဟင်ဂျာများအား ဧည့်နိုင်ငံသားအဖြစ်ပြဋ္ဌာန်းကြေငြာပြီး မဲဆန္ဒပေးပိုင်ခွင့်နှင့်ကိုယ်စားလှယ်ရွေးချယ်ခွင့်တို့ကိုပိတ်ပင်ခဲ့ကြောင်း ၊ ဤအချက်မှာမူဆလင်များအတွက်အဆိုးဝါးဆုံးစီမံချက်တစ်ရပ်ဖြစ်ကြောင်း ၊ ယခုအခါဘင်္ဂလားဒတ်ချ်နိုင်ငံ၌ရှိနေကြသော***ရိုဟင်ဂျာမူဆလင်လေးသိန်းငါးသောင်းခန့်သည်အမိမြေသို့ပြန်ရန်စိတ်ပြင်းပြနေကြကြောင်း***"စသည်ဖြင့် ဖေါ်ပြထားသည်။

ဆောင်းပါးရေးသူသည်"ရခိုင်ရိုဟင်ဂျာအစ္စလာမ်တပ်ဦး"ဥက္ကဋ္ဌဖြစ်သူ"ရှက်ဘဟူစိန်"(Shabbir Hussin) နှင့် တွေ့ဆုံမေးမြန်းစဉ် ဥက္ကဋ္ဌက "ရခိုင်ပြည်နယ်ရှိမူဆလင်များတိုက်ပွဲဝင်နေသည်မှာကြာပြီဖြစ်ကြောင်း ၊ ယခုလည်းမြန်မာလူထုက အာဏာရှင်စံနစ်အားအုံကြွတိုက်ခိုက်နေမှုတွင်သူတို့လည်းပူးတွဲပါဝင်နေကြကြောင်း"ပြောကြားသည်ဟုဆို၏။

ဆက်လက်၍ဆောင်းပါးရေးသူက "မကြာသေးမီ၌ မြန်မာပြည်မှထွက်ခွါသွားရပြီဖြစ်သောအစိုးရအရာရှိတစ်ဦးနှင့်တွေ့ဆုံစဉ် ၄င်းအရာရှိက–ပြီးခဲ့သောမေလ(၁၃)ရက်နေ့တွင် ရခိုင်ပြည်ရှိမူဆလင်များဆန္ဒပြပွဲကြီးတစ်ခုကျင်းပခဲ့ကြောင်း ၊ မြန်မာအစိုးရက အစိုးရဝန်ထမ်းအချို့ကိုစည်းရုံးရေးသမားများဟုသတ်မှတ်၍ ၄င်းတို့အများစုကိုရာထူးချထားပြီး အခြားသူများကိုထိန်းသိမ်းထားခဲ့ကြောင်း–ပြောကြားသွားသည်ဟုရေးထားသေးသည်။

ထို့နောက်ဆောင်းပါးရေးသူက "တိုင်းပြည်မှစွန့်ခွါသွားသောမူဆလင်တစ်သန်းအနက်အများစုမှာဆော်ဒီအာရေးဗီးယား ၊ ပါကစ္စတန် ၊ ပင်လယ်ကွေ့နိုင်ငံများနှင့်အိန္ဒိယနိုင်ငံတို့တွင်နေထိုင်လျှက်ရှိကြကြောင်း –––အကယ်၍ ရခိုင်မူဆလင်များသည်အမျိုးသားစေ့စပ်ဆွေးနွေးပွဲတွင်ပါဝင်ခွင့်မရခဲ့လျှင်နောက်ဆုံး၌လက်နက်စွဲကိုင်လျက်သွေးဖြင့်ရင်းရတော့မည်ဖြစ်ကြောင်း"ရေးသားထားသည်။

ဆောင်းပါးရေးသူ၏အာဘော်ကိုသုံးသပ်ကြည့်လျှင်မြန်မာအစိုးရ၏လူဝင်မှုဥပဒေကိုပြင်းထန်စွာဝေဖန်ထားကြောင်းတွေ့ရသည်။၄င်းဥပဒေကြောင့်မူဆလင်တစ်သန်းထွက်ပြေးခဲ့ရသည်။ယခုမြန်မာနိုင်ငံလူထုအုံကြွမှုကြီးကာလ၌ မူဆလင်လေးသိန်းငါးသောင်းအမိမြေသို့ပြန်ဝင်ရန်စိတ်ပြင်းပြနေကြသည်ဟုဆိုလိုက်ရာ"ပွဲလန့်တုန်းဖျာခင်း"ရန်အကြံပင်ဖြစ်သည်။

အထက်တွင်တင်ပြခဲ့သောမောင်တောမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘုရား၏ တိုင်ကြား စာ၌"***မူဆလင်ငါးသိန်းခွဲခန့်ကိုလက်ခံရန်တောင်းဆိုနေကြသည်။***"ဟူ၍ဖေါ်ပြထားချက်မှာ လုပ်ကြံရေးသားချက်မဟုတ်ကြောင်းသိနိုင်ပါသည်။မေလ(၁၃)ရက်အရေးအခင်းသည်လည်း မြန်မာအစိုးရ၏ လူဝင်မှုဥပဒေ ကိုရင်မဆိုင်ဝံ့၍ မိမိဆန္ဒအလျောက်ထွက်ပြေးသွားကြသောမူဆလင်များအလုံးအရင်း နှင့်ဝင်လာနိုင်အောင် မောင်တောမြို့နှင့်မြို့နယ်တစ်ခုလုံးကိုအချိန်ကိုက်လှုပ်တပြက်ဝင်စီးရန်စီမံခြင်းဖြစ်သည်မှာ ထင်ရှားသည်။ပြည်သူ့ရဲတပ်ဖွဲ့ နှင့် အမှတ်(၂)လုံ ထိန်းတပ်ရင်းတို့အချိန်မီကယ်ပေလို့သာ မောင်တောသားရခိုင် လူနည်းစုတို့အသက်ဘေး မှလက်မတင်လေးလွတ်မြောက်ခဲ့ရသည်ဟုဆိုရပါမည်။

၄
•

“ရိုဟင်ဂျာ”အမည်ခံမူဆလင်တို့သည် မောင်တောနှင့်ဘူးသီးတောင်နှစ်ခုကို သီးခြားမူဆလင်ဒေသအဖြစ် နယ်သစ်ထူထောင်လိုသောအကြံရှိကြောင်းကို ရခိုင်တိုင်းမင်းကြီးလုပ်ခဲ့ဖူးသူ စာရေးဆရာကြီးမောင်ထင်ရေးခဲ့ဖူးကြောင်းအထက်၌တင်ပြခဲ့ပြီးဖြစ်ပါသည်။၎င်းတင်ပြချက်မှာ မေလ(၁၃)ရက်နေ့အရေးအခင်း၏ရည်ရွယ်ချက်နှင့် ကိုက်ညီနေသောကြောင့်ပြန်လည်တင်ပြရလျှင်–

“–––စစ်ပြီးခေတ် စစ်တကောင်းသားတို့၏စစ်ဝါဒသည်***နတ်မြစ်တစ်ဘက်ကမ်းရှိမယူတောင်တန်းဒေသနှင့်ကုလားပန်ဇင်းမြစ်ဝှမ်းတို့ကိုနယ်သစ်အဖြစ်ဖြင့်အခြေစိုက်ရန်ဟူသောဝါဒဖြစ်သည်။*** ထိုဝါဒကိုသွေးထိုးပေးသူမှာရခိုင်တိုင်းတွင်နှစ်ပေါင်းများစွာနေထိုင်သွားခဲ့သောစစ်တကောင်းအမျိုးသားတစ်ဦးဖြစ်သည်။ ***၎င်း၏တိုင်းရင်းသားအားလုံးကိုလူလုံးလူရင်းနှင့်ချီတက်အခြေစိုက်ရန်ပြင်ဆင်ထားခဲ့***”ဟုရေးခဲ့ပါသည်။

ဆရာကြီး၏အရေးအသား၌“***နယ်သစ်အဖြစ်အခြေစိုက်ရန်***”ဟူသောဖေါ်ပြချက် ၊ “***၎င်း၏တိုင်းရင်းသားအားလုံးကိုလူလုံးလူရင်းနှင့်ချီတက်အခြေစိုက်ရန်***”ဟူသောဖေါ်ပြချက်တို့မှာ မေလ(၁၃)ရက်လှုပ်ရှားမှု၏ ရည်ရွယ်ချက်နှင့်လည်းကောင်း ၊ “သောကြာနေ့စဉ်”မှဆောင်းပါးရှင်၏ရေးခဲ့သောအချက်များ (မူဆလင်တစ်သန်းကျော်တိုင်းပြည်မှစွန့်ခွါသွားခဲ့ရ ၊ လေးသိန်းငါးသောင်းအမိမြေသို့ပြန်ရန်စိတ်ပြင်းပြနေကြ) နှင့်လည်းကောင်း တစ်ထပ်တည်းဖြစ်နေလေသည်။“ရိုဟင်ဂျာ”အမည်ခံစစ်တကောင်းသားမူဆလင်တို့၏“လူလုံးလူရင်းနှင့်ချီတက်ပြီး နယ်သစ်ထူရေးဝါဒ”ကိုပြည်ထောင်စုသားညီအစ်ကိုတို့၏အင်အားနှင့်သာဟန့်တားနိုင်မည်ဖြစ်ပါသည်။

# အခန်း(၈)ဝေဖန်စာ

## ပြည်ထောင်စုကိုသစ္စာရှိပါ

ဇော်မင်းထွဋ်ကအခန်း(၈)ကို"လွတ်လပ်ရေးခေတ်ရိုဟင်ဂျာလူမျိုးများအပေါ်အစိုးရများ၏အသိအမှတ်ပြုမှုများ" ဟူ၍ခေါင်းစဉ်တပ်ထား၏။ထို့နောက်ဝန်ကြီးချုပ်ဦးနု၏အသံလွှင့်မိန့်ခွန်းကောက်နုတ်ချက် ၊ ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဟောင်းဦးဗဆွေ၏လူထုအစည်းအဝေးမိန့်ခွန်းကောက်နုတ်ချက် ၊ ဝန်ကြီးချုပ်လက်အောက်နယ်ခြားဒေသအုပ်ချုပ်ရေးမှကြေငြာချက် ၊ မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)မှကောက်နုတ်ချက် ၊ မြန်မာ့အသံတိုင်းရင်းသားအစီအစဉ်နှင့်ရိုဟင်ဂျာအစီအစဉ် ၊ တပ်မတော်ခေတ်ရေးစာစောင်ကောက်နုတ်ချက် ၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်ဗိုလ်မှူးချုပ်အောင်ကြီး၏ ၈/၇/၆၁–နေ့ မူဂျာဟစ်များလက်နက်ချအခမ်းအနားမိန့်ခွန်းတို့ကိုခေါင်းစဉ်ငယ်(၇)ခုခွဲ၍ဖော်ပြထား၏။

ဇော်မင်းထွဋ်၏တင်ပြချက်များကိုချုပ်ကြည့်လျှင် ဦးနုဦးဗဆွေဗိုလ်မှူးချုပ်အောင်ကြီးတို့သည် နိုင်ငံတော်အကြီးအကဲများအနေဖြင့် မူဂျာဟစ်သူပုန်ထမှုကိုချုပ်ငြိမ်းစေရန်ကြိုးပမ်းခဲ့ကြစဉ် စည်းရုံးရေးပရိယာယ်အဖြစ်ပြောဆိုခဲ့ကြချက်များဖြစ်ကြောင်းတွေ့ရသည်။ထိုပုဂ္ဂိုလ်တို့သည် နိုင်ငံရေးအခြေအနေအရ မူဆလင်တို့၏ထကြွသောင်းကျန်းမှုကိုယာယီပြေငြိမ်းစေရန်လိုက်လျောမှုအချို့ပေးခဲ့ရသည်ကိုငှင်းတို့၏မိန့်ခွန်းများ၌ တွေ့ရသည်။သာဓကအားဖြင့်"ရိုဟင်ဂျာ"ဟူသောဝေါဟာရကိုထည့်သွင်းသုံးနှုန်းခြင်းမျိုး ၊ မြန်မာ့အသံမှ"ရိုဟင်ဂျာ" အစီအစဉ်ကို ၁၅/၅/၆၁ မှ ၁/၁၀/၆၅ ထိ အသံလွှင့်ခွင့်ပေးခြင်းမျိုး ၊ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များကို "မေယုနယ်ခြားခရိုင်"ဟူ၍သတ်မှတ်အုပ်ချုပ်ခဲ့ခြင်းမျိုးဖြစ်သည်။သို့သော်ငှင်းတို့အားမြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည်ဟု အသိအမှတ်ပြုခြင်းမျိုးမဟုတ်ချေ။အသိအမှတ်ပြု၍လည်းမရနိုင်ချေ။အကြောင်းမှာငှင်းတို့တွင်ဇာတိနိုင်ငံရှိ၍ဖြစ်သည်။ငှင်းတို့သည်အိန္ဒိယမှတစ်ဆင့်မြန်မာနိုင်ငံသို့ဝင်ရောက်လာကြသောဘင်္ဂါလီလူမျိုးများသာဖြစ်ပေသည်။

သို့ဖြစ်၍ ဦးနုအစရှိသော နိုင်ငံအကြီးအကဲတို့သည် နိုင်ငံရေးအခြေအနေအရ ပရိယာယ်သုံးသည့်သဘောမျိုးနှင့် လိုက်လျောမှုအချို့လုပ်ပေးခဲ့ခြင်းဖြစ်သည်။ထိုသို့လိုက်လျောခဲ့သော်လည်းငှင်းတို့အား ကချင် ၊ကယား ၊ ကရင် ၊ချင်း ၊မွန်၊မြန်မာ၊ရခိုင်၊ရှမ်းစသောတိုင်းရင်းသားလူမျိုးမားစာရင်း၌ထည့်သွင်းအသိအမှတ်ပြုခဲ့ခြင်းမဟုတ်ချေ။ ထိုသို့ထည့်သွင်းလိုက်ပါက၊ငှင်းတို့အား တိုင်းရင်းသားလူမျိုးများသာခံစားပိုင်ခွင့်ရှိသော" ပြည်နယ်ထူထောင်ခွင့် " ကိုပေးရမည်ဖြစ်ပေသည်။ မောင်တောနှင့်ဘူးသီးတောင်မြို့နယ်ကိုမူဆလင်ပြည်နယ်အဖြစ်ဖွဲ့စည်းပေးရမည်ဖြစ်ပေသည်။ ထိုသို့ထူထောင်ပေးပါက မူဂျာဟစ်သူပုန်တို့အားလက်ဖြောက်အရှုံးပေးသည့်သဘောသက်ရောက်သွားပေမည်။ ထိုအမှားမျိုးကိုနိုင်ငံအကြီးအကဲလုပ်သူတို့မကျူးလွန်ခဲ့ဖူးပေ။ အစိုးရအဆက်ဆက်သည် " ရိုဟင်ဂျာ" အမည်ခံ မူဆလင်တို့တောင်းဆိုသော "တိုင်းရင်းသားလူမျိုးအဖြစ်အသိအမှတ်ပြုရေး၊မူဆလင်ပြည်နယ်ထူထောင်ပေးရေး" တို့ကိုခွင့်မပြုခဲ့ကြချေ။ ဇော်မင်းထွဋ်က ထိုသဘောတရားကို နားမလည်သောကြောင့် ငှင်းတို့အား နိုင်ငံခေါင်းဆောင်တို့က " မြန်မာနိုင်ငံတိုင်းရင်းသားရိုဟင်ဂျာလူမျိုးများ " ဟု အသိအမှတ်ပြုခဲ့လေဟန်စာရှုသူတို့အားလှည့်စားတင်ပြခဲ့ခြင်းဖြစ်ပေသည်။

အစိုးရအဆက်ဆက်နိုင်ငံခေါင်းဆောင်တို့သည် အနောက်ဖက်နယ်စပ်ရှိ" ရိုဟင်ဂျာ "အမည်ခံမူဆလင်တို့၏အရေးကို သတိကြီးစွာထား၍ ကိုင်တွယ်ခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့တို့၏အကျိုးစီးပွားအတွက် အိန္ဒိယသားတို့အားမြန်မာနိုင်ငံသို့လူတန်းစားမျိုးစုံတံခါးမရှိဒါးမရှိဝင်ခွင့်ပြုခဲ့ရာမှ ကျန်ရစ်ခဲ့သော လူဝင်မှုပြဿနာအမွေဆိုးကြီးသည်

မြန်မာအစိုးရအဆက်ဆက်အတွက်ခေါင်းခဲစရာပြဿနာတစ်ခုဖြစ်ခဲ့သည်။ ထိုအမွေဆိုးကြောင့် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ၁၉၃၈ တွင် ကုလားဗမာအဓိကရုဏ်းဖြစ်ပွားခဲ့သည်။ စစ်ကာလ ၁၉၄၂ ခုတွင်ကုလားရခိုင်အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ ၁၉၄၈ ခုတွင် မူဂျာဟစ်သူပုန်ထခဲ့သည်။ "ဤသူပုန်ထမှုကြောင့် နိုင်ငံရေးအကျိုးသက်ရောက်မှုများပေါ်ပေါက်ခဲ့သည်" ဟု သုတေသီ မိုရှေယေဂါပြောခဲ့သည့်အတိုင်း ၊မူဆလင်ပညာတတ်တို့က နိုင်ငံရေးအခွင့်အရေးအမျိုးမျိုးတောင်းခဲ့ကြသည်။ ဖဆပလအစိုးရက ၎င်းတို့နှင့်အပေးအယူလုပ်၍ လိုက်လျောမှုအချို့လုပ်ပေးခဲ့ရသည်။ မူဆလင်တို့ကလည်း မူဂျာဟစ်သူပုန်အားလက်နက်ချစေခြင်း၊ ပါလီမန်အမတ် မစ္စတာဂါဖာရ်က "မိမိတို့မှာ မြန်မာနိုင်ငံမှ ခွဲထွက်လိုသူများမဟုတ်၊ ပါကစ္စတန်လိုလားသူများမဟုတ်" ကြောင်းသတင်းစာရှင်းလင်းပွဲလုပ်ခြင်း–တို့ဖြင့် မြန်မာအစိုးရယုံကြည်အောင်ဆောင်ရွက်ခဲ့ကြသည်။

"မိမိတို့မှာခွဲထွက်လိုသူများမဟုတ်၊ ပါကစ္စတန်လိုလားသူများလည်းမဟုတ်" ဟူသောမစ္စတာဂါဖါးရ်၏ကတိစကားသည် မူဆလင်လူထုအပေါ်မည်မျှသြဇာသက်ရောက်မှုရှိပါသနည်း။ ဤအမေးအတွက်လုံလောက်သောအဖြေကိုမူဆလင်တို့ကပေးရအုံးမည်ဖြစ်သည်။ ထိုကတိစကားတည်မြဲစေလိုသောတောင်းဆိုအားထုတ်မှုမျိုးကိုမူဂျာဟစ်များလက်နက်ချအခမ်းအနားမိန့်ခွန်း၌ ဗိုလ်မှူးချုပ်အောင်ကြီးကမိန့်ကြားခဲ့ကြောင်းတွေ့ရသည်။

ဗိုလ်မှူးချုပ်အောင်ကြီးမှာ တပ်မတော်ဒုတိယဦးစီးချုပ်ဖြစ်သောကြောင့် ၎င်း၏မိန့်ခွန်းသည် ဖဆပလအစိုးရ၏သဘောထားကိုထင်ဟပ်စေသည်ဟုဆိုသင့်သည်။ မိန့်ခွန်း၏အနှစ်သာရသည် လက်နက်ချသူ မူဂျာဟစ်သူပုန်များနှင့်တကွ၊မောင်တောနှင့်ဘူးသီးတောင်ရှိ မူဆလင်လူထုအားမြန်မာနိုင်ငံသားများအဖြစ်မြန်မာနိုင်ငံအပေါ်သစ္စာရှိကြရန် လိုလားသောမိန့်ခွန်းဖြစ်သည်။ မစ္စတာဂါဖါးရ်ကတိပေးခဲ့သော စကားမျိုးကို ဖဆပလအစိုးရက မူဆလင်လူထုထံမှရယူလိုသည်။ ထိုသဘောမျိုးပေါ်အောင် ဗိုလ်မှူးချုပ်အောင်ကြီးမိန့်ကြားခဲ့ပုံကို ဇော်မင်းထွဋ်စာအုပ် စာမျက်နှာ ၁၀၁၊၁၀၂ တို့မှကောက်နုတ်တင်ပြလိုက်ပါသည်။

"––– မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့အချိန်ကစပြီး ယနေ့တိုင်အောင် မောင်တောဒေသတဝိုက်မှာတော်လှန်ရေးဆိုပြီးတော့ အစိုးရကိုလက်နက်ကိုင်ပြီးတိုက်ခိုက်ခဲ့တဲ့ ရဲဘော်အပေါင်းတို့ရဲ့ ယခုအလင်းဝင်အခမ်းအနားမှာ ကျွန်တော်စကားအနည်းငယ်ပြောလိုပါတယ်။***ကျွန်တော်ပထမဦးဆုံးပြောလိုတဲ့အချက်ကတော့ ကျွန်တော်တို့မေယုခရိုင်ကနယ်သူနယ်သားများအားလုံးနဲ့ပတ်သက်ပြီးသက်ဆိုင်နေတဲ့အချက်ပဲဖြစ်ပါတယ်။*** ကျွန်တော်တို့ ဒီမေယုခရိုင်ဆိုင်ရင်၊ အနောက်ဘက်မှာ ပါကစ္စတန်နယ်စပ်နဲ့ နယ်နမိတ်ချင်းဆက်နေပါတယ်။ နယ်နမိတ်ချင်းဆက်နေတဲ့အလျောက် ဒီနယ်နမိတ်ရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်မှာ မူဆလာမ်ဘာသာကိုယုံကြည်သက်ဝင်တဲ့လူမျိုးစုများရှိပါတယ်။ အနောက်ဘက်မှာရှိတဲ့ လူတွေကို ပါကစ္စတန်လို့ခေါ်ပြီး အရှေ့ဘက်မှာရှိတဲ့မြန်မာပြည်မှာနေထိုင်တဲ့လူတွေကို ရိုဟင်ဂျာလို့ခေါ်ပါတယ်။ ကျွန်တော်နည်းနည်းပြောချင်တာကတော့ အခုလို ***ပါကစ္စတန်နဲ့ဆက်စပ်နေတဲ့ ဒီနယ်တနယ်ထဲမှာ ဒီလူမျိုးတစ်မျိုးတည်းတိုင်းပြည်နှစ်ပြည်ခွဲပြီးရှိနေတာမဟုတ်ပါဘူး။ တရုပ်ပြည်နဲ့ဆက်စပ်နေတဲ့နယ်မှာလဲဒီလိုပဲ လူမျိုးချင်းဆက်နေတာရှိတယ်။ ဥပမာ ကချင်ပြည်နယ်မှာဆိုရင် လီဆူးဆိုတဲ့လူမျိုးရှိတယ်။ တရုပ်ပြည်ဘက်မှာလည်းလီဆူးတွေရှိတယ်။––– မွန်လူမျိုးဟာ ဗမာပြည်ထဲမှာရှိသလိုပဲ၊ယိုးဒယားနယ်ထဲမှာလည်းရှိတယ်။ ဒီအတိုင်းပဲ ပါကစ္စတန်နဲ့ဆက်စပ်နေတဲ့ဒေသမှာလည်း ပါကစ္စတန်ဘက်မှာ ဘာသာရေးအားဖြင့်တူတဲ့လူတွေရှိသလို မြန်မာပြည်ရဲ့ ဒီနယ်ထဲမှာလည်း ရိုဟင်ဂျာဆိုတဲ့လူမျိုးတွေရှိတယ်။***

အခုဒီမှာ ကြွရောက်လာတဲ့ ပရိသတ်စုံတဲ့အချိန်မှာ ကျွန်တော်တို့တည့်တည့်လင်းလင်းပြောချင်ပါတယ်။ ***ကျွန်တော်တို့ဒီနယ်စပ်ကလူတွေဟာ ဟိုဘက်နဲ့ဒီဘက်ဆွေမျိုးတွေရှိတယ်။ ဆွေမျိုးတွေရှိနေပေမယ့်လို့***

***ဟိုဖက်မှာရှိတဲ့လူတွေက ပါကစ္စတန်ပဲဖြစ်ရမယ်။ ဒီဘက်မှာရှိတဲ့လူတွေဟာလည်း မြန်မာပြည်ထောင်စုသားတွေပဲဖြစ်ရမယ်။*** ဒီအတိုင်းနယ်စပ်မှာနေတဲ့လူတွေဟာ တိတိကျကျ ၊ရှင်းရှင်းလင်းလင်းစိတ်ကို ယတိဖြတ်ထားဖို့လိုတယ်။---***ကျွန်တော်တို့နယ်အတွင်းမှာရှိတဲ့ ရိုဟင်ဂျာဆိုတဲ့လူတွေဟာ မြန်မာပြည်ထောင်စုကိုသစ္စာစောင့်သိပြီးတော့ အနောက်ဘက်မှာ ရှိနေတဲ့လူတွေဟာပါကစ္စတန်ကို သစ္စာစောင့်သိမှလည်း သဘာဝကျတယ်။***

ယခုကြွရောက်လာတဲ့ မေယုခရိုင်က မြို့မိ မြို့ဘမားနဲ့ ရဲဘော်တွေကို ကျွန်တော်ပြောချင်တာကတော့ ***အနောက်ပါကိစ္စတန်မှာ ရဲဘော်တို့ဆွေမျိုးတွေရှိချင်ရှိမယ်။ ယောက္ခမတွေရှိချင်ရှိမယ်။ သားသမီးတွေရှိချင်ရှိမယ်။ အဲဒီတော့ ဆွေမျိုးတော်တာကတော်တာပဲ။ သို့ပေမယ်လို့ လူမျိုးအနေနဲ့က ပြည်ထောင်စုမြန်မာနိုင်ငံသားတွေဖြစ်တဲ့အတိုင်း ပြည်ထောင်စုကိုသစ္စာစောင့်သိရမယ်ဆိုတာကို ယတိပြတ်ဆုံးဖြတ်ထားစေချင်ပါတယ်"***

ဗိုလ်မှူးချုပ်အောင်ကြီး၏ အထက်ပါမိန့်ခွန်းကောက်နုတ်ချက၌ ***"လူမျိုးတစ်မျိုးတည်း၊တိုင်းပြည်ကနှစ်ပြည်"*** ဆိုသောစကားကိုပေါ်လွင်အောင်တင်ပြချက်ကိုတွေ့ကြပါမည်။ သာဓကအဖြစ် လီဆူးလူမျိုးနှင့် မွန်လူမျိုးကိုဖော်ပြထားသည်။ ထိုလူမျိုးနှစ်မျိုးသည် တိုင်းပြည်နှစ်ပြည်၌ခွဲ၍ရှိနေကြသော သာဓကများဖြစ်သည်။ ထိုလူမျိုးများသည် မိမိနေထိုင်ရာ တိုင်းပြည်ကို သစ္စာခံရသည်။ ထိုနည်းတူ "ရိုဟင်ဂျာ"အမည်ခံသော လူမျိုးသည်လည်း မြန်မာပြည်ထောင်စုကို သစ္စာခံရမည်။ ရိုဟင်ဂျာနှင့်လူမျိုးတူသူများ၊ဆွေမျိုးများ၊သားသမီးများပါကစ္စတန်ဘက်၌ရှိနေသည်။ ၄င်းတို့သည် ပါကစ္စတန်ကိုသစ္စာခံရမည်ဖြစ်သည်။ ***"ထိုအချက်ကိုယတိပြတ်ဆုံးဖြတ်ထားစေချင်တယ်"*** ဟုဆိုခဲ့သည်။

ဤနေရာတွင် ဗိုလ်မှူးချုပ်အောင်ကြီးလိုချင်သောအချက်မှာ ***"မိမိနေထိုင်ရာတိုင်းပြည်ကိုသစ္စာခံရန်"*** ဖြစ်သည်။ မြန်မာနိုင်ငံဘက်၌ မူဆလင်များက "ရိုဟင်ဂျာ"ဟူသောအမည်ကိုခံယူလိုလျှင်ယူပါစေ။ ထိုအချက်သည် ပဓာနမဟုတ်။ ပြည်ထောင်စုအပေါ်သစ္စာခံရေးသာဖြစ်သည်ဟု သဘောတားပုံရပါသည်။ ထို့ကြောင့် "ရိုဟင်ဂျာ" ဆိုသောလူမျိုးအမည်ကိုလက်ခံသုံးစွဲခဲ့ခြင်းဖြစ်ပါလိမ့်မည်။ မြန်မာဘက်မှမူဆလင်များသည် လူမျိုးအမည်သစ် "ရိုဟင်ဂျာ"အမည်ကို ခံယူကြသော်လည်း၊ ပါကစ္စတန်ဘက်မှ ဘင်္ဂါလီမူဆလင်များနှင့်လူမျိုးတစ်မျိုးတည်းသာဖြစ်သည်ဟုသဘောထားကြောင်းကို အထက်မိန့်ခွန်း၌ပေါ်လွင်နေပါသည်။***"ပါကစ္စတန်ဘက်မှာရဲဘော်တို့ ဆွေမျိုးတွေရှိချင်ရှိမယ်။ ယောက္ခမတွေရှိချင်ရှိမယ်။ သားသမီးတွေရှိချင်ရှိမယ်"*** ဆိုသောစကားများသည် မြန်မာ နိုင်ငံဘက် (မောင်တောနှင့် ဘူးသီးတောင်) ၌ နေသော မူဆလင်များနှင့် ပါကစ္စတန်ဘက် (စစ်တကောင်းခရိုင်ဘက်) ၌ နေသော မူဆလင်တို့မှာ လူမျိုးတစ်မျိုးတည်းဖြစ်ကြောင်း ရည်ညွှန်းသောစကား များဖြစ်သည်။

ဖော်မင်းထွင့်က မြန်မာခေါင်းဆောင်များသည် ၄င်းတို့အား "တိုင်းရင်းသားရိုဟင်ဂျာလူမျိုး"ဟူ၍ အသိအမှတ်ပြုခဲ့ကြောင်း သက်သေပြလို၍ ဗိုလ်မှူးချုပ်အောင်ကြီး၏ မိန့်ခွန်းကို မြန်မာ့အလင်းသတင်းစာမှကောက်နုတ်ပြီးအပြည့်အစုံဖော်ပြခဲ့ခြင်းဖြစ်သည်။ မိန့်ခွန်းအာဘော်ကို ခြုံငုံသုံးသပ်ကြည့်လျှင် "ရိုဟင်ဂျာ"အမည်ခံသူတို့အား "တိုင်းရင်းသား"အဖြစ် အသိအမှတ်ပြုခြင်းမဟုတ်ပဲ၊ "ရိုဟင်ဂျာဆိုတဲ့လူမျိုး"ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့သော်လည်း "ပြည်ထောင်စုကိုသစ္စာစောင့်သိရမယ်" ဆိုသောအာဘော်သာဖြစ်ကြောင်းတွေ့ရသည်။

# နိဂုံး

ဖော်မင်းထွင့်ရေးသော ရိုဟင်ဂျာသမိုင်းအလိမ်အညာကို ကြိုးစားဖော်ထုတ်ဝေဖန်တင်ပြခဲ့ပါပြီ။ စာရှုသူတို့လည်း "ရိုဟင်ဂျာ" အမည်ခံတစ်တကောင်းနွယ်မူဆလင်တို့၏ သမိုင်းမှန်ကိုရှင်းရှင်းလင်းလင်းသိခဲ့ကြပြီဟု ယုံကြည်ပါသည်။

ဝေဖန်တင်ပြချက်တို့ကို ပြန်ချုပ်ကြည့်လျှင် သူတို့သည် ဗြိတိသျှကိုလိုနီခေတ်၌ လယ်ယာအလုပ်သမားများအဖြစ် လွတ်လပ်စွာဝင်ထွက်သွားလာခွင့်ခဲ့ကြရာမှ ရခိုင်မြေတွင် အခြေစိုက်ခဲ့ကြသူများဖြစ်ကြသည်။ ၎င်းတို့သည် နှစ် ၆၀ (၁၈၇၀–၁၉၃၀)အတွင်း၌ စစ်တွေခရိုင်တွင် တဟုန်ထိုးတိုးပွားသွားပြီး၊မောင်တောနှင့်ဘူးသီးတောင်မြို့နယ်များတွင်ကားဒေသခံရခိုင်သားတို့ထက်ပင် လူဦးရေပိုမိုများပြားသွားလေသည်။ ဗြိတိသျှအစိုးရက သူတို့၏ တံခါးမရှိဒါးမရှိဝင်ထွက်ခွင့်ပြုခဲ့မှုကို အချိန်မီဟန့်တားနိုင်ရန်စီစဉ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့်အခွင့်မသာခဲ့ပေ။

ဒုတိယကမ္ဘာစစ်ကပ်ဆိုးကြီးသည်ကျွန်ုပ်တို့ရခိုင်သားတို့အား ဒုက္ခအမျိုးမျိုးပေးခဲ့သည်။အထူးသဖြင့် ၁၉၄၂ ခု လူမျိုးရေးအဓိကရုဏ်း၌ ဘူးသီးတောင်နှင့်မောင်တောမှ ရခိုင်သားများအသက်၊အိုးအိမ်၊လယ်ယာ၊ဥစ္စာခနေများစွာဆုံးရှုံးခဲ့ရသည်။ ထိုဆုံးရှုံးမှုဒဏ်ရာဒဏ်ချက်များကို ကုစားခွင့်မရမီ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှအသျှင်သခင် ဟောင်းတို့က ရခိုင်မြေကိုပြန်လည်သိမ်းယူရာ၌ အထောက်အကူရရန် စည်းရုံးသည့်သဘောနှင့်ဗြိတိသျှတို့ကမောင်တောနှင့် ဘူးသီးတောင်မှ မူဆလင်တို့အား "မူဆလင်သီးခြားဒေသ" ထူထောင်ခွင့်ပေးမည်ဟူသော လိမ်ညာမှုမက်လုံးတစ်ခုပေးကာ၊ ၎င်းတို့၏လုပ်အားကိုအသုံးချခဲ့ကြသည်။ ဗြိတိသျှတို့ချီတက်လာစဉ်၊ စစ်တကောင်းသား မူဆလင်အမြောက်အများဖဝါးခြေထပ်ကပ်၍လိုက်ပါလာကြသည်။ ဤသို့ဖြင့် မောင်တောနှင့်ဘူးသီးတောင်၌ လူဦးရေတိုးသထက်တိုးသွားခဲ့သည်။

"မူဆလင်သီးခြားဒေသထူထောင်ခွင့်ပေးမည်" ဟူသော ဗြိတိသျှစစ်အရာရှိတို့၏ စကားသည် မူဆလင်တို့အားမြှောက်ပေးသလိုဖြစ်စေခဲ့သည်။ မူဆလင်တို့မှာ ရခိုင်တို့ထက် လူဦးရေအသာစီးရပြီးဖြစ်ရကား၊ထိုအချက်ကို လက်နက်သဘွယ်အသုံးချ၍ ၊ဗြိတိသျှတို့လိမ်ညာခဲ့သော သီးခြားဒေသထူထောင်ရေးသဘောတရားကိုအကောင်အထည်ဖော်ရန် စီစဉ်လာကြတော့သည်။ မောင်တော၊ဘူးသီးတောင်နှင့်ရသေ့တောင်တစ်စိတ်တစ်ပိုင်းကိုဖဲ့ထုတ်ပြီး ပါကစ္စတန်နှင့်ပူးပေါင်းရန်ထိ ကြံစည်ခဲ့ကြသည်။ မူဂျာဟစ်သူပုန်ထမှုသည် ထိုကြံစည်မှု၏ သရုပ်သကန်ပင်ဖြစ်၏။ အခြားတဘက်တွင် မူဆလင်ပါလီမန်အမတ်များက ၊ မူဆလင်သီးခြားပြည်နယ်ဖွဲ့ပေးရန်နှင့်၊အနိမ့်ဆုံးအဆင့်အဖြစ် မောင်တောနှင့်ဘူးသီးတောင်ကိုသီးခြားခရိုင်ဖွဲ့စည်း၍ ဗဟိုအစိုးရကအုပ်ချုပ်ရန်တောင်းဆိုကြသည်။ ဤတောင်းဆိုမှုသည်လည်း အထက်ကြံစည်မှုနှင့်တွဲ၍ပါလာသောနိုင်ငံရေးရည်မှန်းချက်ပင်ဖြစ်သည်။

မူဆလင်တို့တင်ပြခဲ့သော "ပြည်နယ်ထူထောင်ခွင့်" သည် တိုင်းရင်းသားတို့သာခံစားခွင့်ရှိသော အခွင့်အရေးဖြစ်ပေသည်။ "ရိုဟင်ဂျာ" အမည်ခံ စစ်တကောင်းနွယ်ဘင်္ဂါလီမူဆလင်တို့မှာ ထိုအခွင့်အရေးကိုခံစားခွင့်မရှိချေ။ ထိုအတားအဆီးကိုကျော်လွှားရန် "ရိုဟင်ဂျာမူဆလင်တိုင်းရင်းသားလူမျိုး" ဟူသော သမိုင်းလိမ်တစ်ခုကိုဖန်တီးပြီး စာနယ်ဇင်းများ၌တင်ပြခဲ့ကြသည်။ "မူဆလင်ပြည်နယ်" ထူထောင်ခွင့်ရရေးကိုလည်းတောင်းဆိုခဲ့ကြသည်။

မြန်မာအစိုးရအဆက်ဆက်သည် မူဆလင်တို့၏ "လူလုံးလူရင်းနှင့်နယ်သစ်ထူရေး" ဝါဒကိုကောင်းစွာနားလည်ကြသည်။ ထို့ကြောင့်၎င်းတို့၏ တောင်းဆိုချက်ကိုပယ်ချပြီး၊၎င်းတို့အား ဧည့်နိုင်ငံသားအဖြစ်သာ သဘောထားကြသည်။ မဆလအစိုးရလက်ထက်၌ နိုင်ငံသား ဥပဒေသစ်တစ်ခုပြဋ္ဌာန်းခဲ့သည်။ ၎င်းဥပဒေဖြင့်စစ်ဆေးမှတ်ပုံ

တင်ရန်စီစဉ်သောအခါ “ရိုဟင်ဂျာ”အမည်ခံ မူဆလင်တို့စစ်ဆေးမခံဝံ့ပဲ တဖက်နိုင်ငံသို့ထွက်ပြေးကြသည်။ ထိုကိစ္စသည် ကမ္ဘာ့ဒုက္ခသည်ပြဿနာဖြစ်သွားကာ ကုလသမဂ္ဂကကြားဝင်ဖြေရှင်းပေးခဲ့ရသည်။ ထို့ကြောင့် “ရိုဟင်ဂျာ”ဟူသော မူဆလင်လူမျိုးသစ်အမည်ကိုလည်း နိုင်ငံတကာမီဒီယာများ၌ မကြာခဏကြားခဲ့ကြရသည်။ “ရိုဟင်ဂျာ”ဟူသော ဝေါဟာရလည်းအများသိ ဝေါဟာရဖြစ်သွားတော့သည်။ ၎င်းတို့ကလည်း မြေပေါ်နည်း၊မြေအောက်နည်း အနုနည်း၊အကြမ်းဘက်နည်း နည်းမျိုးစုံသုံး၍ အစွမ်းကုန်လှုပ်ရှားကြသောကြောင့် “ရိုဟင်ဂျာ”သမိုင်းလိမ်ကို တကယ့်ဖြစ်ရပ်မှန်သမိုင်း၊ အဖိနှိပ်ခံမူဆလင်များ၏ လူ့အခွင့်အရေးလှုပ်ရှားမှုသတင်းမှန်အဖြစ်လွဲမှားစွာမှတ်ယူခဲ့ကြသည်။ ယခုဇော်မင်းထွဋ်တင်ပြထားသော “တိုင်းရင်းသားရိုဟင်ဂျာများ”စာအုပ်သည်လည်း၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အရေခြုံပြီး ပြည်ပရောက်မြန်မာစာဖတ်ပရိသတ်အား လိမ်ညာလှည့်စားတင်ပြထားသော သမိုင်းသာ ဖြစ်လေသည်။

ဇော်မင်းထွဋ်၏ သမိုင်းလိမ်လည်း လူ့အခွင့်အရေးခြုံတင်ပြသော သာမန်သမိုင်းလိမ်မျှသာမဟုတ်ပဲ၊ ရခိုင်ဗုဒ္ဓဘာသာတို့၏ ဇာတိမြေကို မူဆလင်လူဦးရေနှင့်တရွေ့ရွေ့ဝါးမျိုသိမ်းယူရန်ရည်ရွယ်သော မူဆလင်နယ်ချဲ့သမိုင်းမျိုးဖြစ်သည်ဟု မှတ်ယူသင့်ကြောင်းနိဂုံးချုပ်တင်ပြအပ်ပါသည်။

**ခိုင်မြဝါ**

## အကိုးအကားများ


၁။ ကျော်သက်၊ဒေါက်တာ ၊ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်း၊ ရန်ကုန်၊ ၁၉၆၁

၂။ ကေသာရ၊အသျှင်၊ မာရယုနှင့် ဗေဒါရှင်းတမ်း၊ ဒီမိုကရေစီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၃၁၇

၃။ ခင်ကြီးဖျော်၊ ရခိုင်ပြည်မှ မူဂျာဟိန်းဟူသည်၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊၁၉၅၉–၆၀

၄။ စန္ဒမာလလင်္ကာရ ၊ ရခိုင်ရာဇဝင်သစ်၊ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊မန္တလေး၊၁၂၉၃

၅။ စံသာအောင်၊ ရခိုင်ဒင်္ဂါးများ၊ဒေါ်စောစောစာပေ၊ ရန်ကုန်၊ ၁၉၇၉

၆။ စံသာအောင်၊ အာနန္ဒစန္ဒြ၊ရှစ်ရာစုရခိုင်ဝေသာလီမင်း၊တက္ကသိုလ်များပုံနှိပ်တိုက်၊၁၉၇၅

၇။ စံသာအောင်၊ အေဒီ ၆ ရာစု နှင့်ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ၊ ဥမ္မာအောင်စာပေ၊ အင်းစိန်၊၁၉၇၄

၈။ စံထွန်းအောင်၊ ကိုယ်တွေ့မေယုမြေနှင့် ရိုဟင်ဂျာ၊ လက်နှိပ်စက်မူ ၊၁၉၆၉

၉။ ဖေမောင်တင်၊ ဦး၊ ဘာသာလောကကျမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၇၈

၁၀။ ဘုံပေါက်သာကျော်၊တော်လှန်ရေးခရီးဝယ် ၊အတွဲ(၁)၊ သန္တာအောင်စာပေ၊ရန်ကုန်၊၁၉၇၃

၁၁။ ။ ၊ ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီများပြဿနာစာတမ်း၊၁၉၈၉

၁၂။ မောင်ထင်၊ ရခိုင်ပြည်နယ်အစီရင်ခံစာ ၊မြဝတီမဂ္ဂဇင်း ၊ဇူလိုင်၊၁၉၆၀

၁၃။ မောင်အေးချမ်း၊ (မြောက်ဦးခေတ်အစောပိုင်းရခိုင်သမိုင်း၊မဟာဝိဇ္ဇာဘွဲ့ယူကျမ်း)

၁၄။ မောင်အေးချမ်း၊ ရခိုင်သမိုင်းကိုသုတေသနပြုလုပ်ရေး၊ ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊၁၉၇၅–၇၆

၁၅။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုဌာနချုပ်၊ ရခိုင်၊ ရန်ကုန်၊ ၁၉၇၆

၁၆။ ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၊ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ အတွဲ(၄)၊ ၁၉၈၃

၁၇။ လှထွန်းဖြူဦး၊ ရခိုင်ပြည်နယ်စီးပွါးရေးဘဏ္ဍာတိုက်၊ စပယ်ယာစာပေတိုက်၊ရန်ကုန်

၁၈။ သာထွန်းအောင်၊ ဦး၊ ရခိုင်မဟာရာဇဝင်တော်ကြီး၊ ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်ကြီး၊ ၁၂၈၈

၁၉။ သန်းထွန်း ၊ ဒေါက်တာ၊ ခေတ်ဟောင်းမြန်မာရာဇဝင်၊ မဟာဒဂုန်စာပေ၊ ရန်ကုန်၊၁၉၆၄

၂၀။ အမျိုးသားပါတီ၊ ရခိုင်/ ရိုဟင်ဂျာ၊–ရခိုင်ပြည်နိုင်ငံရေးသမိုင်းနှင့်အနာဂတ်ရခိုင်ပြည်လက်စွဲစာစောင်၊ အမှတ်(၁) ၊ အမှတ်(၅) ၊ အမှတ်(၆) ၊ ရန်ကုန် ၊ ၁၉၈၉

၂၁။ အုန်းမောင်၊ ဦး ၊ကျောင်းအုပ်ကြီး(ကျိုက်လတ်အုန်း)၊ မြန်မာရာဇဝင်သမိုင်း(မြန်မာပြန်)၊ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၅၉၇

၂၂။ ဦးသာထွန်း၊ ဦး၊ ပဏ္ဍိတ်၊ မြောက်ဦးမြို့ဘုရားသမိုင်း၊ )ဒုတိယအကြိမ်× ၊ ၁၉၄၈


## REFERENCES


1. Arshad , M.&Rahma , H .,History of Indo-Pakistan , Third Edition , Decca , 1964.

2. Banerjee , A.C., The Eastern Frontier of British India , 1784-1826 , Third Edi tion , Calcutta , 1964.

3. Ba Tha , Roewengyas in Arakan , The Guardian , Burma's National mazazine , Rangoon , May , 1964.

4. Collis ,M.S .,and U San Shwe Bu , Arakan's Place in the Civilision of the Bay , B.R.S 50th Anniversary Pyblication No.2 Rangoon
5. Collis , M.S ., The Land fo the Great Image , Faber and Faber LTD ,London , 1942
6. Devies , H.A ., An Outline History of the World , Fourth Edition , Oxford University Press , 1964.
7. Forchammer , E., Papers on Subjects Relating to the Archeology of Burma : ARAKAN , Rangoon , 1891.
8. Grantham, S.and Maung Lat, Burma Gazetteer, Akyab District ,Vol.B.No.1, Rangoon, 1956 (Reprint).
9. Gutman, P., Ancient Arakan, Ph.D. Thesis, Australian National University, 1976.
10. Hall D.G.E , Burma, Second Impression, London, 1950.
11. " " History of South-East Asia, Fourth Edition, Macmillan, 1988.
12. Harvey, G.E., Histroy of Burma, London ,1925
13. Jamini Mohan Ghosh, Magh Raiders in Bengal, Calcutta, 1960.
14. Jacques Leider, These Budhist Kings with Muslim Names, 1995.
15. Johnston, E.H., Some Sanskrit Inscriptions of Arakan, Bullentin of the School of the Oriental and African Studies, London,1944, PP.357-85.
16. Langhan Carter, Archives of an Arakan Family, JBRS, Vol. XVIII,part II., Rangoon ,1938.
17. Moshe Yegar, The Muslims of Burma, 1972.
18. Pern, B.R., King-Bering, B.R.S. 50 the Anniversary Publication No.2, Rangoon, 1960.
19. Phayre,P.Sir Arthur,Coins of Arakan of Pegu and of Burma, London,1882.
20. " " " ,History of Burma ,Second Edition, 1967.
21. Sittwe Maung, Rohingya Affairs, Rakhine Tan-Zaung Magazine (English Section) Rangoon, 1961.
22. Sayyid Fayyag Mahmud, The Story of Indo-Pakiston, Oxford University, Press, 1963.
23. Sircar, D.C " Imscriptions of the Chandras of Arakan, " Epgraphia Indica, XXXII, (1967), PP. 61-66.
24. Smart, R.B., Burma Gazetteer, Akyab District, Vol.A, Rangoon,1957.(Reprint)
25. Smith, V.A., The Oxford History of India, Second Adition,1923
26. Sunity Bhusham Qanungo, A History of Chittagong, Vol.1, Chittagong, 1988.
27. Tydd, W.B ., Burma Gazetteer, Sandoway District, Vol.A, Rangoon, 1962(Reprint)